သီလကျွန်ဘာသာဋီကာ

ဧတဒဂ္ဂပဲ

အရှင်ဓနကာဘိဝံသ


၈၆

ဘမှတ်(၂၉)ကျမ်းစာ

သီလက္ခန်ဘာသာဋီကာ

[ပါဠိတော်နှိုင်းယှဉ် နောက်ဆက်တွဲ ပါသည်။]

စတုတ္ထအုပ်



၁၃၃၃-ခု

ကျပ်ထူဖုံး
ဒဿနိုး-၁၃၀။

နယူးဘားမား ဝိဇ္ဇာပုံနှိပ်တိုက်
ဘမရပ္ပရန္တိ။

မှတ်သားထိုက်သော
အက္ခရာစဉ်=မာတိကာ

အဂ္ဂညာနိ စသည် ၅၄
အစ္ဆာယိုကကမ္မံ ၃၀၄
အဉ္ဇသာယနော ၂၉၄
အဇိနက္ခိပံ ၁၃၂
အံ(အာ)ဇိနံ ၁၃၂
အဇ္ဈောသန္နာ ၃၀၈
အဋ္ဌာဘာဝ ၂၂၁
အန္တရာ အနက်တမျိုး ၁၆၉
အန္ဓဝေဏိ(ဝေဏိ=ပဒ္မဝေဏိ) ၂၉၉
အဓိဇေဂုစ္ဆံ ၁၄၂
အနာဒီနဝဒဿာဝိနော ၃၀၉
အနာရဗ္ဘစိတ္တော ၂၆၆
အနိယျာနိကဘာဝ ၂၁၇
အနိဿရဏပညာ ၃၀၉
အနုကူလယညာနိ ၄၄
အနေသနံသေန ၁၀၇
အပဂေနာဝိ မေဓ်ာဝိ ၁၆
အမစ္ဆာ ၂၀
အပဋိကုဋ္ဌာနိ ၅၅
အပဋ္ဌ(ဏ္ဍ)တရော ၄၃
အပရပုရိယံ ၁၅၆
အပဝတ္တိ အဖွင့် ၂၁၀
အပသဒ္ဒကာမော အဖွင့် ၁၆၇
အပသမ္ပာရတရော, အပသမာရမ္ပတရော ၄၂,၄၃
အပါရုတဃရာ ၁၈
အပါဋိဟီရက+တံ, သပါဋိဟီရက + တံ ၂၁၉, ၂၂၅
အပ္ပေဝနာမ သွေပိ ၄၁၉
အပ္ပေါဒကံ ၃၁၁
အပ္ပေါဒကံ ၅၆
အဘိညာယ, သမ္မောဓာယ ၂၀၈
အလွန်ခံကြောင့် ဝိပဿီသာရဖြစ် ၃၁
အသမုပဋ္ဌံကာမစာရော ၁၀၃
အသံကိလိဋ္ဌာနိ ၅၅
အဟောနုန(အနုဿရဏာတ္ထ) ၁၅၉
အာကုလဘာဝေါ ၆၁
အာစရိယက ၂၀၆

အာဇိဝဋ္ဌမကသိလ ၈၈
အာတက်, လဟုဋ္ဌာန ၂၄၃
အာထဗ္ဗဏပယောဂံ ၁၇၆
အာဝရန္တိစသည် ၃၁၀
အာသဘံ ဌာနံ ၁၄၄
အာသီဒိတ္ထာ သံသီဒန္တိ ၃၁၂
ဣဒ္ဓါ ဖိတာ ၂၅၂
ဥဒ္ဒဒိနိယာ, ဥဒ္ဒါသဒ္ဓမဟာသဒ္ဓါယ ၁၆၄
ဥတ္တရေန မနသာကဋ္ဌသ ၂၉၁
ဥပကာရုပကာရာနံ ၈၉
ဥပက္ခဋ္ဌော ၂
ဥပဋ္ဌာက, သန္တိကာဝစရ ၂၄၇
ဥပဋ္ဌေတိ ၁၀၃
ဥပနိဿာယ ၁၅၈
ဥပ္ပလုမ္ပတ္ထ ၃၁၈
ဥဿာဟေန္တိ ၁၄
ဥဟနိဿာမိ ၁၄
ဧကံသဘာဝိတော ၇၃
ဧတေနုပါယေန ၁၈၇
ဩဒိဿက အနောဒိဿက ၃၂၀
ဩမိသော အနောမိသော ၃၂၀
ဩပပါတိကော ၇၉
ဩပါနဘူတော ၂၄
ဩသက္ကန္တိယာ ဥဿဇ္ဇေယျ ၂၈၇
ကစ္ဆံ ၃၀၀
ကထာဖာသုကဋ္ဌံ ၂၇၉
ကပဏ ၂၃
ကာကပေယျော ၃၀၃
ကာမဂုဏ ၃၀၅
ကိရဏ် အနုဿရကတ္ထ ၂၀၁
ကုတူဟလသာလာယံ ၁၇၁
ကုလာပဒေသာဒိနိ ၅၀
ကုဟကတ္တာ ၂၆၇
ကူဋာဂါရသဒိသံပေန ၆၄
ကောသကောဋ္ဌာဂါရ (ကောသ ၄ မျိုး) ၈
ဂန္ဓာရိဝိဇ္ဇာ ၂၅၄
ဂရဟာယ ၁၃
ဂါမဘောဇနံ ၃၉

ဂေါပါလ–နွားမွေးသူ ၉၃
စိရဿံ ခေါ ဘန္တေ ၁၆၉
ဆန္ဒပရိဗ္ဗာဇကော ၁၅၉
ဆရာ ၃ မျိုး ၂၀၆
ဆဋ္ဌံသမန္ဒာဂတာယ ၄၆
ဆေကော, ကူဠော ၀၆
ဇံဃ်စာရံ (ဇယ်ဝိဟာရံ) ၂၉၃
ဇာတသံဝမော ၃၁၆
ဇာနိယာ ၁၃
ဉာဏ်တော်ကို ဖြန့်ပုံ ၁၆၀
တဲန္တိမမံ နာမ ၉၁
တထဂ္ဂာယဉ္စ ဘာဝအနက် ၁၄၆
တပေါပဂ္ဂါမာ ၁၂၄
တပည့်ကို ချီးမွမ်းလျှင် ဆရာကို ချီးမွမ်းရာရောက် ၁၁၉
တိဝိဓဉ္စပနာ ၃
တေဝိဇ္ဇ ဗုရိဏံ ၃၁၄
တံ ဇိဝံ, တံ သရီရံ ၉၉
ထလ္လိုလသေယျ ၁၃၃
ဒန္ဓာယိတတ္တံ ၃၁၆
ဒဿဒိလံ ၁၂
ဒါနကို တိုက်ရိုက် မချီးမွမ်း ၃၃
ဒါနပတိ ၂၂
ဒိဗ္ဗာ, ဂန္ဓာ ၂၀၃
ဒုက္ခသမုဒယ ၂၀၉
ဒုဇ္ဇာနံ တယာစသည်၌ ဒိဋ္ဌ, ခန္တိ, ရုစိ, အာယေဝဂ ၂၀၆
ဒုဇဝသဉ္ဉာနိ အက္ခာသိ ၂၃၅
ဒေဝသိကံ ၈
ဓိနဓည်ံ ၇
ဓမ္မဋ္ဌိတတံ ၂၁၂
ဓမ္မတာ သိဒ္ဓိ ၅၄
ဓမ္မနိယာမတံ ၂၁၃
ဓမ္မသစ အနုဓမ္မံ ၁၀၄
နာ ဩဟီယတိ ၃၂၁
နမဿမာနာ ၃၀၂
နရကပပါတံ ၂၉၀, ၄၄၅
နာနာတိတ္ထိယာ ၁၇၂
နာမကညော (လာမကညော) ၃၀၁
နားမလည်သောတရားကို နာချင်ကြ ၂၃၄

နိဋ္ဌါရိတဗ္ဗံ ၂၀၉
နိဗန္ဓ(ဒ္ဓ)ဒါနာနိ ၄၄
နိယတော ၇၆
နိဝရဏာကင်းလို့ ကလ္လစိတ္တာစသည်ဖြစ် ၆၂
နတ်ကို ဘုရားထက် အထင်ကြီး ၂၆၃
နာပိတံ ၂၇၉
ပကတညူ ၁၈၀
ပကတိကထာ ၁၃၅
ပစ္စယ ၁၆၂
ပညာပိတနိဒ္ဒေသ ၂၁၇
ပဋိဘာဂကိရိယံ ၁၇၃
ပမာဏကတံ(အပမာဏကတံ) ၃၁၉
ပရမ္မုခိ အာလိင်္ဂယ္ဟ ၂၀၇
ပရိက္ခာရ=ပရိဝါရ ၄
ပရိပုဏ္ဏာ ကောသကောဋ္ဌာဂါရ .... ဂ
ပရိမာရိန္ဒြယော ၁၇၅
ပသန္နာကာရံ ၁၄၆
ပရံဝိယ မတ္တာယ ၁၅၂
ပဟိတတ္တော ၁၅၅
ပါဋိဟာရိယ သုံးမျိုး ၂၅၄
ပါတဗ္ဗတံ ၁၀၉
ပါဘတံ အနုပဒေတု ၁၅
ပါမောဇ္ဇံ ၂၂၃
ပါရိပူရိံ ၂၂၂
ပါရိသဇ္ဇာ ၂၀
ပုဂ္ဂလဝေမတ္တတာ ၁၅၄
ပုဂ်ဝသုံးမျိုး ၁၄၄
ပုဏ္ဏာမဉ္စသ ၂၆ဂ
ဖဿုဝိဟာရံ ၂၄၄
ဗရိဟိသတ္ထာယ ၃၄
ဗုဒ္ဓဂဖ္ဂိတံ ၂ဂဝ
ဗုဒ္ဓ၏ဉာဏ်တော် ၁၄၅
ဗုဒ္ဓါနုဿတိကထာ ၂၃၁
ဗြဟ္မသဟမ္ပတိယာယ ၂၉၅
ဘတ္တဝေတနံ ၁၆
ဘုဉ္ဇာရံ ၂၃၉
ဘုသတိကို စဉ်းစား ၉၄
ဘူတနိရောဓေသကဘိက္ခု ၂၆ဂ

မဂဓဲသု, ဇနပဒေ ၁
မဂ္ဂသောတံ + အာပန္နော ၇၆
မဂ္ဂင်္ဂစပါး၏ လက္ခဏာ, ကိစ္စ ၈၁,၈၂
မဂ္ဂင်္ဂစပါးကို ရှေနောက် စဉ်ပုံ ၈၅
မဂ္ဂင်၏ ခဏ, အာရုံ,ဘေဒ ၈၃
မဏိကာဝိဇ္ဇာ ၂၅၆
မရဏာပဋိသံယုတ္တကထာ ၂၄၆
မာသက(ပဲပိုက်ဆံ) ၆
မိဂဒါယော ၁၀၂
မုခါရုဠှာ ၂၄၀
မုဠုစေတနာ ၂၉
မုဒါ, မောဒမာနာ ၁၈
မုဒ္ဓပ္ပသန္နာ ၁၄၆
မေဃဝဏ္ဏံ ၁၆၂
ယက္ခဒါသီ(စုန်းမဟုတ်) ၁၇၇
ယညဝါဠသ ၃၉
ယထာသန္ထတိကော ၁၃၄
ယန္တုန(သံသယဖြေမဟုတ်) ၁၆၃
ယသာ(အာနုဘာဝေန) ၂၂
ယောနိသိဒ္ဓိ ၅၃
ရဇနီယာနိ ၇၁
ရဇောဇလံ့ ၁၃၃
ရထော, သေတပရိက္ခာရော ၂၁
ရဟန္တာ၏ ထိနမိဒ္ဓသတ္တိ ၆၈
ရာဂါဒိနံ တနုတ္တာ ၇၈
ရွေးဘဝပစ္စည်းကို ပြန်ဝင် ၂၄၁
ရွှေကို ပွတ်တိုက် ဆုရိုက်သလို ၁၅၄
လပ်ိတုံ ဌာတုံ ၃၂၁
လူခါကာရာ ၂၃၃
လူခါဇိဒိ ၁၀၃
လောကထူဠိကာ ၂၁၈
လောကသမညာ ၂၃၀
လောမသာယ ၁၀၈
ဝနိဗ္ဗက ၂၄
ဝနေ, သဏ္ဍော ၂၉၁
ဝါစာသန္ဓိတောဒကေန ၂၁၁
ဝါဒါနုဝါဒေါ ၁၃၄
ဝါသဒ္ဓေါ ဝိဘာဝနတ္ထော ၂၂၄

ဝိဂ္ဂဟော, ဝိဝါဒေါ ၂၉၇
ဝိဗ္ဘာတဒိပသိခါဝိယ ...., ... ၂၇၅
ဝိညာဏံ အနိဒဿနံ(နိဗ္ဗာန်) ၂၇၁
ဝိတ္ထူပကရဏာ ၇
ဝိတ္ထာယိတတ္တံ ၃၁၇
ဝိပဿနာမတ္တာ၌ မှတ်ချက် ၁၂၆
ဝိလာသ, အာကပ္ပ ၂၂၁
ဝိသဘာဂဝေဒနာ(အာဗာဓံ) ၂၄၂
ဝိတိဂ္ဂမိတမ္ဗ, ဝိရမိတမ္ဗ ၅၂
ဝေကဋိကော ၁၃၄
သခ်ါ, နိရုတ္တိ, နာမံ, ဝေါဟာရော ၂၂၉
သစ္ဆာနုလောမိကပညာ ၁၄၂
သစ္ဆာ-ဘူတာ ၁၈၄
သဏ္ဌ(ဠ)ာဘိံ ၂၁၁
သပရိဂ္ဂဟော ၃၁၀
သမ္ဗညုပဝါရဏံ ၁၇၀
သမ္ဗတ္တတာယ ၄၆၂
သမ္ဗတောပဘံ ၂၇၃
သမ္ဘာဝနံ ဂလောကံ ၄၆၃
သမ္ဘောမိပရာယဏော ၇၇
သမတိတ္ထိကာ ၃၀၃
သမနုဂါဟတိ, သမနုဘာသတိ, သမနုယုဉ္ဇနာ ၁၁၃, ၄, ၅
သမသမံ ၁၄၀
သမာဒါပေသိ ၃၃
သရိရသန္တာပနာတိ ၉၅
သာပတ္တေယျ ၃၀
သီဟနာဒံ ၁၂၂
သီဟနာဒ တရ့ဝတဆယ် ၁၄၉
သုက္ခတရဏ်မည့ေ ၃၁၃
သုညဂါရေ ၁၄၃
သုတ္တာပ္ပမတ္တေန ၈၉
သုရတ္တာဒုပန်း ၁၆၁
သေတုဃာတဝိရတိ ၅၁
သေလမယပတ္တ ၁၆၂
သံသန္ဒိတုံ ၂၂၀
ဟသကည့ေဝ ၃၀၁
ဟိတာနုကမ္ပိ ၂၀၂

သီလက္ခန်ဓာကထာ

ဘာသာဋီကာ

ကုဋဒန္တသုတ် ဘာသာဋီကာ

ဧဝံ မေ သုတံ၊ပေ၊မဂဓေသူတိ-ဟူသော သုတ်သည်၊(တနည်း) "ဧဝံ မေ သုတံ၊ပေ၊ မဂဓေသု" အစရှိသောသုတ်သည်၊ ကူဋဒန္တသုတ္တံ-ကူဋဒန္တသုတ်တည်း၊ တတြ-ထို ကူဋဒန္တသုတ်၌၊ အယံ - ဤ ဆိုအပ်လတ္တံ့ကား၊ အပုဗ္ဗပဒဝဏ္ဏနာ-တည်း၊ မဂဓေသူတိ(ဇ္ဇေ) - မဂဓေသု ဟူသော ဤပါဌ်၌၊ မဂဓာနာမ - မဂဓတို့မည်သည်၊ ဇနပဒိနော - ဇနပုဒ် ရှိကုန်သော၊ ဝါ- ဇနပုဒ်၏ အစိုးရဖြစ်ကုန်သော၊ ရာဇကုမာရာ-မင်းသား တို့တည်း၊ တေသံ-ထိုမင်းသားတို့၏၊ နိဝါသော - နေရာဖြစ်သော၊ ကောပိ ဇနပဒေါ - ဇနပုဒ် တခုတည်းကိုလည်း၊ ရုဇ္ဇိသဒ္ဒေန-အာတင်ရုဇ္ဇိသဒ္ဒါကြောင့်၊ မဂဓာတိ-မဂဓာဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ မဂဓေသု- မဂဓာဟု ဗဟုဝုစ် အမည်ရသော၊ တသ္မိံ ဇနပဒေ-ထို

× × × × × × ×

မဂဓေသု။ ။မဂိဓာတ်သည် သပ္ပန (သွားခြင်း) အနက်ကို ဟောဇ်၏၊ မဂ်ိတော အဓေါ ဂမျတေ အနေနဋ္ဌာတိ မဂေါ-ဇအောက်အပါယ်သို့သွားကြောင်းဖြစ်သောကြောင့် အပြစ်ဒေါသသည် (တနည်း) မကောင်းမှုသည် မဂမည်၏၊ မဂံ+ဓာတိ ဒဓ်ာတိတိ မဂဓေ-အပြစ်ဒေါသကို (မကောင်းမှုကို) ဆောင်တတ်သောကြောင့် အရပ်ဒေသ (ဇနပုဒ်) သည် မဂဓမည်၏၊ ထိုဒေသကို အစိုးရသော မင်းတို့လည်း မဂဓဝ်ဟု အမည်ရ၏၊ ဤကား ထေဝမနိဓိကို ဒ့ိသော အနက်တည်း၊ [မဂ+ဓာဓာတ်, အပစ္စည်း။]

ဋီကာသစ်။ ။ မဂေန+သဒ္ဒိ+ဓာဝန္ဓိတိ မဂဓာ - သားကောင်တို့နှင့် အတူပြေးနိုင်သောကြောင့် (သားကောင်လိုက်ရာဝယ် သားကောင်တို့ ပြေးသလောက် ပြေးနိုင်သောကြောင့်) မင်းသားတို့သည် "မဂဓဝ" မည်၏၊ [မဂသဒ္ဒူပ ပဒ, ဓာဝုဓာတ် ကွိပစ္စည်း။] (တနည်း) မံသေသု ဂိဒ္ဓါန္တိ မဂဓာ-အသားတို့၌ လွန်စွာ မက်မောကြသောကြောင့် မင်းသားတို့သည် မဂဓာတို့မည်၏၊ မံသ + ဂိဓမှ နိရုတ္တိနည်းအားဖြင့် "မဂဓ" ဟု ဖြစ်၏၊ ဤမှ နောက်၌ ဇနပုဒ်တခုတည်း ဖြစ်လျက် အတင်ရုဇ္ဇိအားဖြင့် ဗဟုဝုစ် အမည်ရပုံကို အမ္မဋ္ဌသုတ် ကောသလေသု အဖွင့်ကို နည်းမှီ၍ သိပါ၊ ရုဇ္ဇိသဒ္ဒါဖြစ်သောကြောင့် မူလပုဒ်၏ ပုလ္လိန်ဗဟုဝုစ် မပျက်ဘဲ အမည်ရသောကြောင့် "မာ"ဟု ဝုဒ္ဓိလည်း မပြုရတော့။

ဇနပဒေ။ ။တိုင်း ခရိုင် နိုင်ငံ တခုကို"ဇနပဒ"ဟု ခေါ်၏၊ " ကုရု, သက္ကေ, ကောသလာ,မဂဓဲ"စသော ထို ဇနပဒအမည် အမျိုးမျိုးပြသော ပုဒ်တို့၌သာ"ပုံဗဟုတ္တေ ကုရု သက္ကာ"ဟူသော အဘိဓာန် (၁၈၄) နှင့်အညီ ဗဟုဝုစ်ထားရသည်၊ ဇနပဒ

ဇနပုဒ်၌၊(စာရိကံ စရမာနော၌ စပ်၊) ဣတော–ဤမဂဓေသု ဇနပဒေ ဟူသော ပုဒ်မှ၊ ပရံ-နောက်ဖြစ်သော ပုဒ်အပေါင်းသည်၊ ပုရိမသုတ္တဒ္ဒယေ – ရှေသုတ် နှစ်ပါး အပေါင်း၌၊ ဝုတ္တနယမေဝ-ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ အမ္မလဋ္ဌိ ကာ–အမ္မလဋ္ဌိကာသည်၊ ဗြဟ္မဇာလေ– ဗြဟ္မဇာလသုတ်၌၊ ဝုတ္တသဒိသာဝ– ဆိုအပ်ပြီးသော အမ္မလဋ္ဌိကာနှင့် တူသည်သာ။

ကူဋဒန္တောတိ–ကား၊ တသ္သ ဗြာဟ္မဏသ္သ – ၏၊ နာမံ – အမည်တည်း၊ ဥပက္ခဋ္ဌောတိ-ကား၊ သဇ္ဈိတော–ပြင်ဆင်အပ်သည်၊ (“ဟောတိ” ၌စပ်၊) ဝစ္ဆ တရသတာနီတိ- ကား၊ ဝစ္ဆသတာနိ – နွားငယ် အရာတို့သည်၊ ဝါ – တို့ကုိ၊ (ထူဏူပနီတာနိ ဟောန္တိ - ၌စပ်၊) တရုဏမေလ္လကာ–နုပျိုသော သိုးတို့ကို၊ ဥရဇ္ဈာတိ-တို့ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏၊ တာဝ- ပါဠိတော်၌ မလာသော သတ္တာတို့မှ ရှေးဥုးစွာ၊ တေ – ၌ သတ္တာတို့သည်၊ ပါဠိယံ - ပါဠိတော်၌၊ အာဂတာယေဝ-တိုက်ရိုက်လာကုန်သည်သာ၊ ပန–ကား၊ ပါဠိယံ - ၌၊ အနာဂတာနံ-တိုက်ရိုက်မလာကုန်သော၊ အနေကေသံ-တပါးက များစွာကုန်သော၊

× × × × × × ×

ပုဒ်၌ကား ထုံးစံအတိုင်းပင် တခုဖြစ်လျှင် ကေဝုစ်, ၂ စသည်ဖြစ်လျှင် ဗဟုဝုစ်ထား၍၊ ထို့ကြောင့် “ ဇနပဒေ ”ဟု ကေဝုစ်ထား၍သည်၊ [ဇနပဒနာမေယေဝ (ကုရုသဏ္ဌာ စသော ဇနပုဒ် နာမည်၌သာ) ဗဟုဝစနံ၊ နု ဇနပဒသဒ္ဒေ၊ (ဘာ့ကြောင့်နည်း) ဇာတိ သဒ္ဒတ္တာ (ဇနပဒသဒ္ဒါက သာမညဇနပုဒ်ဇာတ်ကို ဟောသောသဒ္ဒါ ဖြစ်ဒသာကြောင့် တည်း)၊ ဣတိ ဝုတ္တံ တသ္မိံ မဂဓေသု ဇနပဒေတိ၊–ဋီကာသစ်။]

ဥပက္ခဋ္ဌော။ ။ဥပသဒ္ဒါ၏အနက်တို့တွင် ပုဗ္ဗကမ္မ (“ရှေးဥုးစွာပြုအပ်”ဟူသော အနက်) ကိုဟော၏၊ “ဥပ-ယဇ်မဟူဇော်မီ ရှေးဥုးစွာ+ကတ-ပြုအပ်”ဟူသည် ပြင်ဆင်ထားအပ်တည်း၊ ထို့ကြောင့်“သဇ္ဈိတော–ပြင်ဆင်ထားအပ်ပြီ”ဟု ဖွင့်သည်၊ [“စိဝရ စေတာပနံ ဥပက္ခဋံ” စသည်ဖြင့် လာရာ၌လည်း ၌သဇ္ဈိတအနက်ကိုပင် ဖွင့်ကြသည်၊ ဥပ+ကရဏတ်, တပစ္စည်း၊ တံ ပနေတံ ဥပကရဏံ (ထိုရှေးဥုးစွာပြုလုပ်ခြင်းဟူသည်)၊ တေသံ (ထိုသက်ရှိ သက်မဲ့ အဆောက်အဥုးတို့ကို)၊ တထာသဇ္ဈနမေဝ (ထို ဆိုအပ်ခဲ့ သည့်အတိုင်း စီစဉ်ထားခြင်းပင်တည်း၊ ဣတိ ဒသေတိ သဇ္ဈိတောတိ ဣမိနာ၊–ဋီကာ။]

ဝစ္ဆ တရ သတာနိ။ ။“ဝစ္ဆသတာနိ” ဟု ဖွင့်သောကြောင့် “တရပစ္စည်း အနက်မရှိ”ဟု မယူရ၊ နွားပျို, နွားသိုး အဖြစ်စသည်သို့ မရောက်သေးသော နွားငယ် စစ်စစ်ကိုသာ ယူစေလိုသောကြောင့်“ဝစ္ဆသတာနိ”ဟုဖွင့်သည်၊ [ဝစ္ဆတရသတာနိတိ ယုဝဘာဝမပတ္တာနိ ဗလဝဝစ္ဆသတာနိ (အားရှိသော နွားငယ်အရာတို့)၊ ဝစ္ဆာနံ+ ဝိသေသာတိ ဟိ ဝစ္ဆတရာ၊ (တရပစ္စည်း ဝိသေသအနက်၌သက်၊ ဝစ္ဆတို့တွင် ထူးထူး ခြားခြား အားရှိသော၊ ဝဖြိုးသော နွားငယ်ကလေးတို့)၊ တေ ပန ဝစ္ဆာ ဧဝ, နဒမ္မာ (ဆုံးမထိုက်သော နွားသိုးများ မဟုတ်ကြ)၊ နဗလိဗဒ္ဓါ (နွားလားကြီးများလည်း မဟုတ်ကြ၊) ဣတိ အာဟ ဝစ္ဆသတာနိတိ၊–ဋီကာ။ [ဋီကာသစ်၌ကား တရပစ္စည်း အနက်မရှိ–ဟု တနည်းပြသေး၏။]

မိဂပက္ခိနံ-သားကောင် ငှက်တို့၏၊ သတ္တသတ္တံသတာနိပိ-ခုနစ်ရာ ခုနစ်ရာစီတို့ကိုလည်း၊ သမ္မိလ္လိတာနေဝ-ပေါင်းစုအပ်ကုန်ပြီးသည်သာ၊ ဣတိ-သို့၊ ဝေဒီတုဗ္ဘာနိ-သိထိုက်ကုန်၏၊ သေ(ဒေသာ)-ဤကဋ္ဌဒန္တာပုဏ္ဏားသည်၊ သတ္တသတ္တသတိကံ- ခုနစ်ရာ, ခုနစ်ရာစီရှိသော၊ [“သဗ္ဗသတ္တာသတိကံ- အလုံးစုံ ခုနစ်ရာရှိသော”ဟုလည်း မူကွဲရှိ၏။] ယာဂံ-ယဇ်ကို၊ ယဇိတုကာမော-ပူဇော်ခြင်းငှါလိုလားသည်၊ ဟောတိ ကိရ-ဖြစ်သတတ်၊ ထူကူပနိတာနိတိ-ကား၊ ဗန္ဓိတ္ဝာ-ဖွဲ့ချည်၍၊ ထပနတ္ထာယ-ထားခြင်းအကျိုးငှါ၊ ယူပသဒ်ါတံ-ယူပဟု ဆိုအပ်သော၊ ထူဏံ-ယဇ်တိုင်သို့၊ ဥပနိတာနိ-ဂပ်ဆောင်အပ်ကုန်သည်၊ (ဟောန္တိ-၌စပ်)။

တိဝိဓန္တိ ထွေ- တိဝိဓံဟူသော ဤပါဋ်၌၊ ထပနာ- (ကောင်းမှု အာယဉ်ကို အစဉ်မပြတ်အောင်)ထားတတ်သော အဝိပ္ပဋိသာရတို့ကို၊ဝိဓာ-ဝိဓာတို့ဟူ၍၊ ဝုစ္စန္တိ - ဆိုအပ်ကုန်၏၊ တိဋ္ဌပနံ- (ကောင်းမှုအာယဉ်ကို အစဉ်မပြတ်အောင်

× × × × × × ×

မိဂပက္ခိနံ။ ။မဟိံသ-(ကျွဲ), ရုရု-(ဆတ်), ပသဒ-(ချေး=ဂျီ), ကုရုဂ်-(ပြောင်), ဂေါကဏ္ဏ-(စိုင်), မိဂါနဉ္စေဝ - သားကောင်တို့၏ငှင်း၊ မောရ, ကပိဉ္ဇရ-(ဂျိုး), ဝဋ္ဋက, တိတ္တိရ-(ခါ), ကပေါတာဒိ ပက္ခိနဉ္စ- ခို အစရှိသော ငှက်တို့၏ငှင်း၊ (သတ္တသတ္တသတာနိ သမ္မိလ္လိတာနေဝ)။

ဝိဓာ။ ။ယဇ်ပူဇော်ခြင်းဟူသည် အလှူပေးခြင်းပင်တည်း၊ အလှူပေးရာဝယ်“ပုဗ္ဗစေတနာ ဖြစ်ရာအခိုက်၌ ဝမ်းမြောက်ခြင်း, မုဉ္စစေတနာ ဖြစ်ရာအခိုက်၌ ကြည်လင်ခြင်း, အပရစေတနာ ဖြစ်ရာအခိုက်၌ ဝမ်းမြောက်ခြင်း ” အားဖြင့် ၃ ပါး ရှိ၏၊ ထို ၃ ပါးကိုပင် “ ငါလှူမိတာ မှားပေါ့”ဟု ဝိပ္ပဋိသာရ ဖြစ်မှုကို ပယ်တတ်သောကြောင့် ဝိပ္ပဋိသာရ ဝိနောဒနဟု ဆိုအပ်၏၊ ထို ၃ ပါးကို “အဝိပ္ပဋိသာရ ၃ ပါး”ဟုလည်း ခေါ်၏၊ ဤဝိပ္ပဋိသာရ ဝိနောဒန(အဝိပ္ပဋိသာရ) ၃ ပါးတို့ကို“ဝိဓာ”ဟု ခေါ်သည်၊ ဝိဓမန္တိ-ဝိပ္ပဋိသာရဟူသော သံကိလေသကို ပယ်ဖျောက်တတ်ကုန်၏၊ ဣတိ ဝိဓာ။ [ဝိပုဗ္ဗ ဓမ္မဓာတ်, ကို့ပစ္စည်း။] ဋီကာတို့၌“ဝိဓာ ဝုစ္စန္တိ”စသည်ဖြင့် ဗဟုဝုစ်ရှိသောကြောင့် အဌကထာ၌လည်း “ဝိဓာ ဝုစ္စန္တိ ဌပနာ”ဟု ဗဟုဝုစ်ပင် ရှိသင့်ပါသည်။

ထပနာ(ဌပနာ)။ ။ဝိပ္ပဋိသာရဖြစ်လျှင် ကောင်းမှု ရေအယဉ်သည်(ဆက်ကာဆက်ကာ မစီးသွားတော့ဘဲ) ပြတ်၏၊ နောက်ထပ်လည်း ကောင်းမှု ပြုလိုသော ဆန္ဒမဖြစ်တော့၊ ထိုကောင်းမှုကို အကြောင်းပြု၍ ဝိပ္ပဋိသာရမဖြစ်ဘဲ အဝိပ္ပဋိသာရ ဖြစ်လျှင်ကား ကောင်းမှု ရေအယဉ်သည် တသွင်သွင် စီးနေသကဲ့သို့ အပရစေတနာ ရေအယဉ် စီးနေ၏၊ နောက်ထပ်လည်း ကောင်းမှုပြုလိုသော ဆန္ဒဖြစ်၏၊ ဤသို့ ထို ဝိဓာ ၃ မျိုးသည်ပင် ကောင်းမှုရေအယဉ်ကို အစဉ်မပြတ်အောင် ထားတတ်သောကြောင့် ထပနာလည်း မည်၏၊ ထို့ကြောင့်“ဝိဓာ ဝုစ္စန္တိ ထပနာ”ဟု ဖွင့်သည်၊ ဝိဓာနှင့် ထပနာသည် သဒ္ဒတ္ထအားဖြင့် မတူသော်လည်း အဘိဓေယျတ္ထအားဖြင့် တူသောကြောင့် ဝိဓာကို“ထပနာ”ဟု ဖွင့်သည်။ [ပုညာဘိသန္ဒ်-တသွင်သွင် စီးနေသော ကောင်းမှုရေအယဉ်ကို၊ အဝိစ္ဆိန္နိတ္တာ-မဖြတ်မူ၍၊ ထပေန္တိ-ထားတတ်ကုန်၏၊ ဣတိ ထပနာ။]

ထားတတ်သော) ၃ ပါးသော အဝိပ္ပဋိသာရရှိသော၊(ယညသမ္ပဒံ-၌စပ်၊)ဧကတိ အတ္ထော-နက်၊ သောဋသပရိက္ခာရံတိ-ကား၊ သောဋသပရိဝါရံ-၁၆ ပါးသော အခြံအရံ ရှိသော၊(ယညသမ္ပဒံ-၌စပ်၊)။

ပဋိဝသန္တိတိ- ကား၊ ယညာနုဘဝနတ္ထာယ– ယဇ်ကို ခံစားခြင်းအကျိုးငှါ၊ ပဋိဝသန္တိ - နေကြကုန်၏၊ [ဘုရားပွဲစသည်၌ စားကြသောက်ကြဘို့ရန် လာကြသကဲ့သို့ ယဇ်ပူဇော်ပွဲ၌လည်း စားကြ သောက်ကြ ခံစားကြဘို့ရန် လာရောက်နေထိုင်ကြသည်–ဟူလို၊ ဤ ပဋိဝသန္တိပုဒ်သည် ရှေးအဋ္ဌကထာ စာအုပ်တို့၌ "တိဝိဓ"ရွေဝယ် ရောက်နေ၏၊ ပါဠိတော်ဝယ် နောက်မှရှိသည်၊] ဘူတပုဗ္ဗန်ကို

× × × × × × ×

တိဋ္ဌပနံ။ ။တိသော+ဋပနာ ယဿာ ယညသမ္ပဒါယာတိ တိဋ္ဌပနာ၊ "ပုဗ္ဗေဝ ဒါနာ သုမနော, ဒဒံ စိတ္တံ ပသာဒယေ၊ ဒတ္ဝာ စတ္တမနော ဟောတိ, သော ပုညဿ သမ္ပဒါ" နှင့် အညီ ကုသိုလ်မပြုမီ ရှေအဘို့၌ ဝမ်းမြောက်ခြင်း စသော ၃ ပါးသော နှလုံးသာရှင်မှရှိသော ယညသမ္ပဒါ။ [ပါဠိတော်၌ ဇာနာတိ၏ ကိုယ်ပုဒ်ဖြစ်သောကြောင့် "တိဋ္ဌပနံ"ဟု အဋ္ဌကထာ၌ ဒုတိယန္တထားသည်၊ ဝိဂြိုဟ်ပြုရာ၌ကား ယညသမ္ပဒါကို ငဲ့၍ "တိဋ္ဌပနာ" ဟု ပြုပါ၊ ဋီကာ၌မူ ယညောကို ငဲ့၍ "တိဋ္ဌပနော" ဟု ပုလ္လိင်ထားလေသည်။]

ဋီကာ။ ။ယညသဒ်ါတဿ ပုညဿ ယော သံကိလေသော၊ တဿ (ဝိဓ်မန တော)နိဝါရဏတော နိသေဓနတော ဝိဓာ ဝုစ္စန္တိ ဝိပ္ပဋိသာရဝိနောဒနာ၊ တတော တာ (ထို ဝိဓာ ၃ မျိုးတို့ကို) တံ ပုညာဘိသန္ဒံ အဝိစ္ဆိန္နိတ္တာ ထပေန္တိတိ ထပနာတိ ဝုတ္တာ၊ တာသံ ပန ယညဿ အာဒိမဇ္ဈေ ပရိယောသာနဝသေန တီသု ကာလေသု ပဝတ္တိယာ ယညော (သည်) တိဋ္ဌပနော (ကောင်းမှုအယဉ်ကို အစဉ်မပြတ်အောင် ထားတတ်သော ၃ ပါးသော အဝိပ္ပဋိသာရရှိ၏)၊ ဣတိ အာဟ တိဋ္ဌပနန္တိ အတ္ထော၏။

ပရိက္ခာရံ။ ။"ပရိ+ ကရောန္တိ – ယဇ်ပူဇော်မှုကို ထက်ဝန်းကျင် ပြုတတ်ကုန်၏၊ ဣတိ ပရိက္ခာရာ" နှင့်အညီ နောက်၌ ပါဠိတော်ဝယ်လာသော ဥဘတော သုဇာတ စသော ဂုဏ်အင်္ဂါတို့သည် ယဇ်၏ အသိုင်းအဝိုင်း အခြံအရံများ ဖြစ်သောကြောင့် ပရိက္ခာရတို့ မည်၏၊ ထို့ကြောင့် ပရိက္ခာရကို "ပရိဝါရ" ဟု ဖွင့်သည်။ [ပရိ + ကရောန္တိ အဘိသခ်ရောန္တိတိ ပရိက္ခာရာ, ပရိဝါရာ၊ ဣတိ ဝုတ္တံ သောဋသပရိက္ခာရန္တိ· သောဋသ ပရိဝါရန္တိ၊– ဋီကာ။]

ဘူတပုဗ္ဗံ။ ။ပါဠိတော်၌ "ဘူတပုဗ္ဗံ ဗြာဟ္မဏာ" ဟု ရှိ၏၊ ပုဗ္ဗေ– ရှေး၌+ ဘူတံ– ဖြစ်ဘူးသောအကျင့်တည်း၊ ဘူတပုဗ္ဗံ – ကျင့်၊ ["ဒိဋ္ဌပုဗ္ဗံ" ပုဒ်ကဲ့သို့, ဘူတနှင့် ပုဗ္ဗကို ရှေနောက် ပြန်ထားသည်။] ထို "ဘူတပုဗ္ဗ" အရ ဘုရားအလောင်းတော်သည် မဟာဝိဇိတမင်း၏ ပုရောဟိတ်ဖြစ်စဉ်က ဗောဓိဉာဏ်ကို ရင့်သန်အောင် ကျင့်အပ်ခဲ့ဘူးသော အကျင့်ကိုယူပါ ဟု သိစေလို၍ "ပုဗ္ဗစရိတံ" ဟု ဖွင့်သည်၊ နောက်ပြင်စာအုပ်တို့၌ ဤ ပုဗ္ဗစရိတ်ပုဒ် ကျနေသည်၊ စရိတသဒ္ဒါလည်း စရိယသဒ္ဒါနှင့် အနက်တူတည်း၊ [ပုဗ္ဗေ+ ဘူတံ ဘူတပုဗ္ဗံ၊ ယထာ ဒိဋ္ဌပုဗ္ဗန္တိ အဒ္ဒဟာ၊–ပုဗ္ဗစရိတန္တိ၊ အတ္တနော ပုရိမဇာတိသမ္ဘူတံ

ဣဒံ-ဘူတပုဗ္ဗံဟူသော ၌စကားကို၊ ဘဂဝါ-သည်၊ ပထဝီဂတံ–မြေအတွင်း၌ ရောက်နေသော၊ နိဓိ - ရွှေဘိုးကို၊ ဥဒ္ဓရိတ္ဝာ- ထုတ်ဆောင်၍၊ ပုရတော-ရှေ့၌၊ ရာသိ-အစုအပုံကို၊ ကရောန္တော၀ိယ-ပြုသကဲ့သို့၊ ဘဝပဋိစ္စန်း-ဘဝဖြင့် ဖုံးလွှမ်းအပ်သော၊ ပုဗ္ဗစရိတံ-ရှေးဘ၌ကျင့်အပ်သော ကောင်းမှုကို၊ ဒဿေန္တော-ပြတော်မူလိုသည်၏အဖြစ်ကြောင့်၊ အာဟ-မိန့်တော်မူပြီ။

မဟာဝိဇိတော်-ကား၊ သော-ထိုမင်းသည်၊ သာဂရပရိယန္တံ-သမုဒြာအဆုံး အပိုင်းအခြားရှိသော၊ မဟန္တံ-ကျယ်ဝန်းသော၊ ပထဝီမဏ္ဍလံ-မြေအ၀န်းကို၊ ဝိဇိနိ ကိရ- အောင်နိုင်ပြီတဲ့၊ ဣတိ-ထို့ကြောင့်၊ အဿ- ထိုမင်း၏၊ မဟန္တံ-ကျယ်ဝန်းသော၊ ဝိဇိတံ-အောင်အပ်ပြီးသော တိုင်းနိုင်ငံသည်၊ (အတ္ထိ-၏၊) ဣတိ-ထို့ကြောင့်၊ မဟာဝိဇိတော၀ေါ- မဟာဝိဇိတ ဟူ၍သာ၊ သင်္ခ်ံ-ခေါ်၀ေါ်အပ်သည်၏အဖြစ်သို့၊ အဂမာသိ - ရောက်ပြီ၊ အမ္ဘောတိအာဒိသု-အမ္ဘော အစရှိသောပါဠိရပ်တို့၌၊ ယောကောစိ – အမှတ်မရှိ တစုံတယောက်သည်၊ အတ္တနော- မိမိ၏၊ သန္တကေန- ဥစ္စာဖြစ်သော၊ ဝိဘ၀ေန- စည်းစိမ်အားဖြင့်၊ အမ္ဘော - ကြွယ်၀သူသည်၊ ဟောတိ၊ ပန - ထိုသို့ပင် ဖြစ်ပါသော်လည်း၊ အယံ- ၌ မဟာဝိဇိတမင်းသည်၊ ကေ၀လံ– မဟဒ္ဓန စသည်မဖက် သက်သက်၊

× × × × × × ×

[ရှေးဘ၀တခု၌ ကောင်းစွာ ဖြစ်ခဲ့ဘူးသော၊) ဗောဓိသမ္ဘာရဘူတံ ပုဗ္ဗစရိတံတိ အတ္ထော၊–ဋီကာသစ်။]

မှတ်ချက်။ ။အဋ္ဌကထာ၌ ဘူတပုဗ္ဗံကို "ပုဗ္ဗစရိတံ" ဟု ဖွင့်သော်လည်း သဒ္ဒဝိဒူတို့ကမူ ကာလသတ္တမိ အနက်ဟော နိပါတ်ပုဒ်တမျိုးဟု ဖွင့်ကြ၏၊ ထိုအလို "ဘူတပုဗ္ဗံ–ရှေးအခါ၌" ဟု အနက်ပေးပါ၊ ဘူတသဒ္ဒါလည်း ဖြစ်ပြီးသော အတိတ်ကာလ အနက်ဟောတည်း၊ [သဒ္ဒဝိဒူ ပန ဝဒန္တိ ဘူတ ပုဗ္ဗန္တိ ဣဒံ ကာလသတ္တမိယာ နေပါတိက ပဒန္တိ၊ အတိတကာလေတိ ဟိ တေသံ မတေန အတ္ထော၊– ဋီကာသစ်။]

ပထဝီဂတံ နိဓိံ။ ။မြေ၌ မြှုပ်ထားအပ်သော ရွှေဘိုးသည် ထာ၀ရဖြစ်သကဲ့သို့ ဘုရားအလောင်း၏ ရှေးကောင်းမှု နောက်ကောင်းမှုဟူသော ရွှေဘိုးသည် မိမိနောက်သို့ အစဉ်လိုက်ပါသော အနုဂါမိရွှေဘိုး ဖြစ်၏၊ ထို့ကြောင့် ဘုရားအလောင်း၏ အနုဂါမိဖြစ်သော ကောင်းမှုရွှေဘိုးကို ပထဝီဂတ ထာ၀ရရွှေဘိုးဖြင့် ဥပမာပြသည်။ [တထာဟိ တဿ အနုဂါမိနိဓိဿ ထာ၀ရနိဓိနာ နိဒဿနံ ဥပပန္နံ ဟောတိ၊–ဋီကာ။]

မဟာဝိဇိတော။ ။အဋ္ဌကထာအတိုင်း "မဟန္တံ + ဝိဇိတံ အဿ" ဟု ဝိဂ္ဂဟပြုပါ၊ ဝိဇိယိတ္ထ–အောင်နိုင်အပ်ပြီ၊ ဤတိ ဝိဇိတံ (ရဇ္ဇံ)၊ အဿကို "အနေန" ဟု ဆဋ္ဌီကတ္တားဖွင့်၍ ဝိဇိတံ၌ စပ်ပါဟုဆင်း , အတ္ထိသဒ္ဒါထည့်၍ သမ္ဗန္ဓါန်ဟုဆင်း ဋီကာသစ်၌ ဖွင့်၏၊ မိမိကား ဥစ္စာရှင်ဖြစ်သောကြောင့် ဆဋ္ဌီဗဟုဗ္ဗိဟိ ဟုသာ ယူလိုပါသည်၊ ["သတ္တ ရတန သမ္ပန္နော" ဟု ပါဠိတော်၌ မဆိုသောကြောင့် ထိုမင်းသည် စကြဝဠမင်းမဟုတ်, ဓမ္မာသောကမင်းကဲ့သို့ ပတ်ပတ်လည် သမုဒြာဖြင့် ဝိုင်းရံအပ်သော တမြေပြင်ကိုသာ အစိုးရသော ကရာဇမင်းဟု မှတ်ပါ။]

အမျောယေဝ- ကြွယ်ဝသူသည်သာ၊ နု- မဟုတ်သေး၊ မဟဒ္ဓနော - များသော ဥစ္စာလည်း ရှိ၏၊ မဟတော-များစွာသော၊ အပရိမာဏသဒ္ဒါန-မနှိုင်းယှဉ်အပ်သော အရေအတွက်ရှိသော၊ ဓနေန – ဥစ္စာနှင့်၊ သမန္နာဂတော – ပြည့်စုံ၏၊ အာဃ-ထိမင်း၏၊ ပဉ္စ ကာမဂုဏဝသေန-၅ ပါးသော ကာမဂုဏ်၏အစွမ်းဖြင့်၊ မဟန္တော - ကြီးကျယ် ခမ်းနားကုန်သော၊ ဥဠာရာ - မွန်မြတ်ကုန်သော၊ ဘောဂါ– သုံးဆောင် ခံစားထိုက်သော ကာမဂုဏ်တို့သည်၊ အတ္ထိ – ရှိကုန်၏၊ ဣတိ –. ကြောင့်၊ (သော- ထိုမင်းသည်၊) မဟာဘောဂါ- မဟာဘောဂ မည်၏၊ ပိဏ္ဍ ပိဏ္ဍ ဝသေနစေဝ – အတုံးအခဲ၏ အဖြစ်ဖြင့်ဂုဏ်း၊ သုဝဏ္ဏမာသက ရဇတ မာသကာဒိဝသေနစ – ရွှေပဲ ငွေပဲ အစရှိသည်တို့၏အဖြစ်ဖြင့်ဂုဏ်း၊ ဇာတရူပ ရဇတဿ-ရွှေငွေ၏၊ ပဟူတဿ-များသည်၏အဖြစ်ကြောင့်၊ ပဟူတ ဇာတ ရူပ ရဇတော- မည်၏၊ အနေကကောဋိ သန္နိုန- တပါးမက များသော ကုဋေ့ အရေအတွက်ရှိသော၊ ဇာတရူပရဇတေန-နှင့်၊ သမန္နာဂတော၊ ဣတိအတ္ထော။

ဝိတ္တိတိ- ကား၊ တုဋ္ဌိ - နှစ်သက်ခြင်းတည်း၊ ဝိတ္တိယာ - နှစ်သက်ခြင်း၏၊ ဥပ ကရဏံ-အကြောင်းတည်း၊ ဝိတ္တူပကရဏံ- နှစ်သက်ခြင်း၏ အကြောင်း၊ တုဋ္ဌိ ကာရဏံ - နှစ်သက်ခြင်း၏အကြောင်း၊ ဣတိအတ္ထော - နက်၊ အသ- ထို မဟာ

× × × × × × ×

အမျော မဟဒ္ဓနော။ ။မည်သူမဆို မိမိပိုင်ဆိုင်သမျှ စည်းစိမ်ဖြင့် အဖူ– မဟဒ္ဓန ဟု ဆိုနိုင်၏၊ အချင်းချင်းထောက်၍ (ဥပမာ– တရာရှိသူကို ထောဝံ၍တထောင်ရှိသူကို)၊ မဟဒ္ဓနဟု ဆိုနိုင်ပါ၏၊ ဤမင်းကား ထိုကဲ့သို့ မဟဒ္ဓနမဟုတ်, ထိပ်တန်းသို့ရောက်သော မဟဒ္ဓနတည်းဟု သိစေလို၍"အပရိမာဏသဒ္ဒါန ဓနေန သမန္နာဂတော"ဟု အဓိပ္ပါယ် ဖွင့်သည်။

မဟာဘောဂေါ။ ။"ဘုဋ္ဌိတဗ္ဗာတိ ဘောဂါ"အရ သုံးဆောင်ခံစားထိုက်သော အရာဟူသည် အထူးအားဖြင့် ကာမဂုဏ်ငါးပါးတည်း၊ ထို့ကြောင့် "ပဉ္စ ကာမဂုဏ ဝသေန"ဟု ဘောဂအတွက် ဝိသေသနပြုသည်။

ဝိဏ္ဍ၊ပေ၊ဝသေန။ ။ရွှေအိုး ရွှေခွက်, လက်ဝတ်တန်ဆာစသော အထူးအထွေ မလုပ်ဘဲ အတုံးအခဲ ရွှေငွေများကို ဝိဏ္ဍ ဝိဏ္ဍ ဟု ဆိုသည်၊ အုပ်ချုပ်သောပုဂ္ဂိုလ်၏ ဥုးခေါင်းရုပ်စသော အရုပ်တံဆိပ် ခတ်နှိပ်၍ဖြစ်စေ, မခတ်နှိပ်ဘဲဖြစ်စေ ပဲစေ့အရွယ် အစားရှိသော ရွှေငွေကို " မာသက " ဟု ခေါ်၏၊ မာသော (ပဲစေ့ဟူသော) + ပရိ မာဏံ ယဿသာတိ မာသကော၊ ပရိမာဏအနက်၌ က ပစ္စည်း၊ (" မာသေန + ကတော မာသကော"ဟု ဋီကာသစ်ပြု၏၊) မာသကာဒိ၌ အာဒိဖြင့် ရွှေခွက်ငွေခွက်စသည် ပြုလုပ် အပ်ပြီးသော ရွှေငွေကို ယူပါ။

ဝိတ္တိ။ ။ ရုဓာဒိ ဝိဒဓာတ်သည် တုဋ္ဌိအနက်ကို ဟော၏၊ ထို့ကြောင့် ဝိတ္တိကို "တုဋ္ဌိ"ဟု ဖွင့်သည်၊ ဝိန္ဒနံ–နှစ်သက်ခြင်း၊ ဝိတ္တိ–ခြင်း၊ [ဝိဒဓံဝတ် တိ ပစ္စည်း။] တုဋ္ဌိ၌ တုသဓာတ်လည်း နှစ်သက်ခြင်းအနက်ကိုပင် ဟော၏၊ ထို နှစ်သက်ခြင်းဟူသည် ပီတိ– သောမနဿဖြစ်ခြင်းတည်း။

ဇိဝိတမင်း၏၊ ပဟူတံ- များစွာသော၊ နာနာဝိဓာ၊ပေ၊ဘေဒံ - အထူးထူးသော အပြားရှိသော တန်ဆာ, ရွှေခွက် ငွေခွက် အစရှိသော အပြားရှိသော၊ ဝိတ္တ။ပကရဏံ-နှစ်သက်ခြင်း၏အကြောင်းသည်၊(အတ္ထိ)၊ ဣတိ-ကြောင့်၊ (သော-ထို မဟာဝိဇိတမင်းသည်၊) ပဟူတ ဝိတ္တ။ပကရဏော - မည်၏၊ သတ္တရတနသခ်ါတသ- ၇ ပါးသောရတနာဟု ဆိုအပ်သော၊ နိဒဟိတွာ- သိုမှိုး သိမ်းဆည်း၍၊ ဆပိတဓနဿ - ထားအပ်သောဥစ္စာ၏ရှင်း၊ သဗ္ဗ ပုဗ္ဗဏ္ဏာပရဏ္ဏ သင်္ဂဟိတဿ- အလုံးစုံသောကောက်ပဲ စသည်တို့ဖြင့် သိမ်းယူအပ်သော၊ ဓညဿစ-စပါး၏ ရှင်း၊ [အနုလောမ ကောက်စပါးတွေပါ ပါစေလို၍ "သဗ္ဗ" ဟု ထည့်သည်။] ပဟူတတာယ-များသည်၏အဖြစ်ကြောင့်၊ ပဟူတဓနဓညော-မည်၏၊ အထဝါ-

× × × × × × ×

ဝိတ္တ။ပကရဏံ။ ။ဥပကရဏာသဒ္ဒါသည် ကာရကာအနက်ဟောတည်း၊ ထို့ကြောင့် "တဋ္ဌိကာရဏံတိ အတ္ထော"ဟု ဖွင့်သည်၊ ဥပကရောတိ – အကျိုးကို ကပ်ရွယ်ပြုတတ်၏၊ ဣတိ ဥပကရဏံ၊ ဝိတ္တိယာ+ဥပကရဏံ ဝိတ္တ။ပကရဏံ၊ ထို ဥပကရဏာဟူသည် ဆင်မြန်းဘို့ရာ တန်ဆာအမျိုးမျိုး, သုံးစွဲဘို့ရာ အိုးခွက်အမျိုးမျိုးတည်း၊ မှန်၏–ထိုကဲ့သို့ ဆင်မြန်းဘို့ရာ သုံးစွဲဘို့ရာ တန်ဆာ အိုးခွက်ရှိလျှင် ထို ဥစ္စာရှင်တို့သည် ပျော်တပြုံးပြုံးဖြစ်ကာ လွန်စွာ နှစ်သက်ကြသည်၊ ထို့ကြောင့် "နာနာဝိဇာလကာရ, သုဝဏ္ဏ ရဇတဘာဇနာဒိ"ဟု သရုပ်ဖေါ်သည်၊ အာဒိဖြင့် အဝတ်, အိပ်ရာနေရာ, အိမ်စသော အသုံးအဆောင်များကို ယူပါ။

ပဟူတဓနဓညော။ ။"ဓန"အရ "သတ္တရတန၊ပေ၊ဓနဿ"ဟု ဖွင့်၍ "ဓည" အရ "ပုဗ္ဗဏ္ဏာ၊ပေ၊သင်္ဂဟိတဿ"ဟု ဖွင့်၏၊ "သတ္တရတန"ဟူသည် "သုဝဏ္ဏံ ရဇတံ မုတ္တာ, မဏိ ဧဝဠ္ဠရိယာနိစ၊ ဝဇိရဉ္စ ပဝါဠဉ္စာ, သတ္တာဟု ရတနာနိမေ"ဟု အဘိဓာန် [(၄၉၀)၌လာသော ရတနာ ၇ ပါးတည်း။

ဓည။ ။သက်တော်၌ ဓာနျသည် ပါဠိ၌ "ဓည"ဟု ဖြစ်၏၊ ဓာဓာတ်သည် ပေါသန အနက်ကို ဟော၏၊ ဓိယတေ ပေါသီယတေ- မွေးမြူခြင်း+ ဓာနံ–ခြင်း၊ ဓာန+သာဓု ဓညံ၊ သာဓုအနက်၌ ယ ပစ္စည်း၊ ဓာ၌ ရဿပြု၊ ခန္ဓာကိုယ်ကို မွေးမြူခြင်းကိစ္စ၌ ကောင်းသော ထိုဓညသည် ပုဗ္ဗဏ္ဏ အပရဏ္ဏ ၂ မျိုး၌ အားလုံးပါဝင်နိုင်၏၊ ထို့ကြောင့် " ပုဗ္ဗဏ္ဏ ၊ ပေ ၊ သင်္ဂဟိတဿ " ဟု ဆိုသည်၊ နိဒါနကထာ၌ ပြအပ်ခဲ့သော " တိဝဂ္ဂ သင်္ဂဟာနိ" ပုဒ်ကဲ့သို့ ဤ သင်္ဂဟိတသဒ္ဒါလည်း သိမ်းယူခြင်းအနက်ကို ဟော၏။

ပုဗ္ဗဏ္ဏ အပရဏ္ဏ။ ။ပုဗ္ဗံ-(ကမ္မာဥုးအခါဝယ်) ပဲဟူသော အစာ၏ ရှေးဥုးစွာ+ ပဝတ္တံ+အန်–အစာတည်း၊ ပုဗ္ဗဏ္ဏံ–ပဲ၏ ဥုးစွာ ဖြစ်ပေါ်လာသော အစာ၊ "ပြဿ" ဟု သက်တော်၌ ရှိသောကြောင့် ပြအတွက် နှ ကို ဏ္ဏ ပြုရသည်၊ အပရဿိံ–ကောက်စပါးတို့၏ နောက်၌+ပဝတ္တံ+အန်ံ အပရဏ္ဏံ၊ ရကြောင့် နှ ကို ဏ္ဏ ပြု။ [ဓနံစ+ဓညဉ္စ ဓနဓညာနိ၊ ပဟူတာနိ+ဓနဓညာနိ ယသ္မာတိ ပဟူတဓနဓညော။]

အထဝါ၊ပေ၊ဓုတ္တံ။ ။ရှေးနည်း၌ သိုမှိုး သိမ်းထားအပ်သော ဥစ္စာနှင့် စပါးတို့ကို "ဓနဓည"ဟု ဆို၏၊ ဤနည်းကား နွေတိုင်း ကုန်ကျစရာဖြစ်သော ဥစ္စာစပါး,နွေတိုင်း သူတပါးထံမှ ရအပ် ယူအပ်သော ဥစ္စာစပါးကို "ဓနဓဉ်ည"အရ ယူစေလိုသည်။

ထို့ပြင် တနည်းကား၊ ဇာဒံ-ဤ ပဟူတဓနဓညောဟူသော စကားကို၊ အသိ-ထို မဟာဝိဇိတမင်း၏၊ ဒေဝသိကံ-နေ့တိုင်း နေ့တိုင်း၊ ပရိဗ္ဗယဒါနဂ္ဂဟဏာဒိဝသေန - ကုန်ကျခြင်း, စွန့်ကြဲပေးကမ်းခြင်း , ယူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ (ပရိဝတ္တန ဌိစဝ်၊) ပရိဝတ္တနဓနဓညဝသေန-ထက်ဝန်းကျင် လည်နေသော ဥစ္စာစပါး၏အစွမ်းဖြင့်၊ ဝုတ္တံ-ဆိုအပ်ပြီ။[မိမိဆိရောက်လိုက် သူတပါးဆိရောက်လိုက်အားဖြင့် လည်နေသည်ကို "ပရိဝတ္တန" ဟု ဆိုသည်။]

ပရိပုဏ္ဏ ကောသကောဋ္ဌာဂါရောတိ(တ္ထေ)-ဟူသော ဤပါဋ္ဌိ၌၊ ဘဏ္ဍာဂါရံ-ဘဏ္ဍာတိုက်ကို၊ ကောသော-ဟူ၍၊ ဝုစ္စတိ၊ နိဒဟိတ္ဝာ-သိုမှီးသိမ်းဆည်း၍၊ ထပိတေန- ထားအပ်သော၊ ဓနေန-ဥစ္စာအားဖြင့်၊ ပရိပုဏ္ဏကောသော-ပြည့်သော ဘဏ္ဍာတိုက်ရှိ၏၊ ဓညေန-စပါးအားဖြင့်၊ ပရိပုဏ္ဏကောဋ္ဌာဂါရောစ- ပြည့်သောစပါးတိုက်လည်းရှိ၏၊ ဝါ-ပြည့်သော စပါးကျိုလည်းရှိ၏၊ ဝါ-ပြည့်သော စပါးကိုဒေါင်လည်းရှိ၏၊ ဤတိ အတ္ထော။

× × × × × × ×

ဒေဝသိကံ ။ ။"ဒိဝသေ ဒိဝသေ"ဟူသော ဝိစ္ဆာအနက်၌ ကိုကပစ္စည်း-ဟု သဟသေယျသိက္ခာပုဒ် ယောဇနာ ဆိုး၏၊ ဋီကာ၌လည်း " ဒိဝသေ ဒိဝသေ " ဟုပင် ဖွင့်၏၊"နေ့တိုင်း နေ့တိုင်း၌"ဟု ပေးပါ၊ ဋီကာသစ်၌ကား"ဒိဝဋ္ဌသေ ဒိဝသေ+ပရိဘုဇ္ဇိတမ္ပံ ဒေဝသိကံ" ဟု ပြု၏၊ ပရိဘုဇ္ဇိတမ္ပအနက်၌ ကိုကပစ္စည်းဟု ယူစေလိုဟန်တူ၏၊ သို့ဖြစ်လျှင် ဝိစ္ဆာအနက်ကို အဘယ်ပုဒ်က ဟောမည်နည်း၊"ဘာဝနပုံသကမေတံ"ဟု လည်း ဖွင့်၏၊"နေ့တိုင်းနေ့တိုင်း သုံးစွဲထိုက်စွာ"ဟု ပေးစေလိုဟန်တူသည်၌၊ စဉ်းစားပါ။

ပရိဗ္ဗယဒါနဂ္ဂဟဏာဒိ။ ။"ပရိ - ထက်ဝန်းကျင် + ဝယ - ကုန်ကျ" ဟူသည်၌ နေ့တိုင်း ချက်ပြုတ် ကျွေးမွေးရ၍ တနေ့အတွက် ကုန်ကျစရိတ်တည်း၊ ဒါန ဟူဇည် စွန့်ကြဲပေးကမ်းခြင်း အတိုးပေးခြင်း နွေတွက် လုပ်ခပေးခြင်းတည်း၊ ဂဟဏဟူသည် ဆပ်ပေးလာသောအတိုးကို ဖြစ်စေ အရင်းကိုဖြစ်စေ ၂ မျိုးလုံးကိုဖြစ်စေ ယူခြင်းတည်း၊ ဤသို့ အကုန်အကျ အပြောင်းအလဲလုပ်ရသော ဥစ္စာစပါးတွေ နေ့စဉ်များသည်-ဟူလို။

ဋီကာ။ ။ဒေဝသိကံ၊ပေ၊ဝသေနာတိ ဒိဝသေ ဒိဝသေ ပရိဘုဇ္ဇိတမ္ပ (စားသေံ့သုံးစွဲထိုက်သော ဥစ္စာစပါး၊ ပရိဗ္ဗယ၏အဖွင့်၊) ဒါတမ္ပ (စွန့်ကြဲ ပေးကမ်းထိုက်သော ဥစ္စာစပါး၊ ဒါန၏အဖွင့်၊) ဝဓေတမ္ပာဒိ ဝိဓိနာ (တိုးပွားစေထိုက်သော ဥစ္စာစပါး၊ ဂဟဏ၏ အဖွင့်၊) အစရှိသော အစီအရင်ဖြင့်၊ ပရိဝတ္တနကဓနညဝသေန၊ -ဤသို့ ဋီကာဖွင့်၏၊ ဋီကာသစ်၌ကား " ပရိဗ္ဗယနှင့် ဒါန"ကို တပုဒ်တည်းယူ၍ ဒါသကမ္မကရပေါရိသာဒီနံ ဝေတ္တနာနုပ္ပဒါနံ"ဟု ဖွင့်လေသည်။

ကောသကောဋ္ဌာဂါရ ။ ။ ကောသကို ဘဏ္ဍာတိုက် ဟု ဖွင့်၍ ကောဋ္ဌာဂါရအတွက် အထူးမဖွင့်ခြင်းမှာ"စပါးထားရာ ကျို(ဂိုဒေါင်)"ဟူသောအနက်က ကောဋ္ဌာဂါရအတွက် ထင်ရှားသောကြောင့်တည်း။ [ကုသ - အတ္ထောသေဓာတ်ဖြင့် "ကုသိယတိ အတ္ထောသီယတိ - ဆဲအပ်၏၊ ဤတိ ကောဋ္ဌံ" ဟု ပြု၏၊ ကုသ, တ၊ တတို့ ဋ္ဌပြု၊ ကောဋ္ဌံစ+တံ+အဂါရံစာတိ ကောဋ္ဌာဂါရံ။]

အထဝါ, ကောသော–ကောသသည်၊ ဟတ္ထိ-ဆင်တို့၎င်း၊ အဿာ- မြင်းတို့၎င်း၊ ရထာ- တို့၎င်း၊ ပတ္တိ– ခြေလျင်တို့၎င်း၊ ဣတိ-သို့၊ စတုဒ္ဒိဓော-၄ ပါး အပြားရှိ၏၊ ကောဋ္ဌာဂါရံ-ကောဋ္ဌာဂါရသည်၊ ဓနကောဋ္ဌာဂါရံ- ဥစ္စာထားရာ ဘဏ္ဍာတိုက်၎င်း၊ ဝတ္ထုကောဋ္ဌာဂါရံ - အဝတ်ထားရာ ဘဏ္ဍာတိုက်၎င်း၊ ဓညကောဋ္ဌာဂါရံ-ကောက်ပဲထားရာ ကျီ၎င်း၊ ဣတိ-သို့၊ တိဝိဓံ- ၃ ပါးအပြားရှိ၏၊ အဿ–ထို မဟာဝိဇိတမင်း၏၊ သဗ္ဗံပိ-လည်း ဖြစ်သော၊ ပရိပုဏ္ဏံ- ပြည့်သော၊ တံ-ထိုကောသ, ကောဋ္ဌာဂါရသည်၊ အတ္ထိ–ရှိ၏၊ ဣတိ-ထို့ကြောင့်၊(သော)-ထို မဟာဝိဇိတမင်းသည်၊ ပရိပုဏ္ဏကောသ ကောဋ္ဌာဂါရာ-မည်၏၊ ဥဒပါဒိ တိ- ကား၊ ဥပ္ပဇ္ဇိ-ဖြစ်ပြီ။

အယံ ရာဇာ–၌ မဟာဝိဇိတမင်းသည်၊ ကေဒိဝသံ - တနေ့သ၌၊ ရတန ဝိလောကနစာရိကံနာမ-ရတနာတို့ကို ကြည့်ရှုဘို့ရန် လှည့်လည်ခြင်း မည်သည်ကို၊ နိက္ခန္တောကိရ- ထွက်လာသတတ်၊ [တတ္ထ တတ္ထ ရတနံ ဝိလောကေတွာ စရဏံ ရတနဝိလောကနစာရိကာ၊ - ဋီကာသစ်၊] သော- ထို မဟာဝိဇိတမင်းသည်၊ ဘဏ္ဍာဂါရိကံ-ဘဏ္ဍာတိုက်စိုး အမတ်ကို၊ ပုစ္ဆိ-မေးပြီ၊(ကိ)၊ တာတ-အမောင်၊ ဧဝံ–၌သို့၊ ဝါ- သို့ကလောက်၊ ဣဒံ ဗဟုဓနံ – ၌ များစွာသော ဥစ္စာတွေကို၊ ကေန–အဘယ်သူသည်၊ သံယရိတံ-စုဆောင်းအပ်သနည်း၊ ဣတိ, ပုစ္ဆိ-ပြီ၊ တုမှာကံ- အရှင်မင်းမြတ်တို့၏၊ ပိတု ပိတာမဟာဒီဟိ-ခမည်းတော်, ဘိုးတော်အစရှိသူတို့သည်၊ သတ္တမာ – ၇ ဆက်တို့၏ ပြည့်ကြွယ်ဖြစ်သော၊

× × × × × × ×

အထဝါ စတုဒ္ဒိဓော။ ။၌နည်းဥ၌ ကောသသဒ္ဒါသည် သန်လျက်အိမ်ဟူသော အနက်ကိုဟော၏၊ သန်လျက်အိမ်သည် သန်လျက်၏ ထက်သည်၏အဖြစ်ကို ရွက်ဆောင်သကဲ့သို့ စစ်အင်္ဂါ ၄ ပါးလည်း မင်း၏ တန်ခိုးကို ထက်မြက်အောင် ဆောင်ရွက်တတ်သောကြောင့် ကောသနှင့် တူ၏၊ ကောသောဝိယ – သန်လျက်အိမ်နှင့် တူ၏၊ ဣတိ ကောသော၊ ထို စစ်အင်္ဂါ ၄ ပါး၏ ပြည့်စုံလုံလောက်သည်ကို “ ပရိပုဏ္ဏကောသ ” ဟု ဆိုသည်။ [ယခုခေတ်၌လည်း ကောသ (စစ်အင်္ဂါ) ပြည့်စုံသော တိုင်းပြည်သည် တန်ခိုးထက်၏။] ကောဋ္ဌာဂါရ သဒ္ဒါတခုတည်းဖြင့်ပင် အလုံးစုံသော ဘဏ္ဍာထားရာ ဌာနကို ယူနိုင်သောကြောင့်“ကောဋ္ဌာဂါရံ တိဝိဓံ” ဟု ဆိုသည်။

ဋီကာ ။ ။ ဧဝံ သာရဂ်ပ်ဴ် (ဥစ္စာနှစ်ထားရာ တိုက်ခန်းကို၊) ကောသောတိ, ဓညသ ထပနဋ္ဌာနဖ္ဖ (သွင်းထားရာ ကျီကိုလည်း) ကောဋ္ဌာဂါရန္တိ ဒဳသေတွာ ဣဒါနိ တတော အညထာ တံ (ထိုကောသ ကောဋ္ဌာဂါရကို) ဒဳသေတုံ အထဝါတိ အာဒိ ဝုတ္တံ၊ပေ၊ တတ္ထ ကောဋ္ဌာဂါရဂ္ဂဟဏေနေဝ သဗ္ဗသာပိ ဘဏ္ဍာဂ္ဂပနဋ္ဌာနသာ (“ကုပ္ပ ဘဏ္ဍာဋ္ဌပနဋ္ဌာနသာ–စောင့်ရှောက်ထိုက်သော ဘဏ္ဍာထားရာ ဌာန၏”ဟု ဋီကာသစ်၌ ရှိ၏၊) ဂဟိတတ္တာ တိဝိဓံ ကောဋ္ဌာဂါရန္တိ ဝုတ္တံ။ [ကုပ္ပသဒ္ဒါသည် “ဂုပ္ပ”က ဖြစ်လာသော သဒ္ဒါတည်း၊ ရွှေငွေမှတပါး စောင့်ရှောက်ထိုက်သော ဘဏ္ဍာကို ကုပ္ပဘဏ္ဍာဟု ဆိုလိုသည်၊ ကုပ္ပံ တဒဿံ တမ္မာဒိ၊–အဘိဓာန် (၄၈၆)။]

ယာဝကုလပရိဝန္ဒာ – အမျိုးတို့၏ အစဉ်အဆက်တိုင်အောင်၊ သံဃရိတံ – ဝုဆောင်းအပ်ပါ၏ပြီ၊ ဣတိ-ဤသို့ သံတော်ဥပုဒ်ပြု၊ ဣဒံ ဓနံ–ဤဥစ္စာတွေကို၊ သံဃရိတ္ထာ-စုဆောင်းပြီး၍၊ တေ-ထိုခမည်းတော်, ဘိုးတော် အစရှိသူတို့သည်၊ ကုဟိံ –အဘယ် အရပ်သို့၊ ဂတာ- သွားကြကုန်သနည်း၊ ဣတိ-ဤသို့မေးပြီ၊ ဒေဝ-မင်းမြတ်၊ သဗ္ဗေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော်၊ တေ – ထိုခမည်းတော်, ဘိုးတော် အစရှိသူတို့သည်၊ မရဏဝသံ – သေခြင်း၏ အလိုသို့၊ ဝါ– ဃသမင်း၏ နိုင်ငံသို့၊ ပတ္တာ - ရောက်ကြရပါကုန်ပြီ၊ ဣတိ-ဤသို့ သံတော်ဥပုဒ်တင်ပြီ၊[မရဏဝသံတိ မရဏာဿ, မရဏာသန်ဂါတံဝါဝိသယံ၊- ဋီကာ၊]တာတ-အမောင်၊ အတ္တနော-မိမိ၏၊ ဓနံ-ဥစ္စာကို၊ အဂ္ဂဟေတ္ဝာဝ - မယူဆ၍သာလျှင်၊ ဂတာ–သွားကြကုန်သလော၊ ဣတိ - ဤသို့ မေးပြီ၊ ဒေဝ – မင်းမြတ်၊ ကိံ – အဘယ်ကို၊ ဝဒေထ–မိန့်တော်မူပါကုန်သနည်း၊ တေံ ဓနံ နာမ-ဤဥစ္စာမည်သည်ကို၊ ပဟာယ – ပယ်စွန့်၍၊ ဂမနီယမေဝ – သွားထိုက်ပါသည်သာ၊ အာဒါယ-ယူ၍၊ နောဂမနီယံ-မသွားထိုက်ပါ၊ ဣတိ-ဤသို့ သံတော်ဥပုဒ်တင်ပြီ၊ [ဤပြဿနာများ၏ အဖြေကို ကိုယ်တိုင် သိပြီးဖြစ်သော်လည်း နောက်၌ ဥစ္စာတို့ကို စွန့်ကြသောအခါ ရင်းနှီးသူ လူအများတို့ ဆူပူမည်စိုးသောကြောင့် ထိုသူတို့ အသံမထွက်နိုင်အောင် ဘဂ္ဂဝါရိုက အမတ်ကို ဖြေဆိုစေသည်။] အထ-ထိုမှ နောက်၌၊ ရာဇာ-သည်၊ နိဝတ္တိတ္ဝာ-ပြန်နစ်၍၊ သိရိဂဗ္ဘ-အာသရေရှိသော တိုက်ခန်း၌၊ နိသိန္နော– ထိုင်လျက်၊ အဓိဂတာ ခေါ် မေတိ အာဒီနိ–အစရှိသော အကြံတို့ကို၊ စိန္တေသိ-ပြီ၊ တေန–ထို့ကြောင့်၊ ဝေါ၊ပေဥဝပါဒိတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ [ရှင်အာနန္ဒာ လျှောက်အပ်သော စကားမဟုတ်,မြတ်စွာဘုရားက ပုဏ္ဏားကို မိန့်တော်မူအပ်သောစကားတည်း။]

မြောဟ္မဏံ အာမန္တေတ္ဝာတိ–ကား၊ ကသ္မာ - ကြောင့်၊ အာမန္တေသိ - ခေါ်သနည်း၊ ကိရ ယသ္မာ-ကြောင့်၊ အယံ– ဤမဟာဝိဇိတမင်းသည်၊ ဝံ –ဤသို့၊ စိန္တေသိ - ကြံပြီ၊ (ဂ်ံ)၊ ဒါနိံ - အလျှင်းကို၊ ဒေန္တေနနာမ–ပေးလှူသူမည်သည်၊ ဧကေန-တယောက်သော်၊ ပဋိဂဟေတုံ–ပညာရှိနှင့်၊ သဒ္ဓိံ၊ မန္တေတ္ဝာ-တိုင်ပင်ဉာဏ်၊ ဒါတုံ-ပေးလှူခြင်းငှါ၊ ဝဋ္ဋတိ-သင့်၏၊ ဟိ - မှန်၊ အနာမန္တေတ္ဝာ–မတိုင်ပင်မူ၍၊ ကတကမ္မံ - ပြုအပ်သော အမှုသည်၊ ပစ္ဆာနုတာပံ - နောင်တဖန် ပူပန်ခြင်းကို၊ ကရောတိ–ပြုတတ်၏၊ ဣတိ-ဤသို့ ကြံပြီ၊ တသ္မာ - ထိုသို့ ကြံသည်၏ အဖြစ်ကြောင့်၊ အာမန္တေသိ–ခေါ်ပြီ။

× × × × × × × ×

အာမန္တေတ္ဝာ။ ။ပါဠိတော်၌“အာမန္တေတ္ဝာ တေ ဒဝေါ၊စ”ဟု ရှိ၏၊ “ခေါ်၍ ဤစကားကို ပြောပြီ”ဟုလည်း အနက်မှန်ရနိုင်၏၊ ဋီကာသစ်၌ကား နောက်၌“ကေန သဒ္ဓိံ မန္တေတ္ဝာ ”ကို ကြည့်၍ အာမန္တေတ္ဝာကိုလည်း“ မန္တေတုကာမော ဟုတ္ဝာ–တိုင်ပင်လိုသည်ဖြစ်၍ ”ဟု အနက်ပေးဥစ္စလို၏၊ အကြံလွန်ဟန်တူသည်။

အထ–ထိုမှ နောက်၌၊ ဗြာဟ္မဏော-သည်၊ စိန္တေသိ - ကြံပြီ၊ (ကိုဴ)၊ အာယံ ရာဇာ-ဤမင်းသည်၊ မဟာဒါနံ-ကြီးစွာသော အလှူကို၊ ဒါတုကာမော-ပေးခြင်းငှါ အလိုရှိ၏၊ စ-ထိုသို့ ပေးလှူလိုပါသော်လည်း၊ အဿ-ထိုမင်း၏၊ ဇနပဒေ-၌၊ စောရာ– သူပုန်တို့သည်၊ ဗဟူ- များကုန်၏၊ တေ - ထိုသူပုန်တို့ကို၊ အဂ္ဂဟ ဿမေတွာ-မငြိမ်းစေမူ၍၊ ဒါနံ–အလှူကို၊ ဒေန္တဿ-ပေးသော မင်း၏၊ ဒိရဒိ တလ္လာ၊လာဒ္ဒိကေ-နို့ရည်,နို့ဓမ်း, ဆန်အစရှိကုန်သော၊ ဒါနသမ္ဘာရေ-အလှူ၏ အဆောက် အဦးတို့ကို၊ အာဟရန္တောနံ – ပို့ဆောင်ကြကုန်သော ယောဂျား တို့၏၊ နိပ္ပုရိသာနိ-ယောဂျားမရှိကုန်သော၊ ဂေဟာနိ - အိမ်တို့ကို၊ စောရာ– သူပုန်တို့သည်၊ ဝိလုမ္ပိဿန္တိ–လုယူကုန်လတ္တံ့၊ ဇနပဒေါ–ဇနပုဒ်သည်၊ စောရ ဘယေနေဝ-သူပုန်ဘေးကြောင့်ပင်၊ ကောလာဟလော–မငြိမ်မသက် ဆူပွက် သည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ တတော–ထိုသို့ဖြစ်ခြင်းကြောင့်၊ ရညော–မင်း၏၊ ဒါနံ-အလှူသည်၊ စိရံ-ကြာမြင့်စွာ၊ နပဝတ္တိဿတိ-မဖြစ်လတ္တံ့၊ အဿ-ထိုမင်း ၏၊ စိတ္တံပိ-သည်လည်း၊ ကေဋ္ဌံ-တခုတည်းသော အာရုံ၌သည်၊ ဝါ-တည်ကြည် သည်၊ နဘဝိဿတိ– မဖြစ်လတ္တံ့၊ ဟန္ဒ–ယခုံ၊ နံ– ထိုမင်းကို၊ တေမတ္တံ–၌ အကြောင်းအရာကို၊ သညာပေမိ-သိစေရတော့အံ့၊ (ဤတိ စိန္တေသိ၊)တတော-ထိုသို့ အကြံဖြစ်ခြင်းကြောင့်၊ တမတ္တံ-ထို အကြောင်းအရာကို၊ သညာပေန္တော-သိစေလိုသည်၊ (ဟုတ္ဝာ)၊ ဘောတော ခေါ ရညော်တိအာဒိ – အစရှိသော စကားကို၊ အာဟ–သံတော်ဥုးတင်ပြီ။

တတ္ထ-ထို ဘောတော ခေါ ရညောအစရှိသော စကားရပ်၌၊ သကဏ္ဏကော တိ-ကား၊ စောရကဏ္ဏကေဟိ-သူပုန်တည်းဟူသော ဆူးငြောင့်တို့ဖြင့်၊ သကဏ္ဏ ကော–ဆူးငြောင့်နှင့်တကွဖြစ်ပါ၏၊ ပန္ထဒုဟနာတိ-ကား၊ ပန္ထဒုဟာ - လမ်း

× × × × × × ×

စိန္တေသိ။ ။“စောရာ ဝိလုမ္ပိဿန္တိ, ဒါနံ နု စိရံ ပဝတ္တိဿတိ, စိတ္တံ ဝိဿ ကေဋ္ဌံ နု ဘဝိဿတိ” ဟူသော နောက်စကားကို ထောက်၍ ဇနပုဒ်၏ ခိုးသူဘေးရန်မှ ကင်းခြင်း အကျိုး, ယဇ်(ဒါန)၏ ကြာရှည်စွာ တည်ခြင်း အကျိုး, ရှင်ဘုရင်၏ စိတ်တည်ငြိမ်စွာ ပေးလှူနိုင်ခြင်း အကျိုးငှါ ကြံသည်–ဟု မှတ်ပါ။

သကဏ္ဏကော ။ ။ သတ္တာနံ ဟိတသုခဿ ဝိဒ္ဓသနတော (စီးပွားချမ်းသာကို ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်ဂုဏ်း) အဟိတဒုက္ခဿစ အာဝဟနတော စောရာဝေ ကဏ္ဏကာ (ဆူးငြောင့်ခလုတ်တို့တည်း) ။ [ရူပကအလင်္ကာနည်းအားဖြင့် ခိုးသူတို့ကိုပင် “ကဏ္ဏက”ဟု ဆိုသည်။] တေဟိ စောရကဏ္ဏကေဟိ-တို့ဖြင့်၊ (သကဏ္ဏကော၌စပ်) ။ [ရှေးပါဠိတော် စာအုပ်တချို့၌ “သကဏ္ဏကာ ဇနပဒါ”ဟု ဗဟုဝုစ်တွေ့ရ၏၊ နောံ၌ “ဇနပဒေ ဥဿာဟေန္တိ,ဇနပဒံ နု ဝိဟေဋ္ဌေဿန္တိ”ကိုထောက်၍ ကေဝုစ်ရှိမှ ရှေနောက် ညီသည်၊“ခေမဋ္ဌိတာ ဇနပဒါ”၌ကား နယ်သူ နယ်သား လူအများကို ရဲသောကြောင့် ဗဟုဝုစ်သာ။]

ခရီးတို့ကို ဖျက်ဆီးတတ်သူတို့ကို၊ ပန္တဲ့ယာတကာ - လမ်းခရီးတို့ကို ဖျက်ဆီးတတ်သူတို့ကို၊(ဒီဃန္တိ-၌စပ်၊)ဣတိ အတ္ထော- နက်၊ အကိစ္စကာရီအာဃာတိ-ကား၊ အကတ္တာမ္ဘကာရီ – မပြုထိုက်သောအမှုကို ပြုလေ့ရှိသည်၊ အဓမ္မကာရိ-တရားမှ ကင်းသောအမှုကို ပြုလေ့ရှိသည်၊ ဘဝေယျ-ဖြစ်ရာ၏၊ ဒဿုဒိလန္တိ-ကား၊ ဧစာရဒိလံ-ခိုးသူတည်းဟူသော ဆူးငြောင့်ခလုတ်ကို၊ (သမ္ဘဟနိဃာမိ-၌စပ်၊) ဝဓေနဝါတိ–ကား၊ မာရဏ္တေနဝါ– သေစေခြင်း အားဖြင့်သော်၎င်း၊

× × × × × × ×

ပန္တဒုဟနာ။ ။ဒုဟတ်သည် (ဖျက်ဆီးခြင်း) အနက်ကို ဟောစ်၏၊ ပန္တအရ လမ်းခရီးသာရဿော်လည်း ခရီးလမ်းနှင့် ခရီးသွားသူတို့ကို မကွဲမပြား ဆိုအပ်သော အဘေဓေါပစာရနည်းအား ဖြင့် (တနည်း) ဌာနလမ်း၏အမည်ကို ဌာနီလမ်းသွားသူတို့၌ တင်စားသော ဌာနူပစာရအား ဖြင့် ခရီးသွားသူတိုင်အောင် ယူပါ၊ ဒုဟနာ၌ ယုပစ္စည်းသည် ကတ္တားဟောဟု သိစေလို၍ “ ဒုဟာ ” ဟု ဖွင့်သည်၊ ပန္တာနံ – တို့ကို + ဒုဟနာ ပန္တဒုဟနာ၊ [တထာ ဂါမဝါသိနံ ဃာတကာ ဂါမဃာတကာ အဘေဒဝသေန , ဥပစာရေနစ နိဿယနာမဿ (မှိဏာဌာန နာမည်၏) နိဿိတေပိ (မှိတတ်သော ဌာနီလူဖြစ်၌လည်း) ပဝတ္တနတော၊ ဧဝံ ပန္ထိကာနံ (ခရီးသွားသူတို့ကို) ဒုဟနာ ဗာဓနာ ပန္ထဒုဟာ၊— ဋီကာသစ်။]

အာကိစ္စကာရီ။ ။ကိစ္စ၌ ရှိစ္စပစ္စည်းကို “အကတ္တွာဗ္ဘ” ဟု တဗ္ဗပစ္စည်းဖြင့် ဖွင့်သည်၊ တိုင်းပြည်၌ သူပုန်ဘေးတို့ဖြင့် မငြိမ်မသက် ဖြစ်နေပါလျက် မိမိက အခွန်အတုတ်ကို ကောံခံဆောင်ယူမှုကို ပြုနေခြင်းသည် မပြုထိုက်သောအမှုကို ပြုရာရောက်၏၊ ထို့ကြောင့် ထိုအမှုကို “တရားနှင့်လျော်သည်” ဟု မဆိုထိုက်ရကား “အဓမ္မကာရီ” ဟု အမိပ္ပါယ် ဖွင့်သည်။ [ဓမ္မတော အပေတသ အယုတ္တသ ကရဏာသီလော (အဓမ္မကာရီ) ၊ ယော ဝါ အတ္တနော ဝိဇိတေ တတော တတော အနတ္ထတော တာယနေန ခတ္တိယေန ကတ္တဗ္ဗ ဓမ္မော (မိမိနိုင်ငံ၌ ထိုထိုစီးပွားမဲ့မှ စောင့်ရှောက်သောခတ္တိယသည် ပြုထိုက်သော အကြောင်း) မင်းကျင့်တရား ရှိ၏) ၊ တဿ အကရဏာသီလော (ထို မင်းကျင့်တရားကို ပြုလေ့မရှိ) တိ အတ္ထော၊– ဋီကာသစ်။]

ဒဿုဒိလံ။ ။သက္ကတ၌ “ ဒသဓာတ် , ယုစ်ပစ္စည်းဖြင့် စ် အနုဗန်ချေ၍ ဒဿု– ကိုက်ဖြတဲ့ ဖျက်ဆီးတတ်သော ခိုးသူ”ဟု ရှိ၏၊ ပါဠို၌ “ဒဿု”ဟု ဖြစ်၏၊ [ဒံသဓာတ်လည်း ကြံ့ကြ၏။] ဒိလဓာတ်သည် ကဋ္ဌနတ္တ (ခက်မာသည်၏အဖြစ် = ခက်မာခြင်း) အနက်ကို ဟော၏၊ ဒိလတီတိ ဒိလံ – ခက်မာသော သစ်ငုတ် (ခလုတ်) ၊ ထို သစ်ငုတ် ခလုတ်နှင့်တူသောကြောင့် ခိုးသူတို့သည် ဒိလမည်၏၊ ဒံသန္တိတိ ဒဿဝေါ၊ ဒိလံဝိယာတိ ဒိလံ၊ ဒဿဝေါ ဧဝ + ဒိလံ ဒဿုဒိလံ။

ဝဓေန။ ။ဟနဓာတ်၏ ကာရိယဖြစ်သော ဝဓသည် “ ပါဏဝဓေ ” စသည်၌ သတ်ခြင်းအနက်ကို ဟော၏၊ “ အတ္တာနံ ဝဓိတ္ဝာ ဝဓိတ္ဝာ (ညှဉ်းဆဲ၍) ရောဒတိ”၌ ပုတ်ခတ် ညှဉ်းဆဲခြင်းအနက်ကို ဟော၏၊ ထို ၂ နက်လုံးရသောကြောင့် “မာရဏ္တေန– သတ်ခြင်း” ဟုလည်း, “ ကောဋ္ဌနေန – တဲတောင် စသည်ဖြင့် ထောင်းထုခြင်း ” ဟုလည်း ၂ နက်ဖွင့်သည်။

ကောန္တနေနဝါ–ထောင်းထုခြင်းအား ဖြင့်သော်ငင်း၊ ဗန္ဓနေနာတိ, အဒ္ဒု၊ ဗန္ဓနာဒိနာ-နှောင်ဖွဲ့ခြင်း ထိပ်တုံးအစရှိသည်ဖြင့်သော်ငင်း၊ ဇာနိယာတိ-ကား၊ ဟာနိယာ – ဥစ္စာဆုံးရှုံးကြောင်း ဖြစ်သော ဒဏ်တပ်ခြင်းအား ဖြင့် သော်ငင်း၊ သတံ- တရာကို၊ ဂဏှထ–ယူကြကုန်လော့၊ သဟဿံ–ကို၊ ဂဏှထ – နှံလော့၊ ဣတိ ဧဝံ–ဤသို့၊ ပဝတ္တိ ဘဒန္တော – ဖြစ်စေအပ်သော ဒဏ်တပ်ခြင်းအား ဖြင့် သော်ငင်း၊ ဣတိ အတ္ထော–နက်၊ ဂရဟာယာတိ-ကား၊ ပဗ္ဗသိခ မုဏ္ဍကရဏ်-၅ခုသော ဥုးစွန်းရှိအောင် ခေါင်းတုံးမှုကို ပြုခြင်းငင်း၊ ဂေါမယသိဉ္စနံ-နွားချေးရေကို ဥုးခေါင်းဌ် သွန်းလောင်းခြင်းငင်း၊ ဂိဝါယ - လည်ပင်းဌ်၊ ကုဒဏ္ဍက

× × × × × × ×

အဒ္ဒု၊ ဗန္ဓနာဒိနာ။ ။အဒ– ဘက္ခဏောတ်, သဏ္ဌတဌ် အဒိတ်-ကူပစ္စည်းဖြင့် အဒ္ဒု။ ဟု ရှိ၏၊ ပါဠိဌ် အဒ္ဒု၊ ဟု ရှိ၏၊ ကူ ပစ္စည်းကို ရဿ ပြုထားသည် ဟု ကြံပါ၊ အဒတိ ဘက္ခတိ အနုဘဝတိ ဒုက္ခံ ထွေ ဧတေနဝါတိ အဒ္ဒု–ဒုက္ခကို ခံစားသောအား ဖြင့် ခံစားရာ ခံစားကြောင်း၊ ဗန္ဓိယတေ အနေနာတိ ဗန္ဓနံ–နှောင်ဖွဲ့ကြောင်း။

ဋီကာသစ်။ ။အဒ္ဒုနာမ ဒါရုက္ခန္ဓေန ကတော ဗန္ဓနောပကရဏာဝိသေသော–နှောင်ဖွဲ့ကြောင်း အဆောက်အဥုး အထူး (ထိပ်တုံး)၊ တေန + ဗန္ဓနံ အဒ္ဒုဗန္ဓနံ – ထိပ်တုံးဖြင့် နှောင်ဖွဲ့ခြင်း၊ "တေန"ဟု ဆိုသော်လည်း သဏ္ဌတဌ် ဇုတ္တိလိန် "အဒ္ဒု။"ဟု ရှိသည်၊ ["အဒ္ဒု။စ + သာ + ဗန္ဓိနဋ္ဌ အဒ္ဒုဗန္ဓနံ – နှောင်ဖွဲ့ကြောင်း ထိပ်တုံး"ဟု ကမ္မ ဓာရည်းလည်း ဖြစ်သင့်၏၊] အာဒိဖြင့် ရဇ္ဇုဗန္ဓန (ကြိုး အနှောင်အဖွဲ့) သင်္ခလိကဗန္ဓန (သံခြေကျဉ်း အနှောင်အဖွဲ့) ဃရဗန္ဓန (အချုပ်ထောင် အနှောင်အဖွဲ့) စသည်ကိုယူပါ။

ဇာနိယာ။ ။ကိယာဒိ ဇာဓဲာတ်သည် ဆွေးမြေ့ ဆုံးရှုံးခြင်းအနက်ကိုဟောသကဲ့သို့ ဘူဝါဒိ ဟာဓာတ်လည်း ဆုတ်ယုတ်ခြင်းအနက်ကို ဟော၏၊ ထို့ကြောင့် "ဟာနိယာ" ဟု ပရိယာယ်ဖွင့်သည်၊ တိ ပစ္စည်းကို နိပြု၊ ဋီကာသစ်၌ "ဟာကို ဇာပြု"ဟု ဆိုလေ၏၊ ဇာဓဲာတ်လည်းရှိသောကြောင့် ထို ဋီကာစကားကို စဉ်းစားပါ၊ ဇိနာတိ ဇေတာယာတိ ဇာနိ, ဇဟာတိ ဇေတာယာတိ ဟာနိ–ဆုံးရှုံးကြောင်းဖြစ်သော ဒဏ်တပ်မှု။

ဂရဟာယ။ ။ ဂရဟတိ ဇေတာယာတိ ဂရဟာ – ကဲ့ရဲ့ ရွဲတ်ချကြောင်းဖြစ်သော (ကဲ့ရဲ့စရာကောင်းသော) အမှုအရာကို " ဂရဟာ " ဟု ယူပါ၊ ဥုးစွန်းဖုတ် ၅ ခုမျှကို ချန်၍ ခေါင်းတုံးရိတ်ခြင်း ဟူသော ပဗ္ဗသိခမုဏ္ဍကရဏ , ဥုးခေါင်းဌ် နွားချေးရေကို လောင်းခြင်းဟူသော ဂေါမယသိဉ္စန, " တောက် " ဟု ခေါ်အပ်သော ဒုတ်အတိုကို လည်ပင်းဌ် ဆွဲထားခြင်းဟူသော ကုဒဏ္ဍက ဗန္ဓနတို့ကို " ဂရဟာ " ဟု ခေါ်သည်၊ [၄ တောင်မပြည့်သော ဒုတ်အတိုကလေးကို " ကုဒဏ္ဍက " ဟု ခေါ်၏၊ ခုဒ္ဒကော+ ဒဏ္ဍကော ကုဒဏ္ဍကော။] အာဒိဖြင့် သင်ဓုန်းဖြင့် ခေါင်းတုံးရိတ်ပြီးနော် ပြာအထုပ်ဖြင့် ပုတ်ခတ်ခြင်း စသည်ကို ယူပါ။

ဋီကာသစ်။ ။ ယထာ ဟိ ခေတ္တေ ခိလံ (လယ်ဌ် သစ်ငုတ်သည်) ကသနာဒိနံ သုခပ္ပဝတ္တိံ (ထွန်ခြင်း စသည်တို့၏ ချမ်းသာစွာဖြစ်ခြင်းကိုငင်း) မူလသန္တာနေန သဿ ပရိဝုဒ္ဓိံ စ (ကောက်ပင်အမြစ်တို့၏ အဆက်အသွယ်အား ဖြင့် ကောက်ပင်တို့၏ ကြီးပွား ခြင်းကိုငင်း) ဝိဗန္ဓတိ၊ ဧဝံ ဒဿဝေါပိ (သူပုန်တို့သည်လည်း) ရဇ္ဇေ ရာဇာဏာယ သုခ

ဗန္ဓနံ–တောက်ကို ဖွဲ့ချည်ခြင်းငှင်း၊ ဇုတိ ဧဝမာဒိနိ– ဤသို့ အစရှိသည်တို့ကို၊ ကတွာ, ဂရဟပါပနေန – ကဲ့ရဲ့ဘွယ်သို့ ရောက်စေခြင်းအားဖြင့် သော်ငှင်း၊ ပဗ္ဗာဇနာယတိ–ကား၊ ရဋ္ဌတော–တိုင်းပြည်မှ၊ နိဟရဏေန - နှင်ထုတ်ခြင်းအားဖြင့်သော်ငှင်း။

သမ္ဟဟနိဿာမိတိ-ကား၊ သမ္မာ-ကောင်းသော၊ ဝါ-သင့်သော၊ ဟေတုနာ-အကြောင်းဖြင့်၊ နယေန – နည်းလမ်းကျသော၊ ကာရဏေန- အကြောင်းဖြင့်၊ ဥဟနိဿာမိ-ပယ်နှုတ်အံ့၊ ဟတာဝဿသကာတိ-ကား၊ မတာဝဿသကာ-သေပြီးသူတို့မှ ကြွင်းကျန်သူတို့သည်၊ (“ဘဝိဿန္တိ ”ဠ်စပ်၊) ဥဿာဟေန္တိတိ-

× × × × × × ×

ပ္ပဝတ္တိ (တိုင်းပြည်ဝယ်မင်းအာဏာ၏လွယ်ကူစွာဖြစ်ခြင်းကိုငှင်း) မူလဝိရုဠှိယာဇနပဒ ပရိဝုဋ္ဌိ စ (အခြေခံ၏စည်ပင်ခြင်းငှါဇနပုဒ်၏တိုးပွားခြင်းကိုငှင်း) ဝိဗန္ဓတိတိ၊ ယခုခေတ် သူပုန်များလည်း အုပ်ချုပ်သောမင်း၏ အာဏာကို လွယ်ကူစွာ မပြန့်နှံ့အောင်ငှင်း, တိုင်းပြည်၌ စီးပွားရေး ညှိုးဖျင်းအောင်ငှင်း ပြုကြသည်။

သမ္ဟဟနိဿာမိ။ ။သံ + ဥ + ဟနဓာတ်၊ သံ ဥပသာရသည် “သမ္မာ” အနက် ဟောတည်း၊ ထို “သမ္မာ” အရ “ အကောင်း ” ဟူသည် “ကောင်းသောအကြောင်းတည်း”ဟု သိစေလို၍ “ဟေတုနာ” ဟု အဘိဓေယျဖွင့်သည်၊ [ဋီကာသစ်၌ သမ္မာနှင့် ဟေတုနာကို “ ပရိယာယဝစန ” ဟု ဖွင့်၏၊ စဉ်းစားပါ။] ထို သမ္မာ + ဟေတုနာကို “နယေန+ကာရဏေန”ဟု ထပ်ဖွင့်သည်၊ “နည်းလမ်းကျသောအကြောင်း” ဟူသည် ဓမ္မသတ်ဥပဒေသနှင့် ညီသောအကြောင်းတည်း၊ သတ်ဘို့ရန်သင့်သော ဥပဒေ, ထောင်းထုဘို့ရန်သင့်သော ဥပဒေ, ချုပ်နှောင်ဘို့ရန်သင့်သော ဥပဒေရှိ၏၊ ဤသို့ စသည်ဖြင့် ဥပဒေနည်းလမ်းအတိုင်း ပယ်နှုတ်ခြင်းကို “ သမ္မာ+ဥဟန”ဟု ဆိုသည်။

ဥဟနိဿာမိ။ ။ဥ ဥပသာရသည် သက္ကတ၌ “ဥတ်” ဟု ရှိ၏၊ ပါဠိ၌ (တ) ဗျည်းပျောက်သောကြောင့် နောက်၌ ဒွေဘော်လာဘို့ရန် အက္ခရာရှိလျှင် ဒွေဘော်လာစေ၏၊ ဥဒ္ဓမ်ံ, ဥဿဟတော, ဥဿာဟော, စသည်တည်း၊ နောက်၌ ဒွေဘော်လာဘို့ရန် အက္ခရာမရှိလျှင် ဒီဃပြုရ၏၊ ထို့ကြောင့် “ဥ၊”ဟု ဒီဃပြုရသည်။ [နောက်၌ သရရှိလျှင်ကား “ ဥဒယော ” စသည်ဖြင့် ဒ အက္ခရာလာရ၏၊ ဘာ့ကြောင့်နည်း- ဥတ်မှ, (တ) ဗျည်းသည် သန္ဓိစပ်သောအခါ (ဒ) ဖြစ်သောကြောင့်တည်း။] ဥဟနိဿာဓိတိ ဥဒ္ဓရိဿာမိ အပနေဿာမိ–ပယ်ရှားအံ့၊–ဋီကာ။

ဟတာဝဿသကာ။ ။ရှေ့၌ ဝဓေနကို “မာရဏေန” ဟု ဖွင့်ခဲ့၏၊ ထို “မာရဏာ” အရ “ ဟတ - သတ်အပ်ပြီးသူ ” ဟု သဒ္ဒတ္ထဖြစ်၏၊ “သတ်အပ်ပြီးသူ” ဖြစ်လျှင် “ မတ – သေပြီးသူ ” ပင်တည်း၊ ထို့ကြောင့် “မတာဝဿသ”ကို အဓိပ္ပါယ်ဖွင့်ဟုမှတ်ပါ၊ ဟတေဟိ- သတ်အပ်ပြီးသူတို့မှ + အဝဿသကာ, ဟတာဝဿသကာ–တို့၊ မတေဟိ–သေပြီးသူတို့မှ+ အဝဿသကာ မတာဝဿသကာ။

ဥဿာဟေန္တိတိ။ ။ပါဠိတော်၌“ယေ ဘောတော ရညော ဇနပဒေ ဥဿာဟေန္တိ ကသိဂေါရက္ခေ ” ဟု အာဓာရ ၂ ချက် ဖွဲ့ရ၏၊ ထိုတွင် ဇနပဒေသည် သာမည အာဓာရ, ကသိဂေါရက္ခေကား ဝိသေသာဓာရတည်း၊ ထို ၂ ပုဒ်လုံးပင် “ဥဿာဟေ

-ကား၊ ဥဿာဟံ–အားထုတ်မှုကို၊ ကရောန္တိ-ပြုကုန်၏၊ အနုပ္ပဒေတူတိ-ကား၊ ဒိန္နေ - ပေးအပ်ပြီးသော မျိုးစေ့ , ထမင်းသည်၊ အပ္ပဟောန္တေ - မလောက်လသော်၊ ပုန-တဖန်(နောက်ထပ်)၊ အညမ္မိ-အခြားလည်းဖြစ်သော၊ ဗီဇဉ္စ-မျိုးစေ့ကိုလည်း၊ ဘတ္တဉ္စ- ထမင်းကိုလည်း၊ ကသိ ဥပကရဏဘဏ္ဍဉ္စ - လယ်လုပ်ခြင်း၏ အဆောက်အဦးဖြစ်သော ဘဏ္ဍာကိုလည်း၊ သမ္ဗံ–အလုံးစုံကို၊ ဒေတု- ပေးပါလော၊ ဣတိအတ္ထော- နက်။

ပါဘတံ အနုပ္ပဒေတူတိ-ကား၊ သက္ခိ -သက်သေကို၊ အကတ္ဝာ-မပြုမူ၍လည်း၊ ပဏ္ဏေ-စာလွှာ၌၊ အနာရောပေတ္ဝာ-မတင်မူ၍လည်း၊ မူလစ္ဆေဇ္ဇဝဿေန- အရင်းကို ဖြတ်ခြင်း၏အစွမ်းဖြင့်၊ (ပြန်၍ မတောင်းတော့ဘဲ၊) ဘဏ္ဍမူလံ-ဘဏ္ဍာ၏ အရင်းအနှီးကို၊ ဝါ- အရင်းအနှီးဖြစ်သော ဘဏ္ဍာကို၊ ဒေတု- ပေးပါလော၊

× × × × × × ×

နှိ''၌ စပ်ရ၏၊ ဥပုဗ္ဗ+သဟာဓာတ်, ဏ ပစ္စည်းဖြင့် ''ဥဿာဟော-အားထုတ်ခြင်း''ဟု ရှေးဥုးစွာ နာမ်ပုဒ်ဖြစ်စေပြီးမှ ကရောတိအနက်၌ မောဂ္ဂလ္လာန် ဓါဒိကဏ္ဍ, ၁၅ သုတ်ဖြင့် ''ဥဿာဟ်'' ဟူသော ဒုတိယန္တနောင် ဇ္ဈ ပစ္စည်းသက်, ပြေလျှင် ''ဥဿာဟေနှိ''ဟု ဖြစ်၏၊ ထို့ကြောင့် '' ဥဿာဟံ ကရောန္တိ '' ဟု ဖွင့်ခြင်းသည် နာမဓာတ်ကို ဖွင့်ခြင်းတည်းဟု မှတ်ပါ၊ ''ဥဿဟိ်သု''ဟု ရှိရာ၌လည်း ''ဥဿာဟယိ်သု''ဟု (ကို အာယပြုလျက်) ရှိသင့်သည်၊ [''ဥဿာဟကိုပြုခြင်း ''ဟူသည် ရှေးကပင် ထို ကသိဝေါရဏ်၌၌ အလေ့အလာရပြီး ဖြစ်သောကြောင့် ဗီဇဘတ္တကို ပေးရာအခါဝယ် ထို ကသိဝေါရဏ်၌ အမှု၌ ဥဿာဟကိုပြုကြခြင်း ဖြစ်သည်။] စာအုပ်တို့၌ '' ဥဿဟန္တိ ''ဟု တွေ့ရ၏၊ ထို အတိုင်းမှန်လျှင် ဥဿဟန္တိအတွက် ကံပုဒ်ရှိရလိမ့်မည်၊ ပါဠိတော်၌ ကံပုဒ်မရှိပါ။

အနုပ္ပဒေတူ။ ။အနုကို ''ပုန''ဟု ဖွင့်၏၊ ဋီကာ၌''အနုအနု–ထပ်၍ထပ်၍''ဟု ဖွင့်၏၊ '' နောက်ထပ်ပေးပါ'' ဟု ဆိုသဖြင့် '' ပဌမ ပေးအပ်ပြီးသော ဗီဇဘတ္တ၏ မလောက်လျှင်''ဟု အဓိပ္ပါယ်ကျရောက်သောကြောင့် အတ္ထာပန္နနည်းအားဖြင့် ''ဒိန္နေ အပ္ပဟောန္တေ''ဟု ထည့်၍ဖွင့်သည်၊ ''အညမ္မိ၊ပေ၊ သမ္ဗံ''ကား ပဒေတု၌ ပ အတွက် အဖွင့်တည်း၊ ဗီဇ,ဘတ္တ,ကသိဥပကရဏအားလုံးကို''ပ-အပြားအားဖြင့်''ဟု ဆိုသည်။

မှတ်ချက်။ ။ပါဠိတော်၌ ဗီဇနှင့် ဘတ္တ ၂ မျိုးသာလာသော်လည်း ကသိဝေါရဏ်၌ ၅ မျိုးတွင် ကသိနှင့်စပ်သော အရင်းအနှီးကိုလည်း ပေးသင့်၏၊ ထို့ကြောင့် ''ကသိဥပကရဏဘဏ္ဍဉ္စ'' ထည့်၍ ဖွင့်သည်၊ ထို့ကြောင့် ပါဠိတော်၌ ဗီဇဘတ္တကိုသာ ဆိုခြင်းကို နိဒဿနနည်းဟု မှတ်ပါ၊ [ကသိ ဥပကရဏဘဏ္ဍံ (လယ်လုပ်ခြင်း၏အကြောင်းဖြစ်သော ဘဏ္ဍာဟူသည်) ဖါလ (ထယ်သွား)ပါဇန (နွှင်တံ) ယုဂနင်္ဂလာဒိ၊ ဇူမိနာပါဠိယံ ဗီဇဘတ္တမေဝ နိဒဿနဝသေန ဝုတ္တန္တိ ဒဿေတိ၊–ဋီကာသစ်။]

သက္ခိ်၊ပေ၊မူလစ္ဆေဇ္ဇဝဿေန။ ။အရင်းအနှီးထုတ်ပေးရာ၌ ပြန်၍ ယူလိုသူတို့မှာ သက်သေလည်း ထားရ၏၊ စာချုပ်လည်း ချုပ်ရ၏၊ ဤနေရာ၌ကား ပြန်၍တောင်းယူမည် မဟုတ်သောကြောင့် ထိုအမှုကို မပြုရတော့၊ ထို့ကြောင့်''သက္ခိ်၊ပေ၊မူလစ္ဆေဇ္ဇဝဿေန''ဟု ဝိသေသနပြုသည်။

ဣတိအတ္ထော-နက်၊ ဟိ-မှန်၏၊ ဘဂ္ဂာမူလဿ-အရင်းအနှီးဖြစ်သော ဘဂ္ဂါ၏၊ ပါဘတန္တိနာမံ-ပါဘတံဟူသော အမည်သည်၊ (ဟောတိ-၏၊) ယထာဟ-အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ အပ္ပကေနာပိ မေဓာဝီ၊ပေ၊အဏုံ အဂ္ဂိံ ဝ သန္ဓမန္တိ-ဟူ၍၊ အာဟ-ဟောတော်မူပြီ။

ဂါထာနက်။ ။မေဓာဝိ – မီးမွေးမှုတွင် ကျွမ်းကျင်သောပညာ ရှိသည်၊ အဏုံ-အနည်းငယ်သော၊ အဂ္ဂိံ-မီးကို၊ သန္ဓမံ သန္ဓမန္တော - ကောင်းစွာမှုတ်လျက်၊ (မဟန္တံ-ကြီးစွာသော၊ အဂ္ဂိက္ခန္ဓံ-မီးအစုကို၊ သမုဋ္ဌာပေတိ ဇ္ဈဝ-ထင်ရှားစေသကဲ့သို့၊ ဝါ-ဖြစ်စေသကဲ့သို့၊ တထာ - ထို့အတူ၊) ဝိစက္ခဏော-ကူးသန်းရောင်းဝယ်မှုတွင် ကျွမ်းကျင်သော၊ မေဓာဝီ – ပညာရှိသည်၊ အပ္ပကေနပိ – အနည်းငယ်လည်းဖြစ်သော၊ ပါဘတေန- အရင်းအနှီးဖြင့်၊ အတ္တာနံ-မိမိကိုယ်ကို၊ သမုဋ္ဌာပေတိ–ဥစ္စာခြံရံ, အတန်တန်ဖြင့်, ဖန်ဖန်တီးစေ, တည်တံ့ခိုင်စေ၏။

ဘတ္တဝေတနန္တိ– ကား၊ ဒေဝသိကဘတ္တဗ္ဗော – နေ့တိုင်းနေ့တိုင်း ပေးအပ်သော နေ့စာထမင်းကိုဎင်း၊ မာသိကာဒိပရိဗ္ဗယဉ္စ-လတိုင်လတိုင်းပေးအပ်သော လစာရိက္ခာ အစရှိသော ရိက္ခာကိုဎင်း၊ တဿတဿ– ထိုထို ယောက်ျားအား၊

× × × × × × ×

ပါဘတံ။ ။ပါဘတသဒ္ဒါသည် လက်ဆောင်(တံစိုး)အနက်ကိုဎင်း, "မူလံတု ပါဘတံ ဘဝေ"ဟူသော(၄၇၁)အဘိဓာန်နှင့် အညီ အရင်းအနှီးဥစ္စာအနက်ကိုဎင်း ဟောခြင်း၊ ဤနေရာ၌ မူလအနက်ကို ယူစေလိုခြင်း "ဘဂ္ဂာမူလံ" ဟု ဖွင့်သည်၊ ပဌမမေဝ– အတိုးအပွားမရမီ ရှေးဥစ္စာသာလျှင် + အာဘတံ – ဆောင်ယူအပ်သော ဥစ္စာတည်း၊ ပါဘတံ–ရှေးဥစ္စာ ဆောင်ယူအပ်သော အရင်းအနှီးဥစ္စာ။

ဂါထာ။ ။ဤသာဓကဂါထာသည် ကေနိပါတ်, စူဠသေဋ္ဌိဇာတ်၌လာသော ဂါထာတည်း၊ ထိုအဋ္ဌကထာ၌ "ပါဘတေနာတိ ဘဂ္ဂာမူလေန(အရင်းအနှီးဖြစ်သော ဘဂ္ဂာဖြင့်)၊ ဝိစက္ခဏောတိ ဝေါဟာရကုသလော(ကူးသန်းရောင်းဝယ်မှု၌ကျွမ်းကျင်သော)၊ သမုဋ္ဌာပေတိ အတ္တာနန္တိ မဟန္တံ ဓနရာ္ဇ ယသရာ္ဇ ဥပ္ပါဒေတွာ တတ္ထ(ထို ဥစ္စာအခြံအရံ အကျော်အစော၌)အတ္တာနံ သဏ္ဌာပေတိ ၊ပေ၊ ယထာ ပဏ္ဍိတော ပုရိသော ပရိတ္တကံ အဂ္ဂိံ အနုက္ကမေန ဂေါမယစုဏ္ဏာဒီနိ ပက္ခိပိတွာ မုခဝါတေန ဓမန္တော သမုဋ္ဌာပေတိ ဝမ္မေတိ, မဟန္တံ အဂ္ဂိက္ခန္ဓံ ကရောတိ" စသည်ဖြင့် ဖွင့်သည်၊ ဤဝတ္ထုကို အကြောင်းပြု၍ "ကြက်သေတခု, အရင်းပြု, လေးလတွင်းဝယ်, နှစ်သိန်းကြွယ်"ဟု ပြောစမှတ်ပြုကြသည်။

ဘတ္တဝေတနံ။ ။ဘတ္တံကို "ဒေဝသိကဘတ္တဗ္ဗော"ဟုဎင်း, ဝေတနံကို "မာသိကာဒိ ပရိဗ္ဗယဉ္စ"ဟုဎင်း ဖွင့်၏၊ [ဂတိအနက်ဟော ဘဇဓာတ် တနှန်ပစ္စည်း, ဘဇကို ဝိပြု, ဤကို ဝေဒီပြု၍ "ဝေတနံ" ဟု ထောမနိဓိဆို၏၊ ဝိဓာတ်လည်း ကြိုကြ၏၊ ဘဇတိ ဂစ္ဆတိ-အလုပ်သမား၏လက်သို့ ရောက်တတ်၏၊ ဤတိ ဝေတနံ(နေ့ခ, လခတည်း၊)] လတိုင်းလတိုင်း တလအတွက် လစာကို "မာသိက ပရိဗ္ဗယ"ဟု ခေါ်၏၊ ဒိဝဋ္ဌေ

ကုလကမ္မသူရဘာဝါနုရူပေန - အမျိုးအားလျော်စွာ, အလုပ်အားလျော်စွာ, ရဲရင့်သူ၏ အဖြစ်အား လျော်စွာဖြင့်၊ ဌာနန္တရဂါမနိဂမာဒီဒါနေန – ရာထူး ဌာနန္တရ, ရွာ, နိဂုံး အစရှိသည်ကို ပေးခြင်းနှင့်၊ သဒ္ဒိ -တက္ခ၊ ဒေတု–ပေးပါ လော၊ ဣတိအတ္ထော – နက်၊ သကမ္မပသုတာတိ- ကား၊ ကသိဝါဏိဇ္ဇာဒီသု– လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစရှိကုန်သော၊ သကေသု - မိမိဥစ္စာဖြစ်ကုန် သော၊ ကမ္မေသု- အလုပ်တို့၌၊ ဥယျုတ္တော–အားထုတ်ကြကုန်သည်၊ ဗျာဝဋော– ကြောင့်ကြစိုက်ကြကုန်သည်၊(ဟုတ္တွာ-၍၊ “ နဝိဟေဋ္ဌေဿန္တိ – မညှဉ်းဆဲပါ ကုန်လတံ့ ”၌စပ်၊) [ပသုတာ-၌ သုဓာတ်၏ အားထုတ်ခြင်းအနက်ကို ပြလို၍ “ ဥယျုတ္တာ ဗျာဝဋာ ”ဟု ဖွင့်သည်။] ရာသိကောတိ-ကား၊ ဓနဉ္ဉာနံ–ဥစ္စာ စပါးတို့၏၊ ရာသိကော – အစုကိုပြုတတ်သည်၊ (“ ဘဝိဿတိ ”၌စပ်)၊.... ခေမဋ္ဌိတာ့တိ – ကား၊ ခေမေန – ဘေးတို့၏ ကုန်ရာ၏ အဖြစ်ဖြင့်၊ (ဘာဝ ပဓာန, ဘာဝလောပကြီ၊) ဋ္ဌိတာ–တည်ကုန်သည်၊ အဘယာ -- ဘေးမရှိကုန်

× × × × × × ×

ဒိဝသေကဲ့သို့ “ မာသေ မာသေ ” ဟူသော ဝိစ္ဆာအနက်၌ ကိုကပစ္စည်းသက်၊ ဋီကာ သစ်၌ “မာသေ မာသေ+ဒါတမ္ဗံ မာသိကံ”ဟု ပြု၏၊“အာဒိသဒ္ဒေန အနုပေါသထိကာ ဒိနိ (ဥပုသ်နေ့တိုင်း ပေးအပ်သောရိက္ခာအစရှိသည်တို့ကို) သင်္ဂဟာတိ”ဟု ဆို၏။

ကုလ ၊ပေ ၊ နုရူပေန ။ ။ဌာန်၏နောက်၌ရှိသော အနုရူပပုဒ်ကို ရှေ့ပုဒ်တိုင်း၌ ထည့်စေ၍ “ ကုလာနုရူပေန-ဇာတုသောကို အမျိုးစသော ထင်ရှားသော အမျိုးအား လျော်သဖြင့်၊ ကမ္မာနုရူပေန-အလုပ်အားလျော်သဖြင့်၊ သူရဘာဝါနုရူပေန-(စစ်တိုက်မှု စသည်ဝယ်) ရဲရင့်သူ၏အဖြစ်အား လျော်သဖြင့်” ဟု အနက်မှတ်ပါ။ [“ ကုလာနုရူပေန ” နောက်ဝယ် “ ကုသလာနုရူပေန- ထိုထိုကိစ္စ၌ ကျွမ်းကျင်သူ၏ အဖြစ်အားလျော် သဖြင့် ” ဟုလည်း ဋီကာသစ်၌ မူကွဲရှိ၏။] ထိုသို့ လျော်ခဲ့အောင်ပေးရာ၌ အချို့အား သေနာပတိ စသော ရာထူးပေးခြင်း, အချို့အား ရွာစားဆုစသည်ကို ပေးခြင်းတည်း။

မှတ်ချက် ။ ။ဤသို့ ကုလ စသည်အားလျော်စွာ ရာထူး စသည်ကို ပေးရသော ကြောင့် ပါဠိတော်၌“ဘတ္တဝေတနံ”ကို နိဒဿနနည်းအားဖြင့် ညွှန်ပြအပ်သောစကား ဟု မှတ်ပါ။ [ဤမိနာ ဘတ္တဝေတနံ နိဒ္ဒိဋ္ဌမတ္တန္တိ ဒဿေတိ၊–ဋီကာသစ်။]

ရာသိကော။ ။မိမိအလုပ်၌ အားထုတ်ကြသောကြောင့်၎င်း, သူပုန်စသော ဘေး မရှိသောကြောင့်၎င်း, အရှင်မင်း၏အတွက် ဓနဓညတို့၏ အစုအဝေးကို ပြုသူတွေများစွာ ဖြစ်ပါလိမ့်မည်၊ [“ သကကမ္မပသုတတ္တာ အနုပဒ္ဒဝတ္တာစ ဓနဓညာနံ ရာသိကော–] ရာသိကောကို “ရာသိကာရဘူတော–အစုကို ပြုတတ်သည်ဖြစ်၍ဖြစ်သည်”ဟု ဋီကာတို့ ဖွင့်ကြ၏၊ ထို့ကြောင့် “ရာသိ+ကရောတိတိ ရာသိကော (“ဇနပဒေါ”) ဟု ကြံပါ၊ “ရာသိကော–အစုသည်”ဟု ဆရာတို့ နိဿယဖွင့်ပေး၏။

ခေမဋ္ဌိတာ။ ။“ခေမေန+ဋ္ဌိတာ ခေမဋ္ဌိတာ”ဟု ပြုစေလို၍“ခေမေန ဋ္ဌိတာ” ဟု ဖွင့်သည်၊ ဇနပုဒ်တို့သည် ဘေးကင်းရာ၏အဖြစ်ဖြင့်+တည်ကြ၏၊“ဘေးရန် မရှိကြ” ဟူလို၊ ထို့ကြောင့် ခေမဋ္ဌိတာကို “ အဘယာ ” ဟု အဖြောင့် ဖွင့်သည်။ [ခေမေန

သည်၊ အကဏ္ဍကာတိ–ကား၊ စောရကဏ္ဍကရဟိတာ– ဒါးမြဲ သူပုန်ဟူသော ဆူးညောင့်ခလုတ်မှ ကင်းကုန်သည်၊ မုဒါ မောဒမာနာတိ – ကား၊ မောဒါ– တချို့လူတို့က ဝမ်းမြောက်ကုန်သည်၊ မောဒမာနာ – အခြားသူတို့က ပြန်၍ ဝမ်းမြောက်ကုန်သည်။ [အပြန်အလှန် ဝမ်းမြောက်ကြကုန်သည်၊- ဟူလို။] ဝါ–တနည်း၊ အယမေဝ – မောဒါ မောဒမာနာဟူသော ဤပါဠိသည်ပင်၊ ပါဠေါ-ပါဠိတော် ပါဠိရင်းတည်း၊ အညမညံ - အချင်းချင်း၊ ပမုဒိတစိတ္တာ– ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်၊ (ဟုတ္တာ, ဝိဟရိဿန္တိ - ၌စပ်၊) ဣတိ (အယံ)–ဤသည်ကား၊ အဓိပ္ပါယော–ပုရောဟိတ်၏ အလိုတည်း။

အပါရုတဃရာတိ- ကား၊ စောရာနံ - သူပုန်တို့၏၊ အဘာဝေန – မရှိခြင်းကြောင့်၊ ဒွါရာနိ - တံခါးတို့ကို၊ အသံဝရိတ္တာ- မပိတ်မူ၍၊ ဝိဝဋဒွါရာ-ဖွင့်အပ်သော တံခါးရှိကြကုန်သည်၊(ဟုတ္တာ–၍၊ ဝိဟရိဿန္တိ- ၌စပ်၊) ဣတိ အတ္ထော၊ ဧဘဒဝေါစာတိ–ကား၊ ဇနပဒဿ- ဇနပုဒ်၏၊ သမ္မာကာရေန-အလုံးစုံသော အခြင်းအရာအားဖြင့်၊ ဇာဒ္ဓဖိတဘာဝံ– ပြည့်စုံသည်၏ အဖြစ်, စည်ပင်သည်၏ အဖြစ်ကို၊ ဉတ္တာ–သိ၍၊ တေံ–ဤစကားကို၊ (ဣစ္ဆာမဟံ ဗြဟ္မဏ မဟာယညံ ယဇိတုံ-စသော စကားကို၊) အဝေါစ–ပြောဆိုပြီ။

× × × × × × ×

ဥတာတိ အနုပဒဝေန (ဘေးဥပါဒ် မရှိကုန်သည်၏ အဖြစ်ဖြင့်) ပဝတ္တာ (ဖြစ်ကြကုန်သည်)၊ တေနာဟ အဘယာတိ၊ ကုတောစိပိ ဘယရဟိတာတိ အတ္ထော (မည်သည့် အကြောင်းကြောင့်မှလည်း ဘေးမရှိကြ၊–ဟူလို၊) –ဋီကာသစ်။]

မုဒါ မောဒမာနာ။ ။လူတချို့က ဝမ်းမြောက်သည်ကို "မုဒါ" ဟု ဆို၍,ထိုသူတို့ကဲ့သို့ အခြားသူတို့ကလည်း ပြန်၍ ဝမ်းမြောက်သည်ကို "မောဒမာနာ" ဟု ဆိုသည်၊ ဆိုလိုရင်းမှာ – " အချင်းချင်း အပြန်အလှန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည် " ဟု ဆိုလို၏၊ ထို့ကြောင့် "အညမညံ ပမုဒိတစိတ္တာ" ဟု အဓိပ္ပါယ်ထွက် ဖွင့်သည်။ [မောဒန္တိတိ မုဒါ (မောဒါ)၊ မုဒါဠ် အပစ္စည်း၊ မောဒါဠ် ဏာပစ္စည်းဟု ကြံပါ။]

ဋီကာသစ်။ ။ဋီကာသစ်၌ "မောဒါယ မောဒမာနာ– ဝမ်းမြောက်ခြင်းဖြင့် ဝမ်းမြောက်ကြကုန်သည် " ဟု တနည်းဖွင့်သေး၏၊ မုဒခာတ်၏ ရောနှောခြင်း သံသန္ဒန အနက်ကို တားမြစ်လို၍ " မောဒါဟု ဝိသေသနပြုသည် "ဟု ဆိုလို၏၊ အကြံလွန်ဟန်တူသည်၊ ထို့ပြင်– အသံယောဂန္တရာတ် ဖြစ်သော်လည်း ဝုဋ္ဌိအပြုမှာ ဝဒန္တရုဂ်ါလ်၏ အလိုအတိုင်းသာ ဖြစ်သောကြောင့် "မုဒါ, မောဒါ" ဟု ပါဠိ ၂ မျိုးပြသည်၊–ဟု ဆို၏၊ မိမိကား "အပစ္စည်းနှင့် ဏာပစ္စည်းကဲ့သောကြောင့် ပါဠိ ၂ မျိုး ရှိရသည်" ဟု ထင်သည်။

အပါရုတဃရာ။ ။ပ+ အာ+ ဝရာတ်, တ ပစ္စည်း၊ ဝရကို သုတ်ကြိုးဖြင့် ရုပ်ပြ၊ ပါဝရိယန္တေတိ ပါရုတာနိ-ပိတ်အပ်သော အိမ်တို့၊ န+ပါရုတာနိ အပါရုတာနိ၊ အပါရုတာနိ + ဃရာနိ ယေသံ (ဇနပဒါနံ) တိ အပါရုတဃရာ၊ ["ဇနပဒါ အပါရုတဃရာ" ဟု ပါဠိတော်၌ရှိသည်။] "ဝိဝဋဒွါရာ" ကား အဓိပ္ပါယ်ထွက်။

ခတ္တိယာမနန္ဒသော
စတုပရိက္ခာရအဖွင့်

တေန ဟိ ဘဝံ ရာဇာတိ(ဇွေ–ဦး၊ ဂုဇ္ဇတ္ထိ-ကို၊)ကိရ(ဥဒ္ဓရိတ္ဝာ, ဒဿေမိ)(တနည်း)ကိရ(ယသ္မာ)-ကြောင့်၊ ဗြာဟ္မဏော– သည်၊ စိန္တေသိ–ပြီ၊ (ကိံ) အယံ ရာဇာ-ဤမင်းသည်၊ မဟာဒါနံ–ကြီးစွာသော အလှူကို၊ ဒါတုံ-ငှါ၊ အတိဝိယ–အလွန်သာလျှင်၊ ဥဿာဟဇာတော-ဖြစ်သော အားထုတ်ခြင်းရှိ၏၊ ပန-ထိုသို့ပင် အလှူကြီးပေးဘို့ရန် အလွန် အားထုတ်ပါသော်လည်း၊ အတ္တနော-မိမိ၏၊ အာနုယန္တေ-အစဉ်လိုက်ကုန်သော၊ ခတ္တိယာဒယော-ခတ္တိယအစရှိသူတို့ကို၊ အနာမန္တေတွာ – မသိစေမူ၍၊ (အသိမပေးဘဲ၊) သစေ ဒဿတိ–အာကယ်၍ ပေးလှူအံ့၊(ဝံသတိ)၊ အဿ–ထို မင်း၏ အလှူ၌၊ တေ-ထိုခတ္တိယအစရှိသူတို့သည်၊ အတ္တမနာ–မိမိစိတ်ရှိကုန်သည်၊ ဝါ–နှစ်သက် ဝမ်းမြောက်ကုန်သည်၊ နဘဝိဿန္တိ-မဖြစ်ကုန်လတ္တံ့၊ ယထာ-အကြင် အခြင်းအရာအားဖြင့် ပြုလသော်၊ ဒါနေ–အလှူ၌၊ တေ–ထိုခတ္တိယ အစရှိသူတို့သည်၊ အတ္တမနာ–ကုန်သည်၊ ဟောန္တိ–ကုန်၏၊ တထာ–ထို အခြင်းအရာအားဖြင့်၊ ကရိဿာမိ-အံ့၊ ဣတိ (စိန္တေသိ)၊ တသ္မာ–ထိုသို့ အကြံဖြစ်သည်၏ အဖြစ်ကြောင့်၊ တေန ဟိ ဘဝန္တံ အာဒိ-အစရှိသော စကားကို၊ အာဟ- သံဃော်ဥုံးတင်ပြီ။

တတ္ထ – ထို တေန ဟိ ဘဝံ အစရှိသော စကားရပ်၌၊ နေဂမာတိ–ကား၊ နိဂမဝါသိနော-နိဂုံးဌ နေကုန်သော၊ ဇာနပဒါတိ-ကား၊ ဇနပဒဝါသိနော-ဇနပုဒ်ဌ နေကုန်သော၊(ယေ ခတ္တိယာ–စသည်၌စပ်၊) အာမန္တယတန္တိ- ကား၊ အာမန္တေတု – သိစေပါလော၊ ဇာနာပေတု– သိစေပါလော၊ (အသိပေးပါလော၊) ယံ မမ အဿာတိ – ကား၊ တုမှာကံ - သင်တို့၏၊ ယံ အနုဇာနနံ–ယင်း ခွင့်ပြုခြင်းသည်၊ မမ – ငါ၏၊ ဒိယရတ္တံ – ရှည်စွာသော ညဉ့်ပတ်လုံး၊

× × × × × × ×

အာနုယန္တာ ။ ။ တသ္မိံ တသ္မိံ ကိစ္စေ အနုယန္တိ အနုဝတ္တန္တိ (အစဉ်လိုက်ကြကုန်၏၊)ဣတိ အနုယန္တာ၊ အနုယန္တာဝေ (သွတ္ထဉ် ဏာပစ္စည်းသက်၍) အာနုယန္တာ၊ ဥပမာ–အနုဘာဝေါပုဒ်ဌ ဏာပစ္စည်းသက်၍ အာနုဘာဝေါ ဖြစ်သကဲ့သို့တည်း၊ ဤသို့ ဋီကာဆရာတို့ လက်ထက်၌ “ အာနုယန္တာ ” ဟု ဝုဒ္ဓိရှိသော်လည်း တချို့ ရှေးရိုက်စာအုပ်များ၌ ဝုဒ္ဓိမပါဘဲ“အနုယန္တာ”ဟုသာရှိသည်။ [“အာနုယုတ္တာ”ဟု ပါဠိတမျိုးရှိသေး၏၊“တသ္မိံ တသ္မိံ ကိစ္စေ အနုယုဉ္ဇန္တိ - အားထုတ်ကြကုန်၏၊ ဣတိ အနုယုတ္တာ၊ အနုယုတ္တာ ယေဝ အာနုယုတ္တာ”ဟု ဖြေပါ။]

အာမန္တယတံ ။ ။ အာပုဗ္ဗ မန္တ ဓာတ်သည် အချို့နေရာ၌ ခေါ်ခြင်း အနက်ကို ဟော၏၊ အချို့နေရာ၌ သိစေခြင်း (အသိပေးခြင်း) အနက်ကို ဟော၏၊ ဤနေရာ၌ သိစေခြင်း အနက်ဟောတည်းဟုဆင်း, တံသည် ပဒ္ဓမီ တံဝိဘတ်တည်းဟုဆင်း သိစေလို၍ “အာမန္တေတု ဇာနာပေတု”ဟု ဖွင့်သည်။

ဟိတာယ–စီးပွားအလို့ငှါ၊ သုခါယ– ချမ်းသာခြင်းငှါ၊ ဘဝေယျ– ဖြစ်ရာ၏၊ အမစ္စာတိ – ကား၊ ဝိယသဟာယကာ - ချစ်အပ်သော သဟာယ်ချင်းတို့သည်၊ (သန္တိ-၌စပ်၊) ပါရိသဇ္ဇာတိ- ကား၊ သေသာ–ခတ္တိယ အမစ္စတို့မှ ကြွင်းကုန်သော၊ အာဏာတ္တိကာရကာ-စေခိုင်းခြင်းကို ပြုလုပ်တတ်သူတို့သည်၊ (ဟောန္တိ-၌စပ်၊) ယဇတံ ဘဝံ ရာဇာတိ- ကား၊ ဘဝံ- အရှင် မင်းမြတ်သည်၊ ယဇတု– ပူဇော်ပါလော၊ ကိရ - ခဲ့၊ တေ –ထို ခတ္တိယ အစရှိသူတို့သည်၊ အယံ ရာဇာ– ဤမင်းသည်၊ အဟံ-ငါသည်၊ ဣဿရော- အစိုးရသူတည်း၊ ဇာတိ-ဤသို့ကြံ၍၊ ပသယ္ဟ– လွှမ်းမိုး၍၊ [အသိမပေးလျှင် လွှမ်းမိုးရာ ရောက်သည်။] ဒါနံ-ကို၊ အဒတ္တွာ–မပေးမူ၍၊ အမ္ဟေ–ငါတို့ကို၊ အာမန္တေသိ–သိစေပြီ၊(အသိပေးပြီ၊) အဟော - အံ့သြဘွယ်ပါတကား၊ အနေန - ဤမင်းသည်၊ သုဒ္ဓ - ကောင်းစွာ၊ ကတံ-ပြုအပ်ပါပေပြီ၊ ဇာတိ-သို့၊ အတ္တာမနာ,(ဟုတ္တွာ)၊ ဧဝံ-သို့၊(ဤသို့ ယဇတံ ဘဝံရာဇာဟူ၍၊)အာဟံသု–သံတော်ဥဉ်း တင်ကြကုန်ပြီ၊ ပန– ဗျတိရိတ်ကား၊ အဿ–ထိုမင်း၏၊(ယညဌာနံ၌စပ်၊)အနာမန္တိတေ-မသိစေအပ်သော်၊(အသိမပေးအပ်သော်၊)ယညဌာနံ–ယဇ်ပူဇော်ရာ အရပ်ကို၊ ဒဿနာယပိ–ကြည့်ရှုခြင်းငှါသော်မှလည်း၊ နအာဂစ္ဆယျုံ–မလာကုန်ရာ။

ယညကာလော မဟာရာဇာတိ – ဟူသောစကားကို၊ (ဝဒန္တိ၌စပ်၊) ဟိ (ယသ္မာ) - ကြောင့်၊ ဒေယျဓမ္မသ္မိံ - ပေးလှူထိုက်သောသဘော ရှိသော ပစ္စည်းဝတ္ထုသည်၊ အသတိ-မရှိသော်၎င်း၊ မဟလ္လကကာလေစ-ကြီးရင့်သူ၏ အခါ၌သော်၎င်း၊ (ကြီးရင့်ရာ အခါ၌သော်၎င်း၊) ဝေရူပံ – ဤသို့ သဘောရှိသော၊

× × × × × × ×

အမစ္စာ။ ။သတ္တတ္ထ အမာတျသည် ပါဠိ၌“အမစ္စ”ဟု ဖြစ်၏၊“အမာ-မင်းနှင့် အတူ+ဝသတိ-နေတတ်၏၊ ဤတို့ အမာတျော”ဟု ထောမနာမိန့် ဝိဂ္ဂဟပြု၏၊ ဝသတိ အနက်၌ တျပစ္စည်း၊ တျကို စပြု, ဒွေဘော်လာလျှင် “အမစ္စ”ဟု ဖြစ်၏၊ “မင်းနှင့် အတူနေ”ဟူသည် ထိုထို ကိစ္စ၌ အတူတကွ ဖြစ်ကြသူများတည်း၊ ထို့ကြောင့် “ပိယသဟာယကာ”ဟု ဖွင့်သည်၊ တသ္မိံ တသ္မိံ ကိစ္စေ သဟ အယန္တိ ပဝတ္တန္တိတိ သဟာယကာ။

ပါရိသဇ္ဇာ။ ။ပရိသာနောင် ဘဝအနက်၌ ကျသက်၍ (ဒ) လာလျှင်“ပရိသဒျ”ဟု ဖြစ်၏၊ ဒျကို ဇပြု, ဒွေဘော်လာ၍“ပါရိသဇ္ဇ”ဖြစ်သည်ဟု ကြံကြ၏၊ ပရိသတိ-ပရိသတ်၌+ဘဝါ- ဖြစ်သူတို့တည်း၊ ပါရိသဇ္ဇာ - တို့၊ ပြအပ်ခဲ့သော ခတ္တိယ အမစ္စတို့မှ တပါးသော စေခိုင်းသမျှကိုပြုရသော အခြားလူများကို “ပါရိသဇ္ဇ”ဟု ဆိုသည်။ [သတ္တတ္ထ၌“ပရိတော-ပတ်ဝန်းကျင်၌+သီဒတိ ဂစ္ဆတိ-သွားတတ်၏၊ဝါ-ဖြစ်တတ်၏၊ ဤတို့ ပရိသဒေါ”ဟု ပြု၍ နောက်လိုက် ငယ်သားဟူသော အနက်ကို ပြု၏၊“ပရိသဒေ+ဘဝါ”ဟုပြုလျှင်“ပါရိသဇ္ဇာ”ဟု ဖြစ်၍ နောက်လိုက်ငယ်သား၌ ပါဝင်သော စေခိုင်းမှုကို ပြုရသော အာဏာတ္တိကာရကများကို ရသောကြောင့် သာ၍ ရှင်းသည်။]

(ဤမျှလောက်ကြီးကျယ်သော၊)ဒါနံ-ကို၊ ဒါတုံ-ဌါ၊ နဿက္ကာ-မတတ်ကောင်း၊ တွံပန-အရှင်မင်းမြတ်သည်ကား၊ မဟာဓနောစဝ-များစွာသော ဥစ္စာရှိသည်ရှင်း၊ တရုဏောစ-နုပျိုသည်ရှင်း၊ (အသိ-ဖြစ်ပါ၏၊) ဇေတန-ဤအကြောင်း ၂ပါးကြောင့်၊ တေ-အရှင်မင်းမြတ်၏၊ ယညကာလေ-ယဇ်၏အခါပါတည်း၊ (ယဇ်ပူဇော်ချိန်ပါတည်း၊)ဣတိ-ဤသို့သော အနက်အဓိပ္ပါယ်ကို၊ ဒဿန္တော-ပြကြကုန်လျက်၊ ဝဒန္တိ- သံတော်ဥုံးတင်ကြကုန်၏၊ အနုမတိပက္ခာတိ-ကား၊ အနုမတိယာ-ခွင့်ပြုခြင်းအား-ဖြင့်၊ပက္ခာ-မိမိဘက်သား-တို့သည်၊ အနုမတိဒါယကာ-ခွင့်ပြုခြင်းကို ပေးကြကုန်သည်၊ (ဟုတွာထည့်၍ ဘဝန္တိဋ္ဌစဉ်၊) ဣတိ အတ္ထော-နက်။

ပရိက္ခာရာ ဘဝန္တိတိ-ကား၊ ပရိဝါရာ-အခြံအရံတို့သည်၊ ဘဝန္တိ၊ ပန-ဆက်၊ ရထေ၊ပေ၊စက္ကဝိရိယောတိ ထွေ-ဟူသော ဤပါဋ်၌၊ အလင်္ကာရော-တန်ဆာကို၊ ပရိက္ခာရောတိ-ပရိက္ခာရဟူ၍၊ ဝုတ္တော-ဟောတော်မူအပ်ပြီ။ [ရထော-မင်္ဂဝင်ရထားသည်၊ သေတပရိက္ခာရော-စတုပါရိသုဒ္ဓိ သီလဟူသော ဖြူစင်သောတန်ဆာ ရှိ၏၊ ဈာနက္ခော-စျာန်ဟူသော ဝင်ရိုးရှိ၏၊ စက္ကဝိရိယော-ဝိရိယတည်းဟူသော စက်ဘီးရှိ၏။]

× × × × × × ×

အနုမတိပက္ခာ။ ။အနုမတိသဒ္ဒါသည် အနုဇာနန (အနုံညာ) အနက်ကိုဟော၏၊ ပက္ခာကို "သပက္ခာ" ဟု ဖွင့်၏၊ "ပက္ခ"အရ သူ့ဘက်သား + ကိုယ့်ဘက်သား ၂ မျိုး လုံးနှင့် ဆိုင်သော်လည်း ဤနေရာ၌ "ကိုယ့်ဘက်သား"ကို ယူပါ-ဟူလို၊ အနုမတိယာ-ယဇ်ပူဇော်ဘို့ရန် ခွင့်ပြုခြင်းအား-ဖြင့် + ပက္ခာ - ကိုယ့်ဘက်သား-တို့တည်း၊ အနုမတိပက္ခာ-တို့၊ ဆိုလိုရင်းမှာ-"ယဇ်ပူဇော်ဘို့ရန် အခွင့်ပေးကြသူများဖြစ်ကြသည်"ဟူလို။

ပရိက္ခာရာ။ ။ ယည်ံ ပရိကရောန္တိတိ ပရိက္ခာရာ၊ ပါဠိတော်၌ ပြအပ်ပြီးသော ခတ္တိယ, အမစ္စ ပါရိသဇ္ဇ, ဗြာဟ္မဏမဟာသာလ, ဂဟပတိနေစယိက ၄ မျိုးတို့သည် ယဇ်ကို ထက်ဝန်းကျင်ပြုပြင်တတ်ကြ (အားပေးတတ်ကြ) ကုန်၏၊ထို့ကြောင့် ပရိက္ခာရာကို "သမ္ဘာရာ - ယဇ်၏ အဆောက်အဦး" ဟု ဋီကာတို့ဖွင့်ကြ၏၊ ထို သမ္ဘာရကိုပင် ယဇ်၏အခြံအရံကဲ့သို့ ဖြစ်ရကား "ပရိဝါရာ" ဟု အဋ္ဌကထာ၌ အဓိပ္ပါယ်ထွင့်သည်။

ရထော၊ပေ၊စက္ခ။ ။ ဤပါဋ်ဒီကား မဟာဝဂ္ဂသံယုတ်, အဝိဇ္ဇာဝဂ်, ဇာဏုဿောဏိ ပြာဟ္မဏသုတ်ပါဋ်ဒီတော်တည်း၊ ပရိက္ခာရသဒ္ဒါသည် အလင်္ကာရအနက်ကိုလည်း ဟော၏၊ ထိုအနက်ကိုကား ဤ၌ မလိုအပ်ဟု ပြလို၍ ဤပါဋ်ဒီတော်ကို ထုတ်ပြသတတ်၊ "ရထောတိ ပြာဟ္မဏော်ဘိရန် အင်္ဂဇိကမဂ္ဂရထော၊ သေတပရိက္ခာရောတိ စတုပါရိသုဒ္ဓိ သီလာလင်္ကာရော၊ ဈာနက္ခောတိ ဝိပဿနာ သမထယုတ္တာနံ ပဗ္ဗန္ဒံ ဈာနဂ်ါနံ ဝသေန ဈာနမယအက္ခော၊ စက္ကဝိရိယောတိ ဝိရိယစက္ကော" စသည်ဖြင့် ဋီကာသစ်၌ ပြထားသည်၊ ဤသို့ ဋီကာသစ်သာဖွင့်၍ ဋီကာဟောင်း၌ မဖွင့်သောကြောင့် ဤပါဋ်ဒီသည် နောက်ဆရာတို့ အဓိပ္ပါယ်ပြောရာမှ အပိုဝင်လာသောပါဋ်ဒီ ဖြစ်ဟန်တူသည်။

ဒီဇိတမင်း၏ ဂုဏ်အင်္ဂါဟူသော
အဋ္ဌပရိက္ခာရအဖွင့်

အဋ္ဌဟင်္ဂေါတိ-ကား၊ ဉာဘတော သုဇာတတာဒီဟိ-ဉာဘတော သုဇာတ၏ အဖြစ် အစရှိကုန်သော၊ **အဋ္ဌဟိ - နှ်သော၊ အင်္ဂေဟိ - အင်္ဂါတို့နှင့်၊** (သမန္နာဂတော ၌စပ်)၊ **ယသသာတိ-ကား၊** အာဏာထပန သမတ္တတာယ-အာဏာကို ထားခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ဟူသော အာနုဘော်ဖြင့်၊ (“သဟတိမညေ-လွန်းမိုးသကဲ့သို့ ဖြစ်၏” ၌စပ်)။

သဒ္ဓေါတိ-ကား၊ ဒါနသဒ္ဓါ-၏၊ ဖလံ-အကျိုးသည်၊ အတ္ထိ-၏၊ ဣတိ- ဤသို့၊ သဒ္ဒဟတိ-ယုံကြည်၏၊ ဒါယကောတိ-ကား၊ ဒါနသူရော-ပေးလှူခြင်း၌ ရဲရင့်၏၊ သဒ္ဓါမတ္တကေနေဝ-ယုံကြည်ခြင်းမျှဖြင့်သာ၊ နတ္ထိဒ္ဓတိ-မတန့်ရပ်၊ ပရိစ္စဇိတုမ်ဒို-စွန့်လွှတ်ခြင်းငှါလည်း၊ သင်္ကောတိ- စွမ်းနိုင်၏၊ ဣတိအတ္ထော- နက်၊ ဒါနပတိတိ-ကား၊ ယံ ဒါနံ-အကြင် ပေးလှူထိုက်သောပစ္စည်းဝတ္ထုကို၊ ဒေတိ-ပေးလှူ၏၊ တဿ – ထို ပေးလှူထိုက်သောပစ္စည်းဝတ္ထု၏၊ ပတိ - အရှင်သည်၊ ဟုတ္ဝာ, ဒေတိ၊ ဒါသော - ကျွန်သည်၊ (ဟုတ္ဝာ၊) နှ (ဒေတိ) - ပေးလှူသည်မဟုတ်၊

× × × × × × ×

ယသသာ ။ ။ ယသု ဓာတ်သည် ပယတန – လွန်စွာ အားထုတ်ခြင်းအနက်ကို ဟော၏၊ အရာအားလျော်စွာ အခြံအရံကိုဂုဏ်း အကျော်အစောကိုဂုဏ်း ဟော၏၊ ဤနေရာ၌ကား ရန်သူတို့ကို လွှမ်းမိုးကြောင်းဖြစ်သော တန်ခိုးအာနုဘော်ကို ဟော၏၊ ထို့ကြောင့်“အာဏာထပန သမတ္တတာယ”ဟု ဖွင့်သည်၊ “အာဏာထားခြင်း၌ စွမ်းနိုင်သူ၏ ဖြစ်ကြောင်းဖြစ်ရာ” ဟူသည် တန်ခိုးအာနုဘော်တည်း။ [ယသသာတိ ပဒ္မဝိဓေန (တေဇ, ဉဿာဟ, မန္တာ, ပဘူ, သတ္တိအားဖြင့် ၅ မျိုးအပြားရှိသော) အာနုဘာဝေန၊ တေနာဟ–အာဏာထပန သမတ္တတာယာတိ၊–ဋီကာသစ်။]

သဒ္ဓေါ, ဒါနသူရော။ ။“သဒ္ဓါ ယဿ အတ္ထိတိ သဒ္ဓေါ”ဟု ပြု၊ ထို သဒ္ဓါရှိသူဟူသည်“ဒါတာ ဒါနဖလံ ပစ္စနုဘောတိ-အလှူရှင်သည် အလှူ၏အကျိုးကို စံစားရ၏” ဟု ယုံကြည်သူတည်း၊ အချို့ပုဂ္ဂိုလ်သည် ဒါန၏အကျိုးကို သိ၏၊ သို့သော် စွန့်ကြဲရာ၌ ကား ရဲရဲဝံ့ဝံ့မရှိ၊ ထိုပုဂ္ဂိုလ်မျိုးကို ဒါနသူရ ဟု မခေါ်ရ၊ ဒါန၏ အကျိုးကိုလည်း သိ, သိသည့်အလျောက် ရဲရဲဝံ့ဝံ့ စွန့်ကြဲ စွမ်းနိုင်သူကိုသာ ဒါနသူရဟု ခေါ်ရသည်။

တဿ ပတိ ဟုတ္ဝာ ။ ။ မိမိပေးလှူရမည့် ဒါနဝတ္ထုကို အာရုံပြုကာ လောဘဖြစ်၍ နေတတ်၏၊ ထို လောဘကို ကောင်းစွာလွှမ်းမိုး၍ ပေးသူသည် ဒါနပတိတည်း၊ လောဘကို လွှမ်းမိုးနိုင်သော ဒါနစေတနာသည် အရှင်သခင် အစစ်တည်း၊ စေတနာ၏ ဒါနပတိအမည်တို့ အလှူရှင်၌တင်စား၍ ကာရကဟုပစာရအားဖြင့် အလှူရှင်ကို “ဒါနပတိ” ဟု ဆိုသည်၊ [ကာရကောပစာရဝစနမေတံ၊ ပရမတ္ထတော (ဧနာက် ဒါသ, သဟာယတို့၌လည်း၊)သေဝနယော၊—ဋီကာသစ်။]

သဟာယော - သဟာယ်ချင်းသည်၊ (ဟုတ္တာ၊) နှ (ဒေတိ)၊ ဟိ - ခဲ့၊ ယော – အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနာ-မိမိသည်၊ ဝါ-ကိုယ်တိုင်၊ မဓုရံ-ချိုမြိန် ကောင်းမြတ်သော အာဟာရကို၊ ဘုဥ္ဇတိ-စား၏၊ ပရေသံ- သူတပါးတို့အား၊ အမဓုရံ-မချိုမြိန် မကောင်းမြတ်သောအာဟာရကို၊ ဒေတိ-ပေးလှူ၏၊ သော-ထိုပုဂ္ဂိုလ်သည်၊ ဒါနသခ်ါတသ-ဟု ဆိုအပ်သော၊ ဒေယျဓမ္မသ – ပေးလှူထိုက်သောသဘောရှိသော ပစ္စည်းဝတ္ထု၏၊ ဒါသော, ဟုတ္တာ ဒေတိ၊ [တဏှာ ဒါသဗျသုပဂတတ္တာ-တဏှာ၏ကျွန်အဖြစ်သို့ ကပ်ရောက်သည်၏အဖြစ်ကြောင့်တည်း၊-ဋီကာ။]

ယော-အကြင်ပုဂ္ဂိုလ်သည်၊ ယံ-အကြင်အာဟာရကို၊ အတ္တနာ-ကိုယ်တိုင်၊ ဘုဥ္ဇတိ-စား၏၊ တဒေဝ–ထို အာဟာရကိုပင်၊ ဒေတိ၊ သော-သည်၊ (ဒါနသခ်ါတသ, ဒေယျဓမ္မသ၊)သဟာယော-သည်၊ ဟုတ္တာ, ဒေတိ၊ [တသ ပိယဘာဝါနိသင်္ဆနတော-ထိုအလှူဝတ္ထု၏ နှစ်သက်အပ်သည်၏အဖြစ်ကို မစွန့်ခြင်းကြောင့်တည်း၊ “ ဒါနဝတ္ထုက နှစ်သက်စရာ သဟာယနှင့် တူသောကြောင့် ” ဟူလို။] ပန-ကား၊ ယော-အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနာ - ကိုယ်တိုင်၊ ယေနကေနစိ–အမှတ်မထား တပါးပါးသော အာဟာရဖြင့်၊ ယာပေတိ - မျှတ၏၊ ပရေသံ-တို့အား၊ မဓုရံ-ချိုမြိန် ကောင်းမြတ်သောအာဟာရကို၊ ဒေတိ၊ သော-ထိုပုဂ္ဂိုလ်သည်၊ (ဒါနသခ်ါတသ, ဒေယျဓမ္မသ - ၏၊) ပတိ - အရှင်သည်၊ ဇေဋ္ဌကော-အကြီးအကဲသည်၊ သာမိ-အစိုးရသည်၊ ဟုတ္တာ, ဒေတိ၊ [တတ္ထ (ထို ဒါန၌) တဏှာယ ဒါသဗျတော အတ္တာနံ ပရိမောစေတ္တာ အဘိဘုယျ ပဝတ္တနတော၊-ဋီကာသစ်။] အယံ - ၌ မဟာဝိဇိတမင်းသည်၊ တာဒိသော- ထိုကဲ့သို့ ရှိအပ်သူသည်၊ [ပတိ, ဇေဋ္ဌက, သာမိပုဂ္ဂိုလ်သည်၊ ဟောတိ-၏။]ဤတိအတ္ထော။

သမဏာ၊ပေ၊ယာစကာနံတိတ္ထေ- ဟူသော၌ပါဠိ၌၊ သမိတပါပါ–ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်တို့သည်၊ သမဏာ-သမဏတို့မည်၏၊ ဗာဟိတပါပါ–မျောအပ်ပြီးသော မကောင်းမှုရှိသော ရဟန္တာပုဂ္ဂိုလ်တို့သည်၊ ဗြာဟ္မဏာ – တို့မည်၏၊ ဒုဋ္ဌတာ - ဆင်းရဲစွာ အသက်မွေးရခြင်းသို့ရောက်ကုန်သော၊ ဒလိဒ္ဒမနုဿာ – ဆင်းရဲသော လူတို့သည်၊ ကပဏာတိ –

× × × × × × ×

သမဏ ဗြာဟ္မဏ။ ။သမိတပါပကို သမဏဟုဆိုခြင်း, ဗာဟိတပါပကို ဗြာဟ္မဏဟုဆိုခြင်း ဖွင့်ခြင်းသည် ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် ဖွင့်ခြင်းတည်း – ဟု ဋီကာတို့ဆိုကြသည်၊ သို့သော် သာသနာပဖြစ်သော မဟာဝိဇိတမင်း၏ အလှူခံပုဂ္ဂိုလ်တို့၌ ရဟန္တာသမဏဗြာဟ္မဏများ မရနိုင်သောကြောင့် ထိုအဖွင့်ကို ရိုးရာအတိုင်း ဖွင့်ခြင်းဟုသာ မှတ်ပါ။

ကပဏ။ ။သတ္တတဉ္ဉ ကရီပဏသည် ပါဠိ၌“ကပဏ”ဟု ဖြစ်၏၊ ကပဓာတ်သည် သနားခြင်းအနက်၌ဖြစ်၏၊ ကပိယတေ–သနားအပ်၏၊ ဤတိ ကပဏော၊ (သနားစရာကောင်းသူ)၊ ထို့ကြောင့် “ဒုဋ္ဌတာ ဒလိဒ္ဒမနုဿာ”ဟု သရုပ်ဖေါ်သည်။ [ဒုဋ္ဌတာကို

ကပဏာတို့ မည်၏၊ ပထာဝိနော- ခရိုးသွား ည့ံသည်တို့သည်၊ အဒ္ဓိကာတို့-တို့ မည်၏၊ ယေ - အကြင်ပုဂ္ဂိုလ်တို့သည်၊ ("ထောမယမာနာ ဝိစရန္တိ" ၌စပ်၊) "ဣဒ္ဓံ-အလိုရှိအပ် ကောင်းမြတ်သော ပစ္စည်းဝတ္ထုကို၊ ဒိန္နံ - ပေးအပ်ပါပေပြီ၊ ကန္တံ -နှစ်သက်ဘွယ် ပစ္စည်းဝတ္ထုကို၊ (ဒိန္နံ)၊ မနာပံ- စိတ်ဖြင့်ရောက်အပ်သော ပစ္စည်းဝတ္ထုကို၊ (မြတ်နိုးဘွယ် ပစ္စည်းဝတ္ထုကို၊) (ဒိန္နံ)၊ ကာလေန- သင့်လျော်လျောက်ပတ်သောအခါ၌၊ (ဒိန္နံ)၊ အနဝဇ္ဇံ - အပြစ်မရှိသော ပစ္စည်းဝတ္ထုကို၊ ဒိန္နံ-ပေးအပ်ပါပေပြီ၊ ဒဒံ–ပေးလှူစဉ်၊ စိတ္တံ-စိတ်ကို၊ ပသာဒေယျ–ကြည်လင်စေရာပါ၏၊ ဘဝံ-အရှင်သည်၊ ပြိဟ္မလောကံ-မြဟ္မာ့ပြည်သို့၊ ဂစ္ဆတု-ရောက်ပါစေသတည်း၊ ဣတိ အာဒိနာ-၌သို့ အစရှိသော၊ နယေန–နည်းဖြင့်၊ ဒါနဿ–အလှူ၏၊ ဝဏ္ဏံ– ဂုဏ်ကို၊ ထောမယမာနာ- ချီးမွမ်းကုန်လျက်၊ ဝိစရန္တိ- လှည့်လည်ကုန်၏၊ (တေ-ထိုပုဂ္ဂိုလ်တို့သည်၊) ဝနိဗ္ဗကာတိ–တို့ မည်၏။

ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ပသတမတ္တံ – တလက်ဖက်မျှလောက်သော ကောက်စပါးကို၊ ဒေထ-ပေးပါကုန်၊ သရာဝမတ္တံ - ရေသောက်ခွက် တခွက်မျှလောက်သော ယာဂုထမင်းစသည်ကို၊ ဒေထ - ပေးပါကုန်၊ ဣတိ အာဒီနိ-၌သို့အစရှိကုန်သောစကားတို့ကို၊ ဝတ္ဝာ-ပြောဆို၍၊ [ဝနိဗ္ဗကတို့ကဲ့သို့ ဂုဏ်ကို မချီးမွမ်းဘဲ ပြောဆို၍၊] ယာစမာနာ- တောင်းကြကုန်လျက်၊ ဝိစရန္တိ၊ (တေ)-ထိုပုဂ္ဂိုလ်တို့သည်၊ ယာစုကာတိ-တို့မည်၏၊ သြပါနဘူတောတိ-ကား၊ ဥဒပါန

× × × × × × ×

" ဒုက္ကြံရံ ဇီဝိတံ (ခဲယဉ်းစွာ အသက်မွေးရခြင်းသို့) +ဥပဂတာ– ကပ်ရောက်သူတို့"ဟု ဋီကာသစ်ဖွင့်၏၊ ဒလိဒ္ဓမဟာတ်လည်း ဒုဂ္ဂတအနက်ကိုပင်ဟော၏၊ ဒလိဒ္ဓတိတိ ဒလိဒ္ဒေါ-၌ ဆင်းရဲသူကိုပင် မြန်မာတို့က "အထီးကျန်သူ"ဟု ခေါ်ကြ၏။]

အဒ္ဓိကာ ။ ။ အဒ္ဓါနံ+ဂစ္ဆန္တိတိ အဒ္ဓိကာ - တယူဇနာဝက်ထက် မနည်းသော ခရီးရှည်သွားသူတို့ကို"အဒ္ဓိကာ"ဟု ခေါ်၏၊ ပထာဝိသဒ္ဒါ အဒ္ဓိက၏ပရိယာယ်တည်း၊ ပထေ–လမ်းခရီး၌+ဂစ္ဆန္တိတိ ပထာဝိနော၊ ဗိပစ္စည်း၊ ထ၌ ဒီဃပြု။

ဝနိဗ္ဗကာ ။ ။ သက္ကတ၌ ဝနိယကသည် ပါဠို၌ " ဝနိဗ္ဗက " ဟု ဖြစ်၏၊ ယကို ချေလျှင် "ဝနိက"ဟုလည်း ရှိ၏၊ "ဝဏ္ဏေတွာ-ဒါနကိုဂုဏ်း, ဒါနရှင်ကိုဂုဏ်း ချီးမွမ်း၍၊ ဝကတိ – တောင်းယူတတ်၏၊ ဣတိ ဝနိဗ္ဗကော " ဟု အဘိဓာနပ္ပဒီပိကာသူစိမ်း ဝိဂ္ဂဟပြု၏၊ ဝဏ္ဏသဒ္ဒူပပဒ ဝက- အာဒါနေဓာတ်တည်း၊ ဝဏ္ဏကို ဝနိပြု ဟုလည်း ဆိုသည်၊ မြန်မာသူတောင်းစားတို့၏ ချီးမွမ်း၍တောင်းပုံမျိုးတည်း၊ ၌သို့"ဝနိဗ္ဗက"အရ ချီးမွမ်း၍ တောင်းသူကို ရသောကြောင့် "ယာစက"အရ၌ မချီးမွမ်းဘဲ တောင်းသူကို ယူရသည်။

သြပါနဘူတော။ ။သြဂါဟေတွာ-သက်ဆင်း၍+ဝိယတေ ဇထ္ထောတိ သြပါန်-သက်ဆင်း၍သောက်ရာ ရေကန်, မြစ် စသည်တို့၏ ရေဆိပ်၊ သြပါန်ဝိယ + ဘူတော သြပါနဘူတော။ [သြပါန် ဝုစ္စတိ သြဂါဟေတွာ ပါတမ္ဗတော နဒီ တဠာကာဒိနံ သမ္ဗ သာဓာရဏာတိထ္ထံ၊ သြပါန်ဝိယ + ဘူတောတိ သြပါနဘူတော၊–ဋီကာ၊ ဥဒကံ+ပိဝဉ်္ဇိ ဇထ္ထောတိ ဥဒပါနံ၊ ဥဒကမ္ဘ ကကို ဒုချေ၊ (တနည်း) ဥဒကကို ဥဒပြု။]

ဘူတော – ရေဆိပ်သဘွယ် ဖြစ်၍ဖြစ်သည်၊ သဗ္ဗေသံ - ခပ်သိမ်းသော ပုဂ္ဂိုလ်တို့၏၊ ဝါ- တို့နှင့်၊ သာဓာရဏာပရိဘောဂေါ - ဆက်ဆံသော သုံးဆောင်ခြင်း ရှိသည်၊(ဟုတ္တာ)-ဖြစ်၍၊ စတုမဟာပထေ-လမ်း ၄ ခုတို့၏ဆုံရာ လမ်းမကြီး၌၊ ခတပေါက္ခရဏီဝိယ–တူးအပ်သော ရေကန်သည်ကဲ့သို့၊ ဟုတ္ထာ၊("ပုညာနိ–တို့ကို၊ ကရောတိ-၏"၌စပ်၊) ဣတိအတ္ထော- နက်။

သုတဇာတသာတိ တ္ထေ– သုတဇာတသဟူသော ဤပါဠိ၌၊ (သုတမေဝ-ကြားနာအပ်ပြီးသော အတတ်ပညာသည်ပင်၊ သုတဇာတံ-သုတဇာတမည်၏။ [ဇာတသဒ္ဒါအတွက် အနက်အထူးမရှိ–ဟု ပြသည်။] အတီတာနာဂတ ပစ္စုပ္ပန္နအတ္ထေ စိန္တေတုံတိ တ္ထေ– ဟူသော ဤပါဠိ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) အတီတေ-လွန်လေပြီးသော ဘဝ၌၊ ပုညဿ-ကောင်းမှု၏၊ ဝါ–ကို၊ ကတတ္တာ ယေဝ–ပြုအပ်ပြီး၏ အဖြစ်ကြောင့်သာလျှင်၊(ပြုခဲ့ခြင်းကြောင့်သာလျှင်)၊အယံ သမ္ပတ္တိ–ဤပြည့်စုံခြင်းသည်၊(ဟောတိ)၊ ဣတိ ဧဝံ- သို့၊ စိန္တေန္တော– ကြံစည်သော ပုဂ္ဂိုလ်သည်၊ အတီတံ-လွန်လေပြီးသော၊ အတ္ထံ– အကြောင်းအရာကို၊ စိန္တေတုံ-ကြံစည်ခြင်းငှါ၊ ပဋိဗလောနာမ–စွမ်းနိုင်သူမည်သည်၊ ဟောတိ-၏။

ဣဒါနိ–၌၊ ပုညံ–ကောင်းမှုကို၊ ကတ္တာဝ–ပြု၍သာလျှင်၊ ဝါ-ပြုမှသာလျှင်၊ အနာဂတေ-အနာဂတ် ဘဝ၌၊ သမ္ပတ္တိ-ပြည့်စုံခြင်းသို့၊ ပါပုဏိတုံ-ရောက်ခြင်းငှါ၊ သင်္ကာ–တတ်ကောင်း၏၊ ဣတိ စိန္တေန္တော, အနာဂတံ- သော၊ အတ္ထံ စိန္တေတုံ, ပဋိဗလောနာမ ဟောတိ၊ ဣဒံ ပုညကမ္မံနာမ–ဤ ကောင်းမှုကံမည်သည်၊ သပ္ပုရိသာနံ-သူတော်ကောင်းတို့၏၊ အာစိဏ္ဏံ–အလေ့အကျင့်တည်း၊ မယှဉ္စ–ငါ၏လည်း၊ (ငါ့မှာလည်း)၊ ဘောဂါဝိ - စည်းစိမ်တို့သည်လည်း၊ သံဝိဇ္ဇန္တိ–ထင်ရှားရှိကုန်၏၊ ဒါယကစိတ္တာမိ–ပေးလှူတတ်သော ပုဂ္ဂိုလ်၏ စိတ်သည်လည်း၊ ဝါ-ပေးလှူကြောင်း စိတ်သည်လည်း၊ အတ္ထိ - ၏၊ ဟန္ဒ - ယခု၊ အဟံ - သည်၊ ပုညာနိ–ကောင်းမှုတို့ကို၊ ကရောမိ-ပြုအံ့၊ ဣတိ စိန္တေန္တော, ပစ္စုပ္ပန္နံ - သော၊ အတ္ထံ ပဋိဗလောနာမ ဟောတိ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗော-၏။

× × × × × × ×

အတီတေ။ ။ပါဠိတော်၌"ပဋိဗလော အတီတာ၊ပေ၊စိန္တေတုံ"အရ "အတီတာနာဂတပစ္စုပ္ပန္နေ ဖြစ်သော အတ္ထတို့ကို ကြံစည် စဉ်းစားခြင်းငှါ စွမ်းနိုင်ခြင်း" ဟူသည် အတိတ် အနာဂတ် အတ္ထအတွက် အနုမာန (မှန်းဆတတ်သော) ဉာဏ်ဖြင့်ဂုဏ်း, ပစ္စုပ္ပန် အတ္ထအတွက် ဣတိကတ္တာဗ္ဗတာ– (ဤသို့ ပြုထိုက်၏ဟု စဉ်းစားဉာဏ်) ဖြင့်ဂုဏ်း ကြံစည်ခြင်းငှါ စွမ်းနိုင်ခြင်းတည်း၊ ဘုရားရှင်ကဲ့သို့ တိုက်ရိုက် သိမြင်သောအားဖြင့် စွမ်းနိုင်ခြင်း မဟုတ်၊ ထို့ကြောင့် "အတီတေ ပုညဿ ကတတ္တာ"စသည်ကို မိန့်သည်။

ဆက်ဥုံးအံ့၊— ပစ္စုပ္ပန်ဘဝ၌ ပေါများသော စည်းစိမ်ကို တိုက်ရိုက် မြင်ရလျှင် ရှေးဘဝ၌ ကုသိုလ်ကောင်းမှု ပြုခဲ့ပြီးဟု မှန်းဆ၍သိသောဉာဏ်သည် ပစ္စုပ္ပန်အကျိုးကို အစဉ်လျော်၍ အတိတ်အကြောင်းကို နှိုင်းချိန်တတ်သော အတိတာနုမာနဉာဏ်မည်၏၊

ဣတိ ဣမာနိတိ–ကား၊ ဧဝံ-ဤသို့၊ ယထာဝုတ္တာနိ–အကြင်အကြင် ဆိုအပ်ပြီးကုန်သော၊ တောနိ–ဤအင်္ဂါတို့သည်၊ (ဘဝန္တိဉ္ဒ စပ်၊)[ဣတိကို ဧဝံဟုဆင်း, ဧဝံကို"ယထာဝုတ္တာနိ"ဟုဆင်း ဖွင့်၍ ဣမာနိကို"တောနိ"ဟု ဖွင့်သည်။]ကိရ–ခဲ့၏၊ အဋ္ဌဟိ- ရှစ်ပါးကုန်သော၊ ဧတေဟိ အင်္ဂေါ်ဟိ- တို့နှင့်၊ သမန္နာဂတာသ–ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဒါနံ–အလှူသို့၊ ဝါ- ပေးလှူရာအရပ်သို့၊ သဒ္ဓဒိသာဟိ-အလုံးစုံသော အရပ်မျက်နှာတို့မှ၊ မဟာဇနော - များစွာသော လူအပေါင်းသည်၊ ဥပသက်မတိ-ချဉ်းကပ်၏၊ ပန-ဗျတိရိတ်ကား၊ (အဋ္ဌဟိ, ဧတေဟိ အင်္ဂေါ်ဟိ) အသမန္နာဂတာသ– မပြည့်စုံသော ပုဂ္ဂိုလ်၏၊ ဒါနံ - သို့၊ (ဥပသက်မိတဗ္ဗံ နမည်တိ – ဉ်စပ်၊) အယံ ဒုဇ္ဇာတော - ဤ မကောင်းသော ဇာတ်ရှိသူသည်၊ ကိတ္တကံ–အဘယ်မျှလောက်သော၊ ကာလံ- ကာလပတ်လုံး၊ ဒဿတိ- ပေးလှူနှင်လတံ့နည်း၊ ဣဒါနိ - ယခုအခါ၌၊ ဝိပ္ပဋိသာရီ - နှလုံးမသာယာခြင်းရှိသည်၊ ဟုတ္တာ, ဥပစ္ဆိန္နိဿတိ- ဖြတ်လတံ့၊ ဧတံ ဧဝမာဒိနိ- ဤသို့ အစရှိသော အကြံတို့ကို၊ စိန္တေတ္တာ– ကြံစည်၍၊ ကောစိ- အချို့သည်၊ ဥပသက်မိတဗ္ဗံ- ချဉ်းကပ်ထိုက်၏ဟူ၍၊ နမည်တိ–မမှတ်ထင်တတ်၊ တသ္မာ- ကြောင့်၊ အဋ္ဌ–ကုန်သော၊ ဧတာနိ အင်္ဂါနိ– တို့ကို၊ ပရိက္ခာရာ ဘဝန္တိ တိ- ဟူ၍၊ (ဘဂဝတာ)၊ ဝုတ္တာနိ။

× × × × × × ×

ယခုဘဝ၌ ကောင်းမှုပြုခြင်းကို အစဉ်လိုက်၍ အနာဂတ်ဘဝ၌ သမ္ပတ္တိရတော့မည်ဟု နှိုင်းချိန်တတ်သော ဉာဏ်သည် အနာဂတာနုမာနဉာဏ် မည်၏၊"ငါမှာ စည်းစိမ်ဥစ္စာလည်း ရှိ၏၊ ပေးလှူလိုသော စိတ်လည်းရှိ၏၊ ကုသိုလ် ကောင်းမှု ယခုပြုထိုက်၏" ဟု သိသောဉာဏ်သည် ဇာတိကတ္တုဗ္ဗတာဉာဏ်မည်၏။

ဧတေဟိ ကိရ။ ။ပါဠိတော်၌ ပြအပ်ခဲ့သော အင်္ဂါရှစ်ပါးတို့တွင် အခဲ့–မဟာဒုနတာ စသော အင်္ဂါတို့သည် အလှူဒါန အကြီးအကျယ်ပြုရာ၌ မရှိလျှင် မဖြစ်သော အင်္ဂါများဖြစ်၍ ထို အင်္ဂါတို့ကို ပြဆိုက်ပါပေ၏၊ သုဇာတတာ, သုရုပတာ ဟူသော အင်္ဂါ ၂ ပါးကား မရှိသော်လည်း ဖြစ်နိုင်ပါလျက် အဘယ့်ကြောင့် ထည့်ရပါသနည်း – ဟု မေးဘွယ်ရှိသောကြောင့် " ဧတေဟိ ကိရ " စသည်ကို မိန့်သည်၊ အဓိပ္ပါယ်ကို ပါဠိရှိအတိုင်း သိပါ။

မှတ်ချက်။ ။မဟာဇနော ဥပသက်မတိ၏ နောက်၌"အယံ ဒုဇ္ဇာတော"စသည် ဖြင့် ရှိ၏၊ ထိုစကားသည် ရှေစကားနှင့် အဆက်မတဲ့ပါ၊ ထို့ကြောင့် နောံပုရောဟိတ်၏ အင်္ဂါကို ပြရာ၌ " ဧတေသု ဟိ အသတိ ဧဝံ ဒုဇ္ဇာတသ " ဟု ရှိသကဲ့သို့ ဤ၌လည်း "အသမန္နာဂတသ ပန ဒါနံ"ဟု ရှိသင့်ကြောင်းကို ဆရာတို့ မိန့်တော်မူကြ၏၊ ဤသို့ ရှိမှလည်း"ဥပသက်မိတဗ္ဗံ မည်တိ"၏ ကံပုဒ်ဖြစ်သော ဒါနံဟု တိုက်ရိုက်ရှိ၍ အဓိပ္ပါယ် ပြည့်စုံသည်၊ ["ကောစိ"နေရာ၌"ကေနစိ"ဟု ရှေးစာအုပ်တို့၌ ရှိသည်ကား၊ မည်တိ၏ ကတ္တားပုဒ်ဖြစ်သောကြောင့် မကောင်းပါ။]

စတုပရိက္ခာရာဒိအဖွင့်

သုဇံ ပဂ္ဂဏှန္တာနံတိ - ကား၊ မဟာယာဂပဋိဂ္ဂဏှနဋ္ဌာနေ – ကြီးစွာသော ယဇ်ကို ခံယူရာဌာနဟု၌၊ ဒါနကဋ္ဌဆ္ဆုံ- ပေးလှူကြောင်းဖြစ်သော ယောက်ချိုကို၊ ပဂ္ဂဏှန္တာနံ-ကိုင်ကုန်သော၊(ဗြာဟ္မဏာနံ, ပဋိမောဝါ, ဒုတိယောဝါ-၌စပ်)၊ ဣမေဟိ စတူဟိတိ-ကား၊ သုဇာတာဒီဟိ– သုဇာတ အစရှိကုန်သော၊ တေဟိ–၌ အင်္ဂါတို့နှင့်၊(သမန္နာဂတော–၌စပ်၊)ဟိ-ခဲ့၊ တေသု-၌ ၄ ပါးသော အင်္ဂါတို့သည်၊[ရှေးစာအုပ်များ၌"တေသုပိ"ဟု ရှိ၏, မကောင်း။] အသတိ-မရှိကုန်လသော်၊ ဧဝံ-၌သို့၊ ဒုဇ္ဇာတဿ-မကောင်းသောဇာတ်ရှိသူ၏၊ သံဝိဓာနေန– စီမံခြင်း၌ကြောင့်၊ ပဝတ္တဒါနံ–ဖြစ်သော ဒါနသည်၊ ကိတ္တကံ - အဘယ်မျှလောက်သော၊ ကာလံ–ကာလပတ်လုံး၊ ပဝတ္တိဿတိ-ဖြစ်လတ္တံ့နည်း၊ ဣတိ အာဒီနိ – ၌သို့ အစရှိသော စကားတို့ကို၊ ဝတ္ဝာ– ပြောဆို၍၊ ဥပသင်္ကမိတာရော–ချဉ်းကပ်လိုသူတို့သည်၊ နဟောန္တိ–မရှိကုန်၊ ပန-အနန္တယကား၊ တေသု-၌အင်္ဂါ ၄ ပါးတို့သည်၊ သတိ - ရှိကုန်လသော်၊ ဂရုဟိတမ္ပဿ ဘာဝတော-ကဲ့ရဲ့ဘွယ်၏မရှိခြင်းကြောင့်၊ ဥပသင်္ကမန္တီယေဝ-ချဉ်းကပ်ကုန်သည်သာ၊[၌ ဝါကျ၌လည်း "တေသု ပန သတိ ဂရုဟိတမ္ပဿဘာဝတော"ဟု ရှိမှ စကားအဆက်ကောင်းသည်။]တဿာ-ကြောင့်၊ ဣမာနိပိ-၌အင်္ဂါ ၄ ပါးတို့ကိုလည်း၊ ပရိက္ခာရာဘဝန္တိတိ–ဟူ၍၊(ဘဂဝတာ)၊ဒုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ။

တိဿော ဝိဓာ ဒေသေသိတို့-ကား၊ တီဏိ-အစ, အလယ်, အဆုံးအားဖြင့် ၃ ပါးကုန်သော၊ ထပနာနိ– ကောင်းမှုအယဉ်ကို အစဉ်မပြတ်အောင် ထားတတ်သော အဝိပ္ပဋိသာရတရားတို့ကို၊ ဒေသေသိ– ပြောဟောပြီ၊ ကိရ – ခဲ့၊ [ဝိဓာ–ထပနာပုဒ်တို့၏ အနက်ကို ရှေ့၌ပြခဲ့ပြီ။] သော - ထိုပုရောဟိတ် ပုဏ္ဏားသည်၊ စိန္တေသိ - ကြံပြီ၊ (ကိ˚)၊ ဒါနံ–အလှူကို၊ ဒဒမာနာနာမ - ပေးလှူသူတို့မည်သည်၊ တိဏ္ဏံ–အစ, အလယ်, အဆုံးအားဖြင့် ၃ ပါးကုန်သော၊ ဌာနာနံ-ဌာနတို့တွင်၊ အညတရသ္မိံ–အမှတ်မထား တပါးပါးသော ဌာန၌၊ စလန္တိ–တုန်လှုပ်တတ်ကုန်၏၊[ဝိပ္ပဋိသာရ ဖြစ်ခြင်းကို တုန်လှုပ်ဟု ဆိုသည်။]ဟန္ဒ-ယခု၊ အဟံ - ငါသည်၊ ဣမံ ရာဇာနံ-၌မင်းကို၊ တေသု ဌာနေသု–ထိုဌာနတို့၌၊ ပဋိမတရညော ဝ – ယဇ်မပူဇော်မီ ရှေးဦးစွာပင်၊ နိဋ္ဌလံ - မတုန် မလှုပ်သည်ကို၊

× × × × × × ×

ဣတိ အာဒီနိ။ ။ ပုရောဟိတ်၏ အင်္ဂါကို ပြောဌ်"သုဇာတ, အဇ္ဈာယက, သီလဝန္တ, ပဏ္ဍိတ" ဟု ၄ ပါးကို ပါဠိတော်၌ ပြထား၏၊ ထို့ကြောင့် ဤ၌ သုဇာတ၏ ပြောင်းပြန်"ဒုဇ္ဇာတဿ သံဝိဓာနေန" တခုကိုသာ အဋ္ဌကထာပြု၏၊ အာဒိဖြင့် "ဧဝံ အနဇ္ဈာယကဿ၊ပေ၊ ဒုသီလဿ ၊ပေ ၊ ဒုပ္ပညဿ သံဝိဓာနေန ပဝတ္တဒါနံ ကိတ္တကံ ကာလံ ပဝတ္တိဿတိ"တို့ကို ယူပါ။

ကရောမိ–ပြုအံ့၊ ဣတိ, စိန္တေသိ၊ တေန-ထိုသို့ အကြံဖြစ်ခြင်းကြောင့်၊ အသု–ထိုမင်းအား၊ တိဿာ-၃ ပါးကုန်သော၊ ဝိဓာ - ဝိပ္ပဋိသာရကို ပယ်ဖျောက်တတ်သော အဝိပ္ပဋိသာရတရားတို့ကို၊ ဒေသေသိ-ပြောဟောပြီ၊ ဣတိ – ဤသို့မှတ်အပ်၏၊ [ဆရာတို့ကား "ကသ္မာ တိဿာ ဝိဓာ ဒေသေသိ" ဟု ပုစ္ဆာဝါကျထည့်၍ "သောကိရ" စသည်ကို ဝိသဇ္ဇနဝါကျဟု ယူဆတော်မူပြီးလျှင် " ဣတိ ဝိသဇ္ဇနံ" ဟု ပေးကြ၏၊ မိမိကား ဣတိ သဒ္ဒါကို "အပို" ဟု ထင်သည်။]

သော ဘောတော ရညော တိဏံ - ဟူသော ဤသဒ္ဒါသည်၊ ကရဏတ္ထေ–ကရိဏ်းဝိဘတ်၏ အဝုတ္တကတ္တားအနက်၌၊ သာမိဝစနံ- သာမိ ဝိဘတ်ရှိသော သဒ္ဒါတည်း၊ ဝါ-တနည်း၊ ဘောတာရညာတိ- ဟူ၍၊ ပါဠ္ဍော– ပါဠိတော်ပါဌ်သည်၊ (အတ္ထိ-ရှိသေး၏)။ [အဝုတ္တကတ္တားဟော ဖြစ်သောကြောင့် " ဘောတာ ရညာ" ဟု တတိယန္တလည်း ရှိ၏၊ ရှိလျှင် သာ၍ အနက်ဖြောင့်၏။]

ဝိပ္ပဋိသာရော နု ကရဏီယောတိ - ဟူသောပါဌ်ဖြင့်၊ (ဒဿေတိ ဌ်စပ်)၊ ဘောဂါနံ- စည်းစိမ်တို့၏၊ ဝိဂမဟေတုကော - ကင်းခြင်းဟူသော အကြောင်းရှိသော၊ (ကုန်ခြင်းဟူသောအကြောင်းရှိသော)၊ ပစ္ဆာနုတာပေါ-နောင်တတဖန် ပူပန်ခြင်းကို၊ နု ကတ္တုမ္ဟော– မပြုထိုက်ပါ၊ ပန- အာနန္ဒယကား၊ ပုဗ္ဗံစေတနာ- ပုဗ္ဗစေတနာကို၊ (ရှေးအဖို၌ဖြစ်သော စေတနာကို)၊ အစလာ - မတုန်လှုပ်သည်၊ (ဟုတ္တာ)၊ [(တနည်း) "အစလံ - မတုန်လှုပ်အောင်" ဟု ရှိလျှင် ကောင်း၏။] ပတိဋ္ဌာပေတဗ္ဗာ-တည်စေထိုက်၏၊ ဟိ-အကျိုးကား၊ ဧဝံ-ဤသို့ ပုဗ္ဗစေတနာကို

× × × × × × ×

ကရဏတ္ထေ။ ။ " ကရဏတ္ထေ " ဟု ဆိုသော်လည်း [ကရိဏ်းအနက်မဟုတ်, နကရဏီယော၌ စပ်ရသော ကတ္တားအနက်တည်း၊ တတိယာဝိဘတ်သည် များသောအားဖြင့် ကရိဏ်းအနက်ကို ဟောသောကြောင့် တတိယာဝိဘတ်၏ ကတ္တားအနက်ကိုလည်း " ကရဏတ္ထေ " ဟု ဆိုထားသည်၊ ယေဘုယျနည်း ဟု ဆိုလိုဟန် တူသည်၊ [ယေဘုယျေန ဟိ ကရဏဇောတကဝစနဿ အတ္ထဘာဝတော အနုတ္တကတ္တာဝ (အဝုတ္တကတ္တား အနက်ကိုပင်) ကရဏတ္ထော်တိ ဇုဓ အဓိပ္ပေတော၊–ဋီကာသစ်။]

ပုဗ္ဗစေတနာ ။ ။ ပစ္ဆာနုတာပ ဟူသော နောင်တတဖန် ပူပန်မှု မရှိခြင်း၏ အကြောင်းကို ပြလို၍ " ပုဗ္ဗစေတနာ ပန အစလာ ပတိဋ္ဌာပေတဗ္ဗာ " ဟု မိန့်သည်၊ "အစလာ–မတုန်မလှုပ်"ဟူသည် စေတနာပျက်ဘွယ် ရှိစေကာမူ စေတနာမပျက်စေဘဲ ခိုင်မြဲအောင်ထားခြင်းတည်း။ [အစလာတိ ဒဠှာ၊ ကေနစိ အသံဟီရာ–တစုံတယောက်သည် (တစုံတခုသောအကြောင်းသည်) မဆွဲဆောင်အပ် မဆွဲဆောင်နိုင်။]

ဧဝဉ္ဒါနံ မဟပ္ပလံ ။ ။ " ဧဝံပေါဟောတိ " သည် ပုဗ္ဗစေတနာ ခိုင်မြဲခြင်း၏ အကျိုးကိုပြသော လဒ္ဓဂုဏ်စကားတည်း၊ ထိုအကျိုး၏ မဟပ္ပလဖြစ်ဘို့အရေးကို မြော်တွေးလိုက်လျှင် ယခုဘဝ၌ အလှူဒါန၏ ချောချောမောမော ဖြစ်ဘို့ရန် (ပုဗ္ဗစေတနာ

မတုန်မလှုပ်အောင် တည်စေအပ်သော်၊ ဒါနံ–ဒါနစေတနာသည်၊ မဟပ္ဖလံ-များသောအကျိုးရှိသည်၊ ဟောတိ-၏၊ ဣတိ-၌ အနက်အဓိပ္ပါယ်ကို၊ ဒဿေတိ-ပြ၏၊ [တနည်း, ကဿာ-ကြောင့်၊ ပုဗ္ဗစေတနာ- ကို၊ အစလံ-အောင်၊ ပတိဋ္ဌာပေတဗ္ဗာ-တည်စေထိုက်သနည်း၊ဟိ ယသ္မာ-ကြောင့်၊ ဧဝံ-၌သို့ ပုဗ္ဗစေတနာကို မတုန်မလှုပ်အောင် တည်စေအပ်သော်၊ ဒါနံ – သည်၊ မဟပ္ဖလံ – သည်၊ ဟောတိ-၏၊ တသ္မာ–ကြောင့်၊ ပုဗ္ဗစေတနာ-ကို၊ အစလံ-အောင်၊ ပတိဋ္ဌာပေတဗ္ဗာ–၏၊ ဣတိ- ၌ အနက်အဓိပ္ပါယ်ကို၊ ဒဿေတိ - ၏။] ဣတရေသုပိ–ပုဗ္ဗစေတနာဌာနမှ တပါးလည်းဖြစ်ကုန်သော၊ ဒ္ဝိသု- ၂ ပါးကုန်သော၊ ဌာနေသု-မုဉ္ဆစေတနာဌာန, ပရစေတနာဌာနတို့၌၊ သေဝနယော– ၌နည်းပင်တည်း။

ဟိ– မှန်၊ မုဉ္ဆစေတနာပိ - စွန့်လွှတ်ကြောင်း စေတနာကို၎င်း၊ ပစ္ဆာသမနုဿရဏစေတနာစ-နောက်၌ အောက်မေ့ကြောင်းစေတနာကို၎င်း၊ နိစ္စလာဝ-မတုန်လှုပ်သည်ကိုသာ၊ ကာတဗ္ဗာ- ပြုထိုက်၏၊ တထာ– ထို အခြင်းအရာအား

× × × × × × ×

မျက်ဘို့ရန်)' အရေးကြီး၏၊ ထို့ကြောင့် ထိုအကျိုးသည်ပင် ပုဗ္ဗစေတနာ ခိုင်မြဲခြင်း၏ အကြောင်းလည်းဖြစ်ပြန်ရကား "တထာ ပတိဋ္ဌာပနံပါယံပိ (ထိုသို့ မတုန်မလှုပ်တည်စေခြင်း၏ အကြောင်းကိုလည်း) ဒဿေန္တော ဧဝဣတိ အာဒိမာဟ" ဟု အကြောင်းအဖြစ်ဖြင့် ဋီကာသစ်၌ ကျမ်းတက်သည်၊ ရှေ့အဘို့၌ ဝိပ္ပဋိသာရဖြစ်မှုဖြင့် မငြိစွန်းသောကြောင့် ထို ဒါနစေတနာသည် မဟပ္ဖလဖြစ်သည်"–ဟူလို၊ ဤ ကျမ်းတက်ကိုကြည့်၍ နိဿယဟူ တနည်း အနက်ပေးသည်။ [ဒါန၏ ရှေ့၌ဖြစ်စေ နောက်၌ဖြစ်စေ ဝိပ္ပဋိသာရဖြစ်မှုဟူသော အကုသိုလ်ခြံရုံလျှင် တိဟိတ်ပင်ဖြစ်သော်လည်း ဩမက (အညံ့စား) ဖြစ်၍ ဒွိဟိတ် ပဋိသန္ဓေကျိုးကိုသာ ပေးနိုင်သည်။]

မုဉ္ဆစေတနာ။ ။မုဉ္ဆတိ ဧတာယာတိ မုဉ္ဆာ၊ မုဉ္ဆာစ + သာ + စေတနာစာတိ မုဉ္ဆစေတနာ–ဒါနဝတ္ထုကို စွန့်လွှတ်ကြောင်းဖြစ်သော အလယ်စေတနာကို မုဉ္ဆစေတနာဟု ခေါ်သည်၊ နှမြောတွယ်တာမှုမရှိဘဲ မုတ္တစာဂတာ (လွတ်လွတ်ကျွတ်ကျွတ်စွန့်ခြင်း) ပုဗ္ဗဘာဘိသင်္ခါရ (မလှူမီ ရှေ့အဘို့က ပြုပြင်မှုရှိခြင်း၏) အစွမ်းဖြင့် မွန်မွန်မြတ်မြတ် ထက်ထက်သန်သန်ရှိခြင်းကို မုဉ္ဆစေတနာ၏ အစလဟုဆိုသည်၊ [မုဉ္ဆစေတနာတို ပရိစ္စာဂစေတနာ၊ တသာ နိစ္စလဘာဝေါနာမ မုတ္တစာဂတာ ပုဗ္ဗဘာဘိသင်္ခါရ ဝသေန ဥဠာရဘာဝေါ၊–ဋီကာ။] မုဉ္ဆစေတနာပိ၌ ပိ (အပိ) ဖြင့် ပုဗ္ဗစေတနာကို ပေါင်းသည်။

ပစ္ဆာသမနုဿရဏစေတနာ။ ။" လှူဒါန်းပြီးမှ နောက်၌ မိမိအလှူကို ပြန်၍ အောက်မေ့ကြောင်းစေတနာ" ကိုပင် " ပရစေတနာ " ဟု ခေါ်သည်၊ စေတနာစင်စစ သဒ္ဒါကား မုဉ္ဆစေတနာကိုဆည်းသော သမုစ္စည်းတည်း၊ "ငါသည် အလှူကို (တချို့အရာ၌ ကြိုးစွာသောအလှူကို) ပေးလှူရပေပြီ၊ အော် ကောင်းလေစွ၊ ကောင်းလေစွ" ဟု မိမိအလှူကို လေးလေးပင်ပင် ဆင်ခြင်နိုင်ခြင်းကို ပရစေတနာ၏ မတုန်မလှုပ်ခြင်း (ထက်သန်ခြင်း) ဟု ဆိုသည်။

ဖြင့်၊ အကရောန္တသ - မပြုသောပုဂ္ဂိုလ်၏၊ ဒါနံ - သည်၊ မဟပ္ဖလံ - သည်၊ နဟောတိ- မဖြစ်၊ ဥဋ္ဌာရေသု– မွန်မြတ်ကုန်သော၊ ဘောဂေသု– စည်းစိမ်တို့၌၊ စိတ္တံဝိ-သည်လည်း၊ န နမတိ-မညွတ်၊ (ကဿဝိယ) - အဘယ်သူ၏ကဲ့သို့နည်း၊ မဟာရောရုဝံ-မဟာရောရုဝငရဲသို့၊ ဥပပန္နသ- ကပ်ရောက်ရသော၊ သေဋ္ဌဂဟပတိနော-အိမ်ရှင်သဒ္ဒေး၏၊ (စိတ္တံ)ဝိယ-စိတ်ကဲ့သို့တည်း။ [၌၌လည်း“ကဿဝ မုဉ္ဇစေတနာပိ ပဗ္ဗာဿမနုဿရဏစေတနာစ နိစ္စလာဝ ကာတဗ္ဗာ၊ ယဿဝ, တထာ အကရောန္တသ ဒါနံ န မဟပ္ဖလံ ဟောတိ၊ နာပိ ဥဋ္ဌာရေသု ဘောဂေသု စိတ္တံ နမတိ၊ မဟာရောရုဝံ ဥပပန္နသ သေဋ္ဌဂဟပတိနော ဝိယ၊ တဿဝ , မုဉ္ဇစေတနာပိ၊ပေ၊နိစ္စလာဝ ကာတဗ္ဗာ”ဟု တနည်းပေးပါ။]

ဒသာဟာကာရေဟိတိ-ကား၊ ဒသဟိ-၁၀ ပါးကုန်သော၊ ကာရဏေဟိ-အကြောင်းတို့ဖြင့်၊ (ပဋိဝိနောဒေသိ ၌စဝ်၊) ကိရ- ခဲ့၊ တဿ - ထို ပုရောဟိတ်ပုဏ္ဏား၏၊ ဧဝံ - ၌အကြီသည်၊ အဟောသိ - ပြီ၊ (ကိ)၊ အယံ ရာဇာ- ၌မင်း

× × × × × × ×

တထာ၊ပေ၊နု မဟပ္ဖလံ ။ ။၌စကားလည်း “ ဧဝံ ဟိ ” စသော စကားကဲ့သို့ ဗျတိရေကအားဖြင့် အကြောင်းပြစကားဟု ဋီကာသစ်ဆို၏၊ ထိုသို့ မုဉ္ဇ- အပရစေတနာတို့ကို ခိုင်မြဲအောင်မပြုလျှင် မဟပ္ဖလ မဖြစ်သောကြောင့် ထိုစေတနာ ၂ ပါးကို ခိုင်မြဲအောင် ပြုထိုက်သည် – ဟူလို။ [တဒုဘယစေတနာနှံ နိစ္စလကရဏုပါယံ ဗျတိရေကတော (အကျိုးမရှိခြင်းဟူသော ပြောင်းပြန်အားဖြင့်) ဒဿေတုံ တထာ၊ပေ၊ဟောတိတိ ဝုတ္တံ၊-ဋီကာသစ်။] ၌ကျမ်းတက်ကိုကြည့်၍ နိဿယဋ္ဌ တနည်း အနက်ပေးသည်။

နာဝိ ဥဋ္ဌာရေသု၊ပေ၊နမတိ။ ။ ၌ဝါကျကား အပရစေတနာကို ခိုင်မြဲအောင် မပြုခြင်း (အပရစေတနာ ချို့တဲ့ခြင်း၏) အကြောင်းပြတည်း၊ အပရစေတနာ ချို့တဲ့လျှင် (ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများ၌ လူသည့်အတွက်) မွန်မြတ်သောစည်းစိမ်ကို ရသော်လည်း ထိုစည်းစိမ်၌ ခံစားလိုစိတ်မရှိဘဲ လူဆင်းရဲကဲ့သို့ စားသော နေထိုင်တတ်သည်။

မဟာ၊ပေ၊ ဂဟပတိနော ဝိယ။ ။အပရစေတနာ ချို့တဲ့မှုကြောင့် စည်းစိမ်၌ စိတ်မညွတ်ပုံကို ဥဒါဟရဏ် သက်သေပြလို၍ “မဟာရောရုဝံ”စသည်ကို မိန့်သည်၊ ထိုသဒ္ဒေးသည် သာသနာပဖြစ်သော ရှေးဘဝတခု၌ ရှင်ဘုရင့်ထံ အခစား သွားခါနီးဝယ် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုမြင်၍ သဒ္ဒေးကတော်အား ဆွမ်းလှူလိုက်ရန် မှာကြားသွားလေသည်၊ ပြန်လာသောအခါ ပစ္စေကဗုဒ္ဓါနှင့် ဘွဲ့ပြန်၍ လှူလိုက်အပ်သောဆွမ်းကို ကြည့်ပြီးလျှင် “ ဤဆွမ်းကို အိမ်က အစေခံတို့အား ကျွေးရတာက ကောင်းသေးရဲ့ (ထိုသို့ကျွေးလျှင် သူတို့က ကျေးဇူးတင်၍ အလုပ်ကို ကောင်းမွန်စွာ လုပ်လိမ့်မည်) ဟု တွေးတောကာ အလှူခိုင်းမိတာ မှားပေါ့!”ဟု ဝိပ္ပဋိသာရဖြစ်လေသည်၊ ထို ဝိပ္ပဋိသာရကြောင့် နောင်အခါ သဒ္ဒေးစည်းစိမ်ရသော်လည်း ခံစားလိုစိတ်မရှိဘဲ ဆင်းဆင်းရဲရဲ နေလိုစိတ်သာ ရှိလေသည်၊ ထို့ပြင် တူကလေးကို အမွေခွဲပေးရမှာစိုး၍ သတ်မိခဲ့သောကြောင့် ရှေးကလည်း ငရဲဋ္ဌဖြစ်ခဲ့ရ, ယခုဘဝမှ နောက်ဋ္ဌလည်း’မဟာရောရုဝငရဲဋ္ဌ ဖြစ်ရလိမ့်ဦးမည်။ [ဝတ္ထုအကျယ်ကို ဋီကာတို့၌ ရှုပါ။]

သည်၊ ဒုဿီလေ–သီလမရှိသော အလ္လုခံပုဂ္ဂိုလ်တို့ကို၊ ဒိသွာ- မြင်ရ၍၊ ယဿ မေ – အကြင် ငါ၏၊ (ဒါနံ - အလ္လကို၊) ဝေရူပါ - ဤသို့ သဘောရှိကုန်သော၊ ဒုဿီလာ-သီလမရှိသော အလ္လုခံပုဂ္ဂိုလ်တို့သည်၊ ဘုဥ္ဇန္တိ-သုံးဆောင် စားသောံ ကြကုန်၏၊ တဿ မေ - ထို ငါ၏၊ ဒါနံ - သည်၊ နဿတိဝတ - ပျက်စီးချေပေါ့ တကား၊ ဣတိ-ဤသို့ တွေး၍၊ သီလဝန္တေသုပိ- သီလရှိသော အလ္လုခံပုဂ္ဂိုလ်တို့၌ လည်း၊ ဝိပ္ပဋိသာရံ – နှလုံး မသာယာခြင်းကို၊ ဥပ္ပါဒေဿတိ – ဖြစ်စေလတံ့၊ (တတော-ထို့သို့ ဖြစ်စေခြင်းကြောင့်၊) ဒါနံ-သည်၊ မဟပ္ဖလံ-များသောအကျိုး ရှိသည်၊ နဘဝိဿတိ-မဖြစ်လတံ့၊ စ-ဆက်၊ ဒါယကာနံ-ပေးလှူတတ်သူတို့၏၊ (အလ္လရှင်တို့၏၊)ဝိပ္ပဋိသာရောနာမ-နှလုံးမသာယာခြင်း မည်သည်၊ ပဋိဂ္ဂါဟက တောဝ- အလ္လခံပုဂ္ဂိုလ်ကြောင့်သာ၊ ဥပ္ပဇ္ဇတိ- ဖြစ်တတ်၏၊ ဟန္ဒ-ယခု၊ အဿ-ထိုမင်း၏၊ ပဌမမေဝ-မလွှမိ ရှေးဦးစွာသာလျှင်၊ တံ ဝိပ္ပဋိသာရံ-ကို၊ ဝိနောဒေမိ– ပယ်ဖျောက်ရတော့အံ့၊ ဣတိ- ဤသို့ကြံပြီ၊ တဿာ- ထိုသို့ အကြံဖြစ်သည်၏ အဖြစ်ကြောင့်၊ ဒသဟိ – ကုန်သော၊ အာကာရေဟိ - တို့ကြောင့်၊ ဥပ္ပဇ္ဇိတုံ – ဖြစ်ခြင်းငှါ၊ ယုတ္တံ- သင့်သော၊ (တနည်း) ဥပ္ပဇ္ဇိတုံ ယုတ္တံ - ဖြစ်သင့်သော၊ ပဋိဂ္ဂါဟကေသု– အလ္လခံပုဂ္ဂိုလ်တို့၌၊ ဝိပ္ပဋိသာရံဝိ- ကိုလည်း၊ ဝိနောဒေသိ- ပယ်ဖျောက်ပြီ၊ [ပဋိဂ္ဂါဟဒကသုပိ၌ ပိဖြင့် တိသောဝိဓာတုန်းက ဝိပ္ပဋိသာရ ပယ်ဖျောက်ရပုံကို ပေါင်း၊] ဣတိ- ဤသို့ မှတ်အပ်၏။

× × × × × × ×

အာကာရေဟိ။ ။အာ သဒ္ဒါသည် မရိယာဒါ(အပိုင်းအခြား) အနက်ဟောတည်း၊ "မည်သည့်အကြောင်းသည် မည်သည့်အကျိုးကို ပေးနိုင်၏" ဟု အကြောင်းအပိုင်းအခြား အကျိုးအပိုင်းအခြားရှိ၏၊ ထို အပိုင်းအခြားအားလျော်သော အကျိုးကို ပြုတတ်သောကြောင့် အကြောင်းကိုပင် "အာကာရ" ဟု ခေါ်သည်၊ [အာကရောတိ အတ္တာနော အနုရူပတာယ သမရိယာဒံ သပရိစ္ဆေဒံ (အပိုင်းအခြားနှင့်တကွ)ဖလံ နိပ္ဖတ္တေတိတိ အာကာရော၊–ဋီကာ။]

သီလဝန္တေသုပိ။ ။ပိ (အပိ)ဖြင့် ဒုဿီလကိုပေါင်းသည်၊ "ဒုဿီလ၌သာ ဝိပ္ပဋိသာရကိုဖြစ်စေသည်မဟုတ်သေး, မိမိစည်းစိမ်၏ ကုန်မည်အရေးကိုတွေးကာ သီလဝန္တတို့၌လည်း ဝိပ္ပဋိသာရကို ဖြစ်စေတတ်သေး၏"ဟူလို။

ပဋိဂ္ဂါဟကတောဝ။ ။အားကြိုးသော ဝိပ္ပဋိသာရကို ရည်ရွယ်၍ "ပဋိဂ္ဂါဟက တောဝ"ဟု ဆိုသည်၊ "အလ္လခံပုဂ္ဂိုလ်က မကောင်းသောကြောင့် (တချို့မှာ အလ္လခံပုဂ္ဂိုလ်နှင့် ရန်ဖြစ်ရတတ်သေးသောကြောင့်)ဝိပ္ပဋိသာရ အကြိုးအကျယ်ဖြစ်ရတတ်၏" ဟူလို၊ အနည်းငယ်သော ဝိပ္ပဋိသာရကား အလ္လဝတ္ထု၏ မပြည့်စုံခြင်းကြောင့်လည်း ဖြစ်ရတတ်, အခြေအရံ ဝိုင်းဝန်းကူညီသူတို့၏ ညှဲ့ဖျင်းမှုကြောင့်လည်း (ငါလှူရတာ မှားသည်-ဟု)ဝိပ္ပဋိသာရ ဖြစ်တတ်သေး၏။ [ပဋိဂ္ဂါဟကတောဝ ဥပ္ပဇ္ဇတိတိ ဗလဝတရံ ဝိပ္ပဋိသာရံ သန္ဓာယ ဝုတ္တံ၊ ဒုဗ္ဗလော ပန ဒေယျဓမ္မတော ပရိဝါရဇနတောဝိ ဥပ္ပဇ္ဇနတော၊–ဋီကာသစ်။]

တေသံယေဝ တေနာတိ-ဟူသောပါဠိဖြင့်၊(ဒဿတိဒ္ဓစပ်၊)တေသံယေဝ-ထို ပါဏာတိပါတီ ပုဂ္ဂိုလ်၏သာ၊ တေန ပါပေန – ထို မကောင်းမှုကြောင့်၊ အနိဋ္ဌော-အလိုမရှိထိုက်သော၊ (တပစ္စည်းသည် အရဟ အနက်ဟောတည်း၊) ဝိပါကော-အကျိုးသည်၊ ဘဝိဿတိ-ဖြစ်ပါလတ့ံ၊ အညေသံ- အခြားပုဂ္ဂိုလ်တို့၏၊ (အနိဋ္ဌော ဝိပါကော) နု (ဘဝိဿတိ)- ဖြစ်လတ့ံ မဟုတ်ပါ၊ ဣတိ-ဤအနက်အဓိပ္ပါယ်ကို၊ ဒဿတိ - ပြ၏၊ ယဇတံ ဘဝံတိ – ကား၊ ဘဝံ - အရှင် မင်းမြတ်သည်၊ ဒေတု–ပေးလှူတော်မူပါလော၊ (ဤဌ ယဇတံအရ ယဇုန ဟူသည် ယဇ်ပူဇော်ခြင်းမဟုတ်, အလှူပေးခြင်းတည်း၊ ထို့ကြောင့်“ဒေတု”ဟု ဖွင့်သည်။) သဇ္ဇုတံတိ-ကား၊ ဝိသဇ္ဇတု-လွတ်လွတ်ကျတ်ကျတ် စွန့်လွှတ်တော်မူပါလော၊ အန္တရံတိ– ကား၊ အဇ္ဈန္တရံ – အတွင်း၌၊ (စိတ္တမေဝ ပသာဒေတု၌စပ်၊) [အဇ္ဈန္တရန္တိ အဏ္ဍတ္ထံ သကသန္တာနေ၊–ဋီကာ။]

သောဋ္ဌသ၊ပေ၊သန္ဒဿေသိတိ-ကား၊ ဣဓ-ဤနေရာ၌၊ မြာဟ္မဏော-ပုဏ္ဏားသည်၊ ရညော-မင်း၏၊ မဟာဒါနာနုမောဒနံ နာမ-အလှူကြီးကို ဝမ်းမြောက်ကြောင်း မည်သည်ကို၊ အာရဒ္ဓေါ - အားထုတ်ပြီ၊ တတ္ထ – ထို သောဋ္ဌသ၊ပေ၊သန္ဒဿေသိ အစရှိသော စကားရပ်၌၊ သန္ဒဿေသိတိ – ကား၊ ဣဒံ ဒါနံ– ဤအလှူကို၊ ဒါတာ-ပေးလှူတတ်သူသည်၊ ဝေရုပံ-ဤသို့သဘောရှိသော၊ သမ္ပတ္တိ - ပြည့်စုံခြင်းကို၊ ဝါ-စည်းစိမ်ကို၊ လဘတိ-ရ၏၊ ဣတိ-ဤသို့၊ ဒဿေတွာ ဒဿေ

× × × × × × ×

ဣဓ၊ပေ၊အာရဒ္ဓေါ။ ။ရှေ့၌ အနုမတိပဋ္ဌ ၄ ပါး, မင်း၏ သုဇာတတာစသော ဂုဏ်အင်္ဂါရှစ်ပါး , ပုရောဟိတ်၏ သုဇာတတာ စသော ဂုဏ်အင်္ဂါ ၄ ပါးအားဖြင့် ၁၆ ပါးကို ပြခဲ့ပြီ၊ ထိုသို့ပြခဲ့ခြင်းသည် ယဇ်၏အခြံအရံ အဆောက်အဦးအဖြစ်ဖြင့် ပြခဲ့ခြင်းတည်း၊ ထို ၁၆ ပါးကို ဤ၌ ထပ်၍ပြပြန်ခြင်းမှာ မင်း၏ ဝမ်းမြောက်ဝမ်းသာဖြစ်ဘို့ရာ ပြခြင်းတည်း၊ ဤသို့ ၁၆ ပါးချင်း တူသော်လည်း ရည်ရွယ်ချက်ချင်း မတူကြောင်းကို ပြလို၍ “ဣဓ၊ပေ၊အာရဒ္ဓေါ”ဟု မိန့်သည်။

အမှာ။ ။ရှေးစာအုပ်တို့၌ “မဟာဒါနံ+အနုမောဒနံ နာမ”ဟု ရှိ၏၊ မောဒန၌ ယုပစ္စည်းနှင့် ယှဉ်ရာဝယ် ဆင်္ခီကံရှိရသောကြောင့် မကောင်းပါ၊ နောက်စာအုပ်များ၌ “ မဟာဒါနာနုမောဒနံ နာမ ”ဟု သမာသ်ရှိခြင်းသာ ကောင်း၏၊ [မဟာဒါနသ်+အနုမောဒနာ မဟာဒါနာနုမောဒနာ။]

သန္ဒဿေသိ ။ ။“ ဒဿေတွာ ကထေသိ ”သည် အဓိပ္ပါယ်ဖွင့်တည်း၊ ထိုသို့ကောင်းစွာပြမူသည် “တကြိမ်တခါ မက, မိမိပြောဟောအပ်သော ဒေသနာ၏အစွမ်းကြောင့် အကျိုးကို ယခုမျက်မှောက်မှာပင် ရနေသကဲ့သို့ ထင်ရလောက်အောင် အခါခါ ထပ်၍ပြသည် ”ဟု သိစေလိုသောကြောင့် “ ဒဿေတွာ ဒဿေတွာ”ဟု အာမေဋိတ်စကားကို ဆိုသည်။ [၂ ကြိမ်ထပ်၍ဆိုမှုကို ဋီကာ၌“အာမေဋိတ်”ဟု ဆို၏၊ ဋီကာသစ်၌ကား ဘယ, ကောဓစသောအရာ မဟုတ်သောကြောင့် “ ဗျာပန (အရပ်ရပ်၌ နှံ့စေ

တ္ထာ– အကျိုးကို ပြ၍ပြ၍၊ ကထေသိ - ပြောဟောပြီ၊ သမာဒါပေသိတိ– ကား၊ တမတ္ထံ – ထို အကြောင်းနှင့် အကျိုး ဆက်သွယ်နေပုံ အနက် အဓိပ္ပါယ်ကို၊ သမာဒါပေတ္ထာ သမာဒါပေတ္ထာ – ကောင်းစွာ ယူစေ၍ ကောင်းစွာ ယူစေ၍၊ ကထေသိ-ပြီ၊ သမုတ္တေဇေသိတိ-ကား၊ ဝိပ္ပဋိသာရဝိနောဒနေန – ဝိပ္ပဋိသာရ အငြစ်အကြေးကို ပယ်ဖျောက်ခြင်းအားဖြင့်၊ အာသ–ထို မင်း၏၊ စိတ္တံ-စိတ်ကို၊ ဝေါဒါပေသိ–ဖြူစင်စေပြီ၊ သမ္မဟံသေသိတိ - ကား၊ မဟာရာဇ - ဇာ၊ ဒါနံ– အလှူကို၊ ဒဒမာနေန-ပေးလှူသော၊ တေ-အရှင်မင်းသည်၊ သုန္ဒရံ-ကောင်းသော

× × × × × × ×

သော)စကား ”ဟု ဆိုသည်၊ သို့သော် နှံစရာဌာန မရှိသောကြောင့် စဉ်းစားသင့်၏၊ မောဂ္ဂလ္လာန် (၁) ကဏ္ဍ, ၅၄ သုတ်၌လာသော “အာဘိဂ္ဂညာ”ကိုပင် “အာမေဋိတ” ဟု ဋီကာဆိုဟန်တူသည်။] “ဒါနံ၊ ပေ၊ လဘတိ ”ကား ဒေသေတွာအရ ပြီပုံအခြင်း အရာကိုပြသော အာကာရစကားတည်း။

သမာဒါပေသိ။ ။“ဇုဒံ ဒါနံ ဒါတာ ဧဝရူပံ သမ္မတ္တိံ လဘတိ”ဟု ဒါနကံနှင့် အကျိုး၏ ဆက်စပ်နေပုံ အနက် အဓိပ္ပါယ်ကို (ကြားကာမတ္တ ကြားရုံမျှ မဟုတ်ဘဲ) စိတ်၌ စွဲမြဲစွာ ယူစေခြင်းကို “သမာဒါပန”ဟု ဆိုသည်၊ ဤ၌လည်း “ သမာဒါပေတ္ထာ သမာဒါပေတ္ထာတိ အာဒိသုဝိ သေဝ နယော ” ဟု ဋီကာဆိုသောကြောင့် ၂ ထပ် ရှိပါစေ။ [သမ္မာ+အာဒါပေတ္ထာတိ သုတမတ္တံ အကတ္ထာ ယထာ ရာဇာ တမတ္ထံ (ထို အနက်အဓိပ္ပါယ်ကို) သမ္မဒေဝ အာဒိယတိ (ယူ၏)၊ စိတ္တေ ကရောန္တော (စိတ်၌ ထားလျက်) သုဋ္ဌုတိံ ကတ္ထာ ဂဏှာတိ (သမ္မဒေဝ အာဒိယတိကို ထပ်ဖွင့်သည်)၊ တထာ သတ္ထုန္တံ အာဒါပေတ္ထာ၊– ဋီကာသစ်၊ ဤဋီကာသစ် ဖွင့်ပုံကို ကြည့်၍ “သံ+ အာပုဗ္ဗ, ဒါဓာတ်, ဏာပေပစ္စည်း”ဖြင့် “သမာဒါပေ”ဟု ပါဠိရှိပါစေ။]

သမုတ္တေဇေသိ။ ။[သံ+ဥ+တိဇ+ဏော။]တိဇဓာတ်သည် ထက်အောင်ပြုခြင်း အနက်ကို ဟော၏၊ ထိုဒါနမှ၌“စိတ်ကို+ထက်သန်စေ၏”ဟု သဒ္ဒတ္ထဖြစ်၏၊ ဝေါဒါပေ သိကား အဓိပ္ပါယတ္ထတည်း၊“ဖြူစင်”ဟူသည် ဝိပ္ပဋိသာရ အညစ်အကြေး၏ ကင်းခြင်း တည်း၊ ထို့ကြောင့် “ ဝိပ္ပဋိသာရဝိနောဒနေန ”ဟု ဝိသေသနပြုသည်၊ ဤ ဝိသေသန လည်း နိဒဿနနည်းပြ မျှသာတည်း၊ လောဘ ဒေါသ စသော အညစ်အကြေးအားလုံး ကင်းမှ စိတ်နေ ဖြူစင်ရာရောက်သည်၊ သို့သော် ဒါနပြုရာ၌ ဝိပ္ပဋိသာရ အညစ်အကြေး ဖြစ်ဘို့ရန် အနီးဆုံးဖြစ်သောကြောင့် ဝိပ္ပဋိသာရကိုသာ ပြထားသည်။

သမ္မဟံသေသိ။ ။“သံ–ကောင်းစွာ+ပ-အပြားအားဖြင့်+ဟံသေ– ရွှင်လန်းစေ ခြင်း” ဟူသည် ဒါနပြုခြင်း၏ ကောင်းပုံကို ချီးမွမ်းခြင်းတည်း၊ ထို့ကြောင့် “ ထုတိံ ကတ္ထာ ကထေသိ”ဟု အဓိပ္ပါယတ္ထဖွင့်သည်၊ မှန်၏–မိမိ ဒါနကို သူတပါးတို့က ချီးမွမ်း ကြလျှင် ဒါနရှင်တို့သည် လွန်စွာရွှင်ပျဝမ်းမြောက်ကြ၏၊ သို့သော် ထိုဝမ်းမြောက်မှုသည် မဟာကုသိုလ် ဝိတိ သောမနဿ မဟုတ်ဘဲ , လောဘမူ ဝိတိသောမနဿ ဖြစ်နေပါမူ လောဘအညစ်အကြေးဖြင့် ညစ်နွမ်းကာ (သမုတ္တေဇေသိ အရှဉ့် ပြအပ်ခဲ့သော) သမု တ္တေဇန မဖြစ်ဘဲရှိလိမ့်မည်၊ ထို့ကြောင့် ဘုရားရှင်တို့သည် ဒါနအမှုကို တိုက်ရိုက် မချီး မွမ်းဘဲ အကျိုးကိုသာ ဟောပြတော်မူလေ့ရှိကြပေသည်။

အမှုကို၊ ကတံ–ပြုအပ်ပါပေပြီ၊ ဣတိ – သို့၊ ထုတိ – ချီးမွမ်းခြင်းကို၊ ကတ္ဝာ, ကထေသိ–ပြီ၊ ဝတ္တာ ဓမ္မတော နတ္ထိတိ – ကား၊ ဓမ္မေန– မှန်သော သဘော အားဖြင့်၊ သမေန– ငြိမ်းအေးကြောင်း အကျင့်ဖြင့်၊ ကာရကောန– သင့်လျော်သော အကြောင်းဖြင့်၊ ဝတ္တာ-ပြောဆိုနိုင်သူသည်၊ နတ္ထိ–မရှိပါ။

နံ ရုက္ခာ၊ပေ၊ ဗရိဟိသတ္ထာယာတိ – ကား၊ ယူပနာမကေ– ယူပအမည်ရှိကုန်သော၊ ယေ မဟာထမ္ဘေ-အကြင်ကြီးစွာသော တိုင်တို့ကို၊ ဥဿာပေတ္ဝာ-ထောင်မတ်စေ၍၊ ဝါ- စိုက်ထူ၍၊ အသုကရာဇာ – ထို မည်သော မင်းသည်၊ (တနည်း) အသုကာမစ္စော–ထို မည်သော အမတ်သည်၊ (တနည်း) အသုကဗြာဟ္မဏော–ထိုမည်သော ပုဏ္ဏားသည်၊ ဝေရုပံနာမ – ဤသို့ သဘောရှိသည် မည်သော၊ မဟာယာဂံ – ကြီးစွာသော ယဇ်ကို၊ ယဇတိ – ပူဇော်၏၊ ဣတိ–သို့၊ နာမံ-အလ္လုရှင်၏ နာမည်ကို၊ လဒ္ဓါတ္ဝာ-ရေး၍၊ ထပေန္တို - ထားကြကုန်၏၊ စ – သည်သာ မကသေး၊ ယာနိ ဒဋ္ဌာတိဏာနိ – အကြင် နေဇာမြက်တို့ကို၊

× × × × × × ×

ဓမ္မတော။ ။ဓမ္မသဒ္ဒါ၏ အဘိဓါန် (၇၀၄) လာ အနက်တို့တွင် သစ္စအနက်တည်း၊ ထို့ကြောင့်“သစ္စတော”ဟု ဋီကာဖွင့်သည်၊ သစ္စာသည် တရားမှ မကင်းသောကြောင့် ဓမ္မလည်းမည်၏, ငြိမ်သက်သော အကျင့်ဖြစ်သောကြောင့် သမ (ငြိမ်သက်) လည်း မည်၏၊ သင့်လျော်သော အကြောင်းဖြစ်သောကြောင့် ကာရဏလည်း မည်၏၊ ထို့ကြောင့် သမေန, ကာရကောနတို့သည် ဓမ္မေန၏ ပရိယာယ် အဖွင့်တို့တည်း၊ [ဓမ္မတောတိ သစ္စတော၊ သစ္စံ ဟိ ဓမ္မတော အနပေတတ္တာ ဓမ္မံ, ဥပသမစရိယဘာဝတော သမံ, ယုတ္တဘာဝေန ကာရကာန္တိစ ဝုစ္စတိ၊–ဋီကာ။]

နံ ရုက္ခာ၊ပေ၊ ဗရိဟိသတ္ထာယ ။ ။ ယဇ်တိုင်စိုက်၍ ထိုယဇ်တိုင်၌ အလ္လုရှင်၏ နာမည်ကို ရေးသားတတ်ကြ၏၊ ထို ယဇ်တိုင်အကျိုးငှါ သစ်ပင်တို့ကို မခုတ်အပ်ကုန်၊ နေဇာမြက်တို့ကို ရိတ်၍ ထို မြက်တို့ကို တောပန်းသဘွယ် သိကုံးကာ ယဇ်တင်းကုပ် (အလ္လုမဏ္ဍပ်) ၏ ပတ်ဝန်းကျင်၌ ထားတတ်ကြ, ယဇ်ပူဇော်ရာ (အလ္လုပေးရာ) မြေ၌ သော်လည်း စိမ်းစိမ်းစိုစို ရှိအောင် ဖြန့်ခင်းထားတတ်ကြကုန်၏၊ ထိုသို့ နေဇာမြက်တို့ကိုလည်း မရိတ်အပ်ကုန်၊ ဤစကားဖြင့် “နွားဆိတ် စသည်ကို မသတ်အပ်ကြောင်းမှာ အထူးပြောဘွယ် မလိုတော့ပါ”ဟု ပြသည်။

ဗရိဟိသတ္ထာယ။ ။“ဗရိဟိသတ္ထာယာတိ ပရိစ္ဆေဒတ္ထာယ (ယဇ်ပူဇော်ရာမြေနှင့် ယဇ်ပူဇော်ရာ မဟုတ်သော မြေကို ပိုင်းခြားခြင်းအကျိုးငှါ)” ဟု ဋီကာ၌ တွေ့ရ၏၊ ယခုခေတ် အလ္လုပြုလုပ်ရာမြေနှင့် အလ္လုပြုလုပ်ရာ မဟုတ်သောမြေကို ရာဇမတ်ကာ၍ ခဲခြားခြင်းမျိုးတည်း၊ အဋ္ဌကထာ၌ကား “ ဝနမာလာသခေ်ပေန ” စသည်ဖြင့် ယဇ်တင်းကုပ် အလ္လုမဏ္ဍပ်ကို သာယာစိုပြေအောင် ဆင်ပြင်မှုကိုသာ ဖွင့်သည်၊ ဤ အဋ္ဌကထာ အဖွင့်သည် “ဗရိဟိသတ္ထာယ”ပါဠိနှင့် လိုက်လျော၏၊ မှန်၏၊ – ထောမနိမိဠ္ဍဝန်ဟိသ်, (ပါဠိ၌ ဗရိဟိသသည် စိတ္တက (ဆန်းကြယ် သာယာအောင်ပြုခြင်း) အနက်ကိုလည်း ဟောသည်။ [ရှေးစာအုပ်တို့၌ “ပရိဟိ”သတ္ထာယ ”ဟု ရှိ၏၊ သင့်မည် မထင်ပါ၊ ဗရိဟိသတ္ထာယဟု ပြင်ထားသောမူသာ ကောင်းစရာရှိပါသည်။]

လာယိတွာ-ရိတ်၍၊ ဝနမာလာသခ်ေပန-တောပန်းတို့ဖြင့် သီကုံးအပ်သော ပန်းကုံးအသွင်ဖြင့်၊ ဝါ- တော အစဉ်အတန်း အသွင်ဖြင့်၊ ယညသာလံ - ယင်္တင်းကုပ်ကို၊(အလှူမင္ဂွာပ်ကို)၊ ပရိက္ခိပန္တိ-ဝန်းရံကြကုန်၏၊ ဘူမိယံဝါ-မြေ၌သော်လည်း၊ ပတ္ထရန္တိ-ဖြန့်ကြကုန်၏၊ ဇေတပိ ရုက္ခာ-ထို သစ်ပင်တို့ကိုသော်မှလည်း၊ နဆိဒ္ဓံသု-မဖြတ်အပ်ကုန်တုံ့သေး၏၊ (ဇေတပိ) ဒဠ္ဟာ-ထို နေဇာမြက်တို့ကိုသော်မှလည်း၊ နလူယိံသု-မရိတ်အပ်ကုန်တုံ့သေး၏၊ ဂါဝေါဝါ- နွားတို့ကိုဌင်း၊ အဇာဒယောဝါ-ဆိတ် အစရှိသည်တို့ကိုဌင်း၊ ကိံပန ဟညိဿန္တိ-အဘယ့်ကြောင့် သတ်အပ်ကုန်တော့အုံ့နည်း၊(နဟညန္တိယေဝ-မသတ်အပ်ကုန်တော့သည်သာ၊) လူတိ-၌အနက်အဓိပ္ပါယ်ကို၊ ဒဿေတိ-ပြ၏။

အန္ဆောဂေဟဒါသာဒယော-အိမ်တွင်း၌ ပေါက်ဖွားသော ကျွန်အစရှိသည်တို့သည်၊ ဒါသာတိ-ဒါသတို့မည်၏၊[အာဒိဖြင့် ဓနက္ကိတစသော ကျွန် ၃ မျိုးကို ယူပါ။] ယေ - အကြင် သူတို့သည်၊ ပုဗ္ဗဝ - အလုပ်မလုပ်မီ ရှေးဦးစွာသာလျှင်၊ ဓနံ-ဥစ္စာကို၊ ဂဟေတွာ-၍၊ ကမ္မံ-အလုပ်ကို၊ ကရောန္တိ-ပြုကုန်၏၊ (တေ-ထို သူတို့သည်၊)ပေဿာတိ-တို့မည်၏၊[ပေသိတဗ္ဗာ-စေခိုင်းအပ်ကုန်၏၊ ဇုတိ ပေဿာ၊ ပိသဓာတ်, ဣစ္ဆ ပစ္စည်း။] ယေ-တို့သည်၊ ဘတ္တဝေတနံ-နွေစာထမင်း, လစာရိက္ခာကို၊ ဂဟေတွာ,(ကမ္မံ)ကရောန္တိ၊(တေ)ကမ္မကရာတိ-တို့မည်၏၊ [ဘတ္တဝေတနန္တိ ဒေဝသိကဘတ္တဉ္စေဝ, မာသိကာဒိ ပရိဗ္ဗယဉ္စ။]

× × × × × × ×

ဝနမာလာသခ်ေပန။ ။“ဝနပုပ္ဖေဟိ ဂန္ထိတမာလာနိယာမေန ”ဟု ဋီကာဖွင့်၏၊ ဋီကာသစ်၌ကား “ဝနပန္တိအာကာရေန”ဟု တနည်း ဖွင့်သေး၏၊ ဤနည်း၌မာလာသဒ္ဒါသည် အစဉ်အတန်း အနက်ဟောတည်း။

နရုက္ခာ၊ပေ၊လူယိံသု။ ။ ပါဠိတော်၌ “ နေဝဂါဝေါ ဟညိံသု၊ပေ၊နဂိဓမာပါဏာ သံဃာတံ အာပဇ္ဇိံသု”ဟု ဆိုပြီးနောက် အဘယ်အကျိုးငှါ“နရုက္ခာ”စသည်ဖြင့် သစ်ပင်တို့၏ မခုတ်ဖြတ်အပ်ပုံကိုဌင်း, နေဇာမြက်တို့၏ မရိတ်အပ်ပုံကိုဌင်း ဆိုပါသနည်း၊-ဟု မေးဘွယ်ရှိ၏၊ အဖြေကား-သစ်ပင် မြက်ကိုသော်မှ မခုတ်ဖြတ် - မရိတ်အပ်ကုန်တုံ့သေး၏, သက်ရှိဖြစ်သော နွားစသည်တို့ကို အဘယ်မှာ သတ်အပ်ကုန်တော့အုံ့နည်း ဟု-နွားစသည် မသတ်ပုံကို ခိုင်မြဲစေခြင်း အကျိုးငှါဌင်း, တိတ္ထိတို့က သစ်ပင်မြက်တို့၌ အသက်ဇီဝရှိ၏ ဟု ယူကြ၏၊ ထို မှားယွင်းစွာ ယူသူတို့၏ ဤယင်္တကို မဖျက်ဆီးနိုင်ခြင်း(သစ်ပင် မြက်တွေကို ခုတ်ဖြတ်သည်ဟု မစွပ်စွဲနိုင်ခြင်း) အကျိုးငှါဌင်း, “ နရုက္ခာ ဆိဒ္ဓံသု”စသော ဤစကားကို ဘုရားရှင် မိန့်တော်မူသည်။

ဘူမိယံ ဝါ ပတ္ထရန္တိ။ ။ဝေဒိဘူမိံ (လာဘသက္ကာရကို ရရာဖြစ်သော) မန္တန်စသည်ဖြင့် ပြုပြင်အပ်သော ယင်္တပူဇော်ရာနယ်မြေကို၊ ပရိက္ခိပန္တာ(ဝန်းရံကုန်လျက်၊)၊ တတ္ထ တတ္ထ ပတ္ထရန္တိ၊ မန္တာဒိနာ ဟိ ပရိသဒ်ံတာ ဘူမိ“ဝိန္ဒတိ အဿံ(ဤမြေ၌) လာဘသက္ကာရေ”တိ ကတွာ ဝေဒိတိ ဝုစ္စတိ၊-ဋီကာသစ်။

ဒက္ခာယဒ္ဒိမုဂ္ဂရာဒီနိ–ဒုတ်, နှင်တံ, လက်ရိုက်အစရှိသည်တို့ကို၊ ဂဟေတွာ-ကိုင်၍၊ ကမ္မံ–အလုပ်ကို၊ ကရောထ– လုပ်ကြကုန်လော၊ ကရောထ–လုပ်ကြကုန်လော၊ ဣတိ ဧဝံ-သို့၊ တဇ္ဇိတာ-ခြိမ်းချောက်အပ်သူတို့သည်၊ ဒက္ခာတဇ္ဇိတာနာမ–ဒက္ခာတဇ္ဇိတတို့မည်၏၊ ကမ္မံ–အလုပ်ကို၊ သစေ ကရောသိ– အကယ်၍ လုပ်အံ့၊ (ဧဝံသတိ)၊ ကုသလံ – ကောင်း၏၊ နော စေ ကရောသိ – အကယ်၍ မလုပ်အံ့၊(ဧဝံသတိ)၊ ဆိန္နိဿာမ–ဖြတ်ကုန်အံ့၊ ဣတိ ဝါ- ဤသို့သော်၎င်း၊ ဗန္ဓိဿာမ-နှောင်ဖွဲ့ကုန်အံ့၊ ဣတိ ဝါ-၎င်း၊ မာရေဿာမ–သတ်ကုန်အံ့၊ ဣတိ ဝါ-၎င်း၊ ဧဝံ-သို့၊ ဘယေန-ဘေးဖြင့်၊ တဇ္ဇိတာ-တို့သည်၊ ဘယတဇ္ဇိတာ နာမ-ဘယတဇ္ဇိတတို့မည်၏။

ပန–ကား၊ တေ–၌ ဒါဿ အစရှိသော ပုဂ္ဂိုလ်တို့သည်၊ ဒက္ခာတဇ္ဇိတာ-ဒုတ်စသော ဒဏ်ဖြင့် ခြိမ်းချောက်အပ်ကုန်သည်၊(ဟုတ္တာ)၊ ပရိကမ္မာနိ-ထက်ဝန်းကျင် ပြုဘွယ်ကိစ္စတို့ကို၊ နာ အကံသု – ပြုကြကုန်သည် မဟုတ်၊ ဘယတဇ္ဇိတာ- ဘေးဖြင့် ခြိမ်းချောက်အပ်ကုန်သည်၊ (ဟုတ္တာ)၊ ပရိကမ္မာနိ - တို့ကို၊ နာ အကံသု-မဟုတ်၊ အဿုမုခါ– မျက်နှာ၌ မျက်ရည်ရှိကုန်သည်၊ (ဟုတ္တာ)၊ ရောဒမာနာ–ငိုကြွေးကုန်လျက်၊ ပရိကမ္မာနိ-တို့ကို၊ နာ အကံသု-မဟုတ်၊အထခါ- အဟုတ်ကား၊ ပိယသမုဒါစာရေနေဝ–ချစ်ခင်ဘွယ် အခေါ်အဝေါ်ဖြင့်သာလျှင်၊ ဝါ-ချစ်ခင်ဘွယ် အသုံး အနှုန်းဖြင့်သာလျှင်၊ သမုဒါစာရိယမာနာ-ခေါ်ဝေါ်ပြောဆိုအပ်ကုန်သည်၊(ဟုတ္တာ ပရိကမ္မာနိ-တို့ကို)၊ အကံသု-ပြုကုန်ပြီ၊ ဟိ-မှန်၊(တနည်း)ဟိ(ယသ္မာ)-ကြောင့်၊ တတ္ထ-ထို ပုဂ္ဂိုလ်တို့တွင်၊ ဒါသံ ဝါ - ကျွန်ကိုမူလည်း၊ ဒါသာတိ – ကျွန်တို့ဟူ၍၊ နအာလပန္တိ – မခေါ်ဝေါ်မပြောဆိုကြကုန်၊ ပေသံဝါ– အစေအပါးကို မူလည်း၊ ပေဿာတိ – အစေအပါးတို့ဟူ၍၊ နအာလပန္တိ - ကုန်၊ ကမ္မကရံဝါ– အလုပ်သမားကိုမူလည်း၊ ကမ္မကရာတိ–အလုပ်သမားတို့ ဟူ၍၊ နအာလပန္တိ- ကုန်၊ ပန – အနွယကား၊ ယထာနာမဝသေနေဝ-အကြင်အကြင်နာမည်၏အစွမ်းဖြင့်သာလျှင်၊[ပါကဋနာမာနုရူပေနေဝ– “မည်သူ မည်ဝါ” ဟု ခေါ်နေကျဖြစ်၍ ထင်ရှားသော နာမည်အား လျော်သဖြင့်သာ။] ပိယသမုဒါစာရေန – ချစ်ခင်ဘွယ် အခေါ်အဝေါ်ဖြင့်၊ ဝါ-ချစ်ခင်ဘွယ် အသုံးအနှုန်းဖြင့်၊ အာလပိတ္တာ – ခေါ်ဝေါ်ပြောဆို၍၊ ဧဇ္ဇိ ပုရိသ ဗလဝန္တဒုဗ္ဗလာနံ - မိန်းမ, ယောကျ်ား, အားရှိသူ, အားမရှိသူတို့အား၊ အနုရူပမေဝ – လျော်စွာသာလျှင်၊ ကမ္မံ– အလုပ်ကို၊

× × × × × × ×

ပရိကမ္မာနိ။ ။သဗ္ဗဘာဂိယာနိ (အကောင်း အဆိုး အမျိုးမျိုးအားဖြင့် အလုံးစုံသော အဘို်ဥ် ဖြစ်ကုန်သော) ကမ္မာနိ၊ ဥစ္စာဝစာနိ ကမ္မာနိတိ အတ္ထော၊– ဋီကာသစ်၊ ပရိကို“သဗ္ဗဘာဂ”ဟု ဖွင့်သည်။

ဒဿေတွာ- ပြ၍၊ ဣဒဉ္စ – ဤအလုပ်ကိုလည်း၊ ကရောထ -ပြုကြကုန်လော၊ ဣဒဉ္စ- ကိုလည်း၊ ကရောထ- လော၊ ဣတိ– ဤသို့၊ ဝဒန္တိ -ပြောဆိုကြကုန်၏၊ တေပိ– ထို ခတ္တိယ အစရှိသော ပုဂ္ဂိုလ်တို့သည်လည်း၊ အတ္တနော–မိမိ၏၊ ရုစိ ဝသေနေဝ-အလို၏အစွမ်းဖြင့်သာလျှင်၊ ကရောန္တိ- န်၏၊ တေန - ထို့ကြောင့်၊ ယေ၊ပေ။အာကံသုတိ-ဟူ၍၊(ဘဂဝတာ)၊ ဝုတ္တံ–မိန့်တော်မူအပ်ပြီ။

သပ္ပိတေလ၊ပေ၊မဂမာသိတိ-ဟူသော ဤပါဠိတော်၌၊ (ဂုဠတ္ထံ)ကိရ (ဥဒ္ဓရိတ္ဝာ, ဒဿမိ)၊ ရာဇာ-မင်းသည်၊ နဂရဿ-၏၊ ဗဟိ-ပြင်ဘက်၌၊ စတူသု-၄ပေါက်ကုန်သော၊ ဒ္ဝါရေသု – တံခါးပေါက်အနီး တို့ဂုင်း၊ နဂရဿ – ၏၊ အန္တော – အတွင်း၌၊ မဇ္ဈေ- အလယ်ဂုင်း၊ (ဣတိ- ၌စပ်၊) ဣတိ-သို့၊ ပဥ္စသု–၅ရပ်ကုန်သော၊ ဌာနေသု-တို့၌၊ မဟာဒါနသာလာယော – ကြီးစွာသော အလှူတင်းကုပ်တို့ကို၊ ကာရာပေတွာ–ဆောက်လုပ်စေပြီး၍၊ ဧကေကိဿာယ--တခုတခုသော၊ သာလာယ-အလှူတင်းကုပ်၌၊ သတသဟဿံ သတသဟဿံ– တသိန်းတသိန်းသော ဥစ္စာကို၊ ကတွာ - ပြု၍၊ ဒိဝသေ ဒိဝသေ – နေ့တိုင်းနေ့တိုင်း၊ ပဉ္စသတသဟဿာနိ-၅ သိန်းသော ဥစ္စာတို့ကို၊ ဝိသဇ္ဇေတွာ- စွန့်လွှတ်၍၊ သူရိယုဂ္ဂမနတော-နေထွက်ရာအခါမှ၊ ပဋ္ဌာယ-စ၍၊ တဿတဿ ကာလဿ-ထိုထို အချိန်အခါအား။ အနုရူပေဟိ-လျော်ကုန်သော၊ သဟတ္ထေန-မိမိလက်ဖြင့်၊ သုဝဏ္ဏကဋ္ဌံ-ရွှေယောက်ချိုကို၊ ဂဟေတွာ-ကိုင်၍၊ ပဏီတေဟိ-မွန်မြတ်ကုန်သော၊ သပ္ပိတေလာဒိ သမ္မိဿေဟေဝ-ထောပတ် ဆီ အစရှိသည်တို့ဖြင့် ရောနှောအပ်သည်သာလျှင် ဖြစ်ကုန်သော၊ ယာဂုခဇ္ဇကဘတ္တဗျဉ္ဇနပါနကာဒီဟိ – ယာဂု, ခဲဘွယ်, ထမင်း, ဟင်း, သောက်ဘွယ်, အစရှိသည်တို့ဖြင့်၊ မဟာဇနံ - များစွာသော လူအပေါင်းကို၊ သန္တပ္ပေသိ – တင်းတိမ်ရောင့်ရဲစေပြီ၊ ဘာဇနာနိ– အိုးခွက်တို့ကို၊ ပူရေတွာ - ပြည့်စေ၍၊ ဂဏ္ဍိတုကာမာနံ – ယူခြင်းငှါအလိုရှိသူတို့အား။ တထေဝ- ထို အလိုအတိုင်းသာလျှင်၊ ဒါပေသိ–ပေးစေပြီ၊ ပန–ကား၊ သာယဏ္ဟသမယေ–ညနေချမ်းအခါ၌၊ ဝတ္ထဂန္ဓမာလာဒီဟိ- အဝတ်, နံ့သာ, ပန်းအစရှိသည်တို့ဖြင့်၊ သမ္မာဇေသိ – ကောင်းစွာပူဇော်ပြီ၊ ပန–ဆက်၊ သပ္ပိအာဒီနံ- ထောပတ် အစရှိသည်တို့ဖြင့်၊ မဟာစာဋိယော- အိုးစရည်းကြီးတို့ကို၊

× × × × × × ×

သပ္ပိ၊ပေ၊ ဖါဏိတေန စေဝ။ ။“စ+ဧဝ”ဟု ပုဒ်ဖြတ်၍ ထို စ သဒ္ဒါသည် အဝုတ္တသမုစ္စယ (တိုက်ရိုက်မဆိုအပ်သောအနက်ကိုဆည်းခြင်း) အနက်ရှိ၏၊ထို့ကြောင့် အဋ္ဌကထာ၌ “သပ္ပိတေလာဒိသမ္မိဿေဟေဝ ယာဂုခဇ္ဇကဘတ္တဗျဉ္ဇနပါနကာဒီဟိ” ဟု ယာဂုစသည်ကို ထည့်၍ဖွင့်သည်၊ ပါနကာဒီဟိ၌ အာဒိဖြင့် အဝတ်, ယဉ်, (ဘိနပ်), မာလာ, ဂန္ဓ, ဝိလေပန, သေယျ, စသည်တို့ကိုယူပါ။ [စသဒ္ဒေါ အဝုတ္တသမုစ္စယတ္ထောဝ၊ တေန (ဖြင့်) ပဏီတပဏီတာနံ နာနပ္ပကာရာနံ ခါဒနီယ၊ပေ၊ သေယျာဒိနဉ္စ သင်္ဂဟော ဒဋ္ဌဗ္ဗော၊–ဋီကာ။]

ပူရေတွာ- ပြည့်စေ၍၊ ယော-အကြင်ပုဂ္ဂိုလ်သည်၊ ယံ- အကြင် အာဟာရကို၊ ပရိဘုဉ်တုကာမော – သုံးဆောင်ခြင်းငှါ အလိုရှိ၏၊ သော– သည်၊ တံ– ထို အာဟာရကို၊ ပရိဘုဉ်တု – သုံးဆောင်ပါစေ သတည်း၊ ဣတိ – ဤသို့ ကြံ၍၊ အနေကသတေသု – အရာမက များစွာကုန်သော၊ ဌာနေသု – ဌာနတို့၌၊ ထပါပေသိ- ထား၊စေပြီ၊ တံ- ထို အလုံးစုံကို၊ (ယာဂုဘတ္တ မှစ၍ အလုံးစုံကို၊) သန္ဓာယ-ရည်ရွယ်တော်မူ၍၊ သပ္ပိတေလ ၊ပေ၊နိဋ္ဌာနမဂမာသိတိ-ဟူ၍၊ ဘဂဝတာ, ဝုတ္တံ။

ပဟူတံ သာပတေယျံ အာဒါယာတိ-ကား၊ ဗဟုံ-များစွာသော၊ ဓနံ- ဥစ္စာကို၊ ဂဟေတွာ—၍၊(ဥပသင်္ကမိတွာ အာဟံသု-၌စပ်၊)ကိရ-ခဲ့၊ တေ-ထိုခတ္တိယအစရှိသူတို့သည်၊ စိန္တေသုံ၊(ကိ)၊ အယံ ရာဇာ-ဤမင်းသည်၊ သပ္ပိတေလာဒီနိ-တို့ကို၊ ဇနပဒတော-ဇနပုဒ်မှ၊ အနာဟရာပေတွာ-မဆောင်စေမူ၍၊ အတ္တနော-မိမိ၏၊ သန္တကမေဝ-ဥစ္စာကိုသာ၊ နီဟရိတွာ- ထုတ်ဆောင်၍၊ မဟာဒါနံ- ကို၊ ဒေတိ-၏၊ ပန-စင်စစ်ကား၊ အမ္ဟေဟိ–ငါတို့သည်၊ (နယုတ္တံ-၌စပ်၊)ရာဇာ—သည်၊ (အမှ–တို့ကို၊) ကိဉ္စိ-တစုံတခုကို၊ နအာဟရာပေတိ-မဆောင်ပို့စေ၊ ဣတိ– ဤသို့ နှလုံးသွင်း၍၊ တုဏ္ဍီ- ဆိတ်ဆိတ်၊ ဘဝိတုံ–ဖြစ်ခြင်းငှါ၊ နယုတ္တံ– မသင့်၊ ဟိ-မှန်၊ ရညော-၏၊ ယရေ-နန်းတော်၌၊ ဓနံ- ဥစ္စာသည်၊ အက္ခယမမ္ဟ မေဝ–မကုန်ခန်းနိုင်သည်၏အဖြစ်ဟူသော သဘောရှိသည်သာ၊ နာ–မဟုတ်၊ [အက္ခယဉ္စ ဘာဝပ္ပဓာနကြောပါ၊] စ-ဆက်၊ အမ္ဟေသု-ငါတို့သည်၊ အဒေန္တေသု-မပေးကုန်လသော်၊ အညော - ငါတို့မှ တပါးသော၊ ကော- အဘယ်သူသည်၊ ရညော–အား၊ ဒဿတိ–ပေးလတ့ံနည်း၊ ဟန္ဒ-ယခု၊ အဿ- ထိုမင်းဘို့၊ နံ-ကို၊ ဥပသံဟရာမ-ဆောင်ပို့ကြကုန်စို့၊ ဣတိ-ဤသို့ကြံကြကုန်ပြီ၊ (ဣတိ-ဤသို့ကြံပြီး၍၊) တေ–ထို ခတ္တိယအစရှိသူတို့သည်၊ [တေ ကိရမှ စောသဒ္ဒါ လိုက်နိုင်သောကြောင့် ဤ၌ တေ ပါသည်ကား မကောင်း။] ဂါမဘောဇနစ - တရွာ

× × × × × × ×

သာပတေယျံ။ ။“သံ+ပတိ+ယျ”ဟု ပုဒ်ခွဲ၊ သံသဒ္ဒါသည်“သော ဗန္ဓဝေတွန် စ သံ, သော ဓနသ္မိ မနိတ္ထိယံ”ဟူသော အဘိဓာန် (၈၀၈) ဂါထာလာ အနက်တို့တွင် ဥစ္စာဟူသောအနက်ကို ဟော၏၊ ဥစ္စာဟူသော အနက်ကိုဟောသော ရဋ္ဌိပုဒ် ဖြစ်သောကြောင့် “သံ နာမ ဓနံ ဝုစ္စတိ”ဟု ဋီကာတို့ဖွင့်ကြသည်၊ သသ-ဥစ္စာ၏၊ ပတိ-အရှင်တည်း၊ သပတိ-ဥစ္စာ၏အရှင်၊ “သ”ဟု ပုဒ်ရင်းဖြစ်သောကြောင့် နိဂ္ဂဟိတ်ကိုချေဘွယ်မလို၊ ဋီကားသစ်၌ “နိဂ္ဂဟိတလောပေန ”ဟု ဆိုသည်ကို စဉ်းစားပါ၊ သပတိသ+ဟိတံ သာပတေယျံ-ဥစ္စာရှင်၏စီးပွား၊ ဟိတအနက်၌ ကောယျပစ္စည်းသက်၊ ထို “ဥစ္စာရှင်၏ စီးပွား” ဟူသည် ဥစ္စာပင်တည်း၊ ထို့ကြောင့် အဋ္ဌကထာ၌ သာပတေယျံကို “ဓနံ”ဟု ဖွင့်သည်၊ [သံ နာမ ဓနံ၊ တသ္မာ ပတိတိ သပတိ၊ ဓနဝါ၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိကဟိတာဝဟတ္တာ တသ္မာ ဟိတန္တိ သာပတေယျံ၊ တဒေဝ ဓနံ၊–ဋီကာဟောင်း။]

ထည်းဝယ် ပေါင်းစု၍ယူထိုက်သော အဘို့အစုအားဖြင့်ဂုဏ်း၊ နိဂမဘာဂေန စ–နိဂုံးတခုတည်းဝယ် ပေါင်းစု၍ယူထိုက်သော အဘို့အစုအားဖြင့်ဂုဏ်း၊ နဂရဘာဂေနစ-တမြို့တည်းဝယ် ပေါင်းစု၍ယူထိုက်သော အဘို့အစုအားဖြင့်ဂုဏ်း၊ သာပတေယျံ–ဥစ္စာနှစ်ကို၊ သံဟရိတ္ဝာ-စုရုံး၍၊ သကဋာနိ–တို့ကို၊ ပူရေတ္ဝာ-၍၊ ရညော–မင်း၏အထံသို့၊ ဥပဟာရိံသု– ပို့ဆောင်ကြကုန်ပြီ၊ တံ– ထိုပို့ဆောင်အပ်သော ဥစ္စာကို၊ သန္ဓာယ–၍၊ ပဟူတံ သာပတေယျံတိ အာဒိံ-အစရှိသော စကားကို၊ ဘဂဝါ, အာဟ-ပြီ။

ပုရတ္ထိမေန ယဉ္စဝါဠသာတိ–ကား၊ ပုရတ္ထိမတော–အရှေ့အရပ်၌၊ ဝါ–အရှေ့အရပ်က၊ နဂရဿဂါရေ-မြို့တံခါး၌၊ ဒါနသာလာယ– အလှူတင်းကုပ်၏၊ ပုရတ္ထိမဘာဂေ–အရှေ့အရပ်အဘို့၌၊ ယထာ– အကြင် အခြင်းအရာအားဖြင့်

× × × × × × × ×

ဂါမဘာဂေန။ ။သံကိတ္တနဝသေန (တတ်နိုင်သမျှ ပါဝင်ကြဲဘို့ရန် ကြေးကြော်ခြင်း, ဆော်သြခြင်း၏အစွမ်းဖြင့်) ဂါမေ ဂဟေတဗ္ဗဘာဂေန (ရွာ၌ယူထိုက်သောအဘို့အားဖြင့်)၊–ဋီကာ၊ ဤအလို တရွာထည်းဝယ် ကြေးကြော်နှိုးဆော်၍ ပေါင်းစုယူထိုက်သော အဘို့ကို "ဂါမဘာဂ" ဟု ဆိုသည်၊ "ဂါမေ+ဂဟေတဗ္ဗော+ဘာဂေါ ဂါမဘာဂေါ" ဟု ပြုပါ။

ဋီကာသစ်။ ။"ပစ္စေက်ံ သဘာဂဂါမ ကောဋ္ဌာသေနာတိပိ အတ္ထော" ဟု ဋီကာသစ်၌ တနည်းဖွင့်သေး၏၊ ဤအလို ဂါမအရ သဘောတူသော ရွာအများကိုယူ၍ "ဂါမာနံ-သဘောတူသောရွာတို့၏+ဘာဂေါ-အဘို့အစုတည်း၊ ဂါမဘာဂေါ-စု" ဟု ပြုစေလို၏၊ နိဂမဘာဂ–နဂရဘာဂတို့၌လည်း နည်းတူ၊ သို့သော် "သဘောတူသော နိဂုံးအများ-မြို့အများ ပေါင်းစုဘို့ကား လက်တွေ့အားဖြင့် မလွယ်ကူ, ခရီးအားဖြင့် ဝေးကွာသောကြောင့်ဂုဏ်း, ထိုမြို့၏ ပိုင်စားဖြစ်သော ခတ္တိယသည် သူ့ကိုယ်တိုင်သာ ပို့ဆောင်မည်ဖြစ်၍ အခြားမြို့ပိုင်နှင့် ပေါင်းလိမ့်မည် မဟုတ်သောကြောင့်ဂုဏ်းတည်း၊ ထို့ကြောင့် ဋီကာသစ်အဖွင့်ကို စဉ်းစားပါ။

ယဉ္စဝါဠသ။ ။ရှေးစာအုပ်တို့၌"ယညာ"ဟု ရှိသော်လည်း ထောမနိမိ၌"ယဉ္စဝါဠ"ဟု ရှိ၍"ယဉ္စဒ္ဓာန (ယဇ်ပူဇော်ရာ အရပ်)"ဟု အနက်ဖွင့်၏၊ စန္ဒကုမာရဇာတ်အဋ္ဌကထာ၌လည်း "ယဉ္စဝါဠံ သမတလံ ကာရေတ္ဝာ ဝတိယာ ပရိက္ခိပိ-"ယဇ်ပူဇော်ရာဌာနကို ညီမျှသော အပြင်ရှိအောင် ပြုစေ၍ စည်းဖြင့် ကာရံပြီ"ဟု ရှိ၏၊ ထို့ကြောင့် သမတလပြုရာအရပ်သည် တွင်း (အာဝါဠ) မဟုတ်ရကား ယဉ္စဝါဠ ပါဌ်သည်သာ ပါဌ်မှန်တည်း။

ဆက်ဥုးအံ့။ ။ ဤ၌ ဝါဠသဒ္ဒါသည် ခွဲခြားဝေဘန်ခြင်း အနက်ဟော ဝဠဓာတ် ဏပစ္စည်းဖြင့် ပြီးသော သဒ္ဒါတည်း၊ ဝဋိယတေတိ ဝါဠော၊ ယညော၏-ယဇ်ပူဇော်ရာလည်း ဟုတ်၏၊ သော+ဝါဠောစ- စည်းရိုး စသည်ဖြင့် ကာရံအပ်သည်လည်း ဟုတ်၏၊ ဇုတိ ယဉ္စဝါဠော – စည်း စသည်ဖြင့် ကာရံအပ်သော ပြင်ပအရပ်နှင့် မရောအောင် ခွဲခြားအပ်သော ယဇ်ပူဇော်ရာ အရပ်၊ ဤ၌ ဒါနသာလာကိုပင် "ယဉ္စဝါဠ" ဟု သုံးစွဲထားသည်။

ထား**အပိသော်**၊ ပုရတ္ထိမဒိသတော– **အ**ရွှေအရပ်မှ၊ **အာဂစ္ဆန္တော**– လာသူတို့သည်၊ **ခ**တ္တိယာနံ– ခတ္တိယတို့၏၊ ဒါနသာလာယ– အလှူတင်းကုပ်၌၊ ယာဂုံ– ယာဂုကို၊ ပိဝိတွာ–သောက်ပြီး၍၊ ရညော-မင်း၏၊ ဒါနသာလာယ-၌၊ ဘုဉ်္ဇိတွာ– စားပြီး၍၊ နဂရံ·မြို့သို့၊ ပဝိသန္တိ-ဝင်ကြကုန်၏၊ ဧဝရူပေ-ဤသို့သဘောရှိသော၊ ဌာနေ – **အ**ရပ်၌၊ ပဋ္ဌပေသုံ – ဖြစ်စေကြကုန်ပြီ၊ ဝါ - တည်ထားကြကုန်ပြီ၊ ဒက္ခိဏေန ယာဉ်ဝါဋသာတိ–ကား၊ ဒက္ခိဏာတော- တောင်**အ**ရပ်၌၊ ဝါ–က၊ နဂရဒ္ဒါရေ–၌၊ ဒါနသာလာယ-၏၊ ဝုတ္တနယေနေဝ-ဆိုအပ်ပြီးသောနည်းဖြင့်

× × × × × × ×

ဋီကာသစ်။ ။ ယညာဝါဋ (ယည + **အ**ာဝါဋ) ဟူသော ပါဋ်ကိုပင် **အ**မှန်ယူ၍ “ ယညာဝါဋာတိ ခဏိတာဝါဋသ **အ**ဿမေဓာဒိယညယဇနဋ္ဌာနသဿတံ **အ**မိဝစနံ၊ တမ္ပေါဟာရေန (ထို**အ**မည်ကို ဒါနသာလာ**အ**ပေါ်၌ တင်စား၍ ခေါ်ဝေါ်ခြင်း**အ**ားဖြင့်) ဇုဓ ဒါနသာလာယ ဧဝ” ဟု ဖွင့်လေသည်။

မှတ်ချက်။ ။ယဇ်ပူဇော်ရာ၌ သတ်**အ**ပ်သော သတ္တဝါတို့၏ လည်ချောင်းသွေးကို ယူပြီးလျှင် တွင်းထည်း၌ လောင်းထည့်၍ ပူဇော်သော နည်းလည်းရှိပါ၏၊ သို့သော် ထိုနည်းသည် ဥသဘ ခုနစ်ရာ စသည်တို့ကို ဖွဲ့ချည်ထားရာ ယညဌာန မဟုတ်သောကြောင့်ငင်း , “ ယညဝါဋ၏ **အ**ရွှေအရပ် ” ဟု ဆိုရာ၌ တွင်းသာ မက, ယညဌာန တခုလုံးရသောကြောင့်ငင်း “ယညာ”ဟု ဒီဃရှိသောပါဋ်ကို မမှတ်ထိုက်ပါ။

ပုရတ္ထိမတော ၊ ပေ ၊ ပုရတ္ထိမဘာဂေ။ ။ပုရတ္ထိမေန ယညဝါဋသဟူသော ပါဋိတော်ကို “ ဒါနသာလာယ ပုရတ္ထိမဘာဂေ ”ဟု ဖွင့်သည်၊ “ ပုရတ္ထိမတော နဂရဒ္ဒါရေ”ကား ထိုဒါနသာလာ၏ မြို့ရှေ့တံခါးအနီး၌ တည်ရှိရာကြောင်းကို သိစေလိုရှေ့ **အ**ပို ထည့်ပါဋ်တည်း။

ယထာ၊ပေ၊ဧဝရူပေ ဌာနေ။ ။ခတ္တိယတို့၏ ဒါနသာလာနှင့် ရှင်ဘုရင်၏ ဒါနသာလာသည် **အ**လွန် မဝေးလှ၊ ရှင်ဘုရင်၏ ဒါနသာလာသည် မြို့**အ**ရှေ့တံခါး အနီး၌ တည်ရှိ၏၊ ခတ္တိယတို့၏ ဒါနသာလာကား ထို့ထက် **အ**ရှေ့ကသော (မလှမ်းမကမ်း**အ**ရပ်၌) တည်ရှိ၏၊ ဥပမာ– **အ**ရှေ့ရွာနီဂုံးတို့မှ မြို့သို့လာသူတို့သည် ခတ္တိယတို့၏ ဒါနသာလာဝယ် နံနက်စောစော ယာဂုသောက်ကြ၏၊ ထမင်းဆာလေ့သော **အ**ချိန်ဝယ် မြို့တံခါး**အ**နီး ရောက်ကြလေရာ ရှင်ဘုရင်၏ ဒါနသာလာ၌ ထမင်းစားပြီးမှ မြို့တွင်းသို့ဝင်ကြသည်၊ ဒါနသာလာ ၂ ခုသည် ဤမျှလောက် မလှမ်းမကမ်းနေရာ၌ တည်ရှိကြသည်၊—ဟူလို။

စဉ်းစားဘွယ်။ ။ဋီကာတို့ဝယ်“ယာဂုံ ပိဝိတွာ”၌“ယာဂုသီသေန ပါတရာသဘောဇနမာဟ”ဟု ဆို၏၊“ယာဂုကို ပဓာနပြု၍ဆိုသည်၊ ထိုခတ္တိယတို့၏ ဒါနသာလာ၌ ထမင်းကိုလည်း စားကြပြီးမှ မပင်မပန်းလာခဲ့ကြရာ ညနေစာ စားချိန်၌ ရှင်ဘုရင်၏ ဒါနသာလာသို့ရောက်၍ ညနေစာ စားကြသည် ”ဟု ဖွင့်ကြ၏၊ မိမိကား မြို့၌ ကိစ္စရှိ၍ လာကြသူများဖြစ်ပါလျက် မြို့သို့မဝင်သေးဘဲ ထိုကဲ့သို့ မြို့**အ**ပြင်မှာပင် နံနက်စာ ညနေစာ စား၍ **အ**ချိန်ကို ကုန်စေသင့်မည် မထင်ပါ။

သာ၊(ယထာ ပုရတ္ထိမတော အာဂန္ဆန္တာ ယာဂုံ ပိဝိတ္ဝာ စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်သာ၊)ဒက္ခိဏာဘာဂေ – တောင်အရပ်၌၊ ပဋ္ဌပေသုံ – ကုန်ပြီ၊ ပဲစ္ဆိမုတ္တာမေသုပိ–အနောက်အရပ် မြောက်အရပ်တို့၌လည်း၊ သေဝနယောဂ်နည်းပင်တည်း။

အဟော ယညော အဟော ယညသမ္ပဒါတိ–ကား၊ ဗြာဟ္မဏာ - တို့သည်၊ သပ္ပိအာဒီဟိ-ထောပတ်အစရှိသည်တို့ဖြင့်၊ နိဒ္ဒာနဂမနံ-ပြီးဆုံးခြင်းသို့ရောက်ပုံကို၊ သုတ္တာ-ကြားရ၍၊ လောကေ–လောက၌၊ ယံ-အကြင် အစာသည်၊ မခုံရံ-ချိုမြိန်ကောင်းမြတ်၏၊ တဒေဝ – ထို အစာကိုသာ၊ သမဏောဂေါတမော–ရဟန်းဂေါတမသည်၊ ကဃထတိ–ပြောဟော၏၊ ဟန္ဒ-ယခု၊ အဿ-ထို ရဟန်းဂေါတမ၏၊ ယညံ-ယဇ်ကို၊ ပသံသာမ–ချီးမွမ်းကြကုန်စို့၊ ဣတိ–ဤသို့ ကြံ၍၊ တုဋ္ဌစိတ္တာ – နှစ်သက်သော စိတ်ရှိကုန်သည်၊ ပသံသမာနာ – ချီးမွမ်းလိုကုန်သည်၊(ဟုတ္တာ)၊ ဧဝံ–ဤသို့၊ (အဟော ယညော အဟော ယညသမ္ပဒါဟု၍၊) အာဟံသု– ပြောဆိုကြကုန်ပြီ၊ တုဏှီဘူတော ဝ နိသိန္နော ဟေးတိတိ– ကား၊ ဥပရိ-အထက်၌၊ ဝတ္တုံ–လျှောက်ထိုက်သော၊ အတ္ထံ- အနက် အဓိပ္ပါယ်ကို၊ (အကြောင်း အရာကို)၊ စိန္တယမာနော–ကြံလျက်၊ နိသဒ္ဒါဝ-အသံမရှိသည်သာ၊(ဟုတ္တာ)၊ နိသိန္နော– ထိုင်နေသည်၊ ဟောတိ၊ အဘိဇာနာတိ ပန ဘဝံ ဂေါတမော တိ ဣဒံ-ဟူသော ဤစကားကို၊ ဗြာဟ္မဏော-သည်၊ ပရိဟာရေန-အဂါရဝကို ရှောင်လွှဲခြင်းအားဖြင့်၊ ပုစ္ဆန္တော-မေးလိုသည်၊(ဟုတ္တာ)၊ အာဟ-လျှောက်ပြီ၊ ဟိ–လဒ္ဓဒေါသထင်ရှားပြအံ့၊ ဣတရထာ-ရှောင်လွှဲခြင်းမှ တပါးသော အခြင်းအရာအားဖြင့်၊ (ပုစ္ဆိယမာနေ–၌စပ်၊) ကိံ ပန - အသို့နည်း၊ ဘော ဂေါတမ–အရှင်ဂေါတမ၊ တုံ-အရှင်သည်၊ တဒါ–ထိုအခါ၌၊ ရာဇာ–မဟာဝိဇိတမင်းသည်၊ အဟောသိ–ဖြစ်ပါသလော၊ ဥဒါဟု-သို့မဟုတ်၊ ပုရောဟိတော–ပုရောဟိတ်ဖြစ်သော၊ ဗြာဟ္မဏော - သည်၊ အဟောသိ – ဖြစ်ပါ

× × × × × × ×

ပရိဟာရေန။ ။နောက်၌ “ ဥဇုကမေဝ ပုစ္ဆိယမာနေ အဂါရဝေါဝိယ ” ဟု ရှိသောကြောင့် ထို အဂါရဝကို ရှောင်ခြင်းကို “ပရိဟာရ”ဆိုသည်ဟု မှတ်ပါ၊ ဋီကာ၌လည်း “ပရိဟာရေနာတိ ဘဂဝန္တံ ဂရုံ ကတ္ဝာ အဂါရဝပရိဟာရေန”ဟု (အ,အက္ခရာနှင့်တကွ) ရှိပါစေ၊ ရှေးစာအုပ်တို့၌ “ ဂါရဝပရိဟာရေန ” ဟု အ, အက္ခရာမပါဘဲ ရှိသည်မှာ မကောင်းပါ၊ သို့မဟုတ် “ ဂါရဝ ပရိဟာရေန–ဂါရဝကို ဆောင်ရွက်ခြင်းအားဖြင့်”ဟု ပေးလျှင်လည်း အဓိပ္ပါယ်မှန် ရနိုင်ပါသည်။

ဋီကာသစ်။ ။“ဥဇုကဘာဝါပနယနေန ဝါ”ဟု ဋီကာသစ်၌ တနည်းဖွင့်သေး၏၊ ပရိဟာရသဒ္ဒါ၏ ရှောင်လွှဲခြင်း–ပယ်ရှားခြင်း အနက်ကို ဖွင့်ခြင်းတည်း၊ “ တိုက်ရိုက်မမေးဘဲ ဝက်ဝုတ္တိအလင်္ကာနည်းအားဖြင့် မိမိသိလိုသော အချက်ကို သွယ်ဝိုက်၍ ပရိယာယ်အားဖြင့် မေးသည်”ဟူလို။

သလော၊ ဣတိဧဝံ-ဤသို့၊ ဥဇုကမေဝ- ဖြောင့်ဖြောင့်သာလျှင်၊ (တိုက်ရိုက်သာလျှင်၊) (ဘဂဝတိ-ကို)၊ ပုစ္ဆိယမာနေ- မေးအပ်သော်၊ အဂါရဝေါဝိယ–မရိုသေခြင်းကဲ့သို့၊ ဟောတိ။

× × × × × × ×

ပုစ္ဆိယမာနေ။ ။ရှေးစာအုပ်တို့၌ "ပုစ္ဆိယမာနော" ဟု ပဌမန္တကမ္မရုပ်ရှိ၏၊ "မေးအပ်သည်ရှိသော်၊ ဝါ–မေးအပ်သော ဘုရားရှင်သည်၊ အဂါရဝေါ– ရိုသေခြင်းမရှိသည်"ဟု အနက်ဖြစ်ရကား"အမေး ခံရသော ဘုရားရှင်က မရိုသေရာရောက်သောကြောင့် ထိုပါဋ္ဌသည် မမှန်ပါ၊"ပုစ္ဆယမာနော"ဟု ပြင်ကြသည်မှာလည်း ပုစ္ဆဓာတ်က ဘူဝါဒိသာရှိသောကြောင့် မကောင်းပါ၊ ထို့ကြောင့် ဆရာတို့သည်၊"ဘဂဝတိ–ကို" ဟု လက္ခဏဝဉ္စနဝုတ္တိကံထည့်၍ "ပုစ္ဆိယမာနေ"ဟု ပြင်တော်မူကြ၏၊ နိဿယအတိုင်း အနက်ပေးပါ။

နိစ္စဒါနအနုကုလယညာဒိ အဖွင့်

အတ္ထိ ပန ဘော ဂေါတမာတိ ဇာဒံ-အစရှိသော ဤစကားကို၊ ပြာဟ္မဏော-ကူဋဒန္တပုဏ္ဏားသည်၊(ပုစ္ဆန္တော အာဟ-ဌိစပ်၊) သကလဇမ္ဗုဒီပဝါသိနံ-အလုံးစုံသော ဇမ္ဗူဒိပ်၌နေသူတို့၏၊ ဥဋ္ဌာယ- ထကြွ၍၊ (ထထ,ကြွကြွလုပ်၍၊) သမုဋ္ဌာယ-ကောင်းစွာ ထကြွ၍၊ ဒါနံနာမ-အလှူမည်သည်ကို၊ ဒါတုံ-ပေးခြင်းငှါ၊ ဂရုကံ–ဝန်လေး၏၊(အလှူရှင်ဘက်က ဝန်လေးဘွယ် ရှိပုံကို စဉ်းစားသည်၊) စ – သည်သာ မဂဒေးး၊ သကလဇနပဒေါ – အလုံးစုံသော ဇနပုဒ်သည်၊ အတ္တနော-၏၊ ကမ္မာနိ–အလုပ်တို့ကို၊ အကရောန္တော-မလုပ်ရသည်၊ (ဟုတ္တာ-ဖြစ်၍၊ ဝါ–ဖြစ်ခြင်းကြောင့်၊) နဿိဿတိ - ပျက်စီးလတ့ံ၊ အမှာကမ္ပိ–ငါတို့၏လည်း၊(ငါတို့အတွက်လည်း၊) ["သကလဇမ္ဗုဒီပဝါသိတို့ အတွက်သာမက ငါတို့အတွက်လည်း" ဟု ဝိဖြင့် သကလဇမ္ဗုဒီပဝါသိနံကို ပေါင်း၊] ဣမမှာယညာ–၌ ယဇ်မှာ၊ ဝါ–၌ပေးဇ်ထက်၊ အညော-အခြားသော၊ အပ္ပသမ္ဘာရတရောစေဝ-အထူးသဖြင့် နည်းသော အဆောက်အဦးရှိသည်လည်းဖြစ်သော၊

× × × × × × ×

ဥဋ္ဌာယ၊ပေါနဿိဿတိ။ ။ဥဋ္ဌာယ သမုဋ္ဌာယာတိ ဒါနေ ဥဋ္ဌာနဝိရိယံ (ဥဋ္ဌာယ အဖွင့်) သဏ္ဌာန်စံ (သမုဋ္ဌာယ အဖွင့်) ကတွာ၊- ဋီကာ၊ ဒါနဋ္ဌသာ နေ့စဉ်အားစိုက်ဘို့ရန် ခဲယဉ်းသည်၊ အလှူခံများဘက်မှာလည်း ထိုဒါနသို့လာ၍ လူအများ စားသောက်နေကြသောကြောင့် အလုပ်မလုပ်ကြတော့ရကား ဇနပုဒ်အားလုံး (နယ်အားလုံး) သည်ပင် စီးပွားမတိုးတက်ဘဲ ပျက်စီးလိမ့်မည်။

အပ္ပသမ္ဘာရတရော ။ ။သမ္ဘာရိယတိ ဧတေနာတိ သမ္ဘာရော၊ – ယဇ်ကိုကောင်းစွာဆောင်ကြောင်းဖြစ်သော အဆောက်အဦး၊ အပ္ပေါ+သမ္ဘာရော ယဿာတိ အပ္ပသမ္ဘာရော၊ အတိသယေန+အပ္ပသမ္ဘာရော အပ္ပသမ္ဘာရတရော။

မဟပ္ဖလတရောစ-သာ၍ များသော အကျိုးရှိသည်လည်း ဖြစ်သော၊ ယညော-သည်၊ အတ္ထိနုခေါ်-ရှိလေသေးသလော၊ ဣတိ-ဤသို့ ကြံ၍၊ တေမတ္ထံ-ဤအနက် အဓိပ္ပါယ်ကို၊ ပုစ္ဆန္တော—သည်၊ (ဟုတ္ထာ-၍၊ ဝါ- ကြောင့်၊) အာဟ- လျှောက်ပြီ၊.... နိစ္စဒါနာနိတိ—ကား။ ဓုဝဒါနာနိ—အမြဲပေးလှူအပ်သော အလှူဖြစ်ကုန်

× × × × × × ×

မှတ်ချက်။ ။ပါဠိတော်၌“အပ္ပသန္နာရတရော”ပုဒ် မရှိ၊ “အပ္ပတ္ထတရောစ အပ္ပသမာရမ္ဘတရောစ, မဟပ္ဖလတရောစ မဟာနိသံသတရောစ”ဟုသာ ရှိ၏၊ ထိုစကားကို ချုံး၍ အဋ္ဌကထာ၌ “ အပ္ပသန္နာရတရောစ မဟပ္ဖလတရောစ ”ဟု ဆိုသည်၊ [အပ္ပသန္နာရတရောစေဝ မဟပ္ဖလတရောစာတိ သခေ်ပတော အဋ္ဌကထာယံ ဝုတ္တော၊ ပါဠိယံ ပန အပ္ပတ္ထ၊ပေ၊တရောစာတိ ပါဌော၊—ဋီကာသစ်။]

အပ္ပတ္ထတရော အပ္ပသန္နာရတရော။ ။အပ္ပတ္ထ၌ အတ္ထသဒ္ဒါသည် ကိစ္စအနက်ကို ဟော၏၊ တ္ထ ကို ဒ္ဒပြု၍ “ အပ္ပဒ္ဓ ” ဟုလည်း ရှိ၏၊ သမာရမ္ဘ သဒ္ဒါသည် ယဇ်ကို အားထုတ်ကြောင်းဖြစ်သော “ သတ္တပဒ္ဓာ ” အနက်ကို ဟော၏၊ မှန်၏—အလှူဒါန အကြီးအကျယ်ကို ပေးလှူရာ၌ ဒါနပစ္စည်းကို စုဆောင်းရာဝယ် လူ,နွားစသော သတ္တဝါတွေ များစွာ ဆင်းရဲလေ၏၊ ထိုသို့ သတ္တဝါတို့ကို နှိပ်စက်ကြောင်းဖြစ်သောကြောင့် ဒါန သမ္ဘာရ(ဒါန အဆောက်အဦး)ကို စုဆောင်းကြောင်း ဖြစ်သောအမှုကို“သမာရမ္ဘ” ဟု ဆိုသည်။ [သမ္မာ+အာရဘိယတိ ယညော ဧတေနာတိ သမာရမ္ဘော၊ သမ္ဘာရ သမ္ဘရဏဝသေန ပဝတ္တသတ္တဝိဒ္ဒါ။ — ဋီကာသစ်။] ဤအဖွင့်ကို ထောက်၍ သမာရမ္ဘ သဒ္ဒါ၏သဒ္ဒတ္ထမှာ ကောင်းစွာအားထုတ်ကြောင်း အနက်တည်း၊ သတ္တဝိဒ္ဒာအနက်ကား အရကောက် အဘိဓေယျအနက်ဟု မှတ်ပါ။

မဟပ္ဖလ , မဟာနိသံသတရော ။ ။ ဖလသည် “ ဝိပါက ” ဟု ခေါ်ရသော တိုက်ရိုက် အကျိုးတည်း၊ အာနိသံသကား စည်းစိမ် ချမ်းသာ စသော အကျိုးဆက်တည်း၊ မဟာယညလောက် ကိစ္စလည်း မများဘဲ, သတ္တဝါတို့ကိုလည်း မပင်ပန်းစေရ မညှဉ်းဆဲရဘဲ အကျိုးရင်း အကျိုးဆက်မှာတော့ ထို မဟာယညထက်များသော ယဇ်တမျိုး ရှိပါသေးသလားဟု မေးလျှောက်သည်။

နိစ္စဒါနာနိ။ ။နိစ္စကို“ဓုဝ”ဟု ဖွင့်၍ ထို“ဓုဝဒါန” အရ “အမြဲဆွမ်းလှူခြင်း (ဆွမ်းလောင်းခြင်း) ဟူသော နိစ္စဘတ္တကို ယူပါ”ဟု သရုပ်ဖော်သည်။ [ဓုဝဒါနာနိတိ ဓုဝါနိ ထိရာနိ အဝိစ္ဆိန္နာနိ (မပြတ်သည်တို့ကို) ကတ္ဝာ ဒါတဗ္ဗဒါနာနိ၊—ဋီကာ၊“နိစ္စံ+ဒါတဗ္ဗာနိ+ဒါနာနိ နိစ္စဒါနာနိ ” ဟု ပြုပါ။] ထို နိစ္စဒါနာနိကို နိစ္စဘတ္တာနိဟု သရုပ်ဖော်သည်၊ ထို နိစ္စဘတ္တ ဟူသည် နောက်၌ ပြမည့် စာရေးတံဆွမ်းတည်း၊ ယခုအခါ နေ့စဉ် မှန်မှန် ဆွမ်းလောင်းခြင်း ဆွမ်းအိုးတည်ခြင်း အလှူများလည်း ပါဝင်နိုင်၏။

ဋီကာသစ်။ ။နိစ္စဘတ္တာနိတိ ထွေ ဘတ္တသီသေန (ဘတ္တကို ခေါင်းတပ်သဖြင့်) စတုပစ္စယဂ္ဂဟဏံ (ပစ္စည်း ၄ ပါးလုံးကို ယူခြင်းဖြစ်၏)၊ ဤသို့ ဋီကာသစ်ဖွင့်သော်လည်း“အမြဲသင်္ကန်း လှူခြင်း, အမြဲကျောင်းလှူခြင်း, အမြဲဆေးလှူခြင်း”ဟု မဖြစ်နိုင်သောကြောင့်၎င်း, နောက်၌ ဝိဟာရဒါနကို သီးခြားပြတော်မူလတံ့သောကြောင့်၎င်း ထို ဋီကာသစ်အဖွင့်ကို စဉ်းစားပါ။

သော၊ နိစ္စဘတ္တာနိ–အမြဲပေးလှူအပ်သော ဆွမ်းဝတ် ဖြစ်ကုန်သော၊ (အနုကုလယညာနိဋ္ဌစပ်၊)အနုကုလယညာနိတို့-ကား၊ အမှာကံ-ငါတို့၏၊ ပိတုပိတာမဟာဒီဟိ–အဖ အဖိုးအစရှိသော ရှေးလူကြီးတို့သည်၊ ပဝတ္တိတာနိ–ဖြစ်စေအပ်ကုန်သည်၊(ဟောန္တိ)၊ ဣတိ ကက္ခာ–ဤသို့ နှလုံးသွင်း၍၊ ပစ္ဆာ-နောက်၌၊ ဒုဂ္ဂတပုရိသေဟိပိ-ဆင်းရဲသော ယောကျ်ားတို့သော်မှလည်း၊ ဝံသပရံပရာယ-အန္တယ် အဆက်ဆက်အားဖြင့်၊ ပဝတ္တေတဗ္ဗာနိ – ဖြစ်စေထိုက်ကုန်သော၊ ယာနိ တာနိ(အနုကုလယညာနိ)-အကြင်အမျိုးအနွယ်အဆက်ဆက်အားဖြင့် ဖြစ်စေအပ်ကုန်သော အလှူတို့ကို၊ (“ဒိယျန္တိ–ပေးလှူအပ်ကုန်၏” ဋ္ဌစပ်)၊ ဒေရုပါနိ–ဤသို့ သဘောရှိကုန်သော၊ သီလဝန္တေ–သီလရှိသော ပုဂ္ဂိုလ်တို့ကို၊ ဥဒ္ဒိဿ–ရည်စူး၍၊ နိဗန္ဓဒါနာနိ-အမြဲစပ်ဖွဲ့ခြင်းဖြင့် ဖြစ်စေအပ်သော အလှူတို့ကို၊ တသ္မိံ ကုလေ-ထိုအမျိုးဋ္ဌ၊ ဒလိဒ္ဒါဝိ-ဆင်းရဲသူတို့သော်မှလည်း၊နဉပစ္ဆိန္နန္တိ–မဖြတ်ကြကုန်။

× × × × × × × ×

အနုကုလယညာနိ။ ။ကုလဿ+အနုဂ်ကမော အနုကုလံ၊ အနုကုလံ+ဒါတဗ္ဗာနိ+ယညာနိ အနုကုလယညာနိ – အမျိုးအနွယ် အစဉ်အဆက်အားဖြင့် မပျက်အောင် ပေးလှူထိုက်သော အလှူတို့၊ ထို့ကြောင့်“အမှာဉ်၊ပေါ၊ပဝတ္တေတဗ္ဗာနိ”ဟု ဖွင့်သည်။

ပစ္ဆာ ဒုဂ္ဂတပုရိသေဟိပိ။ ။ရှေးစာအုပ်တို့၌“ပစ္ဆာနုဂတ”ဟု ရှိ၏၊“ပစ္ဆာ-နောက်၌”ဟု ဆိုလျှင်“အနုဂတ-အစဉ်လိုက်”ဟု အထူးဆိုဘွယ် မလိုပါ၊ ထို့ကြောင့် “ပစ္ဆာ ဒုဂ္ဂတပုရိသေဟိပိ”ပါဠိသာ ကောင်းပါသည်၊ ဂရဟာဇောတက ပိသဒ္ဒါကြောင့်လည်း“ဒုဂ္ဂတပုရိသေဟိ”ပါဠိ၏ကောင်းကြောင်း သာ၍ ထင်ရှားပါသည်။

ယာနိ တာနိ(ယာဂါနိ)။ ။ပါဠိတော်၌“ယာနိ ခေါပန တာနိ ဗြာဟ္မဏ နိစ္စဒါနာနိ အနုကုလယညာနိ”ဟု ရှိ၏၊ ထို“ယာနိ တာနိ”သည် အနုကုလယညာနိနှင့် တွဲရမည့်ပုဒ်များတည်း၊ ထို့ကြောင့် “အနုကုလယညာနိ”ကို ဖွင့်ရာ၌ “ယာနိတာနိ” ဟု ပါဠိတော်ပါဠိကို ယူ၍ ပြသည်၊ ဤအဓိပ္ပါယ်ကို သတိမထားမိသောကြောင့် ဋီကာသစ်၌“ယာနိ ပဝတ္တေတဗ္ဗာနိ, တာနိ အနုကုလယညာနိ နာမာတိ ယောဇေတဗ္ဗံ” ဟု ယောဇနာပုံကို ဖွင့်မိလေသည်၊ ထိုသို့ ပါဠိတော်ကို သတိမထားမိသောကြောင့်ပင် “ယာနိ တာနိ” နေရာဝယ် “ယာဂါနိ”ဟု အပြင်မှားကိုလည်း တွေ့ရသည်၊ [“ယဇိတဗ္ဗာနိ– ပေးလှူဟူ၍ထိုက်ကုန်၏” အရ ဒါနကိုပင် “ယည”ဟု သုံးစွဲသည်။]

နိဗန္ဓဒါနာနိ။ ။ထိုနိစ္စဒါန အနုကုလအလှူကိုပင်“နိဗန္ဓဒါနာနိ”ဟု သုံးစွဲပြန်သည်၊နိဗန္ဓေတွာ နိယမေတွာ (အမြဲသတ်မှတ်၍၊“တနေ့လျှင် တပြည်ချက် ဆွမ်းလောင်းမည်”စသည်ဖြင့် သတ်မှတ်၍) ပဝေဏိဝသေန (သားစဉ်မြေးဆက်၏ အစွမ်းဖြင့်) ပဝတ္တိတဒါနာနိ၊–ဋီကာ။ [“နိဗန္ဓေတွာ”ဟု ဖွင့်ပုံကိုထောက်၍ “ နိဗန္ဓဒါနာနိ” ဟု ပါဠိရှိပါစေ၊ “နိဗန္ဓေန-အမြဲစပ်ဖွဲ့သဖြင့်+ပဝတ္တိတာနိ ဒါနာနိ နိဗန္ဓဒါနာနိ”ဟု ပြုပါ၊ စာအုပ်တို့၌ကား“နိဗန္ဓဒါနာနိ-အမြဲဖွဲ့စပ်အပ်သော အလှူတို့”ဟု ရှိ၏၊ နိ+ဗန္ဓံဓာတ်, တပစ္စည်းဖြစ်သောကြောင့် နိဗန္ဓပုဒ်ကား ဖြစ်နိုင်ပါ၏၊ “ နိဗန္ဓေတွာ ” ဟုကား မရှိနိုင်ပါ၊ ထို့ကြောင့် ဋီကာ၏ နိဗန္ဓေတွာပုဒ်သည် နိဗန္ဓပုဒ်၏အဖွင့် ဟု မှတ်ပါ။]

တတြဲ-ထို ဝေရူပါနိ နဉ်ပစ္ဆိန္ဒန္တိ အစရှိသော စကားရပ်၊ ဣဒံ-ဤဆိုအပ်လတံ့ကား၊ ဝတ္ထု-ဝတ္ထုတည်း၊ ကိရ-ခဲ့၊ အနာထပိဏ္ဍိကဿ-အနာထပိဏ်သဒ္ဒေး၏၊ ယရေ-၌၊ ပဉ္စနိစ္စဘတ္တသတာနိ- ၅ ရာသော အမြဲဆွမ်းအလှူတို့ကို၊ ဒီယိ သု-ပေးလှူအပ်ကုန်ပြီ၊ ဒန္တမယသလာကာနံ- ဆင်စွယ်ဖြင့် ပြုအပ်သော စာရေးတံတို့၏၊ ပဉ္စသတာနိ-၅ ရာတို့သည်၊ အဟေသုံ- ဖြစ်ကုန်ပြီ၊ အထ-ထိုမှနောက်၌၊ တံကုလံ-ထိုအနာထပိဏ်အမျိုးကို၊ အနုကမ္ပမေန-အစဉ်အားဖြင့်၊ ဒါလိဒ္ဓိယေန-ဆင်းရဲသည်၏ အဖြစ်သည်၊ အဘိဘူတံ-လွှမ်းမိုးအပ်ပြီ၊ တသ္မိံ ကုလေ-ထို အမျိုး၌၊ ကော-တယောက်သော၊ ဒါရိကာ-သတ္တိသမီးသည်၊ ကသလာကတော-တခုခုသော စားခရေးတံမှ၊ ဝါ-ထက်၊ ဥဒ္ဓံ-အထက်၌၊ ဝါ-အလွန်၊ ဒါတုံ-ပေးလှူခြင်းငှါ၊ နာသက္ခိ-မစွမ်းနိုင်ရှာ၊ [အနုကုလယညကို စောင့်ရှောက်သောအားဖြင့် ပေးလှူသော်လည်း စာရေးတံတခုထက်အလွန် မတတ်နိုင်ရှာ။]

သာဝိ- ထို သတ္တိသမီးသည်လည်း၊ ပစ္ဆာ - နောက်၌၊ သေတဝါဟနရဇ္ဇံ- သေတဝါဟ်နတိုင်းပြည်သို့၊ ဂန္ဒွာ - သွား၍၊ ခလံ - ကောက်နယ်တလင်းကို၊ သောဓေတွာ-သုဓိသင်၍၊ [ကောက်နယ်တလင်း၌ ကျန်နေသော စပါးတို့ကို ကောက်ယူခြင်းကို "သုတ်သင်"ဟု ဆို၏။] လဒ္ဓဓညေန-ရအပ်သော စပါးဖြင့်၊ တံ သလာကံ-ထိုစာရေးတံကို၊ အဒါသိ-ပေးလှူရရှာပြီ၊ ကော-တပါးသော၊ ထေရော-ထေရ်သည်၊ ရညော-သေတဝါဟနမင်းအား၊ အာရောစေသိ-ပြောပြပြီ၊ ရာဇာ-သည်၊ တံ-ထိုသတ္တိသမီးကို၊ အာနေတွာ - ဆောင်၍၊ အဂ္ဂမဟေသိဋ္ဌာနေ - မိဖုရားခေါင်အရာ၌၊ ထပေသိ-ထားပြီ၊ သာ- ထို မိဖုရားခေါင်သည်၊ တတော- ထို မိဖုရားခေါင်ဖြစ်ရာ အခါမှ၊ ပဋ္ဌာယ-စ၍၊ ပုန - တဖန်၊ ပဉ္စဝိသလာက ဘတ္တသတာနိ - ၅ ရာလည်း ဖြစ်ကုန်သော စာရေးတံ ဆွမ်းတို့ကို၊ ပဝတ္တေသိ- ဖြစ်စေပြီ၊ (ပေးလှူပြီ၊)ဣတိ- ဤကား ဝတ္ထုတည်း။

ဒဏ္ဍာပ္ပဟာရာတိ-ကား၊ ပဋိပါဋိယာ - အစဉ်အားဖြင့်၊ (စိဘန်းလျက်၊) တိဋ္ဌထ တိဋ္ဌထ-ရပ်ကြရပ်ကြ၊ ဣတိ- ဤသို့ဆိုငြား၊ ဥဇုံ - ဖြောင့်ဖြောင့်၊ ဂန္ဒွာ - သွား၍၊ ဂဏ္ဌထ ဂဏ္ဌထ - ယူကြ ယူကြ၊ [တယောက်၏ ရှေ့သို့ တယောက်က

× × × × × × ×

တသ္မိံ၊ပေ၊ဒလိဒ္ဓါဒိ။ ။ရှေးစာအုပ်တို့၌"တသ္မိံ ကုလေ သုဒလိဒ္ဓေဝိ"ဟု ရှိ၏၊ သို့သော် ဝတ္ထုကြောင်း၌ ဆင်းရဲသော အမျိုးသို့၏ သလာကဒါန မပြတ်အောင် ကသလာကဒါနဖြင့် စောင့်ရှောက်ပုံကို ပြသောကြောင့် ကုလကို အရမကောက်ဘဲ သတ္တိသို့မီးကို အရကောက်ရသော"ဒလိဒ္ဓါဒိ"ပါဌ်က ကောင်းသည်ဟု ထင်သည်။

ဒန္တမယသလာကာနံ။ ။ဆင်စွယ်ဖြင့် ပြုလုပ်အပ်သော စာရေးတံကို"ဒန္တမယသလာက"ဟု ဆိုသည်၊ ထို စာရေးတံ၌ အလှူ့ရှင်၏နာမည်ကို ရေးသားလေ့ရှိသည်၊ သလာကာပုဒ်သည် ဣတ္ထိလိင်ဖြစ်သောကြောင့် "သလာကာနိ" ဟု ရှေးစာအုပ်တို့၌ ရှိသည်ကား မကောင်း၊"ဒန္တမယသလာကာနံ ပဉ္စသတာနိ"ဟု ဆရာတို့ပြင်ကြသည်။

တိုးမသွားဘဲ အစဉ်အတိုင်း ဖြောင့်ဖြောင့်သွား၍ ယူကြပါ-ဟူလို။] ဤတိစ-ဤသို့ဌင်း၊(ဤတိ)အာဒိန်-ဤသို့ အစရှိသော စကားတို့ကို၊ ဝတ္တာ- ပြောဆို၍၊ ဒီယမာနေ-ပေးအပ်သော အလှူကြီး၌၊ ဒက္ခာပုဗ္ဗဟာရာဝိ – ဒုတ်ဖြင့် ပုတ်ခတ်ရခြင်းတို့ကိုဌင်း၊ ဂလဂ္ဂါဟာဝိ-လည်ပင်းကို ဆွဲကိုင်ရခြင်းတို့ကိုဌင်း၊ ဒိဿန္တိ-ပွေ့ဖက်မြင်အပ်ကုန်၏။

အယံ ခေါ ဖြာဟ္မဏာ ဟေတု၊ ပေ၊ မဟာနိသံသတရဏ္ဍာတိ ထွေ-ဟူသော ဤပါဠိ၌၊ (အတ္ထော, ဝံ ဝေဒိတဗ္ဗော)၊ ယသ္မာ-ကြောင့်၊ မဟာယညေဝိယ-ကြီးစွာသော ယဇ်၌ကဲ့သို့၊ ဤမသို့ သလာကဘတ္တေ-၌ စာရေးတံဆွမ်း၌၊ ဗဟူဟိ-များစွာကုန်သော၊ ဝေယျာဝစ္စကရေဟိ ဝါ-ဝေယျာဝစ္စပြုသူတို့ဖြင့်သော်ဌင်း၊ ဥပကရဏေဟိ ဝါ-ဒါန၏ အဆောက်အဦးတို့ဖြင့်သော်ဌင်း၊ အတ္ထေသ အကျိုးသည်၊ နအတ္ထိ-မရှိတော့၊ တသ္မာ-ကြောင့်၊ တေံ-၌သလာကဘတ်သည်၊ အပ္ပဋိဟတံ – သာ၍နည်းသော ကိစ္စရှိ၏၊ စ – သည်သာ မကသေး၊ ထွေ– ၌သလာကဘတ်၌၊ ယသ္မာ-ကြောင့်၊ ဗဟုနံ-များစွာကုန်သောလူတို့၏၊ ကမ္မဿ္စေဒဝသေန- အလုပ်ကို ဖြတ်ခြင်း၏အစွမ်းဖြင့်၊ ဗီဇာသင်္ခါတော– နိပ်စက်ခြင်း ဟူဆိုအပ်သော၊ သမာရဗ္ဘော - လွန်စွာ အားထုတ်ကြောင်းသည်၊ နအတ္ထိ–မရှိတော့၊ တသ္မာ၊ အပ္ပသမာရမ္ဘတံ - သာ၍နည်းသော ကောင်းစွာအားထုတ်ကြောင်း သတ္တာဗီဇာရှိသည်၊ (ဟောတိ)၊ စ- ဆက်၊ ယသ္မာ-၊ကြောင့်၊ တေံ–၌သလာကဘတ်သည်၊ သံယသ-အား၊ ယိဋ္ဌံ- ပေးလှူအပ်ပြီ၊ ပရိစ္စတ္တံ-စွန့်လွှတ်အပ်ပြီ၊ တသ္မာ-ကြောင့်၊ ယညံတိ–ယညံဟူ၍၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ ပန-ကား၊ယသ္မာ-ကြောင့်၊ဆဋ္ဌဿမန္နာဂတာယ-၆ပါးသောအင်္ဂါနှင့်ပြည့်စုံသော၊

× × × × × × ×

အာဒိန်။ ။ကဿာ သေနောဝိယ မံသပေသိ ပက္ခန္ဒိတ္ထာ ဂဏ္ဍသိတိ– သိန်းစွန်သည် သားတစ်ကို အပြေးပို့၍ သုတ်ယူသလို, ဘာ့ကြောင့် မြန်မြန်သွား၍ယူရသနည်း၊ ထိုသို့ ငြိမ်ငြိမ်သက်သက် (မျှမျှတတ) ပေးလှူခြင်း၌ အားစိုက်ကြသော အလှူရှင်တို့၏ စကားတို့ကို အာဒိဖြင့်ယူပါ။

ဂလဂ္ဂါဟာဝိ။ ။“ဂလဂ္ဂဟဏာ-လည်ပင်းကို ဆွဲကိုင်ရခြင်းတို့ကို ”ဟု ဋီကာသစ်၌ ဘာဝသာဓန ဖွင့်သောကြောင့်“ဂလဿ-ကို+ဂါဟာ ဂလဂ္ဂါဟာ ”ဟု ပြုပါ။ ဤသို့ပြုလျှင် “ဒိယျမာန”နှင့် အရမတူသောကြောင့် “ဒိယျမာနာ” ဟု မရှိသင့်တော့၊ “ဒိယျမာနေ”ဟုသာ ရှိသင့်တော့သည်။

ဆဋ္ဌဿမန္နာဂတာယ။ ။အလှူရှင်၏ ပုဗ္ဗ, မုဉ္စ, အပရစေတနာ ဥမျိုးဟူသော အင်္ဂါ ၃ ပါးနှင့် ပြည့်စုံခြင်း , အလှူခံပုဂ္ဂိုလ်၏ ဒိတာရာဂတာ , ဒိတဒေါသတာ , ဒိတမောဟကာ ဟူသော အင်္ဂါ ၃ ပါးနှင့် ပြည့်စုံခြင်းရှိသော ဒက္ခိဏာ (အလှူ) ဆည်ဆဋ္ဌဿမန္နာဂတာ မည်၏၊ ထိုအလှူမျိုးကို ဆက္ကအင်္ဂုတ္တရ, ပဋမပံ , ဒေဝတာဝဂ္ဂ, နန္ဒမာတာ၏ ဆဋ္ဌဿဒါနသုတ်၌ ဟောတော်မူသည်။

ဒကွိဏာယ-အလ္လ၏၊ (ပမာဏံ-၌စပ်၊) မဟာသမုဒ္ဒေ-၌၊ ဥဒကဿ-ရေ၏၊ ပမာဏံ-အတိုင်းအရှည်ကို၊ ကာတုံ-၄၊ နဲ သုကရံ ဇ္ဈဝေ-လွယ်ကူစွာ မပြုအပ်သကဲ့သို့၊ (မလွယ်ကူသကဲ့သို့၊ တထာ-တူ၊)ပုညာဘိသန္ဒဿ-ကောင်းမှုအယဉ်၏၊ ပမာဏံ- ကို၊ ကာတုံ-ပြုခြင်း၄၊ နဲ သုကရံ- လွယ်ကူစွာ မပြုအပ်၊ ဝါ-မလွယ်ကူ၊ ဇ္ဈဒ္ဓ-၌ သလာကဘတ်သည်လည်း၊ တထာဝိဓံ-ထိုသို့သဘောရှိ၏၊ တသ္မာ- ထို့ကြောင့်၊ တံ- ထို သလာကဘတ်ကို၊ မဟပ္ဖလတရဉ္စာတိ- သာ၍များသော အကျိုးရင်းရှိ၏ဟူ၍ဆိုလိုသည်၊ မဟာနိသံသတရဉ္စာတိ- သာ၍များသော အကျိုးဆက်ရှိ၏ဟူ၍ဆိုလိုသည်၊ ဝေဒိတဗ္ဗံ-သိထိုက်၏။

ဇ္ဈဒံ- ၌ တရားစကားတော်ကို၊ သုတ္တာ - ကြားရ၍၊ ဖြာဟ္မဏော- သည်၊ စိန္တေသိ-ကြံပြီ၊ (ကိ˚)၊ ဇ္ဈဒံဝိ နိစ္စဘတ္တံ - ၌ နိစ္စဘတ်ကိုလည်း၊ ဥဋ္ဌာယ-ထ၍၊ သမုဋ္ဌာယ-ကောင်းစွာထ၍၊ ဒဒတော-ပေးလှူလသော်၊ (ပေးလှူသူ့အတွက်၊) ဒိဝသေ ဒိဝသေ-နေ့တိုင်းနေ့တိုင်း၊ ကေဿ-တယောက်၏၊ ကမ္မံ-အလုပ်သည်၊ နသ်ိတိ-ပျက်၏၊ နဝနဝေါ- အသစ်အသစ်သော၊ ဥဿာဟော၀- အားထုတ်ခြင်းသည်လည်း၊ ဝါ-ကိုလည်း၊ ဇနေတဗ္ဗော-ဖြစ်စေထိုက်သည်၊ ဟောတိ-၏၊ ဇ္ဈတောပိ- ၌ နိစ္စဘတ်ထက်လည်း၊ ဝါ- မူလည်း၊ အညော - အခြားသော၊ အပ္ပဋ္ဌတရောစ - သာ၍နည်းသော ကိစ္စရှိသည်လည်းဖြစ်သော၊ အပ္ပသမာရမ္ဘတရောစ - သာ၍နည်းသော ကောင်းစွာအားထုတ်ကြောင်း သတ္တပိဋ္ဌာရှိသည်လည်းဖြစ်သော၊ ယညော-ယင်သည်၊ အတ္ထိနခေါ-ရှိလေသေးသလော၊ ဇ္ဈတိ-၌သို့ကြံပြီ၊ တသ္မာ-ထိုသို့ကြံသည်၏အဖြစ်ကြောင့်၊ အတ္ထိပနဘော ဂေါတမာတိ အာဒိ-အစရှိသောစကားကို၊ အာဟ-ပြီ။

တတ္ထ-ထို အတ္ထိ ပန ဘော ဂေါတမ အစရှိသောစကား၌၊ ယသ္မာ-ကြောင့်၊ သလာကဘတ္တေ-သလာကဘတ်၌၊ ကိစ္စပရိယောသာနံ-ကိစ္စ၏ပြီးဆုံးခြင်းသည်၊ နတ္ထိ၊ ကေန- တယောက်သည်၊ ဥဋ္ဌာယ- ထ၍၊ သမုဋ္ဌာယ - ကောင်းစွာထ၍၊ အညံ- အခြားသော၊ ကမ္မံ- အလုပ်ကို၊ အကတ္တာ-မပြုမူ၍၊ သံဝိဓာတဗ္ဗမေဝ-စီမံထိုက်သည်သာ၊ ပန- ကား၊ ဝိဟာရဒါနေ- ကျောင်းအလှူ၌၊ ကိစ္စပရိယောသာနံ-သည်၊ အတ္ထိ၊ ဟိ-မှန်၊ ပဏ္ဍာသာလံဝါ- သစ်ရွက်ကျောင်းကိုမူလည်း၊

× × × × × × ×

ပုညာဘိသန္ဒဿ။ ။၌ကဲ့သို့သောဒါန၏ အကျိုးပမာဏကို ယူ၍မရနိုင်၊ "မဟာသမုဒ္ဒါဝယ် ရေ၏ ပမာဏကို ယူ၍ မရနိုင်သကဲ့သို့, အပရစေတနာ အဆက်မပြတ်ဘဲ ကောင်းမှုအယဉ် တသွင်သွင် စီးနေရကား ထိုဒါန၏ပမာဏကို ယူ၍မရနိုင်လောက်အောင် မြင့်ခေါင် ကြီးမားပါသည်"ဟူလို။

ကေနပေသံဝိဓာတဗ္ဗမေဝ။ ။နေ့စဉ်နေ့စဉ် အလှူ၌မှာ ဗျာပါရစိုက်နေရသောကြောင့် ကိစ္စအဆုံး မရှိ၊ ထို အဆုံးမရှိပုံကို ပြလို၍ "ကေန၊ ပေ၊ သံဝိဓာတဗ္ဗမေဝ"ဟု ဆိုသည်။

ကာရေတု-ပြုစေဉ်းတော့၊ ကောဋိမနံ–တကုဋ္ဌေသော ဥစ္စာကို၊ ဝိသဇ္ဇေတွာ–စွန့်လွှတ်၍၊ မဟာဝိဟာရံဝါ – ကျောင်းကြီးကိုမူလည်း၊ ကာရေတု – ပြုစေဉ်းတော့၊ ကေဝါရံ – တကြွိမ်၊ ဓနပရိစ္စာဂံ – ဥစ္စာကို စွန့်လွှတ်ခြင်းကို၊ ကတွာ, ကာရိတံ–ပြုစေအပ်သည်၊ (သမာနံ)၊ သတ္တဉ္ဇဝဿာနိပို- ခုနစ်နှစ်, ရှစ်နှစ်တို့ ပတ်လုံးငင်း၊ ဝဿသတံပိ– အနှစ်တရာပတ်လုံးငင်း၊ ဝဿသဟဿံပိ–အနှစ်တထောင်ပတ်လုံးငင်း၊ ဂစ္ဆတိယေဝ-ရောက်နိုင်သည်သာ၊ ကေဝလံ- များစွာသော ကိစ္စမဖက် သက်သက်၊ ဇိဏ္ဏပတိတဋ္ဌာနေ– ဆွေးမြေ့သောအရပ်, ပြိုကျသောအရပ်၌၊ ပဋိသန်ဓိရဏမတ္တမေဝ – ပြုပြင်မှုသည်သာ၊ ဝါ– ကိုသာ၊ ကာတမ်ဗံ–ပြုထိုက်သည်၊ ဟောတိ၊ တသ္မာ-ကြောင့်၊ ဣဒံ ဝိဟာရဒါနံ–ဤကျောင်းအလှူသည်၊ သလာကဘတ္တတော- သလာကဘတ်ထက်၊ အပ္ပဋ္ဌတရံ-သည်ထင်း၊ အပ္ပဿမာရမ္ဘတရဉ္စ- သည်ထင်း၊ ဟောတိ။

ပန-ဆက်၊ ယသ္မာ-ကြောင့်၊ တွေ-ဤကျောင်းအလှူ၌၊ သုတ္တန္တပရိယာယေန- သုတ္တန်ဒေသနာတော်နည်းအားဖြင့်၊ ယာဝဒေဝ သီတသီ ပဒိယာတာယာတိ အာဒယော– ယာဝဒေဝ သီတသီ ပဒိယာတာယ အစရှိကုန်သော၊ နဝ–နံသော၊ အာနိသံသာ–အကျိုးတို့ကို၊ (ဘဂဝတာ)ဝုတ္တာ၊ ခန္ဓကပရိယာယေန-ခန္ဓကဒေသနာတော်နည်းအားဖြင့်၊ သီတံ၊ ပေ၊ အနာသဝေါတိ-ဟူ၍၊ သတ္တာရသ–နံသော၊ အာနိသံသာ (ဘဂဝတာ) ဝုတ္တာ၊ တသ္မာ– ကြောင့်၊ တေံ–ဤကျောင်းအလှူကို၊ သလာကဘတ္တတော-- ထက်၊ မဟပ္ဖလတရဉ္စာတိ- ဟူ၍ငင်း၊ မဟာနိသံသာတရဉ္စာတိ– ဟူ၍ငင်း၊ ဝေဒိတဗ္ဗံ-၏၊ ပန–ဆက်၊ သံယသ–အား၊ ပရိစ္စတ္တာဝ - စွန့်လွှတ်အပ်သည်၏ အဖြစ်ကြောင့်ပင်၊ ယညောတိ–ယင်ဟူ၍၊ ဝုစ္စတိ။

× × × × × × ×

ပဏ္ဏာသာလံ ၊ ပေ ၊ ကာရေတု ။ ။ စာအုပ်တို့၌ “ ကာရေတုံ ”ဟု ရှိ၏၊ ထို ကာရေတုံ၏ စပ်ပုဒ် မရှိသောကြောင့် စာသွား မကောင်းပါ၊ “ ကာရေတု ” ဟု ရှိမှ ကောင်းသည်၊“မဟာဝိဟာရံဝါ”၌လည်း “ကာရေတု”ဟု လိုက်ပါစေ။

သုတ္တန္တပရိယာယေန ။ ။သဗ္ဗာသဝသုတ်စသည်၌ လာသောကြောင့်“သုတ္တန္တပရိယာယ ”ဟု ဆိုသည်၊ သီတ, ဥဏှ, ဒုံသ, မကသ, ဝါတ, အာတပ, သရိသပ, သမ္ဗသတို့ကို ပယ်ဖျောက်ခြင်းအကျိုး ခုနစ်ပါး, ဥတုပရိဿယဝိနောဒန, ပဋိသလ္လာနာရမ အကျိုး ၂ ပါးအားဖြင့် ၉ ပါးတည်း။

ခန္ဓကပရိယာယေန ။ ။စုဠဝဂ္ဂ, ဓေနာသနက္ခန္ဓကစ်လာသောကြောင့် “ခန္ဓကပရိယာယေန”ဟု ဆိုသည်၊ အာနိသံသကား-သီတ, ဥဏှ, ဝါဠမိဂ, သရိသပ, မကသ, သိသိရ, ဝုဋ္ဌ, ဝါတ, အာတပတို့ကို ပယ်နှိုင်ခြင်း ၉ ပါး, လေဏတ္ထ, သုခတ္ထ, ဈာယိတုံ, ဝိပဿိတုံ , ၄ ပါး , အန်ဒပါနဝတ္ထ သေနာသနကိုရခြင်း တပါး , ဓမ်မံ ဒေသေန္တိအရ ဓမ်မသဝဏ, ဓမ်မအဝဏဟေတု, ပရိနိဗ္ဗာယန ၃ ပါးအားဖြင့် ၁၇ ပါးတည်း၊–ဋီကာသစ်။

ဣဒံပိ– ဤတရားစကားတော်ကိုလည်း၊ပေ၊ စိန္တေသိ၊(ကိုဴ)၊ ဓနပရိစ္စာဂံ– ဥစ္စာကိုစွန့်လွှတ်ခြင်း၊ကို၊ ကတ္တာ-၍၊ ဝိဟာရဒါနံနာမ– ကျောင်းအလှူမည်သည်ကို၊ ဒုက္ကရံ– ခဲယဉ်းသဖြင့် ပြုအပ်၏၊ (ပြုနိုင်ခဲ၏၊) ဟိ- မှန်၊ အတ္တနော-မိမိ၏၊ သန္တကံ- ဥစ္စာကို၊ ကာကဏိကံပိ– တချင်ရွေးမျှကိုလည်း၊ ပရဿ – သူတပါးအား၊ ဒုပ္ပရိစ္စဇနံ- ခဲယဉ်းသဖြင့် စွန့်အပ်၏၊ (စွန့်နိုင်ခဲ၏၊) ဟန္ဒ- ယခု၊ အဟံ- ငါသည်၊ ဣတောပိ – ဤကျောင်းအလှူထက်လည်း၊ အပ္ပတ္ထတရဠု – သော၊ အပ္ပသမာရမ္ဘတရဠု- သော၊ ယည်ံ- ကို၊ ပုစ္ဆာမိ- မေးဥုးအံ့၊ ဣတိ စိန္တေသိ၊ တတော- ထြောင့်၊ တံ–ထို အပ္ပတ္ထတရ အပ္ပသမာရမ္ဘတရယင်ကို၊ ပုစ္ဆန္တော- မေးလိုသည်၊(ဟုတ္တာ-ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊)အတ္ထိ ပန ဘောတိ အာဒိံ အာဟ၊ တတ္ထ–ထို အတ္ထိ ပန ဘော အစရှိသော စကားရပ်၌၊ ယသ္မာ-ကြောင့်၊ ဝိဟာရေ- ကျောင်းကို၊ သကိံ - တကြိမ်၊ ပရိစ္စတ္တောပိ – စွန့်လွှတ်အပ်ပြီးသော်လည်း၊ ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊ ဆာဒနခဏ္ဍာဖုလ္လပ္ပဋိသင်္ခရဏာဒိဝသေန-မိုးရခြင်း, ကျိုးပြတ်သောအရပ် ပေါက်ကွဲသောအရပ်ကို ပြုပြင်ရခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ ကိစ္စံ-ကိစ္စသည်၊ အတ္ထိယေဝ–ရှိသေးသည်သာ၊ ပန-ကား၊ သရဏံ- ကိုးကွယ်ရာသည်၊ ဝါ- ကို၊ ကေဘိဂ္ဂုဿ- ၏၊ သန္တိကေဝါ- အထံ၌သော်၎င်း၊ သံယဿ-၏၊(သန္တိက)ဝါ၊ ဂဏဿ-၏၊(သန္တိက)ဝါ၊ သကိံ၊ ဂဟိတံ-ယူအပ်သည်၊ (သမာနံ)၊ ဂဟိတမေဝ–သည်သာ၊ ဟောတိ။

တတ္ထ–ထိုသရဏဂုဏ်၌၊ (နတ္ထိ - ၌စပ်၊) (တနည်း) တဿ–ထို သရဏဂုဏ်၏၊ (ကတ္တုမ္ဘတာဝယ်, တာပစ္စည်း၌စပ်၊) ပုနပ္ပုနံ၊ ကတ္တုမ္ဘတာ– ပြုဘွယ်၏ အဖြစ်သည်၊ နတ္ထိ–မရှိ၊ တသ္မာ–ကြောင့်၊ တံ-ထိုသရဏဂုံသည်၊ ဝိဟာရဒါနတော-ထက်၊ အပ္ပတ္ထတရဠု–သည်ရှင်း၊ အပ္ပသမာရမ္ဘတရဠု – သည်ရှင်း၊ ဟောတိ၊ စ-ဆက်၊ ယသ္မာ-ကြောင့်၊ သရဏဂမနံနာမ-မည်သည်၊ ဝါ-ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းမည်သည်၊ တိဏ္ဏံ-ကုန်သော၊ ရတနာနံ-တို့အား၊ ဇိဝိတပရိစ္စာဂမယံ – အသက်ကို စွန့်ကြောင်း စေတနာဖြစ်သော၊ ပုညကမ္မံ – ကောင်းမှုကံ

× × × × × × ×

သန္တကံ ဟိ၊ပေ၊ဒုပ္ပရိစ္စဇနံ။ ။ပရိ+စွဇိယတော ပရိစ္စဇနံ၊ ပရိဉပသာရကြောင့် ခပစ္စည်း မသက်နိုင်ရကား“ပရိစ္စဇံ”ဟု မရှိဘဲ ယုပစ္စည်းဖြင့်“ပရိစ္စဇနံ”ဟု ရှိရသည်၊ ထိုနောက်မှ “ဒုက္ကရန + ပရိစ္စဇနံ ဒုပ္ပရိစ္စဇနံ”ဟု ပြုပါ၊ သန္တကံ ကာကဏိကံပုဒ်ကိုငဲ့၍ “ဒုပ္ပရိစ္စဇနံ”ဟုလည်း နပုံလိန်ရှိပါစေ၊ နောက်စာအုပ်တို့၌“သန္တကာ+ကာကဏိကာဝိ + ဒုပ္ပရိစ္စဇာ ” ဟု ဗဟုဝုစ်နှင့် ဒုပ္ပရိစ္စဇာဝယ် ခပစ္စည်းဖြင့်ရှိသည်ကို စဉ်းစားပါ။ [ကာကဏိကပုဒ်ပြီးပုံကို ရှေ့၌ပြခဲ့ပြီ။]

ဇိဝိတ ၊ပေ၊ ပုညကမ္မံ။ ။သရဏဂုံယူရာ၌ ရတနာ ၃ ပါးကို ယုံကြည်၍ ယူသူသည် ပုထုဇဉ် အဖြစ်မှာပင် ရှိစေဦးတော့ “ အသင် ယူအပ်သော သရဏဂုံကို မဖျက်လျှင် သင်၏ အသက်ကို သတ်မည်”ဟု တစုံတယောက်က မြွိမ်းချောက်သော်လည်း

သည်၊ (ဟုတ္တာ–၍၊)သဂ္ဂသမ္ပတ္တိံ - နတ်ပြည်စည်းစိမ်ကို၊ ဒေတိ - ပေးနိုင်၏၊ တသ္မာ – ကြောင့်၊ မဟပ္ဖလတရဉ္စ မဟာနိသံသတရဉ္စာတိ ဝေဒိတဗ္ဗံ၊ ပန–ဆက်၊ တိဏ္ဏံ–ကုန်သော၊ ရတနာနံ-တို့အား၊ ဇိဝိတပရိစ္စာဂဝသေန–အသက်ကို စွန့်လွှတ်ခြင်း၏အစွမ်းကြောင့်၊ ယဉ်ညာတိ–၍၊ ဝုစ္စတိ– ဆိုအပ်၏၊ ဝါ–ဆိုနိုင်၏။

ဣဒံ-ဤတရားစကားတော်ကို၊ပေ၊ စိန္တေသိ၊ (ကိံ)၊ အတ္တနော- ၏၊ ဇိဝိတံ နာမ-အသက်မည်သည်ကို၊ ပရဿ- သူတပါး၊အား၊ ပရိစ္စဇိတုံ - စွန့်ခြင်းငှါ၊ ဒုက္ကရံ-ခဲယဉ်းသဖြင့် ပြုအပ်၏၊ ဝါ–ပြုနိုင်ခဲ၏၊ ဧတဝေါ– ဤသရဏာဂုံထက်လည်း၊ အပ္ပဋ္ဌတရော-သာ၍နည်းသော ကိစ္စရှိသော၊ ယဉ်ညာ – ယင်သည်၊ အတ္ထိ နုခေါ်– ရှိလေသေးသလော၊ ဣတိ (စိန္တေသိ)၊ တဟော – ထိုသို့ အကြံဖြစ်ခြင်းကြောင့်၊ တံ-ထို အပ္ပဋ္ဌတရယင်္ကို၊ ပုစ္ဆန္တော-မေးလိုသည်၊(ဟုတ္တာ)၊ ပုန-တဖန်၊ အတ္ထိ ပန ဘောဂေါတမာတိ အာဒိ–ကို၊ အာဟ ပြီ၊ တတ္ထ - ထို အတ္ထိ ပန ဘောဂေါတမအစရှိသောစကားရပ်၌၊ ပါဏာတိပါတာ ဝေရမဏိတိ အာဒီသု-အစရှိသော ပါဠိတို့၌၊ (အတ္ထော ဧဝံ ဝေဒိဘင်္ဂော)၊ ဝေရမဏိ နာမ-ဝေရမဏိ မည် သည်၊ ဝိရတိ–ရှောင်ကြဉ်ခြင်းတည်း၊ [ဝေရမဏိ ပုဒ်ပြီးပုံကို ဝိနည်း မဟာဝဂ္ဂ, ပမ္မဇ္ဇာကထာ ဘာသာဋီကာ၌(ဤဋီကာများအတိုင်း) ပြခဲ့ပြီ။] သာ – ထို ဝိရတိသည်၊ သမ္ပတ္တဝိရတိ – သမ္ပတ္တဝိရတိဂုဏ်း၊ သမာဒါန ဝိရတိ- ဂုဏ်း၊ သေတုယာတဝိရတိ– ဂုဏ်း၊ ဣတိ- သို့၊ တိဝိဓာ- သုံးပါး အပြားရှိသည်၊ ဧဟာတိ-၏၊ [ဝိရတိ ၃ ပါး အကျယ်၏ အဓိပ္ပါယ်ကို အဋ္ဌသာလိနီ ဒွါရကထာအဖွင့်၌ပြခဲ့ပြီ၊ သမုစ္ဆေဒဝိရတိကို ဤ၌ သေတုယာတဝိရတိဟု ခေါ်၏။]

တတ္ထ–ထို ၃ ပါးသော ဝိရတိတို့တွင်၊ ယော-အကြင် ပုဂ္ဂိုလ်သည်၊ သိက္ခာပဒါနိ–သိက္ခာပုဒ်တို့ကို၊ အဂ္ဂဟေတွာပိ–မယူမူ၍လည်း၊ ကေဝလံ-သိက္ခာပုဒ်ဆောက်တည်ခြင်းမဖက် သက်သက်၊ အတ္တနော- ၏၊ ဇာတိ ဝေါတ္တ ကုလာပဒေသဒီနိ–ညွှန်ပြကြောင်းဖြစ်သော ဇာတ်,အနွယ်, အမျိုး အစရှိသည်တို့ကို၊ အနုဿရိတွာ-အဖန်ဖန် အောက်မေ့၍၊ ဣဒံ–ဤအမှုသည်၊ [ပါဏာတိပါတာ

× × × × × × ×

အသက်ကိုသာ အသေခံမည်၊ သရဏဂုံကား မဖျက်တော့၊ ဤမျှလောက် စွန့်စွဲမြဲမြံယူအပ်သော သရဏဂုံကို ရည်ရွယ်၍ “ သံဃိက ဝိဟာရဒါနထက် အကျိုးကြီးသည် ” ဟု မိန့်တော်မူသည်။

ကုလာပဒေသဒီနိ။ ။အပဒေသသဒ္ဒါသည် ညွှန်ပြကြောင်း အနက်ကိုဟော၏၊ ဤသူသည် ခတ္တိယဇာတ်ရှိသူတည်း၊ ဤသို့ စသည်ဖြင့် ထို ပုဂ္ဂိုလ်ကို ဇာတ်စသည်ဖြင့် ညွှန်ပြရသောကြောင့် ဇာတိ, ဂေါတ္တ, ဇာဏုသော်ကို အမျိုးစသော ကုလ တို့ကိုဂုဏ်း, အာဒိဖြင့် ယူရသော ဝယ(အရွယ်) ဗာဟုသစ္စဂုဏ် စသည်ကိုဂုဏ်း, “ အပဒိသတိ ဧတေနာတိ”ဟူသော ဝစနတ္ထအရ“အပဒေသ”ဟု ခေါ်ရသည်။

အမှုသည်၊] မေ– ငါ့အား၊ နှ ပတိရုပ် – မလျောက်ပတ်၊ ဣတိ–ဤသို့ ကြံ၍၊ ပါဏာတိပါတာဒိနိ– ပါဏာတိပါတ အစရှိသော အမှုတို့ကို၊ နှ ကရောတိ– မပြု၊ သမ္မတ္တ ဝတ္ထု-ရောက်လာသော ဝတ္ထုကို၊ ပရိဟရတိ- ရှောင်လွှဲ၏၊ [မက္ခ။း လွန်သောအား ဖြင့် ရှောင်လွှဲ၏။] တတော-ထို ပါဏာတိပါတ အစရှိသည်မှ၊ အာရကာ-ဝေးစွာ၊ ဝိရမတိ–ရှောင်ကြဉ်၏၊ တဿ–ထို ပုဂ္ဂိုလ်၏၊ သာ ဝိရတိ– ထို ဝိရတိကို၊ သမ္မတ္တ ဝိရတီတိ–ဟူ၍၊ ဝေါ-ရောက်လာသော ဝတ္ထုမှ ရှောင်ကြဉ် ကြောင်း ဝိရတိဟူ၍၊ ဝေဒိတဗ္ဗာ–၏၊ [သမ္မတ္တ တော + ဝိရတိ သမ္မတ္တ ဝိရတိ။]

ပန– ကား၊ အဇ္ဇတဂ္ဂေ - ယနေ့ကို အစပြု၍၊ ဇီဝိတဟေတုပိ – အသက် ဟူသော အကြောင်းကြောင့်လည်း၊ ပါဏံ – သတ္တဝါကို၊ နှ ဟနာမိ - မသတ် တော့အံ့၊ ဣတိ ဝါ ဤသို့သော်၎င်း၊ (အဇ္ဇတဂ္ဂေ ဇီဝိတဟေတုပိ) ပါဏာတိ ပါတာ–မှ၊ ဝိရမာမိ–ရှောင်ကြဉ်ပါ၏၊ ဣတိ ဝါ– ၎င်း၊ (ပါဏာတိပါတာ– မှ)၊ ဝေရမဏိံ–ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာ ယူပါ၏၊ ဝါ-ဆောက်တည်ပါ၏၊ ဣတိ ဝါ-၎င်း၊ ဧဝံ - ဤသို့၊ သိက္ခာပဒါနိ– သိက္ခာပုဒ်တို့ကို၊ ဂဏှန္တေသု· ယူသော ပုဂ္ဂိုလ်၏၊ ဝိရတိ – ရှောင်ကြဉ်ခြင်းကို၊ သမာဒါနဝိရတီတိ–သမာဒါနဝိရတိဟူ၍၊ ဝါ-သီလ ဆောက်တည်ခြင်းကြောင့် ဖြစ်သော ရှောင်ကြဉ်ကြောင်း ဝိရတိဟူ၍၊ ဝေဒိတဗ္ဗာ-၏၊ [သမာဒါနေန + ဥပ္ပန္နာ + ဝိရတိ သမာဒါနဝိရတိ။]

ပန-ကား၊ အရိယသာဝကာနံ- တို့၏၊ မဂ္ဂသမ္မယုတ္တာ–မဂ်နှင့် အညီအမျှ ကုပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သော၊ ဝိရတိ-ဝိရတိသည်၊ သေတု ယာတဝိရတိနာမ-သေတုယာတဝိရတိမည်၏၊ တတ္ထ-ထို သုံးပါးသော ဝိရတိတို့ တွင်း၊ ပုရိမာ–ရှေ့၌ဖြစ်ကုန်သော၊ ဒွေ- နှ်သော၊ ဝိရတိယော- သမ္မတ္တဝိရတိ, သမာဒါနဝိရတိတို့သည်၊ ဝေါရောပနာဒိဝသေန – ခွင်းခြင်း အစရှိသည်တို့၏

× × × × × × ×

သမာဒိယာမိ။ ။သမ္မာ အာဒိယာမိ၊ အဓိတိဋ္ဌာမာမိပွါယေန (မက္ခ။းလွန်လို သဖြင့်၎င်း) အခဏ္ဍာဆိဒ္ဒါကမ္မာသာသဗလကာရိတာယစ (မကျိုးမပေါက် မပြောက် မကျားအောင် ပြုလေ့ရှိသူ၏ အဖြစ်ဖြင့်၎င်း) ဂဏှာမိတိ ဝုတ္တံ ဟောတိ၊ –ဋီကာသစ်၊ သံကို သမ္မာဟုဖွင့်၍, ထို သမ္မာ၏ အဓိပွါယ်ကို "အဓိတိဋ္ဌာမာမိပွါယေန အခဏ္ဍ ၊ပေ၊ ကာရိတာယစ" ဟု ဖွင့်၏၊ အာဒိယာမိကိုလည်း "ဂဏှာမိ" ဟု ဖွင့်သည်၊ "သမာဒိယာ မိ-ကောင်းစွာ ယူပါ၏" ဟု ပေးပါ၊ "ဆောက်တည်ပါ၏" ဟု ပေးအပ်သောအနက်မှာ ဧဝါဟာရတ္ထ (ပေးရိုး အနက်) သာတည်း။

သေတုယာတဝိရတိ။ ။သွာဒိဂိုဏ်း သိဓ်ာတ်သည် ထက်အောင် သွေးခြင်းအနက် ကို ဟောဏ်၊ သီယတေ–ဝိပဿနာ အစဉ်ဖြင့် ထက်အောင် သွေးအပ်၏၊ ဣတိ သေတု၊ ဝိပဿနာဉာဏ်အစဉ်ဖြင့် ထက်အောင် သွေးအပ်သော အရိယာမဂ်ရ၏၊ ပါပမဲ့မွေ ဟန တိတိ ဃာတေတာ၊ အကုသိလ်တို့ကို အကြွင်းမဲ့ သတ်တတ်သော တရား၊ ဃာတေတာ့စ +

အစွမ်းဖြင့်၊ ဝိတိက္ကမိတဗ္ဗံ – ကျူးလွန်ထိုက်သော၊ ယံ ဇိဝိတိန္ဒြိယာဒိဝတ္ထု – အကြင် ဇိဝိတိန္ဒြေအစရှိသော၀တ္ထုသည်၊ (အတ္ထိ)၊ တံ-ထို ဇိဝိတိန္ဒြေ အစရှိသော ဝတ္ထုကို၊ အာရဓေတုံ-အာရုံကို၊ ကတ္တာ, ပဝတ္တန္တိ-ဖြစ်ကုန်၏၊ ပစ္ဆိမာ-နောက်၌ဖြစ်သော၊ (ဝိရတိ– သေတုယာတဝိရတိသည်)၊ နိဗ္ဗာနာရမ္မဏာဝ–နိဗ္ဗာန်ဟူသော အာရုံရှိသည်သာ၊ (ဟောတိ)။

စ–ဆက်၊ ထွေ-ဤသိက္ခာပုဒ်ကို ဆောက်တည်ရာ၌၊(ဝိနိစ္ဆယော, ဧဝံ ဝေဒိတဗ္ဗော၊) ယော–အကြင် ပုဂ္ဂိုလ်သည်၊ ပဋ္ဌ-ကုန်သော၊ သိက္ခာပဒါနိ–သိက္ခာပုဒ်တို့ကို၊ ကေတော–တပေါ်င်းတည်း၊ ဂဏ္ဟတိ-ယူ၏၊ တဿ – ထို ပုဂ္ဂိုလ်၏၊ ကေသို်–တပါးသော သိက္ခာပုဒ်သည်၊ ဘိန္နေ-ပျက်လသော်၊ သမ္ဘာနိပိ-အလုံးစုံသော သိက္ခာပုဒ်တို့သည်လည်း၊ ဘိန္နာနိ-ပျက်ကုန်သည်၊ ဟောန္တိ၊ ဧယော–

× × × × × × ×

သော+ဝိရတိစာတိ ဃာတဝိရတိ၊ ဧသေတုမိ–အရိယာမဂ်၌ (ပရိယာပန္နာ - အကျုံးဝင်သော) +ဃာတဝိရတိ–တည်း၊ ဧသေတုဃာတဝိရတိ။ [ဧသေတု ဝုစ္စတိ အရိယမဂ္ဂေါ၊ တပ္ပရိယာပန္နာ ဟုတ္ဝာ ပါပဓမ္မာနံ သမုစ္ဆေဒဝဧသန ဃာတနာ ဝိရတိ ဧသေတုဃာတဝိရတိ၊–ဋီကာ။]

တတ္ထ၊ပေ၊အာရဓေတုံ ကတ္တာ။ ။ အင်္ဂသာလိနီ စသော အဋ္ဌကထာတို့၌ ကမ္မပထတို့ကို ဓမ္မ,ကောဋ္ဌာသ, အာရမ္မဏစသောအားဖြင့် ဖွင့်ပြလေ့ရှိ၏, ဤ၌ အာရမ္မဏာအားဖြင့်သာ အဆုံးအဖြတ်ကိုပြလို၍ တတ္ထ စသည်ကို မိန့်သည်၊ အာရဓေတုံ ကတ္တာတိ ယထာဝုတ္တံ ဝိတိက္ကမိတဗ္ဗဝတ္ထုံ (ကျူးလွန်ထိုက်သော သူ့အသက်စသော ဝတ္ထုကို), အာလမ္ဗိတ္ဝာ ဝိတိက္ကမစေတနာသင်္ခါတဝိရမိတဗ္ဗဝတ္ထုတော(ကျူးလွန်ကြောင်းစေတနာဟူသော ရှောင်ကြဉ်ထိုက်သော ဝတ္ထုမှ)၊ ဝိရမ္မဏာဝသေန ပဝတ္တာန္တိ၊– ဋီကာသစ်။ [ဤအဖွင့်ကိုကြည့်၍ ဝိတိက္ကမိတဗ္ဗဝတ္ထုနှင့် ဝိရမိတဗ္ဗဝတ္ထုတို့၏ ကွဲပြားပုံကို သိပါ။]

ဇေတ္ထ ၊ပေ၊ ကေတော ဂဏ္ဟာတိ ။ ။ ယခုအခါ သိက္ခာပုဒ်ယူပုံ ပျက်ပုံအားဖြင့် အဆုံးအဖြတ်ကို ပြလို၍ “ဇေတ္ထ”စသည်ကို မိန့်သည်၊ “ပဉ္စင်္ဂ သမန္နာဂတံ သိလံ သမာဒိယာမိ” ဟု သိက္ခာပုဒ် ငါးပါးလုံးကို တပေါင်းတည်း ဆောက်တည်သူကို “ကေတော ဂဏ္ဟာတိ ” ဟု ဆိုသည်၊ ဤသို့ တပေါင်းတည်း ဆောက်တည်သော်လည်း ပါဏာတိပါတမှ ရှောင်ခြင်း , အဒိန္နာဒါနမှ ရှောင်ခြင်းစသော ကိစ္စအားဖြင့်ကား ငါးမျိုးပြားဧသောကြောင့် ၅ ပါးသီလဟုပင် ဆိုရသည်။

သမ္ဘာနိ ဘိန္နာနိ။ ။ဆောက်တည်တုန်းက တပေါင်းတည်းဆောက်တည်ခဲ့သောကြောင့် တပါးပျက်လျှင် သီလ ၅ ပါးလုံး ပျက်၏၊ သို့သော် အကုသိုလ်ကံ အဖြစ်ဖြင့်ကား ကျူးလွန်အပ်သော သီလအတွက်သာ ကမ္မပထမြောက်သည်။ [သမ္ဘာနိပိ ဘိန္နာနိ ဟောန္တိ, ကေတော သမာဒိန္နတ္တာ၊ နု ဟိ တဒါ ပဉ္စဂိကတ္တံ သီလဿ သမ္ဘဇ္ဇတိ– ထိုသို့ ဆောက်တည်ရာအခါ၌ သီလမှာ ပဉ္စင်္ဂိက မဖြစ်တော့၊ ယံတု ဝိတိက္ကန်, တေနေဝ ကမ္မပဒေါ– စင်စစ်မှာ– အကြင်အမှုကို ကျူးလွန်အပ်၏၊ ထိုအမှုကြောင့်သာ ကံဖြင့် ဖွဲ့အပ်၏၊–ဋီကာသစ်။]

အကြင် ပုဂ္ဂိုလ်သည်၊ ကေကံ – တပါးတပါးသော သိက္ခာပုဒ်ကို၊ ဂဏ္ဌတိ–ယူ၏၊ [ယခုခေတ်၌ ဆောက်တည်သကဲ့သို့ တပါးစီခွဲ၍ဆောက်တည်၏။] သော–ထိုပုဂ္ဂိုလ်သည်၊ ယံ–အကြင်သိက္ခာပုဒ်ကို၊ ဝိတိက္ကမတိ–လွန်ကျူး၏၊ တဒေဝ–ထို လွန်ကျူးအပ်သော သိက္ခာပုဒ်သည်သာ၊ ဘိဇ္ဇတိ–ပျက်၏၊ ပန– ကား၊ သေတုယာတဝိရတိယာ – သေတုယာတဝိရတိ၏၊ ဘေဒေါ နာမ – ပျက်ခြင်းမည်သည်၊ နတ္ထိ–မရှိ၊ ဟိ– မှန်၊ ဘဝန္တရေပိ – ဘဝတပါး၌ သော်မှလည်း၊ (ဤဘဝကို မဆိုထား၊ဘိ ဘဝတပါး၌ သော်မှလည်း၊) အရိယသာဝကော–အရိယသာဝကသည်၊ ဇီဝိတဟေတုပိ – အသက်ဟူသော အကြောင်းကြောင့် သော်မှလည်း၊ (အခြား အကြောင်းမှာ ဆိုဘွယ်ရာမလို – ဟူလို၊) ပါဏံ–သတ္တဝါကို၊ နေဝဟနတိ–မသတ်တော့၊ သုရံ–သေရည်ကို၊ နပိဝတိ – မသောက်တော့၊ အသ – ထိုအရိယသာဝက၏၊ သုရပ္ပ – သေရည်ကိုဂုင်း၊ ဒိရပ္ပ – နို့ရည်ကိုဂုင်း၊ မိဒ္ဓသ္တရာ – ရောရှ၊ မုခေ – ခံတွင်း၌၊ ဝါ – သို့၊ သစေပိ ပက္ခိပန္တိ–အကယ်၍မူလည်း ထည့်သွင်းကုန်ဉုးတော့၊ (ဧဝံသတိ)၊ ဒိရမေဝ – နို့ရည်သည်သာ၊ ပဝိသတိ– ဝင်၏၊ သုရာ – သေရည်သည်၊ န (ပဝိသတိ) – မဝင်၊ ယထာ ကိ – ဥပမာ အဘယ်ကဲ့သို့နည်း၊ ကောဠသကုဏ္ဍာနံ – ကြိုးကြာငှက်တို့၏၊ ဒိရမိဿ ဥဒကေ – နို့ရည်ဖြင့် ရောအပ်သောရေတွင်၊ ဒိရမေဝ–သည်သာ၊ ပဝိသတိ (ယထာ)– ဝင်သကဲ့သို့၊ ဥဒကံ– ရေသည်၊ န(ပဝိသတိ ယထာ) မဝင်သကဲ့သို့တည်း၊ ဣဒံ–၌ ကြိုးကြာငှက်တို့၏ခံတွင်းသို့ နို့ရည်သာ ဝင်၍ ရေမဝင်ခြင်းသည်၊ ယောနိသိဒ္ဓံ – အမျိုးဇာတ်ကြောင့် ပြီးစီး၏၊ ဣတိ – ၌သို့၊ ကောစိ – တစုံတယောက်သည်၊ စေ (ဝဒေယျ) – အကယ်၍ ပြောဆိုအံ့၊

× × × × × × ×

သုရံ နပိဝတိ။ ။အဒိန္နာဒါနပိရတိစသော အလယ်သိက္ခာပုဒ်များကို ပေယျာလမြုပ်၍ အာဒိ အန္တဒိပကနည်းအားဖြင့် အစနှင့် အဆုံး သိက္ခာပုဒ်ကိုသာ ပြထား၏၊ သုရံဠ်လည်း နိဒဿနနည်း ဟု မှတ်ပါ၊ မေရယနှင့်တကွ မဇ္ဇ ဟူသမျှကိုပင် မသုံးစွဲကြတော့ – ဟူလို။

ယောနိသိဒ္ဓန္တိ ဧဝ။ ။ဥပမာနှ၌ ကောဠဋ္ဌက်တို့၏ အမျိုးဇာတ်ကြောင့် ပြီးစီးပုံကို ပြထားရကား “ အရိယာတို့၏ သုရာ မဝင်ပုံသည် အဘယ်နည်းအားဖြင့် တူနိုင်ပါသနည်း”ဟု စောဒနာလိုသောကြောင့် “ယောနိသိဒ္ဓန္တိ ဧဝ”ဟု စောဒနာပုံကိုပြသည်။ [မနုဿ တိရစ္ဆာနာနံ ဥဒ္ဓံ တိရိယမေဝ ဒိဃတာဝိယ (လူ၏အထက်၌ ရှည်ခြင်း, တိရစ္ဆာန်တို့၏ အလျားရှည်ခြင်းသည် ယောနိသိဒ္ဓ ဖြစ်သကဲ့သို့ဂုင်း) ဗကာနံ မေဃသဒ္ဒေန ကုတ္တဉ္ဇိနံ ဝါတေန ဂဗ္ဘဂ္ဂဟဏံ ဝိယစ ယောနိသိဒ္ဓံ (ဗျိုင်းအောံတို့၏ မိုးသံကြောင့် ကိုယ်ဝန်ယူခြင်း , ကြက်မတို့၏လေကြောင့် ကိုယ်ဝန်ယူခြင်းသည် ယောနိသိဒ္ဓ ဖြစ်သကဲ့သို့ဂုင်း, ကောဠတို့၏ခံတွင်း၌ နို့ရည်သာဝင်၍ ရေမဝင်ခြင်းသည် ယောနိသိဒ္ဓ (အမျိုးဇာတ်ကြောင့် ပြီးစီးသည် မဟုတ်ပါလော၊) ဣတိ ကောစိ ဝဒေယျ စေတိ အဇ္ဈော၊–ဋီကာသစ်။]

(ဝေဿတိ)၊ ဣဒံ – ဤ အရိယသာဝကတို့၏ ခံတွင်းသို့ နို့ရည်သာ ဝင်၍ သေရည်မဝင်ခြင်းသည်၊ ဓမ္မတာသိဒ္ဓံ-အရိယာမက်တရား၏အာနုဘော်ကြောင့် ပြီးစီး၏၊ ဣတိစ–ဤသို့လည်း၊ ဝေဒိတဗ္ဗံ-သိထိုက်၏၊ (ဣတိ- သို့၊ ဝိသဋ္ဌေယျ-ဖြေဆိုရာ၏။)

ပန-ဆက်၊ ယသ္မာ-ကြောင့်၊ သရဏဂမနေ-သရဏာဂုံ၌၊ ဒ္ဝိဠ္ဠဥဇုက ကရဏံ နာမ- အသိဉ္ဇက်ကို ဖြောင့်မှန်အောင် ပြုရခြင်းမည်သည်၊(အယူကို ဖြောင့်မှန်အောင် ပြုရခြင်းမည်သည်၊)ဘာရိယံ-ဝန်းလေး၏၊ သိက္ခာပဒ သမာဒါနေ ပန-သိက္ခာပုဒ်ကို ဆောက်တည်ခြင်း၌ကား၊ ဝိရတိမတ္တကမေဝ - ရှောင်ကြဉ်ခြင်းမျှသည်သာ၊ (ဟောတိ)၊ တသ္မာ– ကြောင့်၊ ဧတံ-ဤသိက္ခာပုဒ်ကို ဆောက်တည်ခြင်းသည်၊ (အပ္ပတ္ထတရဉ္စ-ခဲ့စပ်၊) ယထာဝါ တထာဝါ-အမှတ်မထား တပါးပါးသော အခြင်းအရာဖြင့်မူလည်း၊ [လေးလေးစားစား ဖြစ်စေ မလေးမစား ဖြစ်စေ-ဟူလို] ဂဏ္ဌန္တသာပိ-ယူသောပုဂ္ဂိုလ်၏ဂုဏ်း၊ (ယူသောပုဂ္ဂိုလ်အတွက် ဂုဏ်း၊)သာဓုကံ-ကောင်းစွာ၊ (လေးလေးစားစား၊) ဂဏ္ဌန္တသာပိ- ဂုဏ်း၊ အပ္ပတ္ထတရဉ္စ – သာ၍နည်းသောကိစ္စ ရှိသည်ဂုဏ်း၊ အပ္ပသမာရမ္ဘတရဉ္စ- သာ၍နည်းသော ကောင်းစွာအားထုတ်ကြောင်း သတ္တပိဉ္စာရှိသည်ဂုဏ်း၊ (ဟောတိ)၊ ပန–ဆက်၊ ပဉ္စသိလ သဒ္ဒိသဿ – ငါးပါးသီလနှင့် တူသော၊ ဒါနဿ – ဒါန၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ ဇ္ဈေ– ဤငါးပါးသီလ၌၊ မဟပ္ဖလတာ(စ)–ကိုဂုဏ်း၊ မဟာနိသံသတာစ-ကိုဂုဏ်း၊ ဝေဒိတဗ္ဗာ- ၏။

ဟိ – သာဓကကား၊ ပဠိမာနိ ဘိက္ခဝေ ၊ပေ၊ ဝိညူဟိတိ - ဟူသော၊ ဧတံ (သုတ္တံ)- ဤပါဠိတော်ကို၊ (ဘဂဝတာ) ဝုတ္တံ - မိန့်တော်မူအပ်ပြီ၊ [ဘိက္ခဝေ-တို့၊ ပဠ-န်ဿသာ၊ ဣမာနိ ဒါနာနိ-ဤဒါနတို့ကို၊ ဝါ– တို့သည်၊ မဟာဒါနာနိ-မြတ်သောဒါနတို့တည်း၊ အဂ္ဂညာနိ - အမြတ်ဟူ၍ သိအပ်ကုန်၏၊ ရတ္တညာနိ–ကြာမြင့်စွာသော ညဉ့်တို့ပတ်လုံး သိအပ်ကုန်၏၊ ဝံသညာနိ- အရိယာ သူတော်

× × × × × × ×

ဓမ္မတာ သိဒ္ဓန္တိ ။ ။ ပန္ဆိမဘဝိက ဘုရားအလောင်းသည် ကိုယ်ဝန် တည်သော အခါ မယ်တော်ဖြစ်သူမှာ ဓမ္မတာသိဒ္ဓ (တရားသဘော) ကြောင့် ၅ ပါးသီလတည်တော့သကဲ့သို့ပင်း, ဘုရားအလောင်း ဖွားမြင်ပြီးသောအခါ နတ်ရွာစံရသကဲ့သို့ပင်း, အရိယာတို့၏ ဓမ္မတာ (ဓမ္မအာနုဘော်) ကြောင့် အရက်၏ မဝင်နိုင်ခြင်းကိစ္စသည် ပြီး၏ဟု ဖြေပါ။ [မဂ္ဂဓမ္မတာယ အရိယမဂ္ဂါနုဘာဝေန သိဒ္ဓန္တိ ဝေဒိတဗ္ဗန္တိ ဝိသဇ္ဇေယျာတိ အတ္ထော၊– ဋီကာသဒ်။]

အဂ္ဂညာနိ စ သည်း ။အဂ္ဂါနိတိ– အမြတ်တို့ဟူ၍+ ညာတာနိ–သိအပ်ကုန်သော ဒါနတို့တည်း၊ အဂ္ဂညာနိ– တို့၊ အဂ္ဂသဒ္ဒ။ပဟဒ + ညဓာတ်, ဏ ပစ္စည်း၊ ရတ္တိဉ္ဉော– ကြာမြင့်စွာသော ညဉ့်တို့ပတ်လုံး ၊ ညာတာနိ ရတ္တညာနိ၊ ရတ္တိဉ္ဉ ဇ္ဈကို (အ) ပြု။

ကောင်းတို့၏ အဆက်အနွယ်ဟု သိအပ်ကုန်၏၊ ပေါရာဏာနိ-ရှေး သူဟောင်းတို့၏ ဥစ္စာတို့တည်း၊ အသံကိုဏ္ဍာနိ—မပယ်အပ်ကုန်၊ အသံကိုဏ္ဍပုဗ္ဗာနိ-ရှေးဦးလည်း မပယ်အပ်ကုန်၊ နသင်္ကိယန္တိ - ယခုလည်း မပယ်အပ်ကုန်ဆဲ၊ နသင်္ကိယိဿန္တိ - နောင်အခါလည်း မပယ်အပ်ကုန်လတ့ံ၊ ဝိညူဟိ - ပညာရှိဖြစ်ကုန်သော၊ သမဏေဟိ— ရဟန်းတို့သည်၎င်း၊ ဗြာဟ္မဏေဟိ- ပုဏ္ဏားတို့သည်၎င်း၊ အပ္ပဋိကုဋ္ဌာနိ-တရံတခါမျှ မပယ်အပ်ကုန်၊ ကတမာနိ ပဉ္စ-အဘယ်ငါးပါးတို့နည်း၊ ဘိက္ခဝေ–တို့၊ ဣဓ-ဤသာသနာတော်၌၊ အရိယသာဝကော-အရိယသာဝကသည်၊ ပါဏာတိပါတံ - ပါဏာတိပါတကို၊ ပဟာယ - ပယ်စွန့်၍၊ ပါဏာတိပါတာ- မှ၊ ပဋိဝိရတော- ရှောင်ကြဉ်သည်၊ ဟောတိ - ၏၊ ဘိက္ခဝေ, ပါဏာတိပါတာ - မှ၊ ပဋိဝိရတော - ရှောင်ကြဉ်သော၊ အရိယသာဝကော-သည်၊ အပရိမာဏာနံ-အတိုင်းအရှည်မရှိကုန်သော၊ သတ္တာနံ-သတ္တဝါတို့အား၊ အဘယံ-ဘေး၏ မရှိခြင်းကို၊ ဝါ— ဘေးမဲ့ကို၊ ဒေတိ- ပေး၏၊ အဝေရံ – ရန်၏

× × × × × × ×

ဝံသညာနိ စသည်။ ။ အရိယာနံ သာဓူနံ ဝံသာနိတိ ဉာတာနိ ဝံသညာနိ – အရိယာသူတော်ကောင်းတို့၏ အဆက်အနွယ်ဟု သိအပ်ကုန်သော ဒါနတို့၊ တောနိ – ဌာန်၏ ဒါနတို့သည်၊ ပေါရာဏာနံ – ရှေး လူကြီးလူကောင်းတို့၏၊ သန္တကာနိ - ဥစ္စာတို့တည်း၊ ။ပေါရာဏာနိ။

အသံကိုဏ္ဍာနိ။ ။သံ+ကိရဓာတ်သည် ဝိကြဲပ (ပစ်လွှင့် ပယ်ရှားခြင်း) အနက်ကို ဟော၏၊ တ ပစ္စည်းကို ဏ္ဍာဂြိုဟ်၍ သံကိဏ္ဍာနိဟု ဖြစ်၏၊ ကေနစိပိ ပကာရေန–တစုံတခုသော အပြားအားဖြင့်လည်း (မည်သည့် အကြောင်းကြောင့်မျှ)၊ သာဓူဟိ - သူတော်ကောင်းတို့သည်၊ နံ+သံကိဏ္ဍာနိ – မစွန့်ပယ်အပ်ကုန်၊ ဤတိ အသံကိဏ္ဍာနိ၊ ထို အသံကိဏ္ဍာသည် အတိတ်ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးလုံး၌ ဖြစ်သောကြောင့် “ အသံကိဏ္ဍာ ပုဗ္ဗာနိ (အတိတ်) နသံကိယန္တိ (ပစ္စုပ္ပန်) နသံကိဿိဿန္တိ (အနာဂတ်) ဟု ပြသည်၊ ကိယန္တိန္တိ ရကိုချေ၊ ရချေလျှင် ရှေကိန္တိ ဒိဃပြု၊ (တနည်း) ဝဓံ အနက်ဟော ကိဓာတ်ဟု ကြံပါ။

အပ္ပဋိကုဋ္ဌာနိ။ ။ပတိ+ ကုဓာတ်သည် ပဋိက္ခိတ္တအနက်ကို ဟော၏၊ အဓာတယေဝ – ထိုသို့ ကာလ ၃ ပါးတို့ မစွန့်အပ်ကုန်သည်၏ အဖြစ်ကြောင့်ပင်၊ အပ္ပဋိကုဋ္ဌာနိ နပဋိက္ခိတ္တာနိ - မပယ်အပ်ကုန်၊ နဟိ ကဒါစိပိ ဝိညူ သမဏ ဗြာဟ္မဏာ ဟိ သာဒိပါပမိမံ အနုဇာနန္တိ – မှန်၏၊ ဘယ်အခါမျှ ပညာရှိသမဏ ဗြာဟ္မဏတို့သည် သူတပါးကို ညှဉ်းဆဲခြင်း အစရှိသော မကောင်းမှုကို ခွင့်မပြုကြ။

အဘယံ အဝေရံ။ ။ သဗ္ဗေသု ဘူတေသု နိဟိတဒဏ္ဍာတ္တာ သကလဿပိ သတ္တနိကာယဿ ဘယာဘာဝံ (ဘေးမရှိခြင်းကို) ဒေတိ။ [“ ဘယဿ + အဘာဝေါ အဘယံ ”ဟု ပြု။] နဟိ အရိယသာဝကတော (ကြောင့်) ကဿစိ ဘယံ ဟောတိ– မည်သည့်အတွက်မျှ ဘေးမဖြစ်၊ အဝေရံတိ ဝေရာဘာဝံ။ [“ ဝေရဿ + အဘာဝေါ အဝေရံ”ဟု ပြု။]

မရှိခြင်းကို၊ ဝါ- ရန်မဲ့ကို၊ ဒေတိ- ၏၊ အဗျာဗဇ္ဈ - လွန်စွာ နှိပ်စက်တတ်သော ဒုက္ခ၏မရှိသည်၏အဖြစ်ကို၊ ဒေတိ-၏၊ အပရိမာဏာနံ-ကုန်သော၊ သတ္တာနံ-တို့အား။ အဘယံ-ကို၊ ဝါ-ကို၊ ဒတ္ဝာ- ပေး၍၊ ဝါ-ပေးခြင်းကြောင့်၊ အဝေရံ-ကို၊ ဝါ-ကို၊ ဒတ္ဝာ-၍၊ ဝါ- ကြောင့်၊ အဗျာဗဇ္ဈံ- ကို၊ ဒတ္ဝာ-၍၊ ဝါ-ကြောင့်၊ အပရိမာဏာဿ - သော၊ အဘယဿ - ဘေး၏ မရှိခြင်း၏ဂုဏ်း၊ ဝါ-ဘေးမဲ့၏ ဂုဏ်း၊ အဝေရဿ - ရန်၏ မရှိခြင်း၏ဂုဏ်း၊ ဝါ – ရန်မဲ့၏ဂုဏ်း၊ အဗျာဗဇ္ဈဿ– လွန်စွာနှိပ်စက်တတ်သောဒုက္ခ၏ မရှိသည်၏အဖြစ်၏ဂုဏ်း၊ ဘာဂိ– အဘို့ရှိသည်၊ ဟောတိ-၏၊ ဘိက္ခဝေ, ပဌမံ - ရှေးဦး၌သော၊ ဣဒံ ဒါနံ- ဤပါဏာတိပါတာဝိရတိဒါနကို၊ ဝါ– သည်၊ မဟာဒါနံ- မြတ်သော ဒါနတည်း ၊ပေ ၊ ဝိညူဟိ– နှံသော၊ သမဏေဟိ- တို့သည်ဂုဏ်း၊ ဗြာဟ္မဏေဟိ - တို့သည်ဂုဏ်း၊ အပ္ပဋိကုဋ္ဌံ- တရံတခါမျှ မတားမြစ်အပ်၊(စာအုပ်တို့၌ ဣတိပါ၏ ပိုဟန်တူသည်)၊ ဘိက္ခဝေ, ပုနစ- တဖန်လည်း၊ အပရံ- တမျိုးကား၊ အရိယသာဝကော - သည်၊ အဒိန္နာဒါနံ-ကို၊ ပဟာယ-၍၊ပေါ်ဘိက္ခဝေ ပဏ္ဍ, ဣမာနိ ဒါနာနိ-တို့ကို၊ ဝါ-တို့သည်၊ မဟာဒါနိ- တည်း၊ အဂ္ဂညာနိ - နှ၏ ၊ပေ၊ ဝိညူဟိ သမဏေဟိ ဗြာဟ္မဏေဟိ, အပ္ပဋိကုဋ္ဌာနိ- ကုန်၊– အာဂံတွိ၊ရ - အဋ္ဌကနိပါတ် , ပဌမပံ , အဘိသန္ဒသုတ်၊ ကထာဝတ္ထု၊-သတ္တမဝဂ်, ဒါနကထာ ပါဠိတော်။]

စ ပန–ထပ်၍ဆက်ဦးအံ့၊ ဣဒံ သီလပဏ္ဍကံ- ဤသီလငါးပါးအပေါင်းကို၊ (ဝုစ္စတိ ဒ္ဒစပ်)၊ အတ္တာသိနေဟဋ္ဌ - မိမိ၌ ချစ်ခြင်းကိုဂုဏ်း၊ ဇီဝိတသိနေဟဋ္ဌ – အသက်၌ ချစ်ခြင်းကိုဂုဏ်း၊ ပရိစ္စဇိတ္တာ- စွန့်၍၊ ရက္ခိဿာမိ–စောင့်အံ့၊ ဣတိ–ဤသို့ကြံ၍၊ သမာဒိန္နတာယ- ကောင်းစွာယူအပ်သည်၏အဖြစ်ကြောင့်၊ ဝါ– ဆောက်တည်အပ်သည်၏ အဖြစ်ကြောင့်၊ ယညောတိ - ယင်ဟူ၍၊ ဝုစ္စတိ-၏၊ တတ္ထ–ထို ပဏ္ဍသီလ, သရဏာဂုံတို့တွင်၊ ပဏ္ဍသီလတော-ပဏ္ဍသီလထက်၊ သရဏာဂမနမေဝ – သရဏာဂုံ သည်သာ၊ ဇေဋ္ဌကံ – အထူးသဖြင့် ချီးမွမ်းအပ်သည်၊ ကိဉ္စာပိ(ဟောတိ)- အကယ်၍ကား ဖြစ်ပါပေ၏၊ ပန- ထိုသို့ပင် ဖြစ်ပါသော်

× × × × × × ×

အဗျာဗဇ္ဈံ။ ။ဗျာပါဒ- ဗျာပဇ္ဇဒုစ်ရိုက်တို့သည် ဒေါသအနက်ကိုဟော၏၊ ဗျာဗာဓ- ဗျာဗဇ္ဈတို့ကား နှိပ်စက်တတ်သောဒုက္ခကိုဟော၏၊ ဝိ+အာ+ဗာဓဓာတ်, အပစွဲညီးဖြင့် "ဗျာဗဇ္ဈတိကိ ဗျာဗာဓေါ-လွန်စွာနှိပ်စက်တတ်သောဒုက္ခ၊ နတ္ထိ+ဗျာဗာဓေါ ယဿာတိ အဗျာဗာဓေါ(သတ္တာနိကာယော)၊ အဗျာဗာဓဲဿ+ဘာဝေါ အဗျာဗဇ္ဈံ" [အဗျာဗဇ္ဈန် နိဒုက္ခတံ၊–ဋီကာ။]

ကိဉ္စာပိ၊ ပေ၊ ဇေဋ္ဌကံ။ ။ပဏ္ဍသီလသည် ဘုရားပွင့်ရာ ဗုဒ္ဓုပ္ပါဒကာလ, သာသနာပကာလအားဖြင့် အလုံးစုံသောကာလ၌ ပညာရှိတို့ ဆောက်တည်အပ်သည် မဟုတ်လော၊ အရဟတ္တဖိုလ် ဝိမုတ္တိ၏အကြောင်းဖြစ်ဘို့ရန် ကောန်လည်း မဟုတ်၊ ဘာ့ကြောင့်နည်း – အရဟတ္တဖိုလ် မရနိုင်ရာ သာသနာပဌ်လည်း ဆောက်တည်နိုင်သော

လည်း၊ ဣဒံ-ဤပဉ္စသီလကို၊ သရဏဂမနေယေဝ-သရဏကုံ၌သာ၊ ပတိဋ္ဌာယ-တည်၍၊ ရက္ခိတသီလဝသေန – စောင့်ရှောက်အပ်သော သီလ၏ အစွမ်းဖြင့်၊ မဟပ္ဖလန္တိ- များသောအကျိုးရှိ၏ဟူ၍၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ။ [သရဏကုံနှင့် ပဉ္စသီလကို တပါးချင်းသာပြိုင်လျှင် သရဏကုံက သာ၍ အကျိုးကြီး၏၊ ပါဠိတော်၌ကား သရဏကုံ၌တည်ပြီးသောပုဂ္ဂိုလ်၏ ၅ ပါးကိုရည်ရွယ်၍ သရဏကုံထက် ၅ ပါးသီလက အကျိုးကြီးသည်ဟု ဟောတော်မူသည်–ဟူလို။]

ဣဒံပိ–၌ တရားစကားတော်ကိုလည်း၊ပေ၊စိန္တေသိ၊(ကိ)၊ ပဉ္စသီလံနာမ-ပဉ္စသီလမည်သည်၊ ရက္ခိတုံ–စောင့်ရှောက်ခြင်းငှါ၊ ဂရုကံ-ဝန်လေး၏၊ အညံ-ပဉ္စသီလမှ အခြားသော၊ ကိဉ္စိ– တစုံတခုသော၊ ဤဒိသမေဝ– ဤကဲ့သို့ရှိအပ်သည်သာလျှင်၊ ဟုတ္ဝာ, ဣတော-၌ ပဉ္စသီလအောံ၊ ဝါ–ထက်၊ အပ္ပဋ္ဌတရဉ္စ-သော၊ မဟပ္ဖလတရဉ္စ-သော၊ (ယည်–ယင်သည် ၊) အတ္ထိနုခေါ- ရှိသေးလေသလော၊ ဣတိ(စိန္တေသိ)၊ တတော-ကြောင့်၊ တံ-ထို အပ္ပဋ္ဌတရ, မဟပ္ဖလတရယင်ကို၊ ပုစ္ဆန္တော–မေးလိုသည်၊ (ဟုတ္ဝာ)၊ ပုနပိ- လည်း၊ အတ္ထိ ပနဘောဂေါတမာတိ အာဒိ- အစရှိသောစကားကို၊ အာဟ- ပြီ၊ အထ- မေးလျှံရာထိုအခါ၌၊ အဿ– ထို ပုဏ္ဏားအား၊ ဘဂဝါ– သည်၊ တိဝိဓသီလပါရိပူရိယံ–၃ ပါး အပြားရှိသော သီလ၏ ပြည့်စုံသည်၏ အဖြစ်၌၊ ဋ္ဌိတဿ - တည်သော ပုဂ္ဂိုလ်၏၊ ပဌမဈာနာဒီနံ-ပဌမဈာန် အစရှိကုန်သော၊ ယညာနံ–ယဇ်တို့၏၊ အပ္ပဋ္ဌတရတဉ္စ-သာ၍နည်းသောကိစ္စရှိကုန်သည်၏အဖြစ်ကိုဂုဏ်း၊မဟပ္ဖလတရတဉ္စ–သာ၍ကြီးသော အကျိုးရှိကုန်သည်၏အဖြစ်ကိုဂုဏ်း၊ ဒဿေတုကာမော-ပြခြင်းငှါ အလိုရှိတော်မူသည်၊(ဟုတ္ဝာ)၊ ဗုဒ္ဓုပ္ပါဒတော– ဘုရားပွင့်တော်မူရာအခါမှ၊ ပဋ္ဌာယ–စ၍၊ ဒေသနံ-ဒေသနာတော်ကို၊ အာရဘန္တော– အားထုတ်

× × × × × × ×

ကြောင့်တည်း၊ သရဏကုံ ၃ ပါးကား ဘုရားပွင့်ခြင်းလျှင် အရင်းခံရှိ၏၊ ကောန်အားဖြင့် အရဟတ္တဖိုလ်၏ အကြောင်းလည်းဖြစ်၏၊ သို့ပါလျက် အဘယ်နည်းဖြင့် သရဏကုံထက် ၅ ပါးသီလက မဟပ္ဖလဖြစ်ရသနည်းဟု မေးဘွယ်ရှိသောကြောင့် "ကိဉ္စာပိ" စသည်ကို မိန့်သည်၊ ထို စောဒနာသည့်အတိုင်း မှန်ပါပေ၏၊ သို့သော် သရဏကုံ၌တည်၍ စောင့်အပ်သော ၅ ပါးသီလအတွက် မဟပ္ဖလဖြစ်၏-ဟု ဆိုပါသည်–ဟူလို။ [ဇေဋ္ဌကန္တိ မဟပ္ဖလဘာဝေန ဥတ္တမံ၊–ဋီကာ၊ ပသတ္ထကို(ဇ)ပြု။]

အထဿ၊ပေ၊အာရဘန္တော။ ။ ပဌမဈာန် စသည်တို့သာ ယညဖြစ်ပါလျက် ထိုဈာန်တို့ကို ပြတော်မမူသေးဘဲ အဘယ့်ကြောင့် ဗုဒ္ဓုပ္ပါဒမှစ၍ ဒေသနာကို အားထုတ်တော်မူရပါသနည်း–ဟု မေးဘွယ်ရှိသောကြောင့် " အထဿ " စသည်ကို မိန့်သည်၊ စူဠ မစ္ဈိမ မဟာသီလအားဖြင့် တိဝိဓသီလ၌ တည်ပြီးသူအတွက်သာ ပဌမဈာန် စသည်တို့က အပ္ပဋ္ဌတရ မဟပ္ဖလတရဖြစ်သောကြောင့် ထို တိဝိဓသီလကို ပြတော်မူလိုသည့်အတွက် ဗုဒ္ဓုပ္ပါဒမှစ၍ ဒေသနာကို အားထုတ်တော်မူသည်။

တော်မူလိုသည်၏ အဖြစ်ကြောင့်၊ ဇာဝ မြောဟ္မဏာတိအာဒိ-အစရှိသောစကား တော်ကို၊ အာဟ–မိန့်တော်မူပြီ။ [“ယညာနံ အပ္ပဋ္ဌတရဉ္စ မဟပ္ဖလတရဉ္စ” ဟု အချို့စာအုပ်တို့၌ ရှိသော်လည်း ရှေးစာအုပ်တို့၌ “အပ္ပဋ္ဌတရတာဉ္စ မဟပ္ဖလတရတာဉ္စ”ဟုရှိသည်၊ ထိုသို့ရှိမှ ယညာနံဟူသောသမ္ဗန်ကို တာပစ္စည်း၌ စပ်နိုင်သောကြောင့် ကောင်းသည်။]

တတ္ထ-ထို ဇာဝြောဟ္မဏာအစရှိသော စကားရပ်၌၊ ယသ္မာ-ကြောင့်၊ ဟေဋ္ဌာ-အောက်၌၊ ဝုတ္တောဟိ-ဟောတော်မူအပ်ပြီးကုန်သော၊ ဂုဏောဟိ–ဂုဏ်တို့နှင့်၊ သမန္နာဂတော-ပြည့်စုံသောပုဂ္ဂိုလ်သည်၊ ပဌမံ ဈာနံ-ပဌမဈာန်ကို၊(နိဗ္ဗတ္တေန္တော–ဖြစ်စေလသော်၊ နကိလမတိ-မပင်ပန်း၊) ပဌမဇ္ဈာနာဒီသု–ပဌမဈာန်အစရှိသည်တို့၌၊ ဒုတော-တည်သော ပုဂ္ဂိုလ်သည်၊ ဒုတိယဇ္ဈာနာဒီနိ - ဒုတိယဈာန်အစရှိသည်တို့ကို၊ နိဗ္ဗတ္တေန္တော-ဖြစ်စေလသော်၊ နကိလမတိ-မပင်ပန်း၊ တသ္မာ–ထို့ကြောင့်၊ တာနိ– ထို ပဌမဈာန် အစရှိသည်တို့သည်၊ အပ္ပဋ္ဌာနိ–နည်းသောကိစ္စရှိကုန်၏၊ အပ္ပသမာရမ္ဘာနိ-နည်းသော ကောင်းစွာ အားထုတ်ကြောင်း သတ္တပီဋ္ဌာရှိကုန်၏၊ ပန-ဆက်၊ ယသ္မာ-ကြောင့်၊ တတ္ထ-ဤဈာန်တို့တွင်၊ ပဌမံ ဈာနံ–ပဌမဈာန်သည်၊ ကေဝလံ-အသင်္ခ်ေယျကပ် တကပ်ပတ်လုံး၊ ပြဟ္မလောကေ-ဗြဟ္မာ့ပြည်၌၊ အာယုံ-အသက်ကို၊ ဒေတိ-ပေး၏၊ ဒုတိယံ(ဈာနံ)-ဒုတိယဈာန်သည်၊ အဒ္ဓကပ္ပေ-မဟာကပ် ရှစ်ကပ်တို့ပတ်လုံး၊(ပြဟ္မလောကေ အာယုံ ဒေတိ)၊ တတိယံ(ဈာနံ)-တတိယဈာန်သည်၊ စတုသဋ္ဌိကပ္ပေ–မဟာကပ် ၆၄ ကပ်တို့ပတ်လုံး၊(ပြဟ္မလောကေ အာယုံ ဒေတိ)၊ စတုတ္ထံ (ဈာနံ)–

× × × × × × ×

ဟေဋ္ဌာ ဝုတ္တောဟိ ဂုဏောဟိ။ ။သရဏကုံ, သီလ, ဇုန္ဟိယေသု ဂုတ္တာဒ္ဒါရတာ အစရှိသောဂုဏ်တို့ကို“ဟေဋ္ဌာဝုတ္တဂုဏာ”ဟု ဆိုသည်၊ ထိုဂုဏ်တို့၌တည်ပြီးသူမှ ပဌမဈာန်ကို ဖြစ်စေရာ၌ မပင်ပန်းဘဲ လွယ်ကူသည်၊ ပဌမဈာန်စသည်၌ တည်ပြီးသူမှလည်း ဒုတိယဈာန် စသည်ကို ဖြစ်စေရာ၌ မပင်ပန်းဘဲ လွယ်ကူသည်။

ကေ ကပ္ပံ၊ပေ၊ဒေတိ။ ။“ပဌမံ ဈာနံ”ဟူရာ၌ ဥတ္တဋ္ဌနိဒ္ဒေသနည်းအားဖြင့် ပဏီတဖြစ်သော ပဌမဈာန်ကို ယူပါ၊ ဒုတိယဈာန် စသည်၌လည်း နည်းတူ၊ ကေ ကပ္ပံဟူရာ၌လည်း အသင်္ခ်ေယျတကပ်တည်း။ [ပရိတ္တပဌမဈာန်သည် အသင်္ခ်ေယျကပ်၏ ၃ ပုံ တပုံသာ အသက်ရှည်၏၊ မဇ္ဈိမပဌမဈာန်သည် အသင်္ခ်ေယျကပ်တဝက်သာ အသက်ရှည်၏၊ ပဏီတပဌမဈာန်သာ အသင်္ခ်ေယျကပ် တကပ်အသက်ရှည်၏၊ ဤသို့စသည်ဖြင့် အထက်ဈာန်များ၏ အသက်ကိုလည်း အဘိဓမ္မတ္ထသင်္ဂဟအတိုင်း ပရိတ္တ မဇ္ဈိမ၌ သိပါ။]

မှတ်ချက်။ ။ဤကာဋ္ဌ“ကေ ကပ္ပန္တိ ကေ မဟာကပ္ပံ”ဟု တွေ့ရ၏၊ ပါဠိပျက်ဟန်တူသည်၊ ဘာ့ကြောင့်နည်း–ပဌမဈာန် ၃ ဘုံသည် ကမ္ဘာပျက်တိုင်းပါဝင်ရကား ပျက်ဆဲသံဝဋ္ဋအသင်္ခ်ေယျကပ်, ပျက်ပြီးအတိုင်းတည်သော သံဝဋ္ဋဌာယီအသင်္ခ်ေယျကပ်, ကမ္ဘာတည်ဆဲ ဝိဝဋ္ဋအသင်္ခ်ေယျကပ်တို့၌ ဗြဟ္မာတို့မရှိရကား မဟာကပ်တကပ်အပြည့် အသက်မရှိနိုင်သောကြောင့်တည်း၊ အကျယ်ကို သင်္ဂြိဟ်အဖွင့်တို့၌ ရှုပါ။

စတုတ္ထစျာန်သည်၊ ပဉ္စကပ္ပသတာနိ – မဟာကပ် ငါးရာတို့ ပတ်လုံး၊ (ဗြဟ္မလောကေ အာယုံ ဒေတိ)၊ တဒေဝ– ထို စတုတ္ထစျာန်ကိုပင်၊ [စတုက္ကနည်း အားဖြင့် ပဉ္စမစျာန်ကိုပင် စတုတ္ထစျာန်ဟု ဆိုထား၊သည်။] အာကာသာနဉ္စာယတနာဒိ သမာပတ္တိဝသေန-အာကာသာနဉ္စာယတန အစရှိသော သမာပတ်တို့၏အဖြစ်အား ဖြင့်၊ ဘာဝိတံ-ဖြစ်စေအပ်သည်၊ (သမာနံ-ဖြစ်လသော်၊)ဝီသတိကပ္ပသဟဿာနိစ– မဟာကပ် နှစ်သောင်းတို့ပတ်လုံးငင်း၊ စတ္တာလီသံ (ကပ္ပသဟဿာနိစ)-မဟာကပ် ၄၀ သောင်းတို့ပတ်လုံးငင်း၊ သဋ္ဌိကပ္ပသဟဿာနိစ-မဟာကပ် ၆၀ သောင်းတို့ပတ်လုံးငင်း၊ စတုရာသီတိကပ္ပသဟဿာနိစ – မဟာကပ် ရှစ်သောင်း ၄၀ ထောင်တို့ပတ်လုံးငင်း၊ အာယုံ ဒေတိ၊ တဿ–ကြောင့်၊ မဟပ္ဖလတရဉ္စ- သာ၍များသော အကျိုးရင်းလည်းရှိ၏၊ မဟာနိသံသတရဉ္စ– သာ၍များသော အကျိုးဆက်လည်းရှိ၏၊ ပန–ဆက်၊ နိဝရဏာဒိနံ– နိဝရဏာ အစရှိကုန်သော၊ ပစ္စနီကာနံ- ဆန့်ကျင်ဘက် ဖြစ်ကုန်သော၊ ဓမ္မာနံ - တရားတို့၏၊ ဝါ– တို့ကို၊ ပရိစ္ဆတ္တာ- စွန့်အပ်ကုန်သည်၏ အဖြစ်ကြောင့်၊ တံ–ထိုစျာန်ကို၊ ယညန္တိ-ယဇ်ဟူ၍၊ ဝေဒိတဗ္ဗံ–၏။

ဝိပဿနာညာဏံဝိ–ဝိပဿနာဉာဏ်သည်လည်း၊ (အပ္ပဋ္ဌံ အပ္ပသမာရမ္ဘံ တို့၌ ပဓာနစပ်)၊ဝါ-ကိုလည်း၊(နိဗ္ဗတ္တေန္တောဋ္ဌ အပဓာနစပ်)၊ယဿ-ကြောင့်၊ စတုတ္ထဈာန ပရိယောသာနေသု-စတုတ္ထစျာန်အဆုံးရှိကုန်သော၊(တိဝိဓသီလမှစ၍ စတုတ္ထစျာန်အဆုံးရှိကုန်သော၊)ဂုဏေသု-ဂုဏ်တို့၌၊ ပတိဋ္ဌာယ-တည်၍၊ နိဗ္ဗတ္တေန္တော - ဖြစ်စေလသော်၊ ဝါ-ဖြစ်စေသော ပုဂ္ဂိုလ်သည်၊ နကိလမတိ–မပင်ပန်း၊ တဿ-ကြောင့်၊ အပ္ပဋ္ဌံ-၏၊ အပ္ပသမာရမ္ဘံ-၏၊ ပန-ဆက်၊ ဝိပဿနာသုခသဒိသဿ-ဝိပဿနာချမ်းသာနှင့်တူသော၊ သုခဿ-ချမ်းသာ၏၊ အဘာဝါ-မရှိခြင်းကြောင့်၊ မဟပ္ဖလံ-၏၊ ပစ္စနီကကိလေသပရိစ္စာဂတော-ဆန့်ကျင်ဘက်ကိလေသာတို့ကိုစွန့်နိုင်ခြင်းကြောင့်၊ ယညော-ယဇ်မည်၏၊ (ဤတိသဒ္ဒါရှိသည်ကား ပိဟန်တူသည်)၊ မနောမယိဒ္ဓိပိ – မနောမယိဒ္ဓိဉာဏ်သည်လည်း၊ ဝါ–ကိုလည်း၊ ယဿ-ကြောင့်၊ ဝိပဿနာညာဏော– ၌၊ ပတိဋ္ဌာယ– ၍၊ နိဗ္ဗတ္တေန္တော–သော်၊ ဝါ– သည်၊ နကိလမတိ–ပန်း၊ တဿ - ကြောင့်၊ အပ္ပဋ္ဌ- ၏၊

× × × × × × ×

ဝိပဿနာညာဏော ပတိဋ္ဌာယ ။ ။ ဝိပဿနာဉာဏ်ကို ရပြီးမှ မနောမယိဒ္ဓိကို တက်၍ အားထုတ်သူ, မနောမယိဒ္ဓိကို ရပြီးမှ ဇာနဒ္ဓိဝိဉာဏ်ကို တက်၍ အားထုတ်သူ, ဤအစဉ်အားဖြင့် ဤဉာဏ်တို့ကိုဖြစ်စေသော ပုဂ္ဂိုလ်အတွက် ဤဒေသနာတော်ကို ဖြစ်စေတော်မူ(ဟောတော်မူ) အပ်ပြီ၊ ထို့ကြောင့် " ဝိပဿနာညာဏော ပတိဋ္ဌာယ နိဗ္ဗတ္တေန္တော " စသည်ဖြင့် အောက်အောက်ဉာဏ်ကို အထက်အထက် ဉာဏ်၏ တည်ရာပြု၍ အဋ္ဌကထာဌ ဆိုထား၊သည်။

အပ္ပသမာရမ္ဘာ-၏၊ အတ္တနော-မိမိ၏၊ သဒိသရူပနိမ္မာနသမတ္ထတာယ-အတူ ဖြစ်သော ရူပါရုံကို ဖန်ဆင်းခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ မဟပ္ဖလာ-၏၊ အတ္တနော= ၏၊ ပစ္စနိကကိလေသပရိစ္စာဂတော–ကြောင့်၊ ယညော-၏။

ကုဋ္ဌိဝိဓညာဏာဒီနိပိ–တိုသည်လည်း၊ ဝါ–တို့ကိုလည်း၊ ယသ္မာ- ကြောင့်၊ မနောမယညာဏာဒီသု – မနောမယဉာဏ် အစရှိသည်တို့၌ ၊ပေ၊ ယညော–မည်၏၊ ပန-ဆက်၊ တွေ-ဤဉာဏ်တို့တွင်၊ ကုဋ္ဌိဝိဓံ- ကုဋ္ဌိဝိဓဉာဏ်သည်၊ နာနာဝိဓဝိကုဗ္ဗန ဒဿနသမတ္ထတာယ-အထူးထူးသောအပြားရှိသော ဆင်ရုပ် နွားရုပ် အစရှိသည်ကို ပြုလုပ်ဖန်ဆင်းခြင်း ပြခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ (မဟပ္ဖလံ–၏၊)[မဟပ္ဖလံတိ ဝေဒိတဗ္ဗံမှ မဟပ္ဖလံကိုလိုက်စေ၊] ဒိဗ္ဗသောတံ–ဒိဗ္ဗသောတအာဘိညာဉ်သည်၊ ဒေဝမနုဿာနံ-နတ်လူတို့၏၊ သဒ္ဒဿဝနသမတ္ထတာယ–အသံကို ကြားခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ (မဟပ္ဖလံ)၊ စေတောပရိယညာဏံ-သည်၊ ပရေသံ-သူတပါးတို့၏၊ သောဋ္ဌသဝိစိတ္တဇာနနသမတ္ထတာယ – ၁၆ ပါး အပြားရှိသော စိတ်တို့ကို သိခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ (မဟပ္ဖလံ)၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ - သည်၊ ဇာတိတိဋ္ဌတဒ္ဓာနသမနုဿရဏာသမတ္ထတာယ-အလိုရှိအပ် အလိုရှိအပ်သော ရှေးရှေးဘဝတို့၌ ခန္ဓာအစဉ်ဟူသော အာရုံကို အောက်မေ့ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊(မဟပ္ဖလံ)၊ ဒိဗ္ဗစက္ခု–သည်၊ ဇာတိတိဋ္ဌတိ ရူပဒဿနသမတ္ထတာယ-အလိုရှိအပ်အလိုရှိအပ်သောရူပါရုံကိုမြင်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ (မဟပ္ဖလံ)၊ အာသဝက္ခယဉာဏံ – သည်၊ အတိပဏီတ လောကုတ္တရမဂ္ဂသုခနိပ္ပါဒနသမတ္ထတာယ– အလွန်မွန်မြတ်သော လောကုတ္တရာမဂ်ချမ်းသာကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ မဟပ္ဖလံ - များသော အကျိုးရှိ၏၊ ဇုတိ ဝေဒိတဗ္ဗံ–၏၊ ပန–ဆက်၊ ယသ္မာ-ကြောင့်၊ အရဟတ္တတော – အရဟဖိုလ်ထက်၊ ဝိသိဋ္ဌတရော-သာ၍ ထူးကဲသော၊ အညော-အခြားသော၊ ယညော နာမ နတ္ထိ၊ တသ္မာ–ကြောင့်၊ အရဟတ္တနိကူဋေနေဝ-အရဟတ္တဖိုလ် တည်းဟူသော အထွဋ်ဖြင့်သာ၊ ဒေသနံ- ဒေသနာတော်ကို၊ သမာပေန္တော - ပြီးဆုံးစေတော်မူလိုသည်၊ (ဟုတ္ထာ)၊ အယမ္ပိ ခေါ ဗြာဟ္မဏာတိအာဒိ – အစရှိသော စကားကို၊ အာဟ-မိန့်တော်မူပြီ။

× × × × × × ×

သမာပေန္တော။ ။“သမာပနံ-ပြီးဆုံးစေခြင်း”ဟူရာ၌ သံ+အပ-ဏော ပစ္စည်း, ယု ပစ္စည်းဖြစ်သကဲ့သို့ ဤ၌လည်း သံ+အပ–ဏော, အန္တ ပစ္စည်းဖြင့် “သမာပေန္တော” ဟု ရှိမှ “ပရိယောသာပေန္တော”ဟူသော ဋီကာအဖွင့်နှင့် သင့်လျော်သည်၊ သမာဒပေန္တောကား ပါဠိပျက်သာတည်း။ [ပရိယောသာပေန္တော၌လည်း “ပရိ + အဝ + သာ ဓာတ်, ဏာပေပစ္စည်း, အန္တပစ္စည်းတည်း။]

ဥပါသကတ္တပဋိဝေဒနာ အဖွင့်

ဧဝံ ဝုဒ္တတိ-ကား၊ ဧဝံ-ဤသို့၊ ဘဂဝတာ-သည်၊ ဝုတ္တော-ဟောတော်မူအပ်ပြီးသော်၊ ဒေသနာယ - ဒေသနာတော်၌၊ ပသီဒိတ္ဘာ – ကြည်ညိုး၍၊ သရဏံ – ကိုးကွယ်ရာဟူ၍၊ ဂန္တုကာမော-ဆည်းကပ်ခြင်းငှါ အလိုရှိသော၊ ကူဋဒန္တော–သော၊ ဗြာဟ္မဏော - သည်၊ အဘိက္ကန္တံ ဘော ဂေါတမာတိအာဒိကံ - အစရှိသော၊ တေ ဝစနံ-ဤစကားကို၊ အဝေါစ- လျှောက်ပြီ၊ ဥပဝါယတူတိ-ကား၊ ဥပဂန္ဆာ - ကပ်ရောက်၍၊ သရီရဒရထံ - ကိုယ်၏ ပူပန်ခြင်းကို၊ နိဗ္ဗာပေန္တော–ငြိမ်းစေလျက်၊ တနု-ပါးလွှာသော၊ သိတလော-မြေသော၊ ဝါတော-လေသည်၊ (နေသံ-ထိုသတ္တဝါတို့၏ကိုယ်ကို၊) ဝါယတု-တိုက်ခတ်ပါစေသတည်း၊ [ဗဟလဝါတ (ထူထဲသောလေ)သည် ခန္ဓာကိုယ်ကို တိုက်ခတ်သောအခါ ဆင်းရဲစေ၏၊ ထို့ကြောင့် "တနု - ပါးလွှာသော"ဟု ဝိသေသနပြုသည်၊ ဣတိသဒ္ဒါ ပါဌသည်ကား ပိဟန့်တူသည်။] စပန- ထပ်၍ ဆက်ဥ၊ အံ့၊ ဣဒံ- ဤစကားကို၊ ဝတ္ဝာ–လျှောက်ပြီး၍၊ ဗြာဟ္မဏော–သည်၊ ပုရိသံ-ကို၊ ပေဒေသိ- စေလွှတ်ပြီ၊ (ကိံ-အဘယ်သို့မှာ၍ စေလွှတ်သနည်း၊) တာတ- အာမောင်၊ ဂစ္ဆ- သွားပါချေ၊ ယဉ ဝါဠိ- ယဇ်တင်းကုပ်သို့၊ (ယဇ်ပူဇော်ရာအရပ်သို့၊) ပဝိသိတ္ဝာ-ဝင်၍၊ သဇ္ဈု–ကုန်သော၊ တေ ပါဏာယော-ထိုသတ္တဝါတို့ကို၊ ဗန္ဓနာ-အနှောင်အဖွဲမှ၊ မောစေဟိ- လွှတ်စေချေလော၊ (လွှတ်ချေလော၊) ဣတိ - ဤသို့မှာ၍၊ (ပေသေသိ)၊ [သတ္တစ ဉသဘသတာနိ စသည်ဖြင့် ရှေ့၌ ပြအပ်ခဲ့သော သတ္တဝါတို့ကို " တေ ပါဏာယော"ဟု ဆိုသည်။] သော-ထိုယောက်ျားသည်၊ သာဓူတိ-ကောင်းပါပြီဟူ၍၊ ပဋိဿုဏိတ္ဝာ–ဝန်ခံ၍၊ တထာ-ထို ပြောဆိုအပ်သည့်အတိုင်း၊ ကတ္ဝာ-ပြုပြီး၍၊ အာဂန္ဆာ- ပြန်လာ၍၊ ဘော-အရှင်၊ တေ ပါဏာယော-တို့ကို၊ မုတ္တာ-လွှတ်အပ်ပါကုန်ပြီ၊ ဣတိ-သို့၊ အာရောစေသိ- ပြောပြီ။

ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ ဗြာဟ္မဏော- သည်၊ တံ ပဝတ္တိ-ထိုအကြောင်းကို၊ နသုဏိ-မကြားရသေး၊ တာဝ- ထို မကြားရသေးသမျှ ကာလပတ်လုံး၊ ဘဂဝါ- သည်၊ ဓမ္မံ- ကို၊ နဒေသေသိ- ဟောတော်မမူသေး၊ ကဿာ - ကြောင့်၊ (ယာဝ၊ပေ၊တာဝ ဘဂဝါ ဓမ္မံ နဒေသေသိ - နည်း၊ ယသ္မာ-ကြောင့်၊)ဗြာဟ္မဏသ-၏၊ စိတ္တေ-စိတ်၌၊ အာကုလဘာဝေါ-ရှုပ်ထွေး

× × × × × × ×

အာကုလဘာဝေါ။ ။ဘုရားရှင်၏တရားတော်ကို နာရသောကြောင့် သတ္တဝါတို့အပေါ်၌ သနားကရုဏာ စွဲမြဲစွာတည်နေရကား " ငါသည် များစွာသော သတ္တဝါတို့ကို သတ်ဘို့ရန် ဖွဲ့ချည်ခိုင်းမိလေပြီ " ဟု တွေးတောကာ စိတ်ရှုပ်၍ နေရှာလေသည်၊ ထို စိတ်ရှုပ်မှုသည် သတ္တဝါတို့ကို လွှတ်ဘို့ရန် စေခိုင်းအပ်သူ၏အထံမှ " လွှတ်ပြီးပါပြီ " ဟူသောစကားကို ကြားရမှ ရှင်းလင်း၊ ကြည်လင်သွားသည်။

သည်၏အဖြစ်သည်၊ အတ္ထိ– ရှိ၏၊ ဣတိ- ကြောင့်၊ (ယာဝ၊ပေါန ဒေသေသိ)၊ ပန-အနွယကား၊ သုတ္ဝာ-ကြားရ၍၊ ဝါ-ကြားရခြင်းကြောင့်၊ အဃ-ထိုပုဏ္ဏား၏၊ မေ-ငါသည်၊ ဗဟူ-ကုန်သော၊ ပါဏာ–တို့ကို၊ မောစိတာ ဝတ–လွတ်စေအပ်ကုန်ပြီတကား၊ (လွတ်အပ်ကုန်ပြီတကား၊) ဣတိ – ဤသို့ နှလုံးသွင်း၍၊ စိတ္တစာရော-စိတ်၏ဖြစ်ခြင်းသည်၊ ဝိပ္ပသီဒတိ-အထူးသဖြင့် ကြည်လင်၏၊ ဘဂဝါ-သည်၊ တဃ–ထိုပုဏ္ဏား၏၊ ဝိပ္ပသန္နမနတံ- အထူးသဖြင့် ကြည်လင်သောစိတ်ရှိသည်၏အဖြစ်ကို၊ ဥ တ္ဝာ-သိတော်မူ၍၊ ဓမ္မဒေသနံ-တရားဒေသနာတော်ကို၊ အာရဘိ– အား‌ထုတ်တော်မူပြီ၊ တံ- ထို တရားဒေသနာတော်ကို၊ သန္ဓာယ-၍၊ အထခေါ ဘဂဝါတိ အာဒိ – အစရှိသောစကား‌ကို၊ (အာယသ္မတာ အာနန္ဒ ထွေရေန)၊ ဝုတ္တံ-လျှောက်အပ်ပြီ၊ ပုန-တဖန်၊ ကလ္လစိတ္တန္တိ အာဒိ–အစရှိသောစကား‌ကို၊ (ဝုတ္တံ ဒ္ဝိစပ်၊) [အာနုပုဗ္ဗီကထာကို လျှောက်ပြီး‌နောက် ထပ်၍ လျှောံသောကြောင့် “ပုန” ဟု ဆိုသည်။] အာနုပုဗ္ဗီကထာနဘာဝေန-အစဉ်အတိုင်းဖြစ်သော တရားစကား၏အာနုဘော်ကြောင့်၊ ဝိက္ခမ္ဘိတနိဝရဏတံ-ပယ်ခွါအပ်ပြီး‌သော နိဝရဏရှိသည်၏အဖြစ်ကို၊ သန္ဓာယ၊ (အာယသ္မတာ အာနန္ဒံ ထွေရေန)၊ ဝုတ္တံ- လျှောက်အပ်ပြီ၊ သေသံ- ကြွင်း‌သော ပုဒ်အပေါင်း‌သည်၊ ဥတ္တာနတ္ထမေဝ – ပေါ်လွင်သောအနက် ရှိသည်သာ၊ ဣတိ– အပြီး‌တည်း။

ဣတိ – ဤ ဆိုအပ်ပြီး‌သော စကား‌အစဉ်ဖြင့်၊ သုမင်္ဂလ ဝိလာသိနိယာ – မည်သော၊ ဒီဃနိကာယဋ္ဌကထာယံ-၌၊ ကူဋဒန္တသုတ္တဝဏ္ဏနာ–ကူဋဒန္တသုတ်၏အဖွင့်သည်၊ နိဋ္ဌိတာ – ပြီ။

× × × × × × ×

ကလ္လစိတ္တန္တိ အာဒိ။ ။ပါဠိတော်၌ ကလ္လိစိတ္တံစသော အကျိုး ၅ ပါး‌ကို ပြတော်မူ၏၊ ထိုအကျိုး ၅ ပါး‌၏အကြောင်း‌ကား နိဝရဏ ၅ ပါး ကင်း‌ခြင်း‌တည်း၊ ထို့ကြောင့် နိဝရဏ ၅ ပါး‌တို့တွင် ကာမဆန္ဒနိဝရဏ၏ကင်း‌ခြင်း‌ကြောင့် ကလ္လစိတ္တ (ခန့်ကျန်း‌သော ကျန်း‌မာသော) ကိလေသာ အနာဆောဂါမရှိသော စိတ်ဖြစ်၏၊ ဗျာပါဒနိဝရဏ၏ကင်း‌ခြင်း‌ကြောင့် မေတ္တာ၏အစွမ်း‌ဖြင့် မုဒုစိတ္တ (နုညံ့သော, မခက်ထန်သောစိတ်) ဖြစ်၏၊ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏကို ပယ်နိုင်သည့်အတွက် ပျံလွှင့်မှု ဝိက္ခေပ၏ ကင်း‌ခြင်း‌ကြောင့် ဝိနိဝရဏစိတ္တ (နိဝရဏမှကင်း‌သော စိတ်) ထို နိဝရဏတို့သည် မဝိတ်ဆို့အပ်သောစိတ်ဖြစ်၏၊ ထိနမိဒ္ဓ နိဝရဏ၏ ကင်း‌ခြင်း‌ကြောင့် တက်ကြွသောစိတ် ရှိသူ၏အဖြစ်သည်၊ ချီး‌မြှောက်အပ်သည့်အတွက် အလီနစိတ္တ (မတွန့်ဆုတ်သောစိတ်) ဖြစ်၏၊ ဝိစိကိစ္ဆာနိဝရဏ၏ကင်း‌ခြင်း‌ကြောင့် ကောင်း‌သောအကျင့်၌ သို့လော သို့လော ဖွေး‌တောခြင်း မရှိဘဲ လွတ်လွတ်ကျတ်ကျတ် သက်ဝင်ရကား ပသန္နစိတ္တ (ကြည်လင်သောစိတ်) ဖြစ်၏၊ ထို့ကြောင့် “ကလ္လစိတ္တံတိ အာဒိ၊ပေါဝုတ္တံ” ဟု အဋ္ဌကထာမိန့်သည်။

ကူဋဒန္တသုတ် ဘာသာဋီကာ ပြီး‌ပြီ။

မဟာလိသုတ် ဘာသာဋီကာ

ဗြာဟ္မဏဂူတဝဏ္ဏ အဖွင့်

ဝေါ၊ပေါ၊ဝေသာလိယံတိ-ဟူသောသုတ်သည်၊ မဟာလိသုတ္တံ-မဟာလိသုတ်တည်း၊ (ရှေးဦ ပေးခဲ့သည့်အတိုင်းလည်း တနည်းပေးပါ၊) တတြ-ထို မဟာလိသုတ်၌၊ အယံ-ကား၊ အပုဗ္ဗပဒဝဏ္ဏနာ-တည်း၊ ဝါ-တည်း၊ ဝေသာလိယန္တိ-ကား၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ ဝိသာလဘာဂူပဂမနတော - ကျယ်ပြန့်သည်၏အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်၊ ဝေသာလိတိ-ဟူ၍၊ လဒ္ဓနာမကေ-ရအာပ်သောအမည်ရှိသော၊ နဂရေ- မြို့၌၊ (ဝိဟရတိ ၌စပ်)။

မဟာဝနေတိ-ကား၊ ဗဟိနဂရေ-မြို့၏အပြင်ဘက်၌၊ ဟိမဝန္တေန-ဟိမဝန္တာနှင့်၊ သဒ္ဓိံ-တကွ၊ ကောဗဒ္ဓံ-တစပ်တည်းသည်၊ ဟုတွာ-၍၊ ဌိတံ-တည်သော၊ သယံဇာတံ-အလိုလိုပေါက်သော၊(မစိုက်ပျိုးရဘဲ အလိုလိုပေါက်သော)၊ ဝနံ-တောသည်၊ အတ္ထိ။ ["သယံဇာတံတိ သယမေဝ ဇာတံ အရောပိမံ" ဤသို့ ဝနံနှင့် သမာသ်မစပ်ဘဲ ဋီကာ၌ ဝါကျဖွင့်ထား၊သည်။] ယံ-ယင်းတောကို၊ မဟန္တံ ဘာဝေနေဝ - ကြီးကျယ်သည်၏အဖြစ်ကြောင့်ပင်၊ မဟာဝနန္တိ - မဟာဝန ဟူ၍၊ ဝါ-မဟာဝုန်ဟူ၍၊ ဝုစ္စတိ-၏၊ တသ္မိံ မဟာဝနေ-ထို မဟာဝုန်တော၌၊ (ဝိဟရတိ ၌စပ်)။

× × × × × × ×

ဝေသာလိယံ။ ။"ပုနပ္ပုနံ ဝိသာလဘာဂူပဂမနတော" သည် "ဝေသာလိ" ဟု အမည်ရခြင်း၏ အကြောင်းပြ-နာမလာဘဟိတ်တည်း၊ ဤဟိတ်နှင့်အညီ "ဝိသာလော (အထပ်ထပ်ကျယ်ပြန့်ခြင်းသည်) ဇာတိသံ အတ္ထိတိ ဝေသာလ" ဟု အသတ္ထိအနက်၌ ဏ ပစ္စည်းဖြင့် ပြီးပြီးနောက် ဣတ္ထိဇောတက (ဤ) ပစ္စည်းသက်။ [အထပ်ထပ် ခဲ့ရပုံကို ဋီကာတို့၌ ရှုပါ။]

မဟာဝနေ။ ။"မဟန္တဘာဝေနေဝ"ဖြင့် "မဟန္တံ (မစိုက်ပျိုးရဘဲ အလိုလိုပေါက်သော သစ်ပင်များစွာတို့၏ ပေါက်ရာဖြစ်သောကြောင့်) ကြီးကျယ်သော + ဝနံ- တောတည်း၊ မဟာဝနံ - ကြီးကျယ်သော တော" ဟု ဝိဂြိုဟ်ပြုဘို့ရန် ပြသည်။

ကောဗဒ္ဓံ။ ။ကေတော-တပေါင်းတည်း၊ ဝါ-တဆက်တည်း+အာဗဒ္ဓံ-စပ်သော တောတည်း၊ ကောဗဒ္ဓံ-တော၊ ဤတောကြီးကို "ဟိမဝန္တာနှင့် တစပ်တည်းဖြစ်သော တော"ဟု ဤအဋ္ဌကထာ၌ ဆိုသော်လည်း တတိယပါရာဇိက အဋ္ဌကထာ၌မူ "သ ပရိဏ္ဍေဒံ မဟန္တံ ဝနံ - အပိုင်းအခြားရှိသော (ဟိမဝန္တာနှင့် မစပ်သော) " ဟု ဆို၍ ကပိလဝတ်ပြည်၏အနီး မဟာဝန (မဟာဝုန်) ကိုသာ ဟိမဝန္တာနှင့် ဆက်နေသည့်အတွက် "အပိုင်းအခြားမရှိသော တော" ဟု ဆိုသည်၊ ထိုသို့ အဆိုကွဲခြင်းမှာလည်း ဒီဃနိကာယ်ဆောင်ပုဂ္ဂိုလ်တို့၏ အဆက်ဆက် ဆောင်ခဲ့ပုံနှင့် ဝိနည်းဆောင်ပုဂ္ဂိုလ်တို့၏ အဆက်ဆက်ဆောင်ခဲ့ပုံ ကွဲသောကြောင့်ဂင်း, ထိုထို ဘာဏကပုဂ္ဂိုလ်တို့၏အလိုအတိုင်း အရှင်မုဒ္ဓဓေါသလည်း ရှေးရသောကြောင့်ဂင်းတည်း" ဟု မှတ်ပါ။

ကူဋဉာဂါရသာလာယံတိ–ကား၊ တသ္မိံ ဝနသဏ္ဍေ-ထို တောအုပ်၌၊ သံယာရာမံ – သံယာ့အာရာမ်ကို၊ ဝါ– သံယာ့ ကျောင်းတိုက်ကို၊ ပတိဋ္ဌာပေသုံ– တည်စေကြ ကုန်ပြီ၊ တတ္ထ – ထို သံယာ့အာရာမ်၌၊ ကတ္ထိကံ – အထွင်္ဋကို၊ ယောဇေတွာ-ယှဉ်စေ၍၊ ဝါ- တပ်၍၊ ထမ္ဘာနံ–တိုင်တို့၏၊ ဥပရိ–အထက်၌၊ ကူဋဉာဂါရသာလာသခ်ေပေန-စုလစ်မွန်ချွန်အထွင်္ဋရှိသော ကျောင်းစရပ်အသွင် ဖြင့်၊ ဒေဝဝိမာနသဒိသံ–နတ်ဗိမာန်နှင့်တူသော၊ ပါသာဒံ-ပြာသာဒ်ကို၊ အကံသု– ပြုကြကုန်ပြီ၊ တံ–ထိုပြာသာဒ်ကို၊ ဥပဂါဒါယ-အကြောင်းပြု၍၊ သကလောဝိ- အလုံးစုံလည်းဖြစ်သော၊ သံယာရာမော – သည်၊ ကူဋဉာဂါရသာလာတိ – ဟူ၍၊ ပညာယိတ္ထ– ထင်ရှားပြီ၊ ဘဂဝါ, တံ ဝေသာလိ်ံ-ထို ဝေသာလီမြို့ကို၊ ဥပနိဿာယ – ဂေါစရဂါမ်မှီတော်မူ၍၊ တသ္မိံ သံယာရာမေ– ၌၊ ဝိဟရတိ– သီတင်းသုံးတော်မူ၏၊ တေန–ကြောင့်၊ ဝေသာလိယံ၊ပေ၊ကူဋဉာဂါရသာလာယံတိ- ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန) ဝုတ္တံ–လျှောက်အပ်ပြီ။

ကောသလကာတိ– ကား၊ ကောသလရဋ္ဌဝါသိနော – ကောသလတိုင်း၌ နေလေ့ရှိကုန်သော၊ မာဂဓကာတိ– ကား၊ မဂဓရဋ္ဌဝါသိနော – မဂဓတိုင်း၌ နေလေ့ရှိကုန်သော၊(ဗြာဟ္မဏဒုတာ-၌စပ်၊)ကရဏီယေနာတိ-ကား၊ အဝဿံ-

× × × × × × ×

ကူဋဉာဂါရသာလာယံ။ ။ကူဋံ ထွေ်ာတိ ကူဋံ (အဂါရံ)-အထွင်္ဋရှိသော ကျောင်း၊ ကူဋဉာဂါရမေဝ + သာလာ ကူဋဉာဂါရသာလာ၊ ထို အထွင်္ဋရှိပုံကို ပြလိုသော် “ ကတ္ထိကံ ယောဇေတွာ ” ဟု မိန့်သည်၌၊ ထို ကျောင်းဆောင်ကို အကြောင်းပြု၍ ကျောင်းတိုက်တရပ်လုံးကိုလည်း၊“ကူဋဉာဂါရသာလာ”ဟု ခေါ်၏၊“ဥပလက္ခဏနည်း, ကေဒေသူပစာ ”ဟု ဆိုလိုသည်၊ ထို့ကြောင့် “ တံ ဥပါဒါယ ၊ပေ ၊ ပညာယိတ္ထ ”ဟု မိန့်သည်။

ကူဋဉာဂါရသဏ်ဍေန။ ။သံခိပိယတေ(ကောင်းစွာထည့်သွင်းအပ်၏)၊ ဇုတိသံခေပေါ– ထည့်သွင်းထိုက်သော အသွင်သဏ္ဌာန်၊ ကူဋဉာဂါရသာလာယံ+သံခေပေါ ကူဋဉာဂါရသာလာသံခေပေါ၊ ထိုကျောင်းသည် ကူဋဉာဂါရပြာသာဒ်အစစ် မဟုတ်သော်လည်း အပေါ်၌ အထွင်္ဋတပ်ထားသောကြောင့် ကူဋဉာဂါရအမျိုးအစား၌ သွင်းယူထိုက်သော ကျောင်းတမျိုးဖြစ်သည်၊ ဤသို့ ကူဋဉာဂါရနှင့် အသွင်သဏ္ဌာန် တူသောကြောင့် သခေ်ပကို “အသွင်”ဟု ရှေးက အနက်ပေးကြသည်။

ကောသလကာ။ ။“ကောသလေသု + ဇာတာ (မွေးဖွားသူတို့တည်း၊) (တနည်း) ဘဝါ (ဖြစ်သူ ကြီးပွားသူတို့တည်း)၊ (တနည်း) ကောသလာ+နိဝါသော တေသံ (ကောသလဇနပုဒ်ဟူသော နေရာရှိသူတို့၊) ဇုတိ ကောသလကာ”ဟု ဋီကာ၌ ဥ ဝိကပ်ပြု၏၊ ကောသလနောင် ဇာတ, ဘဝ, နိဝါသ ဥ နက်၌ မောဂ္ဂလ္လာန် ဏာဒိကတ္တာ ၂၅ သုတ်ဖြင့် ကဏ်ပစ္စည်း သက်၊ အဋ္ဌကထာ၌ “ နိဝါသိနော ” ဟု နိဝါသတနက်သာ ပြသော်လည်း ဇာတ-ဘဝအနက်ကိုလည်း ရနိုင်၏ဟု နှလုံးသွင်း၍ ဋီကာ၌ ဥ နက်ပြသည်၊ မာဂဓကာ၌လည်း နည်းတူ။

မ၌တ်ကေန်၊ ကတ္တာဗ္ဗကမ္မေန-ပြုထိုက်သောအလုပ်ကြောင့်၊(ပဋိဝသန္တိ-၌စပ်၊) ဟိ–မှန်၏၊(အဝဿံ ကတ္တာဗ္ဗကမ္မေန ဟူသောစကားသည် မှန်၏၊) ယံ-အကြင် အလုပ်သည်၊ ဝါ-ကို၊ အကာတုံဝိ-မပြုခြင်းငှါလည်း၊(မပြုဘဲနေခြင်းငှါလည်း၊) ဝဋ္ဋတိ–သင့်၏၊ တံ- ထိုအလုပ်ကို၊ ကိစ္စန္တိ - ဟူ၍၊ ဝုစ္စတိ – ဆိုအပ်၏၊ ယံ– အကြင်အလုပ်ကို၊ အဝဿံ- ကန်၊ ကတ္တုံဗ္ဗမေဝ– ပြုထိုက်သည်သာ၊ (ပြုရမည်သာ၊) တံ-ထိုအလုပ်သည်၊ ကရဏီယံ နာမ-ကရဏီယမည်၏၊ ပဋိသလ္လီနော ဘဂဝါတိ–ကား၊ နာနာရမဏာစာရတော - အမျိုးမျိုးသော အာရုံဝယ် စိတ်တော်၏ ဖြစ်ခြင်းမှ၊ ပဋိက္ကမ္မ–ဖဲတော်မူ၍၊ သလ္လီနော-ကောင်းစွာ ငြိကပ်တော်မူ၏၊ နိလီနော-ကိန်းအောင်းတော်မူ၏၊ ကိဘာဝံ–တပါးတည်း၏ အဖြစ်သို့၊ ဥပဂမ္မ-ကပ်ရောက်တော်မူ၍၊ကတ္တာရမဏော-တခုတည်းသောသဘောရှိသော အာရုံ၌၊ စျာနရတိ-စျာန်ဖြင့် မွေ့လျော်ခြင်းကို၊ အနုဘဝတိ-ခံစားတော်မူ၏၊ ဣတိ အတ္ထော–နက်၊ တဇ္ဇေါဝါတိ-ကား၊ တသ္မိ ယေဝ ဝိဟာရေ-ထို ကျောင်း

× × × × × × ×

ကရဏီယေန ။ ။ အကြင်အလုပ်ကို မပြုလျှင် ကြီးစွာသော ဆုံးရှုံးခြင်းဖြစ်ရာ၏၊ ထိုအလုပ်သည် (မ၌တ်ကေန် အမှန်ပြုထိုက်သောကြောင့်) ကရဏီယမည်၏၊ အဝဿံ + ကရိယတေတိ ကရဏီယံ။ ဒီကာတို့၌ “ ကရဏံ + အရဟတိ ” ကား ဝိဂြိုဟ်ပြုတည်း၊ [အကြောင်းညီညွတ်မှ မြို့ရမည့် (မပြုဘဲနေခြင်းကြောင့်လည်း အကျိုးမယုတ်သော) အလုပ်သည် ကိစ္စမည်၏၊ ကတ္တုံ–ပြုထိုက်၏၊ ဝါ–ပြုသင့်၏၊ ဣတိ ကိစ္စံ။]

ပဋိသလ္လီနော။ ။“နာနာရမဏာစာရတော ပဋိက္ကမ္မ”သည် ပတိ၏ အဖွင့်တည်း၊ [အခြားနေရာ၌ သံကို“သမ္မဒေဝ–ကောင်းစွာသာလျှင်” ဟု ဖွင့်သေး၏၊] လီနောဌ်ကိယာဒိ, ဒိဝါဒိ လိဓာတ်သည် သိလိသန (အာရုံတခု–နေရာတခု၌ ငြိကပ်ခြင်း) အနက်ကို ဟော၏၊ ထောမနိဓဝယ် အာလိနဌ် ဣတ္တ (တ) ပစ္စည်းဟု ဆိုသည်၊ ဤ လိနဌ်လည်း တပစ္စည်း ဟု ကြံပါ၊ တ ကို နပြု၊ ထိုသို့ အာရုံ တပါးတည်း၌ ငြိကပ်ခြင်းကိုပင် “ ကိန်းအောင်း”ဟု ခေါ်ကြသည်။

ဧကတ္တာရမဏော။ ။ပဋ္ဌဝတ္ထု၊ ပဋ္ဌာရုံတို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်သော ပဋိဃသညာသည် ရူပါရုံစသော အာရုံတမျိုးမျိုးသာ အာရုံပြု၏၊ နာနတ္တသညာကား အာရုံအမျိုးမျိုးကို အာရုံပြုသည်၊ ထိုအာရုံအမျိုးမျိုးမှ စိတ်အားဖြင့် ဖဲခွါ၍ စျာန်သမာပတ်၏ အာရုံတခုတည်း၌ ငြိကပ်တော်မူသည်ကို “ ပဋိသလ္လိန ”ဟု ဆိုသည်။

ဧကီဘာဝံ ။ ။ ထို မဟာဝုန်တောဝယ် သီတင်းသုံးတော်မူချိန်၌ ရဟန်းများစွာ အခြံအရံရှိသောကြောင့် ဘုရားရှင်သည် ဧက(တပါးတည်း)မဟုတ်ပါ၊ သို့သော် စျာန်၏အာရုံတခု၌စိတ်တော်စိုက်၍နေသောကြောင့် တပါးတည်းကဲ့သို့ဖြစ်ရကား“ဧကီဘာဝံ” ဟု ဆိုသည်၊ အနေကောဝိ ဧကောဝိယ ဘဝတိတိ ဧကီဘာဝေါ၊ အဘူတတဇ္ဇော အနက်၌ ဧက နောင် “စိပစ္စည်း (တနည်း) ဣပစ္စည်း”သက်၍“ဧကီဘာဝ” ဟု ဖြစ်သည်၊ ဘာဝဋ္ဌကား ဏပစ္စည်းတည်း။ [သပရိဝါရတ္ထာ အနေကောပိ တဒါ ဧကောဝိယ ဘဝတိတိ ဧကီဘာဝေါ–ဋီကာသစ်၊]

တိုက်၌ပင်၊ ကေမန္တံတိ-ကား၊ တသ္မာဌာနာ-ထိုအရပ်မှ၊ (အရှင် နာဂိတနှင့် တွေ့ဆုံရာအရပ်မှ၊) အပက္ကမ္မ - ဖဲခွဲ၍၊ တာသုတာသု ရုက္ခစ္ဆာယာသု – ထိုထိုသစ်ပင် အရိပ်တို့၌၊ နိသီဒိ သု- ထိုင်နေကြကုန်ပြီ။

ဩဠဒ္ဓေါတိ - ကား၊ အဒ္ဓေါဠဒ္ဓတာယ – ထက်ဝက်သော အထက်နှုတ်ခမ်းရှိသည်၏ အဖြစ်ကြောင့်၊ ဧဝံ - ဤသို့ ဩဠဒ္ဓဟူ၍၊ လဒ္ဓနာမော - ရအပ်သော အမည်ရှိသော၊(လ်စ္ဆဝိဝိ၌စပ်)၊ မဟတိယာ လိစ္ဆဝိပရိသာယာတိ–ကား၊ ပုရေဘတ်-ဆွမ်း၏ ရှေအဘို့၌၊ ဗုဒ္ဓပ္ပမုခဿ-ဘုရားအမှူးရှိသော၊ ဘိက္ခုသံဃဿ–ရဟန်းသံဃာတော်အား၊ ဒါနံ-အလှူကို၊ ဒတ္ဝာ-ပေးလှူပြီး၍၊ ဘဂဝတော–၏၊ သန္တိကေ – ၌၊ ဥပေါသထဂ်ါနိ – ဥပုသ်၏ အင်္ဂါတို့ကို၊ အဓိဋ္ဌဟိတ္ဝာ–ဆောက်တည်ပြီး၍၊ ဂန္ဓမာလာဒိနိ-နံ့သာပန်း အစရှိသော ပူဇော်ဘွယ်တို့ကို၊ ဂါဟာပေတ္ဝာ-ယူစေပြီး၍၊ ဥဇ္ဈဲ ဣသနာယ-ကြွေးကြော်ခြင်းအားဖြင့်၊(အမျှားလိုက်ဘို့ရန် ကြွေးကြော်ခြင်းအားဖြင့်)၊ မဟတိ – များစွာသော၊ လိစ္ဆဝိရာဇပရိသံ– လိစ္ဆဝိမင်း ပရိသတ်ကို၊ သန္နိပါတာပေတ္ဝာ - စည်းဝေးစေပြီး၍၊ နိလပိတာဒိဝဏ္ဏဝတ္ထာဘရဏပဋိမဏ္ဍိတာယ - အညို အရွေ အစရှိသော အဆင်းရှိသော အဝတ်တန်ဆာ နံ့သာပျောင်းတို့ဖြင့် တန်ဆာဆင်အပ်သော၊ တာဝတိံသပရိသသပ္ပဋိဘာဂါယ–တာဝတိံသာ ပရိသတ်နှင့်တူသော အဘို့ရှိသော၊ မဟတိယာ - ကြီးစွာသော၊ တာယ လိစ္ဆဝိပရိသာယ– ထို လိစ္ဆဝိပရိသတ်နှင့်၊ သဒ္ဓိံ, ဥပသင်္ကမိ–သွားပြီ။

× × × × × × ×

ဩဠဒ္ဓေါ ။ ။ ထို လိစ္ဆဝိမင်း၏ အထက်နှုတ်ခမ်းသည် အဖျားဘက်က အလျားလိုက် ဖြတ်ထားအပ်သကဲ့သို့ ဖြစ်ရကား တဝက်သာရှိ၏။ အထက် အလည် သွားလေးချောင်းနှင့် ဘေးအစွယ် နှစ်ချောင်းတို့ကို အထက်နှုတ်ခမ်းဖြင့် မဖုံးနိုင်၊ ထို့ကြောင့် အထက်နှုတ်ခမ်းအတွက် တဝက်သာရှိသောကြောင့် “အဒ္ဓေါဋ္ဌ” ဟု ဆိုထိုက်ပါလျက် အဒ္ဓေါဋ္ဌဟူသော ဝိသေသနကို နောက်ချ၍ “ ဩဠဒ္ဓ ” ဟု နာမည်တွင်သည်၊ အဒ္ဓေါ+ဩဋ္ဌော ယသ္သာတိ ဩဠဒ္ဓေါ။

လိစ္ဆဝိပရိသာယ။ ။ လိစ္ဆဝိမင်းမျိုး၏ အစဆုံးကလေး ၂ ယောက်ကို မွေးစားအဖဖြစ်သော ရသွေက နို့ရည်တိုက်သောအခါ ဝင်သွားသော နို့ရည်ကို အပြင်ကမြင်ရလောက်အောင် အရေပါးသောကြောင့် အရေမရှိသကဲ့သို့ ဖြစ်ရကား “ နို+စ္ဆဝိ–အရေမရှိသူ”ဟု ခေါ်ဝေါ်ခဲ့ရာမှ နသည် လ အက္ခရာသို့ ပြောင်း၍“လိစ္ဆဝိ”ဟု ဖြစ်၏။ (တနည်း) အတွင်းရေ အပေါ်ရေ နှစ်ထပ်တို့သည် အချင်းချင်း ချုပ်စပ်ထားသကဲ့သို့ ငြိကပ်နေရကား “ လိနာ – ငြိကပ်သော+ဆဝိ ယသ္သာတိ လိနစ္ဆဝိ ” ဟု ဆိုလိုလျက်နကို ချ၍“လိစ္ဆဝိ”ဖြစ်သည်ဟု အပရေဆရာတို့ ဆိုကြသေး၏၊ ဝတ္ထုအကျယ်ကို မူလပဏ္ဏာသ မဟာသီဟနာဒသုတ်နှင့် သုတ္တနိပါတ် ရတနသုတ်အဖွင့်၌ ရှုပါ၊ ထိုကလေးတို့၏ အန္တယ်၌ ဖြစ်သော မင်းတို့ကိုလည်း ကာရဏူပစာရ , ပရိဖ္ဍူပစာရအားဖြင့် “လိစ္ဆဝိ”ဟုပင် ခေါ်ရသည်။

အကာလော ခေါ မဟာလိတ်-ကား၊ တဿ သြဋ္ဌဒ္ဓဿ-ထိုထက်ဝက်သော အထက်နှုတ်ခမ်းရှိသော လိစ္ဆဝိမင်း၏၊ မဟာလိတ်-မဟာလိဟူသော အမည်သည်၊ မူလနာမံ–မူလနာမည်တည်း၊ တေန–ထို့ကြောင့်၊ မူလနာမမတ္တေန–မူလနာမည်မျှဖြင့်၊ နံ–ထိုလိစ္ဆဝိမင်းကို၊ ထေရော–အရှင် နာဂိတထေရ်သည်၊ မဟာလိတ်-ဟူ၍၊ အာလပတိ–ခေါ်၏၊ ကေမန္တိနိသီဒီတိ-ကား၊ ပတိရူပါသု-လျော်ပတ်ကုန်သော၊ ရုက္ခစ္ဆာယာသု–သစ်ပင်ရိပ်တို့၌၊ တာယ လိစ္ဆဝိပရိသာယ–နှင့်၊ သဒ္ဓိ်-ကွ၊ ရတနတ္တယဿ-၏၊ ဝဏ္ဏံ-ဂုဏ်ကို၊ ကထယန္တော-ပြောဆိုလျက်၊ နိသီဒိ-ထိုင်နေပြီ။

သီဟော သမဏဒ္ဒေသောတိ – ကား၊ အာယသ္မာကော နာဂိတဿ - အရှင်နာဂိတ၏၊ ဘာဂိနေယျော– တူဖြစ်သော၊ သတ္တဝဿကာလေ – ခုနစ်နှစ်ရှိရာအခါ၌၊ ပဗ္ဗဇိတ္တော – ရှင်အဖြစ်သို့ ရောက်၍၊ သာသနေ - သာသနာတော်၌၊ ယုတ္တပ္ပယုတ္တော-ဘာဝနာကိုလွန်စွာအားထုတ်သော၊ ဝါ-ဘာဝနာကိုလွန်စွာအားထုတ်သည်၏အဖြစ်ကြောင့်၊ သီဟောတိ-သီဟဟူ၍၊ ဝေနာမကော–ဤသို့အမည်ရှိသော၊ သာမဏေရော–သည်၊ (အဝေါစ္ဒ စပ်)။

ကိရ–ခဲ့၊ သော–ထို သီဟသာမဏေသည်၊ တံ မဟာပရိသံ–ထို ကြီးကျယ်သော ပရိသတ်ကို၊ ဒိသွာ-မြင်ရ၍၊ မဟတီ– ကြီးကျယ်သော၊ အယံ ပရိသာ–ဤပရိသတ်သည်၊ သကလံ-အလုံးစုံသော၊ ဝိဟာရံ-ကျောင်းတိုက်ကို၊ပူရေတ္တွာ-ပြည့်စေ၍၊ နိသိန္နာ – ထိုင်နေပြီ၊ အဒ္ဓါ– မချွတ်ကေန်၊ ဘဂဝါ, အဇ္ဇ–ယနေ့၊ ဣဓိဿာ ပရိသာယ-ဤပရိသတ်အား၊ မဟန္တေန-ကြီးစွာသော၊ ဉဿာဟေန-အားထုတ်တော်မူခြင်းဖြင့်၊ ဓမ္မံ – ကို၊ ဒေသေဿတိ – ဟောတော်မူလိမ့်မည်၊ အဟံ - သည်၊ ဥပဇ္ဈာယဿ - ဉုံးရိုးဖြစ်သော ဥပဇ္ဈာယ်အား၊ အာစိက္ခိတ္တွာ–လျောက်၍၊ ဘဂဝတော-မြတ်စွာဘုရားအား၊ မဟာပရိသာယ- ကြီးစွာသော ပရိသတ်၏၊ သန္နိပတိတဘာဝံ – စည်းဝေးသည်၏အဖြစ်ကို၊ ယံနူနအာရောစာ

× × × × × × ×

ယုတ္တပ္ပယုတ္တော။ ။အနက်တူ သဒ္ဒါ ၂ ခု ဖြစ်သောကြောင့် "အလွန်အားထုတ်" ဟု အနက်မှတ်ပါ၊ "ယုတ္တပယုတ္တော"သည် သီဟအမည်ရခြင်း၏ အကြောင်းပြလည်းဖြစ်သောကြောင့် ဟေတုမန္တိုဝိသေသနတည်း၊ အလွန် အားထုတ်သောကြောင့် ရဲရင့်ရကား သီဟအမည်ရသည်–ဟူလို။ [ယုတ္တပယုတ္တောတိ ဘာဝနံ အနုယုတ္တော။]

မဟန္တေန၊ပေ၊ဒေသေဿတိ။ ။ဘုရားရှင်သည် သီဟသမာနဝုတ္တိ–ခြင်္သေ့၏ဖြစ်ခြင်းနှင့် တူသော ဖြစ်ခြင်းရှိတော်မူ၏၊ ခြင်္သေ့သည် သားကောင်းကလေးပင်ဖြစ်စေကြီးစွာသော အဟုန်ဖြင့် ဖမ်းယူသကဲ့သို့ , ဘုရားရှင်လည်း သတ္တဝါတယောက်ပင်ဖြစ်စေကြီးစွာသော လုလွန်ဖြင့် တရားဟော်တော်မူ၏၊ သို့သော် ဤနေရာ၌ကား ပရိသတ်ကြီး၏ များပြားမှုကို အကြောင်းပြု၍ ပရိသတ်၏ အစ္ဆရိယအားလျော်စွာ ကြီးစွာသော တရားကို ဟောတော်မူလိမ့်မည်-ဟု သီဟသာမဏေ ကြံစည်လေသည်။

ပေယျံ-လျောက်စေရပါမူကား ကောင်းလေစ၊ ဣတိ-သို့၊စိန္တေတွာ-၍၊ ယေန-၌၊ အာယသ္မာ နာဂိတော-သည်၊(အတ္ထိ)၊ တေန-သို့၊ ဥပသင်္ကမိ-ပြီ၊ ဘန္တေ ကဿပါတိ-ဟူ၍၊ ထေရံ-အရှင် နာဂိတထေရ်ကို၊ ဂေါတ္တေန- အန္တေဝါသီ ဖြင့်၊ အာလပတိ -ခေါ်၏၊ သော ဇနတာတိ-ကား၊ သော ဇနသမူဟော-၌လူအပေါင်းသည်၊ (လဘတံ၌စပ်)။ [ဇနတာဝယ် သမူဟအနက်၌ တာပစ္စည်း သက်ထားကြောင်းကို ပြသည်။]

တွညော ဘဂဝတော အာရောစေဟိတိ (ဣတ္ထေ) - ဟူသော ဤပါဠိ၌၊ (ဂုဠ္ဠေ - ကို၊) ကိရ (ဥဒ္ဓရိတ္ဝာ ဒဿေမိ)၊ သိဟော - သီဟသာမဏေသည်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ ဝါ-နှင့်၊ ဝိဿာသိကော-အကျွမ်းဝင်ခြင်းရှိ၏၊ ဟိ-အကြင့်ကြောင့်၊ အယံ ထေရော-၌ အရှင်နာဂိတထေရ်သည်၊ ထူလသရီရော-ဆူဖြိုးသောကိုယ် ရှိ၏၊ (ဝသောကိုယ် ရှိ၏၊) တေန - ထို့သို့ ဆူဖြိုးသောကိုယ် ရှိသည်၏အဖြစ်ကြောင့်၊ အဿ-ထို အရှင်နာဂိတထေရ်၏၊ သရီရဂရုတာယ-ကိုယ်၏ လေးလံသည်၏အဖြစ်ကြောင့်၊ ဥဋ္ဌာန နိသဇ္ဇာဒီသု-ထခြင်း ထိုင်ခြင်း အစရှိသည်တို့၌၊ အာလသိယဘာဝေါ-ပျင်းရိခြင်းရှိသူ၏ အဖြစ်သည်၊ ဝါ-ကို၊ ဤသကံ - စင်္ဂါယ်၊ အပ္ပဟီနောဝိယ - မပယ်အပ်သေးသကဲ့သို့၊ ဟောတိ- ၏၊ (တသ္မာ- ထို့ကြောင့်၊) အထ - လျောက်လာရာ ထိုအခါ၌၊ (အာဟ၌စပ်၊) အယံ သာမဏေရော- ဤ သီဟသာမဏေသည်၊ ဘဂဝတော-၏၊ ကာလေန ကာလံ- ရံဖန်ရံခါ၊ ဝါ- မကြာမကြာ၊ ဝတ္တံ- ဝတ်ကို၊ ကရောတိ- ၏၊ တေန- ထိုသို့ ဝတ်ပြုနေသည်၏အဖြစ်ကြောင့်၊ နံ - ထို သီဟသာမဏေကို၊ (အာဟ-၌စပ်၊) ထေရော - အရှင်နာဂိတထေရ်သည်၊ တွံပိ - သင်သည်လည်း၊ (ဂါဿာမဟံတ်, သင်သည်လည်း၊)ဒဿဝလဿ--မြတ်စွာဘုရား၏၊ ဝါ-နှင့်၊ ဝိဿာသိကော - အကျွမ်းဝင်ခြင်းရှိ၏၊ ဣတိ - ဤသို့၊ ဝတ္ဝာ- ပြော၍၊ ဂစ္ဆ- သွားချေ၊ တွညော-သင့်ကိုယ်တိုင်သာ၊ အာရောစေဟိ-လျောက်ထားချေလော၊ ဣတိ-သို့၊ အာဟ--ပြောပြီ။ [အထ၏ရှေ့၌ "တသ္မာ" ဟု ထည့်မှ စကားအဆက် တည့်၏၊ သို့ဖြစ်လျှင် အယံဟိ၌ ဟိကိုလည်း ကာရကဇောတက ကြိုနိုင်သည်။]

ဝိဟာရ ပစ္ဆာယာယံတိ- ကား၊ ဝိဟာရဆာယာယံ - ကျောင်းရိပ်၌၊ ["ပ အနက်မရှိ"ဟု သိစေသည်။] ကူဋာဂါရ မဟာဂေဟစ္ဆာယာယ-စုလစ်မွန်၍နှံ့ အထွဋ်ရှိသော ကျောင်းတော်ကြီး၏အရိပ်သည်၊ ဖရိတောကာသေ - ဖြန့်အပ်

× × × × × × ×

အပ္ပဟီနော ဝိယ ။ ။ အရှင်နာဂိတသည် ဝသောကိုယ် ရှိသည့်အတွက် အထိုင် အထ လေးလံ၏၊ ရဟန္တာဖြစ်၍ ထိနမိဒ္ဓကို ပယ်ပြီးပါသော်လည်း ထိနမိဒ္ဓ၏ သတ္တိ ဖြစ်သော ဝါသနာကိုကား မပယ်နိုင်၊ ထို့သို့ ဝါသနာကို မပယ်နိုင်သည့်အတွက် ပျင်းရိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ထိနမိဒ္ဓကို မပယ်နိုင်သကဲ့သို့ ဖြစ်နေလေသည် ဟု ပြလိုရှု ဝိယသဒ္ဒါဖြင့် ဆိုသည်။

သောအရပ်၌၊ (ပညပေဟိ ၌စပ်၊) ဇုတိအတ္ထော-နက်၊ ကိရ-ခဲ့၊ သာကူဋ္ဌ ဂါရသာလာ-စုလစ်မွန်ခွန်အထွဋ္ဌိရှိသော ထိုကျောင်းတော်သည်၊ ဒက္ခိဏာဂိရတော – တောင် မြောက် အရပ်အား ဖြင့်၊ ဒီဃာ - ရှည်၏၊ ပါစီနမုခါ - အရှေ့ဘက်၌ မျက်နှာသာရှိ၏၊ တေန- ထို့ကြောင့်၊ အဿာ- ထို ကူဋ္ဌာဂါရသာလာ၏၊ ပုရတော- ရှေ့၌၊ မဟတီ- ကြီးစွာသော၊ ဆာယာ - အရိပ်သည်၊ ပတ္ထဋာ- ပြန့်နှံ့သည်၊ ဟောတိ-၏၊ သိဟောပေါ- သီဟသာမဏောသည်လည်း၊ တတ္ထ-ထို ကျောင်းရိပ်၌၊ ဘဂဝတော-မြတ်စွာဘုရားဘို့၊ အာသနံ-ကို၊ ပညပေသိ- ပြီ။

အထခေါ- နေရာခင်းပြီးရာ ထိုအခါ၌၊ ဘဂဝါ, ဒွါရန္တရေဟိစေဝ-တံခါးပေါက် အကြားတို့မှ၎င်း၊ ဝါတပါနန္တရေဟိစ - လေသာက်ပြူတင်း အကြားတို့မှ၎င်း၊ နိက္ခမိတွာ- ထွက်၍၊ ဝိဓာဝန္တာဟိ- ထိုမှ ဤမှ ပြေးသွားကုန်သော၊ ဝိပ္ပရန္တိဟိ - အထူးထူးအပြားပြား ပြန့်နှံ့ကုန်သော၊ ဆဗ္ဗဏ္ဏာဟိ– ခြောက်သွယ်သောအဆင်းရှိကုန်သော၊ ဗုဒ္ဓရဿိဟိ-ဘုရားရောင်ခြည်တော်တို့သည်၊ သံသူစိတ နိက္ခမနော - ကောင်းစွာပြအပ်သော ထွက်တော်မူလာခြင်းရှိသည်၊ (ဟုတ္တာ)၊ ဝလာဟကန္တရတော-တိမ်တိုက်ကြားမှ၊ ပုဏ္ဏစန္ဒော-လပြည့်ဝန်းသည်၊ (နိက္ခမတိ) ဝိယ- ထွက်လာသကဲ့သို့၊ (တထာ) ကူဋ္ဌာဂါရသာလတော-စုလစ်မွန်ခွန်အထွဋ္ဌိရှိသော ကျောင်းတော်မှ၊ နိက္ခမိတွာ-၍၊ ပညတ္တဝရ ဗုဒ္ဓါသနေ-ခင်းထားအပ်သော မြတ်သော ဘုရားနေရာ၌၊ နိသီဒိ – ထိုင်တော်မူပြီ၊ တေန - ကြောင့်၊ အထခေါ၊ပေ၊နိသီဒီတိ- ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန)၊ ဝုတ္တံ- ပြီ။

ပုရိမာနိ ၊ပေ၊ ပုရိမတရာနိတိ တ္ထေ-၌၊ ဟိယျောဒိဝသံ – ယမန်နေ့သည်၊ ပုရိမံနာမ–ရှေးဦးဖြစ်သောနေ့ မည်၏၊ တတော-ထိုနေ့မှ၊ ပရံ-နောက်နေ့သည်၊ ပုရိမတရံ(နာမ) - သာ၍ ရှေးဦးဖြစ်သောနေ့ မည်၏၊ ဝါ– တဖန်မနေ့ မည်၏၊

× × × × × × ×

သံသူစိတ နိက္ခမနော ။ ■ ရောင်ခြည်တော်များကို မြင်ရသဖြင့် “ ဘုရားရှင် ထွက်တော်မူလာပြီ”ဟု သိနိုင်၏၊ ထို့ကြောင့် “သံသူစိတနိက္ခမနော”ဟု ဆိုသည်၊ သံသူစိတံ– (ဘုရားရှင် ထွက်တော်မူလာပြီဟု ပြောပြသကဲ့သို့) ကောင်းစွာပြအပ်သော+နိက္ခမန်–ထွက်တော်မူလာခြင်းသည်၊ ယသာတိ သံသူစိတ နိက္ခမနော။

ပုရိမာနိ ပုရိမတရာနိ။ ■[ဒိဝသောတု အဟံ ဒိနံ....အဘိဓာန် (၆၇)၌ ဒိဝသသဒ္ဒါသည် ပုလ္လိင်ရှိ၏၊ လိင်္ဂဝိပလ္လာသပြု၍ နပုလ္လိင်ထားဟန်တူသည်။] ယနေ့ကိုထောံ၍ လွန်ပြီးသော ရှေးနေ့ကို “ပုရိမ–ရှေ့ဦးဖြစ်သောနေ့”ဟု ခေါ်ရ၏၊ “ဟိယျော– ယမန်နေ့(မနေ့)” ဟု ခေါ်ရသောနေ့တည်း၊ ထို့ထက် ရှေးကျသောနေ့ကို “ပုရိမတရ – သာ၍ ရှေးကျသောနေ့”ဟု ခေါ်ရ၏၊ “ပရဟိယျော – ယမန်နေ့မှ တပါးသော နေ့၊ ဝါ–တဖန်မနေ့(တမြန်နေ့)”ဟု ခေါ်၏၊ ဤနေရာ၌ကား ရှေးကျသော နေ့အများကို “ပုရိမာနိ” ဟုဋ္ဌင်း , ထို့ထက် ရှေးကျသော နေ့အများကို “ပုရိမတရာနိ ” ဟုဋ္ဌင်း ဆိုလိုသည်၊ ထို့ကြောင့် “တဋ္ဌတာ ပဋ္ဌာယ၊ပေ၊ဟောန္တိ”ဟု ဆိုသည်။

ပန-ဆက်၊ တတော-ထိုတဖန်မနေ့မှ၊ ပဋ္ဌာယ-၍၊ သဗ္ဗာန်-အလုံးစုံကုန်သော နေ့တို့သည်၊ ပုရိမာနိစေဝ – ပုရိမတို့သည်၎င်း၊ ပုရိမတရာနိစ– ပုရိမတရတို့သည်၎င်း၊ ဟောန္တိ-နှ၏။

ကမ္မဿကတာ ပညာ။ ။ထပေတ္ဝာ သစ္စာနုလောမိကံ ဉာဏံ သဗ္ဗာဝိ သာသဝါ (မိမိကို အာရုံပြုသော အာသဝေါတို့နှင့်တကွ ဖြစ်သော၊)ကုသလာ ပညာ ကမ္မဿကတာ ပညာနာမ-ဤပါဠိတော်အလိုအားဖြင့် ကုသိုလ်ကံသည်သာ အကျိုးမဲ့ကို ဖျက်ဆီးတတ်, အကျိုးကို ဖြစ်စေတတ်သောကြောင့် "သက"ဟု ဆိုလိုသည်။

မှတ်ချက်။ ။ အခြားနေရာ၌ကား ကုသိုလ်ဖြစ်စေ , အကုသိုလ်ဖြစ်စေ မိမိပြုအပ် သော ကံဟူသမျှသည် သက (ကိုယ့်ဥစ္စာ) ဖြစ်၏၊ " ကမ္မမေဝ + သကံ + ယေသံတိ ကမ္မဿကာ၊ ကမ္မဿကာနံ+ဘာဝေါကမ္မဿကတာ၊ ကမ္မဿကတာယံ– ကံသာလျှင် ကိုယ့်ဥစ္စာရှိသည်၏အဖြစ်၌+ပဝတ္တာ+ပညာ ကမ္မဿကတာ ပညာ"ဟု ပြုရသည်။

ဝိပဿနာပညာ။ ။မဂ္ဂသစ္စာအားဂုဏ်း , နိဗ္ဗာန်ဟူသော ပရမတ္ထသစ္စာအားဂုဏ်း လျော်သောကြောင့် ဝိပဿနာပညာကို " သစ္စာနုလောမိက ပညာ " ဟု ခေါ်သည်၊ ထို ပညာ ၂ မျိုးလုံးပင် လောကီပညာဖြစ်သောကြောင့် "အဓိ" ဟု မခေါ်ရ။

ပညာစ-သည်၎င်း၊ ပညာနာမ - ပညာသာမညမည်၏၊ မဂ္ဂဖလသမ္မယုတ္တာ – မဂ်ဖိုလ်နှင့်ယှဉ်သော ပညာသည်၊ ပရမာ– လွန်မြတ်သော၊ ပညာနာမ - ၏၊ အဓိပညံတိ ဣတ္ထေ–အဓိပညံဟူသော ဤပါဠိဝိ၊ လိင်္ဂဝိပလ္လာသော- ဣတ္ထိလိင်၏ နပုံလိင်ပြန်ခြင်းကို၊ ဝေဒိတဗ္ဗော – သိထိုက်၏၊ [ပညာဟူသော ဣတ္ထိလိင်မှ အဓိပညံဟု နပုံလိင်ပြောင်းလဲနေသည်။] ပန- ဆက်၊ အယံ-၌ ဆိုအပ်လတံ့ကား၊ ဣတ္ထေ - ၌ အဟမေဝ တတ္ထ ဘိယျော, ယဒိဒံ အဓိပညံဟူသော ပါဠိဝိ၊ အတ္ထော- တည်း၊ ယာယံ အဓိပညာနာမ–အကြင် သာမညပညာ, အဓိပညာ မည်သည်၊ (အတ္ထိ)၊ တတ္ထ - ထို ပညာ, အဓိပညာ ၂ မျိုးဌ၊ အဟမေဝ - ငါသည်သာ၊ ဘိယျော- သာလွန်၏၊ ဣတိ(အယံ)- ၌ဆိုအပ်ပြီးကား၊ အတ္ထော- အနက်တည်း။

ဝိမုတ္တာဓိကာရေ-ဝိမုတ္တိအာရာဌ၊ တဒင်္ဂဝိက္ခမ္ဘနဝိမုတ္တိယော–တဒင်္ဂဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိတို့သည်၊ ဝိမုတ္တိနာမ - ဝိမုတ္တိသာမည မည်၏၊ ပန - ကား၊ သမုစ္ဆေဒ ပဋိပဿဒ္ဓိ နိဿရဏဝိမုတ္တိယော – သမုစ္ဆေဒဝိမုတ္တိ , ပဋိပဿဒ္ဓိဝိမုတ္တိ, နိဿရဏဝိမုတ္တိတို့ကို၊ ပရမာ– သော၊ ဝိမုတ္တိတိ - ဝိမုတ္တိဟူ၍၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏၊ စ- ဆက်၊ ဣဓာပိ - ၌ ဝိမုတ္တိအာရာဌလည်း၊ ယဒိဒံ အမိဝိမုတ္တိတိ - ဟူသည်ကား၊ ယာ အယံ အဓိဝိမုတ္တိ - အကြင် ဝိမုတ္တိ အဓိဝိမုတ္တိသည်၊ (အတ္ထိ-၏၊) တတ္ထ - ထို ဝိမုတ္တိ အဓိဝိမုတ္တိ ၂ မျိုးဌ၊ အဟမေဝ - ငါသည်သာ၊ ဘိယျော- သာလွန်၏၊ ဣတိအတ္ထော - နက်။

သုညာဂါရေတိ-ကား၊ သုညေ-ရဟန်းရှင်လူတို့မှကင်းဆိတ်သော၊ ယရေ-ကျောင်းဌ၊ကေကော ဝ-တပါးတည်းသာလျှင်၊နိသိဒိတွာ-ထိုင်၍၊(နဒတိဌစပ်၊) ဣတိ (အယံ)-၌သည်ကား၊ အမိပ္ပါယော–ပရိဗ္ဗိဇ်တို့၏အလိုတည်း၊ (ဘုရား ကို ကဲ့ရဲ့ကြသော ပရိဗ္ဗိဇ်တို့၏ အလိုတည်း။)

× × × × × × ×

ပရမာဝိမုတ္တိ။ ။လောကုတ္တရာစိတ်၌ ထွဉ်သော မဂ္ဂင်ရှစ်ပါးတွင် “သမ္မာဝါစာ စသော လောကုတ္တရာ ဝိမုတ္တိတို့ကို အဓိသီလဖြင့် , သမ္မာဝါယာမကို အဓိဇေဂုစ္ဆဖြင့် , သမ္မာဒိဋ္ဌိကို အဓိပညာဖြင့် ယူအပ်ပြီးဖြစ်သောကြောင့် အဂ္ဂဟိတဂ္ဂဟဏာနည်းအားဖြင့် သမ္မာသင်္ကပ္ပ, သတိ, သမာဓိ ၃ ပါးကိုသာ အရဟတ္တဖိုလ်၌ အကျုံးဝင်သော သမုစ္ဆေဒ ပဋိပဿဒ္ဓိ ဝိမုတ္တိဟု မှတ်ထိုက်၏”ဟု ဋီကာတို့၌ တနည်းဖွင့်သေး၏။ [အဋ္ဌကထာနည်း ၌ကား သမ္မာဒိဋ္ဌိစသော ရှစ်ပါးလုံးကိုပင် သမုစ္ဆေဒ ပဋိပဿဒ္ဓိ ဝိမုတ္တိ ဟု ဆိုလိုသည်၊ နိဿရဏဝိမုတ္တိမှာ နိဗ္ဗာန်သာတည်း။]

သုညာဂါရေ။ ။“ လူတို့မှ ကင်းဆိတ်သော ကျောင်း၌ ” ဟု သဒ္ဒတ္ထဖြစ်သော်လည်း (ကျောင်းဖြစ်စေ တောဖြစ်စေ) ရဟန်းရှင်လူတို့မှကင်းဆိတ်သော ဌာနဟူသမျှကို သဒိသူပစာရအားဖြင့် ယူနိုင်သောကြောင့် “ ကေကော ဝ နိသိဒိတွာ ” ဟု အဓိပ္ပါယ်ထွက်ဖွင့်သည်။ [ယံကိဉ္စိ ဇနဝိဝိတ္တဉ္စာနံ ဇုဓ သုညာဂါရန္တိ အဓိပ္ပေတံ၊—ဋီကား။]

ပရိသာသုစာတိ-ကား၊ အဋ္ဌသု-နိသော၊ ပရိသာသု-တို့၌၊ (နဒတိ ၌စပ်၊) စ-သာဓကကား၊ စတ္တာရိမာနိ၊ပေါန ဒတီတိ.. အစရှိသော၊ တေံ သုတ္တံ-ဤပါဠိကို၊ (ဘဂဝတာ)ဝိ- သည်လည်း၊ ဝုတ္တံ-ပြီ၊ ဣတိ- ဤသို့ အစရှိသော၊ သုတ္တံ-ပါဠိကို၊ ဝိတ္ထာရေတဗ္ဗံ-ချဲ့ထိုက်၏၊ [သာရိပုတ္တ-ရာ၊ တထာဂတဿ-၏၊ တထာဂတ ဝေသာရဇ္ဇာနိ- တထာဂတ ဝေသာရဇ္ဇဉာဏ်တို့သည်၊ ဣမာနိ စတ္တာရိ-တို့တည်း၊ ယေဟိ-ယင်း တထာဂတ ဝေသာရဇ္ဇဉာဏ်တို့နှင့်၊ သမန္နာဂတော-ပြည့်စုံသော၊ တထာဂတော-သည်၊ အာသဘံ-မြတ်သော၊ ဌာနံ-ဌာနကို၊ ပဋိဇာနာတိ-ဝန်ခံတော်မူ၏၊ ပရိသာသု- တို့၌၊ သီဟနာဒံ- မြတ်သော အသံတော်ကို၊ နဒတိ-မိန့်မြွက်တော်မူ၏၊-မူလပံ, မဟာသီဟနာဒသုတ်။]

× × × × × × ×

အဋ္ဌသု ပရိယာသု။ ။ခတ္တိယပရိသတ် , ဗြာဟ္မဏ , ဂဟပတိ , သမဏအားဖြင့် လူပရိသတ် ၄ မျိုး , စာတုမဟာရာဇိက , တာဝတိံသ , မာရ , ဗြဟ္မပရိသတ်အားဖြင့် နတ်ပြဟ္မာပရိသတ် ၄ မျိုးကို ပရိသတ် ဂပါးဟု ဆိုသည်။ [“မာရ”ဟူရာ၌ မာရ်နတ်၏ ဘက်သားနတ်များကိုပါ ယူမှ ပရိသတ်အစုအဝေး ရနိုင်သည်။]

ဝေသာရဇ္ဇာနိ။ ။အနန္တရာယိကဓမ္မတို့ကို ဟောတော်မူရာ၌ အနန္တရာယိကဓမ္မ မဟုတ်ဟု ကန့်ကွက်လာလျှင် မကြေခံမရှဲ ရဲဝန့်စွာ ဖြေရှင်းတော်မူနိုင်သောဉာဏ်တော်ကို “ဝေသာရဇ္ဇဉာဏ်” ဟု ခေါ်၏၊ ဤသို့ စသည်ဖြင့် ဝေသာရဇ္ဇဉာဏ်တော် ၄ ပါးကို အဋ္ဌသာလိနီဘာသာဋီကာ နိဒါနကထာ၌ ရှုပါ။ [စတ္တာသု ဌာနေသု သာရဇ္ဇာဘာဝံ ပစ္စဝေက္ခန္တော သဒ္ဒဉ္ဉသောမနဿမယဉာဏာသေတံ နာမံ။]

တထာဂတဿ တထာဂတ ။ ။ထို ဝေသာရဇ္ဇဉာဏ်တော်၏ ဘုရားမှတပါး အခြားပုဂ္ဂိုလ်တို့နှင့် မဆက်ဆံကြောင်း ပြလိုသဖြင့် “ တထာဂတဿ တထာဂတ ဝေသာရဇ္ဇာနိ ” ဟု တထာဂတ ၂ ပုဒ်ကို ဟောတော်မူ၏၊ တနည်း- ၌ တထာဂတသည် ဘုရားရှင်ကို ပြသောပုဒ်တည်း၊ နောက်တထာဂတကား “တထာ+အာဂတာနိ တထာဂတာနိ ” ဟု ဝိဂ္ဂဟပြု၍ အခြားသော ဘုရားရှင်တို့၏ ဝေသာရဇ္ဇဉာဏ်တော်တို့သည် များစွာသော ကောင်းမှုတော်၏ ပြည့်စုံခြင်းဟူသော ပုညသယသမ္ပတ္တိကြောင့် ဖြစ်ပေါ်လာကုန်သကဲ့သို့ ထို့အတူ ဤမြတ်စွာဘုရား၏လည်း ပုညသယသမ္ပတ္တိကြောင့် ဖြစ်ပေါ်လာကြောင်းကိုပြသော ဝိသေသနပုဒ်တည်း၊ ဤကား အဋ္ဌကထာတို့အလိုတည်း။

အာသဘံ ဌာနံ။ ။သေဋ္ဌံ ဌာနံ၊ ဥတ္တမံ ဌာနံတိ အတ္ထော၊ နိဿယဋ္ဌေ ဤအတိုင်းပေးသည်၊ အာသဘာ ဝါ ပုဗ္ဗဗုဒ္ဓါ၊ တေသံ ဌာနံတိ အတ္ထော၊ ဤအလို “ အာသဘံ-အာသဘမည်သော ရှေးဘုရားတို့၏အရာဖြစ်သော၊ ဌာနံ-အရာကို”ဟု ပေးပါ၊ အဝိစဉသဘဿ ဇာဒံတိ အာသဘံ၊ အာသဘံ ဝိယာတိ အာသဘံ၊ ဤနည်းအလို“အာသဘံ-နွားလားဥသဘ၏ ဥစ္စာဖြစ်သော၊ ဌာနံ-အရာကို”ဟု ပေးပါ၊ -ဋီကာ။

ပုဂ်ံဝ ၃ မျိုး။ ။ခေါင်းဆောင် နွားလားကြီးကို “ပုဂ်ံဝ” ဟု ခေါ်၏၊ ထို ပုဂ်ံဝသည် နွားတရာ၏ ခေါင်းဆောင်ဖြစ်သော ဥသဘ , နွားတထောင်၏ ခေါင်းဆောင်ဖြစ်သော ဝသဘ, (တနည်း) နွားခြံပေါင်းတရာ၏ အကြီးအကဲနွားလားသည် ဥသဘ,

ပဥ္စန္ဓ နံ ပုစ္ဆန္တိ- ဘာဝး၊ ပဂ္ဂိတာ – ပညာရှိကုန်သော၊ ဒေဝမနုဿာ– နတ်လူတို့သည်၊ နံ–ထိုရှင်ဂေါတမကို၊ ပဉ်-ပြဿနာကို၊ ဝါ–သိခြင်းငှါ အလို ရှိအပ်သော အနက်အဓိပ္ပါယ်ကို၊ အဘိသခ်ရိတ္တာ-ပြုပြင် စီစဉ်၍၊ ပုစ္ဆန္တိ-မေးကြ ကုန်၏၊ ဗျာကရောတိတိ-ကား၊ တခ်ဏာဉည၀-ထို မေးရာခဏာ၌ပင်၊ ဝိသဇ္ဇေတိ-ဖြေတော်မူ၏၊ စိတ္တံ အာရာဓေတီတိ-ကား၊ ပဥ္စဝိသဇ္ဇနနည-ပြဿနာကို ဖြေဆို ခြင်းအားဖြင့်၊ မဟာဇနဿ–များစွာသော လူအပေါင်း၏၊ စိတ္တံ - စိတ်ကို၊ ပရိ တောသေတီယေ၀-နှစ်သက်စေနိုင်သည်သာ၊ နောစ ခေါ သောတဗ္ဗံ မညန္တိတိ-ကား၊ စိတ္တံ–ကို၊ အာရာဓေတွာ–နှစ်သက်စေပြီး၍၊ ကထေန္တသပိ - ဖြေဆိုပါ သော်လည်း၊ အဿ-ထိုရှင်ဂေါတမ၏၊ ၀စနံ - စကားကို၊ သောတဗ္ဗံ – နာယူ ထိုက်၏ဟူ၍၊ နံ မညန္တိ-မမှတ်ထင်ကြကုန်၊ ဣတိ ဝေဒ္ဓ-ဤသို့လည်း၊ ဝဒေယျုံ-ပြောဆိုကုန်ရာ၏၊ ဣတိ အတ္ထော–နက်။

× × × × × × ×

နွားခြံတထောင်၏ အကြီးအကဲနွားလားသည် ဝသဘ, (တနည်း) ဂါမခေတ်တခေတ်၌ အကြီးအကဲ နွားလားသည် ဥသဘ, ဂါမခေတ် ၂ ခေတ်၌ အကြီးအကဲ နွားလားသည် ဥသဘ,နွားအားလုံးထက် မြတ်သော မည်သည့် ဂါမခေတ်၌မဆို အကြီးအကဲဖြစ်သော ဘေးရန် ဟူသမျှကို လွှမ်းမိုးနိုင်သော တကိုယ်လုံး ဖြူသော အလွန် ပသာဒရှိသော, များစွာသောဝန်ကို ဆောင်နိုင်သော မိုးကြိုးပစ်သံ များစွာကြားသော်လည်း မတုန်လှုပ် သော နွားလားကြီးသည် နိသဘတည်း၊ ဤသို့အားဖြင့် ၃ မျိုးပြားသည်။

ထို နိသဘနွားလားကြီးကိုပင် ဤနေရာ၌ "ဥသဘ" ဟု ဆိုလို၏၊ ထို ဥသဘနွားလား ကြီးသည် ဥသဘတို့၏အားနှင့် ပြည့်စုံရကား လေးဘက်သော ခြေတို့ဖြင့် မြေကြီးကို ဖိဖိစီးစီး နှိပ်နင်းလျက် ကြွားကြွားရွားရွား ရပ်တည်လေ့ရှိ၏၊ ထိုသို့ တည်နိုင်ခြင်းကိုပင် "ဥသဘသ + ဌာနံ" အရ "နွားလား ဥသဘ၏+ဥစ္စာ" ဟု ခေါ်ရသည်၊ ထို့အတူ ဗုဒ္ဓမြတ်စွာသည်လည်း ဒသဗလ (ဉာဏ်တော်အား) နှင့် ပြည့်စုံတော်မူရကား ပရိသတ် ရှစ်ပါးတည်းဟူသော မြေပေါ်ဝယ် ဝေသာရဇ္ဇဉာဏ် ၄ ပါးတည်းဟူသော ခြေတော်ဖြင့် ဖိဖိစီးစီးနင်းတော်မူကာ မည်သည့်ရန်သူကိုမျှ မလှုပ်ရှားစေနိုင် မြဲခိုင်စွာ တည်တော်မူ၏။ ဤသို့ တည်တော်မူခြင်းကို " အာသဘံ ဝိယာတိ အာသဘံ " အရ နွားလားဥသဘ၏ ရပ်တည်ခြင်းနှင့်တူသော တည်ခြင်းဟု ခေါ်သည်။–ဋီကာသစ်။

တခ်ဏာဉည၀၊ပေ၊အာရာဓေသိ။ ။ မေးရာခဏာ၌ပင် အကြောင်းအားလျော်စွာ ဖြစ်သော ပဋိဘာန်ဉာဏ်ဖြင့်ဖြေတော်မူ၏၊ ထိုသို့ဖြေဆိုရာ၀ယ် မေးသူတို့၏ အဇ္ဈာသယ အားလျော်စွာဂုဏ်း, အတ္ထဓမ္မ (အကျိုးနှင့် အကြောင်း) အားလျော်စွာဂုဏ်း ဖြေတော်မူ သောကြောင့် မေးသူတို့၏စိတ်ကို နှစ်သက်စေတော်မူပါသည်။

မှန်၏၊–ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတာဉာဏ်တော်သည် အလွန်မြင့်မြတ်တော်မူရကား သိဘွယ်တရား (ဖြေဆိုဘွယ်အဖြေ) ဟူသမျှသည် ဉာဏ်တော်၏အ၀သို့ ရောက်နေကြ သကဲ့သို့ဖြစ်နေ၏၊ အလိုရှိအပ်သောတရားသည် တွေးမြဲမနေရတော့, နှလုံးသွင်းလိုက်ရုံ မျှဖြင့် ထင်ပေါ်လာသည်။

သောတဗ္ဗံ စသေ မညန္တိတိ-ကား။ ဒေဝါဝိ-နတ်တို့သည်၎င်း၊ မနုဿာဝိ-လူတို့သည်၎င်း၊ မဟန္တေနေဝ – ကြီးစွာသာလျှင် ဖြစ်သော၊ ဉဿာဟေန – အားထုတ်ခြင်းဖြင့်၊ သောတဗ္ဗံ-နာယူထိုက်၏ဟူ၍၊ မညန္တိ-မှတ်ထင်ကြကုန်၏၊ ပသီဒန္တိတိ–ကား၊ သုပ္ပသန္နာ – လွန်စွာ ကြည်ညိုကုန်သည်၊ ကလ္လစိတ္တာ – ခံ့ကျန်းသော စိတ်ရှိကုန်သည်၊ မုဒုစိတ္တာ - နည့်သောစိတ်ရှိကုန်သည်၊ ဟာန္တိ-ဖြစ်ကုန်၏၊ပသန္နာကာရံ ကရောန္တိတိ-ကား၊မုဒ္ဓပ္ပသန္နာဝ-အချည်းနှီးကြည်ညိုသူတို့သည်သာ၊ န ဟောန္တိ-မဟုတ်ကုန်၊ ပဏီတာနိ-မွန်မြတ်ကုန်သော၊ စိဝရာဒိနိ – သင်္ကန်း အစရှိသည်တို့ကိုဂျင်း၊ ဝေဠုဝနဝိဟာရာဒယော – ဝေဠုဝန်ကျောင်းတိုက် အစရှိကုန်သော၊ မဟာဝိဟာရေစ–ကျောင်းတိုက်ကြီးတို့ကိုဂျင်း၊ ပရိစ္စဇန္တာ–စွန့်လွှတ်ကြကုန်လျက်၊ ပသန္နာကာရံ-ကြည်ညိုသူတို့၏ အခြင်းအရာကို၊ ကရောန္တိ-ပြုကြကုန်၏။

တထတ္တာယာတိ-ကား၊ သော-ထို အရှင်ဂေါတမသည်၊ ယံ မေံ - အကြင်တရားကို၊ ဒေသေတိ–ဟော၏၊ တထာ ဘာဝါယ - ထို တရား၏ ဖြစ်ကြောင်းဖြစ်ရာ အကျင့်အကျိုးငှါ၊ ဓမ္မာနုဓမ္မပဋိပတ္တိပူရဏတ္ထာယ-လောကုတ္တရာတရား

× × × × × × ×

သောတဗ္ဗံ မညန္တိ။ ။"ဘုရားဖြစ်ခါ, ပါယ်၃ ရှောနှင့်"စသည်ဖြင့် ဆိုအပ်သော အကွဏ ဂ'ပါးမှ လွတ်သော နဝမခဏဉ်သာ တရားတော်ကို ကြားနာရသောကြောင့် (အကြင် တရားကို ဘုရား ဟောတော်မူ၏၊ ထိုတရားကို ငါတို့ နာယူကုန်အံ့ဟု) လေးလေးစားစား ဖြစ်လျက် များစွာသော အားထုတ်ခြင်းဖြင့် နာထိုက်သော တရား ဖြစ်ပါပေသည်ဟု အသိအမှတ်ပြုကြသည်။

မုဒ္ဓပ္ပသန္နာ။ ။"တုဏ္ဍပ္ပသန္နာ-အချည်းနှီးကြည်ညိုကြကုန်သည်၊နိရတ္ထကပ္ပသန္နာ-အကျိုးမရှိသည် ဖြစ်၍ ကြည်ညိုကြကုန်သည်" ဟု ဋီကာသစ်ဖွင့်၏၊ မုဒ္ဓကို တုဏ္ဍဟု ဖွင့်ခြင်းတည်း၊ ကြည်ညိုရုံသာ ကြည်ညိုခြင်း ဓမ္မပူဇာ, အာမိသပူဇာတခုခုကိုမျှ မပြုကြသူတို့ကို"မုဒ္ဓပ္ပသန္နာ"ဟု ဆိုလိုသည်။

ပသန္နာကာရံ။ ။"ပသန္နာနံ+ကြည်ညိုသူတို့၏+အာကာရော-အမူအရာတည်း၊ ပသန္နာကာရော-ရာ"ဟု သဒ္ဒတ္ထဖြစ်၏၊ ထိုပသန္နာကာရဟူသည် ကြည်ညိုသူတို့ ပြုထိုက်သော သက္ကာရ (ပူဇော်မှု) ၂ မျိုးတည်း၊ ထိုတွင် ပဏီတာနိ စိဝရာဒိနိ စသည်ဖြင့် အာမိသပူဇာကို ပြ၏၊ ဓမ္မမှုပူဇာကိုကား နောက်လာမည့် တထတ္တာယ ပဋိပဇ္ဇန်ဖြင့် ပြသည်။

တထတ္တာယ။ ။"တထာ+ဘာဝေါ တထတ္တံ" ဟု ပြုစေလို၍ " တထတ္တာယကို တထာ ဘာဝါယ"ဟု ဖွင့်သည်၊ တထာဖြင့် ညွှန်ပြအပ်သောအနက်ကို"ယံ သော ဓမ်မံ" ဟု အနိယမဖြင့် ပြသည်၊ "တထာ– ထို ဟောတော်မူအပ်သော တရား၏ + ဘာဝ– ဖြစ်ကြောင်းဖြစ်ရာ"ဟူသည် ဓမ္မာနုဓမ္မပဋိပတ္တိပူရဏတည်း၊ ထို့ကြောင့်"ဓမ္မာနုဓမ္မ ပဋိပတ္တိပူရဏတ္ထာယ"ဟု သရုပ်ဖေါ်သည်၊ မှန်၏-ဘုရားရှင်ဟောတော်မူအပ်သော တရား

၉ ပါး အားလျော်သော အကျင့်ပဋိပတ်ကို ဖြည့်ကျင့်ခြင်းငှါ၊ နံ ပဋိပဇ္ဇန္တိ – မကျင့်ကြကုန်၊ ဣတိ အတ္ထော-နက်၊ တထတ္တာယစ ပဋိပဇ္ဇန္တိတိ-ကား၊ တထာ ဘာဝါယ – ထို တရား၏ ဖြစ်ကြောင်းဖြစ်ရာ အကျင့်အကျိုးငှါ၊ ပဋိပဇ္ဇန္တိ – ကျင့်ကြကုန်၏၊ ဟိ-မှန်၊ တဿ ဘဂဝတော-ထို မြတ်စွာဘုရား၏၊ ဓမ္မံ- တရား တော်ကို၊ သုတ္တာ-နာရ၍၊ ကေစိ–အချို့သော ပုဂ္ဂိုလ်ဘို့သည်၊ သရဏောသု– သရဏာတို့၌၊ ဝါ- သရဏာဂုံတို့၌၊ (ကိုးကွယ်ရာ ဖြစ်သော ရတနာ ၃ ပါးကို ကိုးကွယ်ကြောင်း စိတ်တို့၌၊) ပတိဋ္ဌဟန္တိ - တည်ကြကုန်၏၊ ကေစိ–တို့သည်၊ ပဉ္စသု-၅ ပါးကုန်သော၊ သီလေသု-သီလတို့၌၊ ပတိဋ္ဌဟန္တိ၊ အပရေ- အခြား သော ပုဂ္ဂိုလ်တို့သည်၊ နိက္ခမိတ္တာ-အိမ်မှထွက်၍၊ ပဗ္ဗဇ္ဇန္တိ- ရှင်ရဟန်း ပြုကြ ကုန်၏၊ ပဋိပန္နာစအာရာဓေန္တိတိ-ကား၊ တံ ပဋိပဒံ-ထို အကျင့်ကို၊ ပဋိပန္နာ- ကျင့်ကုန်သည်၊(သမာနာ-နှလသော်၊) ပူရေတုံ- ပြည့်စေခြင်းငှါ၊ သက္ကောန္တိ– စွမ်းနိုင်ကုန်၏၊ သဗ္ဗာကာရေန–အလုံးစုံသော အခြင်းအရာအားဖြင့်၊ ပရိပူရေန္တိ- ပြည့်စေနိုင်ကြကုန်၏၊ ပဋိပတ္တိပူရဏေန- အကျင့်ကို ပြည့်စေခြင်းအားဖြင့်၊ တဿ ဘောတော ဂေါတမဿ- ထို အရှင်ဂေါတမ၏၊ စိတ္တံ-ကို၊ အာရာဓေန္တိ– နှစ်သက်စေနိုင်ကြကုန်၏၊ ဣတိ-ဤသို့၊ ဝတ္တာမ္ဟာ-ပြောဆိုထိုက်ကုန်၏။

× × × × × × ×

တိုင်းမှာပင် တရားနာသူတို့၏ ဓမ္မာနုဓမ္မ အကျင့်ကို ဖြည့်ဘို့ရန် ရည်ရွယ်တော်မူ၏၊ ထို့ကြောင့် ထို ဓမ္မာနုဓမ္မ ပဋိပတ္တိပူရဏာသည် ဓမ္မ၏ ဖြစ်ကြောင်း (တရားဟောတော်မူရ ခြင်း၏ အကြောင်း သဒ္ဒပဝတ္တိနိမိတ်) ဘာဝအနက်ဖြစ်သည်။

နံ ပဋိပဇ္ဇန္တိ။ ။ဓမ္မာနုဓမ္မပဋိပတ္တိပူရဏာတ္ထာယ၏နောံဉ်“ပဋိပဇ္ဇန္တိတိ အတ္ထော” ဟု တွေ့ရ၏၊ ပါဠိတော်၌ “နော စ ခေါ တထတ္တာယ ပဋိပဇ္ဇန္တိ” ၏ အဖွင့် ဖြစ်သော ကြောင့်“နံ ပဋိပဇ္ဇန္တိတိ အတ္ထော”ဟု ရှိသင့်မည်ထင်သည်၊ ထိုသို့ ရှိမှလည်း“တထတ္တာ ယစ ပဋိပဇ္ဇန္တိ” ဟူသော နောက်စကားနှင့် အဓိပ္ပါယ်ထူးခြားမည်၊ ဤသို့ ကဲ့ရဲ့သော စကားဖြစ်ခြင်းကြောင့် “ ယံ သော ဓမ္မံ ”၌ “ သော – ထို အရှင်ဂေါတမသည် ” ဟု အနက်ပေးခဲ့ရသည်။

တထတ္တာယစ။ ။ဤပုဒ်ကိုလည်း“တထာ ဘာဝါယ”ဟုပင် ဖွင့်သင့်၏၊ စာအုပ် တို့၌ “တထဘာဝါယ” ဟု တွေ့ရသည်၊ ဤ တထာဘာဝသည် ဓမ္မာနုဓမ္မပဋိပတ္တိပူရဏာ (လောကုတ္တရာတရား ၉ ပါးအား + လျော်သော အကျင့်ပဋိပတ်ကို ဖြည့်ကျင့်ဘို့ရန်ပင်) တည်း၊ ထိုဓမ္မာနုဓမ္မ ပဋိပတ္တိပူရဏာကို အစမှစ၍ အစဉ်အတိုင်း ပြလိုသောကြောင့်“ကေစိ သရဏောသု”စသည်ဖြင့် မိန့်သည်။

ပဋိပန္နာစ အာရာဓေန္တိ။ ။ဘုရားရှင်ကို နှစ်သက် ကျေနပ်စေလောက်အောင် ကျင့်သူကား ရဟန်းပြုရုံမျှမကဘဲ, ပူရေတုံ သက္ကောန္တိ-အကျင့်ပြည့်အောင်စွမ်းနိုင်သူများ ဖြစ်ကြရ၏၊ ထို“ပူရေတုံ သက္ကောန္တိ”ကိုပင် “သဗ္ဗာကာရေန ပရိပူရေန္တိ” ဟု ထပ်ဖွင့် သည်။ [ဋီကာသစ်၌ငင်း, နေဒံပြင် စာအုပ်များ၌ငင်း“သဗ္ဗာကာရေန ပန”ဟု ပနသဒ္ဒါ တွေ့ရ၏၊ ပိဟန်တူသည်၊ ရှေးစာအုပ်တို့၌ မပါ။]

ပန–ဆက်၊ ဣမသ္မိံ ဩကာသေ–ဤ ပါဠိရပ်၌၊ (သီဟနာဒကိစ္စ၏ ပြည့်စုံလုံးလောက်ခြင်းကို ပြရာ ပဋိပန္နာစ အာရာဓေန္တိဟူသော ဤပါဠိရပ်၌၊) ဌတွာ-တန့်ရပ်၍၊ သီဟနာဒါ-သီဟနာဒတို့ကို၊ သမောဓာနေတဗ္ဗာ-ပေါင်း၍ ရေတွက်ထိုက်ကုန်၏၊ ဟိ–ချဲ့၊ ကေစ့ံ-အချို့သော၊ တပဿိံ-အကျင့် ရှိသူကို၊ နိရယေ-၌၊ နိဗ္ဗတ္တံ–ဖြစ်သည်ကို၊ ပဿာမိ–မြင်ရ၏၊ ဣတိ-ဤစကားတော်သည်၊ ဘဂဝတော–၏၊ ဧကော– တပါးသော၊ သီဟနာဒေါ–သီဟနာဒတည်း၊ အပရံ–တပါးသော၊ (တပဿိံ-ကို၊) သဂ္ဂေ–၌၊ နိဗ္ဗတ္တံ ပဿာမိ၊ ဣတိ-သည်၊ (ဘဂဝတော)ကော(သီဟနာဒေါ–တည်း၊) အာသဝါနံ ခယာ - အာသဝေါတရားတို့ကို ပယ်ရာ၌၊ အဟမေဝ-ငါသည်သာ၊ သေဋ္ဌော– အမြတ်ဆုံးတည်း၊ ဣတိ–သည်၊(ဘဂဝတော) ကော (သီဟနာဒေါ)၊ ကုသလဓမ္မသမာဒါနေဟိ–ကုသိုလ်တရားတို့ကို ဆောက်တည်ရာ၌လည်း၊ အဟမေဝ သေဋ္ဌောတိ (ဘဂဝတော)ကော(သီဟနာဒေါ)၊ အာသဝါနံ ခယာ-၌၊ မယှမေဝ - ငါ၏သာ၊သာဝကသံဃော-သာဝကသံဃာသည်၊သေဋ္ဌောတိ(ဘဂဝတော)ကော(သီဟနာဒေါ)၊ ကုသလဓမ္မသမာဒါနေဟိ မယှံယေဝ– သာ၊ သာဝကသံဃော သေဋ္ဌောတိ(ဘဂဝတော) ကော (သီဟနာဒေါ)၊ သီလေန – သီလအားဖြင့်၊ မယှံ–ငါ၏၊ ဝါ-ငါနှင့်၊ သဒိသော-တူသူသည်၊ နတ္ထိ-မရှိ၊ ဣတိ(ဘဂဝတော) ကော (သီဟနာဒေါ)၊ ဝိရိယေန – ဝီရိယအားဖြင့်၊ မယှံ သဒိသော နတ္ထိတိ (ဘဂဝတော)ကော(သီဟနာဒေါ)၊ပညာယ-ပညာအားဖြင့်၊ မယှံ သဒိသော နတ္ထိတိ(ဘဂဝတော)ကော(သီဟနာဒေါ)၊ ဝိမုတ္တိယာ-ဝိမုတ္တိအားဖြင့်၊ မယှံ သဒိသော နတ္ထိတိ(ဘဂဝတော)ကော(သီဟနာဒေါ)။

× × × × × × ×

ဣမသ္မိံ ပနောကာသေ။ ။ ဣမသ္မိံ ပနောကာသေ ဌတွာတိ ပဋိပန္နာစ အာရာဓေန္တိတိ တေသ္မိံ သီဟနာဒကိစ္စ ပါရိပူရိဒီပနေ ပါဋိပဒေသေ ဌတွာ၊–ဋီကာ၊ ပဋိပန္နာစ အာရာဓေန္တိဉ္စ သီဟနာဒကိစ္စသည် ပြည့်စုံ၏၊ ထိုသို့ အပြည့်အစုံပြရာ "ပဋိပန္နာစ အာရာဓေန္တိ"ဟူသော ပါဋိရပ်ကို "ဣမသ္မိံ ဩကာသေ"ဟု ဆိုသည်၊ သမောဓာနေတဗ္ဗာကို "သင်္ကလိတဗ္ဗာ"ဟု ဖွင့်၏၊ သံ+ ကလဓာတ်သည် ရေတွက်ခြင်းအနက်ကို ဟော၏။

ကေစ့ံ၊ပေ၊သီဟနာဒေါ။ ။"အချို့သော တပဿီကို ငရဲ၌ဖြစ်သည်ကိုမြင်တော်မူရ၏" ဟု မိန့်တော်မူအပ်သော စကားတော်သည် အခြားပုဂ္ဂိုလ်တို့ မပြောနိုင်သော (ဘုရား မိန့်တော်မူသည့်အတိုင်း) ငရဲ၌ မဖြစ်ပါဟုလည်း မပယ်လှန်နိုင်သောကြောင့် သီဟနာဒ (မြတ်သောအသံတော်) တပါး ဖြစ်ရပေသည်၊ နောက်သီဟနာဒများ၌လည်း နည်းတူ။

ဝိမုတ္တိယာ။ ။ပညာယ ဝိမုတ္တိယာတို့၌ "မယှံ သဒိသော နတ္ထိတိ ဧကော"တို့ကို ပေယျာလမြွက်ပြထားသည်၊ ဤတိုင်အောင်"ပုရိမာ ဒသ–ရှေး၌ ပြအပ်ခဲ့သော သီဟနာဒ ၁၀ ပါး" တည်း၊ "သီဟနာဒံ နဒန္တော ပရိသမဇ္ဈေ နဒါမိ"မှ စ၍ "အာရာဓေန္တိတိ ဧကော"တိုင်အောင် နောက် ၁၀ ပါးတည်း။

သီဟနာဒံ-မြတ်သော အသံဒတော်ကို၊ နဒန္တော–မိန့်မြွက်တော် မူလသော်၊ ပရိသမဇ္ဈေ–ပရိသတ်၏ အလယ်၌၊ နိသီဒိတွာ-ထိုင်တော်မူ၍၊ နဒါမိ- မိန့်မြွက်တော်မူ၏၊ ဣတိ–ဤ စကားတော်သည်၊ (ဘဂဝတော)ကော(သီဟနာဒေါ်)၊ ဝိသာရဒေါ– ကင်းသော ရွံ့.ရှားခြင်းရှိသည်၊ ဟုတွာ – ၍၊ နဒါမိ-၏၊ ဣတိ (ဘဂဝတော) ကော (သီဟနာဒေါ်)၊ ပဠုံ–ပြဿနာကို၊ မံ–ငါ့ကို၊ ပုစ္ဆန္တိ–မေးကြကုန်၏၊ ဣတိ (ဘဂဝတော) ကော(သီဟနာဒေါ်)၊ ပဠုံ ပြဿနာကို၊ ပဋ္ဌော-မေးအပ်သည်၊ (သမာနော) ဝိသဇ္ဇေမိ - ဖြေတော်မူ၏၊ ဣတိ (ဘဂဝတော) ကော (သီဟနာဒေါ)၊ ဝိသဇ္ဇနေန – ဖြေခြင်းအားဖြင့်၊ ပရဿ–သူတပါး၏၊ စိတ္တံ- ကို၊ အာရာဓေမိ–နှစ်သက်စေနိုင်၏၊ ဣတိ (ဘဂဝတော) ကော(သီဟနာဒေါ်)၊ တုဋ္ဌာစ-နှစ်သက်ကုန်သည်လည်း၊(ဟုတ္ဝာ)၊မေ–ငါ၏ (စကားကို)၊ သောတမ္ဘံ-နာယူထိုက်၏ဟူ၍၊ မညန္တိ–မှတ်ထင်ကြကုန်၏၊ ဣတိ (ဘဂဝတော)ကော (သီဟနာဒေါ်)၊ သုတ္ဝာ - ကြားနာရ၍၊ မေ - ငါ့အား၊ ပသီဒန္တိ – ကြည်ညိုကြကုန်၏၊ ဣတိ (ဘဂဝတော) ကော (သီဟနာဒေါ်)၊ ပသန္နာကာရံ-ကြည်ညိုသူတို့၏ အခြင်းအရာကို၊ ကရောန္တိ - န်၏၊ ဣတိ (ဘဂဝတော) ကော (သီဟနာဒေါ်)၊ ယံ ပတိပတ္တိ-အကြင် ပတိပတ်ကို၊ ဒေသေမိ- ဟောတော်မူ၏၊ တထတ္တာယ-ထို ပတိပတ်၏အဖြစ်ဟူသော အကျိုးငှါ၊ ပဋိပဇ္ဇန္တိ–ကျင့်ကြကုန်၏၊ ဣတိ(ဘဂဝတော)ကော(သီဟနာဒေါ်)၊ ပဋိပန္နာစ-ကျင့်ကုန်သူတို့သည်လည်း၊ မံ– ကို၊ အာရာဓေန္တိ– နှစ်သက်စေနိုင်ကြကုန်၏၊ ဣတိ(ဘဂဝတော) ကော(သီဟနာဒေါ်)

ဣတိ - ဤသို့လျှင်၊ ပုရိမာနံ - ရှေးဦးဖြစ်ကုန်သော၊ ဒသန္နံ - ၁၀ ပါးသော သီဟနာဒတို့တွင်၊ ကေကဿ - တပါးတပါးသော သီဟနာဒ၏၊ ပရိသာသု နဒတိတိ အာဒယော - အစရှိကုန်သော၊ ဒသဒသ- ၁၀ ပါး ၁၁ ပါးတို့သည်၊ ပရိဝါရာ–အခြံအရံတို့သည်၊ (ဟောန္တိ)၊ ဧဝံ–ဤသို့လျှင်၊ ပုရိမာနံ-ကုန်သော၊

× × × × × × ×

သုတ္ဝာ သောတမ္ဘံ မညန္တိ။ ။ အဋ္ဌကထာ စာအုပ်၌ဝင်း , ဋီကာသစ်၌ဝင်း "သုတ္ဝာ သောတမ္ဘံ မညန္တိ"ကို တွေ့ရ၏၊ သို့သော် ရှေ သီဟနာဒ၌ သဝနကြိယာ မပါခဲ့သေး၊ " စိတ္တံ အာရာဓေတိ " ဟုသာ ပါ၏၊ အာရာဓဲတိကို ပရိတောသေတိ ဟု ဖွင့်ခဲ့၏၊ ဤသောတမ္ဘံ မညန္တိနေရာ၌ "ကထေန္တသ ပိသ" ဟု ရှိ၏၊ ထို့ကြောင့် ထို ရှေစကား, နောက်စကားကိုပေါင်း၍ "တုဋ္ဌာစ မေ သောတမ္ဘံ မညန္တိ" ဟု ရှိသင့်မည် ထင်သည်။

ဣတိ၊ပေ၊ဒသဒသ ပရိဝါရာ။ ။ ရှေ ၁၀ ပါးတွင် " ကေစ္စံ တပသိ° နိရယေ နိဗ္ဗတ္တံ ပသာမိတိ သီဟနာဒံ နဒန္တော ဘဂဝါ(၁)ပရိသာသု နဒတိ၊(၂)ဝိသာရဒေါ ဟုတွာ နဒတိ၊ (၃)တတ္ထစ ပဠုံ ပုစ္ဆန္တိ၊ (၄)ပဠုံ ဝိသဇ္ဇေတိ၊ (၅)ဝိသဇ္ဇနေန ပရဿ စိတ္တံ အာရာဓေတိ၊ (၆) တုဋ္ဌာစ မေ သောတမ္ဘံ မညန္တိ၊ (၇)သုတ္ဝာစ ဘဂဝတော

ဒသန္နံ– ၁၀ ပါးသော သီဟနာဒတို့၏၊ ပရိဝါရ၀သေန-အခြံအရံတို့၏ အပြားအားဖြင့်၊ သတံ-တရာသော၊ တေ ဒသ- ထို ၁၀ ပါးတို့ဂုဏ်း၊ ပုရိမာ- နှံသော၊ ဒသစ-၁၀ ပါးတို့ဂုဏ်း၊ ဇုတိ-ဤသို့၊ ဒသာဓိကံ-၁၀ ပါး အလွန်ရှိသော၊ သီဟနာဒသတံ-သီဟနာဒတရာသည်၊ ဟောတိ- ၏။

ပန– ဆက်၊ ဇုတော– ဤသုတ်မှ၊ အညသ္မိံသုတ္တေ- အခြားသောသုတ်၌၊ [မဇ္ဈိမနိကာယ် မူလပံ့-စူလသီဟနာဒသုတ် စသည်၌။] တ္တေကာ–ဤမျှ အတိုင်း အရှည်ရှိကုန်သော၊ [အခု့စာအုပ်တို့၌ "ပိ" ပါ၏ မကောင်း။] သီဟနာဒါ–သီဟနာဒတို့ကို၊ ဒုလ္လဘာ– မရအပ် မရနိုင်ကုန်၊ တေန–ထို့ကြောင့်၊ (ထိုသို့ အခြားသုတ်၌ မရနိုင်လောက်အောင် များသောအရေအတွက် ရှိခြင်းကြောင့်၊) [တေနာတိ သင်္ခါမဟတ္တေန။] ဇုဒံသုတ္တံ–ဤသုတ်ကို၊ မဟာသီဟနာဒန္တိ-မဟာသီဟနာဒသုတ်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဇုတိ–ဤသို့လျှင်၊ ဘဂဝါ-သည်၊ သီဟနာဒံ ခေါ်ပေ၊နဒတီတိ–ဟူ၍၊ ဧဝံဝါဒိနံ- ဤသို့ပြောလေ့ရှိသူတို့၏၊ ဝါဒံ-ဝါဒကို၊ ပဋိသေဓေတွာ – တားမြစ်တော်မူပြီး၍၊ ဇုဒါနိ–ယခုအခါ၌၊ ပရိသတိ–ပရိသတ်၌၊ နဒိတပုဗ္ဗံ - ရှေ့၌ ကြွေးရင့်အပ်သော၊ ဝါ- ကြွေးရင့်အပ်ဘူးသော၊ [ရှေးစာအုပ်တို့၌ ပုန ပါသည်ကား ဝိ၏။] သီဟနာဒံ-ကို၊ ဒဿေန္တော–ပြတော်မူလိုသည်၏ အဖြစ်ကြောင့်၊ ကေမိဒါဟံတိ အာဒိံ – အစရှိသော စကားကို၊ အာဟ- မိန့်တော်မူပြီ။

× × × × × × ×

ပသီဒန္တိ၊ (၈) ပသန္နာစ ပသန္နာကာရံ ကရောန္တိ၊ (၉) ယံ ဓမ္မံ ဒေသေတိ, တထတ္တာယ ပဋိပဇ္ဇန္တိ၊ (၁၀) ပတိပတ္တိယာစ အာရာဓေန္တိ၊ ဤသို့ ရှေ ၁၀ ပါးတွင် တပါးတပါးကို မူဘည်၍ နောက် ၁၀ ပါးကို မူလိသွင်းသောအခါ သီဟနာဒ တရာဖြစ်၏၊ မူလိမပါဘဲ ရှေ သီဟနာဒ ၁၀ ပါးချည်း သန့်သန့်လည်း မိန့်တော်မူရကား ထိုသုဒ္ဓ ၁၀ ပါးနှင့် ပေါင်းလျှင် သီဟနာဒပေါင်း တရာ့တဆယ် ဖြစ်သတည်း။

သဗ္ဗေတေ ပဋိဇာနန္တိ, အာသဘံ ဌာန မုတ္တမံ၊
သီဟနာဒံ နဒန္တေ တေ, ပရိသာသု ဝိသာရဒါ။

သဗ္ဗေ-အလုံးစုံကုန်သော၊ တေ-ဤဘုရားရှင်တို့သည်၊ ဥတ္တမံ-မြတ်သော၊ အာသဘံ ဌာနံ–ဥသဘ၏ဥစ္စာ ခိုင်မြဲသောအရာကို၊ ပဋိဇာနန္တိ– ဝန်ခံတော်မူကြကုန်၏၊ တေ–တို့သည်၊ ပရိသာသု–ပရိသတ်တို့၌၊ ဝိသာရဒါ-ချွံရွံးခြင်းကင်း ရဲတင်းကုန်သည်ဖြစ်၍၊ သီဟနာဒံ–ကို၊ နဒန္တိ–မိန့်တော်မူကြကုန်၏၊— အာဋာနာဋိယသုတ်။

ဇုဒါနိ ၊ပေ၊ အာဒိမာဟ။ ။ ပါထိကဝဂ္ဂ (သုတ်ပါထေယျ) ဥဒုမ္ဗရိကသုတ်၌ " ဇုဓ နိဂ္ဂြောဓ တပသိ " စသည်ဖြင့် ဥပက်ကိလေသ အပြားကိုဂုဏ်း , ပါရိသုဒ္ဓိ အပြားကိုဂုဏ်း ပြတော်မူလျက် ပရိသတ်နှင့် တကွသော နိဂ္ဂြောဓပရိဗ္ဗာဇ်၏ရှေ့၌ ဘုရားရှင်၏ သီဟနာဒကို မိန့်တော်မူဘူးကြောင်းကို ပြတော်မူခြင်းငှါ ဇုဒါနိ စသည်ကိုမိန့်သည်။

တိတ္ထိယ ပရိဝါသကထာ

တတ္ထ - ထိ ကေ.မိဒါဟံ အစရှိသောပါဠိုရပ်၌၊ တတြ မံ အညတရော တပ ဖြဟ္မစာရိတိ - ကား၊ တတြ ရာဇဂဟေ - ထို ရာဇဂြိဟ်မြို့၌၊ ဂိဇ္ဈကူဋေ့ ပဗ္ဗတေ - ဂိဇ္ဈကုဋ်တောင်၌၊ ဝိဟရန္တံ -နေတော်မူသော၊ မံ - ငါ့ဘုရား‌ကို၊ အညတရော - အမှတ်မရှိ တယောံသော၊ တပ ဖြဟ္မစာရိ- မြတ်သောတပကို ကျင့်လေ့ရှိသော၊ ဝါ- ကိလေသာတို့ကို လောင်မြိုက်တတ်သောဝိရိယဖြင့် မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော၊ နိဂ္ဂြောဓောနာမ-နိဂ္ဂြောဓမည်သော၊ ပရိဗ္ဗာဇကော-ပရိဗ္ဗိုဇ်သည်၊ (အပုစ္ဆိ ၌စပ်၊) အဓိဇဂုစ္ဆတိ-ကား၊ ဝိရိယေန-ဝီရိယဖြင့်၊ ပါပဓုဂ္ဂလာဓိဂစ္ဆ နာမိကာရေ – မကောင်းမှုကို စက်ဆုပ်ခြင်းဟူသောအရာ၌၊ ပဠုံ-ပြဿနာကို၊ အပုစ္ဆိ - မေးပြီ၊ ဇ္ဈဒံ- ရာဇဂဟေ ဂိဇ္ဈကူဋေ့ ပဗ္ဗတေ၊ပေါပဠုံ အပုစ္ဆိ ဟူသော ဤစကား‌ကို၊ ဘဂဝါ-သည်၊ ဂိဇ္ဈကူဋေ့- ဂိဇ္ဈကုဋ်၌မည်သော၊ မဟာဝိဟာရေ– ကျောင်းတိုက်ကြီး၌၊ နိသိန္နော - နေတော်မူလျက်၊ ဥဒုမ္ဗရိကာယ – ဥဒုမ္ဗရိကာ မည်သော၊ ဒေဝိယာ - မိဖုရား၏၊ ဥယျာနေ - ဥယျာဉ်၌၊ နိသိန္နဿ - နေသော၊ နိဂ္ဂြောဓဿ – မည်သော၊ ပရိဗ္ဗာဇကဿစ– ပရိဗ္ဗိုဇ်၏ရင်း၊ သန္တိကေ - အနီး၌၊ ဥပါသကဿစ-ဥပါသကာ၏ရင်း၊ ကထာသလ္လာပံ- စကားပြောသံ ကို၊ ဒ္ဝိဗ္ဗာယသောတဓာတုယာ-ဒီဗ္ဗသောတအာဘိညာဉ်ဖြင့်၊ သုတ္ဝာ-ကြား‌တော်

× × × × × × ×

တပဖြဟ္မစာရိ။ ။ ဋီကာသစ်၌ “ ဥတ္တမ တပစာရိ ” ဟု ပဌမဖွင့်၏၊ ဖြဟ္မကို “ဥတ္တမ” ဟု ဖွင့်၍ တပ၏ ဝိသေသနဟု ပြ၏၊ “ တပေနဝါ ဝီရိယေန ဖြဟ္မစာရိ ” ဟု ဒုတိယဖွင့်၏၊ “ တပ ” အရ “ကိလေသာတို့ကို လောင်မြိုက်တတ်သော (အပူတပြင်း အတင်းအား‌ထုတ်ကြောင်း) ဝီရိယကို ယူပါ ” ဟု သိစေ၏၊ ကိလေသေ တပေတီတိ တပေါ။

ဇ္ဈံ။ ။ ဋီကာ၌ “ ရာဇဂဟေ ဂိဇ္ဈကူဋေ့ ပဗ္ဗတေ ဝိဟရန္တံ မံ ပဠုံ အပုစ္ဆိတိ ဇ္ဈံ ဝစနံ ” ဟု အဋ္ဌကထာ၌ ဆိုအပ်ပြီးသော ရှေ့စကား‌ကို စွဲ၏၊ ဋီကာသစ်၌‌ကား “ဇ္ဈဒန္တိ ရာဇဂဟေ၊ပေါပဠုံ အပုစ္ဆိတိ ပါဋိယံ အာဂတဝစနံ”ဟု ပါဋိတော်စကား‌ကိုစွဲသည်။

မှတ်ချက်။ ။ထိုအချိန်က ပြဿနာကို မေးရာ၌သည် ဂိဇ္ဈကုဋ်တောင်မဟုတ်, ရာဇဂြိဟ်၏အနီးဖြစ်သော ဥဒုမ္ဗရိကဒေဝီ၏ ဥယျာဉ်တည်း၊ သို့သော် ဂိဇ္ဈကုဋ်တောင်၌ သိတင်းသုံးခြင်းကြိယာ မပြတ်သေးသောကြောင့် “ ဂိဇ္ဈကူဋေ့ ဝိဟရန္တံ မံ ” ဟု သုံးစွဲ တော်မူသည်။

ကထာ သလ္လာပံ။ ။ သန္တိနဟူသည် ဥပါသကာ ငါးရာ အခြံအရံရှိသော ဥပါ သကာ ခေါင်းဆောင်တည်း၊ နိဂ္ဂြောဓပရိဗ္ဗိဇ်သည် ထို ဥပါသကာနှင့်တွေ့သောအခါ ဘုရား‌ရှင်‌ကို အထင်သေးအောင်....“အို သူကြွယ် တိုက်တွန်းပါတယ်၊ သိစမ်းပါလော၊ အသင်တို့ရဲ့ ဆရာဖြစ်သော ရှင်ဂေါတမဟာ ဘယ်သူနှင့်အတူ တရား ဆွေးနွေးဘူး သလဲ”စသော စကားစမြည်, ပြန်လည်ပြောသံကို ကြား‌တော်မူသည်။

မူ၍၊ အာကာသေန– ကောင်းကင်ဖြင့်၊ အာဂန္ဆာ-ကြွလာတော်မူ၍၊ တေသံ-ထို နိဂ္ဂြောဓပရိဗ္ဗိုဇ်, သန္ဓာနဥပါသကာတို့၏၊ သန္တိကေ-အနီး၌၊ ပညတ္တေ–ခင်းထားအပ်သော၊ အာသနေ-၌၊ နိသီဒိတ္ဝာ-ထိုင်တော်မူ၍၊ နိဂ္ဂြောဓေန–သည်၊ အဓိဇေဂုစ္ဆေ-အဓိဇေဂုစ္ဆအရာ၌၊ ယံတံ ပုဗ္ဗပဉ္ဉံ-အကြင်မေးအပ်သော ပြဿနာကို၊ ဝိသဇ္ဇေသိ-ဖြေဆတော်မူပြီ၊ တံ-ထိုဖြေတော်မူအပ်သော ပြဿနာကို၊ သန္ဓာယ-၍၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ။

ပရံဝိယ မတ္တာယာတိ-ကား၊ ပရမာယ-လွန်မြတ်သော၊ မတ္တာယ–အတိုင်းအရှည်အားဖြင့်၊ အတိမဟန္တေနေဝ-အလွန် ကြီးကျယ်သည်သာလျှင်ဖြစ်သော၊ ပမာဏေန-အတိုင်းအရှည်အားဖြင့်၊ (အတ္တမနော အဟောသိ ၌စပ်၊) ဣတိ အဒ္ဓါ-ဤကား အနက်၊ ကော ဟိ ဘန္တေတိ-ကား၊ အန္ဓဗာလံ-ပညာမျက်စိကန်းမိုက်သော၊ ဒိဋ္ဌဂတိကံ-မိစ္ဆာအယူရှိသူကို၊ ထပေတ္ဝာ-ထား၍၊ အညော-အခြားသော၊ ပဏ္ဍိတဇာတိကော-ပညာရှိသူ၏အဖြစ်ဟူသော သဘောရှိသော၊ ကော နာမ-အဘယ် မည်သူသည်၊ ဘဂဝတော-၏၊ ဓမ္မံ–တရားတော်ကို၊ သုတ္ဝာ-နာရ၍၊ အတ္တမနော-မိမိစိတ်ရှိသည်၊ ဝါ-နှစ်သက် ဝမ်းမြောက်သည်၊ န အဿ-မဖြစ်ဘဲ ရှိပါအံ့နည်း၊ ဣတိ-သို့၊ ဝဒတိ-လျှောက်၏။

လဘေယျာဟံတိ ဣဒံ-လဘေယျာဟံဟူသော ၌စကားကို၊ (အာဟ ၌စပ်၊) သော–ထို အစေလကဿပသည်၊ မေ-ငါသည်၊ စိရံ–ကြာမြင့်စွာသောကာလ ပတ်လုံး၊ အနိယျာနိကပက္ခေ–နိယျာနိကမဟုတ်သော ဘက်၌၊ ယောဇေတ္ဝာ-ယှဉ်စေ၍၊ အတ္တာ-အတ္တကို၊ ဝါ-မိမိကိုယ်ကို၊ ကိလေ့မိတော ဝတ-ပင်ပန်းစေအပ်ပြီတကား၊ [ကာရိတ်နှင့်တကွ ကိလာမိတောရှိမှ ကောင်း၏။] သုက္ခနဒီတီရေ-ခြောက်သောမြစ်ကမ်း၌၊ နာယိဿာမိ-ရေချိုးအံ့၊ ဣတိ-ဤသို့ကြံ၍၊ သမ္ပရိဝတ္တေန္တေနဝိယ-ပတ်ဝန်းကျင် လှည့်ပတ်နေသူကဲ့သို့ ၎င်း၊ ထုသေ-ဖွဲပုံပေါ်၌၊ ကောဋ္ဌေန္တေနဝိယ–တစုံတခုကို စိုက်နှက်သူကဲ့သို့ ၎င်း၊ ကောစိ–တံစုံတခုသော၊ အတ္ထော-အကျိုးကို၊ နနိပ္ဖါဒိတော ဝတ-မပြီးစေအပ်လေစွတကား၊ ဟန္ဒ–ယခု၊ အဟံ–ငါသည်၊ အတ္ထာနံ-မိမိ ကိုယ်ကို၊ ယောဂေ–ယှဉ်သင့်သော နည်းလမ်း၌၊ ယောဇေဿာမိ-ယှဉ်စေတော့အံ့၊ ဣတိ-ဤသို့၊ စိန္တေတ္ဝာ–ကြံ၍၊ အာဟ–လျှောက်ပြီ။ [ယောဂေတိ နယေ၊ ဒုက္ခနိဿရဏာပါယေတိ အတ္ထော။]

× × × × × × ×

ပရံဝိယ။ ။ပရံတိ အတိသယတ္ထေ နိပါတေတာ၊ ဝိယာတိ ပဒ ပူရဏမတ္တေ, ယထာ တံ အတိဝိယာတိ၊–ဋီကာသစ်၊ ၌ ဋီကာသစ်၌ အတိဝိယဝယ် ဝိယသည် ပဒပူရဏာဖြစ်သကဲ့သို့ဟု ဥပမာပြ၏၊ သို့သော် ထို "ဝိယ"သည် ပဒပူရဏာ မဟုတ်ပါ၊ "အတိဝိယ–အလွန်သာလျှင်"ဟု ပေးရသော ဧဝ အနက်ဟောသာတည်း။

အထ–ထိ အခါ၌၊ ဘဂဝါ-သည်၊ အနေန-ဤမြတ်စွာဘုရားသည်၊ ခန္ဓကေ-မဟာဝဂ္ဂ,ပဗ္ဗဇ္ဇာခန္ဓကဉ်၊ ယော တိတ္ထိယပရိဝါသော-အကြင် တိတ္ထိယပရိဝါသ်ကို၊ ပညတ္တော - ပညတ်တော်မူအပ်ပြီ၊ အညတိတ္ထိယပုဗ္ဗော – သာသနာတော် အယူမှ တပါးသော အယူရှိဘူးသော ပုဂ္ဂိုလ်သည်၊ သာမဏေရဘူမိယံ – သာမဏေဖြစ်ရာ အခိုက်အတန့်၌၊ ဌိတော-တည်လျက်၊ အဟံ ဘန္တေ၊ပေ၊ ပရိဝါသံ ယာစာမိတိ အာဒိနာ–အစရှိသော၊ နယေန-နည်းဖြင့်၊ သမာဒိယိတွာ-ဆောက်တည်ပြီး၍၊ ပရိဝသတိ–ပရိဝသ်နေရ၏၊ တံ-ထို တိတ္ထိယပရိဝါသ်ကို၊ သန္တာယ – ရည်ရွယ်တော်မူ၍၊ ယော ခေါ ကဿပ အညတိတ္ထိယပုဗ္ဗောတိ အာဒိ-အစရှိသော စကားကို၊ အာဟ-မိန့်တော်မူပြီ။ [ဘန္တေ-အရှင်ဘုရားတို့၊ အဟံ – တပည့်တော်သည်၊ ဣတ္ထန္နာမော - ဤအမည်ရှိသော၊ အညတိတ္ထိယပုဗ္ဗော – သာသနာတော်အယူမှ တပါးသောအယူ ရှိဘူးသူပါတည်း၊ ဣမသ္မိံ ဓမ္မဝိနယေ-ဤတရားသဖြင့် ဆိုးမရာသာသနာတော်၌၊ ဥပသမ္ပဒံ-မြင့်မြတ်သော ပြည့်စုံခြင်းကို၊ [ဥပရိဘူတာ + သမ္ပဒါ ဥပသမ္ပဒါ၊] ဝါ – ရဟန်းအဖြစ်ကို၊ အာကင်္ခါမိ–အလိုရှိပါ၏၊ ဘန္တေ- တို့၊ သွာဟံ(သော အဟံ)-ထို တပည့်တော်သည်၊ သံဃံ-သံဃာတော်ကို၊ စတ္တာရောမာသေ-၄ လတို့ပတ်လုံး၊ ပရိဝါသံ-ပရိဝါသ်ကို၊ ယာစာမိ- တောင်းပါ၏။]

တတ္ထ-ထို ယော ခေါ ကဿပ အညတိတ္ထိယပုဗ္ဗောအစရှိသော စကားရပ်၌၊ ပဗ္ဗဇ်္ဇံတို–ပဗ္ဗဇ်္ဇာဟူသော စကားကို၊ ဝစနသိလိဋ္ဌတာဝသေနေဝ– စကား၏ ပြေပြစ်ညက်ညောသည်၏အဖြစ်၏အစွမ်းဖြင့်သာလျှင်၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ၊ ဟိ-မှန်၊ အပရိဝသိတ္ထာယေဝ–ပရိဝါသ် မနေဘဲသာလျှင်၊ ပဗ္ဗဇ်္ဇာ–ရှင်အဖြစ်ကို၊ လဘတိ-ရ၏၊ ဥပသမ္ပဒတ္ထိကေန ပန- ရဟန်းအဖြစ်ကို အလိုရှိသောပုဂ္ဂိုလ်သည်ကား၊ နာတိကာလဂါမပ္ပဝေသနာဒိနိ – အလွန်စောစွာ ရွာသို့မဝင်ခြင်း အစရှိကုန်သော၊ အင်္ဂ-၀ ပါးကုန်သော၊ ဝတ္တာနိ-ကျင့်ဝတ်တို့ကို၊ ပူရေန္တေန-ဖြည့်ကျင့်လျက်၊ ပရိဝသိတမ္ပံ- ပရိဝါသ်နေရာ၏၊ [ရှစ်ပါးသော ကျင့်ဝတ်တို့ကို ပဗ္ဗဇ္ဇာကွန်ကဉ် ရှုပါ၊ ဤဋီကာတို့၌လည်း ပြ၏။] အာရဒ္ဓစိတ္တာတိ-ကား၊ အင်္ဂ ဝတ္တာပူရဏော-၀ ပါးသော ဝတ်၏ ပြည့်ခြင်းကြောင့်၊ တုဋ္ဌစိတ္တာ-နှစ်သက်သော စိတ်ရှိကုန်သော၊ (ဘိက္ခ!! ပဗ္ဗာဇေန္တိ၌စပ်။)

ဇ္ဈော - ဤ သုမင်္ဂလဝိသာလိနီမည်သော ဒီဃနိကာယ်အဋ္ဌကထာ၌၊ အယံ-ဤဆိုအပ်ပြီးကား၊ သခေါပဇ္ဈော-အကျဉ်းဖြစ်သောအနက်တည်း၊ ဝိတ္ထာရတော ပန-အကျယ်အားဖြင့်ကား၊ သေ(ဧသော)တိတ္ထိယပရိဝါသော-ဤတိတ္ထိတို့၏ ပရိဝါသ်ကို၊ သမန္တပါသာဒိကာယ – သမန္တပါသာဒိကာ မည်သော၊ ဝိနယ ဋ္ဌကထာယံ-ဝိနည်းအဋ္ဌကထာ၌၊ ပဗ္ဗဇ္ဇာခန္ဓကဝဏ္ဏနာယ- ပဗ္ဗဇ္ဇာခန္ဓက အဖွင့်၌၊ ဝုတ္တနယေန – ဆိုအပ်ပြီးသောနည်းဖြင့်၊ ဝေဒိတဗ္ဗော–သိထိုက်၏။

အပိစ မေတ္ထာတိ–ကား၊ အပိစ– ထိသို့ ၄ လပတ်လုံး ပရိဝါသ်နေရပါသော်လည်း၊ မေ-ငါသည်၊ တ္ထေ-၌ပရိဝါသ်နေရာ၌၊ ပုဂ္ဂလဝေမတ္တတာဝိဒိတာကိ-ကား၊ ပုဂ္ဂလနာနတ္တံ - ပုဂ္ဂိုလ်တို့၏ မတူကွဲပြား, ထူးခြားကုန်သည်၏အဖြစ်ကို၊ ဝိဒိတံ-သိတော်မူအပ်ပြီ၊(ဣမိနာ- ၌ ပုဂ္ဂလဝေမတ္တတာ ဝိဒိတာ ဟူသော ပါဌ်ဖြင့်)၊ အယံ ပုဂ္ဂလော-သည်၊ ပရိဝါသာရဟော – ပရိဝါသ်ကို ထိုက်၏၊ (ပရိဝါသ်နေထိုက်၏)၊ အယံ (ပုဂ္ဂလော) - သည်၊ န ပရိဝါသာရဟော- ပရိဝါသ်ကို မထိုက်၊(ပရိဝါသ်မနေထိုက်)၊ ဣတိ ဣဒံ–၌သို့သော အထူးသည်၊ မယ္ဟံ- ငါ့အား၊ ပါကဋံ-ထင်ရှား၏၊ ဣတိ-၌အဓိပ္ပါယ်ကို၊ ဒဿေတိ- ပြတော်မူ၏၊ တတော-ထိုသို့ မိန့်တော်မူခြင်းကြောင့်၊ ကဿပေါ–သည်၊ စိန္တေသိ–ပြီ၊ (ကိ)၊ ယတ္ထ–အကြင် ဘုရားသာသနာတော်၌၊ ဧဝံ - သို့၊ ဃဲသိတ္ထာ - ရှေ့ကို ပွတ်တိုက်သကဲ့သို့ ပွတ်တိုက်၍၊ ကောဋ္ဌေတ္ထာ-ရှေ့ကို ထုရိုက်သကဲ့သို့ ထုရိုက်၍၊ ယုတ္တမေဝ - သင့်သူကိုသာ၊ ဂဏှန္တိ - ယူကြကုန်၏၊ အယုတ္တံ–ကို၊ ဆဋ္ဌေန္တိ–စွန့်ပစ်ကြကုန်၏၊(တံ)ဗုဒ္ဓသာသနံ–ထိုဘုရားသာသနာတော်သည်၊ အဟောအစ္ဆရိယံ-သြော်အံ့ဘွယ်ကောင်းပါပေစွ၊ ဣတိ-သို့၊(စိန္တေသိ)၊ တတော-ထိုသို့အကြံဖြစ်ခြင်းကြောင့်၊ သုဒ္ဒါတရံ-သာ၍ ကောင်းမွန်စွာ၊ ပဗ္ဗာဇေယ-ရှင်ရဟန်းအဖြစ်၌၊ သဒ္ဓာတုဿာဟော – လွန်စွာဖြစ်သော အားထုတ်ခြင်း ရှိသည်၊ (ဟုတ္ထာ)၊ သစေ ဘန္တေတိ အာဒိ-အစရှိသော စကားကို၊ အာဟ–ပြီ။

အထခေါ–ထိုသို့ လျှောက်ရာ အခါ၌၊ ဘဂဝါ-သည်၊ တဿ-ထို အစေလကဿပ၏၊ တိဗ္ဗစ္ဆန္ဒတံ-ထက်သန်သော ဆန္ဒရှိသူ၏အဖြစ်ကို၊ ဝိဒိတ္ထာ-သိတော်မူ၍၊ ကဿပေါ-သည်၊ ပရိဝါသံ – ကို၊ န အရဟတိ- မထိုက်၊ ဣတိ-၌သို့သိတော်မူခြင်းကြောင့်၊ အညတရံ – တပါးသော၊ ဘိက္ခုံ - ကို၊ အာမန္တေသိ–ခေါ်၍ မိန့်တော်မူပြီ၊ (ကိ)၊ ဘိက္ခု - ရဟန်း၊ ဂစ္ဆ - သွားချေ၊ ကဿပံ– ကို၊ နာပေတ္ထာ–ရေချိုးစေပြီး၍၊ ပဗ္ဗာဇေတ္ထာ-ရှင့်အဖြစ်သို့ ရောက်စေပြီး၍၊ အာနေ

× × × × × × ×

ပုဂ္ဂလဝေမတ္တတာ။ ။ဝိ(ဝိသဒိသာ)+မတ္တာ ယေသံတိ ဝိမတ္တာ၊ဝိမတ္တာယေဝ+ဝေမတ္တာ၊(သွတ္ထဉ် ဏပစ္စည်းသက်)၊ ဝေမတ္တာနံ+ဘာဝေါ ဝေမတ္တတာ၊ ပုဂ္ဂလာနံ+ဝေမတ္တတာ ပုဂ္ဂလဝေမတ္တတာ– ပုဂ္ဂိုလ်တို့၏ မတူသော အတိုင်းအရှည် ရှိကုန်သည်၏အဖြစ်၊ ထို“မတူသော အတိုင်းအရှည် ရှိကုန်သည်၏ အဖြစ်” ဟူသည် တယောက်နှင့် တယောက် မတူထူးခြား ကွဲပြားခြင်းတည်း၊ ထို့ကြောင့် “ပုဂ္ဂလနာနတ္တံ”ဟု ဆိုသည်၊ [နာနာ+ဘာဝေါ နာနတ္တံ၊ ပုဂ္ဂလာနံ+နာနတ္တံ ပုဂ္ဂလနာနတ္တံ။]

ဃံသိတ္ထာ, ကောဋ္ဌေတ္ထာ။ ။အဋ္ဌာသယ ဝိမံသနဝသေန(အလိုဆန္ဒကို စူးစမ်းစိစစ်ခြင်း၏ အစွမ်းဖြင့်)သုဝဏ္ဏံဝိယ ဃံသိတ္ထာ ကောဋ္ဌေတ္ထာ(ရွှေကို ပန်းတိမ်ဆရာက မှတ်ကျောက်၌ ပွတ်တိုက်သကဲ့သို့ ပွတ်တိုက်၍ဖြင်း, ရွှေကို ထုရိုက်သကဲ့သို့ ထုရိုက်၍ဖြင်း)–ဋီကာ။

ဟိ-ဆောင်ခဲ့လော၊ ဣတိ(အာမန္တေသိ)၊ သော–ထိုရဟန်းသည်၊ တထာ–ထို မိန့်တော်မူအပ်သည့်အတိုင်း၊ ကတ္ဝာ-၍၊ တံ-ထိုကဿပကို၊ ပဗ္ဗာဇေတ္ဝာ-၍၊ ဘဂဝတော–၏၊ သန္တိကံ-အထံတော်သို့၊ အာဂမာသိ–လာပြီ၊ ဘဂဝါ-သည်၊ တံ-ထိုကဿပကို၊ ဂဏမဇ္ဈေ-ရဟန်း အပေါင်း၏ အလည်၌၊ နိသီဒိတ္ဝာ–ထိုင်တော်မူ၍၊ ဥပသမ္ပာဒေသိ-မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေတော်မူပြီ၊ တေန-ကြောင့်၊ အလတ္ထ၊ပေ၊ဥပသမ္ပဒန္တိ- ဟူ၍၊ (အာယသ္မတာ အာနန္ဒ ထွေရေန)ဝုတ္တံ၊ အစိရူပသမ္ပန္နောတိ-ကား၊ ဥပသမ္ပန္နော-မြင့်မြတ်သော ရဟန်း အဖြစ်သို့ရောက်ပြီးသည်၊ ဟုတ္ဝာ, န စိရမေဝ-မကြာမြင့်မီပင်၊ ["စိရံ+ဥပသမ္ပန္နသ အဿာတိ စိရူပသမ္ပန္နော၊ န + စိရူပသမ္ပန္နော အစိရူပသမ္ပန္နော"ဟု ပြု။] ဝူပကဋ္ဌောတိ–ကား၊ ဝတ္ထုကာမ ကိလေသကာမေဟိ-တို့မှ၊ ကာယေန စေဝ-ကိုယ်အားဖြင့်၎င်း၊ စိတ္တေန စ–အားဖြင့်၎င်း၊ ဝူပကဋ္ဌော–ကင်း၍ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ပြီးသည်။

အပ္ပမတ္တောတိ-ကား၊ ကမ္မဋ္ဌာနေ-၌၊ သတိ-ကို၊ အဝိဇဟန္တော-မစွန့်သည်၊ အာတာပိတိ- ကား၊ ကာယိက စေတသိက သန်ဓါတေန- ကာယိကဝီရိယ စေတသိကဝီရိယဟု ဆိုအပ်သော၊ ဝီရိယာတာပေန–ကိလေသာတို့ကို လောင်မြိုက်တတ်သော ဝီရိယဖြင့်၊ အာတာပိ-ကိလေသာတို့ကို လွန်စွာလောင်မြိုက်တတ်သော သမ္မပ္ပဓာန် ဝီရိယရှိသည်၊ [စကြဉ္ဇားဖွဲ့၍ ဟရားအားထုတ်ခြင်း စသည်ကို "ကာယိကဝီရိယ"ဟု ခေါ်သည်။] ပဟိတတ္တောတိ-ကား၊ ကာယေစ–၌၎င်း၊

× × × × × × ×

ဂဏမဇ္ဈေ နိသီဒိတ္ဝာ။ ။ရှေးစာအုပ်တို့၌ "နိသီဒါပေတ္ဝာ" ဟု ရှိသော်လည်း "ဥပသမ္ပဒကမ္မပ္ပဟောနကာနံ ဘိက္ခူနံ မဇ္ဈေ သံဃတ္ထေရောဝိယ တဿ အနုဂ္ဂဟတ္ထံ နိသီဒိတ္ဝာ" ဟု ဋီကာဖွင့်သောကြောင့် ဘုရားရှင် ကိုယ်တော်တိုင် သူ့ကို ချီမြှောက်တော်မူခြင်းငှါ သံဃထေရ်ကြီးကဲ့သို့ ထိုင်နေတော်မူရကား "နိသီဒိတ္ဝာ" ပါဠိသာ အမှန်ဟု မှတ်ပါ။

ဝူပကဋ္ဌောဝ။ ။ဝိ+ဥပ+ကသ(ဂတိမှိ)ဓာတ်, တပစ္စည်း၊"ဝိ–ဝတ္ထုကိလေသာ ၂ ဖြာသော ကာမတို့မှ ကိုယ်စိတ်အားဖြင့် ကင်း၍+ဥပကဋ္ဌ – ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ပြီးသည်"ဟု သဒ္ဒတ္ထဖြစ်၏၊ ဋီကာ၌ " ဝိဝိတ္တောဝ " ကား အဓိပ္ပါယတ္ထတည်း။

အပ္ပမတ္တောဝ။ ။ထိုကဲ့သို့သော သဒ္ဓါပမ္ဘုဇ္ဇိတ ပုဂ္ဂိုလ်အတွက် သီလစင်ကြယ်ဘို့ရန် မမေ့မလျော့ ဖြစ်မှုမှာ အထူးဆိုဘွယ် မလို, အဝတ္တာသိဒ္ဓိနည်းအားဖြင့် ပြီးပြီးပင်ဖြစ်၏– ဟု ယူဆ၍"အပ္ပမတ္တောဝ"ကို"ကမ္မဋ္ဌာနေ သတိံ အဝိဇဟန္တော"ဟု ကမ္မဋ္ဌာန်း၌ မမေ့မလျော့ပုံကိုသာ ဖွင့်၍ အရင်းခံ သီလ၏ စင်ကြယ်ကြောင်းကို အထူးမဖွင့်တော့။

ပဟိတတ္တောဝ။ ။ပပုဗ္ဗ + ဟိဓာတ်သည် ဂတိအနက်ကို ဟော၏၊ ပေသိတဉ္စ ဘာ,စု ပိသဓာတ်လည်း ဂတိအနက်ကိုပင် ဟော၏၊ ကာရိတ်အကြောကြီလျှင် " စေခိုင်း အပ် – စေလွှတ်အပ် " ဟု ဖြစ်၏၊ ဤဘာဝတ္ထုသင်္ဂဟဌီကား ပဟဓာတ် ကြီတော်မူသည်၊

ဇိဝိတေစ - အသက်၌ဂုဏ်း၊ အနပေက္ခတာယ – ငဲ့ကွက်ခြင်း မရှိသည်၏အဖြစ်ကြောင့်၊ ပေသိတစိတ္တော – နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည်၊ ဝိသဒ္ဒအတ္ထဘာဝေါ-စွန့်လွှတ်အပ်ပြီးသော အတ္တဘောရှိသည်၊(ဟုတ္တာ-၍၊ "ဝိဟရန္တော–နေလသော်"၌စပ်)။

ယဿတ္ထာယာတိ-ကား၊ ယဿ-အကြင်အရဟတ္တဖိုလ်၏၊အတ္ထာယ-အကျိုးငှါ၊ ကုလပုတ္တာတိ-ကား၊ အာစာရကုလပုတ္တာ-အကျင့်အားဖြင့် အမျိုးကောင်းသားတို့သည်၊ သမ္မဒေဝါတိ–ကား၊ ဟေတုနာဝ – ရဟန်းပြုဘို့ရန် သင့်သော အကြောင်းဖြင့်သာလျှင်၊ ကာရဏေနေဝ-ရဟန်းပြုဘို့ရန် သင့်သောအကြောင်းဖြင့်သာလျှင်၊ တဒနုတ္တရံတိ-ကား၊ အနုတ္တရံ-မိမိထက် မြတ်သောတရားမရှိသော၊ တံ-ထိုအရဟတ္တဖိုလ်ကို၊ ပြဟ္မစရိယပရိယောသာနံတိ-ကား၊ မဂ္ဂဗြဟ္မစရိယသ-မဂ္ဂပြဟ္မစရိယ၏၊ ပရိယောသာနဘူတံ-အဆုံးဖြစ်၍ဖြစ်သော၊ အရဟတ္တဖလံ–အရဟတ္တဖိုလ်ကို၊(သစ္ဆိကတ္တာ-၌စပ်၊)ဟိ-မှန်၊ တဿ–ထိုအရဟတ္တဖိုလ်၏၊ အတ္ထာယ-အကျိုးငှါ၊ ပဗ္ဗဇန္တိ–ရှင်ရဟန်းပြုကြကုန်၏၊ ဒိဋ္ဌေဝဓမ္မေတိ-ကား၊ ဇုမသ္မိံ ယေဝ အတ္တဘာဝေ – ဤပစ္စုပ္ပန် အတ္တဘောဝ၌ပင်၊ သယံ အဘိညာသစ္ဆိကတ္တာတိ- ကား၊ အတ္တနာယေဝ-ကိုယ်တိုင်သာလျှင်၊ ပညာယ- ပညာဖြင့်၊ ပစ္စက္ခံ-မျက်မှောက်ကို၊ ကတ္တာ– ၍၊ အပရပ္ပစ္စယံ – အခြားသူ ဟူသော ယုံကြည်စရာရှိသူ မဟုတ်သည်ကို၊ ကတ္တာ – ၍၊ (ဝိဟာသိ – ၌စပ်၊) လတိ

× × × × × × ×

ပေသိတတ္တောတိ နိဗ္ဗာနံ ပတိ (ရှေရှ) ပေသိတစိတ္တော, တံနိန္နော တပ္ပဗ္ဘာရော (ထိုနိဗ္ဗာန်၌ ညွတ်ကိုင်းသည်) – ဋီကာ။] ထိုသို့စိတ်ရှိသူသည် ခန္ဓာကိုယ်ကို ဂရုမစိုက်ဘဲ စွန့်လွှတ်ထားသူ ဖြစ်ရကား "ဝိသဒ္ဒအတ္တဘာဝေါ"ဟု အဓိပ္ပါယ်ထွက်ဖွင့်သည်။

ကုလပုတ္တာ။ ။အမျိုးကောင်းသော ဇာတိကုလပုတ္တပင် ဖြစ်သော်လည်း အကျင့်မကောင်းလျှင် တရားမရနိုင်သောကြောင့် အမျိုးကောင်းသည်ဖြစ်စေ , မကောင်းသည်ဖြစ်စေ အကျင့်ကောင်းသည်သာ ပဓာနဖြစ်ရကား "အာစာရကုလပုတ္တာ"ဟု ဖွင့်သည်။

သမ္မဒေဝ။ ။သမ္မာ + ဧဝ၊ ပါဠိတော်၌ "သမ္မဒေဝ ၊ပေ၊ ပဗ္ဗဇန္တိ" ဟု ရှိ၏၊ ထို့ကြောင့် သမ္မာအရ"ကောင်းသောရဟန်းပြု"ဟူသည်"ငါ့မှာ ဇာတိ ဇရာ မရဏာတို့မှ မလွတ်သေး" စသည်ဖြင့် သံဝေဂ ရှေ့သွားရှိသော ရှင်ရဟန်းပြုခြင်းတည်း၊ ထို့ကြောင့် "ဟေတုနာ ကာရဏေန" ဟု ဖွင့်သည်၊ "ရှင်ရဟန်းပြုရာ၌ သံဝေဂဖြစ်ခြင်းဟူသော သင့်လျော်သောအကြောင်း" ဟူလို၊ ကာရဏေနေဝသည် ဟေတုနာ၏ အဖွင့်တည်း။

အပရပ္ပစ္စယံ။ ။အရဟတ္တဖလ သစ္ဆိကရဏော – အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း၌၊ ပရော+ပစ္စယော ယဿတာတိ ပရပ္ပစ္စယော-အခြားသူဟူသော ယုံကြည်စရာရှိသူ၊ န+ပရပ္ပစ္စယော အပရပ္ပစ္စယော၊ တံ အပရပ္ပစ္စယံ–အခြားသူဟူသော ယုံကြည်စရာရှိသူ မဟုတ်သည်ကို၊ ကတ္တာ- ၍၊ "ကိုယ်တိုင်သိသောကြောင့် သူတပါးအပြောဖြင့် အရဟတ္တဖိုလ်ကို ယုံကြည်နေသူမဟုတ်"ဟူလို။

အတ္ထော-နက်၊ ဥပသမ္ပဒ္ဓဝိဟာသိတို့- ကား၊ ပါပုဏိတ္ဘာ-ရောက်၍၊ သမ္မာဒေ
တွာ- ပြီးစေ၍၊ ဝါ-ပြည့်စေ၍၊ ဝိဟာသိ-နေပြီ၊ စ-ဆက်၊ ဧဝံ-ဤသို့၊ ဝိဟရ
န္တော—နေလေသော်၊ ဇာတိ-ဖဋိသန္ဓေ နေရခြင်းသည်၊ ဒိဏာ-ကုန်ပြီ၊ ဗြဟ္မ
စရိယံ—မဂ္ဂဗြဟ္မစရိယကို၊ ပုသိတံ-ကျင့်သုံးအပ်ပြီ၊ ကရဏီယံ—ပြုသင့် ပြုထိုက်
သော ဘဝ ပါးသော မဂ်ကိစ္စကို၊ ကတံ—ပြုအပ်ပြီ၊ ဣတ္ထတ္တာယ-ဘဝ ပါး၌သို့
ပြားသော မဂ်ကိစ္စ၏ဖြစ်ကြောင်းဖြစ်ရာ မဂ်အကျိုးငှါ၊ အပရံ-တပါးသောမဂ်ကို
ဖြစ်စေဘွယ် ကိစ္စသည်၊ နတ္ထိ-မရှိတော့ပြီ၊ ဣတိ-၍သို့၊ အဇ္ဈညာသိ-ထူးသော
ဉာဏ်ဖြင့် သိပြီ၊ ["အဇ္ဈညာသိတိ"ဟု ဣတိပါဌသည်ကား ပိုဟန့်တူသည်။]

ဧဝံ—၍သို့လျှင်၊ အာသု—ထို အစေလကဿပ၏၊ ပစ္ဆဝေက္ခဏာဘူမိ—
ပစ္ဆဝေက္ခဏာဉာဏ်၏ဖြစ်ရာ အခိုက်အတန့်ကို၊ ဒဿေတွာ-ပြတော်မူပြီး၍၊
အရဟတ္တ နိကူဋေန—အရဟတ္တဖိုလ် တည်းဟူသော အထွဋ်ဖြင့်၊ ဒေသနံ—
ဒေသနာတော်ကို၊ နိဋ္ဌာပေတုံ-ပြီးစေခြင်းငှါ၊ (နိဂုံးအုပ်သောအားဖြင့် ပြီးစီး
စေခြင်းငှါ၊) အညတရော၊ပေ၊ အဟောသိတိ-ဟူ၍၊ (အာယသ္မတာ အာနန္ဒ
ထွေရေန-သည်၊) ဝုတ္တံ-လျှောံအပ်ပြီ၊ တတ္ထ-ထို အညတရော၊ပေ၊အဟောသိ
အစရှိသော စကားရပ်၌၊ အညတရောတိ—ကား၊ ဧကော-တယောက် အပါ
အဝင်သည်၊ (အဧဟောသိ)၊ အရဟတံတိ-ကား၊ အရဟန္တာနံ-ရဟန္တာတို့တွင်၊
ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကာနံ-သာဝကဖြစ်ကုန်သော၊ အရဟန္တာ
နံ—တို့၏၊ အဇ္ဈန္တရော— အတွင်းဝင်သူသည်၊ အဟောသိ-ဖြစ်ပြီ၊ ဣတိအယံ-၍
ဆိုအပ်ပြီးကား၊ ထွေ-၍ အညတရော ခေါ ပနာယသ္မာအစရှိသောစကားရပ်၌၊
အဓိပ္ပါယော-သံဂါယနာတင်ထေရ်တို့၏အလိုတည်း၊ ပန-ဆက်၊ ယံယံ-အကြင်
အကြင်ပုဒ်ကို၊ အန္တရန္တရာ-အကြားအကြား၌၊ နဝုတ္တံ-မဖွင့်ဆိုအပ်၊ တံတံ-
ထိုထိုပုဒ်သည်၊ တတ္ထတတ္ထ-ထိုထို ပါဠိရပ်၌၊ ဝုတ္တတ္တာ—ဆိုအပ်ပြီး၏အဖြစ်
ကြောင့်၊ ပါကဋမေဝ—ထင်ရှားသည်သာ၊ ဣတိ-အပြီးတည်း။.... ဣတိ-ဖြင့်၊
မဟာသီဟနာဒသုတ္တဝဏ္ဏနာ-မဟာသီဟနာဒသုတ်၏အဖွင့်သည်၊ နိဋ္ဌိတာ-ပြီ။

× × × × × × ×

ဥပသမ္ပဒ္ဓ။ ။ဥပ+သံ ဥပသာရ၂ ပုဒ်လုံး ပဒမဲ့တ်သို့အစဉ်လိုက်သော ဓာတ္ထတ္ထ
နှဝတ္ထုကချည်းဟု သိစေလို၍ "ပါပုဏိတ္ဘာ" ဟု ပဒ္ဓ၏အနက်ကိုသာ ဖွင့်သည်၊ [ပဒ္ဓ၌
ပဒမာတ်, တ္ဘာ ပစ္စည်း။] (တနည်း) ဥပ ဥပသာရသည် ဓာတ္ထတ္ထနှဝတ္ထုက ဖြစ်၏၊ သံ
ကား ဓာတ္ထတ္ထဝိသေသကတည်းဟု သိစေလို၍ "သမ္မာဒေတ္ဘာ"ဟု ဖွင့်သည်၊ သမ္မာဒေ
တ္ဘာကိုလည်း "အသေက္ခာ သီလသမာဓိပညာ (တို့ကို) နိပ္ပါဒေတ္ဘာ (ပြီးစေ၍) ပရိပူရေ
တ္ဘာဝါ-ပြည့်စေ၍၊ ဣတိအတ္ထော" ဟု ဋီကာဖွင့်သည်။

မဟာသီဟနာဒသုတ်
ဘာသာဋီကာ ပြီး၏။

ပေါဠဝါဒသုတ် ဘာသာဋီကာ

ပေါဠဝါဒ ပရိဗ္ဗာဇကဝတ္ထု

ဝေံ၊ပေ၊သာဝတ္ထိယန္တိ – ဝေံ၊ပေ၊သာဝတ္ထိယံဟူသော ဤသုတ်သည်၊ ပေါဠံ့ ပါဒသုတ္တံ – ပေါဠဝါဒသုတ်တည်း၊ [ဤတိုကို အာဒျတ္ထ ကြံ၍လည်း တနည်း အနက်ပေး၏။] တတြ-ထို ပေါဠဝါဒသုတ်၌၊ **အယံ**-ကား၊ အပုဗ္ဗပဒဝဏ္ဏနာ– တည်း၊ သာဝတ္ထိယံ၊ပေ၊အာရာမေတိ - ကား၊ သာဝတ္ထိ ံ - သာဝတ္ထိမြို့ကို၊ ဥပ နိဿာယ - ကပ်ဖို၍၊ ဇေတဿ - ဇေတမည်သော၊ ကုမာရဿ - မင်းသား၏၊ ဝနေ-ဥယျာဉ်၌၊ အနာထပိဏ္ဍိကေန- အနာထပိဏ္ဍိကမည်သော၊ (ပိဏ္ဍံ+ဒဒါ တီတိ ပိဏ္ဍိကော၊ အနာထာနံ+ပိဏ္ဍိကော **အနာထပိဏ္ဍိ**ကော= ကိုးကွယ်ရာမဲ့ သူတို့အား ထမင်းခဲ့ကို ပေးတတ်သည်၏အဖြစ်ကြောင့် အနာထပိဏ္ဍိက မည် သော)၊ ဂဟပတိနာ-အိမ်ရှင်သူကြွယ်သည်၊ ယော အာရာမော-အကြင်အာရာမ် ကို၊ (အကြင်ကျောင်းတိုက်ကို)၊ ကာရိတော-ပြုစေအပ်ပြီ၊ တတ္ထ-ထိုအာရာမ်၌၊ ဝါ-၌၊ ဝိဟရတိ– သီတင်းသုံးတော်မူ၏။

ပေါဠဝါဒေါ ပရိဗ္ဗာဇကောတိ - က ်း၊ နာမေန- **အမည်အား**ဖြင့်၊ ပေါဠ ဝါဒေါနာမ-ပေါဠဝါဒမည်သော၊ ဆန္နပရိဗ္ဗာဇကော-အဝတ်ဖြင့် ဖုံးလွှမ်းအပ် သော ပရိဗ္ဗိုဇ်သည်၊ ("ပဋိဝသတိ - နေ၏" ဟု ၌စပ်)၊ ကိရ - ခဲ့၏၊ သော - ထို

× × × × × × ×

ဥပနိဿာယ။ ■သက်နှံးစသော ပစ္စည်း ၄ ပါး၏ ထိုသာဝတ္ထိနှင့်စပ်၍ ဖြစ်ရခြင်း ကြောင့် "သာဝတ္ထိမြို့ကို မှီသည်"ဟု ဆိုသည်၊ စိဝရဒိပစ္စယ ပဋိဗဒ္ဓတာယ ဥပနိဿယံ ကတ္တာတိ အတ္ထော၊–ဋီကာသစ်၊ ဤ သာဝတ္ထိ ံ ဥပနိဿာယပါဠိဖြင့် သာဝတ္ထိယံ၌ သို့ ဝိဘတ်ကို သမီပတ္ထ၌သက်သော ဝိဘတ်ဟု သိစေ၏၊ "သာဝတ္ထိမြို့ထဲ၌ နေတော်မူသည် မဟုတ်, သာဝတ္ထိမြို့၏အနီး (ဇေတဝန်ကျောင်းတိုက်)၌ နေတော်မူသည်"ဟူလို။

အာရာမေ။ ■အာဂမ္မ+ရမန္တိ ဇေတ္ထောတိ အာရာမော – သစ်ပင်တို့၌ အပွင့် အသီး အညွှန့်တို့နှင့် ပြည့်စုံခြင်းကြောင့်၎င်း, သတ္တဝါတို့၏ချမ်းသာစွာနေရာ ဖြစ်ခြင်းကြောင့်၎င်း အထူးအား ဖြင့် ရသေ့ ရဟန်းတို့၏ ထိုထိုအရပ်မှလာ၍ မွေ့လျော်ရာ (မပျင်းရိဘဲ နေထိုင် ရာ) ဖြစ်သောကြောင့်၎င်း, ထို ဥယျာဉ်ခြံကို "အာရာမ" ဟု ခေါ်သည်။ [အာ+ရမ+ ဏ ပစ္စည်း။]

တနည်း။ ■အထဝါ ယထာဝုတ္တ ဂုဏသမ္ပတ္တိယာ တတ္ထတတ္ထ ဂတေပိ အတ္တနော အဿာနရေ အာနေတ္ဝာ (ပြခဲ့သောဂုဏ်နှင့် ပြည့်စုံခြင်းကြောင့် ထိုထိုအရပ်၌ ရောံနေသူ တို့ကိုလည်း မိမိအတွင်းသို့ဆောင်၍) ရာမေတိ-မွေ့လျော်စေတတ်၏၊ ဤတိ အာရာမော၊ ["အာနေတ္ဝာ+ရာမေတိတိ အာရာမော"ဟု ဟေတုကတ္တုသာဓန ပြုစေလိုသည်။]

ပေါဠဝါဒေါ။ ■ပေါဠ သဒ္ဒါသည် ဖေါဠသဒ္ဒါ၏ ပရိယာယ်တည်း၊ ပေါဠော (အဖုသည်) +ယဿ+ပါဒေတိ ပေါဠပါဒေါ-ခြေ၌ အဖုရှိသောကြောင့် "ပေါဠပါဒ" ဟု နာမည်ထင်ရှားသော ပရိဗ္ဗိုဇ်။

ပေါဋ္ဌပါဒပရိဗ္ဗိုဇ်သည်၊ ဂိဟိကာလေ – လူဝတ်ကြောင်၏အခါ၌၊ (လူဝတ်ကြောင် ဖြစ်စဉ်အခါ၌)၊ ဗြာဟ္မဏမဟာသာလော-များသောဥစ္စာနှင့်ရှိသောပုဏ္ဏားသည်၊ (ဟုတ်၏)၊ ကာမေသု–ဝတ္ထုကာမ ကိလေသကာမတို့၌၊ အာဒီနဝံ-အပြစ်ကို၊ ဒိဿာ, စတ္တာလိသကောဋိ ပရိမာဏံ-ကုဋေလေးဆယ် အတိုင်းအရှည်ရှိသော၊ ဘောဂက္ခန္ဓံ-စည်းစိမ်အစုကို၊ ပဟာယ-ပယ်စွန့်၍၊ ပဗ္ဗဇိတ္ဝာ-ရဿေအဖြစ်သို့ ကပ်ရောက်ပြီး၍၊ တိတ္ထိယာနံ - တို့၏၊ ဂဏာစရိယော – ဂိုဏ်းဆရာသည်၊ ဇာတော– ဖြစ်ပြီ။

[သမယပ္ပဝါဒကစသောပုဒ်တို့ကို ပါရာဇိကဏ်ဘာသာဋီကာ ၎တန သမယေနပုဒ်အဖွင့်၌ ပြထားပြီ၊ ထို့ကြောင့် နိဿယကိုသာ ရေးပါမည်။] ဣတ္ထေ–ဤအာရာမ်၌၊ သမယံ-အယူကို၊ ပဝဒန္တိ- အပြားအားဖြင့် ပြောဆိုကြကုန်၏၊ ဣတိ-ထိုသို့ အယူကို အပြားအားဖြင့် ပြောဆိုရာ၏အဖြစ်ကြောင့်၊ (သော– ထို အာရာမ်သည်)၊ သမယပ္ပဝါဒကော-မည်၏၊ ကိရ- ခဲ့၊ တသ္မိံ ဌာနေ-၌၊ စင်္ကိ၊ ပေ၊ သာတ္ထိပ္ပဘုတယော– စင်္ကီပုဏ္ဏား, တာရုက္ခပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား အစရှိကုန်သော၊ ဗြာဟ္မဏာ–တို့သည်၎င်း၊ နိဂဏ္ဌ၊ပေ၊ပရိဗ္ဗာဇကာဒယော–နိဂဏ္ဌ, အာစေလက, ပရိဗ္ဗိုဇ်အစရှိကုန်သော၊ ပဗ္ဗဇိတာစ-ရဿေတို့သည်၎င်း၊ သန္ဒိဿတိတ္ထာ - စုဝေး၍၊ အတ္တာနော အတ္တာနော- မိမိ ဒိမိ၏၊ သမယံ- အယူကို၊ ဝဒန္တိ ကထေန္တိ - ပြောဆိုကြကုန်၏၊ ဒီပေန္တိ– ပြကြကုန်၏၊ တသ္မာ- ကြောင့်၊ (ထိုသို့ အယူကို အထူးထူး ပြောပြရာ၏အဖြစ်ကြောင့်)၊ သော အာရာမော-ကို၊ သမယပ္ပဝါဒကောတိ-က ဟူ၍၊ ဂုစ္ဆတိ-၏၊ စ-ဆက်၊ သ္မေဝ-ထို အာရာမ်သည်ပင်၊ တိန္နဉ္စ ကစိရသဒ္ဒါတာယ – တည်ပင်တို့၏ အစဉ်အတန်းဟု ဆိုအပ်သော၊ ရက္ခပန္တိ ယာ - သစ်ပင်တို့၏ အစဉ်အတန်းဖြင့်၊ ပရိက္ခိတ္တတ္တာ – ဝန်းရံအပ်သည်၏အဖြစ်ကြောင့်၊ တိန္နဉ္စ ကစိရော– ရ မည်၏။

ပန-ဆက်၊ ယသ္မာ-ကြောင့်၊ ဣတ္ထေ- ဤအာရာမ်၌၊ ပဌမံ- ရှေးဦးစွာ၊ ကော ဝ-တဆောင်သာလျှင်ဖြစ်သော၊ သာလာ-စရပ်သည်၊ အဟောသိ-ရှိပြီ၊ ပစ္ဆာ–နေခံ၌၊ မဟာပုညံ– ကြီးသောပဉ်းရှိသော၊ ပရိဗ္ဗာဇကံ- ပေါဋ္ဌပါဒ ပရိဗ္ဗိုဇ်ကို၊ နိဿာယ - မှီ၍၊ ဗဟူ – များစွာကုန်သော၊ သာလာ - စရပ်တို့ကို၊ ကတွာ– ဆောက်လုပ်အပ်ကုန်ပြီ၊ တသ္မာ- ထို့ကြောင့်၊ ဧကံ - တဆောင်သော၊ တမေဝ

× × × × × × ×

ဆန္ဒ ပရိဗ္ဗာဇကော။ ။ [ပရိဗ္ဗာဇကပုဒ်၏ ရုပ်ပြီးပုံကို ပါတိမောက် ဘာသာဋီကာ အစေလကသိက္ခာပုဒ်၌ ပြထားပြီ။] ထို ပရိဗ္ဗာဇကသည် အဝတ်ဝတ်သူ, အဝတ်မဝတ်သူဟု ၂ မျိုးရှိ၏၊ အဝတ်မဝတ်သူသည်လည်း လုံးလုံးအဝတ်မရှိသော အစေလက, အထက်ပိုင်း၌ အဝတ်တထည်ကို လက်ကတီးကြား (ကျိုင်းကြား) ၌ သွင်း၍ သွားလေရာ ဆောင်ယူ၍ အောက်ပိုင်း၌ကား အဝတ်မရှိသော အာဇီဝကဟု ၂ မျိုး ရှိပြန်၏၊ ဤပေါဋ္ဌပါဒကား ထို ၂ မျိုးလုံး မဟုတ်၊ အဝတ်ဝတ်သော ပရိဗ္ဗိုဇ်တည်း။

သာလံ– ထိုစရပ်ကိုသာ၊ ဥပါဒါယ-ကပ်ယူ၍၊ ဝါ- အကြောင်းပြု၍၊ လဒ္ဓနာမ ဝသေန-ရအာပ်သောနာမည်၏ အစွမ်းဖြင့်၊ ကေသာလကောတိ-ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ပန-ဆက်ဥုံးအံ့၊ (ပက္ခန္တရလည်း ပေးကြ၏၊) မလ္လိကာယ-မလ္လိကာမည်သော၊ ပသေနဒိရညော - ပသေနဒိမင်း၏၊ ဒေဝိယာ - မိဖုရား၏၊ ဥယျာနဘူတော-ဥယျာဉ်ဖြစ်၍ ဖြစ်သော၊ သော-ထို အာရာမ်သည်၊ ပုပ္ပဖလသမ္ပန္နော-အပွင့် အသီးနှင့် ပြည့်စုံသော၊ အာရာမော - အာရာမ်တည်း၊ ဣတိ ကတွာ - ၌ အကြောင်းကြောင့်၊ မလ္လိကာယ အာရာမောတိ - ဟူ၍၊ သန်္နိံ - ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့၊ ဂတော-ရောဝံပြီ၊ သမယပ္ပဝါဒကေ-အယူကို အပြားအားဖြင့် ပြောဆိုရာဖြစ်သော၊ တိန္ဒုကာစိရေ – တည်ပင် အစဉ်အတန်းရှိသော၊ ကေသာလကေ - ကေသာလက မည်သော၊ မလ္လိကာယ - ၏၊ တသ္မိံ အာရာမေ-ထို အာရာမ်၌၊ (ပဋိဝသတိ ၌စပ်။)

ပဋိဝသတိတိ-ကား၊ နိဝါသဖါသုတာယ-နေခြင်းငှါချမ်းသာသည်၏အဖြစ်ကြောင့်၊ ဝသတိ-နေ၏၊ အထ – ထိုအခါ၌၊ ကေဒိဝသံ- တနေ့သ၌၊ ဘဂဝါ– သည်၊ ပစ္ဆာသမယေ – မိုယ်းသောက်အခါ၌၊ သဗ္ဗညုတညာဏံ – သမ္ဗညုတညာဏ်တော်ကို၊ ပတ္ထရိတွာ-ဖြန့်တော်မူ၍၊ လောကံ- သတ္တလောကကို၊ ပရိဂ္ဂဏှန္တော - သိမ်းယူတော်မူလသော်၊ ဉာဏဇာလဿ – ဉာဏ်တော်တည်းဟူသောကွန်ယက်၏၊ အန္တောဂဓံ – အတွင်း၌ရောက်သော၊ ပရိဇ္ဈာဇကံ – ပေါ်ဌပါဒပရိဗ္ဗိုဇ်ကို၊ ဒိသွာ-မြင်တော်မူရ၍၊ အယံ ပေါ်ဌပါဒေါ-၌ ပေါ်ဌပါဒပရိဗ္ဗိုဇ်သည်၊ မယှံ - ငါ၏၊ ဉာဏဇာလေ–၌၊ ပညာယတိ- ထင်ရှား၏၊ ကိံ - အဘယ်သို့လျင်၊ ဘဝိဿတိနုခေါ-ဖြစ်လတံ့နည်း၊ ဣတိ-၌သို့၊ ဥပပရိက္ခန္တော- စူးစမ်းဆင်ခြင်တော်မူလသော်၊ အဒ္ဒသ-မြင်တော်မူရပြီ၊ (ကိံ)။

× × × × × × ×

သဗ္ဗညုတညာဏံ ပတ္ထရိတွာ။ ■အနေကာကာရာနဝဿသဉ္ဉဲယဲ့ထ္ထ ဝိဘာဝနတော – တပါးမက များသောအခြင်းအရာရှိသော အကြွင်းမရှိသော သိဘွယ်အနက် (အရာဝတ္ထု) အာရုံတို့ကို ထင်စွာ ပြနိုင်ခြင်းကြောင့်၎င်း၊ အပရာပရိယပ္ပတ္တိယာစ–အထပ်ထပ် ဖြစ်ခြင်းကြောင့်၎င်း၊ ဘဂဝတော ဉာဏံ လောကေ (သိဘွယ်ရှိသမျှ တလောကလုံး၌) ပတ္ထဋံ ဝိယ ဟောတိ – ဖြန့်အပ်သကဲ့သို့ ဖြစ်နေ၏၊ တလောကလုံး၏ သိဘွယ်ဟူသမျှကို သိတော်မူသောကြောင့် တလောကလုံးကို ဖြန့်ထားသကဲ့သို့ ဖြစ်သည်၊ ယတော- ယင်းသို့ ဖြန့်အပ်သကဲ့သို့ ဖြစ်ခြင်းကြောင့်၊ တသ- ထိုဉာဏ်တော်၏၊ ဇာလတာ ဝုစ္စတိ–ပိုက်ကွန်နှင့်တူသည်၏အဖြစ်ကို ဆိုအပ်၏။

ကိံ နုခေါ်ပေါဉ္ဇပပရိက္ခန္တော ။ ■ သဗ္ဗညုတဉာဏ်တော်ကို ဖြန့်တော်မူသော အခါ ရှေးဦးစွာ ဝေနေယျအဖြစ်ဖြင့် ထင်လာ၏၊ ထိုသို့ ထင်လာပြီးနောက် ထို ထင်လာသော သတ္တဝါ၏ သရဏာဂုံစသော အကျိုး၏ ပြီးစီးမှုကို ဆက်၍ စူးစမ်းတော်မူရ၏၊ ထို့ကြောင့် “ကိံ နုခေါ်ပေါဉ္ဇပပရိက္ခန္တော” ဟု ဆိုသည်။

အဟံ-ငါသည်၊ အဇ္ဇ-ယနေ့၊ တတ္ထ-ထိုပေါဋ္ဌပါဒရှိရာအရပ်သို့၊ ဂမိဿာမိ ကြွတော်မူအံ့၊ အထ-ထို အခါ၌၊ မံ-ငါ့ကို၊ ပေါဋ္ဌပါဒေါ- သည်၊ နိရောဓ္ဆ-- သညာ၏ ချုပ်ခြင်းကိုဂင်း၊ နိရောဓဂုဏာနဉ္စ - သညာ၏ ချုပ်ခြင်းမှ ထခြင်းကိုဂင်း၊ (သညာ၏ ဖြစ်ပေါ်လာခြင်းကိုဂင်း၊) ပုစ္ဆိဿတိ--မေးလတ့ံ၊ တဿ-ထို ပေါဋ္ဌပါဒပရိဗ္ဗာဇကအား၊ အဟံ -သည်၊ သမ္ဗဟုဠာနံ - အလုံးစုံသော ရွေးဘုရားရှင်တို့၏၊ ဉာဏေန-ဉာဏ်တော်နှင့်၊ သံ ယဒ္ဓိတ္ထာ-နှိုးနှော၍၊ တဒုဘယံ-ထို နိရောဓ,နိရောဓဂုဏာန ၂ ပါးစုံကို၊ ကထေဿာမိ-ဖြေဆိုတော်မူအံ့၊ အထ-ဖြေဆိုပြီးရာ ထိုအခါ၌၊ သော-ထိုပေါဋ္ဌပါဒပရိဗ္ဗာဇသည်၊ ကတိပါဟစ္စယေန-အနည်းငယ်သော ရက်၏ လွန်ရာအခါ၌၊ ဝါ- ၂ ရက် ၃ ရက် လွန်ရာအခါ၌၊ စိတ္တံ - စိတ်မည်သော၊ ဟတ္ထိသာရိပုတ္တံ - ဆင်ကို ဆုံးမတတ်သော ဆရာ၏ သားကို၊ ဂဟေတွာ-ခေါ်၍၊ မမ - ၏၊ သန္တိကံ- အထံသို့၊ အာဂမိဿတိ-လာလတ့ံ၊ တေသံ-ထိုပေါဋ္ဌပါဒ, စိတ္တတို့အား၊ အဟံ-သည်၊ ဓမ္မံ ကို၊ ဒေသေဿာမိ-ဟောတော်မူအံ့၊ ဒေသနာဝသာနေ-ဒေသနာတော်၏ အဆုံး၌၊ ပေါဋ္ဌပါဒေါ-သည်၊ မံ- ငါ့ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂမိဿတိ - ဆည်းကပ်လတ့ံ၊ စိတ္တော-စိတ်မည်သော၊ ဟတ္ထိသာရိပုတ္တော-ဆင်ဆရာ၏ သားသည်၊ မမ-ငါ၏၊ သန္တိကေ - အထံတော်၌၊ ပဗ္ဗဇိတ္တာ-ရှင်အဖြစ်သို့ ကပ်ရောက်၍၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပါပုဏိဿတိ-ရောက်လတ့ံ၊ ဇာတိ-သို့၊(အဒ္ဒသ-မြင်တော်မူရပြီ။)

တတော-ထိုသို့မြင်တော်မူခြင်းကြောင့်၊ ပါတော၀-စောစော၌ပင်၊ သရီရ ပဋိဇဂ္ဂနံ-ကိုယ်တော်ကို သုဓသင်ခြင်းကို၊ ကတ္တာ-၍၊ သုဂတဒုပန်း-ကောင်းစွာ ဆိုးအပ်သော ၂ ထည်ရှိသော သင်းပိုင်ကို၊ နိ၀ါသေတွာ - အထက်အောက် ပြန်လှန်ကာ ၀တ်တော်မူ၍၊ ဝိဇ္ဇုလတာသဒိသံ - လျှပ်စစ်နွယ် ပုံသဏ္ဌာန်နှင့် တူသော၊ ယုဂန္ဓရပဗ္ဗတံ-ယုဂန္ဓိုရ်တောင်ကို၊ ပရိက္ခိပိတ္ဝာ-၀န်းရံ၍၊ ဒ္ဝိဝးမဟာ

× × × × × × ×

သုဂတဒုပဋ္ဋံ။ ။သမ္မာ+ရဏ္တော သုရဏ္ဆော-ကောင်းစွာ ဆိုးအပ်သော သင်းပိုင်၊ ဒ္ဝေါ+ပဋ္ဋာ ယသ္မာတိ ဒုပဋ္ဋော-၂ ထပ် (၂ လွှာ) ရှိသော သင်းပိုင်၊ ထို သင်းပိုင်ကို ထက်အောက်ပြန်၍ ၀တ်တော်မူခြင်းကို"နိ၀ါသေတွာ"ဟု ဆိုသည်၊ [ရဇနေန သမ္မာ ရတ္တံ၊ ဒိဂုဏံ အန္တရ၀ါသကံ ပရိ၀တ္တနဝသေန (အထက်အောက် ပြန်လည်စေခြင်း၏ အစွမ်းဖြင့်)နိ၀ါသေတွာ၊-ဋီကာ၊.... "ပရိ၀တ္တန- လဲလှယ်၍ ၀တ်ခြင်း " ဟု လည်းပေးကြ၏၊ ဘုရားရှင်မှာ ထိုသို့ လဲဘို့ရာ သင်းပိုင် ၂ ထည်ထားမည် မထင်ပါ။]

ပရိက္ခိပိတ္ဝာ၊ ဧပ၊ ဝိယ။ ။ဤစကားသည် ပံသုကူသက်နိုး၏ ဥပမာ မဟုတ်, ကာယဗန္ဓနု၏ ဥပမာသာ ဖြစ်ထိုက်၏၊ မှန်၏ - ဘုရားရှင်၏ ကိုယ်တော်သည် မြင့်မိုရ်တောင်ကြီးနှင့် တူတော်မူ၏၊ အလယ်ခါးတော်ကား ယုဂန္ဓိုရ်တောင်နှင့်တူ၏၊ ခါးပန်းကြိုးတော်သည် ယုဂန္ဓိုရ်တောင်ကို ပတ်၍တည်သော မိုးယံးတိမ်နှင့်တူသည်၊ ဆက်ဥး

မေဃဲ့ဝိယ–တည်သော ကြီးစွာသော မိုဃ်းတိမ်အဆင်းနှင့် တူသော၊ ကာယ ဗန္ဓနံ-ခါးပန်းကြိုးကို၊ ဗန္ဓိတွာ–ဖွဲတော့မူ၍၊ မေဃဝဏ္ဏံ-မိုဃ်းတိမ်နီ အဆင်း ရှိသော၊ ပံသုကူလံ-ပံသုကူသက်န်းတော်ကို၊ ကေသဝရဂတံ-မြတ်သော တဖက် သော လက်ဝဲအဘို့၌ ရောက်သည်ကို၊ ကတွာ, ပစ္စဋ္ဌံ-အသစ်စက်စက်ဖြစ်သော၊ သေလမယပတ္တံ–ပဲနောက် အဆင်းရှိသော ကျောက်ညို အတိုဖြူးသော သပိတ်

× × × × × × ×

အံ့၊– ဝိဇ္ဇုလတာသဒိသံဖြင့် ကာယဗန္ဓန၏ ပုံသဏ္ဌာန်ကိုပြ၏၊ ယုဂန္ဓရ ပမ္ဗတံ ပရိက္ခိပိတွာ ဌိတမဟာမေဃံဝိယဖြင့် ကာယဗန္ဓန၏ အသွေးအရောင်ကို ပြသည်၊ [ပဌမေန စေတ္ထ သဏ္ဌာနသမ္ပတ္တိ ဒသေတိ၊ ဒုတိယေန ဝဏ္ဏသမ္ပတ္တိ၊– ဋီကာသစ်။] ထို့ပြင်– “ ယုဂန္ဓရပမ္ဗတံ ပရိက္ခိပိတွာ ”ဟူသော စကားသည် ကြိုဆို၍ ဥပမာပြုအပ်သော ပရိကပ္ပေါပမာ စကားတည်း၊ “ ထိုသို့ ယုဂန္ဓရတောင်ကို ရစ်ပတ်၍နေသော မိုဃ်းတိမ် ရှိလျှင် ထို မိုဃ်းတိမ်အဆင်းနှင့်တူသည် ”ဟူလို။

မေဃဝဏ္ဏံ။ ။ဤပုဒ်ကို ပံသုကူလ၏ ဝိသေသန အဖြစ်ဖြင့် ရှေ့ပြုဟူဇာလသုတ်, နာဠန္ဒာမြို့သို့ ကြွတော်မူခက်းဝယ်, “မေဃဝဏ္ဏံ ပံသုကူလံ” ဟု ပြခဲ့ပြီ၊ အနက်အဓိပ္ပါယ်ကိုလည်း ထိုဉ်ဖွင့်ပြခဲ့ပြီ၊ ဋီကာသစ်၌ကား ထိုဉ် “ဤသင်္ကဝန္တာယ မေဃဝဏ္ဏံ” ဟု ဖွင့်ခဲ့၏၊ ဤ၌ကား ဋီကာဟောင်းအတိုင်း “မေဃဝဏ္ဏာနီ ရတ္တာမေဃဝဏ္ဏံ (နီသော မိုဃ်းတိမ် အဆင်းရှိသော)၊ သဉ္ဈာပဘာနုရဉ္ဇိတမေဃသင်္ကာသံ (ဆည်းစောရောင်ဖြင့် တပ်စွဲအပ်သော မိုဃ်းတိမ်အဆင်း ရှိသော)၊ ဇုတိ အတ္ထော ” ဟု ဖွင့်၏၊ ထို့ကြောင့် ဋီကာသစ် အဖွင့်မှာ ရှေ့နောက်မညီ ဟု ဆရာတို့ မိန့်ကြ၏၊ သို့သော် ဋီကာသစ်သည် “ယုဂန္ဓရ၊ပေါဝိယ မေဃဝဏ္ဏံ”တိုင်အောင် ကာယဗန္ဓန၏ ဥပမာအဖြစ်ဖြင့် ပြလိုဟန် တူသည်၊ ဘာ့ကြောင့်နည်း၊– မေဃဝဏ္ဏံကို ဖွင့်ပြီးမှ “ ပဌမေန စေတ္ထ ” စသည်ဖြင့် ဥပမာ ၂ မျိုး၏ အထူးကို ပြသောကြောင့်တည်း၊ သို့ရာတွင် မေဃဝဏ္ဏံကို ပံသုကူလံ၏ ဝိသေသနဟု ယူမှ ဗြဟ္မဇာလသုတ် အဖွင့်နှင့် ညီမျှပါသည်။

ပစ္ဆဋ္ဌံ။ ။“ အဘိနဝံ ” ဟု ဋီကာ၌ ဖွင့်၏၊ ပစ္ဆဋ္ဌသဒ္ဒါသည် အဘိနဝအနက်ကို ဟောသော ရုဋ္ဌိပုဒ်တည်း–ဟု ဆိုလို၏၊ ထို သေလမယပတ္တသည် ပေါင်မပါဒ အထံသို့ ကြွတော်မူချိန်၌ အသစ်စက်စက် (အဘိနဝ) မဟုတ်ဘဲ အတော်အတန် ဟောင်းနေစရာ ရှိသော်လည်း အစဉ်၌ ရအပ်ခဲ့သော အမည်ဖြစ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်းအားဖြင့် “ပစ္ဆဋ္ဌ” ဟုပင် ခေါ်ရ၏၊ ဘာ့ကြောင့်နည်း၊–အနည် ပရိဘောဂတာယ (ဘုရားမှ တပါးသော ရဟန်းတော်များ၏ အသုံးအဆောင် သပိတ်မဟုတ်သောကြောင့်တည်း) ။

တနုဇံ။ ။ထို သပိတ်တော်သည် အမြဲအသစ်စက်စက် ဖြစ်နေဘို့ရန် ဘုရားရှင်၏ မိဉာန်တော်မူခြင်းကြောင့် အမြဲ အသစ်စက်စက်ဟုပင် ဆိုအပ်၏၊ တနုဇံ – ကျောက်သလင်း အစရှိသည်ဟု ဆိုအပ်သော ရတနာ၏ လက္ခဏာနှင့် ပြည့်စုံသောကြောင့် ထို သပိတ်ကို ပစ္ဆဋ္ဌ (အဖိုးထိုက် အဖိုးတန်) ဟု ဆိုအပ်၏။ [ဋီကာကြည့်ပါ။]

သေလမယပတ္တံ။ ။မုဂ္ဂဝဏ္ဏာသိလာမယံ (ပဲနောက်အဆင်းရှိသော ကျောက်အတိုဖြူးသော) စတုမဟာရာဇဒတ္တိယံ (နတ်မင်းကြီး လေးယောက် လှူအပ်သော) ပတ္တံ၊ [နတ်မင်းကြီးလေးယောက်တို့သည် သပိတ်လေးလုံးကို လှူကြ၏၊ ထို လေးလုံးအခိုက်၌

တော်ကို၊ ဝါမအံ့သကူးဌ–လက်ဝဲ ပခုံးအစွန်းဌ၊ လဂ္ဂေတ္ဝာ – ချိတ်တော်မူ၍ (လွယ်တော်မူ၍)၊ သာဝတ္ထိ-သို့၊ ဝိလ္လာယ–ဌ၊ ပဝိသိဿာမိ-ဝင်တော်မူအံ့၊ ဣတိ - ဤသို့ ကြံတော်မူ၍၊ သီဟော– ခြင်္သေ့သည်၊ ဟိမဝန္တပါဒါ- ဟိမဝန္တာတောင်ခြေမှ၊ (နိက္ခမတိ)ဝိယ-ထွက်သကဲ့သို့၊ ဝိဟာရာ-ကျောင်းတိုက်မှ၊ နိက္ခမိ-ထွက်တော်မူပြီ၊ ဣမမတ္ထံ-ဤအနက်အဓိပ္ပါယ်ကို၊ သန္ဓာယ,အထခေါ ဘဂဝါ တိအာဒိ–အစရှိသော စကားကို၊ (အာယသ္မတာ အာနန္ဒတ္ထေရေန)ဝုတ္တံ။

တေဒဟောသိတို့–ကား၊ နဂရဒ္ဒါရသမီပံ - မြို့တံခါးအနီးသို့၊ ဂန္ဒာ–ရောက်တော်မူ၍၊ အတ္တနော–ကိုယ်တော်၏၊ ရုစိဝသေန – အလိုတော်၏ အစွမ်းဖြင့်။ [သဒ္ဓမ္မဒ္ဒိတိအစ္ဆရာသယဝသေန– ပေါဌပါဒ ပရိဗ္ဗိဇ်အား ဟောတော်မူသော အခါ ဖြစ်ပေါ်လာမည့် တရားဒေသနာတော်၏ တည်တန့်ခြင်းကို အလိုရှိတော်မူသည်၏ အစွမ်းဖြင့်၊– ဋီကာ။] သူရိယံ–ကို၊ ဩလောကေတ္ဝာ–ကြည့်တော်မူ၍၊ အတိပ္ပဂဘာဝမေဝ - အလွန် စောသေးသည်၏ အဖြစ်ကိုပင်၊ ဒိသွာ–မြင်တော်မူ၍၊ တံ-ဤအကြိသည်၊ အဟောသိ-ပြီ၊ [အတိပ္ပဂ-အတိပ္ပဂေါတို့၏ အဆုံးအဖြတ်ကို ကစ္စည်းဘာသာဋီကာ, သန္ဓိ-ကွစိ ဩဇ္ဇနေသုတ်၌ကြည့်ပါ။]

ယန္ဒ္ဓုနာတိ–ယန္ဒ္ဓုန ဟူသော သဒ္ဒါသည်၊ သံသယပရိဒီပနေ-သံသယကို ပြခြင်း၌၊ (ပဝတ္တော)နိပါတော–တည်း၊ [“ယန္ဒ္ဓုနာဟန္တိ” ဟု အဟံပါသည်ကား ပို၏၊ အဟံသည် နိပါတ်မဟုတ်] စ-ထိုသို့ပင် သံသယတ္ထနိပါတ် ဖြစ်ပါသော်လည်း၊ ဗုဒ္ဓါနံ-တို့၏၊ သံသယောနာမ - ယုံမှားခြင်းမည်သည်၊ နတ္ထိ၊ ပန-အာနန္ဒယ၊ ဣဒံ–ဤအမှုကို၊ ကရိဿာမ- ပြုကုန်အံ့၊ ဣဒံ - ကို၊ နကရိဿာမ–ကုန်အံ့၊ ဣမဿ-ဤသူအား၊ ဓမ္မံ- ကို၊ ဒေသေဿာမ–ဟောကုန်အံ့၊ ဣမဿ (ဓမ္မံ) နဒေသေဿာမ–ကုန်အံ့၊ ဣတိ ဧဝံ–ဤသို့၊ ပရိဝိတက္ကပုဗ္ဗဘာဂေါ–အလိုရှိအပ်သောကိစ္စ၏ ရှေးအဘို့၌ဖြစ်သော အဖန်ဖန် ကြံစည်ခြင်းဟူသော၊ သေ(ဒေသော စိတ္တစာရော)–ဤစိတ်၏ဖြစ်ခြင်းကို၊ သဗ္ဗဗုဒ္ဓါနံ-တို့၏(အတွက်)၊ လဗ္ဘတိ - ရအပ်ရနိုင်၏၊ တေန – ကြောင့်၊ ယန္ဒ္ဓုနာဟန္တိ–ဟူ၍၊ (ဘဂဝါ)၊ အာဟ–ပြီ၊ အဟံ-သည်၊ ယဒိ ပန(ဥပသင်္ကမယ်)- အကယ်၍ ချဉ်းကပ်ရပါမူကား၊ ကောင်းလေစွ၊ ဣတိ အတ္ထော။

× × × × × × ×

“ပစ္စ္ဌေ (ပဋိ+အဋ္ဌေ)-အသီးအသီးများသော အဖိုးရှိကုန်သော”ဟု ဆိုရ၏၊ နောင်အခါ၌ ဘုရားရှင်သည် တလုံးတည်းဖြစ်အောင် အဓိဋ္ဌာန်တော်မူ၏၊ မဟာဝဂ္ဂ, ပဌမခန္ဓက အဋ္ဌကထာကြည့်ပါ၊ ထိုအခါ၌ အသီးအသီးဟု ဆိုစရာ မရှိတော့ရကား“ပစ္ဆ-အသစ်ဖြစ်သော”ဟု အနက်ဆိုရသည်။]

ယန္ဒ္ဓုနာ။ ။“သံသယကိုပြသော နိပါတ်”ဟု ဆိုရိုးရှိသော်လည်း ဘုရားရှင်မှာ ဝိစိကိစ္ဆာ ဟူသော သံသယကို ပယ်ပြီးဖြစ်သောကြောင့် ဘုရားရှင် အတွက် သံသယအနက် မဖြစ်နိုင်ရကား “ ပရိဝိတက္ကပုဗ္ဗဘာဂ ”အနက်သာ ရနိုင်၏ဟု ဆိုသည်၊ [ပရိ

ဉန္နာဒိနိယာတိ– ကား၊ ဉစ္စံ – မြင့်ကျယ်စွာ၊ (ဉ၏ အဖွင့်၊) နဒမာနာယ-ပြောဆိုသော၊(ပရိမ္ဘာဇက ပရိသာယ–၌စပ်၊) စ- ဆက်၊ ဧဝံ-ဤသို့ မြင့်ကျယ်စွာ၊ နဒမာနာယ - ပြောဆိုသော၊ အသာ- ထို ပရိသတ်၏၊ ဉဒ္ဓံ - အထက်သို့၊ ဂမနဝသေန– တက်ခြင်း၏ အစွမ်းဖြင့်၊ ဉစ္စော - မြင့်သော၊ (သဒ္ဒေါ – အသံသည်ရင်း၊) ဒိသာသု - အရပ်မျက်နှာတို့၌၊ ပတ္ထဋဝသေန – ပြန့်ကျယ်ခြင်း၏ အစွမ်းဖြင့်၊ မဟာ-ကျယ်သော၊ သဒ္ဒေါ-သည်ရင်း၊(အတ္ထိ)၊ ဧတိ–ကြောင့်၊ ဉစ္စောသဒ္ဒ မဟာသဒ္ဒါယ - ဉစ္စောသဒ္ဒ မဟာသဒ္ဒမည်သော၊ (ပရိသာယ၌စပ်။)

× × × × × × ×

ဝိတက္ကပုဗ္ဗဘာဂေါတိ အဓိပ္ပေတကိစ္စသ ပုဗ္ဗဘာဂပရိဝိတက္ကော ဧဝ၊ ဗုဒ္ဓါနံ လဒ္ဓဿတိတိ ကရိဿာမ နကရိဿာမာတိ အာဒိကော ဧသစိတ္တစာရော ဗုဒ္ဓါနံ လဒ္ဓဿတိ သမ္ဘဝတိ, ဝိစာရဏာဝသေန ပဝတ္တာနတ္တာ၊ နု ပန သံသယဝသေန၊–ဋီကာ။] (တနည်း) ပရိကပ္ပနေဝါယံ နိပါတော–ပရိကပ္ပန အနက်ဟော နိပါတ်ပုဒ်ဟု အဋ္ဌကထာနည်းမှ တနည်း ဋီကာကြီသေး၏၊ ''ယန္တူန ဉပသင်္ကမေယျံ–အကယ်၍ ချဉ်းကပ်ရမူကား၊ ကောင်းလေ၌''ဟု ကြိုပုံကိုပြသော အနက်သာဖြစ်သင့်၏၊ ယဒိ ပနုလည်း ယန္တူနနှင့် အနက်တူ၏။

ဉန္နာဒိနိယာ။ ။''ဉကို ဉစ္စံဟုဂုဏ်း,နာဒိနိကို နဒမာနာ''ဟုဂုဏ်း ဖွင့်၏၊ နဒမာနာယဟု ကတ္တုသာဓ်ဖွင့်သောကြောင့် '' ဉစ္စံ + နာဒေါ – မြင့်သောအသံတည်း၊ ဝါ – မြင့်လည်းမြင့် ကျယ်လည်းကျယ်သော အသံတည်း၊ ဉန္နာဒေါ''ဟု ရှေးဥုံးစွာ သမာသ်တွဲပြီးမှ ''ဉန္နာဒေါ ယဿာ အတ္ထိတိ ဉန္နာဒိနိ'' ဟု အဿတ္ထိဆင့်ပါ။

ဉစ္စောသဒ္ဒ မဟာသဒ္ဒါယ ။ ။ ဉန္နာဒိနိယာကိုပင် ထပ်၍ သရုပ်ဖေါ်သည်၊ ထို့ကြောင့် ''ဧဝံ နဒမာနာယ စဿ ၊ပေ၊ ဉစ္စောသဒ္ဒ မဟာသဒ္ဒါယ''ဟု မိန့်သည်၊ '' ဉဒ္ဓံ ၊ပေ၊သဒ္ဒေါ ''ကား ဉစ္စောသဒ္ဒ မဟာသဒ္ဒ၏အနက်ဖွင့်တည်း၊ ထိုအဖွင့်၌ ဉဒ္ဓံ ဂမနဖြင့် ''ဉစ္စော''ဟူသော အာကာရန္တနိပါတ်၏အနက်ကို ပြ၏၊ ''ဒိသာသု ပတ္ထဋ ဝသေန''ဖြင့် မဟာ၏အနက်ကို ပြ၏၊ မဟာ၏နောက်၌ သဒ္ဒေါဖြင့် ဉစ္စောနှင့် သဒ္ဒေါတို့သည်ရင်း မဟာနှင့် သဒ္ဒေါတို့သည်ရင်း အရတူ ကမ္မဓာရဲဟု ပြ၏၊ ထို့နောက် ဗဟုဗ္ဗိဟိ တွဲပါ။

မှတ်ချက်။ ။ဉန္နာဒိနီနှင့် ဉစ္စောသဒ္ဒမဟာသဒ္ဒသည် အရတူသောကြောင့် ဉန္နာဒိနီဒ္ဒ ဉသဒ္ဒါသည် ဉန္နတ (အထက်သို့ မြင့်တက်ဟူသော) အနက်အပြင် ဝိပုလ (ဥဘေးသို့ ကျယ်ပြန့်ဟူသော) အနက်ကိုလည်း ဟော၏ဟု မှတ်ပါ၊ [ယထာ ဉန္နတပဗ္ဗါဃော သဒ္ဒေါ ဉန္နာဒေါ – များစွာ မြင့်တက်ခြင်းရှိသော အသံသည် ဉန္နာဒ မည်သကဲ့သို့, ဧဝံ ဝိပုလ ဘာဝေန ဉပရုပရိ ပဝတ္တောဝိ ဉန္နာဒေါ – ဤအတူ ပြန့်ကျယ်သည်၏အဖြစ်ဖြင့် အဆင့်ဆင့်ဖြစ်သော အသံသည်လည်း ဉန္နာဒ မည်၏၊ ဣတိ– ထို့ကြောင့်၊ တဒုဘယံ ဧကေဏ္ဍံ ကတ္ဝာ ပါဠိယံ ဉန္နာဒိနိယာတိ ဝတ္ဝာ ပုန ဝိဘာဝေန ဒဿေတုံ (ဉန္နာဒိနီကို ဝေဘန်၍ ပြခြင်းငှါ) ဉစ္စောသဒ္ဒမဟာသဒ္ဒါယာတိ ဝုတ္တံ၊—ဋီကာ။]

အနက်ပေးပုံ။ ။ဤ ဋီကာဖွင့်ကိုထောက်၍ ''ဉန်္နာဒိနိယာ – မြင့် + ကျယ်သော အသံရှိသော''ဟု အနက်ပေးပါ၊''ရှေးက ပဲ့တင်ထပ်သောအသံရှိသော''ဟု ပေးကြ၏၊ တောင်အနီးဝယ် ဟစ်အော်သောအခါ ပြန်လာသော အသံကဲ့သို့ ပဲ့တင်သံဖြစ်ခြင်းအောင် ဟစ်အော်၍ စကားပြောကြမည်မဟုတ်သောကြောင့် ထိုအနက်ကို ဤနေရာ၌ မယူထိုက်။

ဟိ- ဣ၊ တေသံ ပရိမ္ဘာဇကာနံ–ထိ ပရိဗ္ဗိုဇ်တို့၏၊ ဝါ-တို့သည်၊ ပါတောဝ-နံနက်စောင်းပင်၊ ဝုဋ္ဌာယ-ထ၍၊ ကတ္တာဗ္ဗံနာမ-ပြုထိုက်သည်မည်သော၊ စေတိယဝတ်ဆံဝါ – စေတီတော်၌ ပြုထိုက်သော ကျင့်ဝတ်သည်၎င်း၊ ဗောဓိဝတ်ဆံဝါ–ဗောဓိပင်၌ ပြုထိုက်သော ကျင့်ဝတ်သည်၎င်း၊ အာစရိယုပဇ္ဈာယဝတ်ဆံဝါ–ဆရာဥပဇ္ဈာယ်တို့၌ ပြုထိုက်သောကျင့်ဝတ်သည်၎င်း၊ ယောနိသော-သင့်သော အကြောင်းအား‌ဖြင့်၊ မနသိကာရော‌ဝါ–ဘာဝနာကို နှလုံးသွင်း‌ခြင်း‌သည်၎င်း၊ နတ္ထိ – မရှိ၊ တေန – ထို့ကြောင့်၊ တေ - ထို ပရိဗ္ဗိုဇ်တို့သည်၊ ပါတော‌ဝ–နံနက်စောစော၌‌ပင်၊ ဝုဋ္ဌာယ-၍၊ ဗာလာတပေ - တက်သစ်စ နေရောင်၌၊ ဝါ-နေစာ၌၊ နိသိန္နာ - ထိုင်ကုန်လျက်၊ ဣမဿ-၌ သူ၏၊ ဟတ္ထော- လက်သည်၊ သောဘနော-တင့်တယ်၏၊ ဝါ-လ့၏၊ ဣမဿ, ပါဒေါ-ခြေသည်၊ သောဘနော-၏၊ ဣတိဧဝံ-၌သို့၊ အညမညဿ– အချင်းချင်း၏၊ ဟတ္ထပါဒါဒိနိ–လက်ခြေ အစရှိသည်တို့ကို၊ အာရဒ္ဓော‌ဝါ - အကြောင်း‌ပြု၍သော်‌၎င်း၊ ဣတ္ထိပုရိသ ဒါရက ဒါရိကာဒီနံ–မိန်းမ ယောကျ်ား သူငယ် သူငယ်မ အစရှိသူတို့၏၊ ဝဏ္ဏော-ဂုဏ်တို့ကို၊ (အာရဒ္ဓော‌ဝါ– ၍သော်‌၎င်း၊) အညံ – အခြားသော၊ ကာမဿာဒ ဘဝဿာဒါဒိဝတ္ထုံ–ကာမဂုဏ်ကို သာယာတတ်သော တဏှာ, ကာမဘဝကို သာယာတတ်သောတဏှာ အစရှိသည်တို့၏ တည်ရာအာရုံကို၊ (အာရဒ္ဓော‌ဝါ-သော်‌၎င်း၊) ကထံ - စကားကို၊ သမုဋ္ဌာပေတွာ-ဖြစ်စေ၍၊ အနုပဗ္ဗေန– အစဉ်အား‌ဖြင့်၊ ရာဇကထာဒိ အနေကဝိဓံ – ရာဇကထာ အစရှိသော တပါးမက များသော အပြား‌ရှိသော၊ တိရစ္ဆာနကထံ - နတ်ရွာနိဗ္ဗာန်၏ ဖီလာကန့်လန့် ဖြစ်သောစကားကို၊ ကထေန္တိ-ပြောဆို‌ကြကုန်၏၊ တေန - ထို့ကြောင့်၊ ဥန္နာဒိနိယာ ၊ပေ၊ ကထေန္တိယာတိ-ဟူ၍၊ (အာယသ္မတာ အာနန္ဒ‌ဏ္ဍဏရေန–သည်၊) ဝုတ္တံ–လျှောက်အပ်ပြီ။

တတော – ထိုသို့ တိရစ္ဆာနကထာကို ပြောဆို‌ခြင်း‌ကြောင့်၊ ပေါဋ္ဌပါဒေါ–ပေါဋ္ဌပါဒမည်သော၊ ပရိဗ္ဗာဇကော- သည်၊ တေ ပရိဗ္ဗာဇကေ– ထို တပည့် ပရိဗ္ဗိုဇ်ဘို့ကို၊ ဩလောကေတွာ-ကြည့်၍၊ ဣမေ ပရိဗ္ဗာဇကာ-တို့သည်၊ အတိရိယ – အလွန်အကဲသာလျှင်၊ အညမညံ - အချင်းချင်း၊ အဂါရဝါ – ရိုသေလေးစား‌ခြင်း မရှိကြကုန်၊ မယံစ-ငါတို့သည်လည်း၊ သမဏသဿ ဂေါတမဿ-၏၊ ပါတုဘာဝတော – ထင်ရှား‌ဖြစ်ရာအခါမှ၊ ပဋ္ဌာယ - စ၍၊ သူရိယုဂ္ဂမနေ–နေထွက်ရာအခါ၌၊ ခဇ္ဇောပနကူပမာ-ပိုးစုန်းကြူးဟူသော ဥပမာရှိကုန်သည်၊ ဇာတာ – ဖြစ်ကုန်ပြီ၊ နော- ငါတို့၏၊ လာဘသက္ကာရော‌ဝိ– လာဘ်သပ်ပကာရသည်လည်း၊ [လာဘကို “ လာဘ် ” သက္ကာရကို “ သပ်ပကာ ” ဟု ပေးကြသည်။] ပရိဟီနော - ယုတ်လျော့ခဲ့ပြီ၊ ပန - ဆက်၊ ဣမံ ဌာနံ – ၌အရပ်သို့၊ သမဏော ဂေါတမော‌ဝါ-သည်သော်‌၎င်း၊ ဂေါတမဿ-၏၊ သာဝကော‌ဝါ-

သာဝကသည်သော်၎င်း၊ တဿ – ထို ဂေါတမ၏၊ ဂိဟီ - လူဝတ်ကြောင်ဖြစ်သော၊ ဥပဋ္ဌာကောဝါ - အလုပ်အကျွေးသည်သော်၎င်း၊ သစေ အ္ဘာဂစ္ဆေယျ – အကယ်၍လာအံ့၊ (ဧဝံသတိ)၊ အတိဝိယ – အလွန်သာလျှင်၊ လဇ္ဇနီယံ – ရှက်ဘွယ်သည်၊ ဘဝိဿတိ-ဖြစ်တော့လတ္တံ့၊ ပန-စင်စစ်ကား၊ ပရိသဒေါသော-ပရိသ၏အပြစ်သည်၊ ပရိသဇေဋ္ဌကဿဝ-ပရိသတ်၏ အကြီးအကဲ၏သာလျှင်၊ ဥပရိ – အပေါ်သို့၊ အာရောဟတိ - တက်ရောက်၏၊ [“တပည့်မကောင်း ဆရာ့ခေါင်း” ဟူလို။] ဣတိ - ဤသို့ကြံ၍၊ ဧတေ စိတေစ – ဤအရပ် ဤအရပ်သို့လည်း၊ ဝါ-ဟိုမှ ဒီမှလည်း၊ ဝိလောကေန္တော – စောင်း၍ ကြည့်လေသော်၊ ဘဂဝန္တံ - ကို၊ အဒ္ဒသ - မြင်ရပြီ၊ တေန – ထို့ကြောင့်၊ အဒ္ဒသာခေါ၊ပေ၊ တုဏှီ အဟောသုံတိ-ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန)၊ ဝုတ္တံ-လျှောက်အပ်ပြီ။

တတ္ထ– ထို အဒ္ဒသာခေါ၊ပေ၊အဟောသုံဟူသော စကားရပ်၌၊ သဏ္ဌာပေသိတိ- ကား၊ သိက္ခာပေသိ – သင်စေပြီ၊ (သင်ပေးပြီ)၊ အဿာ - ထိုပရိသတ်၏၊ ဝဇ္ဇံ-အပြစ်ကို၊ ပဋိစ္ဆာဒေသိ-ဖုံးကွယ်ပြီ၊ ယထာ-အကြင် အခြင်းအရာအားဖြင့် (ထားအပ်သော်)၊ သုသဏ္ဌိတာ–ကောင်းစွာ တည်သည်၊ ဟောတိ၊ တထာ-ထို ကောင်းစွာ တည်နိုင်လောံအောင်သော အခြင်းအရာအားဖြင့်၊ နံ - ထိုပရိသတ်ကို၊ ထပေသိ-ထားပြီ၊ ယထာနာမ-ဥပမာ မည်သည်ကား၊ ပရိသမဇ္ဈ-ပရိသတ်အလယ်သို့၊ ပဝိသန္တော – ဝင်သော၊ ပုရိသော - သည်၊ ဝဇ္ဇပဋိစ္ဆာဒနတ္ထံ – အပြစ်ကို ဖုံးကွယ်ခြင်းအကျိုးငှါ၊ နိဝါသနံ – ကိုယ်ဝတ်ကို၊ သဏ္ဌာပေတိ – ကောင်းစွာ တည်စေ၏၊ ပါရုပနံ-အပေါ်ခြုံကို၊ သဏ္ဌာပေတိ-၏၊ ရဇောကိဏ္ဏာနံ-မြူဖြင့် ရောပြွမ်းအပ်သောအရပ်ကို၊ ပုဉ္ဆတိ- သုတ်၏၊ ဧဝံ- တူ၊ အဿာ– ထိုပရိသတ်၏၊ ဝဇ္ဇပဋိစ္ဆာဒနတ္ထံ - ငှါ၊ အပ္ပသဒ္ဒါ ဘောန္တော်တိ – နော်ဟူ၍၊ သိက္ခာပေန္တော်-သင်ပေးလျက်၊ ယထာ-ဖြင့်၊ (ထားအပ်သော်)၊ သုသဏ္ဌိတာ-သည်၊ ဟောတိ၊ တထာ-ဖြင့်၊ နံ-ကို၊ ထပေသိ-ပြီ၊ ဣတိအာဒတ္ထာ။

× × × × × × × ×

ဣမာစ မေ သညာ။ ။ယခု ပြအပ်ဆဲသညာသည် အာကိဉ္စညာယတနသညာတည်း၊ ထို့ကြောင့် "ဣမာ သညာ" အရ အာကိဉ္စညာယတနစျာန်နှင့် ယှဉ်သောသညာကို အင်္ဂကထာဌ် ယူထားသည်၊ ထိုသညာသည် တမျိုးတည်းဖြစ်သော်လည်း တကြိမ်ဝင်စားလျှင် စျာနသညာတွေ များစွာဖြစ်သောကြောင့် " ဣမာ " ဟု ဗဟုဝုစ်ဆိုသည်၊ အထက် နေဝသညာနာသညာယတနစျာန်ကို ရဘို့ရန် လက်ရှိစျာန်ကို ဝင်စားမှုနှင့် အထက် စျာန်အတွက် နိကန္တိ ပြုသောအားဖြင့် ပြုပြင်မှုလုပ်လျှင် အာကိဉ္စညာယတနသညာသည် ဝင်စားပြီးနောက် ထပ်၍မဖြစ်တော့ဘဲ ချုပ်ပျောက်ကုန်စရာရှိသည်–ဟူလို၊ ဘာ့ကြောင့်နည်း၊ .... တံ် သမတိက္ကမနေနေဝ ဥပရိစျာနတ္ထာယ စေတနာဘိသခ်ရဏာ သမ္ဘဝတော–ထိုအောက်စျာန်ကို လွန်မြောက်မှသာ စျာန်အတွက်လို့ဆော်မှု စေတနာဘိသခ်ရဏာ၏ ဖြစ်နိုင်ခြင်းကြောင့်တည်း၊– ဋီကာ။

ကုန်ရာ၏၊ အညာစ ဩဇဋ္ဌာရိကာတိ-ကား၊ **အညာ**–အာကိဠ္ဆညာယတနသညာတို့မှ တပါးကုန်သော၊ ဩဇဋ္ဌာရိကာ - ရုန်ရင်းကုန်သော၊ ဘဝင်္ဂသညာစ-ဘဝင်္ဂသညာတို့သည်လည်း၊ ဥပ္ပဇ္ဇေယျုံ– ဖြစ်ကုန်ရာ၏။

သော၊ပေ၊အာဘိသမ်ဓောတိတို့ထွေ-ဟူသော ဤပါဠိ၌၊ (အတ္ထော ဧဝံ ဝေဒိတမ္ပေါ)၊ သေ (ဧသော)- ဤရဟန်းသည်၊ ကာမဓ္ဓေ-စင်စစ်ကေန် အမှန်အားဖြင့်လည်း၊ စေတေန္တောဝ- စေ့ဆော်လျက်ပင်၊(စေ့ဆော်လျက်သားနှင့်ပင်)၊ နစေတေတိ-စေ့ဆော်သည်မမည်၊ (စေ့ဆော်ရာမရောက်)၊ အာဘိသမ်ဓောန္တောဝ-

× × × × × × ×

အညာစ ဩဇဋ္ဌာရိကာ ။ ။ အညာတိ အာကိဉ္စညာယတနသညာဟိ အညာ၊– ဋီကာ၊ အညာ၏ အပါဒါန်ကို အာကိဉ္စညာယတနသညာတို့ကို ခံပါ–ဟူလို၊ ထိုအညာ၏ အရဖြစ်သော ဩဇဋ္ဌာရိကသညာတို့ဟူသည် ဘဝင်သညာတည်း၊ မှန်၏– အာကိဉ္စညာယတနဈာန်ကို ဝင်စားနေရာမှ ဈာန်စိတ်မဖြစ်တော့ဘဲ ဘဝင်ကျသောအခါ ဈာန်မှထရာ၏၊ ထို ဘဝင်အစဉ်သည် နောက် နေဝသညာ နာသညာယတနဈာန် မဖြစ်သမျှ အထပ်ထပ် ဖြစ်ရမည်ဖြစ်သောကြောင့် "ဘဝင်္ဂသညာ ဥပ္ပဇ္ဇေယျုံ" ဟု ဗဟုဝုစ်ဆိုသည်။

ဆိုလိုရင်းမှာ– အာကိဉ္စညာယတနဈာန်ဟူသော သညဂ္ဂသို့ရောက်နေသောပုဂ္ဂိုလ်သည် အထက် နေဝသညာနာသညာယတနဈာန်ကို ရဘို့ရန် နိကန္တိပြု၍ မိမိရအပ်ဆဲ အာကိဉ္စညာယတနဈာန်ကို ဝင်စားလျှင် ထို အာကိဉ္စညာယတနဈာန်လည်း အထက်ဈာန်ကိုရလိုသော နိကန္တိအတွက်ကြောင့် နောက်ထပ် မဖြစ်တော့ဘဲ ချုပ်သွားစရာရှိ၍, ဘဝင်အစဉ်သာ ဖြစ်စရာရှိသောကြောင့် ရအပ်ဆဲဖြစ်သော အာကိဉ္စညာယတနဈာန် ချုပ်ပျောက်မသွားအောင် အထက် နေဝသညာနာသညာယတနဈာန်အတွက် စေ့ဆော်မှု ပြုပြင်မှုကို မလုပ်တော့–ဟူလို။

သော နစေဝ စေတေတိ။ ။ "သော နစေဝ စေတေတိ" အရ ထိုရဟန်းသည် နေဝသညာ နာသညာယတနဈာန်ကို ရဘို့ရန် အမှန်ပင် မစေ့ဆော်, အမှန်ပင် မပြုပြင်တော့ဘူးလားဟု မေးဘွယ်ရှိသောကြောင့် "ကာမဓ္ဓေသ စေတေန္တောဝ နစေတေတိ, အာဘိသမ်ဓောန္တောဝ နာဘိသမ်ဓောတိ" ဟု မိန့်သည်၊ နေဝသညာနာသညာယတနဈာန်ကို တကြိမ် ၂ ကြိမ် ဝင်စားသောအားဖြင့် စေ့ဆော်ပါသေး၏, ပြုပြင်ပါသေး၏၊ သို့သော် ထို စေ့ဆော်မှု ပြုပြင်မှုသည် ထိုဈာန်ကို ရအောင်ငင်း, ရှေးဈာန်များတုန်းက ကဲ့သို့ အာဘောဂမရှိသောကြောင့်ငင်း, စေ့ဆော်သည်ဟု မဆိုရပါ။

ထို့ပြင်— ထိုဈာန်ကို တကြိမ် ၂ ကြိမ် ဝင်စားဈာ၌ နိကန္တိဟူသော တွယ်တာမှု အာလယမရှိလျှင် ဝင်စားနိုင်မည်မဟုတ်, နိကန္တိ အာလယရှိသောကြောင့်သာ ဝင်စားနိုင်၏၊ ထို့ကြောင့် ထိုဈာန်၌ နိကန္တိပြုသောအားဖြင့် အာဘိသမ်ဓရဏ မပြုမဟုတ်, ပြုပါသေး၏၊ သို့သော် ထို စတုတ္ထာရုပ္ပဈာန်ကို ရဘို့ရန်ငင်း , ရှေး ဈာန်များတုန်းကကဲ့သို့ ဝင်စားလိုသောအာဘောဂ မရှိသောကြောင့်ငင်း အာဘိသမ်ဓရဏပြုရာ မရောက်ပါ။

အမှာ။ ။ "စေတေန္တောစ အာဘိသမ်ဓောန္တောစ" ဟု ရှေးစာအုပ်တို့၌ ရှိသော်လည်း ဋီကာ၌ " စေတေန္တောဝါတိ ၊ပေ၊ သမာပဇ္ဇန္တော ဧဝ " ဟု ရှိသောကြောင့် "စေတေန္တောဝ, အာဘိသမ်ဓောန္တောဝ" ဟု ရှိသောပါဠိသာ ကောင်း၏၊ ထို့ပြင်–

ပြုစိရင်လျက်ပင်၊ (ပြုစိရင်လျက်သားနှင့်ပင်)၊ နာဘိသခ်ံရောတိ - ပြုစိရင်သည်မမည်၊ (ပြုစိရင်ရာမရောက်)၊ ဇူမဿ ဘိက္ခုနော - ၏၊ (" အာဘောဂသမန္နာဟာရော " ၌စပ်)၊ အာ့ကိုယ္ဆည်ာယတနတော – အာကိုယ္ဆည်ာယတန ဈာန်မှ၊ ဝုဋ္ဌာယ- ၍၊ နေဝသညာနာသညာယတနံ - ကို၊ သမာပဇ္ဇိတ္တာ - ဝင်စားပြီး၍၊ ဧကံ (စိတ္တဝါရံ) – စိတ်တကြိမ်သော်ငင်း၊ ဒွေ စိတ္တဝါရေ – စိတ် ၂ ကြိမ်တို့ တိုင်တိုင်သော်ငင်း၊ ဌဿာမိ-တည်အံ့၊ ဇုတိ-သို့၊ အာဘောဂသမန္နာဟာရော-နှလုံးသွင်းခြင်းဟူသော စိတ်ကိုအာရုံသို့ ကောင်းစွာဆောင်ခြင်းသည်၊ ဝါ– နှလုံးသွင်းခြင်းဟူသောစိတ်သို့ အာရုံကို ကောင်းစွာဆောင်ခြင်းသည်၊ နတ္ထိ-မရှိ၊ (တနည်း) အာဘောဂသမန္နာဟာရော–နှလုံးသွင်းခြင်းကြောင့် စိတ်ကို အာရုံသို့ ကောင်းစွာဆောင်ခြင်းသည်၊ ဝါ– သည်၊ နတ္ထိ၊ ပန-အနွယ၊ ဥပရိနိရောဓသမာပတ္တိ အတ္ထာယဝေ-အထက် နိရောဓသမာပတ်အကျိုးငှါသော၊ အာဘောဂသမန္နာဟာရော-သည်၊ ဝါ-သည်၊ အတ္ထိ။ [နောက်တနည်းလည်း ပေးပါ။]

သွာယံ (သော အယံ) အတ္ထော - ထို ဆိုအပ်ပြီးသော ဤအနက်ကို၊ ပုတ္တ ဃရာစိက္ခဏေန– သား၏အိမ်ကို ပြောပြခြင်းဖြင့်၊ ဒီပေတဇ္ဇော – ထင်ရှားပြထိုက်၏၊ ကိရ- ခဲ့၊ ပိတု-အဘ၏၊ ဃရမဇ္ဈေန-အိမ်ဝင်း၏အလယ်ဖြင့်၊ ဂန္ဒွာ-သွား၍၊ ပစ္ဆာဘာဂေ – နောက်အဘို့၌၊ ပုတ္တဿ - သား၏၊ ဃရံ - အိမ်သည်၊ ဟောတိ-ရှိ၏၊ တတော- ထိုသား၏အိမ်မှ၊ ပဏီတံ-မွန်မြတ်သော၊ ဘောဇနံ-ကို၊ အာဒါယ- ယူ၍၊ အာသနသာလံ- ထိုင်နေရာစရပ်သို့၊ ဝါ- ဆွမ်းစားစရပ်

× × × × × × ×

" ကာမဥ္ဇ နု စေတေတိ- အကယ်၍ကား စေ့ဆော်သည် မမည်ပါပေ " ဟု ပေးကြ၏၊ သို့သော် "ကိဿာဝိ, ကာမဥ္ဇ" ဟု ရှေ့၌ရှိလျှင် နောက်၌ "ပန - တထာပိ" ရှိရိုးတည်း၊ ဤ၌ မရှိ၊ ထို့ကြောင့် "ကာမဥ္ဇ – စင်စစ်လည်း" ဟု ဧကံသတ္ထ ပေးပါသည်။

ဇူမဿ ဘိက္ခုနော ၊ပေ၊ အတ္ထိ။ ။ဤစကားသည် ဆိုအပ်ပြီးသောစကားကို အကျယ်ရှင်းပြသော စကားတည်း၊ အာဘောဂသမန္နာဟာရော၌ "အာဘောဂ–နှလုံးသွင်း" နှင့် "သမန္နာဟာရ–စိတ်ကို အာရုံသို့ (သို့မဟုတ်) စိတ်သို့ အာရုံကို ကောင်းစွာဆောင်ခြင်း" ဟူသည် သဘောတူတည်း၊ ဤအလို " အာဘောဂသဒ်ါတော+ သမန္နာဟာရော အာဘောဂသမန္နာဟာရော " ဟု တွဲပါ၊ (တနည်း) ရှေ့အဘို့၌ နှလုံးသွင်းခြင်း၏အစွမ်းကြောင့် စိတ်ကို အာရုံသို့ (သို့မဟုတ်) စိတ်သို့ အာရုံကို ကောင်းစွာဆောင်ခြင်းသည် "အာဇ္ဇောဂေန+ သမန္နာဟာရော"အရ အာဘောဂသမန္နာဟာရ မည်၏။

သွာယမတ္ထော ၊ပေ၊ ဒီပေတဇ္ဇော။ ။ထို ဆိုအပ်ပြီးသောအနက်ကို ဥပမာဖြင့် ထင်ရှားပြလိုသောကြောင့် "သွာယမတ္ထော" စသည်ကို မိန့်သည်၊ ဤဥပမာ၌ အာကိုယ္ဆည်ာယတနသမာပတ်သည် အာသနသာလာနှင့်တူ၏၊ အလယ်ဖြစ်သော နေဝသညာနာသညာယတနသမာပတ် , နောက်ဖြစ်သော နိရောဓသမာပတ် ၂ ပါးသည် အလယ်ဖြစ်သော ပိတုဃရဌာန, နောက်ဖြစ်သော ပုတ္တဃရဌာန ၂ ပါးနှင့်တူ၏၊ နေဝသညာ

သို့၊ အာဂတံ- ရောက်လာသော၊ ဒဟရံ- ရဟန်းငယ်ကို၊ ထေရော- ထေရ်သည်၊ မနာပေါ- မြတ်နိုးဘွယ်ကောင်းသော၊ ပိယ္ဟာပါတော့- ဆွမ်းကို၊ ကုတော- အဘယ်အိမ်မှ၊ အာဘတော- ဆောင်ယူအပ်သနည်း၊ ဣတိ-ဤသို့၊ ပုစ္ဆိ-မေးပြီ၊ သော- ထို ရဟန်းငယ်သည်၊ အသုကဿ – ထိုမည်သူ၏၊ ဃရတော - အိမ်မှ၊ (အာဘတော)၊ ဣတိ- ဤသို့၊ လဒ္ဓဃရမေဝ– ရအပ်ရာ သား၏အိမ်ကိုသာ၊ အာစိက္ခိ– ပြောပြီ၊ ပန- ဗျတိရိတ်ကား၊ အဿ - ထိုရဟန်းငယ်၏၊ ယေန ပိတု ဃရမဇ္ဈေန – အကြင် အဘအိမ်ဝင်း၏ အလယ်ဖြင့်၊ ဂတောပိ– သွားရခြင်းသည်ရင်း၊ အာဂတောပိ-ပြန်လာရခြင်းသည်ရင်း၊ (ဟောတိ-ဖြစ်၏၊) တတ္ထ-ထို အဘအိမ်ဝင်း၏ အလယ်၌၊ အာဘောဂေါပို– နှလုံးသွင်းခြင်းသည်လည်း၊ (နှလုံးသွင်းရုံမျှသည်လည်း၊) နတ္ထိ- မရှိ။ [“အဿ- ထိုသား၏၊ ယေန ပိတု ဃရမဇ္ဈေန – ဖြင့်၊ ဒဟရော– ရဟန်းငယ်သည်၊ ဂတောပိ – သွားရသည်ရင်း၊ အာဂတောပိ–ပြန်ရသည်ရင်း”ဟု ဆရာတော်၏ နိဿဋ္ဌ အနက်ပေးသည်။]

တတ္ထ – ထို ဥပမာစကားရပ်၌၊ အာသနသာလာ – ကို၊ (ဒဠ္ဠဗ္ဘာ) ဝိယ– မှတ်ထိုက်သကဲ့သို့၊(ဧဝံ-ဤအတူ၊)အာကိဉ္စညာယတနသမာပတ္တိ-ကို၊ ဒဠ္ဠဗ္ဘာ-မှတ်ထိုက်၏၊ ပိတုဂေဟံ-အဘ၏အိမ်ကို၊(ဒဠ္ဠမ္ဘံ)ဝိယ-ကဲ့သို့၊(ဧဝံ)၊နေဝသညာနာသညာယတနသမာပတ္တိ-ကို၊ ဒဠ္ဠဗ္ဘာ-၏၊ ပုတ္တဂေဟံ-သား၏အိမ်ကို၊(ဒဠ္ဠဗ္ဘံ) ဝိယ၊ နိရောဓသမာပတ္တိ-ကို၊(ဒဠ္ဠဗ္ဘာ)၊ အာသနသာလာယ-၌၊ ဌတွာ-တည်၍၊ ပိတုယရံ–ကို၊ အမနသိကရိတ္ဝာ- နှလုံးမသွင်းမူ၍၊ (ဂရုမစိုက်မူ၍၊)ပုတ္တယရာ စိက္ခဏံ–သား၏အိမ့်ကိုပြောပြခြင်းကို၊ (ဒဠ္ဠဗ္ဘံဝိယ၊ ဧဝံ)၊ အာကိဉ္စညာယတနတော – အာကိဉ္စညာယတန ဈာန်မှ၊ ဝုဋ္ဌာယ – ထ၍၊ နေဝသညာ နာသညာယတနံ–ဈာန်ကို၊ သမာပဇ္ဇိတ္ဝာ-ဝင်စားပြီး၍၊ ကေ (စိတ္တဝါရံ)–စိတ်တကြိမ်သော်ငင်း၊ ဒွေ စိတ္တဝါရေ-စိတ်နှစ်ကြိမ်တို့တိုင် တိုင်သော်ငင်း၊ ဒုဿာမိ-တည်အံ့၊ ဣတိ–ဤသို့၊ အမနသိကရိတ္ဝာဝ = နှလုံးမသွင်းမူ၍သာလျှင်၊ (ဂရုမစိုက်မူ၍သာလျှင်၊) ဥပရိနိရောဓသမာပတ္တိတ္တာယ–အထက်နိရောဓ သမာပတ် အကျိုးငှါ၊ မနသိကာရော-နှလုံးသွင်းခြင်းကို၊(ဒဠ္ဠဗ္ဘော-မှတ်ထိုက်၏၊)[နိဂုံးကို ပြလို၍ ဧဝံ စသည်မိန့်။]ဧဝံ-ဤသို့လျှင်၊သေ(သော)-ဤရဟန်းသည်၊ စတုတ္ထေဝ-စေ့ဆော်လျက်ပင်၊(၄စ့ဆော်လျက်သားနှင့်ပင်၊) နစတုတိ- စေ့ဆော်သည်မမည်၊(စေ့ဆော်ရာ မရောက်၊)အဘိသခ်ရောန္တေဝ-ပြုစိရင်လျက်ပင်၊(ပြုစိရင်လျက်သားနှင့်ပင်၊) နာဘိသခ်ရောတ့ိ-ပြုစိရင်ရာ မရောက်။

× × × × × × ×

နာသညာယတနသမာပတ်ကို စိတ် တကြိမ် ၂ ကြိမ်မျှ ဝင်စားပါလျက် ထိုဈာန်ကို နှလုံးမသွင်း ဟု ဆိုခြင်းသည် ပိတုဃရကို ကျော်ဖြတ်၍ သွားပါလျက် နှလုံးမသွင်းခြင်းနှင့် တူ၏၊ နိရောဓသမာပတ်အကျိုးငှါ အာဘောဂသမန္နာဟာရ ပြုခြင်းသည် ဆွမ်းရရာ ပိုတ္တဃရကို ပြောပြခြင်းနှင့်တူသည်။

တာစေဝ သညာတိ–ကား။ တာ ဗျာနသညာ – ထို နေဝသညာနာသညာယတနဗျာန်ခွင့်ယှဉ်သော သညာတို့သည်၊ နိရုဒ္ဓနှိ-ချုပ်ကုန်၏၊ အညာစာတိကား၊ အညာ – နေဝသညာ နာသညာယတန သညာတို့မှ တပါးကုန်သော၊ သြဠာရိကာ-ရုန်ရင်းကုန်သော၊ ဘဝင်္ဂသညာစ– ဘဝင်သညာတို့သည်လည်း၊ နုပ္ပဇ္ဇနှိ–မဖြစ်ကုန်၊ သော နိရောဓံ ဖုသတီတိ–ကား၊ ဧဝံ-ဤသို့၊ ပဋိပန္နော–ကျင့်သော၊ သောဘိက္ခု– ထို ရဟန်းသည်၊ သညာဝေဒယိတနိရောဓံ - သညာဝေဒနာတို့၏ ချုပ်ရာ နိဗ္ဗာန်ဓာတ်သို့၊ ဝါ–ကို၊ ဖုသတိ-ရောက်၏၊ ဝိန္ဒတိ-ရ၏၊ ပဋိလဘတိ–ရ၏။ [ရောက်ဘို့ရန် နေရာမရှိသောကြောင့် “ဝိန္ဒတိ” ဟု ဖွင့်သည်၊ ဝိန္ဒတိ အရ သိခြင်းကို ယူမည်စိုးသောကြောင့် ပဋိလဘတိ ဟု ထပ်ဖွင့်သည်၊ နိရောဓသမာပတ်ကို ရသည်–ဟူလို။]

အနုပုဗ္ဗာဘိသညာနိရောဓ သမ္ပဇာနသမာပတ္တိတိ ထွေ-ဟူသော ဤပါဠိ၌၊ အာဘိဘိ– ဟူသော ပုဒ်သည်၊ ဥပသဂ္ဂမတ္တံ– အနက်မရှိ ဥပသဂ်ရုံမျှသာတည်း၊ [“သမာပတ္တိန္တိ” ဟု ဒုတိယန္တရှိသည်ကား ပါဠိတော်နှင့် မညီ။] သမ္ပဇာနပဒံ-သမ္ပဇာနပုဒ်ကို၊ နိရောဓပဒေန–သည်၊ အန္တရိတံ- အကြားခံ ပြုအပ်သည်ကို၊ ဝါ–အကြားခံ ထားအပ်သည်ကို၊ ကတွာ-၍၊(ဘဂဝတာ)ဝုတ္တံ၊ ပန-ထိုသို့ပင် သမ္ပဇာနပုဒ်ကို အန္တရိတပြု၍ ဟောတော်မူအပ်ပါသော်လည်း၊ အနုပဒိပါဠိ

× × × × × × ×

ဗျာနသညာ နိရုဒ္ဓန္တိ။ ။ကံ ဒွေ စိတ္တဝါရေ ပဝတ္တာ နေဝသညာနာသညာယတန ဗျာနသညာ၊ပေ၊ နိရုဒ္ဓန္တိတိ သရသဝသေနေဝ (မိမိ သဘောအားဖြင့်သာ) နိရုဒ္ဓန္တိ၊ ပုဗ္ဗာဘိသင်္ခါရဝသေန (နိရောဓသို့ ရောက်ဘို့ရန် ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းကြောင့်) ဥပရိ အနုပ္ပါဒေါ-အထက်၌ နေဝသညာနာသညာယတနဗျာန်၏ ဆက်၍မဖြစ်ခြင်းသည်၊ ဟောတိ၊ နေဝသညာနာသညာယနဗျာန်၏နောံ၌ ဘဝင်မကျသောကြောင့် ဘဝင်သညာတို့ကား နိရောဓသမာပတ် အတွင်းခံ မဖြစ်ကြကုန်၊ ထိုသို့ မဖြစ်ခြင်းကို ရည်ရွယ်၍“အညာ၊ပေ၊နုပ္ပဇ္ဇန္တိ”ဟု ဆိုသည်။

သမ္ပဇာနပဒံ၊ပေ၊ ဝုတ္တံ ။ ။ နိရောဓနှင့် သမာပတ္တိပုဒ်တို့ကို အကြားမရှိအောင် “နိရောဓသမာပတ္တိ”ဟု ဟောတော်မူထိုက်၏၊ သို့ပါလျက် သမ္ပဇာနပုဒ်ကို နိရောဓနှင့် သမာပတ္တိပုဒ်တို့၏ အကြားခံ ထားအပ်သည်ကို ပြု၍ ဘုရားရှင်သည် အယုတ္တသမာသ် အနေအားဖြင့် ဟောတော်မူအပ်ပြီ၊ [ဝုတ္တံ၏ ကဿားသည် ဘဂဝတာတည်း၊ နိရောဓပဒေနဟူသော ကတ္တား၏ ကြိယာသည် အန္တရိတံတည်း၊ အန္တရဟူသော နာမ်ပုဒ်နောင် ကရဓာတ်၏ အနက်၌ ဇုပစ္စည်းသက်ထားသော နာမဓာတ်, ကံဟောတပစ္စည်း – ဟု ကြံပါ၊ စာအုပ်တို့၌“အန္တရိကံ”ဟု ချည်း တွေ့ရ၏။]

နီကာ။ ။ နိရောဓပဒေန အနန္တရိတံ ကတ္တာ (မခြားကွယ်အပ်သည်ကို ပြု၍) သမာပတ္တိပဒေ ဝတ္တမ္ဗေ (ဟောတော်မူထိုက်ပါလျက်) တေသံ ဒ္ဝိန္နံ အန္တရေ သမ္ပဇာနပဒံ ထပိတန္တိ အာဟ-နိရောဓ၊ပေ၊ဝုတ္တန္တိ၊ ဤ၌ အန္တရေ ထပိတံသည် အန္တရိဘံ၏ ကံဟောပုဒ်အဖြစ်ကိုပြသော အဖွင့်တည်း၊ “အန္တရေ–၌ + ကရိယတ္တေတိ အန္တရိတံ”ဟု ပြုပါ။

ယာ–အစဉ်အားဖြင့်၊[အနုပုဗ္ဗ၏ အဖွင့်။] သမ္မဇာနသညာနိရောဓ သမာပတ္တိ-ကောင်းစွာ အပြားအားဖြင့်သိသော ရဟန်း၏ သညာနိရောဓသမာပတ်သည်၊ (ဟောတ်)၊ ဣတိ အယံ–ဤသည်ကား၊ ဇေ္ဈ – ဤ အနုပုဗ္ဗာဘိသညာနိရောဓ သမ္ပဇာနသမာပတ္တိဟူသော ပါဠိဌ်၌၊ အတ္ထော–တည်း။

တတြာပိ–ထို ဆိုအပ်ပြီးသည့်အတိုင်း ပုဒ်အစဉ်အားဖြင့် ထားရာ၌လည်း၊ ("အယံ ဝိသေသတ္ထော"၌စပ်)၊ သမ္ပဇာနသညာနိရောဓသမာပတ္တိတိ - ကား၊ သမ္ပဇာနန္တိသ-ကောင်းစွာ အပြားအားဖြင့် သိသော ရဟန်း၏၊ အန္တေ နိဒ္ဒေသ သမာပတ်ကို ပြီးစေတတ်သော အကျင့်၏ အဆုံး၌၊ သညာနိရောဓသမာပတ္တိ–သညာ၏ ချုပ်ရာ နိရောဓသမာပတ်သည်၊(ဟောတိ)၊ ဝါ–တနည်း၊ သမ္ပဇာနန္တိသ– သော၊ ပဋိတသ – ပညာရှိသော၊ ဘိက္ခုနော – ၏၊ သညာနိဒ္ဒေသ သမာပတ္တိ–သည်၊(ဟောတိ)၊ ဣတိ အယံ–ဤဆိုအပ်ပြီးကား၊ ဝိသေသတ္ထော-ထူးသော အနက်တည်း။

× × × × × × ×

တတြာပိ၊ပေ၊ဝိသေသတ္ထော။ ။"တတြာပိတိ တသ္မိ' တထာ(ထို ဆိုအပ်ပြီးသည့်အတိုင်း)ပဒါနုပုဗ္ဗီထပနေပိ(ပုဒ်စဉ်အားဖြင့် ထားရာ၌လည်း)"ဟုဋီကာဟောင်းပါဠိရှိ၏၊ ဋီကာသစ်၌ ပါဠိပျက်သည်၊ ထို ဆိုအပ်ပြီးသည့်အတိုင်း ပုဒ်အစဉ်အားဖြင့် ထားရာ၌ ဤအနက်သည် (အယံ ပနေတ္ထ အတ္ထောဟု ရှေ့၌ ပြအပ်ပြီးသော အနက်မှ) ထူးသော အနက်ဖြစ်သည်–ဟူလို။

သမ္ပဇာနန္တိသ အန္တေ၊ပေ၊သမာပတ္တိ ။ ။သမ္ပဇာန၌ "သမ္ပဇာနန္တ" ဟု ဆိုလိုလျက် နွံကို ခြေထားသည်၊ ထိုသမ္ပဇာနန္တဟူသည် နိရောဓသမာပတ်သို့ ရောက်ဘို့ရာ ပဌမဈာန်စသော ထိုထို သမာပတ်ကို ဝင်စားပြီး၍ ထသောအခါ ထိုထို ဈာန်၌ပါသော စိတ်– စေတသိက် သင်္ခါရတို့ကို အနိစ္စစသောအားဖြင့် သုံးသပ်လျက် အပြားအားဖြင့် သိသောပုဂ္ဂိုလ်တည်း၊ [သံ–ကောင်းစွာ+ပ – အပြားအားဖြင့်+ ဇာနန္တ– သိသောပုဂ္ဂိုလ်၊] "အန္တေ"ဟု ထည့်၍ ထိုသမ္ပဇာနန္တ ပုဂ္ဂိုလ်၏ ပဌမဈာန်မှစ၍ နေဝသညာနာသညာယတနတိုင်အောင် နိရောဓသမာပတ်ကို ပြီးစေတတ်သော အကျင့်၏ အဆုံး၌ နိရောဓသို့ ရောက်သည် – ဟု အနက်မှတ်ပါ။ [အန္တေတိ ယထာဝုတ္တာယ နိဒ္ဒေဓပဋိပတ္တိယာ (နိဒ္ဒေဓသို့ ရောက်ကြောင်း အကျင့်၏) ပရိယောသာနေ၊-ဋီကာ။]

သမ္ပဇာနန္တိသ ဝါ။ ။ဤနည်း၌ ဆိုင်ရာကိစ္စဝယ် ပညာရှိပုဂ္ဂိုလ်ကို"သမ္ပဇာနန္တ" ဟု ဆိုလိုသည်၊ ထို ပညာကား နိရောဓသမာပတ်ကို ဝင်စားလိုသော ပုဂ္ဂိုလ်၏ အစမှစ၍ အလုံးစုံကိစ္စကို ဆောင်နိုင်သော ပညာနှင့်တကွ နိရောဓသမာပတ် ဝင်စားခြင်းကိစ္စကို ပြီးစေနိုင်သောပညာတည်း၊ ထိုပညာဖြင့် နိရောဓသမာပတ်ကို ဝင်စားနိုင်သော ပညာရှိကို"သမ္ပဇာနန္တ"ဟု ဆိုလိုသည်။

နည်း ၂ ပါး အထူး။ ။ ပဌမနည်း၌ "အန္တေ" ဟု ထည့်ပါဌ်ပါရခြင်း, သမ္ပဇာနန္တအရ ထိုထို သမာပတ်၌ပါသော သင်္ခါရတို့ကို ဝိပဿနာရှုသော ဉာဏ်ရှိပုဂ္ဂိုလ်ကို ယူရခြင်းသည်ဌင်း, ဒုတိယနည်း၌ ပါဌ်သေသမထည့်ရခြင်းနှင့် သမ္ပဇာနန္တအရ အစမှ

ဇာဒါနိ-သညဉ္စကို ပြပြီးရာ, ယခုအခါ၌၊ ဇ၀-ဤနေရာ၌၊ ဌတွာ–တန့်ရပ်၍၊ နိရောဓသမာပတ္တိကထာ– နိရောဓသမာပတ်နှင့် စပ်သော စကားကို၊ ကထေတမ္မာ– ဆိုထိုက်၏၊ ပန - ထိုသို့ပင် ဆိုထိုက်ပါသော်လည်း၊ သာသော - ထို နိရောဓသမာပတ္တိကထာကို၊ သဗ္ဗာကာရေန- အလုံးစုံသော အပြား၊အား၊ဖြင့်၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ ပညာဘာ၀နာနိသံသာဓိကာရေ-ပညာဘာ၀နာ၏အာနိသင်္ဃကို ပြရာအခန်း၌၊(မယာ)၊ ကထိတာ-ဆိုအပ်ပြီ၊ (ဆိုခဲ့ပြီ)၊ တသ္မာ- ထို့ကြောင့်၊ တတ္ထ– ထို ပညာဘာ၀နာနိသံသအရာ၌၊ ကထိတတော၀–ဆိုအပ်ပြီးရာ ဌာန မှသာ၊ ဂဟေတမ္ဗာ–ယူထိုက်၏။

ဧ၀ံ- ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ ဘဂ၀ါ–သည်၊ ပေါ့ဌပါဒဿ–သော၊ ပရိဗ္ဗာဇကဿ-အား၊ နိရောဓကထံ-နိရောဓကထာကို၊ ကထေတ္ဝာ-ဟောတော်မူပြီး၍၊ အထ-နိရောဓကထာကို ဟောတော်မူပြီးရာ ထိုအခါ၌၊ နံ–ထို ပေါ့ဌပါဒ ပရိဗ္ဗိဇ်ကို၊ တာဒိသာယ-သော၊ ကထာယ-နိရောဓကထာ၏၊ အညတ္ထ– သာသနာတော်မှ တပါးသော သာသနာပ၌၊ အဘာ၀ံ–မရှိခြင်းကို၊ ပဋိဇာနာ ပေတုံ-၀န်ခံစေတော်မူခြင်းငှါ၊ တံ ကိံ မညသိတိ အာဒိ –အစရှိသော စကား ကို၊ အာဟ-မိန့်တော်မူပြီ၊ ပရိဗ္ဗာဇကော၀ိ–သည်လည်း၊ ဘဂ၀ါ-ရား၊ အဇ္ဇ-ဒေ့၊ တုမှာကံ-ရှင်တော် ဘုရားတို့၏၊ ကထံ – နိရောဓကထာကို၊ ထပေတ္ဝာ– ထား၍၊ မယာ-တပည့်တော်သည်၊ ဧ၀ရူပါ-ဤသို့ သဘောရှိသော၊ ကထာ– နိရောဓကထာကို၊ န သုတပုဗ္ဗာ–မကြားအပ်ဘူးပါ၊ ဣတိ-သို့၊ ပဋိဇာနန္တော– ၀န်ခံလိုသည်၏ အဖြစ်ကြောင့်၊ နောဟေတံ ဘန္တေတိ–ဟူ၍၊ ၀တ္ဝာ–လျှောက် ပြီး၍၊ ပုန- ဖန်၊ သက္ကံစ္စံ - ကောင်းစွာပြု၍၊ (ရိုရိုသေသေ)၊ ဘဂ၀တော - ၏၊ ကထာယ-၏၊ ၀ါ-ကို၊ ဥဂ္ဂဟိတဘာ၀ံ-နာယူအပ်ပြီး၏ အဖြစ်ကို၊ ဒဿေန္တော- ပြလိုသည်၏ အဖြစ်ကြောင့်၊ ဧ၀ံ ခေါ အာဟ ဘန္တေတိ အာဒိ - ကို၊ အာဟ– လျှောက်ပြီ၊ အထ-လျှောက်ရာ ထိုအခါ၌၊ အဿ-ထို ပေါ့ဌပါဒပရိဗ္ဗိဇ်အား၊ ဘဂ၀ါ-သည်၊ တယာ-သည်၊ သုဥဂ္ဂဟိတံ–ကောင်းစွာ နာယူအပ်ပေပြီ၊ ဣတိ-

× × × × × × ×

စ၍ အလုံးစုံကိုရွက်ဆောင်နိုင်သော ပညာနှင့်တကွ ကိစ္စပြီးအောင်စီမံနိုင်သော ပညာရှိ ပုဂ္ဂိုလ်ကို ယူရခြင်းသည် နည်း ၂ ပါး၏ အထူးထည်း။ [ဋီကာသစ်၌ သမ္မဇာနန္တပုဒ်၏ အထူးကို မဆိုဘဲ "၀စနသေသာပေက္ခောနပေက္ခတာ (အနွေ့ဟူသော သဒ္ဒါအကြောင်းကို ငဲ့ခြင်း, မငဲ့ခြင်းသည်) ဒွိန္နံ ဝိကပ္ပါနံ ဝိသေဿော"ဟု ဆိုလေသည်။]

သဗ္ဗာကာရေန။ ။သမာပတ္တိယာ သရူပ၀ိသေသော (နိရောဓသမာပတ်၏ သရုပ် သကောင် အထူး) သမာပဇ္ဇနကော (နိရောဓသမာပတ် ၀င်းစားနိုင်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) သမာပဇ္ဇနဿ ဌာနံ (၀င်စားရာ ဌာန) ကာရဏံ (သမာပတ် ၀င်စား ခြင်း၏ အကြောင်း) ဣတိ ဧ၀မာဒိ သဗ္ဗပ္ပကာရေန၊–ဋီကာ။

သို့၊ အနုဇာနန္တော-ခွင့်ပြုတော်မူလိုသည်၏အဖြစ်ကြောင့်၊ ဧဝံ ပေါဠ္ဍပါဒါတိ-ဟူ၍၊ အာဟ-မိန့်တော်မူပြီ။

အထ-မိန့်ဒတော်မူရာ ထိုအခါ၌၊ ပရိဇ္ဇာဇကော-ပရိဗ္ဗိဇ်သည်၊ ဘဂဝတာ-သည်၊ အာကိဉ္စညာယတနံ- အာကိဉ္စညာယတနဈာန်ကို၊ သညဂ်တိ - သညာဟူသော အမြတ်ရှိသောဈာန်ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ [အာကိဉ္စညာယတနံနှင့် အရတူသောကြောင့် " သညာ+ အဂ္ဂါ ထွောတိ သညဂ်ံ " ဟု ပြုပ၊်။] ဧတဒဝေ - ဤ အာကိဉ္စညာယတန ဈာန်သည်သာ၊ သညဂ်ံနုခေါ - သညဂ္ဂမည်လေသလော၊ ဥဒါဟု-သို့မဟုတ်၊ အဝသေသသမာပတ္တိသုပိ- ကြွင်းသော သမာပတ်တို့၌လည်း၊ သညဂ်ံ-သညဂ္ဂသည်၊ အတ္ထိနုခေါ-ရှိလေသလော၊ ဣတိ-ဤသို့၊ စိန္တေတွာ- ကြံ၍၊ တမတ္ထံ - ထို အနက်အဓိပ္ပါယ်ကို၊ ပုစ္ဆန္တော- မေးလိုသည်၏အဖြစ်ကြောင့်၊ ကေညေဝ နုခေါတိ အာဒိ - ကေညေဝနုခေါ အစရှိသောစကားကို၊ အာဟ-လျှောက်ပြီ၊ ဘဂဝါဝိ-သည်လည်း၊ အာသ-ထိုပေါဌ္ဌပါဒအား၊ ဝိသဇ္ဇေသိ-ဖြေတော်မူပြီ၊ တတ္ထ-ထိုသို့ ဖြေတော်မူရာ၌၊ ပုထုပိဘိ-ကား၊ ဗဟူနိဝိ-များစွာလည်းဖြစ်ကုန်သော၊(သညဂ်ါနိ - တို့ကို၊ ပညပေမိ ၌စပ်။)

ယထာ ယထာ ခေါ ပေါဌ္ဌပါဒ နိရောဓံ ဖုသတိတိ - ကား၊ ပထဝိကသိဏာဒိသု- ပထဝီကသိုဏ်း အစရှိသည်တို့တွင်၊ ယေန ယေန ကသိဏေန - အကြင် အကြင် ကသိုဏ်းဖြင့်၊ ဝါ- တနည်း၊ ပဌမဈာနာဒိနံ - ပဌမဈာန် အစရှိသည်တို့တွင်၊ ယေန ယေန ဈာနေန - ဖြင့်၊ (ဖုသတိ ၌စပ်၊) ဣဒံ - ဤအနက်သည်၊

× × × × × × ×

ဧဝံ ပေါဌ္ဌပါဒ။ ။ပါဠိတော်၌ " ဧဝံ ခေါ အဟံ " ဟုငြား, "ဧဝံ ပေါဌ္ဌပါဒ" ဟုငြား ဧဝံ ၂ ပုဒ်ကို နိုးကပ်စွာတွေ့ရ၏၊ ထိုတွင် ဧဝံ ခေါ အဟန္တိ ထွေ အာကာရထွေ ဧဝံသဒ္ဒေါ၊ ဧဝံ မေ သုတံ၌ ဧဝံသဒ္ဒါသည် အာကာရအနက်ကို ပြသကဲ့သို့ ဤ ဧဝံသဒ္ဒါလည်း နာယူမှတ်သားအပ်ပုံ အခြင်းအရာ (ဥဂ္ဂဟိတာကာရ) ကိုပြသော သဒ္ဒါတည်း၊ ဧဝံ ပေါဌ္ဌပါဒဿကား ဧဝံသဒ္ဒါသည် (သူ၏ လျှောက်ထားခြင်းကို ခွင့်ပြုခြင်း) ဟူသော သမ္ပဋိစ္ဆနအနက်ရှိ၏၊ "ဧဝံ-အိမ်း, ဧး, ဟုတ်၏-သင်လျှောက်သည့်အတိုင်းပင်" ဟူလို။

ပုထူဗိတိ ဗဟူနိဝိ။ ။ပုထုကို ပုံလိန် ဗဟုဝုစ်ဟု ယူဆ၍ သညဂ်ံဟူသော နပုလ္လိန်မှ ပုံလိန်ပြောင်းနေသည်ဟု သိစေလိုသောကြောင့် " ဗဟူနိဝိ " ဟု ဖွင့်ကြောင်းကို ဋီကာမိန့်သည်။ [ပုထူတိ ပါဋိယံ လိင်္ဂဝိပလ္လာသံ ဒဿေန္တော အာဟ ဗဟူနိဝိတိ၊ ဋီကာသစ်၌ကား ပုထူ၌ နိ အက္ခရာဂြိသည်ဟုလည်း ပြ၏။]

ယထာ ယထာ။ ။ပါဋိတော်၌ " ယထာ ယထာ ခေါ ပေါဌ္ဌပါဒ နိရောဓံ ဖုသတ် " ဟု ရှိ၏၊ ထို ယထာ ယထာသည် " အကြင်အကြင်သို့သော အပြားအားဖြင့် " ဟု ပကာရအနက်ကို ဟောသော်လည်း ပကာရသာမညကို ဟောသည် မဟုတ်၊ ပထဝိကသိုဏ်းစသော, ပဌမဈာန်စသော ပကာရဝိသေသကိုဟောသည်ဟု သိစေလို၍ " ပထဝိကသိဏာဒိသု ၊ပေ၊ ယေန ယေန ဈာနေန " ဟု ဖွင့်သည်။

ဝါ-ကို၊ ဝုတ္တံ-ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ- ဖြစ်၏၊ (ကိံ – အဘယ် အနက်သည်၊ ဝါ- ကို၊ ဝုတ္တံ- ဆိုအပ်သည်၊ ဝါ- ဆိုလိုသည်၊ ဟောတိ- နည်း၊) ဟိ-ချေ၊ ကရဏဘူတေန – ကရိုက်းဖြစ်၍ဖြစ်သော၊ ပထဝီကသိဏေန – ဖြင့်၊ ပထဝီကသိဏ သမာပတ္တိံ - ပထဝီကသိဏ သမာပတ်ကို၊ ကေဝါရံ - တကြိမ်၊ သမာပဇ္ဇန္တော – ဝင်စားသောပုဂ္ဂိုလ်သည်၊ ပုရိမသညာနိရောဓံ-ရှေ့ဦးဖြစ်သော ကာမသညာ၏ ချုပ်ခြင်းသို့၊ သစေ ဖုသတိ - အကယ်၍ ရောက်အံ့၊ (ဝံသတိ)၊ ကေံ-တခုသော၊ သညဉ္ဉံ-သညဉ္ဉကို၊ ဝါ-သညာဖြစ်သောအမြတ်ကို၊ (ပညပေမိ ဉ်စပ်၊) အထ – သို့မဟုတ်၊ ဒွေ ဝါရေ - ၂ ကြိမ်တို့တိုင်တိုင်၊ (သမာပဇ္ဇန္တော ပုရိမသညာနိရောဓံ သစေ ဖုသတိ၊ ဝံသတိ၊ ဒွေ- ၂ ပါးကုန်သော၊ သညဉ္ဉါနိ-တို့ကို၊ ပညပေမိ-ဉ်စပ်၊) တယော ဝါရေ-၃ ကြိမ်တို့တိုင်တိုင်၊ပေ၊ ဝါရသတံ-အကြိမ်ပေါင်းဘရာတိုင်တိုင်၊ပေ၊ဝါရသဟဿံ-အကြိမ်တထောင်တိုင်တိုင်၊ပေ၊ ဝါရသတသဟဿံ - အကြိမ်ပေါင်း တသိန်းတိုင်တိုင်၊ သမာပဇ္ဇန္တော - ဝင်စားသော ပုဂ္ဂိုလ်သည်၊ ပုရိမသညာနိရောဓံ - သို့၊ သစေ ဖုသတိ - အံ့၊ (ဝံသတိ)၊ သတသဟဿံ– တသိန်းသော၊ သညဉ္ဉါနိ - တို့ကို၊ (ပညပေမိ ဉ်စပ်၊) သေသ ကသိဏောသု – ပထဝီကသိဏ်းမှကြွင်းသော ကသိဏ်းတို့၌၊ သေ (သော) – ဤဆိုအပ်ပြီးသော အစီအရင်သည်၊ နယော - ဆောင်ကြောင်းအစီ အရင်တည်း။

[စာအုပ်တို့၌ ဝါရသတသဟဿံဝါဟု ဝါသဒ္ဒါကို တွေ့ရ၏၊ အထ ဒွေ ဝါရေ စသည်တို့၌ ပေယျာလမြှုပ်၍ ဆိုထားသောကြောင့် ဝိကပ္ပနဝါသဒ္ဒါ လိုမည် မထင်ပါ။]

× × × × × × ×

ကေံ သညဉ္ဉံ။ ။ ကေံ သည်ဟူတံ + အဉ်ံ သေဋ္ဌံတိ အတ္ထော၊ ဟေဋ္ဌိမသညာယ (အောံခေအောက် သညာထက်) ဥက္ကဋ္ဌဘာဝတော သညာစ + သာ + အဉ်ံစာတိ သညဉ်ံ၊ ဤသို့ ကမ္မဓာရဲ့ဖြေပါ၊ "နံ တု သညာသု + အဉ်ံ" ဟု တပ္ပုရိသ် မဖြေပါနှင့်၊ ဤသို့ ဋီကာဖွင့်သည်။

အထ ဒွေ ဝါရေ။ ။ဒွေ် ဝါရေနောက်၌ငင်း, တယောဝါရေ စသည်တို့၏နောံ၌ငင်း, ပေယျာလ မြှုပ်ထားသည်၊ " ဒွေ ဝါရေ သမာပဇ္ဇန္တော ပုရိမသညာနိရောဓံ ဖုသတိ၊ ဒွေ သညဉ်ါနိ" ဤသို့စသည်ဖြင့် ဝါရသဟဿံတိုင်အောင် ပေယျာလဖေါ်ပါ၊ " ဝါရသတ သဟဿံ " ၌ကား တိုက်ရိုက်ဖေါ်ထား၏၊ ဤသို့ အစနှင့် အဆုံးကိုသာ ဖေါ်ထားသောကြောင့် အာဒိအန္တ ဒီပကနည်းဟု မှတ်ပါ။

မှတ်ချက်။ ။ ဤ၌ အာရုံအရာဝယ် ကသိဏ်းအာရုံတို့ကိုသာ ပြု၍ အခြားသော အသုဘစသောစျာန်၏ အာရုံတို့ကို မပြုခြင်းမှာ နိရောဓသမာပတ်အရာ ဖြစ်သောကြောင့် တည်း။ [ဧသသကသိဏောသုတိ ကသိဏာန ဓေဝ ဂဟဏံ နိရောဓကထာယ အဓိကတတ္တာ (အရာ၏အဖြစ်ကြောင့်တည်း) ၊ တတော ဧဝ စတ္ထ စျာနဋ္ဌာနေ ကသိဏ ဣဿာနာနိ ဧဝ ဂဟိတာနီတိ ဧဝံဒိတမ်ဠံ၊– ဋီကာ။]

စျာနေသုပိ-စျာန်တို့တွင်လည်း၊ ကရဏာဘူတေန-ကရိဏ်းဖြစ်၍ဖြစ်သော၊ ပဌမဇ္ဈာနေန-ဖြင့်၊ ကေဝါရံ-တကြိမ်၊ ပုရိမသညာနိရောဓံ-သို့၊ သစေ ဖုသတိ-အံ့၊ (ဧဝံသတိ)၊ ကေ, သညဂ္ဂံ - ကို၊ (ပညပေမိ ဥ်စပ်၊) အထ - သို့မဟုတ်၊ ဒွေ ဝါရေ- ၂ ကြိမ်တို့တိုင်တိုင်၊ သမာပဇ္ဇန္တော - ဝင်စားသော်ပုဂ္ဂိုလ်သည်၊ ပုရိမသညာနိရောဓံ သစေ ဖုသတိ၊ (ဧဝံသတိ၊ ဒွေ သညဂ္ဂါနိ - တို့ကို၊ ပညပေမိ-ဥ်စပ်၊)၊ပေ၊ ဝါရသတသဟဿံ - အကြိမ်ပေါင်းတသိန်းတိုင်တိုင်၊ ပုရိမသညာနိရောဓံ-သို့၊ သစေ ဖုသတိ–အကယ်၍ရောက်အံ့၊ (ဧဝံသတိ)၊ သတသဟဿံ-တသိန်းသော၊ သညဂ္ဂါနိ-တို့ကို၊(ပညပေမိ-ဥ်စပ်၊) ဇုတိ ဝုတ္တံ ဟောတိ၊ သေသ စျာန သမာပတ္တိသုပိ-ပဌမစျာန်မှကြွင်းသော စျာန်သမာပတ်တို့ဥ်လည်း၊ သေ (ဧသော)–သည်၊ နယော– တည်း၊ ဇုတိ – ဤသို့လျှင်၊ ကေဝါရံ - တကြိမ်၊ သမာပဇ္ဇနဝသေန-ဝင်စားခြင်း၏ အစွမ်းဖြင့်ဂုဏ်း၊ သမ္ဘဝိ–အလုံးစုံသော စျာန သညာကိုလည်း၊ သဥ္ဇာနနလက္ခဏေန-အားဖြင့်၊ သင်္ဂဟေတွာ-သိမ်းယူ၍ဂုဏ်း၊ ဧကံ–သော၊ သညဂ္ဂံ- သညဂ္ဂသည်၊ ဟောတိ၊ အပရာပရံ- အထပ်ထပ်၊ သမာပဇ္ဇနဝသေန–ဖြင့်၊ ဗဟူနိ-နှ်သော၊ (သညဂ္ဂ နိ–တို့သည်၊ ဟောန္တိ)။

× × × × × × ×

ဇုတိ ၊ပေ၊ ဗဟူနိ။ ။ဇုတိဖြင့် “ ပထဝိကသိဏာဒိသု ဃယန ယေန ကသိဏေန ၊ပေ၊ယေန ဧယန စျာနေန ”စသော အကျဉ်း အကျယ် စကားရပ်ကို ပြန်၍ညွှန်းသည်၊ ထို့ကြောင့် ဇုတိစသော စကားဖြင့် ထိုအားလုံးကို နိဂုံးအုပ်သည်ဟု မှတ်ပါ။

ကေဝါရံ သမာပဇ္ဇနဝသေန ။ ။ တကြိမ် စျာန်ဝင်စားလျှင် ထို သမာပတ်အတွင်း၌ စျာနသညာတွေ များစွာဖြစ်၏၊ သို့သော် တကြိမ်ဝင်စားမှုကို အကြောင်းပြု၍ “ကေ့ံ သညဂ္ဂံ–သညဂ္ဂတခု”ဟု ယူရသည်။ [ဤ၌ “သညာ+အဂ္ဂါ သညဂ္ဂါ-မြတ်သော သညာ”ဟု ကမ္မဓာရယ်ပြု၊ (တနည်း) စျာန်ရအောင် ဗဟုဗ္ဗီဟိပြု၍“သညဂ္ဂံ”ဟု ဖြစ်သော အခါ ဘာဝလောပသော်လည်း ကြံပါ၊ မြတ်သောသညာရှိသော စျာန်၏ ဖြစ်ကြောင်း ဖြစ်ရာ မြတ်သောသညာ။]

သမ္ဘဗ္ဘိ၊ပေ၊သင်္ဂဟေတွာ။ ။သညာတွေ များပါလျက် အဘယ်နည်းဖြင့် “ကေသညဂ္ဂ”ဖြစ်နိုင်သနည်းဟု မေးဘွယ်ရှိသောကြောင့် “ သမ္ဘဗ္ဘိ သဥ္ဇာနနလက္ခဏေန သင်္ဂဟေတွာ”ဟု မိန့်၊ တကြိမ်ဝင်စားရာ၌ ဖြစ်သမျှသညာအားလုံးကို“သမ္ဘဗ္ဘိ”ဟု ဆိုသည်၊ ထို သညာအားလုံးကို သဥ္ဇာနနလက္ခဏာချင်း တူသောကြောင့် တခုတည်း ဖြစ်ရကား “ ကေ့ံ သညဂ္ဂံ ” ဟု ဆိုနိုင်ပါသည်၊ [သမာပဇ္ဇနဝသေန သဥ္ဇာနနလက္ခဏေနစ ကေတာ (ဟောတိ) ဇုတိ ဝုတ္တံ ဟောတိ၊– ဋီကာသစ်။]

မှတ်ချက်။ ။စာအုပ်တို့၌ “သမာပဇ္ဇနဝသေန ဝါ၊ပေ၊ သင်္ဂဟေတွာ ဝါ”ဟု ဝါ ၂ ပုဒ်ကိုတွေ့ရ၏၊ သမာပဇ္ဇနဝသေနနှင့် သင်္ဂဟေတွာသည် တနည်းမရ-တနည်းရသော ဝိကပ္ပနတ္ထ မဟုတ် , ၂ နည်းလုံးပေါင်းမှ သညဂ္ဂတခု ဖြစ်နိုင်သော သမုစ္စယတ္ထတည်း၊ ထို့ကြောင့် ဝါသဒ္ဒါ မရှိဆိုက်၊ သို့မဟုတ် ထိုဝါကို သမုစ္စယတ္ထသော်လည်း ကြံပါ၊ ထို့ကြောင့် ဋီကာသစ်၌ “သဥ္ဇာနနလက္ခဏေန စ”ဟု သမုစ္စယတ္ထစသဒ္ဒါဖြင့် ဖွင့်သည်။

သညာနုခေါ ဘန္တေတိ - ကား၊ ဘန္တေ- မြတ်စွာဘုရား၊ နိရောဓသမာပဇ္ဇန ကဿ-နိရောဓသို့ ကောင်းစွာရောက်သော၊ (နိရောဓသမာပတ် ဝင်စားသော)၊ ဘိက္ခုနော - ၏၊ သညာ- သည်၊ ပဌမံ- စွာ၊ ဥပ္ပဇ္ဇတိ နုခေါ- ဖြစ်ပါသလော၊ ဣတိ – ဤသို့ အစရှိသောစကားကို၊ ပုစ္ဆတိ = မေးလျှောက်၏၊ [ပါဠိတော်၌ လျှံပုံ ၃ နည်းရှိသောကြောင့် ဣတိကို အာဒျတ္ထ ကြီလိုက်ပါသည်၊ သို့မဟုတ် နိဒဿနတ္ထ ကြီပါ။] တဿ-ထို ပေါဠဝါဒပရိပ္ဗိုင်အား၊ ဘဂဝါ-သည်၊ သညာ ခေါ ပေါဠဝါဒါတိ – ဟူ၍၊ ဗျာကာသိ – ဖြေတော်မူပြီ။ [ဣတိ သဒ္ဒါကို ရှေး အတိုင်း ကြီပါ။] တတ္ထ – ထို သညာ ခေါ ပေါဠဝါဒ အစရှိသောစကားရပ်၌၊ သညာတိ-ကား၊ ဗျာနသညာ– စျာန်နှင့်ယှဉ်သော သညာသည်၊ (“ပဌမံ ဥပ္ပဇ္ဇတိ”ဟု ပါဠိတော်၌စပ်)၊ ဉာဏန္တိ - ကား၊ ဝိပဿနာညာဏံ- သည်၊ (“ပစ္ဆာ ဥပ္ပဇ္ဇတိ”ဟု စပ်)၊ အပရော– အခြားသော၊ နယော- တနည်းကား၊ သညာတိ– ကား၊ ဝိပဿနာသညာ-သည်၊ (ပဌမံ ဥပ္ပဇ္ဇတိ)၊ ဉာဏန္တိ-ကား၊ မဂ္ဂညာဏံ- မဂ်ဉာဏ်သည်၊ (ပစ္ဆာ ဥပ္ပဇ္ဇတိ)၊ အပရော-သော၊ နယော-ကား၊ သညာတိ– ကား၊ မဂ္ဂသညာ–မဂ်နှင့်ယှဉ်သော သညာသည်၊ (ပဌမံ ဥပ္ပဇ္ဇတိ)၊ ဉာဏန္တိ– ကား၊ ဖလညာဏံ - သည်၊ (ပစ္ဆာ ဥပ္ပဇ္ဇတိ)။

ပန- ဝါဒန္တရ၊ တိဝိဒုက မဟာသိဝတ္ထေရော- သည်၊ အာဟ-ဆိုပြီ၊ (ကိံ)၊ ဣမေ ဘိက္ခူ- တို့သည်၊ ကိံ – အဘယ်ကို၊ ဘဏန္တိ – ပြောနေကြပါကုန်လိမ့် မည်နည်း၊ ပေါဠဝါဒေါ- သည်၊ ဟေဋ္ဌာ- ၌၊ ဘဂဝန္တံ ·ကို၊ နိရောဓံ-နိရောဓ သမာပတ်ကို၊ ပုစ္ဆိ -မေးလျှောက်ခဲ့ပြီ၊ ဣဒါ-နိ၌၊ နိရောဓာ-မှ၊ ဝုဋ္ဌာနံ-ထခြင်း ကို (ထပုံထနည်းကို)၊ ပုစ္ဆန္တော – မေးလျှောက်လိုသည်၏ အဖြစ်ကြောင့်၊

× × × × × × ×

နည်း ၃ မျိုး ။ ။ အဋ္ဌကထာဝယ် သညာနှင့် ဉာဏ်၏ အရကောက်ကို ပြရာ၌ နည်း ၃မျိုးပြထား၏၊ ထိုတွင် ပဌမနည်းသည် ပါဒကဈာန်ဝင်စားပြီးမှ ဝိပဿနာရှုသော ပုဂ္ဂိုလ်အတွက် သညာ – ဉာဏ်တို့၏ ရှေနောက် ဖြစ်ပုံကိုပြသောနည်းတည်း၊ ဒုတိယ နည်းသည် ဝိပဿနာရှုရင်း တဆက်တည်း မဂ်ရသောပုဂ္ဂိုလ်အတွက် သညာ-ဉာဏ်တို့၏ ရှေနောက်ဖြစ်ပုံကိုပြသော နည်းတည်း၊ တတိယနည်းကား မဂ္ဂဇိတိ၌ မဂ္ဂသညာနှင့် ဖလ ဉာဏ်တို့၏ ရှေနောက်ဖြစ်ပုံကိုပြသော နည်းတည်း၊ ထိုတွင် ပဌမနည်းသည် ဧလောကီ သညာနှင့် လောကီဉာဏ်ကိုသာ ပြသောကြောင့် သြဠာရိက (ကြမ်းတန်း) ၏၊ ဒုတိယ နည်းသည် ဧလောကီသညာနှင့် လောကုတ္တရာဉာဏ်ကို ပြသောကြောင့် မိဿကဖြစ်၏၊ တတိယနည်းသာ ဧလောကုတ္တရာသက်သက် ဖြစ်သောကြောင့် သုခုမက မ္မဋ္ဌရဖြစ်သည်-ဟု ဋီကာတို့ဆိုသည်။

မဟာသိဝတ္ထေရော။ ။ဒီဃနိကာယ်ပါဠိတော်ကို စာပြန်သလို ရွတ်အံကြကုန်စဉ် ဤပါဠိရပ်သို့ ရောက်သောအခါ အဋ္ဌကထာ၌ ဖွင့်ပြအပ်ခဲ့သော နည်း ၃ မျိုးကို ပြောဆိုကြသော ရဟန်းတို့ကို တိပိဋကမဟာသိဝထေရ်က “ဒီရဟန်းတွေဟာ ဘာကို ပြောနေ

ဘဂဝါ–မြတ်စွာဘုရား၊ နိရောဓာ-မှ၊ ဝုဋ္ဌဟန္တိသ-ထဒေသာ ရဟန်း၏၊ ပဌမံ-စွာ၊ အရဟတ္တဖလသညာ-အရဟတ္တဖိုလ်နှင့်ယှဉ်သော သညာသည်၊ ဥပ္ပဇ္ဇတိ ကိံ–ဖြစ်ပါသလော၊ ဥဒါဟု-သို့မဟုတ်၊ ပစ္ဆာဝက္ကန္တာဉာဏံ-သည်၊(ဥပ္ပဇ္ဇတိ ကိံ–လော၊) ဇာတိ- သို့၊ ဝဒတိ - လျှောက်၏၊ အထ–လျှောက်ရာ ထိုအခါ၌၊ အာသဲ–ထို ပေါဋ္ဌပါဒအား၊ ဘဂဝါ–သည်၊ ယသ္မာ- ကြောင့်၊ ဖလသညာ–အရဟတ္တဖိုလ်နှင့်ယှဉ်သော သညာသည်၊ ပဌမံဥပ္ပဇ္ဇတိ၊ပစ္ဆာ-၌၊(နောက်မှ)၊ ပစ္ဆာဝက္ကန္တာဉာဏံ (ဥပ္ပဇ္ဇတိ)၊ တသ္မာ-ကြောင့်၊ သညာခေါ ပေါဋ္ဌပါဒါတိ–ဟူ၍၊ (ဘဂဝါ)အာဟ- မိန့်တော်မူပြီ၊ (ဇာတိ-သို့၊ အာဟ-မဟာသိဝထေရ်ဆိုပြီ)၊ တတ္ထ-ထိုသညာခေါ ပေါဋ္ဌပါဒအစရှိသောစကားရပ်၌၊ သညုပ္ပါဒါတိ-ကား၊ အရဟတ္တဖလသညာယ-၏၊ ဥပ္ပါဒါ-ဖြစ်ခြင်းကြောင့်၊ ပစ္ဆာ–၌၊ ဝါ-မှ၊ ဇာတံ-၍ဟုဆိုး၊ သည်၊ အရဟတ္တဖလံ-တည်း၊ ဇာတိ ဧဝံ–သို့၊ ပစ္ဆာဝက္ကန္တာဉာဏံ ပေါဋ္ဌပါဒါ – ပစ္ဆာဝက္ကန္တာဉာဏ်၏ ဖြစ်ခြင်းသည်၊ ဟောတိ၊ ဇာဒပ္ပစ္စယာ ကိရ မေတိ - ကား၊ ဖလသမာဓိသညာပစ္စယာ – ဖလသမာဓိနှင့်ယှဉ်သော သညာဟူသော အကြောင်းကြောင့်၊ မယံ-၏၊ ပစ္ဆာဝက္ကန္တာဉာဏံ-.သည်၊ ဥပ္ပန္နံကိရ-ဖြစ်ပါတကား၊ ဇာတိ-သို့၊ (“ပဇာနာတိ”ဟု ပါဠိတော်၌စပ်)။

× × × × × × ×

ကြသနည်း”ဟု ပြောပြီးလျှင်....“ပေါဋ္ဌပါဒသည် နိရောဓသမာပတ်ကို မေးပြီးနောက် နိရောဓမှထသော (ရဟန္တာ, အနာဂါမ်) ပုဂ္ဂိုလ်မှာ သညာက အလျင်ဖြစ်ပါသလား, ဉာဏ်ကအလျင်ဖြစ်ပါသလား စသည်ဖြင့် ဘုရားရှင်အား လျှောက်သောစကား ဖြစ်သည်” ဟု ဆုံးဖြတ်စကားကို မိန့်သည်။ [ဤဆဋ္ဌ၏ဝါဒကို နောက်ဆုံးမပြသောကြောင့် အနှစ်သာရဟု အဋ္ဌကထာဆရာ ဆိုလို၏၊ ထို့ကြောင့် နောက်၌“သညုပ္ပါဒါတိ အရဟတ္တဖလသညာယ ဥပ္ပါဒါ”စသည်ဖြင့် ဤ ထေရဝါဒအားလျော်စွာ ဖွင့်သည်။]

ကိရ။ ။ကိရာတိ အနုဿရဏတ္ထေ (အစဉ်လိုက်၍ အောက်မေ့ခြင်း အနက်၌) နိပါတော၊ ယထာဓိဂတ ဓမ္မာနုဿရဏဂ္ဂါယာ ဟိ ပစ္ဆာဝက္ကန္တာ (ပစ္ဆာဝက္ကန္တာဉာဏ်ဖြင့် ဆင်ခြင်မှုဟူသည် တရားကိုအစဉ်လိုက်၍ အောက်မေ့ခြင်းအဖို့ရှိ၏၊ ထို့ကြောင့် ဤကိရသဒ္ဒါသည် အနုဿရဏတ္ထနိပါတ် ဖြစ်သည်။

ဖလသမာဓိသညာ။ ။ဇာဒပ္ပစ္စယာကို ဖွင့်ရာ၌“ဖလသမာဓိသညာ ပစ္စယာ” ဟု ဆို၏၊ သို့သော် သမာဓိနှင့်သာ ယှဉ်သော သညာမဟုတ် , အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်အားလုံးနှင့် ယှဉ်သော သညာဖြစ်၏၊ ထို့ကြောင့် သမာဓိကို ခေါင်းတပ်၍ ဥပလက္ခဏနည်းအားဖြင့် ဆိုထားသည်၊ သဟစရဏနည်းအားဖြင့် တကွဖြစ်ဘက် အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်အားလုံးကို ယူပါ။ [အရဟတ္တဖိုလ်၌ သမာဓိပဓာန မဟုတ် , သညာပဓာန ဖြစ်သောကြောင့် ပဓာနနည်းကို မယူပါ၊....သမာဓိသီသေနစေတ္တ သဗ္ဗံ အရဟတ္တဖလံ ဂဟိတံ သဟစရဏဘာဉယေန၊ တသ္မိံ အသတိ ပစ္ဆာဝက္ကန္တာဃ အသမ္ဘဝေါတိ ပါဋိယံ ဇာဒပ္ပစ္စယာတိ ဝုတ္တံ၊–ဋီကာသစ်။]

သညာအတ္ထကထာ

ဇာဒါနိ-ယခုအခါ၌၊(သညာနှင့် ဉာဏ်တို့၏ ရှေးနောဝံဖြစ်ပုံကို ပြတော်မူပြီးရာ ယခုအခါ၌၊)ပရိဗ္ဗာဇကော-ပရိဗ္ဗိုဇ်သည်၊(ပုစ္ဆန္တော အာဟ-၌စပ်၊)ယထာ နာမ-ဥပမာမည်သည်ကား၊ ဂါမသူကရော-ရွာဝက်သည်၊ [တောဝက်က မစင်မကြိုက်သောကြောင့် ရွာဝက်ကို ပြသည်။] ဂန္ဓောဒကေန-နံ့သာရေဖြင့်၊ နှာပေတွာ-ရေချိုးစေပြီး၍၊ဝါ-ရေချိုးပေးပြီး၍၊ ဂန္ဓေဟိ-နံ့သာတို့ဖြင့်၊ အနုလိမ္ပိတွာ-ပါးပါး လိမ်းကျံ၍၊ မာလာဒါမံ - ပန်းကုံးကို၊ ပိဉ္ဇန္တိတွာ – ပန်ဆင်၍၊ သိရီသယနေ - အသရေရှိသော အိပ်ရာ၌၊ အာရောပိတော - တင်ထားအပ်သည်၊ (သမာနော)ပိ–ဖြစ်ပါသော်လည်း၊ သုခံ–ချမ်းသာကို၊ နဝိန္ဒတိ ယထာ- မရသကဲ့သို့၊ ဝေဂေန–လျင်စွာ၊ ဂုထဘောနမေဝ- မစင်ရှိရာ အရပ်သို့သာ၊ ဂန္ဒွာ–သွားပြီး၍၊ ဝါ-သွားပြီးမှ၊ သုခံ-ကို၊ ဝိန္ဒတိ ယထာ – ရသကဲ့သို့၊ ဇဝမေဝ–ဤအတူသာလျှင်၊ ဘဂဝတာ–သည်၊ သဏ္ဌသုခုမတိလက္ခဏဿာဟတာယ–သိမ်မွေ့နုံ့သည် ဖြစ်၍ လက္ခဏာရေး သုံးရပ်ဖြင့် တံဆိပ်ခတ်အပ်သော၊ ဒေသနာယ - ဒေသနာတော်ဖြင့်၊ နှာပိတဝိလိတ္တမတ္တိုးတာ – ရေးချိုးစေအပ် လိမ်းကျံအပ် တန်ဆာဆင်အပ်ပြီးသည်၊ (သမာနောပိ - ဖြစ်ပါသော်ငင်း၊) နိရောဓကထာသိရိသယနံ – နိရောဓကထာ တည်းဟူသော အာသရေရှိသော အိပ်ရာသို့၊ အာရောပိတော-တင်ထားအပ်သည်၊ (သမာနောပိ- သော်ငင်း၊) တတ္ထ-ထို အိပ်ရာ၌၊ သုခံ–ကို၊ နဝိန္ဒန္တော-မရသည်၊(ဟုတွာ-ဖြစ်၍၊)ဂူထဘောန သဒိသံ–မစင်ရှိရာ အရပ်နှင့်တူသော၊ အတ္တနော-မိမိ၏၊ လဒ္ဓိ-အတ္တအယူကို၊ ဂဟေတွာ- ယူ၍၊ တမေဝ–ထို အယူကိုပင်၊ ပုစ္ဆန္တော–မေးလိုသည်၏ အဖြစ်ကြောင့်၊ သညာနုခေါဘန္တေ ပုရိသဿ အတ္တာတိ အာဒိ-အစရှိသောစကားကို၊ အာဟ- လျှောက်ပြီ။

အထ-လျှံရာထိုအခါ၌၊ အဿ-ထို ပေါဋ္ဌပါဒအား၊ ဝါ-၏၊ အနုမတိ-လျော်စွာသိတတ်သောအလိုကို၊ ဂဟေတွာ-ယူတော်မူ၍၊[ကံပန တွံစသည်ဖြင့် မေးတော်မူခြင်းသည် အနုမတိပုစ္ဆာ ဖြစ်ရကား သူ၏အလိုကို ယူရာရောက်သောကြောင့်၊"အနုမတိံ ဂဟေတွာ"ဟု ဆိုသည်။] ဗျာကာတုကာမော–ဖြေ

× × × × × × ×

သဏ္ဌ၊ဝေ၊ နှာဟတာယ။ ။ဒေသနာတော်သည် သဏ္ဌ (သိမ်မွေ့သန့်ရှင်း)သည့်အတွက် သားရဖန္တ,မဂ္ဂ,ဖလသာ,စသော အညစ်အကြေးတို့ကို သုတ်သင်နိုင်ရကား ထိုဒေသနာတော်ကို နာရခြင်းကြောင့် ဖြစ်သော သုတမယဉာဏ်သည် နှာပိတ (ရေချိုးစေအပ်) သကဲ့သို့ဖြစ်၏၊ နုံ့သည့်အတွက် နုံ့သာရည်ကဲ့သို့ လိမ်းထားသကဲ့သို့ဖြစ်၏၊ အနီစွတာစသော လက္ခဏာ ၃ ရပ်ဖြင့် တံဆိပ်ခတ်အပ်သည့်အတွက် နားဆောင်းစသော တန်ဆာတို့ဖြင့် ဆင်မြန်းအပ်သကဲ့သို့ ဖြစ်သည်။

ခြင်းဌါ အလိုရှိတော်မူသော၊ ဘဂဝါ-သည်၊ ကံ ပန တွံတိအာဒိံ-အစရှိသော စကားကို၊ ဒါဟ– မိန့်တော်မူပြီ၊ တတော – ထိုသို့ မိန့်တော်မူခြင်းကြောင့်၊ သော-ထိုပေါဋ္ဌပါဒ သည်၊အတ္တာ-အတ္တသည်၊ အရူပီ-ဖေါက်ပြန်ခြင်းမရှိ၊ ဇာတိ ဧဝံ လဒ္ဓိကော- ဤသို့အယူရှိသည်၊ သမာနောပိ–သော်လည်း၊ ဘဂဝါ-သည်၊ ဒေဿနာယ–ဟောတော်မူခြင်း၌၊ သုကုသလော–အလွန်ကျွမ်းကျင်တော်မူ၏၊ (ထိုသို့ ကျွမ်းကျင်သောကြောင့်“ငါ၏အယူကို ဖျက်လိမ့်မည်”ဟု စိုးရိမ်သည်-ဟူလို၊)သော-ထိုမြတ်စွာဘုရားသည်၊ မေ-ငါ၏၊ လဒ္ဓိံ-အယူကို၊ အာဒိတော ဝ-အစဦးပင်၊ မာဝိဒ္ဓံသေတု–မဖျက်ဆီးပါစေလင့်၊ ဇာတိ-ဤသို့၊ စိန္တေတွာ-ကြံ၍၊ အတ္တနော-မိမိ၏၊ လဒ္ဓိံ-ကို၊ ပရိဟရန္တော-(ဖျက်ဆီးခြင်းမှ)ရှောင်လွှဲလိုသည်၊ (ဟုတွာ)၊ သြဠာရိကံ ခေါတိ အာဒိံ-ကို၊ အာဟ-လျှောက်ပြီ၊ အထ-လျှံရာထိုအခါ၌၊ အသ–ထို ပေါဋ္ဌပါဒအား၊ ဘဂဝါ–သည်၊ တတ္ထ - ထို အယူ၌၊ ဒေါသံ–အပြစ်ကို၊ ဒဿေန္တော - ပြတော်မူလိုသည်၏ အဖြစ်ကြောင့်၊ သြဠာရိကော စ ဟိ တေတိ အာဒိံ-ကို၊ အာဟ-မိန့်တော်မူပြီ၊ တတ္ထ-ဆိုသြဠာရိကောစ အစရှိသော စကားရပ်၌၊ ဧဝံ သန္တံ တိ–ကား၊ ဧဝံ သန္တေ–ဤသို့ ဖြစ်လသော်၊ ဟိ–မှန်၏၊ တေံ–ဤ ဧဝံ သန္တံ ဟူသော သဒ္ဒါသည်၊ ဘုမ္မတ္ထေ–သတ္တမီဝိဘတ်၏ အနက်၌၊ ဥပယောဂဝစနံ–ဒုတိယာဝိဘတ်ရှိသော သဒ္ဒါတည်း၊ ဝါ-တနည်း၊ ဧဝံ သန္တံ-ဤသို့ ဖြစ်သော၊ အတ္တာနံ–အတ္တကို၊ ပစ္စာဂစ္ဆတော-သိသော၊ ဝါ-

× × × × × × ×

ကံ ပန တွံ။ ။“သြဠာရိကော အတ္တာ, မနောမယော အတ္တာ, အရူပီ အတ္တာ”ဟု အတ္တအယူ ၃ မျိုးတွင် အသင်သည် အဘယ်အတ္တကို ယုံကြည်သနည်းဟု မေးတော်မူလို၍ “ကံ ပန တွံ”စသည်ကို မိန့်တော်မူသည်။

ဒေါသံ ဒဿေန္တော ။ ။ အကယ်၍ အတ္တသည် ရူပီ (ဖေါက်ပြန်ခြင်းရှိသော အရာ)ဖြစ်အုံ၊ ဤသို့ ဖြစ်လျှင် သင်၏ အတ္တသည် ရုပ်တရားဖြစ်ရာ၏၊ သညာရှိသော သည်းကား မဖြစ်နိုင်၊ ဘာ့ကြောင့်နည်း– သညာက ရူပီမဟုတ်သောကြောင့်၎င်း, ရုပ်တရားတို့က သညာ၏ သဘောနှင့် သဘော မရှိသောကြောင့်၎င်းတည်း၊ အတ္တသည် ရူပီဖြစ်သော်လည်း သင်၏ အလိုအားဖြင့် နိစ္စဖြစ်အုံ၊ ဤသို့ဖြစ်လျှင် သညာကမူ အဆင့်ဆင့်ဖြစ်သောကြောင့် အဆက်ဆက် ပျက်ရကား အနိစ္စ ဖြစ်၏၊ ဤသို့အားဖြင့် သညာနှင့် အတ္တသည် တခုတည်း မဟုတ်နိုင်၊ သညာက တခြား, အတ္တက တခြားသာ ဖြစ်၏။

ထို့ပြင်– သညာ မဟုတ်သောကြောင့် သင်၏ရူပီအတ္တသည် စေတနာမရှိ၊ စေတနာ မရှိလျှင် သင်၏ အတ္တသည် ကံကို မပြုနိုင်၊ ကံကို မပြုနိုင်လျှင် အကျိုးကိုလည်း မခံစားနိုင်၊ ဤအဓိပ္ပါယ်များ သက်ရောက်လျက် ရှိရကား သင်၏ အတ္တသည် ကာရကဝေဒက မဟုတ်တော့, ကာရကဝေဒက မဟုတ်လျှင်“အတ္တ”ဟုပင် မဆိုနိုင်တော့–ဟူလို။

ဧဝံ သန္တံ။ ။“သော်”ဟု ပြေးရသောကြောင့် သတ္တမီအနက်၌ ဒုတိယာဝိဘတ်ဟု ပဌမဖွင့်၏၊“ပစ္စာဂစ္ဆတော”ဟု ပါဌသေသထည့်လျှင် ထိုပါဌသေသ၌ စပ်နိုင်သောကြောင့် ကံအနက်၌ပင် ဒုတိယာသက်သည် ဟု တနည်းပြပြန်သည်၊ ပစ္စာဂစ္ဆတောကို

ဝါဒအားဖြင့် ရှေရှုဖြစ်သော၊ တဝ-သင်၏၊ (“မတိယာ - အလိုအားဖြင့်”ဟု ထည့်၍ “အညာဝ သညာ အဘဝိဿ”စသည်၌ စပ်၊)ဇုတိ အယံ-ဤဆိုအပ်ပြီးကား၊ ထွေ-ဤဝံ သန္တံ ဟူသော ပုဒ်၌၊ အထွော-အနက်တည်း၊ စ-ဆက်၊ စတုန္နံ - ၄ ပါးကုန်သော၊ ခန္ဓာနံ - နာမ်ခန္ဓာတို့၏၊ ကေပွါဒေကနိရောဓတ္တာ-တူးသော ဖြစ်ခြင်း, တူသောချုပ်ခြင်း ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ယာသညာ-အကြင် သညာသည်၊ ဥပ္ပဇ္ဇတိ - ဖြစ်၏၊ သာဝ - ထို သညာသည်သာ၊ ကိစ္စာပိ နိရုဇ္ဈတိ - အကယ်၍ကား ချုပ်ပါပေ၏၊ ပန – ထိုသို့ပင် ဖြစ်သော သညာသည်သာ ချုပ်ရပါသော်လည်း၊ အပရာပရံ - အဆက်ဆက်သော သညာကို၊ ဥပါဒါယ-ကပ်ယူ၍၊ အညာစ သညာ ဥပ္ပဇ္ဇန္တိ, အညာစ သညာ နိရုဇ္ဈန္တိတိ-ဟူ၍၊(ဘဂဝတာ)ဝုတ္တံ-ဟောတော်မူအပ်ပြီ။

ဤဒါနိ-ရူပီအတ္တကို ပြပြီးရာ ယေခုအခါ၌၊ အညံ–ရူပီအတ္တမှ တမျိုးတခြားသော၊ လဒ္ဓိ - မနောမယ အတ္တ အယူကို၊ ဒဿေန္တော - ပြလိုသည်၏ အဖြစ်ကြောင့်၊ မနောမယံ၊ပေ၊ ဘန္တေတိ အာဒိံ - အစရှိသော စကားကို၊ ဝတ္ဝာ–လျောက်ပြီး၍၊(“ဝဒေန္တော အာဒိမာဟ”၌စပ်)၊ တတြာပိ–ထိုမနောမယအတ္တ အဖို့၌လည်း၊ ဒေါသေ - အပြစ်ကို၊ ဒိန္နေ - ပေးအပ်ပြန်သော်၊ ယထာ နာမ–ဥပမာမည်သည်ကား၊ ဥမ္မတ္တကော-သူရူးသည်၊ ယာဝ- လောက်၊ အဿ–ထို သူရူး၏၊ သညာ-သညာသည်၊ နပ္ပတိဋ္ဌာတိ-အာရုံ၌ မတည်တံ့သေး၊ တာဝ-ထို မတည်တံ့သေးသမျှ၊ အညံ-အခြားသော စကားကို၊ ဂဟေတ္ဝာ–ယူ၍၊ အညံ–

× × × × × × ×

“ဇာနန္တော”ဟု ဋီကာဖွင့်၏၊ ဋီကာသစ်၌“ပတိ+ဂစ္ဆတော”ဟု ခွဲ၍၍, ပတိကို ပတိစ္ဆဟုဂင်း, ဂစ္ဆတောကို “ဝါဒေန+ပဝတ္တသ”ဟုဂင်း တနည်းဖွင့်သည်။ [သုတ်ကြိုးဖြင့် ပတိကို ပစ္ဆပြု၍ “ပစ္ဆ+ဂစ္ဆတော”ဟု ရှိမှ ဋီကာအဖွင့်နှင့် ညီ၏၊ စာအုပ်တို့၌“ပစ္ဆာ”ဟု ဒီဃဖြင့်ရှိရကား“ပတိ+အာဂစ္ဆတော”ဟု ပုဒ်ဖြတ်ရလိမ့်မည်၊ ထိုအာဂစ္ဆတောကို “ဇာနတော ပဝတ္တသ”ဟု မဖွင့်နိုင်ပါ။]

တတြာပိ ဒေါသေ ဒိန္နေ။ ။တတြာပိတိ မနောမယော အတ္တာတိ ဤမသို့ ပက္ခေ (ဤဝါဒအဖို့၌လည်း)၊ ဒေါသေ ဒိန္နေကို “ အတ္တာနော လဒ္ဓိံ ယေဝ ဝဒန္တော အရူပိံ ခေါတိ အာဒိမာဟ”၌ စပ်ပါ၊ “သင်၏ အတ္တသည် မနောမယ သမ္ဘင်္ဂါ အဟိနိန္ဒြိယ ဖြစ်လျှင် ရုပ်အတ္တ ဖြစ်ရာ၏၊ သညီအတ္တ မဖြစ်နိုင်၊ ထိုသို့ မဖြစ်နိုင်လျှင် သညာမရှိသောကြောင့် စေတနာလည်းမရှိ စသည်ဖြင့် ရှေအတိုင်း အပြစ်ပေးပုံကို နည်းမှီး၍သိပါ။

ယထာနာမ။ ။ဤပရိဋ္ဌိဇ်သည် ပဌမတုန်းက သြဠာရိကရူပီအတ္တဟု ယူပြီးလျှင် အပြစ်ပြသောအခါ ထိုဝါဒကိုစွန့်၍ မနောမယအတ္တဟု ယူပြန်၏၊ ထို၌ အပြစ်ပြပြန်သော အခါ ထို မနောမယအတ္တအယူကို စွန့်၍ အရူပီအတ္တဟု ယူပြန်၏၊ အဘယ့်ကြောင့် ဤသို့ အပြောင်းအလဲ လုပ်နေပါသနည်း ဟု မေးဘွယ်ရှိသောကြောင့် ယထာနာမ စသည်ကို မိန့်သည်၊ သူရူး၏ ယူခြင်းမျိုးဖြစ်ရကား အကြောင်းပြဘွယ်မလိုပါ– ဟူလို။

ကို၊ ဝိသဇ္ဇဘိ- စွန့်လွှတ်၏၊ ပန- အနွယ၊ သညာပတိဋ္ဌာနကာလေ-သညာ၏ အာရုံဝယ် တည်တံ့ရာ အခါ၌၊ ဝတ္တုမ္မဒမေဝ - ဆိုထိုက်သော စကားကဲ့သ၊ ဝဒတိ ယထာ-ပြောဆိုသကဲ့သို့၊ ဧဝမေဝ-၌ အတူ ဃာလျှင်၊ အည့် - အခြား သော အယူကို၊ ဂဟေတွာ-၍၊ အည့်-ကို၊ ဝိသဇ္ဇေတွာ- စွန့်လွှတ်၍၊ ဣဒါနိ-၌၊ အတ္တနော-၏၊ လဒ္ဓိံ ယေဝ - အယူကိုသာ၊ ဝဒန္တော - လျှောက်လိုသည်၏ အဖြစ်ကြောင့်၊ အရူပိံ ခေါတိ အာဒိံ-ကို၊ အာဟ-လျှောက်ပြီ။

တတြာပိ-ထို အရူပိံ ခေါ အစရှိသော စကားရပ်၌လည်း၊ ယသ္မာ-ကြောင့်၊ သော- ထို ပရိဗ္ဗိုဇ်သည်၊ သညာယ- ၏၊ ဥပ္ပါဒနိရောဓံ - ဖြစ်ခြင်း ချုပ်ခြင်းကို၊ ဣစ္ဆတိ- အလိုရှိ၏၊ ပန- ထို သို့ပင် အလိုရှိပါသော်လည်း၊ အတ္တာနံ- အတ္တကို၊ သဿတံ-မြဲ၏ဟူ၍၊ မညဘိ- မှတ်ထင်၏၊ တသ္မာ, တထေဝ- ထို ရှေးအတိုင်းပင်၊ အသ- ထို ပရိဗ္ဗိုဇ်အား၊ ဒေါသံ- ကို၊ ဒဿေန္တော - ပြတော်မူလိုသော၊ ဘဂဝါ - သည်၊ ဧဝံ သန္တံပိတိ အာဒိ' - ဧဝံ သန္တံပိ အစရှိသောစကားကို၊ အာဟ-ပြီ၊ တဇေတာ - ထို သို့ မိန့်ဆိတ်မူခြင်းကြောင့်၊ ပရိဗ္ဗာဇကော-သည်၊ ဒိစ္ဆာဒဿနေန- မှားသောအမြင်သည်၊ (မိစ္ဆာအယူသည်)၊ အဘ်ဘူတတ္တာ- လွန်းမိုးအပ်သည်၏အဖြစ်ကြောင့်၊ ဘဂဝတာ-သည်၊ ဝုစ္စမာနမ္ပိ-ဟောတော်မူအပ်ပါသော်လည်း၊ တံ နာနုတ္တံ-ထို သညာနှင့် အတ္တ၏ ထူးသည်၏အဖြစ်ကို၊ အဇာနန္တော - မသိသည်၏အဖြစ်ကြောင့်၊ သက္ကာ ၊ပေ၊ မယာတိ အာဒိံ - ကို၊ အာဟ-လျှောက်ပြီ၊ အထ- လျှံထားရာ ထိုအခါ၌၊ ဘဂဝါ- သည်၊ ယသ္မာ-ကြောင့်၊ သော- ထို ပရိဗ္ဗိုဇ်သည်၊ သညာယ- သညာ၏၊ ဥပ္ပါဒနိရောဓံ- ကို၊ ပဿန္တော-ပိ- မြင်ပါ၊သော်လည်း၊ သညာမယံ- သညာဖြစ်သော (သညာအတိ

× × × × × × × ×

သညာ နပတိဋ္ဌာတိ။ ။ယူထားအပ်ပြီးသော အာရုံ၌ (အယူ၌) သညာသည် စွဲမြဲစွာမတည်၊ ထိုသို့ မတည်သောကြောင့် ယူအပ်ပြီးအာရုံကို စွန့်ပစ်နိုင်သည် -- ဟူလို၊ ဥပမေယျာဂက်၌ "အည့် ဂဟေတွာ" အရ "မနောမယ အဘ္ဘ" စသော နောက်အယူကို ယူခြင်းဟုဆင်း, "အည့် ဝိသဇ္ဇတိ" အရ ရှေ့အယူကို စွန့်ခြင်းဟုဆင်း မှတ်ပါ။

တံ နာနုတ္တံ အဇာနန္တော။ ။ရုပ်အစဉ်သည်ဆင်း, နာမ်အစဉ်သည်ဆင်း တစဉ် တတန်းတည်း ဖြစ်ပျက်နေရကား တခဲနက် တခုတည်းကဲ့သို့ ဖြစ်၍နေသည်ကို "သန္တတိ ဃန" ဟု ခေါ်၏၊ တကြိမ်ဖြစ်လျှင် ရုပ်ကလာပ်အပေါင်းသည်ဆင်း, စိတ် စေတသိက် နာမ်အပေါင်းသည်ဆင်း စုပေါင်း၍ဖြစ်ရကား တခဲနက် တခုတည်းကဲ့သို့ ဖြစ်၍နေသည် ကို "သမူဟဃန" ဟု ခေါ်၏၊ ထိုဃနကို ခွဲခြား ဝေဘန်တတ်သောဉာဏ်ကို "ဃန ဝိနိဗ္ဘောဂဉာဏ်" ဟု ခေါ်၏၊ အဘိဓမ္မာ၌ မကျမ်းကျင်လျှင် ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း ထိုဉာဏ်မျိုးမရှိနိုင်၊ မရှိလျှင် ထို ရုပ်နာမ်အစဉ် ရုပ်နာမ်အပေါင်းကို အတ္တဟုဆင်း, နိစ္စဟုဆင်း ယူလိမ့်မည်သာ၊ ထိုဉာဏ်မျိုးမရှိသော ပေါဌဗ္ဗဓါဒ ပရိဗ္ဗိုဇ်သည်လည်း ထိုသို့ ယူသောကြောင့် သညာနှင့် အတ္တကို ခွဲခြား၍ ဘုရားရှင် ဟောတော်မူအပ်ပါသော်လည်း ထိုအထူးကို မသိနိုင်ဘဲရှိရကား "သက္ကာ ပန ဘဂဝန္တေ" စသည်ဖြင့် မေးလျှောက်ပြန်သည်။

ပြီးသော)၊ အတ္ထာနံ–အတ္ထကို၊ နိစ္စမေဝ–မြဲမြံဟူ၍သာ၊ မညတိ- မှတ်ထင်၏၊ တသ္မာ–ကြောင့်၊ ဒုဇ္ဇာနံ ခေါတိ အာဒိ-ကို၊ အာဟ – မိန့်တော်မူပြီ။

တတ္ထ- ဒုဇ္ဇာနံ ခေါ အစရှိသော ထိုစကားရပ်၌၊ အယံ-ကား၊ သဒ္ဒ်ပတ္ထော- အကျဉ်းဖြစ်သော အနက်တည်း၊ တဝ–သင်၏၊ အညာ–တမျိုးတခြားသော၊ (သာသနာတော်၌ဖြစ်သော မဇ္ဈိမပဋိပဒါအမြင်မှ တမျိုးတခြားသော၊) ဒိဋ္ဌိ–အမြင်သည်၊ (အယူသည်၊ ဟောတိ)၊ အညာ-သော၊ ခန္ဓိ - နှစ်သက်ခြင်းသည်၊ (ဟောတိ)၊ အညာ - သော၊ ရုစိ - အလိုသည်၊(ဟောတိ)၊ [ရှေးစာအုပ်တို့၌ “ အညာ ခန္ဓိ ရုစိယော ” ဟု ရှိခဲ့ဟန်တူ၏၊ ဘာ့ကြောင့်နည်း– နောက်၌ အညဝေဝ ၊ပေ၊ ခမတိစေဝ ရုစ္စတိစ ” ဟု တပေါင်းတည်း ဆိုသောကြောင့်တည်း၊ ထို့ကြောင့် “ ရုစိယော ” ဟု မူကွဲအဖြစ်ဖြင့် ပြကြသည်။] အညထာယေဝ- တမျိုးတခြားသာလျှင်၊ တေ-၏၊ ဒဿနံ-အမြင်သည်၊ (အယူသည်)၊ ပဝတ္တံ- ဖြစ်၏၊ စ - သည်သာမကသေး၊ အညဝေဝ- တမျိုးတခြားသည်သာလျှင်၊ (ဒန္ဓာအာယတနစသည်, အနိစ္စစသည်မှ တမျိုးတခြားသော အတ္တ- နိစ္စစသော အယူသည်သာလျှင်)၊ တေ-အား၊ ခမတိစေဝ- နှစ်သက်လည်း နှစ်သက်၏၊ ရုစ္စတိစ- လိုလည်း လိုလား၏၊ ဝါ- ကြိုက်လည်း ကြိုက်၏။

စ– သည်သာ မကသေး၊ အညတြ - အခြားသောအကျင့်၌၊ ဧတ - သင်၏၊ အာယောဂေါ-လွန်စွာကြိုးကုတ် အားထုတ်ခြင်းသည်၊ (ဟောတိ)၊ အညိသာယေဝ – တမျိုးတခြားသာလျှင်ဖြစ်သော၊ (အတ္တ မရှိဟု ယူကြောင်းဖြစ်သော

× × × × × × ×

ဒိဋ္ဌိ, ခန္တိ, ရုစိ။ ။“ ဧဝမေတံ – ဤဟဲ့သည် ဤအတိုင်းဘဲ ” ဟု မြင်နေခြင်း (သာမန်မြင်ရုံသာမက) စွဲစွဲမြဲမြဲ နှလုံးသွင်းခြင်းသည် ဒိဋ္ဌိတည်း၊ [ဒဿနံ ဒိဋ္ဌိ။] ထို ဒိဋ္ဌိ၏ရှေ့အဘို့၌ “ ဧဝမေတံ ” ဟု စူးစိုက်စွာ ရှုသောအားဖြင့် နှစ်သက်ခြင်းသည် ခန္တိတည်း၊ [ခမနံ-နှစ်သက်ခြင်း၊ ခန္တိ–ခြင်း။] ထိုကဲ့သို့ နှစ်သက်ခြင်းကို “ရုစိ”ဟုလည်း ခေါ်၏၊ “လိုလားခြင်း-ကြိုက်ခြင်း”ဟု ပရိယာယ်လဲ၍ မြန်မာပြန်ကြ၏။ [ရောစနံ ရုစိ။]

အညထာယေဝ စသည်။ ။သဿတ ဥစ္ဆေဒအဘို့သို့ မကပ်ရောက်ဘဲ မဇ္ဈိမ ပဋိပဒါ (မွှင်ရှစ်ပါး) အားဖြင့် မြင်ခြင်းသည် သမ္မာဒိဋ္ဌိ (သမ္မာဒဿန) တည်း၊ ထို သမ္မာဒဿနမှ တမျိုးတခြားဖြစ်သည်ကို “အညထာ”ဟု ဆိုသည်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနိစ္စတာစသော လက္ခဏာရှိသော ခန္ဓာအာယတနစသည်မှ တမျိုးဘခြားသော အတ္တ-သဿတစသောအယူကို“အညဒေဝ”ဟု ဆိုသည်။ [အညာ ဒိဋ္ဌိ စသော ၃ ပုဒ် ကိုပင် “အညထာယေဝ တေ ဒဿနံ ပဝတ္တံ”စသော စကား ၃ ရပ်ဖြင့် ထပ်ဖွင့်သည်။]

အညတြ အာယောဂေါ။ ။အာ (ဘုသော) + ယုဇ္ဇနံ (အားထုတ်ခြင်း) အာယောဂေါ၊ အညတြ အာယောဂေါကိုပင် “ အညိသာယေဝ ” စသည်ဖြင့် ထပ်ဖွင့်သည်၊ သာသနာတော်၌ အတ္တမရှိသောအကျင့်မှ တပါးသော ပရမအတ္တကို ကြံစည်ခြင်းစသောအကျင့်၌ အလွန် အားထုတ်ခြင်းဖြစ်သည်။

အကျင့်မှ တမျိုးတခြားသာလျှင်ဖြစ်သော၊) ပဋိပတ္တိယာ-၌၊ ယုတ္တပယုတ္တတာ-အား‌ထုတ်မှု၌ အပြား‌အား‌ဖြင့် ယှဉ်သည်၏အဖြစ်သည်၊ (လွန်စွာကြိုး‌ကုတ် အား‌ထုတ်သည်၏အဖြစ်သည်၊ ဟောတိ၊) စ - သေး၊ အညတ္ထ – အခြားသော သာသနာ၌၊ တေ-၏၊ အာစရိယကံ - ဆရာ၏ ဖြစ်ကြောင်းဖြဲခဲရာ သြဝါဒ အနုသာသနသည်၊ (ဟောတိ)၊ အညသ္မိံ - သာသနာတော်မှ တမျိုးတခြားသော၊ တိတ္ထာယတနေ- တိတ္ထိတို့ဘောင်၌၊ အာစရိယဘာဝေါ - ဆရာ၏ ဖြစ်ကြောင်း ဖြစ်ရာ သြဝါဒ အနုသာသနသည်၊ (ဟောတိ)၊ ဧဝံ – သို့၊ အညဒ်ဋ္ဌိကေန – သာသနာတော်အယူမှ တပါးသောအယူရှိသော၊ အညခန္တိကေန – သာသနာတော်၌ နှစ်သက်ခြင်းမှ တပါးသော နှစ်သက်ခြင်းရှိသော၊ အညရုစိကေန – သာသနာတော်အကြိုက်မှ တပါးသောအကြိုက်ရှိသော၊ အညတြ-တပါးသော အကျင့်၌၊ အာယောဂေန- လွန်စွာကြိုး‌ကုတ် အား‌ထုတ်ခြင်းရှိသော၊ အညတြ-သာသနာတော်မှ တပါးသော တိတ္ထိတို့ဘောင်၌၊ အာစရိယကေန – ဆရာ၏ ဖြစ်ကြောင်းဖြစ်ရာ သြဝါဒ အနုသာသနရှိသော၊ တေန တယာ - ထို သင်သည်၊ တေ-၌သည်ရှင့် အတ္တတို့၏ ထူးကုန်သည်၏အဖြစ်ကို၊ ဒုဇ္ဇာနံ- ခဲယဉ်းသဖြင့် သိအပ်၏၊ ဝါ-မသိအပ် မသိနိုင်၊ (ဣတိ အာယံ-ကား၊ သခေါပတ္ထော-တည်း)။

အထ-မိန့်တော်မူရာ ထိုအခါ၌၊ ပရိဗ္ဗာဇကော-သည်၊ ပုရိသဿ–သတ္တ၏၊ .အတ္ထာ- အတ္ထသည်၊ သညာဝါ- သညာသည်မူလည်း၊ ဟောတု- ဖြစ်ပစေ၊ သညာတော – သညာမှ၊ အညာဝါ– တမျိုးတခြားသည်မူလည်း၊ (ဟောတု– ဖြစ်ပစေ၊) [“အညောဝါသညာ”ဟုလည်း မူကွဲရှိ၏။] အဿ-ထိုအတ္တ၏၊ တံ သဿတာဒိဘာဝံ- ထို သဿတ အစရှိသည်၏အဖြစ်ကို၊ ပုစ္ဆိဿံ - မေးဉာဏ်း‌အံ့၊ ဣတိ- ဤသို့ ကြံ၍၊ ကံ် ပန ဘန္တေတို့ အာဒိ် – အစရှိသောစကား‌ကို၊ အာဟ- လျှောက်ပြီ၊ တတ္ထ- ထို ကိ် ပန ဘန္တေ အစရှိသောစကား‌ရပ်၌၊ လောကော‌တိ- လောကော‌ဟူသော စကား‌ကို၊ အတ္တာနံ - အတ္တကို၊ သန္ဓာယ = ၍၊ ဝဒတိ – လျှောက်၏၊ နု ဟေတံ ပေါဋ္ဌပါဒ အတ္ထသံဟိတံတိ - ကား၊ ပေါဋ္ဌပါဒ - ပေါဋ္ဌ

× × × × × × ×

အာစရိယကံ။ ။ဘာဝအနက်၌ ကဏ်ပစ္စည်း‌ဟု သိစေလို၍“အာစရိယဘာဝေါ” ဟု ဖွင့်သည်၊ ဆရာ၏ ဖြစ်ကြောင်းဖြစ်ရာ ထို “အာစရိယက”ဟူသည် “ယထာ တထာ သြဝါဒါနုသာသနတည်း၊ ထို့နောက် “ အာစရိယကံ + အဿ+ အတ္ထိတိ အာစရိယကော”ဟု ပြုပါ၊ [ဤတန စသည်ကား အနက် ယောဇနာပုံကို ပြသောစကား‌တည်း။]

အတ္ထသံဟိတံ။ ။ သံဟိတံကို နိသိတံ ဟု အဓိပ္ပါယ်ထွင်ဖွင့်၏၊ အတ္ထ အရ‌လည်း ဣဓလောကတ္ထ စသည်ကို ယူစေလို၍ “ဣဓလောက ပရလောက” စသည်ဖြင့် ဖွင့်သည်၊ အတ္ထာနံ သူစနတော စသော သုတ္တ အနက်အဖွင့်၌ အတ္ထသည် ဟိတ၏ပရိယာယ် ဖြစ်သကဲ့သို့ ဤ၌လည်း ဟိတ၏ ပရိယာယ်ဟုသာ မှတ်ပါ၊ အတ္ထနိသိတ ဟူ‌ရာ၌ ထိုအတ္ထကို ဖြစ်စေနိုင်သည်ကို နိသိတဟု ဆိုလိုသည်။

ပါဒ၊ တေံ ဒိဋ္ဌဂတံ-ဤမိစ္ဆာအယူသည်၊ ဇာဓလောက ပရလောက အတ္ထနိသိတံ - ဤလောကစီးပွား, နောက် လောကစီးပွား၌ မှီသည်၊ နဟောတိ - မဖြစ်၊ အတ္ထတ္ထပရတ္ထနိသိတံ - မိမိစီးပွား, သူတပါးစီးပွား၌ မှီသည်၊ (နဟောတိ)၊ နဓမ္မသံဟိတံတိ-ကား၊ နဝ လောကုတ္တရဓမ္မနိသိတံ-၉ ပါးသောလောကုတ္တရာတရား၌မှီသည်၊ (နဟောတိ)၊ နာဒိ ဗြဟ္မစရိယကံတိ - ကား၊ သိက္ခတ္တယသင်္ခါတသ-သိက္ခာ ၃ ပါး အပေါင်းဟု ဆိုအပ်သော၊ (တနည်း) သိက္ခတ္တယသင်္ကိတသ – သိက္ခာ ၃ ရပ်ဖြင့် သိမ်းယူအပ်သော၊ (ဤသို့လည်း အခြားနေရာ၌ရှိသည်၊)သာသနဗြဟ္မစရိယကသ-၏၊ အာဒိဇ်တွဲ–အစမျှသည်၊(နဟောတိ)၊ အဓိသီလသိက္ခာမတ္တံပိ-အဓိသီလသိက္ခာမျှသည်လည်း၊ နဟောတိ။

နနိဗ္ဗိဒါယာတိ-ကား၊ သံသာရဝဋ္ဋေ-သံသရာဝဋ်၌၊ နိဗ္ဗိန္ဒနတ္ထာယ-ငြီး ငွေ့ကြောင်းဝတ္ထုနဂါမိနိဝိပဿနာဉာဏ်အကျိုးငှါ၊ နသံဝတ္တတိ-မဖြစ်၊ နဝိရာဂါယာတိ - ကား၊ ဝဋ္ဋ ဝိရာဂတ္ထာယ - ဝဋ်၌ စက်ဆုပ်ခြင်းအကျိုးငှါ၊ ဝါ - ဝဋ်၌ စက်ဆုပ်တတ်သော မဂ်အကျိုးငှါ၊ နသံဝတ္တတိ၊ နနိရောဓာယာတိ-ကား၊ ဝဋ္ဋသ-ဝဋ်၏၊ နိရောဓကရဏတ္ထာယ- ချုပ်ခြင်းကိုပြုတတ်သော နိဗ္ဗာန်အကျိုးငှါ၊ နသံဝတ္တတိ၊ နဥပသမာယာတိ – ကား၊ ဝဋ္ဋသ – ၏ ဂူပသနတ္ထာယ – ငြိမ်းအေးရာနိဗ္ဗာန်အကျိုးငှါ၊ နသံဝတ္တတိ၊ နအဘိညာယာတိ-ကား၊ ဝဋ္ဋာဘိဇာနနတ္ထာယ-ဝဋ်ကို ထူးသောဉာဏ်ဖြင့် သိခြင်းအကျိုးငှါ၊ ပစ္စက္ခကိရိယာယ-မျက်မှောက်ပြုခြင်းငှါ၊ နသံဝတ္တတိ၊ နသမ္မောဓာယာတိ - ကား၊ ဝဋ္ဋသမ္မုဇ္ဈနတ္ထာယ-ဝဋ်ကို ကောင်းစွာသိခြင်းအကျိုးငှါ၊ နသံဝတ္တတိ၊ နနိဗ္ဗာနာယာတိ– ကား၊ အမတမဟာနိဗ္ဗာနဿ-မြတ်သော အမြိုက်နိဗ္ဗာန်ကို၊ ပစ္စက္ခကိရိယာယ-မျက်မှောက်ပြုခြင်းငှါ၊ နသံဝတ္တတိ။

× × × × × × ×

အာဒိ ဗြဟ္မစရိယကံ။ ။ဗြဟ္မစရိယဿ– သိက္ခာ ၃ ရပ်ဖြင့် သိမ်းကျုံးအပ်သော မြတ်သောအကျင့်၏+အာဒိ-အစတည်း၊ အာဒိဗြဟ္မစရိယံ-စ၊ ထို့နောက် သွတ္ထွ်ဿ က ပစ္စည်းသက်၍ "အာဒိဗြဟ္မစရိယကံ" ဟု ဖြစ်သည်၊ ဥပမာ– ဝိနယော နောင် သွတ္ထွ်ဿ ကိကပစ္စည်း သက်၍ ဝေနယိကော ဖြစ်သကဲ့သို့တည်း။

နိဗ္ဗိဒါယ စသည်။ ။မိစ္ဆာ အယူသည် သူ့ကိုယ်တိုင်ပင် ဝဋ်သုံးပါး၌ ကိလေသဝဋ် အဖြစ်ဖြင့် ပါဝင်နေ၏၊ သူစွဲလမ်းအပ်သော အာရုံတို့ကလည်း ဝဋ်တရားဖြစ်သောကြောင့် ဝဋ်နှင့်စပ်နေ၏၊ ထို့ကြောင့် သံသရာဝဋ်၌ ငြီးငွေ့ဘို့, သံသရာကို စက်ဆုပ်ဘို့, သံသရာဝဋ်၏ ချုပ်ဘို့, ဝဋ်ဒုက္ခ၏ ငြိမ်းအေးဘို့ရာမဖြစ်နိုင်၊ ထို့အတူ အဘိညာသမ္မောဓိနိဗ္ဗာနအကျိုးငှါလည်း မဖြစ်နိုင်။

အဘိညာ–သမ္မောဓ။ ။"အနိစ္စ ဒုက္ခ အနတ္တ "ဟု ထူးသောဉာဏ်ဖြင့် သိတတ်သော ဝိပဿနာပညာကို အဘိညာဟု ခေါ်၏၊ ထိုပညာဖြင့် ဝဋ်ဒုက္ခကို မျက်မှောက်ပြုနိုင်သောကြောင့် ပစ္စက္ခကိရိယာယဟု ဖွင့်သည်၊ ဝဋ်တရားကို ပိုင်းခြား၍သိတတ်သော

ဣဒံ ဒုက္ခန္တိ အာဒီသု-အစရှိသောပါဠိရပ်တို့၌၊(အတ္ထော ဧဝံ ဓဝဒိဘဒ္ဗော)၊ တဏှံ-ကို၊ ထဒေပတ္တာ-ထ ားလျှင်၊ တေဘူမကာ-ဘုံသုံးပါးဌာနဖြစ်ကုန်သော၊ ပဉ္စက္ခန္ဓာ-ငါးပါးသော ခန္ဓာတို့သည်၊ ဒုက္ခံ-ဒုက္ခသစ္စာတည်း၊ ဣတိ-သို့၊(မယာ-သည်၊ ဗျာကတံ- ဖြေဆိုတော်မူအပ်ပြီ)၊ တဿေဝ ဒုက္ခဿ-ထို ဒုက္ခကိုပင်၊ ပဘာဝနတော-ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၊ သပ္ပစ္စယာ-အဝိဇ္ဇာအစရှိသော အကြောင်းနှင့်တကွဖြစ်သော၊ တဏှာ-တဏှာသည်၊ ဒုက္ခသမုဒယော-ကြောင်းသောအကြောင်းနှင့်ပေါင်းမိလသော် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာတည်း၊ ဣတိ (မယာ ဗျာကတံ- အပ်ပြီ၊)၊ ဥဘိန္နံ- ဒုက္ခ သမုဒယ ၂ ပါးတို့၏၊

× × × × × × ×

ပရိညာဘိသမယ၏ အစွမ်းဖြင့် ထိုးထွင်းသိတတ်သော မဂ်ပညာကို အဘိသမ္ဘောဓ ဟု ခေါ်သည်။ [အဘိညာယတိ အနိစ္စာဒိဝသေန လက္ခဏတ္တယံ အာရောပေတ္ဝာ အဘိဇာနနတ္ထာယ၊ သမ္ဗောဓာယတိ စတုန္နံ သစ္စာနံ ပဋိဝေဓနတ္ထာယ၊ (ဤ၌ " ဝန္ဒဿ ပဋိဝေဓနတ္ထာယ"ဟု နည်းမှိပါ၊-ကေဂ်ံတ္တရ, ကေဓမ္မဝဂ် အဋ္ဌကထာ၊) [ဤဋီကာတို့၌ ဝါဒကွဲသောကြောင့် အဋ္ဌကထာကို ထုတ်ပြပါသည်။]

တဏှံ ထဒေပတ္တာ။ ။"ဒုက္ခံ တေဘူမကံ ဝန်"နှင့်ဂုဏ်း, "သဗ္ဗေ သခါရာ ဒုက္ခာ" နှင့်ဂုဏ်း အညီ တဏှာလည်း တေဘူမကဝဋ္ဋ ဖြစ်သောကြောင့်ဂုဏ်း, သခါရဖြစ်သောကြောင့်ဂုဏ်း ဒုက္ခတွင်ပါဝင်၏၊သို့သော် သမုဒယအဖြစ်ဖြင့် သီးခြားယူထားသောကြောင့် တဏှာကို ဒုက္ခသစ္စာ၌ မသွင်းဘဲ ချန်ထားရသည်။ [ကာမံ တဏှာပိ ဒုက္ခသဘာဝါ၊ တဿာ ပန သမုဒယဘာဝေန ဝိသုံ ဂဟိတတ္တာ"တဏှံ ထဒေပတ္တာ"တိ ဝုတ္တံ၊-ဋီကာ။]

ပဘာဝနတော။ ။"ဥပ္ပါဒနတော"ဟု ဋီကာဖွင့်၏၊ ပဘာဝိယတေ-ဖြစ်စေခြင်း၊ ပဘာဝနံ-ခြင်း၊ (တနည်း) ပဘာဝေတိတိ ပဘာဝနံ၊ ဘာဝပွဓာနကြံ၍"ဖြစ်စေတတ်သည်၏ အဖြစ်"ဟု မှတ်ပါ။

သပ္ပစ္စယာ။ ။တဏှာသည် ဒုက္ခကို ဖြစ်စေရာ၌ တဏှာချည်းသက်သက် ဖြစ်စေသည် မဟုတ်, အဝိဇ္ဇာစသော ဒုခြားအကြောင်းများ၏ အကူအညီရမှ ဒုက္ခကို ဖြစ်စေနိုင်သည်၊ ထို့ကြောင့် "သပ္ပစ္စယာ"ဟု ဝိသေသနပြုသည်၊ မှန်၏-တဏှာသည် ဇာတိဒုက္ခစသည်ကို ဖြစ်စေရာ၌ အဝိဇ္ဇာ၏ ဘဝအပြစ်ကို ဖုံးလွှမ်းခြင်း, သခါရဟူသော စေတနာက်၏ ပဋိသန္ဓေကို ဖြစ်စေခြင်းစသော အကူအညီရမှ ဇာတိဒုက္ခကို ဖြစ်စေနိုင်သည်၊ ဤသို့, အခြားအကြောင်းတို့က ဝိုင်းဝန်းကူညီ ကြရသော်လည်း တဏှာသည် အရင်းခံဖြစ်သောကြောင့် တဏှာကိုသာ "ဒုက္ခသမုဒယ"ဟု နာမည်တပ်ရသည်။

သမုဒယ။ ။[သံ+ဥဒယ။] သံသည် ပေါင်းဆုံခြင်း အနက်ကို ဟောဂ်၏၊ ဥဒယသဒ္ဒါကား "ဖြစ်ကြောင်း"ဟူသော အနက်ကို ဟောဂ်၏၊ သမာဂမေ - အဝိဇ္ဇာ စသော အခြား အကြောင်းတို့နှင့် ပေါင်းဆုံခြင်းသည်၊ သတိ-ရှိလသော်၊ ဒုက္ခံ-သည်၊ ဥဒေတိ ဖြစ်ပေါ်တတ်သည်၏ သမုဒယော-ဒုက္ခ၏ ဖြစ်ခဲ့ရာအကြောင်း၊ [ဒုက္ခံ ပဘာဝေန္တိ ဝိ – ဒုက္ခကို ဖြစ်စေပါသော်လည်း၊ တဏှာ – သည်၊ အဝိဇ္ဇာဒိပစ္စယန္တရသဟိတာ ဧဝ (အဝိဇ္ဇာ အစရှိသော အခြားအကြောင်းတို့နှင့် တကွဖြစ်မှသာ) ပဘာဝေတိ၊ နာ ဧကော်လာ-သူချည်းသက်သက် မဖြစ်စေနိုင်၊ ဤတိ အာဟ-သပ္ပစ္စယာဒိတိ၊-ဋီကာ။]

အပ္ပဝတ္တိ - မဖြစ်ရာ (မဖြစ်ကြောင်း) နိဗ္ဗာန်သည်၊ ဒုက္ခနိရောဓော - ဒုက္ခ၏ ချုပ်ရာ နှစ်ရောဓသစ္စာတည်း၊ ဣတိ (မယာ ဗျာကတံ)၊ အရိယော–မြတ်သော၊ အဋ္ဌင်္ဂိကော–ရှစ်ပါးသောအင်္ဂါရှိသော၊ မဂ္ဂေါ-မင်သည်၊ ဒုက္ခနိရောဓဂါမိနိ-ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ အားရုံပြုသောအားဖြင့် ရောက်တတ်သော၊ ပဋိပဒါ–အကျင့်တည်း၊ ဣတိ–သို့၊ မယာ–သည်၊ ဗျာကတံ–အပ်ပြီ၊ ဣတိ အတ္ထော။

စ ပန - ထပ်၍ဆက်၊ ဧဝံ - သို့၊ ဝတ္တာ–မိန့်တော်မူပြီး၍၊ ဘဂဝါ–သည်၊ ဣမဿ ပရိဗ္ဗာဇကဿ – ၏၊ မဂ္ဂပါတုဘာဝဝါဝါ – မင်၏ ထင်ရှားဖြစ်ခြင်း သည်ရင်း၊ ဖလသစ္ဆိကိရိယာဝါ - ဖိုလ်ကို မျက်မှောက်ပြုခြင်းသည်ရင်း၊ နတ္ထိ၊ မယံစ - ၏လည်း၊ ဘိက္ခာစာရဝေလာ – ဆွမ်းအလို့ငှါ လှည့်လည်ရာ အချိန် သည်၊ (ဟေ. တိ)၊ ဣတိ - သို့၊ စိန္တေတွာ - ကြံတော်မူ၍၊ တုဏှီ, အဲဟာသိ– ဖြစ်တော်မူပြီ၊ ပရိဗ္ဗာဇကော၀ါ - သည်လည်း၊ တံ အာကာရံ - ထို ဆိတ်ဆိတ် နေပုံ အခြင်းအရာကို၊ ဉတွာ-၍၊ ဘဂဝတော- အား၊ ဝါ- ၏၊ ဂမနကာလံ– ပြန်ကြွတော်မူချိန်ကို၊ အာရောစေန္တော ဝိယ - လျှောက်သကဲ့သို့၊ ဝေမေတန္တိ အာဒိ–အစရှိသော စကားကို၊ အာဟ–လျှောက်ပြီ။

× × × × × × ×

အပ္ပဝတ္တိ ။ ။"အပ္ပဝတ္တိနိမိတ္တံ-ဒုက္ခ၏ မဖြစ်ခြင်း၏ အကြောင်း"ဟု ဋီကာဖွင့်၏၊ န+ပဝတ္တန် တေသို့ အဓိဂတေ ဒုက္ခသမုဒယာတိ အပ္ပဝတ္တိ–ဤတရားကို ရအပ်သော် (ရခြင်းကြောင့်) ဒုက္ခ, သမုဒယတို့ မဖြစ်ကြတော့၊ ထို့ကြောင့် နိဗ္ဗာန်သည် ဒုက္ခ–သမုဒယတို့၏ မဖြစ်ကြောင်းတည်း။

ဒုက္ခ၊ပေ၊ပဋိပဒါ။ ။ဒုက္ခနိရောဓံ နိဗ္ဗာန ဂစ္ဆတိ၊ တဒတ္ထဉ္စ သာ ပဋိပဇ္ဇတမ္ဘာတိ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊-ဋီကာသစ်၊ ဤအလို"ဒုက္ခနိရောဓံ+ဂစ္ဆတီတိ ဒုက္ခနိရောဓဂါမိနီ၊ ပဋိပဇ္ဇတမ္ဘာ- ကျင့်ထိုက်၏၊ ဣတိ ပဋိပဒါ"ဟု ပြု၍ ထို့နောက် ကမ္မဓာရဲတွဲပါ။

မှတ်ချက် ။ ။ " ဂါမိနိ - ရောက်ကြောင်း " ဟု ပေးလေ့ရှိသော်လည်း ဤဥ် ကတ္တုသာဓ်ပြု၏၊"အားရုံပြုသောအားဖြင့် ရောက်တတ်သော"ဟု ဆိုလိုသည်၊ ဤနေရာ၌ ဒုက္ခနိရောဓဂါမိနိနှင့် ပဋိပဒါကို သမာသ်ပုဒ် တပုဒ်သာဟု ဖွင့်သော်လည်း ပါဠိတော် များ၌ "ဒုက္ခနိရောဓဂါမိနိ"+ပဋိပဒံ"စသည်ဖြင့် ၂ ပုဒ်ကွဲလျက် ရှိသည်၊

တံ အာကာရံ။ ။တံ အာကာရန္တိ တံ တုဏှီဘာဝသင်္ခါတံ ဂမနလိင်္ဂ-ဆိတ်ဆိတ် နေတော်မူခြင်းသည် ဆက်၍ဟောတော်မမူလိုဘဲ ပြန်ကြွတော်မူလိုခြင်း၏အထိမ်းအမှတ် အခြင်းအရာဖြစ်၏၊ ထိုအခြင်းအရာကို သိ၍–ဟူလို။

အာရောစေန္တော ဝိယ။ ။ဝိယဟု ဆိုသောကြောင့် "ပြန်ကြွနိုင်ပါပြီ" စသော စကားဖြင့် တိုက်ရိုက် မလျှောက်ဘဲ သွယ်ဝိုက်၍ လျှောက်သည် – ဟု ဆိုလိုသည်၊ ထို သွယ်ဝိုက်၍ လျှောက်သော စကားကား"ဧဝမေတံ"စသော စကားသာမက, "ယဿ ဒါနိ ဘဂဝါ ကာလံ မညတိ"တိုင်အောင်တည်း၊ မှန်၏– ဤစကားသည် ညွှန်သည်တို့ ပြန်ခါနီးဝယ် အိမ်ရှင်တို့က ပြောလေ့ရှိသော စကားဖြစ်သည်။

ဝါစာယ သန္ဓီတောဒကေနာတိ– ကား၊ ဝစနပတောဒေန – စကားတည်းဟူသော သံဆွန်တပ်အပ်သော နှင်တံဖြင့်၊ (“သဒ္ဓါ၌ အကံသု”ဟု ပါဠိတော်၌စပ်၊) သဒ္ဓါ၌ရိမကံသူတိ–ကား၊ သဒ္ဓါ၌တံ-ထက်ဝန်းကျင် လွန်စွာ ပြည့်

× × × × × × ×

ဝါစာယ သန္ဓီတောဒကေန။ ။“ဝါစာယာတိစ ပစ္စတ္တေ (ပစ္စတ္တာတ္ထေ) ကရဏာဝစနန္တိ အာဟ ဝစနပတောဒေနာတိ” ဟု ဋီကာဖွင့်၏၊ ဝါစာယ၌ တတိယာဝိဘတ် ဖြစ်သော်လည်း ပဌမာဝိဘတ်၏ လိင်္ဂတ္ထကို ထွန်းပြသောကြောင့် ဝိဘတ်နက် အသံမပါဘဲ“စကား”ဟုသာ အနက်ပေးရ၏၊ ထို့ကြောင့် ဝိဘတ်နက်မပါဘဲ “ဝစန”ဟု အဋ္ဌကထာဖွင့်သည်၊ “သန္ဓီတောဒက” ၌လည်း “ သမန္တတော နိဂ္ဂဏ္ဌနဝသေန တောဒနံ ဝိဇ္ဈနံ သန္ဓီတောဒကံ ”ဟု ဖွင့်၏၊ သံကို သမန္တတော အနက်, နိကို နိဂ္ဂဏ္ဌန အနက်, တောဒကကို“တောဒနံ ဝိဇ္ဈနံ”ဟု ဖွင့်ခြင်းတည်း။

အခြားဋီကာများ။ ။အဂ်ံဂ္ဂရ-တိကနိပါတ်-မဟာဝဂ်, သရဘသုတ် ဋီကာ၌ ဤ ဋီကာနည်းအပြင် “ သမ္မာ ဝါ နိတုဒန္တိ ဝိဇ္ဇေန္တိ ဇေတနာတိ သန္ဓီတောဒကံ ” ဟု ကရဏာသာဓ် အပိုပါသေး၏၊“ကောင်းစွာနှိပ်၍ ထိုးကြောင်း နှိပ်စက်ကြောင်း နှင်တံ” ဟူလို၊ “ နှင်တံ ” ဟု ဆိုသော်လည်း ထိုးဘို့ရန် အဖျားဌ သံဆွန် တပ်အပ်သော နှင်တံတည်း။

သမာသ်ပုဒ်။ ။ နိဒါနသံယုတ် - ဘိက္ခုဝဂ်–တိသသုတ် ဋီကာ၌လည်း ဤပုဒ်အတွက် မထူးလှ၊ ဝါစာယနှင့် တွဲရာ၌ကား“ဝစနသခ်ါတေန သမန္တတော နိစံကတ္တာ (နှိပ်အပ်သည်ကို ပြု၍= အောက်သို့ စိုက်၍) ဥပတုဒနတော (ကပ်၍ ထိုးကြောင်း၏ အဖြစ်ကြောင့်) သန္ဓီတုဒကေန၊ ဝိဘတ္တိ အလောပေန သော နိဒ္ဒိဋ္ဌော ” ဟု ဖွင့်၏၊ ဤဤအလို“ဝါစာယ သန္ဓီတောဒကေန”ကို အလုတ္တကမ္မဓာရဲ သမာသ်ဟု ယူရလိမ့်မည်၊ ဤသို့ သမာသ်ပုဒ်ဟု ယူမှလည်း “ဝစနပတောဒေန” ဟု တသမာသ်ထည်း ဖွင့်သော အဋ္ဌကထာနှင့် ညီပေသည်။

အနက်ပေး ။ ။ သီလက္ခန်ဋီကာ အဂ်ံဂ္ဂရ ဋီကာတို့ အလိုမူ သမာသ် မဟုတ် ဝါကျသာတည်း၊ ဆိုသော် ပါဠိတော်ကို အနက်ပေးရာ၌မူ တပေါင်းတည်း အနက်ပေးရသောကြောင့် အနက်ချင်းကား မထူးပါ၊ “ ဝါစာယ သန္ဓီတောဒကေန – ထက်ဝန်းကျင် နှိပ်၍ ထိုးကြိတ်ကြောင်း စကားနှင်တံဖြင့်၊ ဝါ - ကောင်းစွာ နှိပ်၍ ထိုးကြိတ်ကြောင်း စကားနှင်တံဖြင့်”ဟု ပေးပါ၊ [ဋီကာသစ်၌ကား အမျိုးမျိုးဖွင့်ထား၏။]

သဒ္ဓမ္မရိံ။ ။ဤပုဒ်သည် တိကဂ်ိုတ္တရ- မဟာဝဂ်, သရဘသုတ်၌ဂုင်း, နိဒါနဝဂ္ဂ- ဘိက္ခုသံယုတ်, တိသသုတ်၌ဂုင်း ပါ၏၊“သဒ္ဓမ္မရိံ”ဟု ဂုင်း, “သဒ္ဓါမ္မရိံ”ဟူ၍ဂုင်း, “သဒ္ဓမ္ဘရိံ”ဟုဂုင်း ပါ၌အမျိုးမျိုး ရှိ၏၊ “ဘရိံ”ကို ဘရိတံ ဟုဂုင်း, “ဘရိတံ” ကို “နိရန္တရံ ဖုဋ္ဌံ”ဟုဂုင်း ဖွင့်ပုံတူကြ၏၊ ဘရဓာတ်+ဇုပစ္စည်းဖြင့် ဘရိံကို တပစ္စည်းဖြင့် “ ဘရိတံ ” ဟု ဖွင့်ခြင်းတည်း၊ “ အကံသု ” ၏ ကံပုဒ်သည် ပရိဗ္ဗာဇကံတည်း၊ ဘရိံ (ဘရိတံ) လည်း အကံသု၏ကံပင်တည်း၊ ထို့ကြောင့် “သုဝဏ္ဏံ ကဋကံ ကရောတိ”၌ကဲ့သို့ သာမညဝိသေသကံဟု ခွဲပါ၊ “ပေါဋ္ဌပါဒပရိဗ္ဗာဇကို စကားတည်းဟူသော နှင်တံဖြင့် ထက်ဝန်းကျင် ပြည့်သည်ကို ပြုကြ–ထိုးကြသည်”ဟူလို။

သည်ကို၊ နိရန္တရံ- အကြားမရှိအောင်၊ ဖုံ့-ဖြန့်အပ်သည်ကို၊ အကံသု - ပြုကြ ကုန်ပြီ၊ ဥပရိ-၌၊ ဝိဇ်္ဈံသု-ထိုးကြကုန်ပြီ၊ ဣတိ ဝုတ္တံ ဟောတိ၊ ဘူတန္တိ-ကား၊ သဘာဝ ဒတာ - သဘောအားဖြင့်၊ (အစစ် အမှန်အားဖြင့်၊) ဝိဇ္ဇမာနံ - ထင်ရှားရှိသော၊ ("ပဋိပဒံ ပညပေတိ"ဟု ပါဠိတော်၌စပ်၊) တစ္ဆံ တထန္တိ- ဟူသော ပုဒ် ၂ ပါး အပေါင်းသည်၊ တသော-ထိုဘူတံ ဟူသော ပုဒ်၏သာ၊ ဝေဝစနံ-တည်း၊ ဓမ္မဒ္ဒိတတန္တိ - ကား၊ နဝလောကုတ္တရဓမ္မေသု - တို့၌၊ ဒ္ဒိတ သဘာဝံ-တည်တန့်သည်၏ အဖြစ်ဟူသော သဘောကို၊ ("ပညပေတိ"၌စပ်၊)

× × × × × × ×

နိရန္တရံ ဖုံ့။ ။" ဘရိ=ပြည့် " ဟူရာ၌ ရေအိုးဝယ် ရေပြည့်သကဲ့သို့ အတွင်း၌ ပြည့်နေသည်"ဟု ယူမည်စိုး၍"နိရန္တရံ ဖုံ့"ဟု အဓိပ္ပါယ်ဖွင့်သည်၊ အတွင်း၌ပြည့်သည် မဟုတ်, အကြားမရှိအောင် အထက်နှင့် ပတ်ပတ်လည်၌ ပြည့်သည်-ဟူလို၊ "ဖုံ့"ကို "ပြန့်နှံ့"ဟု ပေးလျှင် "ဝစနပတောဒ"ရ၏၊ ဤ၌ ပရိဗ္ဗိုဇ်ရအောင်"ဖုံ့-ဖြန့်အပ်"ဟု ကံဟောကြောပါ၊ဆိုလိုရင်းမှာ-"တရာလောက်သောလုံ့တို့ဖြင့် ဆရာကြီးကိုယ်၏ တကိုယ် လုံး၌ ထက်ဝန်းကျင် ထိုးသကဲ့သို့ ပေါဠဝါဒပရိဗ္ဗိုဇ် ဆရာကြီးကို သုံးထောင်မျှသော တပည့်ပရိဗ္ဗိုဇ်တို့က စကားလုံ့တို့ဖြင့် ထက်ဝန်းကျင် ထိုးကြသည်"ဟူလို။ [အကံသုတိ သတမတ္တေဟိ တုတ္တကေဟိ ဝိယ တိံသ သတမတ္တာ ပရိဗ္ဗာဇကာ ဝါစာပတောဒနေဟိ တုဒိံသု၊-ဋီကာ။]

မှတ်ချက် ။ ။ သဋ္ဌဿ်ရိ်၌ သံ-ကို သမန္တတော ဟု ဋီကာတို့ ဖွင့်ကြ၏၊ ထို သမန္တတောအရ"ပရိဗ္ဗိုဇ်ဆရာကြီးကိုယ်၏ထက်ဝန်းကျင်"ဟု မှတ်ပါ၊"သမန္တတော ဝါစာသန္နိတောဒကေန"ဟု ပါဠိတော်၌ပါသော သမန္တတောအရကား ဆရားကြီး၏ ဘေးပတ်ဝန်းကျင်အရပ်တည်း၊ သုံးထောင်မျှသော ပရိဗ္ဗိုဇ်တို့သည် ဆရာကြီး၏ ဘေး ပတ်ဝန်းကျင်၌ဝိုင်း၍ နှုတ်နှင်တံတို့ဖြင့် ဆရာကြီးကိုယ်၏ဝန်းကျင်၌ ထိုးကြသည်-ဟူလို။

သဋ္ဌ, သဋ္ဌ၂, သဇ္ဈ။ ။ဋီကာ၌"သမန္တတော ဘုသံ"ဟု ဖွင့်သောကြောင့်"သဋ္ဌ" ပါဠိသည် ကောင်းမည်မထင်၊ "သဋ္ဌ၂- သဇ္ဈ" ပါဠိတို့၌ "သံ + အဓိ" ဟု ပုဒ်ဖြတ်၍ သံကို သမန္တတော, အဓိကို "ဘုသံ"ဖွင့်သည်ဟု ကြံပါ၊ သံ၌ နိဂ္ဂဟိတ်ကို ဥပြု၊ အဓိမှ အ ကိုချေ၊ ဓိ၏ ဓကို ယ,ရကို စုပြု၍ သဋ္ဌ၂ဟုဂုင်း, အဓိကို အဇ္ဈပြု၍ နိဂ္ဂဟိတ်ချေပြီးလျှင် "သဇ္ဈ"ဟုဂုင်း ပြီးနိုင်၏၊ နော် ဘ၌ ဗ ဒွေဘော်လာ၊ သို့သော် သဒ္ဒါကျမ်းတို့၌ အဓိကို အဇ္ဈပြုရာဝယ် ဂါထာအရာမဟုတ်လျှင် နောက်၌ သရရှိရ၏၊ ဤ၌ သရမရှိ၊ ဘရိတံ၌ ဘရဓာတ်လည်း ဒွေဘော်လိုသောဓာတ် မဟုတ်၊ ထို့ကြောင့် ဤပါဠိ ၂ မျိုးထက် သဒ္ဒ ယုတ္တိရှိသောပါဠိကို ရွာသင့်ပါသည်။

ဓမ္မဒ္ဒိတတံ ။ ။ ဓမ္မကို "နဝလောကုတ္တရ ဓမ္မေသု" ဟု ဖွင့်၍ ဒ္ဒိတတံကို ဒ္ဒိတ သဘာဝံဟု ဖွင့်၏၊ ဒ္ဒိတာယ-လောကုတ္တရာတရား ၉ ပါးတို့၌ တည်တံ့သော ပဋိပဒါ၏+ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ (တည်တံ့သောသဘောတည်း၊) ဓမ္မဒ္ဒိတတာ-သဘော" ဟု ပြုပါ၊ "ဆို လောကုတ္တရာကို ရစေနိုင်သောအကျင့်"ဟူလို၊ ပညပေတိ၏ ကံဖြစ်သော ကြောင့် ဓမ္မဒ္ဒိတတံဟု ရှိသည်။

ဓမ္မနိယာမတန္တိ-ကား။ လောကုတ္တရဓမ္မနိယာမနိယတံ-လောကုတ္တရာတရားသို့ ရောက်စေနိုင်သော နိယာမအားဖြင့် မြဲသော သဘောကို၊("ပညာပေတိ"၌စပ်၊) ဟိ-မှန်၊(တနည်း) ဟိ (ယသ္မာ)-ကြောင့်၊ ဗုဒ္ဓါနံ-တို့၏၊ စတုသစ္စဝိနိမုတ္တာ-သစ္စာ ၄ ပါးမှ လွတ်သော၊ ကထာနာမ-ကထာမည်သည်၊ နတ္ထိ-မရှိ၊ တသ္မာ-ကြောင့်၊ သာ-ထိုအကျင့်သည်၊ ဒေသာ-ဤကဲ့သို့ ရှုအပ်သည်၊ ဟောတိ။

× × × × × × ×

ဓမ္မ နိယာမတံ။ ။"လောကုတ္တရဓမ္မ သမ္မာပနနိယာမေန နိယတံ-လောကုတ္တရာတရားသို့ ရောက်စေနိုင်သော နိယာမအားဖြင့် မြဲသော ပဋိပဒါကို" ဟု ဋီကာဖွင့်၏၊ ဓမ္မေသု-တို့၌+နိယာမော-(ရောက်စေတို့ရန်) မြဲသော ပဋိပဒါတည်း၊ ဓမ္မနိယာမော-ဒါ၊ ဓမ္မနိယာမဿ-လောကုတ္တရာတရားတို့၌(ရောက်စေတို့ရန်) မြဲသော ပဋိပဒါ၏+ဘာဝေါ ဓမ္မနိယာမတာ၊ ထို ဓမ္မနိယာမ၏ ဖြစ်ကြောင်းဖြစ်ရာ ဟူသည် ကျင့်သူတို့ကို လောကုတ္တရာကိုရတို့ရန် ထို ပဋိပဒါ၏ မြဲသောသဘောတည်း။

စိတ္တနှင့် ပေါဠပါဒဝတ္ထု၊

စိတ္တောစ ဟတ္ထိသာရိပုတ္တောတိ (တ္ထေ)-ဟူသော ဤပါဠိ၌၊ (ဂုဠ်းထိုး-လျှို့ဝှက် တိမ်မြုပ်သောအနက်ကို၊) ကိရ (ဥဒ္ဓရိတ္ဝာ ဒဿိမိ)၊ သော-ထိုစိတ္တသည်၊ သာဝတ္ထိယံ-၌၊ ဟတ္ထိအာစရိယဿ-ဆင်ဆရာ၏၊ ပုတ္တော-သားသည်၊ (ဟုတ္တာ)၊["ဟတ္ထိ+သာရေတိတိ ဟတ္ထိသာရိ-ဆင်ကို ဆုံးမတတ်သောဆရာ၊ ဟတ္ထိသာရိနော ပုတ္တော ဟတ္ထိသာရိပုတ္တော"ဟု ပြုစေလိုသည်။] ဘဂဝတော-၏၊ သန္တိကေ-အထံ၌၊ ပဗ္ဗဇိတ္ဝာ-ရဟန်းပြု၍၊ တီဏိ ဥ ပုံကုန်သော၊ ပိဋကာနိ-ပိဋကတို့ကို၊ ဥဂ္ဂဟေတ္ဝာ-သင်ယူပြီး၍၊ သုခုမေသု-သိမ်မွေ့ ခက်ခဲကုန်သော၊ အတ္ထန္တရေသု-အနက်အထူးတို့၌၊ ကုသလော-ကျွမ်းကျင်သည်၊ အဟောသိ-ဖြစ်ပြီ၊ ပန-ထိုသို့ပင် ဖြစ်ပါ၊သင်္ကာသည်း၊ ပုဗ္ဗေ-ရှေး၌၊ ကတပါပကမ္မဝသေန-ပြုအပ်ပြီးသော မကောင်းမှုကံ၏ အစွမ်းကြောင့်၊ သတ္တဝါရေ-တို့တိုင်တိုင်၊ ဝိဇ္ဇာမိတ္ဝာ-လူထွက်၍၊ ဂိဟီ-လူဝတ်ကြောင်သည်၊ ဇာတော-ပြီ။

ကိရ-ခဲ့၊ ကဿပသမ္မာသမ္ဗုဒ္ဓဿ-ကဿပမြတ်စွာဘုရား၏၊ သာသနေ-သာသနာတော်၌၊ ဒွေ-၂ ပါးကုန်သော၊ သဟာယကာ-သဟာယ်ချင်းတို့သည်၊ အဟေသုံ-ရှိကုန်ပြီ၊ အညမညံ-အချင်းချင်း၊ သမဂ္ဂါ-ညီညွတ်ကြကုန်သည်၊ (ဟုတ္ဝာ)၊ ကေတောဝ-တပေါင်းတည်း သာလျှင်၊ သဇ္ဈယနိ-သရဇ္ဈာယ်ကြကုန်၏၊ တေသု-ထို ၂ ပါးတို့တွင်၊ ဧကော-တပါးသည်၊ အနဘိရဒတော-သာသနာတော်၌ မမွေ့လျော်သည်၊(ဟုတ္ဝာ)၊ ဂိဟိဘာဝေ-လူ၏ဖြစ်ကြောင်းဖြစ်ရာ လူ့ဘောင်၌၊ စိတ္တံ-စိတ်ကို၊ ဥပ္ပါဒေတ္ဝာ-ဖြစ်စေ၍၊ ဇာတရဿ-အခြားရဟန်းအား၊ အာရောစေသိ-ပြောပြပြီ၊ သော-ထို အခြားရဟန်း

သည်၊ ဂိဟိဘာဝေ – ၌၊ အာဒီနဝံ – အပြစ်ကို၎င်း၊ ပဗ္ဗဇ္ဇာယ – ရှင်ရဟန်း အဖြစ်၏၊ အာနိသံသံ – အကျိုးအာနိသင်ကို၎င်း၊ ဒဿေတွာ-ပြ၍၊ တံ–ထို ပျင်းရိသောရဟန်းကို၊ ဩဝဒိ– ဆုံးမပြီ။

သော–ထို ပျင်းရိသောရဟန်းသည်၊ တံ–ထိုစကားကို၊ သုတ္ဝာ-ကြားရ၍၊ အဘိရမိတ္ဝာ-အလွန် မွေ့လျော်၍၊ ပုန–တဖန်၊ ဧကဒိဝသံ-တနေ့သ၌၊ တာဒိသေ– ထိုကဲ့သို့ ရှုအပ်သော၊ စိတ္တေ- မမွေ့မလျော်ကြောင်းစိတ်သည်၊ ဥပ္ပန္နေ– ဖြစ်လသော်၊ တံ–ထို အဖေါ်ရဟန်းကို၊ ဧတံ-ဤစကားကို၊ အဝေါစ-ပြောပြီ၊ (ကိ)၊ အာဝုသော-အရှင်ဘုရား၊ မယ္ဟံ-တပည့်တော်၏၊ ဝေရုပံ-ဤသို့ သဘောရှိသော၊ စိတ္တံ– စိတ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ပြန်၏၊ အဟံ–တပည့်တော်သည်၊ ဣမံ ပတ္တစီဝရံ–ဤသပိတ် သင်္ကန်းကို၊ တုယ္ဟံ-အရှင်ဘုရားအား၊ ဒဿာမိ-လှူပါအံ့၊ ဣတိ – ဤသို့ပြောပြီ၊ သော- ထို အဖေါ်ရဟန်းသည်၊ ပတ္တစီဝရလောဘေန– သပိတ် သင်္ကန်း၌ဖြစ်သော လောဘကြောင့်၊ တဿ – ထို ပျင်းရိသောရဟန်း အား၊ ဂိဟိဘာဝေ-၌၊ အာနိသံသံ-ကို၊ ဒဿေတွာ-၍၊ ပဗ္ဗဇ္ဇာယ– ရှင်ရဟန်း အဖြစ်၏၊ အာဒီနဝံ– အပြစ်ကို၊ ကထေသိ-ပြောပြီ၊ အထ–ထိုအခါ၌၊ အဿ-ထို အဖေါ်ရဟန်း၏၊ တံ– ထိုစကားကို၊ သုတ္ဝာဝ- ကြားခြင်းကြောင့်ပင်၊ ဂိဟိဘာဝတော-မှ၊ စိတ္တံ-ကို၊ နိဝတ္တေတွာ-ဆုတ်နစ်၍၊ [ဝိရဇ္ဈိတ္ဝာဟု မူကွဲရှိ၏၊ ဂိဟိဘာဝတောပုဒ်နှင့် မလျော်။]ပဗ္ဗဇ္ဇာယမေဝ-ရှင်ရဟန်းအဖြစ်၌သာ၊ အဘိရမိ-အလွန် မွေ့လျော်ပြီ။ [သူ့ဇာတ်ဆွေ၏ ပတ္တစီဝရလောဘကြောင့် ရှေးနောက် စကားမညီပုံကိုကြားရ၍ သံဝေဂဖြစ်ဟန်တူပါသည်။]

ဧဝံ–ဤသို့လျှင်၊ သေ–ဤစိတ္တသည်၊ တဒါ-ထိုအခါ၌၊ သီလဝန္တဿ-သီလရှိသော၊ ဘိက္ခုနော- အား၊ ဂိဟိဘာဝေ- ၌၊ အာနိသံသကထာယ- အကျိုးကိုပြောကြောင်းစကား၏၊ ဝါ- ကို၊ ကထိတတ္တာ - ပြောဆိုအပ်ခဲ့သည်၏အဖြစ်ကြောင့်၊ ဣဒါနိ- ယခုအခါ၌၊ ဆ ဝါရေ - ၆ ကြိမ်တိုတိုင်တိုင်၊ ဝိဇ္ဈမိတ္ဝာ- လှူထွက်၍၊ သတ္တမေဝါရေ-၇ ကြိမ်မြောက်၌၊ ပဗ္ဗဇိတော-ရဟန်းပြုပြန်ပြီ၊ [သီလဝန္တ ရဟန်းကို လှူထွက်အောင် ပြောမိခဲ့သော မကောင်းမှု၏ အကျိုးတည်း။] မဟာမောဂ္ဂလ္လာနဿ-မဟာမောဂ္ဂလ္လာန်သည်၎င်း၊ မဟာကောဋ္ဌိကတ္ထေရဿ စ-မဟာကောဋ္ဌိကထေရ်သည်၎င်း၊ အဘိဓမ္မကထံ-အဘိဓမ္မာတရားစကားကို၊ ကထေန္တာနံ – ပြောဆိုကြကုန်စဉ်၊ အန္တရန္တရာ – အကြားအကြား၌၊ ကထံ - စကားကို၊ ဩပါတေသိ - ကျစေပြီ၊ အထ - ထိုအခါ၌၊ နံ - ထိုစိတ္တကို၊ မဟာကောဋ္ဌိကတ္ထရော-သည်၊ အပသာဒေတိ- ဖယ်ရှားစေ၏၊ ဝါ- ကြိမ်းမောင်း၏၊ သော - ထိုစိတ္တသည်၊ မဟာသာဝကဿ - မဟာသာဝကသည်၊ ကထိတေ – ပြောဆိုအပ်သော်၊ ပတိဋ္ဌာတုံ- တည်ခြင်းငှါ၊ အသက္ကောန္တော- မစွမ်းနိုင်သည်၊ (ဟုတ္ဝာ)၊ ဝိဇ္ဈမိတ္ဝာ-၍၊ ဂိဟိ- လူဝတ်ကြောင်သည်၊ ဇာတော- ဖြစ်ပြီ။

ပန-ဆက်၊ အာယံ-ဤစိတ္တာသည်၊ ပေါ်ဌပါဒဿ-၏၊ ဂိဟိသဟာယကော-လူဝတ်ကြောင်တုန်းက သဟာယ်ချင်းသည်၊ ဟောတိ-၏၊ တဿာ-ထို့ကြောင့်၊ ဝိဇ္ဇာမိတ္တာ-လူထွက်ပြီး၍၊ ဒွိဟတိဟစ္စဒယန-၂ ရက် ၃ ရက်လွန်ရာ အခါ၌၊ ပေါ်ဌပါဒဿ-၏၊ သန္တိကံ-အထံသို့၊ ဂတော-သွားပြီ၊ အထ-ထိုအခါ၌၊ နံ-ထိုစိတ္တကို၊ သော-ထိုပေါ်ဌပါဒသည်၊ ဒိဿွာ-မြင်၍၊ သမ္မ မိတ်ဆွေ၊ ကိံ-အဘယ်ကို၊ တယာ-သင်သည်၊ ကတံ-ပြုအပ်သနည်း၊ ဒေရူပဿနာမ-ဤသို့သဘောရှိသည်မည်သော၊ သတ္ထု-ဆရာဘုရား၏၊ သာသနာ-အဆုံးအမမှ၊ အပဿဏ္ဏာ-ဖဲခွဲရသည်၊ အသိ-ဖြစ်၏၊ ဟိ-လောလော၊ ဣဒါနိ-ယခုအခါ၌၊ တေ-အား၊ ပမ္မဇိတုံ-ရဟန်းပြုခြင်းငှါ၊ ဝါ-သည်၊ ဝဋ္ဋတိ-သင့်၏၊ ဣတိ-ဤသို့ပြော၍၊ တံ-ထိုစိတ္တကို၊ ဂဟေတွာ-ခေါ်၍၊ ဘဂဝတော-၏၊ သန္တိကံ-အထံသို့၊ အဂမာသိ-သွားပြီ၊ တေန-ထို့ကြောင့်၊ စိတ္တောစ ဟတ္ထိ သာရိပုတ္တော ပေါ်ဌပါဒေါစ ပရိဗ္ဗာဇကောတိ-ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန) ဝုတ္တံ-ဟောခဲ့အပ်ပြီ။

အန္ဓာတိ-ကား၊ ပညာစက္ခုနော-ပညာစက္ခု၏၊ နတ္ထိတာယ-မရှိကုန်သည်၏အဖြစ်ကြောင့်၊ အန္ဓာ-ကာဏ်းကုန်၏၊ တဿေဝ-ထိုပညာမျက်စိ၏ပင်၊ အဘာဝေန-မရှိခြင်းကြောင့်၊ အစက္ခုကာ-အစက္ခုကတို့မည်၏၊ တံ့၊ပေ၊ စက္ခုမာတိ-ကား၊ သုဘာသိတ ဒုဿာသိတဇာနနဘာဝမင်္ဂလာနဿ-ကောင်းစွာပြောဆိုအပ်သောစကား, မကောင်းသဖြင့် ပြောဆိုအပ်သောစကားကို သိတတ်သည်၏အဖြစ်မျှဖြစ်သော၊ ပညာစက္ခုနော-ပညာစက္ခုအားဖြင့်၊ စက္ခုမာ-စက္ခုရှိ၏၊ ကံသိကာတိ-ကား၊ ကေကောဠာသာ-တခုသောအဘို့ရှိကုန်သော၊

× × × × × × ×

ပညာစက္ခုနော နတ္ထိတာယ။ ။သုဝုတ္တ ဒုရုတ္တ သမဝိသမဒဿနသမတ္ထ ပညာစက္ခုနော (ကောင်းစွာ ပြောအပ်သောစကား, မကောင်းသဖြင့် ပြောအပ်သောစကားဟူသော သမဝိသမကိုမြင်စွမ်းနိုင်သော ပညာစက္ခု၏) အဘာဝေန (အန္ဓဖြစ်ကြသည်)၊ ပကတိ မျက်စိကာဏ်းသူတို့သည် သမဝိသမကို မမြင် မစွမ်းနိုင်သကဲ့သို့, ဤပရိဗ္ဗိုဇ်တို့လည်း သုဝုတ္တ ဒုရုတ္တဟူသော သမဝိသမကို မမြင်စွမ်းနိုင်ရကား အကာဏ်းနှင့်တူကြသည်—ဟူလို၊ ပါဠိတော်၌ အစက္ခုကာသည် အန္ဓာ၏ ပရိယာယ်တည်း။

စက္ခုမာ။ ။ရှေ့၌ “ သုဝုတ္တ ဒုရုတ္တ ” ဟူသောအဖွင့်နှင့် ဤနေရာ၌ သုဘာသိတ ဒုဿာသိတဟူသော အဋ္ဌကထာအဖွင့်သည် သဘောတူ၏၊ ဇာနနဘာဝ မတွေနှင့် မတွေသဒ္ဒါသည် အပွအနက်ဟောတည်း၊ သုဘာသိတ ဒုဿာသိတကို သိနိုင်သောသတ္တိသည် အဆက်ဆက် ဉာဏ်မျက်စိ၏သတ္တိကို ထောက်လျှင် ဘာမျှမကြီးကျယ်သော အနည်းငယ်သတ္တိသာဖြစ်သည် – ဟူလို။

ကံသိကာ။ ။“ ကေ + အံသ ” ဟု ခွဲ၍ အံသ သဒ္ဒါသည် ကောဋ္ဌာသအနက်ဟော၊ ကေဟော + အံသော ကံသော၊ ကံသော တေသံ အတ္ထိတိ ကံသိကာ၊ ကေကောဋ္ဌာသာ၌ ဗဟုဗ္ဗီဟိပြု၊ နိဗ္ဗာန်ကို ခံဆောင်နိုင် – မခံဆောင်နိုင်ဟု ၂ ဖို့မကွဲဘဲ ကေန်

(ဓမ္မာဝိဒ္ဓံစပ်)၊ ပညတ္တာတိ-ကား၊ ထပိတာ-ဟောထားအပ်ကုန်ပြီ၊ အနေကံသိကာတိ-ကား၊ နကေကောဋ္ဌာသာ-တခုသောအဘို့ရှိသည် မဟုတ်ကုန်သော၊ (ဓမ္မာဝိဒ္ဓံစပ်)၊ ကေနဝ-တခုသာလျှင်ဖြစ်သော၊ ကောဋ္ဌာသေန-အဘို့အားဖြင့်၊ သဿတာတိဝါ-တို့ဟူ၍ဂုဏ်း၊ အသဿတာတိဝါ-တို့ဟူ၍ဂုဏ်း၊ နဝုတ္တာ-မဟောအပ်ကုန်သော၊ (ဓမ္မာဝိဒ္ဓံစပ်၊) ဣတိအတ္ထော-နက်။

× × × × × × × ×

ဆောင်နိုင်ကြ၏ဟု ဆုံးဖြတ်အပ်ပြီးသော တရားများဖြစ်ကြ၏-ဟူလို။ [ကေကောဋ္ဌာသာတိ ကေန္တိကာ (ဤဌဲ့ အန္တသဒ္ဒါလည်း ကောဋ္ဌာသ အနက်ဟောပင်)၊ နိဗ္ဗာနာဝဟဘာဝေန နိစ္ဆိတာတိ အဓိပ္ပါယော၊-ဋီကာ။] ဤဋီကာဖွင့်သည် အဋ္ဌကထာဖွင့်မှ တမျိုးမဟုတ်, အဋ္ဌကထာဖွင့်ကို ထောက်ခံသောအဖွင့်သာဘည်း။

ပညတ္တာ။ ။ပပုဗ္ဗ+ဉာ ပဓာတ်သည် ထပနအနက်ဟောတည်း၊ "ပညတ်" ဟူသည် အများသိအောင် ဟောထားခြင်းတည်း-ဟူလို၊ ထို့ကြောင့် "ထပိတာ" ဟု ဖွင့်သည်၊ ထပိတာကို ဋီကာ၌ "ဝဝတ္ထပိတာ" ဟု ဖွင့်၏၊ "ကံသိကတရားတို့ကို ပညတ်အပ်-ထားအပ်" ဟု ဆိုသဖြင့် "အနေကံသိက တရားတို့နှင့် မရောအောင် ပိုင်းခြား၍ ဟောထားအပ်" ဟု အဓိပ္ပါယ်ရသောကြောင့် အဓိပ္ပါယတ္ထအဖွင့်ဟု မှတ်ပါ။

အနေကံသိကာ။ ။အခြားနေရာ၌ "အနေကံသ" ဟု ဆိုလျှင် "တပါးမကသော (များသော) အဖို့ရှိ" ဟု အနက်ပေးရ၏၊ ဤ၌ကား ထိုသို့အနက်မယူစေလိုသောကြောင့် "နဉ+ကေကောဋ္ဌာသာ - သဿတဟု ဖြစ်စေ, အသဿတဟု ဖြစ်စေ ဤသို့ စသည်ဖြင့် တခုသောအဖို့ရှိသည် မဟုတ်ကုန်သော တရားတို့" ဟု အနက်ယူရသည်၊ "သဿတစသော တခုသောအဖို့ရှိသော တရားတို့ကို မဟောအပ်ကုန်" ဟူလို၊ ထို့ကြောင့် "ကေနဝ ကောဋ္ဌာသေန၊ပေ၊နဝုတ္တာ" ဟု အဓိပ္ပါယတ္ထဖွင့်သည်၊—ဋီကာသစ်။

ကံသိကဓမ္မ အဖွင့်

သန္တိ ပေါဋ္ဌပါဒါတိ ဣဒံ - အစရှိသောစကားကို၊ ဘဂဝါ-သည်၊ ကသ္မာ-ကြောင့်၊ အာရဘိ-အားထုတ်တော်မူသနည်း၊ (ဣတိ-ဤကား အမေးတည်း)၊ ဗာဟိရကဟိ- သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည်၊ ပညာဝိတနိဋ္ဌာယ-အပြားအားဖြင့် သိစေအပ်သောနိဋ္ဌာမဂ္ဂ၏၊ အနိယျာနိကဘာဝဒဿနတ္ထံ-

× × × × × × ×

ကသ္မာ၊ပေ၊ဒဿနတ္ထံ။ ။ကသ္မာဟု အကြောင်းကိုမေးပြီးလျှင် "အနိယျာနိကဘာဝဒဿနတ္ထံ" ဟု အကျိုးကိုဖြေနိုင်၏၊ ဘာ့ကြောင့်နည်း၊ .... အကျိုး ပြီးစီးလျှင် အကြောင်းလည်း ပြီးစီးပြီးဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် အကြောင်းကိုမေးသော်လည်း အကျိုးကိုဖြေလျှင် ပြေတော့သည်သာ။ [သတိဟိ ဖလသိဒ္ဓိယံ ဟေတု + သိဒ္ဓေါ ယေဝ ဟောတိတိ၊-ဋီကာ။] ဋီကာသစ်၌ကား ဒဿနတ္ထံ၌ အတ္ထကို ကာရကအနက် ဟောဟုဆင်း, တ္ထံ၌ ပဒ္မမာကိုလည်း ဟိတ်အနက်ဟောဟုဆင်း ယူ၍ "ပြလိုခြင်းဟူသော အကြောင်းကြောင့်" ဟု အပဒေရဝါဒကိုလည်း ပြသေး၏။

နိယျာနိက မဟုတ်သည်၏အဖြစ်ကို ပြတော်မူခြင်းအကျိုးငှါ၊ (ဝဋ်မှ ထွက်မြောံတတ်သောတရား မဟုတ်သည်၏အဖြစ်ကို ပြတော်မူခြင်းအကျိုးငှါ၊) အာရဘိ-ပြီ၊ တနည်း– ဗာဟိရကေဟိ - တို့သည်၊ ပညာပိတနိဋ္ဌာယ - အပြားအားဖြင့် သိစေအပ်ပြီးသော နိဗ္ဗာန်၏၊ အနိယျာနိက ဘာဝဒဿနတ္ထံ – ဝဋ်မှ မထွက်မြောက်တတ်သည်၏အဖြစ်ကို ပြတော်မူခြင်း အကျိုးငှါ၊ (အာရဘိ၊ ဇုတိ – ဤကား အဖြေတည်း)။

ဟိ-ချေ၊ သမ္ဗေ-အလုံးစုံကုန်သော၊ တိတ္ထိယာ-တိတ္ထိတို့သည်၊ ဘဂဝါ-သည်၊ အမတံ–အမြိုက်ဖြစ်သော၊ ဝါ-မအိုမသေသော၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ ပညပေတိ ယထာ-ပညတ်တော်မူသကဲ့သို့၊ ဧဝံ-ဤ အတူ၊ အတ္တာနောအတ္တာနာ-မိမိမိမိ၏၊

× × × × × × ×

ပညာပိတနိဋ္ဌာယ။ ။“နိဗ္ဗ်ာမဂ္ဂဿ” ဟု ဆိုလိုလျက် မဂ္ဂဟူသော နောက်ပုဒ်ကို ချေ၍“နိဋ္ဌာယ”ဟု ဆိုထားသည်၊ [ပညာပိတ နိဋ္ဌာယာတိ ပဓေဒိတ ဝိမုတ္တိမဂ္ဂဿ၊ နိဋ္ဌာယ မဂ္ဂေါ ဟိ ဇာဒ ဥတ္တရပဒလောပေန နိဋ္ဌာတိ ဝုတ္တော၊ – ဋီကား။] ချဲ့ဉာဏ်းအံ့– “ဝေါဋ္ဌာ (နွားခြံတို့သည်) ပဋိတဝါဝေါ (ထွက်သွားသော နွားရှိကုန်၏) ” ဟူရာ၌ ပဋိတဝယ် ဌာဓာတ်သည် ဂတိအနက်ကို ဟောသကဲ့သို့ ဤနိဋ္ဌာဌ် ဌာဓာတ်လည်း ဂတိအနက်ကို ဟော၏၊ ထို့ကြောင့် “ဝဋ္ဋဒုက္ခပရိယောသာနံ နိဋ္ဌာတိ ဂစ္ဆတိ ဟောယာတိ နိဋ္ဌာ- ဝဋ်ဒုက္ခ၏ အဆုံးသို့ ရောက်ကြောင်း” ဟု ပြု၍ ဝိမုတ္တိ (နိဗ္ဗာန်) ကို “ နိဋ္ဌာ ” ဟု ခေါ်၏။

မဂ္ဂပုဒ်ကြ။ ။ထို နိဋ္ဌာသို့ ရောက်ကြောင်းလမ်းကို ဤနေရာ၌“ နိဋ္ဌာယ+မဂ္ဂေါ နိဋ္ဌာမဂ္ဂေါ”ဟု ဆိုလိုလျက် မဂ္ဂဟူသော နောက်ပုဒ်ကို ချေ၍ “ နိဇ္ဇာ ”ဟု ဆိုသည်၊ မှန်၏–နိဋ္ဌာမဂ္ဂ၏ နိယျာနိက ဟုတ် - မဟုတ်ကိုသာ ဟောတော်မူလိုရင်းတည်း၊ နိဋ္ဌာဟူသော ဝိမုတ္တိ၏ နိယျာနိက ဟုတ် မဟုတ်ကို ဟောတော်မူလိုရင်း မဟုတ်ပါ။

အနိယျာနိကဘာဝ။ ။နိယျာတိ – ထွက်သွားတတ်၏၊ ဇုတိ နိယျာနိကာ၊ နိ+ယာဓာတ်,အနိယပစ္စည်း,ကတ္တားဟော၊ နိဋ္ဌ ရဿ,ယကို ကပြု၊နိဋ္ဌာကို အရကောက်ပါ၊ န+နိယျာနိကာ အနိယျာနိကာ၊ အနိယျာနိကာယ+ဘာဝေါ အနိယျာနိကဘာဝေါ။

တနည်း။ ။နိ+ယျာနံ (နိဂ္ဂမနံ) - ထွက်သွားခြင်း၊ “ ဝဋ်ဒုက္ခမှ ထွက်သွားခြင်း, ဝဋ်ဒုက္ခ၏ ငြိမ်းအေးခြင်း ”ဟူလို၊ နိယျာနမေဝ နိယျာနိကံ၊ (သဒ္ဒန္ဓ် ဏိကပစ္စည်း)၊ န+နိယျာနိကံ အနိယျာနိကံ၊ သော ဧဝ – ထို ဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်းသည်ပင်+ဘာဝေါ-သဘောတည်း၊ အနိယျာနိကဘာဝေါ၊ ဤနည်းဌ ဘာဝသဒ္ဒါသည် သဘာဝအနက်ဟောတည်း၊ ဤသို့ ဋီကာတို့ဌ တနည်းကြံကြ၏။

မှတ်ချက်။ ။ ဤနည်းဌ နိဋ္ဌာအရ နိဋ္ဌမဂ္ဂကို မယူဘဲ, နိဋ္ဌာမည်သော နိဗ္ဗာန်ကို ယူမှ“နိယျာနသဘာဝ–ဝဋ်မှထွက်မြောက်ခြင်း (ငြိမ်းအေးခြင်း) သဘော ” ဟူသော အရကောက်နှင့် သင့်လျော်သည်၊ ဤသို့ နိဋ္ဌာအရ ဥတ္တရလေ့ပ မကြံစေလိုသောကြောင့်ပင် တနည်းဖွင့်ပြသည်ဟု မှတ်ပါ။

သမၼေ–အယူဒ္ဓ၊ လောကထူပိကာဒိဝသေန– လောက၏အထွဋ္ဌ အစရှိသည်တို့၏ အစွမ်းဖြင့်၊ နိဋ္ဌံ–အဆုံးသို့ ရောက်ကြောင်းဖြစ်သော ဝိမုတ္တိမဂ္ဂကို၊ ဝါ–အဆုံးသို့ ရောက်ကြောင်း ဖြစ်သော ဝိမုတ္တိကို၊ ပညပေန္တိ– ပညတ်ကြကုန်၏၊ သာစ–ထိုနိဋ္ဌာသည်လည်း၊ နနိယျာနိကာ-ဝဋ္ဋမှမထွက်မြောက်တတ်၊ ယထာပညတ္တာ-အကြင် အကြင် ပညတ်အပိတိုင်းသော အပြားရှိသည်၊(ဟုတ္တာ)၊ နနိယျာတိ-ဝဋ္ဋမှ မထွက်သွားတတ်၊ နဂစ္ဆတိ-ဝဋ္ဋမှ မထွက်သွားတတ်၊ အညဒတ္ထု– စင်စစ်ကား၊ ပဏ္ဍိတေဟိ-တို့သည်၊ ပဋိက္ခိတ္တာ-ပယ်မြစ်အပ်သည်၊(ဟုတ္တာ)၊ နိဝတ္တတိ-ဆုတ်နစ်၏၊ တံ-ထို နိဋ္ဌာမဂ္ဂကို၊ ဒဿတုံ-ပြတော်မူခြင်းငှါ၊ ဘဂဝါ–သည်၊ ဧဝံ-ဤသို့ သန္တိပေါဠဟိဒ အစရှိသည်ဟူ၍၊ အာဟ–ပြီ။

× × × × × × ×

လောကထူပိကာဒိဝသေန။ ။အထက်၌ မောက်နေသော အထွဋ္ဌကို ထူပိကာဟု ခေါ်၏၊ လောက၏ ထူပိကာပမာသည် ပြာသာဒ်အထွဋ္ဌ စသည်ကဲ့သို့ ထိပ်ဆုံးအရာဌာနတည်း၊ ထို့ကြောင့် သာသနာတော်၌ နိဗ္ဗာန်ကဲ့သို့ ဗြဟ္မာ့ဘုံကို လောကထူပိကာဟု ပညတ်ကြသည်၊ ထိုထူပိကာသည် တိတ္ထိတို့၏ နိဗ္ဗာန်ပင်တည်း။

အာဒိဖြင့် ယူဘွယ်။ ။ပကတိနှင့် ပုရိသအထူးကို အဘယာရာမ ဆရာတော်၏ အဘိဓာန်နိဿယ (၉၂) ဂါထာ၌ ရှုပါ၊ ထို ပကတိနှင့် ပုရိသတို့၏ အထူးကို သိသော ဉာဏ်သည် မောဂ္ဂတည်း၊ သတ္တ, ရဇ, တမ (ဗုဒ္ဓိ,ရာဂ,မောဟ) ဟူသော ဂုဏ် ၃ ပါးသည် ပကတိ၌ တည်၏၊ အတ္တ၌ မတည်၊ ထို ဂုဏ် ၃ ပါးမှ လွတ်သော အတ္တ၏ မိမိမှ တပါးသော အခြားအတ္တ၌ တည်ခြင်း (အခြား အတ္တကို သိခြင်း) သည် မောဂ္ဂတည်း၊ ဤသို့ စသော အယူများကို ယူပါ။ [ဋီကာ၌ ဖွင့်သမျှကို သိလိုလျှင် ဘာသန္တရ ကျမ်းကျင်သူများကို မေးပါ။]

ယထာပညတ္တာ။ ။သာစ နနိယျာနိကာကိုပင် "ယထာပညတ္တာ၊ပေါနိဝတ္တတိ" ဟု ခဲ့သည်၊ ယေန ယေန ပကာရေန - အကြင်အကြင် အပြားအားဖြင့် + ပညတ္တာ – ပညတ်အပ်သည်တည်း၊ယထာပညတ္တံ-ပညတ်အပ်တိုင်းသော အပြား၊ "ယထာပညတ္တံ+ ယဿာ အတ္ထိတိ ယထာပညတ္တာ၊" ဤသို့ ကြံမှ (တိတ္ထိတို့ ပညတ်အပ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ရသောကြောင့်) သဒ္ဒါနည်းမှန်သည်။

နနိယျာတိ။ ။နိဗ္ဗာန်သို့ ရောက်ကြောင်း ပဋိပဒါဟု ပညတ်အပ်သော အကျင့်သည် သူတို့ ပညတ်အပ်သည့်အတိုင်း ကျင့်အပ်သော်လည်း "နနိယျာတိ-မထွက်မြောက်နိုင်၊ နဂစ္ဆတိ–နိဗ္ဗာန်သို့ မရောက်နိုင်"ဟူလို။

ပဋိက္ခိတ္တာ။ ။နာယံ နိဗ္ဗာပဋိပဒါ– ဤအကျင့်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် မဟုတ်၊ ဘာ့ကြောင့်နည်း....ဝဋ္ဋသ အနတိက္ကမနတော–ထို အကျင့်ဖြင့် ဝဋ်ကို မလွန်နိုင်သောကြောင့်တည်း၊ ဣတိ ဗုဒ္ဓါဒိဟိ ပဋိက္ခိတ္တာ။

နိဝတ္တတိ။ ။ပဋိက္ခေပသ ကာရဏဝစနံ – နိဝတ္တတိ ဟူသော စကားသည် (နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်ဟု) ပယ်ခြင်း၏ အကြောင်းပြစကားတည်း၊ ခဲ့ဥုံးအုံ– သူတို့ပညတ်အပ်သော နိဗ္ဗာပဋိပဒါသည် ဝဋ်မှ မထွက်နိုင်၊ စင်စစ်ကား ထိုအကျင့်နှင့်

တတ္ထ–ထို သန္တီပေါဠပါဒ အစရှိသော စကားရပ်၌၊ ကေန္တ သုခံ လောကံ ဇာနံ ပဿန္တီ-ကား၊ ပုရတ္ထိမာယ-အရှေ့ ဖြစ်သော၊ ဒိသာယ-အရပ်၌၊ ကေန္တ သုခေါ-ကေနဲချမ်းသာသော၊ လောကော - လောကသည်၊ (အတ္ထိ-ရှိ၏၊) ဣတိ ဝါ–ဤသို့သော်ငင်း၊ ပန္ဆိမာဒိနံ–အနောက် အစရှိသော အရပ်တို့တွင်၊ အညတရာယ – အမှတ်မထား တပါးပါးသော အရပ်၌၊ (ကေန္တ သုခေါ – သော၊ လောကော-သည်၊ အတ္ထိ၊) ဣတိ ဝါ-သော်ငင်း၊ ဝံ-ဤသို့၊ ဇာနန္တာ– သိကုန်လျက်၊ ဝံ– သို့၊ ပဿန္တာ– မြင်ကုန်လျက်၊ ဝိဟရထ – နေကြကုန်သလော၊ တသ္မိံ လောကေ - ထို လောက၌၊ မနုဿာနံ - ကေန် ချမ်းသာသော လူတို့၏၊ သရီရသဏ္ဌာနာဒိနိ-ကိုယ်သဏ္ဌာန်အစရှိသည်တို့ကို၊ ဒိဋ္ဌပုဗ္ဗာနိ-ရှေး၌ သိမြင်အပ်ကုန်သလော၊ ဝါ–သိမြင်အပ်ဘူးကုန်သလော၊ ဣတိ–ဤသို့၊ (“ဝဒါမိ–မေးတော်မူ၏”ဟု ပါဠိတော်၌စပ်၊) အပ္ပါဋိဟီရကတန္တိ-ကား၊ တံ - ထိုစကား

× × × × × × ×

ပြည့်စုံသော ပုဂ္ဂိုလ်ကို သံသရာဝဋ်၌သာ ကျင်လည်စေတတ်ရာကား နိဝတ္တတိ (သူတို့ပြောသလို မထွက်သွားဘဲ) နောက်ဆုတ်လေတော့၏၊ ထိုသို့ နောက်ဆုတ်သောကြောင့် ပညာရှိတို့က ထို အကျင့်ကို နိဋ္ဌာပဋိပဒါ မဟုတ်ဟု ပယ်ကြသည်–ဟူလို။

ဇာနံ ပဿံ ။ ။ ဂစ္ဆံ ဂစ္ဆန္တောကဲ့သို့ ဇာနံ ပဿံသည် ဧကဝစနန္တ ဖြစ်သော်လည်း ဝစနဝိပလ္လာသနည်းအားဖြင့် မိန့်တော်မူရကား“ဇာနန္တာ ပဿန္တာ”ဟု တုမ္ဟေ ဝိဟရထနှင့်လိုက်အောင် ဗဟုဝုစ်ဖွင့်ရသည်၊“ဇာနံ”အရသိခြင်းသည် (မနောဝိညာဉ်၏ကိစ္စဖြစ်သောကြောင့်) ပဓာနတည်း၊ ဒဿနံအရ မြင်ခြင်းကား (စက္ခုဝိညာဉ်၏ ကိစ္စဖြစ်၍ မြင်တိုင်း ဟုတ်ချင်မှ ဟုတ်တတ်သောကြောင့်) အပဓာနတည်း။ [ပဓာနံ ဇာနနံ နာမ၊ပေ၊ဒဿနံ အပ္ပဓာနံ ၊ပေ၊ တေနေတ္ထ ဇာနနေန (သေချာသော ပဓာနဖြစ်သော သိခြင်းဖြင့်) ဒဿနံ ဝိသေသေတိ၊ ထို့ကြောင့် နောက်၌ “ဒိဋ္ဌပုဗ္ဗာနိ” အရ မနောဝိညာဉ်ဖြင့် သိခြင်းကိုပါ ယူရသည်၊ သရီရသဏ္ဌာနတို့ကို မနောဝိညာဉ်က သိနိုင်သည်၊ စက္ခုဒွါရိကစိတ်က မသိနိုင်ပါ။

အပ္ပါဋိဟီရကတံ ။ ။“အပ္ပါဋိဟိရကံ+တံ”ဟု ဆိုလိုလျက် ကံ၌ နိဂ္ဂဟိတ်ချေ၍ “အပ္ပါဋိဟီရက+တံ”ဟု မိန့်တော်မူသည်၊ တံကား ပါဋိတော်လာ ဘာသိတံနှင့်တွဲရသော ပုဒ်တည်း၊ ပါဋိဟီရကံ၌ ပတိ+ဟရ-ကျပစ္စည်း၊ ပဋိပက္ခ - ဆန့်ကျင်ဘက် စကားကို+ဟရတိ-ပယ်ရှားတတ်၏၊ ဣတိ ပဋိဟာရိယံ၊ သွတ္ထ၌ ဏျပစ္စည်းသက်၍“ပါဋိဟာရိယံ”ဟု ဖြစ်၏၊ ထို ပါဋိဟာရိယံပုဒ်ကို ဤနေရာ၌ နိရုတ္တိနည်းအားဖြင့် (အာကို ဤ,ရ၏ ဣကို အ, ယကို ကပြု၍) “ပါဋိဟိရကံ ”ဟု ဆိုထားသည်။ [ပါဋိဟာရိယ မေဝတ္ထ ပါဋိဟိရကံတိ ဝုတ္တံ၊–ဋီကာ။]

ဆက်ဥုးအုံ၊– ဤ“ပါဋိဟိရကစကား”ဟူသည် မိမိတို့ ပဌမပြောအပ်သော စကားကို အခြားပညာရှိတို့က ပြန်၍ ပြောအပ် (အပြစ်တင်အပ်) သော ဥတ္တရဝစနတည်း၊ ထို ဥတ္တရဝစနကို မိမိတို့က ပြန်၍ ချေပနိုင်လျှင် မိမိတို့၏စကားလည်း ပါဋိဟိရက=ဥတ္တရဝစနပင်တည်း၊ ထိုသို့ ပြန်၍ ချေပတို့ရန် အဖြေစကားမှ ကင်းဝေးသောစကား (ပြန်၍ မချေပ

သည်၊ အပ္ပါဋိဟီရကံ-ဆန့်ကျင်ဘက်ကို ပယ်ရှားတတ်သောအဖြေမှ ကင်းသည်၊ (သမ္မဇ္ဇတိ–၌စပ်၊) အနိယျာနိကံ–တင်အပ်သော အပြစ်မှ မထွက်မြောက်နိုင်သည်၊(သမ္မဇ္ဇတိ-၌စပ်၊) ဣတိ-၌အနက်သည်၊ ဝါ-ကို၊ ဝုတ္တံ-ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ။

ဇနပဒကလျာဏီတိ-ကား၊ ဇနပဒေ–ဇနပုဒ်၌၊(တနယ်လုံး၌)၊ အညာဟိ-အခြားကုန်သော၊ ဣတ္တိဟိ-တို့နှင့်၊ ဝဏ္ဏသဏ္ဌာနဝိလာသာကပ္ပါဒီဟိ-အဆင်း, ပုံသဏ္ဌာန်, ဇရိယာပုထ် မျက်နှာ မျက်စိတို့၏ ထူးခြားသော အမူအရာ , ဆံထုံးပုံ အဝတ်ဝတ်ပုံစသည်တို့၏ ထူးခြားသော အသွင်အပြင် အစရှိသည်တို့ဖြင့်၊ အသဒိသာ-မတူသော မိန်းမသည်၊(အတ္ထိ)။

× × × × × × ×

နိုင်သော စကား) ကို “ န+ပါဋိဟီရကံ အပ္ပါဋိဟီရကံ ” ဟု ဆိုသည်၊ အသဒ္ဒါသည် ဝိရဟ အနက်ဟောတည်း၊ ထို့ကြောင့် “ပဋိဟရဏာ ဝိရဟိတံ” ဟု ဖွင့်သည်။ [ဥတ္တရသဒ္ဒါသည် ပတိဝါကျနှင့်အနက်တူ၏၊ ပတိဝါကျတု ဉ့တ္တရုံ၊-အဘိဓာန် (၁၁၄)၊ အဖြေဟု နိဿယတို့၌အနက်ပေးကြ၏၊ အဖြေမဟုတ်သော်လည်း ပြန်၍ပြောအပ်သောစကားကို ပတိဝါကျ- ဥတ္တရဟု ယူနိုင်၏။]

အနိယျာနိကံ။ ။“ နိယျာနိက ” အရ ဝဋ်မှ ထွက်မြောက်သည်ကို ဆိုလိုသည်မဟုတ် , အပြစ်တင်သောအားဖြင့် သူတပါးက ပိတ်ဆို့ထားသည်ကို ဖြေရှင်းသောအားဖြင့် ထွက်မြောက်နိုင်သည်ကို “နိယျာနိက” စကားဟု ဆိုလို၏၊ ဤဥကား ထိုသို့မဖြေရှင်းနိုင်သောကြောင့် အနိယျာနိက စကား (ပိတ်မိနေသော စကား) ဖြစ်ရသည်–ဟူလို။ [တတော ဧဝ-ထိုသို့ မဖြေနိုင်ခြင်းကြောင့်ပင်၊ နိယျာနသ-ထွက်မြောက်ကြောင်းလမ်း၏၊ (ပဋိဟရဏာမဂ္ဂသ - ဖြေရှင်းကြောင်း လမ်း၏၊) အဘာဝတော အနိယျာနိကန္တိ ဝတ္တဗ္ဗတံ လဘတိ၊–ဋီကာ။]

ဝိလာသေသာ။ ။ပိလာသေသာကို“လိဋ္ဌာ”ဟု ဋီကာဖွင့်သော်လည်း အဘယာရာမဆရာတော်၏ အဘိဓာန် (၁၇၄) ဂါထာ နိဿယ၌ သံဟိစ္စဒပ္ပဏာ အလင်္ကာရ်မှထုတ်၍“ချစ်သူယောကျ်ားကိုမြင်ရခြင်းကြောင့် သွားခြင်းစသော ဇရိယာပုထ်တို့၏ဂုဏ်း, မျက်နှာ မျက်စိတို့၏ဂုဏ်း ထူးခြားသောအမူအရာကို ဝိလာသ ” ဟု ဆို၏၊ ထိုအတိုင်း နိဿယ၌ အနက်ပေးပါသည်၊ လိဋ္ဌာကိုကား “ ချစ်ဘွယ်ကောင်းသော လက်ခြေလှုပ်ရှားမှု တန်ဆာဆင်မှု ချစ်ဘွယ်ပြောဆိုမှု”ဟု ဆိုသည်။

အာကပ္ပါဒိဟိ။ ။အာကပ္ပေါ ကေသဗန္ဓဝတ္ထဂုဟဏာဒိ အာကာရဝိသေသော-ဆံထုံးပုံ အဝတ်ကိုင်ပုံ(ဝတ်ပုံ)အစရှိသော အခြင်းအရာ အထူးသည် အာကပ္ပမည်၏၊ အာဒိဖြင့် ဟာဝစသည်ကို ယူ၍ “ စာတုရိယ – တင့်တယ်သည်၏ ဖြစ်ကြောင်း ဖြစ်ရာ တင့်တယ်အောင်ပြုအပ်သော အမူအရာ ” ဟု ဋီကာဖွင့်၏။ [မျက်ခုံး မျက်လုံးစသော အမူအရာတို့ဖြင့် ပျော်ပါးလိုခြင်းကိုပြသော မသိမသာအမူအရာရှိသော စိတ်ဆန္ဒကိုပင် “ဟာဝ”ဟု ခေါ်သတတ်။]

တယောအတွဲ ပဋိလာဘအဖွင့်

ဝေံ-သို့၊ ဘဂဝါ-သည်၊ ပရေသံ–တပါးသော တိတ္ထိတို့၏၊ နိဋ္ဌာယ–အပြီးအဆုံးသို့ ရောက်ကြောင်းအကျင့်၏၊ အနိယာနိကတ္တံ-နိယျာနိကမဟုတ်သည်၏ အဖြစ်ကို၊ ဒဿေတွာ-ပြတော်မူပြီး၍၊ အတ္တာနော- ကိုယ်တော်၏၊ နိဋ္ဌာယ-၏၊ နိယျာနိကဘာဝံ- ကို၊ ဒဿေတုံ- ငှါ၊ တယော ခေါ မေ ပေါဋ္ဌပါဒါတိ အာဒိံ- ကို၊ အာဟ-ပြီ၊ တတ္ထ-ထို တယော ခေါ မေ ပေါဋ္ဌပါဒ အစရှိသောစကားရပ်၌၊ အတ္တ ပဋိလာဘာတိ-ကား၊ အတ္တဘာဝ ပဋိလာဘာ–အတ္တဘောကို ရခြင်းတို့သည်၊ ဝါ-ရအပ်သော အတ္တဘောတို့သည်၊ (“တယော-သုံးပါးတို့တည်း”ဟု ပါဠိတော်၌စပ်)၊ စ-ဆက်၊ ထွေ-၌ အတ္တပဋိလာဘာဟူသော ပါဌ်၌၊ ဘဂဝါ-သည်၊ တီဟိ-နသော၊ အတ္တဘာဝ ပဋိလာဘေဟိ–အတ္တဘောကို ရခြင်းတို့ဖြင့်၊ ဝါ– ရအပ်သော အတ္တဘောတို့ဖြင့်၊ တယော - နှင့်သော၊ ဘဝေ – ဘဝတို့ကို၊ ဒဿေသိ–ပြတော်မူပြီ။

× × × × × × ×

အတ္တဘာဝေ။ ။အတ္တပဋိလာဘ်၌ အတ္တကို အတ္တဘာဝဟု ဖွင့်သည်၊ ထိုသို့ ဖွင့်သဖြင့် အတ္တအရ တိတ္ထိတို့ ကြိုဆအပ်သော အသက်ကောင် ဝိညာဉ်ကောင်ဟုဂုဏ်း မြန်မာတို့ကလိပ်ပြာဟုဂုဏ်း စွဲလမ်းအပ်သော အတ္တ အကောင်ကလေးကို ယူမည်စိုး၍ အတ္တဘာဝဟု ဖွင့်သည်၊ “ခန္ဓာအပေါင်းဟူသော ကာယကို အတ္တအရယူပါ”ဟူလို၊“စိတ္တေ ကာယေ သဘာဝေစ, သော အတ္တာ ပရမတ္တံနိ ”ဟူသော အဘိဓာန် (၈၆၁) လာ အတ္တသဒ္ဒါ၏ အနက်တို့တွင် ကာယအနက်ကိုပင် “အတ္တဘာဝ”ဟု ဆိုသည်၊ ခဲ့ဥုံးအုံ– အတ္တန် အာ ပုဗ္ဗ+ဓာဓာတ်သည် အာရောပ(တင်ထားခြင်း– သွင်းထားခြင်း) အနက်ကို ဟော၏၊ အာဟိတွော အဟံမာနော ထွောတိ အတ္တာ-ငါ ဟူသော မာနကို သွင်းထားအပ်ရာဖြစ်သောကြောင့် ခန္ဓာကိုယ် အတ္တဘောသည် အတ္တမည်၏။ [အာဟိတောဟ်္ဒ အာ + ဓဲာမ္မ အာကို ဇ္ဈ , ဓကို ဟပြု, တ ပစ္စည်း၊ အတ္တန်ကား အာကို ရဿ, ဓကို တပြု။]

ဘာဝေ။ ။ဘဝတိ ဥပ္ပဇ္ဇတိတိ ဘာဝေါ – “ တိတ္ထိတို့က အတ္တသည် မြဲ၏, အဖြစ်အပျက်မရှိ ” ဟု ယူဆအပ်သော်လည်း ဖြစ်တတ်သောကြောင့် ဘာဝမည်၏၊ ဖြစ်လျှင်လည်း ပျက်၏၊ အတ္တာဓေ - ကိုယ်ခန္ဓာ အတ္တသည်ပင် + ဘာဝေါ – ဖြစ်တတ်သော အရာတည်း၊ ဇ္ဈတိ အတ္တဘာဝေါ၊ (တနည်း) တိတ္ထိတို့က အတ္တဟု ယူထိုက်လောက်အောင်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် ခန္ဓာကိုယ်ကို “အတ္တဘာဝ” ဟု ခေါ်၏၊ အတ္တာတိ ဂဟေတဗ္ဗာကာရေန ဘဝတိတိ အတ္တဘာဝေါ၊ ဤသို့ အနုဋ္ဌိကာကြိယာဗျာကတအဖွင့်၌ ၂ နည်းဖွင့်ထားသည်။

မှတ်ချက်။ ။ “အတ္တ ပဋိလာဘာ” ဟု မိန့်တော်မူသောကြောင့် တိတ္ထိတို့ ကြိုဆအပ်သော အတ္တ (အကောင်) ကို ယူမည်စိုး၍ ကိုယ်ခန္ဓာရအောင် “ အတ္တဘာဝ ” ဟု ဖွင့်သည်၊ အတ္တဟု သုံးစွဲခြင်းကား အများအခေါ်အတိုင်း (အများနားလည်အောင်) သုံးစွဲတော်မူခြင်းသာဟု မှတ်ပါ၊ ထို့ကြောင့် နောက်၌ “အပရာမသံ+ ဝေါဟရတိ”ဟု မိန့်တော်မူလိမ့်မည်။

ဟိ-မှန်၊ (တနည်း) ဟိ-ခဲ့၊ ["ပဋိလာဘေန ဟိ" ဟု ဟိ ရှိသင့်၏၊ မရှိလျှင် ထည့်ပေးပါ။] သြဋ္ဌာရိကတ္တာဘာဝပဋိလာဘေန-ရုန့်ရင်းသော အတ္တဘောကို ရခြင်းဖြင့်၊ ဝါ-ရအပ်သော ရုန့်ရင်းသောအတ္တဘောဖြင့်၊ အဝိစိတော-အဝိစိမှ၊ ပဋ္ဌာယ - ၍၊ ပရနိမ္မိတ ဝသဝတ္တိ ပရိယောသနံ - ပရနိမ္မိတ ဝသဝတ္တိအဆုံး ရှိသော၊ ကာမဘဝံ-ကာမဘဝကို၊ ဒဿေသိ-ပြတော်မူပြီ၊ မနောမယအတ္တဘာဝ ပဋိလာဘေန-စျာန်စိတ်ကြောင့်ဖြစ်သော အတ္တဘောကိုရခြင်းဖြင့်၊ ဝါ-ရအပ်သော စျာန်စိတ်ကြောင့်ဖြစ်သော အတ္တဘောဖြင့်၊ ပဌမဇ္ဈာနဘူမိတော -ပဌမစျာန်ဘုံမှ၊ ပဋ္ဌာယ-၍၊ အကနိဋ္ဌ ဗြဟ္မလောကပရိယောသာနံ-အကနိဋ္ဌဗြဟ္မာ့ပြည် အဆုံးရှိသော၊ ရူပဘဝံ-ကို၊ ဒဿေသိ-ပြီ၊ အရူပ အတ္တဘာဝပဋိလာဘေန- ရုပ်မရှိသော အတ္တဘောကိုရခြင်းဖြင့်၊ ဝါ - ဖြင့်၊ အာကာသာနဉ္စာယတန ဗြဟ္မလောကတော-မှ၊ ပဋ္ဌာယ- ၍၊ နေဝသညာနာသညာယတန ဗြဟ္မလောက ပရိယောသာနံ - သော၊ အရူပဘဝံ- အရူပဘဝကို၊ ဒဿေသိ။

ဒွါဒသ- ကုန်သော၊ အကုသလစိတ္တုပ္ပါဒါ- အကုသိုလ် စိတ္တုပ္ပါဒ်တို့သည်၊ သံကိလေသိကာ-ငြစ်နွှမ်းခြင်း၏အစီးအပွားဖြစ်ကုန်သော၊ ဓမ္မာနာမ-တရားတို့မည်၏၊ သမထဝိပဿနာ- တို့သည်၊ ဝေါဒါနိယာ- ဖြူစင်ခြင်း၏ အစီးအပွား ဖြစ်ကုန်သော၊ ဓမ္မာနာမ-တရားတို့မည်၏၊ ပညာပါရိပူရိံ ဝေပုလ္လတ္တန္တိ-ကား၊ မဂ္ဂပညာ ဖလပညာနံ- တို့၏၊ ပါရိပူရိံ စေဝ- ပြည့်စုံလုံလောက်ကုန်သည်၏ အဖြစ်ကိုလည်း၊ ဝိပုလဘာဝဉ္စ - ပြန့်ပြောကုန်သည်၏ အဖြစ်ကိုလည်း၊ ("သစ္ဆိ

× × × × × × ×

သံကိလေသိကာ။ ။အကုသိုလ်စိတ္တုပ္ပါဒ်တို့သည် "သံကိလေသာနံ + ဟိတာ" အရ သံကိလေသိကတို့ မည်၏၊ မှန်၏-ထိုအကုသိုလ်စိတ္တုပ္ပါဒ်ဟူသော စိတ် စေတသိက် မရှိလျှင် သံကိလေသ ၁၀ ပါးတို့ကို မရနိုင်၊ အကုသိုလ်စိတ်စေတသိက် ရှိသောကြောင့် သာ သံကိလေသ ၁၀ပါးတို့ကို ရကြရသည်၊ ထို့ကြောင့် အကုသိုလ်စိတ္တုပ္ပါဒ်သည် သံကိလေသိကတို့မည်၏။

ဝေါဒါနိယာ။ ။"ဝေါဒါနသ- ဖြူစင်သောစိတ်၏+ ဟိတာ-စီးပွားဖြစ်သော တရားတို့တည်း" အရ စိတ်ဖြူစင်ခြင်း၏ စီးပွားဖြစ်သော တရားဟူသည် သမထနှင့် ဝိပဿနာတည်း၊ မှန်၏-ထိုတရား ၂ ပါးရှိမှ စိတ်နေစိတ်ထား ဖြူစင်နိုင်သည်။

ပညာပါရိပူရိံ။ ။ပညာအရ မဂ်ပညာ ဖိုလ်ပညာကိုယူသည်၊ မှန်၏-ဆန့်ကျင်ဘက် တရားတို့ကို မဂ်ဖြင့် အကြွင်းမဲ့ မပယ်နိုင်သေးသမျှ အနဝဇ္ဇတရားတို့သည် ပြည့်စုံလုံလောက်ကြပြီ ဟု မဆိုနိုင်သေး၊ မဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်မှသာ အနဝဇ္ဇတရားတို့ ပြည့်စုံ လုံလောက်ပြီဟု ဆိုနိုင်သည်၊ ပါရိပူရိံ၌ "ပရိပူရာနံ - ထက်ဝန်းကျင်ပြည့်စုံသော အနဝဇ္ဇတရားတို့၏+ဘာဝေါ ပါရိပူရိ" ဟု ပြု၊ ဇာတ္ထိဇောတက ၌ ပစ္စည်းသက်၊ ဝိပုလာနံ + ဘာဝေါ ဝေပုလ္လံ။ [မဂ်ပညာ ဖိုလ်ပညာတို့သည် ပြန်၍ လျော့ခြင်းသဘောဟု မရှိ, တကြိမ်ဖြစ်လျှင် ပြည့်မြဲ ပြည့်နေတော့သည်သာ။]

ကတွာ ဥပသမ္မဇ္ဇ ဝိဟရိဿထ ” ဟု ပါဠိတော်၌စပ်)၊ ပါမောဇ္ဇန္တိ - ကား၊ တရုဏာပီတိ-နဲသော ပီတိသည်ၛင်း၊ ပီတီတိ-ကား၊ ဗလဝတုဋ္ဌေ– အားရှိသော နှစ်သက်ခြင်းသည်ၛင်း၊ (“ဘဝိဿတိ”၌စပ်)။

ကိ ံ – အဘယ်အနက်သည်၊ ဝါ- ကို၊ ဝုတ္တံ – ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ-နည်း၊ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတီတိ-ဟူ၍၊ ယံ-အကြင်စကားကို၊ အဝေါစုမှ- မိန့်တော်မူခဲ့ကုန်ပြီ၊ တတ္ထ– ထို သယံ အဘိညာ သစ္ဆိကတွာ အစရှိသောစကားရပ်၌၊ ဝေံ-ဤသို့၊ ဝိဟရတော-နေခြင်းကြောင့်၊ ဝါ– နေသော၊ တဿ– ထို ဩဝါဒကိုလိုက်နာသော ရဟန်း၏၊ တံ ပါမောဇ္ဇ ဩဝေ- (မြတ်စွာဘုရား ဟောတော်မူအပ်သော) ထို ပါမောဇ္ဇသည်ၛင်း၊ (သာ) ဝိတိစ – ထို ရင့်သောပီတိသည်ၛင်း၊ ဘဝိဿတိ၊ (သာ) ပဿဒ္ဓိစ - ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိသည်ၛင်း၊ [စာအုပ်တို့၌ “နာမ ကာယပဿဒ္ဓိ”ဟု ရှိ၏၊ ထို ပါဌ်ကို ဋီကာတို့၌ ပယ်ထား၏၊] သုပဋိတာ – ကောင်းစွာကပ်၍တည်သော၊ (သာ) သတိစ- သည်ၛင်း၊ တံ ဥတ္တမညာဏဿ–ထို မြတ်သောဉာဏ်သည်ၛင်း၊ သုခေါ-ချသော၊ (သော) ဝိဟာရော စ–ထို နေရခြင်းသည်ၛင်း၊ (ဘဝိဿတိ)၊ စ-ဆက်၊ သဗ္ဗဝိဟာရေသု-အလုံးစုံသော ဝိဟာရတို့တွင်၊(ဣရိယာပထစသော ဝိဟာရတို့တွင်၊) အယမေဝ ဝိဟာရော - ၌ ဖလသမာပတ်ဖြင့် နေခြင်းသည်သာ၊ သုခေါ–ချမ်းသာသော ဝိဟာရတည်း၊ ဣတိ – ၌သို့၊ ဝတ္တုံ–ဆိုခြင်းငှါ၊ ယုတ္တော - သင့်သော၊ ဥပသန္တော – ငြိမ်းအေးသော၊ ပရမမုဒုရော - အလွန်ကောင်းမြတ်သော နေရခြင်းတည်း၊ ဣတိ- ၌အနက်သည်၊ (ဝုတ္တံ ဟောတိ)။

× × × × × × ×

ပါမောဇ္ဇံ။ ။ပမောဒနံ ပမောဒေါ–ဝမ်းမြောက်ခြင်း၊ ပမောဒေါယေဝ+ပါမောဇ္ဇံ၊ သွတ္ထွ်ဿ ဏာပစ္စယည်း၊ အနံ, အရင့် ၂ မျိုးတွင် နုသောပီတိကို ပါမောဇ္ဇ, ရင့်သောပီတိကို ပီတိဟု ဆိုသည်၊ [တရုဏာပီတိတိ ဥပ္ပန္နမတ္တာ (ဖြစ်ကာမတ္တ, ဖြစ်ရုံမျှဖြစ်သော) အလဒ္ဓါသေဝနာ (မရအပ်သေးသော အာသေဝနရှိသော၊ ဝါ–ထပ်ကာထပ်ကာမဖြစ်သော) ဒုဗ္ဗလပီတိ၊ ဗလဝတ္ထုဋ္ဌိတိ ပုနပ္ပုနံ ဥပ္ပတ္တိယာ လဒ္ဓါသေဝနာ ဥပရိ ပိသေသာဓိဂမဿ (အထက်တရားထူးကို ရခြင်း၏၊) ပစ္စယဘူတာ ထိရတရာ ပီတိ၊–ဋီကာ။]

ကိ ံ ဝုတ္တံ ဟောတိ။ ။ဣဒါနိ သဒ္ဒေါပတော ပိဏ္ဍတ္ထံ ဒဿေတုံ ကိ ံ ဝုတ္တန္တိ အာဒိ မာဟ၊ တတ္ထ ယံ ဝိဟာရံ ၊ပေ၊ ဝိဟရိဿတိတိ အဝေါစုမှ ၊ပေ၊ တတ္ထ တသ္မိ ံ ဝိဟာရေ၊ တဿာတိ ဩဝါဒကာရကဿ ဘိက္ခုနော၊ ဧဝံ ဝိဟရတောတိ ဝုတ္တပ္ပကာရေန ဝိဟရဏဟေတု ဝိဟာရန္တ္ဿ သဝါ။

အယမေဝ ဝိဟာရော။ ။ “ ပညာပါရိပူရိ ံ ၊ပေ၊ ဥပသမ္ပဇ္ဇ ဝိဟရိဿထ ” ဟု မိန့်တော်မူသောကြောင့် မဂ်ပညာ , ဖိုလ်ပညာနှင့်ပြည့်စုံသော ဝိဟာရ ဟူသည် ဖလသမာပတ်ဖြင့် နေခြင်းဟူသော အရိယဝိဟာရတည်း၊ ၌ အရိယဝိဟာရသည် ဣရိယာပထစသော ဝိဟာရ ၄ မျိုးတွင် သုခအဖြစ်ဆုံး ပရမမုရ အဖြစ်ဆုံးတည်း။

တတ္ထ-ထို ဝိဟာရတို့တွင်၊ ပဌမဇ္ဈာနေ-၌၊ ပါမောဇ္ဇာဒယော– ပါမောဇ္ဇ အစရှိကုန်သော၊ ဆဝိ–ဖဲ့ ပါးလည်း ဖြစ်ကုန်သော၊ ဓမ္မာ-တရား‌တို့ကို၊ လဇ္ဇနီ-ရအပ်ကုန်၏၊ ဒုတိယဇ္ဈာနေ-၌၊ ဒုဗ္ဗလဝိတိ သဒ်ါတံ-ဒုဗ္ဗလဝိတိဟု ဆိုအပ်သော၊ ပါမောဇ္ဇံ–ပါမောဇ္ဇသည်၊ နိဝတ္တတိ-ဆုတ်နစ်၏၊ သေသာ-ပါမောဇ္ဇမှ ကြွင်းကုန်သော၊ ပဗ္ဗ–ကုန်သော၊ ဓမ္မာ-တို့ကို၊ လဇ္ဇနီ – ကုန်၏၊ တတိယေ–တတိယဈာန်၌၊ ဝိတိ - ဝိတိသည်၊ နိဝတ္တတိ-၏၊ သေသာ – ဝိတိမှ ကြွင်းကုန်သော၊ စတ္တာရော–န်သော၊ ဓမ္မာ- တို့ကို၊ လဇ္ဇနီ၊ စတုတ္ထေ- စတုတ္ထဈာန်၌၊ တထာ-ထို့အတူ၊ (စတ္တာရော ဓမ္မာ လဇ္ဇနီ၊) စတူသု-န်သော၊ ဣမသ္မိံ စျာနေသု-တို့တွင်၊ သမ္မသာဒနသုတ္တေ-သမ္မသာဒနသုတ်၌၊ သုဒ္ဓဝိပဿနာပါဒကဇ္ဈာနမေဝ– မဂ်နှင့်မဖက် သက်သက်သော, ဝိပဿနာ၏အခြေခံဖြစ်သော ဈာန်ကိုသာ၊ ကထိတံ- ဟောတော်မူအပ်ပြီ၊ ပါသာဒိကသုတ္တေ-၌၊ စတူဟိ-ကုန်သော၊ မဠွေဟိ- မဂ်တို့နှင့်၊ သဒ္ဓိံ - တကွ၊ ဝိပဿနာ - ဝိပဿနာကို၊ ကထိတာ - ပြီ၊ ဒသုတ္တရသုတ္တေ-၌၊ စတုတ္ထဈာနိက ဖလသမာပတ္တိ-စတုတ္ထဈာန်နှင့်ယှဉ်သော ဖလသမာပတ်ကို၊ ကထိတာ- ပြီ၊ ဣမသ္မိံ ပေါ့ဠပါဒသုတ္တေ- ၌၊ ပါမောဇ္ဇံ-ကို၊ ဝိတိဝေဝစနမေဝ - ဝိတိ၏ ဝေဝုစ်ပရိယာယ်ကိုသာ၊ ကတ္ဝာ - ပြု၍၊ ဒုတိယဇ္ဈာနိကဖလသမာပတ္တိ နာမ - ဒုတိယဈာန်နှင့်ယှဉ်သော ဖလသမာပတ် မည်သည်ကို၊ ကထိတာ၊ ဣတိ- ၍သို့၊ ဝေဒိတဗ္ဗာ - သိထိုက်၏။

အယံ ဝါ သောတိ ဇ္ဈေ - ဟူသော ၍ပါဠိ၌၊ ဝါသဒ္ဒေါ - သည်၊ ဝိဘာဝနဇ္ဈော-ထင်စွာပြခြင်းအနက် ရှိသည်၊ ဟောတိ၊ သော-ထို သြဠာရိက အတ္တ ပဋိလာဘဟူသည်၊ အယံ-၍ ကာမဘဝတည်း၊ (တနည်း) သော–ထို မနောမယအတ္တပဋိလာဘဟူသည်၊ အယံ-၍ ရူပဘဝတည်း၊ (တနည်း) သော-ထိုအရူပအတ္တပဋိလာဘဟူသည်၊ အယံ-၍အရူပဘဝတည်း၊ ဣတိ ဧဝံ–သို့၊ ဝိဘာဝေတွာ, ပကာသေတွာ–ထင်စွာပြ၍၊ ဗျာကရေယျာမ– ဖြေဆိုကုန်ရာ၏၊ ပရေ–ဝါဘုရားမှတပါး အခြားသော သမဏာဗြာဟ္မဏာတို့သည်၊ ကေန္တသုခံ - ကေန်

× × × × × × ×

ဒုတိယ၊ပေါ့ဖလသမာပတ္တိ ။ ။ “ပါမောဇ္ဇဥ္စေဝ ဘဝိဿတိ”ဟု ပါမောဇ္ဇကို အစထား၍ ပြတော်မူ၏၊ ထို ပါမောဇ္ဇသည် ဝိတိ၏ပရိယာယ်တည်း၊ ထို ဝိတိပါသော ဈာန်သည် စတုတ္ထနည်းအားဖြင့် ဒုတိယဈာန်တည်း၊ ထို့ကြောင့် ထိုဝိတိကိုထောက်၍ဂုဏ်း, ပညာပါရိပူရိ၌ မဂ်ပညာ ဖိုလ်ပညာ၏ ပြည့်စုံပုံကိုထောက်၍ဂုဏ်း, ထို “သုခဝိဟာရ” အရ ဒုတိယဈာန်က အရဟတ္တဖလသမာပတ်ကို ဟောတော်မူကြောင်း သိရသည်။

ဝါသဒ္ဒေါ ဝိဘာဝနတ္ထော။ ။“အယံ+သော–ထို သြဠာရိက အတ္တပဋိလာဘဆိုတာ+ ၍ဟာဘဲ”ဟု ကာမဘဝကို လက်တွေ့ပြနိုင်ခြင်းကို “ဝိဘာဝန – ထင်ရှားပြခြင်း” ဟု ဆိုသည်၊ ထို ထင်ရှားပြခြင်းအနက်ကို ဝါသဒ္ဒါအတွက် သိရသောကြောင့် ဝါသဒ္ဒါကို“ဝိဘာဝနအနက်ရှိသောသဒ္ဒါ”ဟု ဆိုရသည်၊ ထို့ကြောင့် ဝိဘာဝေတွာကို

ချမ်းသာသော၊ အတ္တာနံ–အတ္တကို၊ သဥ္ဇာနာထ - သိကြကုန်သလော၊ ဣတိ–သို့၊ ပုဋ္ဌာ-မေးအပ်ကုန်သည်၊(သမာနာ)၊နောတိ-နောဟူ၍၊(မသိကြပါဟူ၍)၊ ဝဒန္တိယထာ–ဖြေဆိုကုန်သကဲ့သို့၊ ဧဝံ-တူ၊(မယံ-တို့သည်၊) နံ–ထို အတ္တပဋိလာဘကို၊(နောတိ–ဟူ၍၊)နဝဒါမ–မဖြေဆိုကြကုန်၊ ဣတိ အတ္ထော။

သပ္ပါဋိဟိရက တန္တိ – ကား၊ သပ္ပဋိဟရဏံ– သူတပါးတို့ တင်အပ်သော အပြစ်ကို ပယ်ရှားတတ်သော အဖြေနှင့်တကွဖြစ်သည်၊ နိယျာနိကံ-သူတပါးတို့ တင်အပ်သော အပြစ်မှ ထွက်မြောက်တတ်သည်၊ (“သမ္မဇ္ဇတိ နနု–ကောင်းစွာ ဖြစ်သည် မဟုတ်လော”ဟု ပါဠိတော်၌စပ်)၊ ဣတိ အတ္ထော။

မောယော ဟောတိတိ–ကား၊ တုစ္ဆော–အချည်းနှီးသည်၊ ဟောတိ၊ တသ္မိံ သမယေ-အတ္တဘာဝတခုကို ရရာ ထိုအခါ၌၊ သော-ထိုကြောင်းသော အတ္တဘာဝ ၂ စုံသည်၊ နတ္ထိ၊ ဣတိ အယံ-ကား၊ အဓိပ္ပါယော- စိတ္တ၏ အလိုတည်း၊ သစ္စော ဟောတိတိ-ကား၊ ဘူတော– ထင်ရှားရှိသည်၊ ဟောတိ– ၏၊ တသ္မိံ သမယေ–ဩဠာရိကအတ္တဘာဝကိုရရာထိုအခါ၌၊သွေဝ-ထိုဩဠာရိကအတ္တဘာဝသည်သာ၊ သစ္စော- အမှန်ရှိသည်၊ ဟောတိ, ဣတံ အတ္ထော–နက်၊[အခြား ၂ ပါးကို ရရာ၌လည်း ဤနည်းမှီး၍ အနက်ပေးပါ။]

× × × × × × ×

“ပကာသေတွာ”ဟု ဖွင့်၍ ပါဠိတော်လာ ဗျာကရေယျာမကို စပ်ပုဒ်အဖြစ် ထည့်သည်။ [ဝိဘာဝနတ္ထောတိ ပကာသနတ္ထော, သရူပတော (သရုပ်သကောင်အားဖြင့်=လက်ဆုပ်လက်ကိုင်အားဖြင့်) နိရူပနတ္ထော–ထင်စွာပြခြင်းအနက် ရှိ၏၊–ဋီကာ။]

ယထာ၊ပေ၊ ဝဒါမာတိ အတ္ထော ။ ။ဤ ဝါကျကား “ အယံ ဝါ သော၊ပေ၊ ဗျာကရေယျာမ”ဟူသော ရှေ့ဝါကျ၏အနက်၌ ဆိုလိုရင်းကို ထင်ရှားပြသော တပ္ပါကဋီကရဏဝါကျတည်း၊“ဧဒံ ဝုတ္တံ ဟောတိ”ဝါကျမျိုးပင် ဖြစ်သည်။

မှတ်ချက်။ ။“အယံ+သော”ဟု ၂ ပုဒ်ရှိရာဝယ် ရှေ့၌ ဘုရားရှင် ပြအပ်ပြီးခါစ ဖြစ်၍ အနီးဖြစ်သော အတ္တပဋိလာဘကို ရည်ညွှန်းကာ “ အယံ ” ဟု အနီး အနက်ကို ပြသော ဋီကာဆရာကြီးက ဆိုသည်၊သူတပါးတို့မေးအပ်သော အတ္တကိုရည်ညွှန်းကာ“သော” ဟု မျက်ကွယ်အနက်ကိုပြသော တသဒ္ဒါဖြင့်ဆိုသည်-ဟု မှတ်ပါ။

သပ္ပါဋိဟိရက+တံ။ ။ကံ၌ နိဂ္ဂဟိတ်ချေထားခြင်းမှာ ရှေ့နည်းအတိုင်း ဖြစ်သော ကြောင့် အထူးမဖွင့်တော့ဘဲ အနက်ကိုသာ“သပ္ပဋိဟရဏံ, နိယျာနိကန္တိ အတ္ထော”ဟု အပ္ပါဋိဟိရကံ အဖွင့်၏ ပြောင်းပြန် အဖြစ်ဖြင့် ဖွင့်သည်။ [စာအုပ်တို့၌“သပ္ပါဋိဟရဏံ” ဟု(ပါ)၌ ဒီဃတ္တေရ၏၊ ရှေ့၌ အပ္ပါဋိဟိရကံကို “ ပဋိဟရဏဝိရဟိတံ”ဟု ဖွင့်ခဲ့သော ကြောင့် ဤ၌လည်း“သပ္ပဋိဟရဏံ”ဟုသာ ပြောင်းပြန်ရှိသင့်သည်။]

နိဂ္ဂဟသစ်။ ။သပ္ပါဋိဟိရက+တန္တိ ထွေ ပုဗ္ဗေ ဝုတ္တနယေနေဝ အတ္ထော ဝေဒိတဗ္ဗော၊ ပရေဟိ စောဒိတဝစနပဋိဟာရကံ (သူတပါးတို့က တင်အပ်သော အပြစ်ကို ပယ်ရှားတတ်သော) သဉ္ဇာရဝစနံ သပ္ပါဋိဟိရကန္တိဟိ အယမေတ္ထ ဝိသေသော။

ပန-ဆက်၊ ထွေ - ၍ အတ္တဘာဝပဒိုလာဘ၌၊ [ဆရာတော်၏ နိဿယ၌ "ထွေ-၍သုတ်၌" ဟု စွဲတော်မူ၏။] အယံ စိတ္တော-၍ စိတ္တသည်၊ အတ္တနော-၏၊ အသဗ္ဗညုဘာယ-သမ္ဗညုမဟုတ်သည်၏အဖြစ်ကြောင့်၊(အလုံးစုံကိုမသိသည်၏ အဖြစ်ကြောင့်)၊ တယော-နှံသော၊ အတ္တပဒိုလာဘေ - တို့ကို၊ ကထေတွာ - လျောက်ပြီး၍၊ အတ္တပဒိုလာဘောနာမ-အတ္တပဒိုလာဘ မည်သော၊ တံ-၍ အမည်သည်၊ ပညတ္တိမတ္တံ-ပညတ်မျှသာတည်း၊ ဣတိ-သို့၊ ဥဒ္ဓရိတုံ-ထုတ်ဆောင်ခြင်းငှါ၊ နာသက္ခိ - မစွမ်းနိုင်၊(တသ္မာ- ထိုသို့ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်၊) အတ္တပဒိုလာဘောတွေဝ- ဟူ၍သော၊ နိယျာတေသိ-ပြီးဆုံးစေပြီ။

အထ-ထိုအခါ၌၊ အဿ-ထိုစိတ္တဖော်၊ ဘဂဝါ-သည်၊ ထွေ-၍လောက၌၊ ရူပါဒယော - ရုပ်ဝေဒနာ အစရှိကုန်သော၊ ဓမ္မာ - သဘောတရားတို့သည်၊ (သန္တိ)၊အတ္တပဒိုလာဘောတိ-ဟူသော၊ တံ ပန-၍အမည်သည်ကား၊ နာမမတ္တံ-နာမည်မျှသာတည်း၊ တေသု တေသု ရူပါဒိသု-တို့သည်၊ သတိ - ရှိကုန်လသော်၊ ဝေရူပါ-၍သို့ သဘောရှိကုန်သော၊ ဝေါဟာရာ-သြဠာရိက အတ္တပဒိုလာဘစသော ခေါ်ဝေါ်ပြောဆိုကြောင်း အမည်တို့သည်၊ ဟောန္တိ၊ ဣတိ- ၍ အနက်ကို၊ ဒဿေတုကာမော - ပြခြင်းငှါ အလိုရှိတော်မူသည်၊ (ဟုတွာ)၊ တဿေဝ-ထိုစိတ္တ၏ပင်၊ ကထံ - စကားကို၊ ဂဟေတွာ - ယူတော်မူ၍၊ နာမပညတ္တိဝသေန- နာမည်ပညတ်၏ အဖြစ်ဖြင့်၊ နိယျာတနတ္ထံ - ပြီးဆုံးစေခြင်းအကျိုးငှါ၊ ယသ္မိံ စိတ္တ သမယေတိ အာဒိ-ကို၊ အာဟ-ပြီ။

× × × × × × ×

အတ္တပဒိုလာဘောတွေဝ နိယျာတေသိ။ ။ ၍၌ နိယ်ျာတနအရ နိဂုံးအုပ်ခြင်းကို မဆိုလို, စကား အပြီးသတ်ခြင်းကို ဆိုလို၏၊ စကား အပြီးသတ်ရာ၌ ဘုရားရှင် အပြီးသတ်သောအခါ"သြဠာရိကော အတ္တပဒိုလာဘောတွေဝ သခ်ံ ဂစ္ဆတိ-ခေါ်ဝေါ် အပ်သည်၏အဖြစ်သို့ရောက်သော နာမည်မျှသာဖြစ်၏"ဟု အပြီးသတ်တော်မူသကဲ့သို့, ထို့အတူ စိတ္တသည်"သခ်ံ ဂစ္ဆတိ"ဟု နာမည်အဖြစ်ဖြင့် အပြီးမသတ်ဘဲ"သြဠာရိကော ဝါဿ အတ္တပဒိုလာဘော တသ္မိံ သမယေ သစ္စော ဟောတိ" ဟု အတ္တပဒိုလာဘ နာမည်ဖြင့်သာ အဆုံးသတ်သည်။ [ပါဠိတော်ကြည့်ပါ။]

ရူပါဒယော၊ပေ၊နာမမတ္တာမေတံ ။ ။ ရူပဝေဒနာဒယော ဧဝ ထွေ လောကေ သဘာဝဓမ္မာ၊ နာမမတ္တာမေတန္တိ ရူပါဒိကေ ပဉ္စက္ခန္ဓေ ဥပါဒါယ နာမပညတ္တိ မတ္တာမေတံ အတ္တပဒိုလာဘောတိ၊-ဋီကာသစ်။

ဧဝရူပါ၊ပေ၊ နာမပညတ္တိဝသေန ။ ။ ဧဝရူပါ ဝေါဟာရာတိ သြဠာရိကော အတ္တပဒိုလာဘောတိ အာဒိ ဝေါဟာရာ၊ [အာဒိဖြင့် မနောမယော အတ္တပဒိုလာဘော, အရူပီ အတ္တပဒိုလာဘော ဟူသော နောက် ၂ ပါးကို ယူပါ။] နာမပညတ္တိဝသေနာတိ နာမဘူတ ပညတ္တိမတ္တာဝသေန၊ အတ္တပဒိုလာဘောတိ သခ်ံ ဂစ္ဆတိတိ နိယျာတနတ္ထံ။ [အတ္တပဒိုလာဘောတိ သခ်ံ ဂစ္ဆတိတိကား နိယျာတန (အပြီးသတ်ပုံ) အာကာရပင်တည်း။]

စပန-ထပ်၍ ဆက်ဥုံးအံ့၊ ဧဝံ-ဤသို့၊ ဝတွာ-မိန့်တော်မူပြီး၍၊ ပဋိပုဏ္ဏိတွာ-တဖန်မေးတော်မူ၍၊ ဝိနယနတ္ထံ-သိစေသောအားဖြင့်ဆုံးမတော်မူခြင်းငှါ၊ ပုန-တဖန်၊ သစေ တံ စိတ္တ ဧဝံ ပုစ္ဆယျုံ့တိ အာဒိ-ပုစ္ဆယျုံ့ အစရှိသော စကားကို၊ အာဟ-မိန့်တော်မူပြီ၊ တတ္ထ-ထို သစေ တံ စိတ္တ ဧဝံ ပုစ္ဆယျုံ့ အစရှိသော စကားရပ်၌၊ တာဝ – အနာဂတပစ္စုပ္ပန္နဝါရတို့မှ ရှေးဥုံးစွာ၊ ယော မေ အဟောသိ ၊ပေ၊မောယော ပစ္စုပ္ပန္နောတိ ထြေ–ပစ္စုပ္ပန္နောဟူသော ဤဝါရ၌၊ ဣမမတ္ထံ–ဤ အနက်အဓိပ္ပါယ်ကို၊ ဒဿေတိ–ပြတော်မူ၏၊ (ကိံ ဒဿေတိ၊) ယသ္မာ – အကြောင့်ကြောင့်၊ အတီတာ – အတိတ်ဖြစ်ကုန်သော၊ ယေ တေဓမ္မာ-အကြင် ရုပ်ဝေဒနာ အစရှိသော တရားတို့သည်၊ (သန္တိ– ရှိကုန်၏၊) တေ–ထို ရုပ်ဝေဒနာ အစရှိသော တရားတို့သည်၊ တေရဟိ - ယခုအခါ၌၊ (နိရုဒ္ဓတ္တာ–ချုပ်ပြီးကုန်သည်၏ အဖြစ်ကြောင့်၊) နတ္ထိ - မရှိကုန်၊ အဟောသုံ – ရှိခဲ့ကုန်ပြီ၊ ဣတိ ပန-ဤသို့ကား၊ သန်း့ - ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂတာ–ရောက်ကုန်ပြီ၊ တသ္မာ-ထို့ကြောင့်၊ မေ– အာကျွန်ုပ်၏၊ သောဝိ အတ္တာပဋိလာဘော–ထို အတိတ်အတ္တဘောကိုရခြင်းသည်လည်း၊ တသ္မိံ ယေဝ သမယေ-ထိုအတိတ်အခါ၌သာ၊ သစ္စော–အမှန်ရှိသည်၊ အဟောသိ–ဖြစ်ပြီ၊ ပန-ကား၊ အနာဂတ ပစ္စုပ္ပန္နာနံ-နှင့်သော၊ ဓမ္မာနံ-ရုပ်ဝေဒနာ အစရှိသော တရားတို့၏၊ တဒါ-ထို အတိတ်အခါ၌၊ အဘာဝါ-မရှိခြင်းကြောင့်၊ တသ္မိံ သမယေ-ထိုအတိတ်အခါ၌၊ အနာဂတော- အနာဂတ် အတ္တာပဋိလာဘသည်၊ မောယော - အချဉ်းနှီးတည်း၊ ပစ္စုပ္ပန္နော– ပစ္စုပ္ပန် အတ္တာပဋိလာဘသည်၊ မောယော– တည်း၊ ဣတိ (ဤမံ အတ္ထံ)–ဤ အနက်အဓိပ္ပါယ်ကို၊ ဒဿေတိ-၏၊ ဧဝံ–သို့၊ အတ္ထတော– ပညတ်အနက်အားဖြင့်၊ နာမမတ္တမေဝ-နာမည်မျှသာလျှင်ဖြစ်သော၊ အတ္တာပဋိလာဘံ-

× × × × × × ×

ပဋိပုဏ္ဏိတွာ ဝိနယနတ္ထံ ။ ။ ပဋိပုဏ္ဏိတွာတိ ယထာ ပရေ ပုစ္ဆယျုံ့, တထာ ကာလဝိဘာဂတော ပဋိပဒါနိ ပုဏ္ဏိတွာ–အခြားသူတို့က အကြောင်းအခြင်းအရာအားဖြင့် မေးကြစရာရှိ၏၊ ထို အခြင်းအရာအားဖြင့် ကာလ ၃ ပါးခွဲခြားကာ သြဋ္ဌာရိကအတ္တာပဋိလာဘကိုလည်း, မနောမယအတ္တာပဋိလာဘကိုလည်း, အရူပိအတ္တာပဋိလာဘကိုလည်း အသီးအသီးပုဒ်တို့ကို မေးလျှင်၊ ဝိနယနတ္ထံတိ ယထာ ပုဏ္ဏိတသ အတ္ထသ (ကို) ဉာပနဝသေန. ဝိနယနတ္ထာယ၊–ဋီကာသစ်။

ယေ တေ၊ပေ၊သောဝိ။ ။အတီတသမယေ အတီတအတ္တာပဋိလာဘသ ဉာပါဒါန ဘူတာ (အတိတ် အတ္တဘောဟူသော နာမည်၏ စွဲမှီစရာဖြစ်၍ ဖြစ်ကုန်သော) ရူပါဒယော ဓမ္မာ၊ တေ ဧတေရဟိ နတ္ထိ၊ နိရုဒ္ဓတ္တာ၊ တတော ဧဝ အဟောသုံတိ သန်း့ ဂတာ၊ ကသ္မာ၊ ဉာပါဒါနသ (စွဲမှီစရာ ရုပ်နာမ်ခန္ဓာ၏) အတီတသ္မိံယေဝ လဘနတော၊ သောဝိတိ တဒုပါဒါနေနာ (ထို စွဲမှီစရာ ရုပ် နာမ် ခန္ဓာ ရှိသော) မေ သေ အတ္တာပဋိလာဘောဝိ။

ကို၊ ပဋိဇာနာတိ-ဝန်ခံ၏၊ အနာဂတပစ္စုပ္ပန္နေသုပိ-အနာဂတ် အတ္ထပဋိလာဘ ပစ္စုပ္ပန် အတ္ထပဋိလာဘတို့၌လည်း၊ သေဝ– ၌ ဆိုအပ်ပြီးသော အစိအရင် သည်ဟာ၊ နယော-ဆောင်ကြောင်း အစိအရင်တည်း။

အထ–စိတ္တ၏ လျှောက်ထားရာ, ထို အခါ၌၊ ဘဂဝါ–သည်၊ တဿ–ထို စိတ္တ၏၊ ဗျာကရဏေန-ဖြေခြင်းနှင့်၊ သဒ္ဓိ - ကွ၊ အတ္ထနော – ကိုယ်တော်၏၊ ဗျာကရဏံ – ဖြေတော်မူခြင်းကို၊ သံသန္ဒိတုံ – နှိုးနှောခြင်းငှါ၊ ဧဝမေဝ ခေါ စိတ္တာတိ အာဒီနိ–အစရှိသော စကားတို့ကို၊ ဝတ္ဝာ - မိန့်တော်မူပြီး၍၊ ပုန–တဖန်၊ ဩပမ္မတော-ဥပမာအားဖြင့်၊ တမတ္ထံ–ထိုအနက်အဓိပ္ပါယ်ကို၊(အတ္ထ ပဋိလာဘဟူသည် နာမည်ပညတ်မျှသာတည်း ဟူသော အနက်အဓိပ္ပါယ်ကို)၊ သာဓေန္တော–ပြီးစေတော်မူလိုသည်၏ အဖြစ်ကြောင့်၊ သေယျထာပိ၊ပေ၊ဒီဃဉ္ဆိ အာဒိ-ကို၊ အာဟ–မိန့်တော်မူပြီ။

တတြ – ထို သေယျထာပိ၊ပေ၊ဒီဃ အစရှိသောစကားရပ်၌၊ အယံ- ကား၊ သခေါပဇ္ဇော-အကျဉ်းဖြစ်သောအနက်တည်း။ [အဓိပ္ပါယ်မကျဉ်းသော်လည်း တပုဒ်စီခွဲ၍ မဖွင့်ဘဲ ပေါင်း၍ဖွင့်သောကြောင့် “သခေါပဇ္ဇော” ဟု ဆိုသည်။] ဂဝါ– နွားမမှ၊ ဒီဃ– နို့ရည်သည်၊ (ဘဝတိ)ယထာ– ဖြစ်သကဲ့သို့ ၎င်း၊ ဒီဃာ ဒီဟိ–နို့ရည် အစရှိသည်တို့မှ၊ ဒဓိအာဒီနိ–နို့ဓမ်း အစရှိသည်တို့သည်၊ ဘဝန္တိ ယထာစ – နှံသကဲ့သို့ ၎င်း၊ တတ္ထ - ထိုသို့ ဖြစ်ရာ၌၊ (တနည်း)၊ တတ္ထ– ထို ဒီဃ အစရှိသည်တို့တွင်၊ ယသ္မိံ သမယေ-၌၊ ဒီဃ-သည်၊ ဟောတိ၊ တသ္မိံ သမယေ– နို့ရည်ဖြစ်ရာ ထိုအခါ၌၊ ဒဓိတိဝါ – နို့ဓမ်းဟူ၍၎င်း၊ နဝနီတာဒီသု - ဆီဥ အစရှိသည်တို့တွင်၊ အညတရန္တိ ဝါ–အမှတ်မထား တပါးပါးဟူ၍၎င်း၊ သခ်ံ-

× × × × × × ×

ဧသေ နယော။ ။ယေ တေ အနာဂတာဓဲမ္မာ၊ပေ၊ယေ ဇာတေ ပစ္စုပ္ပန္နာ ဓဲမ္မာ (ပစ္စုပ္ပန်ဖြစ်၍ “ဇာတေ” ဟု ဆိုသည်)၊ တေ တေရဟိ အတ္ထိတိ သင်္ခံ ဂတာ၊ တသ္မာ ယွာယံ မေ အတ္ထပဋိလာဘောာ၊ သော ဇာဒါနိ သစ္ဆော ဟောတိ၊ ဤသို့ စသည်ဖြင့် ညွှန်ပြ ပုံကို ဋီကာတို့၌ ကြည့်ပါ။

သံသန္ဒိတုံ။ ။သံ + သန္ဒဓာတ်သည် နှိုးနှောခြင်းအနက်ကို ဟော၏၊ “နှိုးနှော” ဟူသည် စကားတရေပ်နှင့် တရပ်ကို အဓိပ္ပါယ်ချင်း ရောသွားအောင် ပြုခြင်းတည်း၊ ထို့ကြောင့် “သမာနေတုံ (သမာနံ+ကာတုံ) –တူအောင်ပြုခြင်းငှါ” ဟု ဋီကာဖွင့်သည်၊ ဤနေရာ၌ စိတ္တ၏စကားနှင့် ဘုရားရှင်၏ စကားတော်သည် စကားအသုံးချင်း မတူစေကာမူ လိုရင်းအဓိပ္ပါယ်မှာ“အတ္ထပဋိလာဘ”ဟူသည် နာမည်ပညတ်မျှသာဖြစ်၏၊ [ကံ့စသော အကြောင်းကြောင့် ရုပ်နာမ်အပေါင်း၏ ဖြစ်ပုံအထူးကိုစွဲ၍ “သြဠာရိက, မနောမယ, အရူပ”ဟု ခွဲရသော်လည်း “ထိုနာမည်၏စွဲရာ ရုပ်နာမ်ခန္ဓာမှ တပါးသော အရာဝတ္ထုကား ပရမတ္ထအားဖြင့် မရှိ” ဟု ပြလိုရင်းဖြစ်သည်ဟု နှိုးနှောခြင်းငှါ “ဧဝမေဝ” စသည်ကို မိန့်တော်မူသည်။

ပြောဆိုကြောင်း နာမည်ပညတ်သို့၊ နိရုတ္တိ – ထုတ်၍ ပြောဆိုကြောင်း သဒ္ဒ ပညတ်သို့၊ နာမံ – အနက်သို့သွတ်ကြောင်း နာမည်ပညတ်သို့၊ ဝေါဟာရံ – ခေါ်ဝေါ်ပြောဆိုကြောင်း နာမည်ပညတ်သို့၊ နဂ္ဃတိ-မရေဝံ၊ ကဿ-နည်း၊ ယေ ဓမ္မေ- အကြင် ဘုတရုပ် ဥပါဒါရုပ် တရား‌တို့ကို၊ ဥပါဒါယ - စွဲမှီ၍၊ ဒဓိတိ အာဒိ ဝေါဟာရာ – နို့ဓမ်း အစရှိသော ခေါ်ဝေါ်ပြောဆိုကြောင်း နာမည် ပညတ်တို့သည်၊ ဟောန္တို - နှံ၏၊ တေသံ- ထို စွဲမှီအပ်သော ဘုတရုပ် ဥပါဒါရုပ် တို့၏၊ အဘာဝါ-ထင်ရှား‌မရှိခြင်း‌ကြောင့်တည်း။

အထခေါ်-စင်စစ်ကား၊ တသ္မိံ သမယေ-နို့ရည်ဖြစ်ရာ ထိုအခါ၌၊ ဒဓိရန္တေဝ-နို့ရည်ဟူ၍သာ၊ သဒ်ံ – ပြောဆိုကြောင်း နာမည်ပညတ်သို့၊ ဂဒ္ဓတိ၊ ကဿ–နည်း၊ ယေ ဓမ္မေ- တို့ကို၊ ဥပါဒါယ - ၍၊ ဒဓိရန္တိ- နို့ရည်ဟူသော၊ သဒ်ါ-သည်၊ နိရုတ္တိ-သည်၊ နာမံ-သည်၊ ဝေါဟာရော-သည်၊ ဟောတိ၊တေသံ-တို့၏၊ ဘာဝါ-

× × × × × × ×

ယသ္မိံ သမယေ ၊ပေ၊ ဂဒ္ဓတိ။ ။ယသ္မိံ ၊ပေ၊ ဟောတိတိ ယသ္မိံ ကာလေ ဘူတုပါဒါယ သညိတံ ဥပါဒါနဒိသေသံ (ဘူဘရုပ် ဥပါဒါရုပ်ဟူသော စွဲမှီရာအထူး‌ကို) ဥပါဒါယ ဒဓိရပညတ္တိ ဟောတိ၊ နတသ္မိံ ၊ပေ၊ဂဒ္ဓတိ၊ ဒဓိရပညတ္တိ ဥပါဒါနသ ဘူတုပါဒါယ ရူပသ ဒဓိအာဒိပညတ္တိယာ (ဒဓိ အစရှိသည်‌ကို ပညတ်ဘို့ရာ) အနုပါဒါန‌တော (စွဲမှီစရာ မဟုတ်သော‌ကြောင့်တည်း) ။

သဒ်ါ, နိရုတ္တိ။ ။[သံ+ခါဓဲဝတ်, ကထနအနက်ဟော၊ အ ပစ္စည်း။] သံခါယတိ ကထိယတိ ဧတောယာတိ သဒ်ါ (ပြောဆိုအပ်‌ကြောင်းဖြစ်သော နာမည်ပညတ်)၊ [သဒ်္ဒါဟု ရှိရာ၌ သံ + ဆျာဓဝတ် အနက်တူ။] နိဒ္ဓါရေတွာ ဝစန္တိ ဝဒန္တိ ဧတောယာတိ နိရုတ္တိ (အနက်အဓိပ္ပါယ်‌ကို ထုတ်ဖော်၍ ပြောဆိုကြောင်း နာမည်ပညတ်)၊ [နိကို နိဟရိတွာဟုဂျင်း, ဥတ္တိ၌ ဝစဓာတ်ဖြစ်သော‌ကြောင့် ဝစန္တိဟုဂျင်း ဝိဂ္ဂဟပြု‌သည်၊ အခြား နေရာ၌ နိရုတ္တိ‌ကို ကမ္မသာဓ်ပြုလေ့ရှိသော်လည်း ဤ၌ ကရဏသာဓ်ပြု‌သည်။]

နာမံ ဝေါဟာရော။ ။နမန္တိ ဧတေနာတိ နာမံ (အနက်သို့ စိတ်၏သွတ်‌ကြောင်း= အာရုံပြု‌ကြောင်းဖြစ်သော နာမည်ပညတ်)၊ [နာမည်‌ကို‌ကြား‌ရသော‌အခါ ထိုနာမည်၏ ဆိုင်ရာအနက်သို့ စိတ်အား‌ဖြင့် ရောက်သွား‌ခြင်း = အာရုံပြုခြင်း‌ကို "အနက်သို့သွတ်" ဟု ဆိုသည်၊ ဝေါဟရန္တိ ဧတေနာတိ ဝေါဟာရော၊ ဤလေးပုဒ်လုံးပင် ပရိယာယ်တည်း။]

ယေ ဓမ္မေ ဥပါဒါယာတိ။ ။ပဋိနိယတဝတ္ထုကာ ဟိ ဧတော လောကသမညာ၊ မှန်၏ – လောက၌ အမည်ပညတ်ဘို့သည် အသီးအသီး အမြဲသတ်မှတ်အပ်ပြီး‌သော တည်ရာဝတ္ထု ရှိကုန်၏။ [မုတ်ဆိတ်မွေး စသည်မပါ အထက်ပိုင်း‌ရှုပ်၍ အောက်ပိုင်း‌ရှင်း နေသော ဘူတရုပ် ဥပါဒါရုပ်အစုကို ဇုတ္တိ ဟု ခေါ်ဘို့ရန် အမြဲသတ်မှက်ပြီး ဖြစ်၏၊ မုတ်ဆိတ် စသည်နှင့်တကွ အထက်ပိုင်း‌ရှင်း၍ အောက်ပိုင်း၌ တိုးလိုးတွဲလဲ ရှုပ်နေသော ဘူတရုပ် ဥပါဒါရုပ်အစုကို ပုရိသ ဟု ခေါ်ဘို့ရန် အမြဲသတ်မှတ်ပြီး ဖြစ်၏၊ တိရစ္ဆာန် စသည် ခေါ်ရာ၌လည်း နည်းတူ။] ဧတေနာဟ– ဧယေ ဓမ္မေ ဥပါဒါယာတိ အာဒိ၊— ဋီကာသစ်။

ထင်ရှားရှိခြင်းကြောင့်တည်း၊ ဣတိ (အယံ - ကား၊ သဒ္ဒေါပတ္ထော - တည်း၊) သဗ္ဗတ္ထ– အလုံးစုံသော ဒဓိ အစရှိသည်တို့၌၊ သေ (သော) – ဤ ဆိုအပ်ပြီးသော အစီအရင်သည်၊ နယော-ဆောင်ကြောင်း အစီအရင်တည်း။

ဣမာ ခေါ စိတ္တာတိ-ကား၊ စိတ္တ- စိတ္တ၊ [နောက်မှ စိတ္တကိုယူ၍ ပေးသည်။] ဩဠာရိကော အတ္တာပဒိလာဘော ဣတိစ – ဩဠာရိကော အတ္တာပဒိလာဘော ဟူသည်လည်းဖြစ်သော၊ မနောမယော အတ္တာပဒိလာဘော ဣတိစ – ဟူသည်လည်းဖြစ်သော၊ အရူပေါ အတ္တာပဒိလာဘော ဣတိစ–ဟူသည်လည်းဖြစ်သော၊ ဣမာ–ဤအမည်တို့သည်၊ လောကသမညာ–လောက၌ ကောင်းစွာ အညီအမျှ သိအပ်သောအမည်တို့တည်း၊ တောနိ – ဤ ဩဠာရိက အတ္တာပဒိလာဘစသော နာမည်ပညတ်တို့သည်၊ လောကေ - ၌၊ သမညာမတ္တကာနိ - ကောင်းစွာ အညီအမျှ သိအပ်သော နာမည်ပညတ်တို့မျှသာတည်း၊ သမနုဇာနန မတ္တကာနိ – ကောင်းစွာခွင့်ပြုအပ်သော နာမည်ပညတ်တို့မျှသာတည်း၊ တထာ-တူ၊ တောနိ-ဤ ဩဠာရိက အတ္တာပဒိလာဘစသော နာမည်ပညတ်တို့သည်၊ လောကနိရုတ္တိ မတ္တကာနိ-လောက၌ထုတ်ဖော်၍ပြောဆိုကြောင်း သဒ္ဒပညတ်တို့မျှသာတည်း၊

× × × × × × ×

လောကသမညာ။ ။ "လောကေ + သမညာ မတ္တကာနိ" ဟု ဋီကာဖွင့်သည်၊ သမုံ+ ဉာယတိတိ သမညာ – လူအပေါင်းတို့သည် အညီအမျှ သဘောတူသိအပ်သော အမည်ကို "သမညာ"ဟု ခေါ်၏၊ မတ္တဖြင့် ဩဠာရိက အတ္တာပဒိလာဘစသော အမည်ထက် ပို၍ " ဩဠာရိက အတ္တာပဒိလာဘ စသော အရာဝတ္ထု၊ အကောင်အထည်သည် ပရမတ္ထအားဖြင့် မရှိ"ဟု ကန့်သည်။

သမနုဇာနန မတ္တကာနိ။ ။"သံ – ကောင်းစွာ + အနုဇာနန– ခွင့်ပြုအပ်"နှင့် "သမညာ–အညီအမျှ သိအပ်"ဟူသည် အဓိပ္ပါယ်တူပင်တည်း၊ ထို သမညာကို "သမနုဇာနန"ဟု ထပ်ဖွင့်သည်၊ ခဲ့ဥုံးအုံ - နို့ရည်ဟု ခေါ်ဆိုလောက်သော ဘူတရုပ်, ဥပါဒါရုပ်တို့၏ပေါင်းစုနေပုံအထူးကိုစွဲ၍"ဤဟာသည် နို့ရည်"ဟု ပြောလျှင် အများက ခွင့်ပြုသကဲ့သို့ ထို့အတူ ကံစသောအကြောင်းအထူးကြောင့် ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ ပေါင်းစုတည်နေပုံကိုစွဲ၍ " ဤဟာသည် ဩဠာရိကအတ္တာပဒိလာဘ " ဟု ဆိုလျှင် အများက လက်ခံခြင်း ခွင့်ပြုခြင်းကို "သမနုဇာနန" ဟု ဆိုသည်။

နိရုတ္တိ မတ္တကာနိ။ ။ [လောကကို ရှေးအတိုင်းဖြစ်၍ ချန်ထားသည်။] နိရုတ္တိ မတ္တကာနိကို "သဒ္ဒနိရုတ္တိယာ – ထုတ်၍ပြောဆိုကြောင်း သဒ္ဒါဖြင့်၊ ဂဟဏုပါယ မတ္တကာနိ-အနက်ကိုယူခြင်း၏ အကြောင်းမျှတို့သာတည်း"ဟု ဋီကာဖွင့်၏၊ ထိုသို့ဖွင့်ခြင်းမှာ နိရုတ္တိပုဒ်က "အနက်ကိုထုတ်၍+ဆိုကြောင်း"ဟု သဒ္ဒတ္ထဖြစ်သောကြောင့်တည်း၊ ထိုသို့ အနက်ကိုထုတ်ဖော်၍ ရွတ်ဆိုလိုက်လျှင် ထိုနိရုတ္တိသည် (ထို နိရုတ္တိကို) ကြားသူတို့၏ အနက်ကိုယူဘို့ရန် သိဘို့ရန်အကြောင်း ဖြစ်တော့သည်။ [ထိုသို့ သိနိုင်ပုံကို စီထိခက်းဌ ပြရိုးဖြစ်သော "သဒ္ဒံ ပဋ္ဌမစိတ္တေန"စသော ဂါထာကို ဥထောက်၍ သဘောပေါက်ကြပါလိမ့်မည်။]

ဝစနပထမတ္တကာနိ- စကားလမ်းကြောင်းတို့မျှသာတည်း၊ ဝေါဟာရမတ္တကာနိ – ခေါ်ဝေါ် ပြောဆိုကြောင်း နာမည်ပညတ်တို့ မျှသာတည်း၊ နာမပဏ္ဏတ္တိမတ္တကာနိ–နာမည်ပညတ်တို့မျှသာတည်း။

ဇာတိဝေံ-သို့၊ ဘဂဝါ-သည်၊ ဟေဋ္ဌာ-အောက်၌၊ တဲယော-နှံသော၊ အတ္တပဋိလာဘေ – အတ္တဘောကို ရခြင်းတို့ကို၊ (ရအပ်သော အတ္တဘောတို့ကို၊) ကထေတွာ–မိန့်တော်မူပြီး၍၊ ဣဒါနိ-၌၊ သဗ္ဗံ- သော၊ တေံ– အတ္တပဋိလာဘ, သတ္တ, ပေါသစသော ၍အမည်သည်၊ ဝေါဟာရမတ္တကံ - ခေါ်ဝေါ် ပြောဆို ကြောင်း အမည်မျှသာတည်း၊ ဇာတိ-သို့၊ ဝဒတိ-မိန့်တော်မူ၏၊ ကဿာ-ကြောင့်၊ (သဗ္ဗံ-သော၊ တေံ–သည်၊ ဝေါဟာရမတ္တကံ-တည်း၊ ဇာတိ-သို့၊ ဝဒတိ-နည်း၊) ယဿာ– ကြောင့်၊ ပရမတ္ထတော – မဖေါက်မပြန် မြတ်သောအနက်အားဖြင့်၊ သတ္တောနာမ–သတ္တဝါမည်သည်၊ နတ္ထိ၊ သေ လောကော– ၍လောကကြီးသည်၊ သုညော – အတ္တမှ ကင်းဆိတ်၏၊ တုစ္ဆော အချည်းနှီးသာတည်း၊ (တဿာ – ကြောင့်၊ သဗ္ဗံ, ဝေါဟာရမတ္တကံ-တည်း၊ ဇာတိ-သို့၊ ဝဒတိ-၏)။

ပန-ထိုသို့ပင် ပရမတ္ထအားဖြင့် အတ္တပဋိလာဘစသည် မရှိပါသော်လည်း၊ ပုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သမ္မုတိကထာစ - သမ္မုတိကထာဂုဏ်း၊ (အများ သမုတ်အပ်သော ပညတ်အနက်ကို ပြောဟောကြောင်းတရားဂုဏ်း၊) ပရမတ္ထကထာဧ–

× × × × × × ×

ဝစနပထ မတ္တကာနိ။ ■ နိရုတ္တိမတ္တကာနိကို ဖွင့်သောစကားတည်း၊ မှန်၏–"နိရုတ္တိ" ဟု ခေါ်အပ်သော သဒ္ဒ (အသံ, စကား) သည် ထိုစကားသံကို အတုလိုက်၍ ပြောဆိုကြသော နောင်လာ နောက်သားတို့၏ စကားလမ်းကြောင်း ဖြစ်သောကြောင့် ဝစနပထ မည်၏၊ [ယခုခေတ်၌ ထင်ရှားသူ လူတယောက်က စတွင်၍ စကားတခုကို သုံးလိုက်လျှင် နောက်လူတို့လည်း ထိုစကားကိုလိုက်၍ သုံးကြခြင်းမျိုးကို ဆိုလိုသည်။] ဝစနပထမတ္တကာနိတိ တဿေဝ ဝေဝစနံ၊ နိရုတ္တိယေဝ ဟိ အညေသံ ဒိဋ္ဌာနုဂတိမာပဇ္ဇနာနံ (မြင်အပ်သည်ကို အတုလိုက်၍ ပြောဆိုကြသူတို့၏) ကာရဏာဒ္ဒေန (ပထအဖွင့်)၊ ဝစနပထော၊–ဋီကာသစ်၊ ဝစနမေဝ– ရှေးလူကြီးတို့ ပြောအပ်သောစကားသည်ပင်+ ပထော– နောက်လူတို့၏ ပြောဘို့ရန်အကြောင်းတည်း၊ ဝစနပထော - ကြောင်း။

ဝေါဟာရ,နာမပဏ္ဏတ္တိ။ ။ဝေါဟာရမတ္တကာနိတိ တထာ တထာ(ထိုထိုအခြင်းအရာအားဖြင့်) ဝေါဟာရမတ္တကာနိ (ခေါ်ဝေါ် ပြောဆိုကြောင်းမျှတို့သာတည်း)၊ နာမပဏ္ဏတ္တိမတ္တကာနိတိ တဿေဝ ပရိယာယော၊ တံတံနာမပညာပနမတ္တကာနိ (ထိုထိုအမည်ကိုသိစေကြောင်း ပညတ်မျှတို့သာတည်း)၊–ဋီကာသစ်။ [ပ + ဉဲ ပ, တိပစ္ဆညိးဖြင့် ပြီးသော ပညတ္တိပုဒ်မှ ညကို ဏ္ဏပြုလျှင် ပဏ္ဏတ္တိဟု ဖြစ်၏။]

ပုဒ္ဓါနံ ပန။ ■"ပရမတ္ထအားဖြင့် မရကောင်းလျှင် အဘယ့်ကြောင့် ဘုရားရှင်တို့ ဟောတော်မူအပ်ပါသနည်း " ဟု မေးဘွယ်ရှိသောကြောင့် " ပုဒ္ဓါနံ ပန " စသည်ဖြင့် မိန့်သည်၊ " ဘုရားရှင်တို့၏ ဟောတော်မူရိုးအားဖြင့် ကထာ ၂ မျိုး ရှိသောကြောင့် ဟောတော်မူအပ်သည် " ဟူလို။ [သမ္မုတိယာ (လူတို့ သမုတ်အပ်သောအနက်ကို) +

ပရမတ္ထကထာဌင်း၊ (မဖေါက်မပြန် မြတ်သောအနက်ကို ပြောဟောကြောင်း တရားဌင်း၊)ဣတိ-သို့၊ ဒွေ-နှစ်သော၊ ကထာ-ဟောပြောကြောင်းတရားတို့သည်၊ (ဟောန္တိ)၊ တတ္ထ-ထို ၂ မျိုးသောကထာတို့တွင်၊ သတ္တော-သတ္တ၊ ပေါသော-ယောဂျား၊ ဒေဝေါ-နတ်၊ ဗြဟ္မာ-ဗြဟ္မာ၊ ဣတိ အာဒိကာ-ဤသို့ အစရှိသောကထာသည်၊ သမ္မုတိကထာနာမ-မည်၏၊ အနိစ္စံ-အနိစ္စ၊ ဒုက္ခံ-ဒုက္ခ၊ အနတ္တာ-အနတ္တ၊ ခန္ဓာ-ခန္ဓာတို့၊ပေ၊ သမ္မပ္ပဓာနာ-သမ္မပ္ပဓာန်တို့၊ ဣတိ အာဒိကာ-ဤသို့ အစရှိသောကထာသည်၊ ပရမတ္ထကထာနာမ- မည်၏။

တတ္ထ – ထို ၂ ပါးသော ကထာတို့တွင်၊ ယော – အကြင် ပုဂ္ဂိုလ်သည်၊ (“သက္ကောတိ”၌စပ်)၊ သမ္မုတိဒေ သနာယ-သမ္မုတိဒေသနာတော်ဖြင့်၊(ပညတ်ကို ဟောကြောင်းတရားတော်ဖြင့်)၊ သတ္တောတိဝေါ-သတ္တာဟူ၍ဌင်း၊ပေ၊ဗြဟ္မာတိဝေါ–ဌင်း၊ ဝုတ္တော–ဟောတော်မူအပ်သော်(ဟောတော်မူအပ်မှ၊)ဝိဇာနိတုံ-အနက် အဓိပ္ပါယ်ကို သိခြင်းငှါဌင်း၊ ပဋိဝိဇ္ဈိတုံ - သစ္စာ ၄ ပါးကို ထိုးထွင်း၍ သိခြင်းငှါဌင်း၊ နိယျာတုံ–ဝဋ်မှ ထွက်မြောက်ခြင်းငှါဌင်း၊ အရဟတ္တဇယဂ္ဂါဟံ-အရဟတ္တဖိုလ် အောင်လံကို ယူခြင်းကို၊ ဝေါ– ယူအပ်သော အရဟတ္တဖိုလ်အောင်လံကို၊ ဂဟေတုံ– ယူခြင်းငှါဌင်း၊ သက္ကောတိ – စွမ်းနိုင်၏၊ တဿ–ထိုပုဂ္ဂိုလ်အား၊ ဘဂဝေါ-သည်၊ အာဒိတော၀–၌သာ၊ သတ္တောတိဝေါ–ဟူ၍ဌင်း၊ ၊ပေ၊ဗြဟ္မာတိဝေါ–ဟူ၍ဌင်း၊ ကထေတိ-ဟောတော်မူ၏။

× × × × × × × ×

ကထာ – ဟောကြောင်း တရားစကားတည်း၊ သမ္မုတိကထာ၊ ပရမတ္ထသ + ကထာ၊ ပရမတ္ထကထာ၊ အနိစ္စစသော ကထာလည်း ပရမတ္ထဖြစ်သော သင်္ခါရတို့ကိုဟောကြောင်း ဖြစ်သောကြောင့် ပရမတ္ထကထာပင်တည်း။]

တတ္ထ ယော၊ပေ၊သက္ကောတိ။ ။“ဘုရားရှင်တို့၏ ကထာသည် အဘယ့်ကြောင့် ၂ ပါး ပြားရသနည်း”ဟု မေးဘွယ်ရှိရကား အကြောင်းကို ပြလိုသော် “တတ္ထ”စသည်ကို မိန့်သည်၊ ဝိနေယတို့က သမ္မုတိကထာဖြင့် စသော်ဟောအပ်မှ သိနိုင်မည့်ပုဂ္ဂိုလ် , ပရမတ္ထကထာဖြင့် စသော်ဟောအပ်မှ သိနိုင်သည့်ပုဂ္ဂိုလ်ဟု ၂ မျိုးပြားသောကြောင့် ဘုရားရှင်တို့၏ ကထာလည်း ၂ မျိုးပြားရပါသည်–ဟူလို။

ဇယဂ္ဂါဟံ ဂဟေတုံ။ ။ [ဝိဇာနိတုံ စသော ပုဒ်တို့၏ အဓိပ္ပါယ်ကို နိဿယအတိုင်း သိပါ။] “ဂါဟံ – ယူခြင်းကို + ဂဟေတုံ - ငှါ”ဟု ပေးလျှင် ယူခြင်းကြိယာတခုတည်းရသောကြောင့် အဘေဒဘေဒူပစာကြံပါ၊ “ ယူအပ်သော အောင်လံ ” ဟု ဆိုလျှင် ဝိသေသန ပရပဒကမ္မဓာရဲကြီ၍ “ ဂယ္ဟတေတိ ဂါဟော၊ ဇယောစ+သော+ဂါဟော စာတိ ဇယဂ္ဂါဟော”ဟု ပြုပါ။

တဿ အာဒိတော၀။ ။“အစဉ်သာ သမ္မုတိကထာကို ဟောတော်မူ၏”ဟု ဆိုသဖြင့် နောက်ပိုင်းရေဝံသောအခါ ပရမတ္ထဖြစ်သော စတုသစ္စကထာကို ဟောတော်မူသည် – ဟု အဓိပ္ပါယ်ကျရောက်၏၊ ထို့ကြောင့် ရှေးခေတ်က ဓမ္မကထိကများသည် ဝတ္ထုကိုဟောပြီးနောက် စတုသစ္စကထာဖြင့် အဘိဓမ္မာကို တပ်လေ့ရှိကြသည်။

ယော-သည်၊ ပရမတ္ထဒေသနာယ-ဖြင့်၊ (ပရမတ်ကို ဖော၁ကြောင်း တရား တော်ဖြင့်)၊ အနိစ္စန္တိ၀ါ-အနိစ္စဟူ၍၎င်း၊ ဒုက္ခန္တိ၀ါ- ၎င်း၊ ဇာတိ အာဒိသု- ၌သို့ အစရှိသော တရားတို့တွင်၊ အညတရံ - အမှတ်မထား, တပါပါးသော တရားကို၊ သုတ္တာ - ကြားနာရ၍၊ ၀ိဇာနိတုံ - ၄ါ၎င်း၊၊ပေ၊ ဂဟေတုံ - ၄ါ၎င်း၊ သက္ကောတိ၊ တဿ-အား၊ အနိစ္စန္တိ၀ါ-ဟူ၍သော်၎င်း၊၊ပေ၊ အညတရမေ၀-အမှတ်မထား တပါးပါးသော တရားကိုသာ၊ ကထေတိ-၏။

တထာ-ထိုမှတပါး၊ သမ္မုတိကထာယ-ဖြင့်၊ ဗုဒ္ဓနကသတ္တသာပိ-သိလတုံ သော သတ္တာအားလည်း၊ ပဌမံ - စွာ၊ ပရမတ္ထကထံ - ကို၊ နကထေတိ- ဟောတော်မမူ၊ ပန - အနွယ်၊ သမ္မုတိကထာယ-ဖြင့်၊ ဗောဓေတွာ-အနက် အဓိပ္ပါယ်ကို သိစေပြီး၍၊ ပစ္ဆာ-၌၊(နောက်မှ)၊ ပရမတ္ထကထံ ကို၊ ကထေတိ-၏၊ ပရမတ္ထကထာယ - ဖြင့်၊ ဗုဒ္ဓနကသတ္တသာပိ - အားလည်း၊ ပဌမံ - စွာ၊ သမ္မုတိကထံ - ကို၊ နကထေတိ - မမူ၊ ပန-အနွယ်၊ ပရမတ္ထကထာယ - ဖြင့်၊ ဗောဓေတွာ-၍၊ ပစ္ဆာ သမ္မုတိကထံ ကထေတိ။

ပန- ဆက်၊ ပကတိယာ- ပင်ကိုယ်အားဖြင့်၊ (ရိုးရာထုံးစံအားဖြင့်)၊ ပဌမ မေ၀- သာလျှင်၊ ပရမတ္ထ ထံ - ကို၊ ကထေန္တသ - ဟောတော်မူလေသော်၊ ဒေသနာ-ဒေသနာတော်သည်၊ လူခါကာရာ ခြောက်ကပ်သော အခြင်းအရာ

× × × × × × ×

ယော ပရမတ္ထဒေသနာယ ။ ။ပဌမနည်း၀ယ် သမ္မုတိကထာကို ပြုရာ၌သော် "အာဒိတော၁၀" ဟု ဆို၍ ပရမတ္ထကထာကိုပြုရာ၌ "အာဒိတော၁၀" ဟု မဆိုသောကြောင့် "ပရမတ္ထကထာကို ဟောတော်မူသောအခါ ရှေ့ပိုင်း နောက်ပိုင်း ၂ ပုဒ်နက်လုံး၌ပင် ပရမတ္ထကထာကိုချည်း ဟောသည်" ဟု ဆိုလိုရာရောက်သည်။ [ဇာတရတ္ထ ပန အာဒိတော၁၀ ကထေတိတိ အ၀ဒန္တော သမ္ဗတ္ထဒီတိ၊-ဋီက၁။]

တထာ။ ။ဤစကားဖြင့် ဟောတော်မူပုံတန်းကို ပြပြန်သည်၊ ထိုနည်းကို အဋ္ဌ ကထာအတိုင်း သိပါ၊ [တထာတိ အာဒိနာ ကထာဒ္ဒယကထနေ ပရိယာယန္တရံ (ပရိယာယ် တမျိုးကို) ဒိဘာ၀ေတိ၊ ဗောဓေတွာတိ ဒိနေယျဇ္ဈာသယာနုရူပံ တထာ တထာ (ထိုထို အခြင်းအရာ-ထိုထို နည်းဖြင့်) ဒေသေတမ္မမတ္ထံ (ဟောထိုက်သောအနက် အဓိပ္ပါယ်ကို) ဇာနာပေတွာ၊-ဋီကာသစ်။]

ပကတိယာ ပန ။ ။ဒိနေယျတို့၏ အလိုအား ဖြင့် ရှေးဥုးစွာ သမ္မုတိကထာကို ဟောတော်မူခြင်းသည် များသောအားဖြင့် ဘုရားရှင်တို့၏ အလေ့အကျက်တော်ဖြစ်၏၊ ထို့ကြောင့် သမ္မုတိကထာကို စ၍ ဟောခြင်းဌ အကြောင်းနှင့်တကွ ပြလို၍ "ပကတိယာ ပန" စသည် မိန့်၏၊ ထိုအကြောင်းဟူသည် "ပဌမမေ၀၊ပေ၊လူခါကာရာ" တည်း။

လူခါကာရာ။ ။လူမိုက် လူလိမ္မာအကြောင်းကို ဟောတော်မူရာ၌ " အကုသိလ တရားတွေသည် ဗာလမည်၏၊ ကုသိလတရားတို့ကား ပဏ္ဍိတမည်၏" ဤသို့ စသည်ဖြင့် ပရမတ္ထတရားတို့ကို ရှေးဥုးစွာ ဟောပြတော်မူလျှင် ဝေနေယျတို့ နားမလည်နိုင်သော

ရှိသကဲ့သို့၊ ဟောတို၊ တသ္မာ, ဗုဒ္ဓါ-ဘုရားရှင်တို့သည်၊ ပဌမံ-စွ၊ သမ္မုတိကထံ-ကို၊ ကထေတွာ – ဟောတော်မူပြီး၍၊ ပစ္ဆာ - ၌၊ (နောက်မှ)၊ ပရမတ္ထကထံ ကထေန္တိ။

သမ္မုတိကထံ - ပညတ်ကို ဟောကြောင်း၊ တရားတော်ကို၊ ကထေန္တောပိ – ဟောတော်မူကုန်သော်လည်း၊ သစ္စမေဝ - မှန်သော အနက်ကိုသာ၊ သဘာဝမေဝ-ထင်ရှားရှိသော အနက်ကိုသာ၊ အမုသာဝ-မုသား မဟုတ်သော အနက်ကိုသာ၊ ကထေန္တိ-နှ၏၊ ပရမတ္ထကထံ-ပရမတ်ကို ဟောကြောင်း တရားတော်ကို၊ ကထေန္တောပိ-နှသော်လည်း၊ သစ္စမေဝ-ကိုသာ၊ပေါကထေန္တိ-နှ၏။

× × × × × × ×

ကြောင့် ဒေသနာတော်၏ ခြောက်ကပ်ကပ် ဖြစ်နေခြင်း (စိုစိုပြေပြေ မရှိခြင်း) ကို "လူခ+အာကာရ"ဟု ဆိုသည်။ [ဝိနေယျာနံ အနုဘိသမ္ဘုဏေဝသေန လူခသဒ်သာ၊– ဋီကာသစ်။]

မှတ်ချက် ။ ။ ယခုခေတ်၌လည်း များစွာသော လူတို့သည် အဘိဓမ္မာနည်းကို ရှေးဥုံးစွာ ဟောလျှင် သဘောမပေါက်နိုင်ကြ၊ တရားတော်သည်ပင် ခြောက်ကပ်ကပ် ဖြစ်နေတော့၏၊ သို့သော် " အဘိဓမ္မာတရား ဝိပဿနာတရားကို ဟောသည် " ဟု ပြောလျှင် နားမလည်သော လူတို့သည်ပင် အထင်ကြီးကြသောကြောင့် နားမလည်သော အဘိဓမ္မာတရားကိုပင် ဟောကြလေတော့သည်။

သစ္စမေဝ သဘာဝမေဝ ။ ။ သမ္မုတိကထာကို ဟောတော်မူရာ၌ သစ္စဟူသည် လောကီလူတို့ ပြောအပ်သည့်အတိုင်း ထိုအရာဝတ္ထု၏ မှန်ခြင်းတည်း၊ သဘာဝဟူသည်လည်း လူတို့ သမုတ်ထားအပ်သည့်အတိုင်း ထိုဝတ္ထု၏ ရှိနေခြင်းတည်း၊ ထို့ကြောင့် အမုသာဝဟု ပရိယာယ်ပုဒ်ကို ဆက်၍ မိန့်သည်၊ " မုသား(အမှား) မဟုတ်ဘဲ အမှန်ထင်ရှားရှိသည်"ဟူလို၊ သမ္မုတိပညတ်သော်မှမှန်၍ ထင်ရှားရှိနေသေးလျှင် ပရမတ္ထ၏ မှန်၍ ထင်ရှားရှိကြောင်းမှာ အထူးဆိုဘွယ် မလိုတော့ပါ။ [သစ္စမေဝါတိ တထမေဝ၊ သဘာဝမေဝါတိ သမ္မုတိဘာဝေန တံ သဘာဝမေဝ (ထို ဟောအပ်သည့် အတိုင်း ထင်ရှားရှိသည်ကိုသာ၊)ကထေန္တိ၊ တေနာဟ အမုသာဝါတိ၊ ပရမတ္ထသ ပန သစ္စာဒိဘာဝေ ဝတ္တုမေဝ နတ္ထိ၊–ဋီကာ။]

သမ္မုတိနှင့် ပရမတ္ထ အထူး။ ။သင်္ဂြိဟ်ဘာသာဋီကာအစ ပညတ္တိအတ္ထ ပရမတ္ထ ဟု ခေါင်းတပ်၍ ပြသည့်အတိုင်း အထူးကို သိပါ၊ ဤဋီကာ၌လည်း " ယသ္မိံ ဘိန္နေ (အကြင့်ဃဋ္ဋ (အိုး) စသည် ကွဲလသော်) ဗုဒ္ဓိယာဝါ အဝယဝ ဝိနိဗ္ဘောဂေ ကတေ (တနည်း) ဉာဏ်ဖြင့် အစိတ်စိတ်ခွဲမှုကို ပြုအပ်သော်၊ နတံသညာ (ထို ဃဋ္ဋဟူသော အိုးဟူသော အမည်မဖြစ်တော့)၊ တဒ္ဒိပရိယတ္ထော ပရမတ္ထော (ထို၏ ပြောင်းပြန်အနက်သည် ပရမတ္ထတည်း)၊ နဟိ ကက္ခဋဖုသနာဒိသဘာဝေ အယံ နယော လဗ္ဘတိ၊–မှန်၏ ပထဝီစသော ရုပ်တရား၏ ကက္ခဋသဘော စသည်၌ဉာဏ်း, ဖဿ စသော နာမ်ဘရား၏ ဖုသနသဘော စသည်၌ဉာဏ်း ဤသို့ ခွဲ၍ စိတ်၌ ကြည့်ခြင်းဟူသော နည်းကို မရနိုင်"ဟု အချုပ်မျှ ပြဆိုထားသည်။

ဂါထာနက်။ ။ဝဒတံ – ပြောဟောကြသော ပုဂ္ဂိုလ်တို့တွင်၊ ဝရော– အမြတ်ဆုံး ဖြစ်တော်မူသော၊ သမ္ဗုဒ္ဓေါ – ကြင်းမဲ့ဉာဏ်သုံ အလုံးစုံကို, အကုန် သိမြင်,ဘုရားရှင်သည်၊ သမ္မုတိ -သမ္မုတိသစ္စာကိုဂုဏ်း၊ ပရမတ္ထဉ္စ-ပရမတ္ထသစ္စာ ကိုဂုဏ်း၊ ဒွေဝ– ၂ ပါးကုန်သော၊ သစ္စာနိ – အမှန်တရားတို့ကို၊ အက္ခာသိ– ဟောတော်မူပြီ၊ တတိယံ-၃ ခု မြောက် သစ္စာကို၊ နုပလဗ္ဘတိ- မရအပ်, မရနိုင်။

(ယသ္မာ-အကြင့်ကြောင့်၊) လောကသမ္မုတိ–လောက၌ သမုတ်အပ်သော အနက်သည်၊ ကာရဏံ – မချုတ်မယွင်းခြင်း၏ အကြောင်းတည်း၊ (တသ္မာ– ကြောင့်၊) သင်္ကေတဝစနံ – လောက၌ အသိအမှတ်ပြု အပ်သော အနက်ကို ဟောကြောင်း တရားစကားတော်သည်၊ သစ္စံ– မှန်၏၊ (ယသ္မာ – ကြောင့်၊) ပရမတ္ထဝစနံ - ပရမတ်ကိုဟောကြောင်း တရားစကားသည်၊ ဓမ္မာနံ - ပရမတ္ထ တရားတို့၏၊ ဘူတလက္ခဏံ – ဟုတ်မှန်သောသဘောကို သိကြောင်း အမှတ် အသားသည်၊ (ဟောတိ၊ တသ္မာ- ကြောင့်၊) ပရမတ္ထဝစနံ– ပရမတ်ကို ဟော ကြောင်းတရားစကားတော်သည်၊ သစ္စံ-မှန်၏၊ ဣတိ-ဤသို့၊ (ဝေဒိတဗ္ဗံ-သိထိုက် ၏)။ [ဤဂါထာများကို ကထာဝတ္ထု၊ အဋ္ဌကထာ၏ အဆိုးနားဋီလည်း တွေ့ရ၏၊ ပါဠိတော်များဋီကား မတွေ့ရ။]

× × × × × × ×

ဒွေဝ သစ္စာနိ အက္ခာသိ။ ။ပြအပ်ခဲ့သည့်အတိုင်း သမ္မုတိဖြစ်သော အရာဝတ္ထု သော်မှ လောကအလိုက် မှန်ကန်ရကား ဘုရားရှင်သည် သမ္မုတိသစ္စ, ပရမတ္ထဖြစ်သော သစ္စ (အမှန်) တရား ၂ မျိုးကို ဟောတော်မူသည်၊ ထို့ကြောင့် ဘုရားဟောအစစ်ဆိုလျှင် အမှန်ချည်းမှာ်ပါ၊ ပိဋကတ်တော်၌ လက်တွေ့အားဖြင့် မကိုက်ညီသော အချို့သမ္မုတိ အနက်တွေ ရှိနေလျှင် ထိုအနက်ကို "ဘုရားဟော မဟုတ်, နောက်ဆရာတို့ ထည့်သွင်း ထားအပ်သော အနက်အဓိပ္ပါယ်" ဟုသာ မှတ်ပါ။

သင်္ကေတဝစနံ။ ။ဤဂါထာ၌ ဒုတိယပါဒသည် ပဌမပါဒ၏ အကြောင်းပြ, စတုတ္ထပါဒသည် တတိယပါဒ၏ အကြောင်းပြတည်း၊ ထို့ကြောင့် ယသ္မာ တသ္မာထည့်၍ အနက်ယောဇနာဘို့ရန် ဋီကာသစ်ဖွင့်သည့်အတိုင်း အနက်ပေးထားသည်။

လောကသမ္မုတိ။ ။လောကသိဒ္ဓါ သမ္မုတိ (လောက၌ ထင်ရှားသော ပညတ် အနက်သည်၊) အသင်္ကေတဝစနဿ အဝိသံဝါဒန ဘာဝေ ကာရဏံတိ အတ္ထော၊ ဤ အဖွင့်ကိုကြည့်၍ လောကသမ္မုတိနှင့် ကာရဏံကို သမာသ်မဟုတ် တပုဂ္ဂိစ် ကွဲနေသော ဝါကျဟု မှတ်ပါ။

ဓမ္မာနံ ဘူတလက္ခဏံ။ ။သဘာဝဓံမ္မာနံ ယော ဘူတော အဝိပရီတော သဘာဝေါ၊ တသ္မာလက္ခဏံ အင်္ဂံ ဉာပနံတိ အတ္ထော။ [လက္ခဏံကို "အင်္ဂံဉာပနံ-သိစေတတ်သော တရားသည်" ဟု ဖွင့်၏၊ ဤသို့ ဘူတလက္ခဏံနှင့် ပရမတ္ထဝစနံသည် အရတူသောကြောင့် ပရမတ္ထဝစနံကို ယသ္မာဝါကျ၌လည်း ထည့်၍ အနက်ပေးသည်။]

ယာ ဟိ၊ပေ၊ အပရာမသံတိ– ကား၊ ယာဟိလောကသမညာဟိ - အကြင် လောကဌ် ကောင်းစွာသိအပ်သော နာမည်ပညတ်တို့ဖြင့်၊ ယ ဟိလောကနိရုတ္တိ ဟိ-အကြင်လောကဌ် ထုတ်၍ ပြောဆိုကြောင်းဖြစ်သော နာမည် ပညတ်တို့ဖြင့်၊ တထာဂတော-မြတ်စွာဘုရားသည်၊ တဏှာ မာန ဒိဋ္ဌိ ပရာမာသာနံ-မှားသော အားဖြင့် သုံးသပ်တတ်ကုန်သော တဏှာ မာန ဒိဋ္ဌိတို့၏၊ အဘာဝါ - မရှိခြင်း ကြောင့်၊ အပရာမသန္တော-တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မှားမှားယွင်းယွင်း သုံးသပ် တော်မမူဘဲ၊ ဝေါဟရတိ-ခေါ်ဝေါ်ဟောမိန့်တော်မူ၏၊ တာ လောကသမညာ-တို့သည်၊ တာ လောကနိရုတ္တိယော - တို့သည်၊ ဇာမာ- ၌ သြဠာရိက အတ္တာပဋိ လာဘ စသည်တို့တည်း၊ [၌သို့ ပါဠိတော်ရှေဝါကျကို ကြည့်၍ နိယမဝါကျ ထည့်ပါ၊ ထိုသို့ မထည့်လိုလျှင် "ယာဟိ လောကသမညာဟိ–ယင်းတို့ဖြင့် "ဟု ပေးပါ။] ဇာတိ–၌သို့၊ ဒေသနံ-ဒေသနာတော်ကို၊ ဝိနိဝဋ္ဋေတွာ–ဝဋ္ဋကထာမှ နစ်ဒေတော်မူ၍၊ (ခွဲခြ ားတော်မူ၍၊) အရဟတ္တာနိကူဋေန- အာရဟတ္တဖိုလ် တည်း ဟူသော အထွဋ်ဖြင့်၊ နိဋ္ဌာပေသိ-ပြီးဆုံးစေတော်မူပြီ၊ သေသံ-ကြွင်းသော ပုဒ် အပေါင်းသည်၊ သဗ္ဗတ္ထ–အလုံးစုံသော ဝါရတို့၌၊ ဥတ္တာနတ္ထမေဝ - ပေါ်လွင် ထင်ရှားသော အနက်ရှိသည်သာ၊ ဇာတိ–အပြီးတည်း။

ဇာတိ – ၌ ဆိုအပ်ပြီးသော စကားအစဉ်ဖြင့်၊ သုမင်္ဂလဝိလာသိနိယာ – သုမင်္ဂလဝိနာသိနီ မည်သော၊ ဒီဃနိကာယဋ္ဌကထာယံ – ဒီဃနိကာယ် အဋ္ဌ ကထာ၌၊ ပေါဋ္ဌပါဒသုတ္တဝဏ္ဏနာ-ပေါဋ္ဌပါဒသုတ်၏အဖွင့်သည်၊ နိဋ္ဌိတာ-ပြီ။

× × × × × × ×

ယာဟိ၊ပေ၊အပရာမသံ။ ။ဘုရားရှင်သည် လူတို့၏ ပြောရိုးအနက် (သမ္မုတိ) ကို ယူ၍"ငါ,သူတပါး,ယောက်ျား,မိန်းမ စသည်ဖြင့် ဟောတော်မူသော်လည်း တဏှာ မာန ဒိဋ္ဌိတို့ဖြင့် သုံးသပ်မှုမရှိသောကြောင့် ငါ, ငါ့ ဥစ္စာဟု တဏှာ မာနဖြင့် သုံးသပ်၍ ပြောသော လောကီလူတို့၏ ပြောခြင်းမျိုးမှ ထူးခြားပါသည်-ဟူလို။

ဒေသနံ ဝိနိဝဋ္ဋေတွာ။ ။အောက်၌ ဒိဋ္ဌ အဘိနိဝေသနှင့်စပ်သော ဝဋ္ဋကထာကို ဟောတော်မူခဲ့ရကား ထိုဝဋ္ဋကထာမှ ဒေသနာကို ခွဲခြားု၍ ဟောတော်မူရာ၌ "အပရာ မာသ (တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မသုံးသပ်ဘဲ)"ဟု မိန့်တော်မူခြင်းသည် "ထိုသို့ မသုံး သပ်ခြင်းကြောင့် အရဟတ္တဖိုလ်ကို အထွဋ်တင်ရာရောက်၏"ဟု မိန့်တော်မူရာရောက်၏၊ ထို့ကြောင့် "အရဟတ္တာနိကူဋေန"ဟု မိန့်သည်။

ပေါဋ္ဌပါဒသုတ် အဋ္ဌကထာ၏ အဖွင့် ပြီး၏။

သုဘသုတ် ဘာသာဋီကာ

သုဘမာဏဝဝတ္ထု

ဧဝံ၊ပေ၊သာဝတ္ထိယန္တိ–ဟူသော ဤသုတ်သည်၊ သုဘသုတ္တံ-တည်း၊ တတြ-ထိ သုဘသုတ်၌၊ အယံ· ဤဆိုအပ်လတံ့ကား၊ အနုတ္တာနုပဒဂဏ္ဌနာ – မပေါ်လွင်သောပုဒ်တို့၏ အဖွင့်တည်း၊ အစိရပရိနိဗ္ဗုတေ ဘဂဝတိတ် - ကား၊ ဘဂဝတိ-သည်၊ အစ်ရံ-မကြာမြင့်မီက၊ပရိနိဗ္ဗုတေ-ပရိနိဗ္ဗာန်စံခဲ့တော်မူပြီးလသော်၊ ပရိနိဗ္ဗာနတော– ပရိနိဗ္ဗာန် စံတော်မူရာနေ့မှ၊ ဥဒ္ဓံ- အထက်၌၊ ဝါ–အထက်ဖြစ်သော၊ မာသမတ္တေ- တလခန့်ဖြစ်သော၊ ကာလေ-၌၊ (“သာဝတ္ထိယံ ဝိဟရတိ”ဟု ပါဠိတော်၌စပ်)၊ တံ–ဤ သာဝတ္ထိယံ ဝိဟရတိ၊ပေ၊ဘဂဝတိဟူသော စကားကို၊ နိဒါနဝဏ္ဏနာယံ-၌၊ ဝုတ္တာနယေနေဝ–ဆိုအပ်ပြီးသောနည်းဖြင့်သာ၊ ဘာဝတော-၏၊ ပတ္တစီဝရံ-သင်္ဃာတိ သင်္ကန်းတော်ကို၊ အာဒါယ-၍၊ အာဂန္တွာ-ကြွလာတော်မူ၍၊ ဒီရဝိဓရေစနံ – ဆေးဖြင့် ထုံအပ်သော ဝမ်းသက်ကြောင်းနို့ရည်ကို၊ ဝိဝိတွာ-၍၊ ဝိဟာရေ-၌၊ နိသိန္နဒိဝသံ- နေရာနေ့ကို၊ သန္ဓာယ-၍၊ (အာယသ္မတာ အာနန္ဒတ္ထေရန) ဝုတ္တံ။

တောဒေယျပုတ္တောတိ - ကား၊ တောဒေယျ ဗြာဟ္မဏသ – တောဒေယျပုဏ္ဏား၏၊ ပုတ္တော - သားဖြစ်သော၊ (“သုဘော မာဏဝေါ” ၌စပ်)၊ ကိရ-၌၊ သော–ထိုပုဏ္ဏားသည်၊ (ဂတော ၌စပ်)၊ သာဝတ္ထိယာ-၏၊ အဝိဒူရေ-အနီး၌၊ တုဒ္ဒိဂါမောနာမ - တုဒ္ဒိရွာမည်သည်၊ အတ္ထိ၊ တသ်– ထို တုဒ္ဒိရွာ၏၊ အဓိပတိတ္တာ–အကြီးအကဲ၏အဖြစ်ကြောင့်၊ တောဒေယျောတိ-ဟူ၍၊ သင်္ခေ-ခေါ်ဝေါ်

× × × × × × ×

အစိရံ ပရိနိဗ္ဗုတေ။ ။အစိရ+ပရိနိဗ္ဗုတေ၌ အစိရဝယ် နိဂ္ဂဟိတ်ကြေကြေးငံးကို သိစေလို၍ “အစိရံ” ဟု ဖွင့်သည်၊ ဤအလို အစိရံ + ပရိနိဗ္ဗုတေသည် သမာသ်မဟုတ်, ဝါကျတည်း၊ တနည်း– “အစိရံ + ပရိနိဗ္ဗုတသ အသောတိ အစိရ ပရိနိဗ္ဗုတော” ဟု သမာသ်ပုဒ်ဖြစ်သော်လည်း “အစိရံ + ပရိနိဗ္ဗုတေ”ဟု အဓိပ္ပါယတ္ထကိုသာ ဖွင့်ပြသည်၊ “မကြာမီက ပရိနိဗ္ဗာန်စံတော်မူပြီးသော်”ဟူလို၊ ဤသို့ ဋီကာသစ်၌ ၂ နည်းဖွင့်ထား၏။

မာသမတ္တေ။ ။ပါဠိတော်၌ အစိရ ပရိနိဗ္ဗုတေဟု ပရိနိဗ္ဗာန်စံတော်မူပြီးသည်မှာ မကြာသေးကြောင်းကိုသာ ပြ၍ ကာလအပိုင်းအခြား မပါသောကြောင့် “မာသမတ္တေ” ဟု အဋ္ဌကထာက ကာလအပိုင်းအခြားကို ပြသည်၊ မတ္တဖြင့် တလအတိကျ မဟုတ်, “တလခန့်” ဟု ခန့်မှန်းချက်ဖြစ်ကြောင်းကို ပြသည်၊ ထို့ကြောင့် ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ, နယုန်လပြည့်ကျမှ တလပြည့်၏၊ ထို ဒီရဝိရေစနကို သောက်ရာနေ့၌ကား “တလမပြည့်တတ်သေး”ဟု ဆိုလိုသည်။

တောဒေယျော။ ။တုဒ္ဒိ(တုဒ္ဒိရွာဟူသော) + နိဝါသော အသောတိ တောဒေယျော၊ အသ နိဝါသတဒ္ဓိတ်, ဏေယျပစ္စည်း၊ တောဒေယျပုဏ္ဏားသည် ထိုရွာ၏ အကြီးအကဲဖြစ်၏၊ ဥသောဏဒဏ္ဍ ကူဋဒဏ္ဍတို့ကဲ့သို့ ထိုရွာကို အုပ်စိုးနေသူတည်း။

အပ်သည်၏အဖြစ်သို့၊ ဂတော- ပြီ၊ ပန- ဆက်၊ မဟဒ္ဓနော – များသောဥစ္စာရှိသည်၊ ပဗ္ဗ စတ္တာလီသကောဋိ ဝိဘဝေါ– လေးဆယ့်ငါးကုဋေသော စည်းစိမ်ရှိသည်၊ ပရမမစ္ဆရီ - အလွန် ဝန်တိုခြင်းရှိသည်၊ ဟောတိ၊ ဒဒတော - စွန့်ကြဲပေးကမ်းသော ပဂ္ဂိုလ်၏၊ ဘောဂါနံ – စည်းစိမ်တို့၏၊ အပရိက္ခယော နာမ – မကုန်ခန်းနိုင်ခြင်း မည်သည်၊ နတ္ထိ၊ ဣတိ - သို့၊ စိန္တေတွာ - ၍၊ ကဿစိ – တစုံတယောက်အား၊ ကိဉ္စိ-တစုံတခုသောဥစ္စာကို၊ န ဒေတိ-မပေး။

ပုတ္တမ္မိ- သားကိုလည်း၊ အာဟ- ပြောဆို ဆုံးမပြီ၊(ကိံ-နည်း)၊ အဠနာနံ-မျက်စဉ်းတို့၏၊ ခယံ- တရွေ့ရွေ့ ကုန်သွားပုံကို၊ ဒိသွာ-ကြည့်၍၎င်း၊ ဝမ္မိကာနံ-တောင်ပို့တို့၏၊ သဉ္ဆယံ-ပေါင်းစုအပ်သောအစုအပုံကို၊ (ဒိသွာ)စ-ကြည့်၍၎င်း၊ မဓုနံ – ပျားကောင်ကလေးတို့၏၊ သမာဟာရံ – ပေါင်း၍ ဆောင်ပုံကို၊ (ဒိသွာ)စ-၍၎င်း၊ ပဇ္ဈိတော-ပညာရှိသည်၊ ဃရံ-အိမ်၌၊ အာဝသေ-နေရာ၏၊ ဣတိ-သို့၊ (အာဟ-ပြီ)။

× × × × × × ×

အဠနာနံ။ ။အဠဓာတ်သည် မက္ခန (သုတ်လိမ်းခြင်း) အနက်ကိုလည်းဟော၏၊ ဣန္ဒိယလူမျိုးတို့သည် မျက်စိအေးအောင် မျက်လုံးပတ်ဝန်းကျင်၌ ဆေးမျက်စဉ်းဖြင့် သုတ်လိမ်းထားတတ်၏၊ ထိုမျက်စဉ်းလည်း အတုံးအခဲဖြစ်ရကား အနည်းငယ် အနည်းငယ် သွေးဖန်များသော် ကုန်သွား၏၊ ထို့အတူ စည်းစိမ်ဥစ္စာများလည်း ပေးဖန်များလျှင် ကုန်သွားမည်သာ – ဟူလို။ [အဠနာနန္တိ အက္ခိအဠနဏ္ဍာယ ဃံသိတအဠနာနံ၊ — ဋီကာသစ်။]

ဝမ္မိကာနဥ္စ သဉ္ဆယံ။ ။တောင်ပို့ကြီးဟာ တနေ့တည်းဖြင့် ဖြစ်လာသည်မဟုတ်၊ ခြကောင်ကလေးတွေ တဖြည်းဖြည်းစုရာမှ ဤတောင်ပိုကြီးဖြစ်လာပုံကိုကြည့်၍ "စည်းစိမ်ဥစ္စာတို့သည် ထိုကဲ့သို့ တဖြည်းဖြည်းစုလျှင် တောင်ပို့ကြီးကဲ့သို့ အစုအပုံ အများအပြားဖြစ်လာနိုင်သည်"ဟု ဆုံးမသည်။

မဓုနဥ္စ သမာဟာရံ။ ။ မဓုအရ ပျားရည်ကိုမယူရ , ပျားရည်ကိုပြုတတ်သောယင်ပျားငယ်ကိုယူပါ၊ ယင်ပျားငယ်တို့သည် အနည်းငယ် အနည်းငယ် ဆောင်ယူရင်းပင် ပျားရည်များစွာရှိသော ပျားအုံကြီး ဖြစ်လာသကဲ့သို့ ထို့အတူ အနည်းငယ် အနည်းငယ် စုဆောင်းလျှင် စည်းစိမ်တို့လည်း များစွာဖြစ်လာနိုင်သည် – ဟူလို၊ ဤအဓိပ္ပါယ်များကို ရည်ရွယ်၍ " ခြကို ပုံပြ , ပျားကိုတုသို့ " ဟု စပ်ဆိုတော်မူကြသည်။ [သမ္မိဏ္ဍော်တွာ – ပေါင်း၍ + အာဟရဏံ – ဆောင်ခြင်း၊ (တနည်း) အာဟရိယတေတိ အာဟာရော၊ သံပိဏ္ဍော်တွာ+အာဟာရော၊ သမာဟာရော–ပေါင်း၍ (တပေါင်းတည်းဖြစ်အောင်) ဆောင်ထားအပ်သော ပျားအုံ။]

ပဇ္ဈိတော ဃရမာဝသေ။ ။ယသ္မာ အပ္ပတရပ္ပတရေပိ (အလွန် နည်းသည်ထက် သာ၍နည်းသော စည်းစိမ်သည်) ဝယမာနေ – ကုန်လသော်၊ ["ဂယ္ဟမာနေ–ယူအပ်သော်" ဟု မူကွဲရှိ၏။]ဘောဂါ ဒိယန္တိ၊ အပ္ပတရပ္ပတရေပိစ သဉ္ဆိယမာနေ (စုဆောင်းအပ်သော်) ဝမ္ဘန္တိ၊ တသ္မာ ယထာဝုတ္တ ဥပမတ္တယံ ပညာယ ဒိသွာ ဝိညူ

ဝေံ-ဤသို့လျှင်၊ အဒါနမေဝ-မပေးကမ်းခြင်းကိုသာ၊ (မပေးကမ်းကြောင်း အကျင့်ကိုသာ)၊ သိက္ခာပေတ္တာ-သင်စေပြီး၍၊ ကာယဿ-ခန္ဓာကိုယ်၏၊ ဘေဒါ-ပျက်စီးခြင်းကြောင့်၊ တသ္မိံ ယေဝ ဃရေ-၌ပင်၊ သုနခါ-ခွေးသည်၊ ဟုတ္ဝာ-၍၊ နိဗ္ဗတ္တော - ဖြစ်ပြီ၊ [ဟုတ္ဝာ နိဗ္ဗတ္တောနှင့်စပ်၍ မှတ်ဘွယ်ကို သာမညဖလသုတ်ဇနဝသဘောနာမ ယက္ခော ဟုတ္ဝာ နိဗ္ဗတ္တိအဖွင့် ကြည့်ပါ။] သုဒ္ဓာ – သုဘလုလင်သည်၊ တံ သုနခံ- ကို၊ အတိဝိယ- အလွန်အကဲသာလျှင်၊ ပိယာယတိ- ချစ်အပ်သည်ကို ပြု၏၊ အတ္တနော - ၏၊ ဘုဉ္ဇနကဘတ္တံယေဝ - စားအပ်သောထမင်းကိုသာ၊ ဘောဇေတိ - စားစေ၏၊ (ကျွေး၏၊) ဥက္ခိပိတ္ဝာ - မြှောက်ချီ၍၊ ဝရသယနေ-ကောင်းမြတ်သောအိပ်ရာ၌၊ သာယာပေတိ- အိပ်စေ၏။

အထ-၌၊ ဘဂဝါ-သည်၊ ကေဒိဝသံ– တနေ့သ၌၊ မာဏဝေ-လုလင်သည်၊ နိက္ခန္တေ-အိမ်ပြင်သို့ ထွက်သွားလသော်၊ တံ ဃရံ- သို့၊ ပိဏ္ဍာယ-ဆွမ်းအလို့ငှါ၊ ပါဝိသိ–ဝင်တော်မူပြီ၊ သုနခါ-သည်၊ ဘဂဝန္တံ-ကို၊ ဒိသွာ-၍၊ ဘုက်ကာရံ-ဘုဘုဟု ပြုခြင်းကို၊ (ဘုဘုဟု ပြုအပ်သောအသံကို၊ ဝါ – ခွေးဟောင်သံကို၊) ကရောန္တော-လျက်၊ ဘဂဝတော-၏၊ သမီပံ– အနီးသို့၊ ဂတော-ပြီ၊ တတော– ထိုသို့ ဟောင်လျက်လာခြင်းကြောင့်၊ နံ- ထိုခွေးကို၊ ဘဂဝါ-သည်၊ အဓိစ–မိန့်ဆိုတော်မူပြီ၊ (ကိ်- နည်း)၊ တောဒေယျ-ယျ၊ တုံ- သည်၊ ပုဗ္ဗေပိ- ရှေးအခါ၌လည်း၊ မံ- ကို၊ ဘော ဘောတိ- ဘော ဘောဟူ၍၊ ပရိဘဝိတ္ဝာ-လွှမ်းမိုး၍၊ ဝါ-ခြင်းကြောင့်၊ သုနခါ-သည်၊ ဇာတော- ဖြစ်ရပြီ၊ ဣဒါနိပိ–၌လည်း၊ ဘုက်ကာ-ရံ-

× × × × × × ×

ဇာတိကော ကိဗ္ဗိပိ (အနည်းငယ်လည်းဖြစ်သော) ဝယံ (ကုန်ကျမှု = သုံးဖြုန်းမှုကို) အကတ္ဝာ အာယမေဝ (ဝင်လာသောအတိုးအပွားကိုသာ) ဥပ္ပါဒေန္တော ဃရေ ဝသေ၊ ဃရာဝါသံ (၌) အနုတိဋ္ဌေယျ (အစဉ်တည်ရာ၏)၊ ဣတိ လောဘာဒေသိတပဋိပတ္တိံ (လောဘဖြင့် ညွှန်ပြအပ်သောအကျင့်ကို) ဥပဓိသတိ (ညွှန်ပြ၏)၊–ဋီကာသစ်။

သုဘောပေါဝိယာယတိ။ ။ကောင်းသော (လှပသော) အင်္ဂါကြီးငယ် ရှိသောကြောင့် သုဘဟု အမည်ရသောလုလင်သည် ရှေးဘဝ၌ ပရိစယ (အတူနေသောအားဖြင့် အလေ့အကျက်) များခဲ့သောကြောင့် ထိုခွေးကလေးကို အလွန်ချစ်လေသည်။ [ပိယံ–ချစ်အပ်သည်ကို+ကရောတိတိ ပိယာယတိ၊ ကရဓာတ်၏အနက်၌ အာယပစ္စည်း သက်ထားသော နာမဓာတ်တည်း။]

ဘုက်ကာရံ။ ။ကရဏံ ကာရော၊ ဘုဘုဋ္ဌတိ– ဘုဘု ဟူ၍၊ ဝါ-ဝုဝုဟူ၍+ကာရော ဘုက်ကာရော၊ (တနည်း) ကရိယတေတိ ကာရော – ပြုအပ်သောအသံ၊ ဘုဘု ဋ္ဌတိ + ကာရော ဘုက်ကာရော။

ဘော ဘောတိ၊ပေ၊ဇာတော။ ။ရှေးဦး“အဒါနမေဝ သိက္ခာပေတ္ဝာ-လောဘကြောင့် ခွေးဖြစ်သည်” ဟု ဆိုခဲ့ပြီ၊ ယခု ဘောဘောဟု ပြောမှကြောင့် ခွေးဖြစ်သည်ဟု ဆိုပြန်ရာ ရှေနောက် မဆန့်ကျင်ပါလောဟု မေးဘွယ်ရှိ၏၊ ကံ ၂ မျိုးလုံးပင် ခွေးဖြစ်ဘို့ရန်

ကို၊ ဝါ-ကို၊ ကတွာ-၍၊ အဝိစိ-အဝိစိသို့၊ ဂမိဿသိ–ရောံလတ်ံ၊ ဣတိ-ဤသို့၊ (အဝေါစ)၊ သုနခေါ- သည်၊ တံ ကထံ- ကို၊ သုတွာ- ၍၊ ဝိပ္ပဋိသာရီ – နှလုံ၊ မသာယာခြင်း ရှိသည်၊ ဟုတ္ဝာ, ဥဒ္ဓနန္တရေ - ခုံလောက်အကြာ၌၊ (ဖိုခနောက် အကြာ၌)၊ ဆာရိကာယ- ပြာပေါ်၌၊ နိပန္နော-အိပ်ပြီ၊ မနုဿာ– တို့သည်၊ နံ-ထိုခွေးကို၊ ဥက္ခိပိတ္ဝာ- မြှောက်ချီ၍၊ သယနေ-အိပ်ရာ၌၊ သယာပေတုံ အိပ် စေခြင်းငှါ၊ နာသက္ခိ သု–မစွမ်းနိုင်ကြကုန်။

သုဘော - သုဘသည်၊ အာဂန္ဆာ– လာ၍၊ ကေန- အဘယ်သူသည်၊ အယံ သုနခေါ- ဤခွေးကို၊ အာဿနာ - နေရာမှ၊ ဩရောပိတော – အောက်သို့ ချအပ်သနည်း၊ ဣတိ - ဤသို့၊ အာဟ - မေးပြီ၊ မနုဿာ - လူတို့သည်၊ ကေနစိ - တစုံတယောံသောသူသည်၊ (အယံ သုနခေါ-ကို၊ အာဿနာ-မှ၊ နဩရောပိတော– အောက်သို့ မချအပ်ပါ၊) ဣတိ - သို့၊ ဝတွာ - ပြောဆို၍၊ တံ ပဝတ္တိံ - ထိုဖြစ်ပုံ အကြောင်းကို၊ အာရောစေသုံ – ပြောပြကြကုန်ပြီ၊ [ဘုရားရှင်က “ငါ့ကို ဘော ဘောဟု လွှမ်းမိုးခဲ့သောကြောင့် ခွေးဖြစ်ရပြီ”ဟု မိန့်တော်မူပုံကိုပြောကြသည်။] မာဏဝေါ - သည်၊ သုတွာ– ကြားရ၍၊ မမ- ငါ၏၊ ပိတာ– အဘသည်၊ ဗြဟ္မလောကေ - ဗြဟ္မာ့ပြည်၌၊ နိဗ္ဗတ္တော- ဖြစ်ပြီ၊ [“ငါ၏အဘသည် ဗြဟ္မာဏတို့၏ စာရိတ္တကို မလျော့အောင် ကျင့်သူဖြစ်သောကြောင့် ဗြဟ္မာ့ပြည်၌ဖြစ်သည်”ဟု ယုံကြည်ထား၏။] သမဏော ဂေါတမောပန – ရဟန်း ဂေါတမသည်ကား၊ မေ- ငါ၏၊ ပိတရံ- အဘကို၊ သုနခံ- ခွေးကို၊ ကာရောတိ- ၏၊ သေ – ၌ ရဟန်း ဂေါတမသည်၊ ယံကိဉ္စိ-အမှတ်မရှိ တစုံတခုသော၊ မုခါရုဠှံ- နှုတ်သို့တက်သော စကားကို၊ ဘာသတိ-ပြောဆို၏၊ ဣတိ-သို့၊ ကုဇ္ဈိတွာ-စိတ်ဆိုး၍၊ ဘဂဝန္တံ-ကို၊ မုသာဝါဒေန – ဖြင့်၊ စောဒေတုကာမော – အပြစ်တင်ခြင်းငှါ အလိုရှိသည်၊ (ဟုတွာ)၊ ဝိဟ ရံ–ကျောင်းသို့၊ ဂန္ဆာ– ၍၊ တံ ပဝတ္တိံ – ထိုဖြစ်ပုံကို၊ ပုစ္ဆိ – မေးပြီ။ [“ကျွန်ုပ်၏အဘ ခွေးဖြစ်တယ်ဆိုတာ ဟုတ်ရဲ့လား”ဟု မေးသည်။]

× × × × × × ×

ဆက်ဆံသောအကြောင်း ဖြစ်သောကြောင့် မဆန့်ကျင်ပါ၊ မှန်၏–ကံသည် ဝိပါကဖလဟူသော အကျိုးရင်းကိုပေးသောကံ, အာနိသံသဖလဟူသော အကျိုးဆက်ကိုပေးသော ကံဟု ၂ မျိုးရှိ၏၊ ပဋိသန္ဓေ ဝိပါက်အကျိုးကိုပေးရာ၌ ကံတမျိုးကသာပေးရသော်လည်း ပဝတ္တိဝိပါက်နှင့်တကွ အာနိသံသအကျိုးကို ပေးရာ၌ကား ကံအမျိုးမျိုးက ပေးနိုင်၏၊ ထို့ကြောင့် ခွေးဖြစ်ရာ၌ လောဘပြဉ္ဇာန်းသောကံ , ဘောဘောဟု ဘုရားကိုလွှမ်းမိုး၍ ပြောဆိုကြောင်းကံ , ထိုကံ ၂ မျိုးလုံးနှင့်ပင် ဆိုင်သည် ဟု မှတ်ပါ၊ ထို့ကြောင့် ၌ တမျိုး နောက်တမျိုး ၂ မျိုး မိန့်တော်မူသည်၊–ဋီကာသစ်။

မုခါရုဠှံ။ ။မုခံ- ခံတွင်း (နှုတ်) သို့+အာရုဠှ- တက်ရောက်သော စကားတည်း၊ မုခါရုဠှံ - နှုတ်တက်သောစကား။ [မုခါရုဠှံတိ သယံ ပဋိဘာနဝသေန (မိမိအားထင်လာသည်၏အစွမ်းဖြင့်) မုခါရုဠှံ၊ မြန်မာလို စိတ်ထဲ၌ “ထင်ရာပြောတာဘဲ”ဟု ဆိုလိုသည်။

ဘဂဝါ– သည်၊ တဿ–ထို သုဘအား။ တထေဝ–ထိုခွေးအား မိန့်သည့် အတိုင်းပင်၊ ဝတ္ထာ-မိန့်တော်မူ၍၊ အဝိသံဝါဒနတ္ထံ-မိမိစကား၏ မမှားသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှါ၊ အာဟ-ဆက်၍ မိန့်တော်မူပြီ၊ (ကိံ)၊ မာဏဝ– လုလင်၊ တေ-သင်၏၊ ပိတရာ - အဘသည်၊ နု အက္ခာတံ – မပြောအပ်ခဲ့သော၊ ဓနံ-ဥစ္စာသည်၊ အတ္ထိ ပန-ရှိသလော၊ ဣတိ-သို့၊(အာဟ-မေးတော်မူပြီ၊)ဘော ဂေါတမ – မ၊ သတသဟဿဉ္စနိကာ - အဘိုး တသိန်းထိုက်သော၊ သုဝဏ္ဏ မာလာ–ရွှေပန်းသည်ဎင်း၊ သတသဟဿဉ္စနိကာ- သော၊ သုဝဏ္ဏပါဒုကာ– ရွှေ ခြေနင်းသည်ဎင်း၊ သတ္တသဟဿဉ္စနိကာ–သော၊ သုဝဏ္ဏပါ'တိ - ရွှေခွက် သည်ဎင်း၊ သတသဟဿံ–တသိန်းသော၊ ကဟာပဏဘ္ဍ - အသပြာသည်ဎင်း၊ အတ္ထိ-ပါရှိ၏၊ ဣတိ- ဤသို့ လျှောက်ပြီ၊ ဂစ္ဆ–သွားချေ၊ တံ သုနခံ-ထို ခွေးကို၊ အပ္ပေါဒကံ–ရေမရှိသော၊ [“ရေ အနည်းငယ်ရှိသော” ဟု ဋီကာသစ်ဖွင့်၏။] မဓုပါယသံ-ချိုဆိမ့်သော နို့ယနာကို၊ ဝါ-ဗျားရည်ဖြင့် ရောအပ်သော နို့ယနာ ကို၊ ဘောဇေတွာ-ကျွေး၍၊ သယနံ–အိပ်ရာပေါ်သို့၊ အာရောပေတွာ-တင်၍၊ ဤသကံ-စဉ်းငယ်၊ နိဒ္ဒံ-အိပ်ပျော်ခြင်းသို့၊ သြက္ကန္တကာလေ- သက်ရောဝံရာအခါ၌၊ ပုစ္ဆ-မေးလော၊ သဗ္ဗံ-အလုံးစုံသောဥစ္စာကို၊ တေ-သင့်အား၊ အာစိက္ခိဿတိ-ပြောလိမ့်မည်၊ အထ-ထို အခါ၌၊ နံ-ထို ခွေးကို၊ သော–ဤ ခွေးသည်၊ မေ–ငါ၏၊ ပိတာ-အဘတည်း၊ ဣတိ-သို့၊ ဇာနေယျာသိ–သိပေတော့၊ ဣတိ-ဤသို့ မိန့်တော်မူပြီ၊ သော - ထို သုဘသည်၊ တထာ - ထို မိန့်တော်မူသည့်အတိုင်း၊ အကာသိ–ပြုပြီ၊ သုနခေါ-သည်၊ သဗ္ဗံ-အလုံးစုံသော ဥစ္စာကို၊ အာစိက္ခိ–ပြော ပြပြီ၊[“ဒဿေသိ-ပြပြီ”ဟု မူကွဲရှိ၏။] တဒါ–ထိုအခါ၌၊ နံ-ထိုခွေးကို၊ မေ–ငါ၏၊ ပိတာ-တည်း၊ ဣတိ-သို့၊ ဥ တ္ထာ–သိ၍၊ ဘဂဝတိ - ၌၊ ပဿန္နစိတ္တော– ကြည်ညိုသော စိတ်ရှိသည်၊ (ဟုတ္ထာ)၊ ဂန္ဒာ-သွား၍၊ ဘဂဝန္တံ - ကို၊ စုဒ္ဒသ– ၁၄ ပါးကုန်သော၊ ပဥ္ဉေ-ပြဿနာတို့ကို၊ ပုစ္ဆိတွာ-မေးလျှောက်ပြီး၍၊ ဝိသဇ္ဇန ပရိယောသာနေ – ဖြေတော်မူသည်၏ အဆုံး၌၊ သရဏံ - ကိုးကွယ်ရာ ဟူ၍၊

× × × × × × ×

အဝိသံဝါဒနတ္ထံ။ ။အတ္တနော ဝစနဿ အဝိသံဝါဒနတ္ထံ၊ အဝိသံဝါဒနဘာဝ ဿ ဒဿနတ္ထံတိ အတ္ထော (မမှားသည်၏အဖြစ်ကို ပြခြင်းအကျိုးငှါ – ဟု အနက်မှတ် ပါ။) –ဋီကာ။

သဗ္ဗံ ဒဿေသိ။ ။ဗုဒ္ဓါနုဘာဝေန သော သုနခေါ တံသဗ္ဗံ နေတ္တာ ဒဿေသိ၊ နု ဇာတိဿရတာဃ (ရှေးဖြစ်ဟောင်းကို အောက်မေ့ နိုင်သောကြောင့် ပြနိုင်သည် မဟုတ်၊) ဘုရားကို မြင်တုန်းက ဟောင်ခြင်းမှာလည်း ရှေးဘဝ၌ ပြီးစီးခဲ့သော လွမ်းမိုး လိုသော ဝါသနာကြောင့်တည်း၊ ဇာတိဿရကြောင့် မဟုတ်- ဟူလို၊ ဋီကာ။ [ဤသို့ ဋီကာ၌ “ဒဿေသိ” ဟု ရှိသောကြောင့် အင်္ဂကထာစာအုပ်တို့၌ “ အာစိက္ခိ ” ဟု ရှိခြင်းမှာ ဋီကာနှင့် မညီ။]

ဂတော–ဆည်းကပ်ပြီ၊ တံ-ထိုသုဘကို၊ သန္တာယ–ရည်ရွယ်၍၊ သုဘော မာဏ ဝေါ တောဒေယျပုတ္တောတိ–ဟူ၍၊ (အာယသ္မတာ အာနန္ဒံတ္ထေရေန–သည်၊) ဝုတ္တံ–လျှောက်အပ်ပြီ။

သာဝတ္ထိယံ ပဋိဝသတီတိ - ကား၊ အတ္တဲ့နော – ၏၊ ဘောဂဂါမတော–သုံးဆောင်ခံစားအပ်သော ရွာမှ၊(အပိုင်စားအပ်သော တုဒ်ရွာမှ)၊အာဂန္ဆာ-၍၊ ဝသတိ–နေ၏၊ အညတရံ၊ပေ၊ အာမန္တေသိတိ-ကား၊ သတ္ထရိ - သည်၊ ပရိနိဗ္ဗုတေ–ပရိနိဗ္ဗာန်စံတော်မူပြီးလသော်၊ အာနန္ဒတ္ထေရော–သည်၊ အဿ-ထို မြတ်စွာဘုရား၏၊ ပတ္တစီဝရံ – သပိတ် သင်္ကန်းတော်ကို၊ ဂဟေတ္ဝာ – ၍၊ အာဂတော ကိရ-ကြွလာတော်မူသတတ်၊ မဟာဇနော-များစွာသော လူအပေါင်း၊ သည်၊ တံ-ထို အရှင် အာနန္ဒာသို့၊["ဥပသင်္ကမတိ"၌စပ်၊ ဒဿနဋ္ဌ စပ်လိုလျှင် "တဿ"ဟု ရှိရလိမ့်မည်။]ဒဿနတ္ထာယ–ဖူးမြင်ခြင်းအကျိုးငှါ၊ ဥပသင်္ကမတိ (ကိရ)-ချဉ်းကပ်သတတ်၊ ဇုတိ–သို့၊ သုတ္ဝာ–၍၊ ဝိဟာရံ– ကျောင်းတိုက်သို့၊ ဂန္ဒွာ-သွား၍၊ မဟာဇနမဇ္ဈေ-များစွာသော လူအပေါင်း၏ အလယ်၌၊သုခေန-ချမ်းသာသဖြင့်၊ ပဋိသန္ထာရံ–အစေ့အစပ်ကို၊ ကာတုံဝါ–ငှါငင်း၊ ဓမ္မကထံ–ကို၊ သောတုံဝါ–ငှါငင်း၊ နသင်္ကာ – မတတ်ကောင်း၊ ဂေဟံ – သို့၊ အာဂတံ ယေဝ–ကြွလာသည်သာလျှင် ဖြစ်သော၊ နံ - ထိုအရှင် အာနန္ဒာကို၊ ဒိသွာ–ဖူးမြင်၍၊ သုခေန – ဖြင့်၊ ပဋိသန္ထာရံ - ကို၊ ကရိဿာမိ-အံ့၊ စ – ပဋိသန္ထာရ ပြုရုံသာ မကသေး၊ မေ–၏၊(ငါ့မှာ)၊ ကော–တမျှီးသော၊ ကခ်ါ-ယုံမှားခြင်း သည်၊ အတ္ထိ၊ တမွိ - ထို ယုံမှားခြင်းကိုလည်း၊ နံ – ထို အရှင် အာနန္ဒာကို၊ ပုစ္ဆိ ဿာမိ-မေးလျှောက်အံ့၊ ဣတိ–သို့၊ စိန္တေတ္ဝာ-၍၊ အညတရံ – အမှတ်မရှိ တယောက်သော၊ မာဏဝကံ–လုလင်ငယ်ကို၊ အာမန္တေသိ–ခေါ်၍ ပြောပြီ။

အပ္ပါဗာဓန္တိ အာဒီသု – အစရှိသော ပါဠိရပ်တို့၌၊ (အတ္ထော ဝေံ ဝေဒိတဗ္ဗော)၊ ဝိသဘာဂဝေဒနာ–သဘောမတူသော ဝေဒနာကို၊ အာဗာဓောတိ-အာဗာဓဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ယာ–အကြင် ဝိသဘာဂဝေဒနာသည်၊ ကေ

× × × × × × ×

ကခ်ါ အတ္ထိ။ ။နောက်၌ မေးအပ်လတံ့သော ယုံမှားခြင်းကို "ကခ်ါ"ဟု ဆို၏၊ "ကော စ မေ ကခ်ါ အတ္ထိ"ဟူသော ဤပါဌ်ဖြင့် နေဝံ၌ မေးအပ်လတံ့သော ပြဿနာကို စောစောကပင် စိစဉ်ပြီးကြောင်း ပြ၏။

ဝိသဘာဂ ဝေဒနာ ။ ။ လူ၏ အတ္တဘောသည် ကုသိုလ်ကံကြောင့် ဖြစ်၏၊ ထို့ကြောင့် ရောဂါမဖြစ်လျှင် ကာယိကသုခဝေဒနာသာ ဖြစ်၏၊ အနာရောဂါကြောင့် ဖြစ်ပေါ်လာသော ဝေဒနာကား ထိုသုခဝေဒနာနှင့် သဘောမတူသော (ဆန့်ကျင်ဘက် ဖြစ်သော) ဒုက္ခဝေဒနာတည်း၊ထို့ကြောင့်"အာဗာဓောတိ ဝိသဘာဂဝေဒနာ ဝုစ္စတိ" ဟု ဖွင့်သည်၊ [ဝိသဘာဂဝေဒနာတိ ဒုက္ခဝေဒနာ၊ သာ ဟိ ကုသလကမ္မနိဗ္ဗတ္တော အတ္တဘာဝေ ဥပ္ပဇ္ဇနကသုခဝေဒနာပဋိပက္ခဘာဝတော ဝိသဘာဂဝေဒနာ၊–ဋီကာ။]

ဒေသေ-ခန္ဓာကိုယ်၏တစိတ်တပိုင်းသောအရပ်၌၊ ဥပပ္ဇိတ္တာ—၍၊(ဖြစ်လသော်)၊ စတ္တာရော- နံသော၊ ဣရိယာပထေ—တို့ကို၊ အယပန္ဧန— သံပြားဖြင့်၊ အာဗန္ဓိတ္တာ ဝိယ—ဖွဲထားသကဲ့သို့၊ ဂဏ္ဌာတိ-ယူ၏၊ တဿာ-ထိုဝိသဘာဂဝေဒနာ၏၊ အဘာဝံ-မရှိခြင်းကို၊ ပုစ္ဆ-မေးလေလော၊ ဣတိ-သို့၊ ဝဒတိ-ပြော၏၊ ကိစ္ဆဇီဝိတကရော—ဆင်းရဲငြိုငြင်စွာ အသက်ရှင်ရခြင်းကို ပြုတတ်သော၊ ရောဂါ-ရောဂါကို၊ အာတင်္ကတိ-ဟူ၍၊ ဝုစ္စတိ။ [စာအုပ်များ၌ "အပ္ပါတင်္ကတိ"ဟု ရှိ၏၊ "အပ္ပါဗာဓန္တိ အာဒိသု"ဟု အာဒိဖြင့် စတည်ခဲ့သောကြောင့် "အပ္ပါတင်္ကတိ"ဟု သံဝဏ္ဏေတမ္ဘရှိဘွယ်မလို၊ကိစ္ဆဇီဝိတကရော ရောဂါသည် အာတင်္က၏ အဖွင့်ဖြစ်သောကြောင့် "အာတင်္ကတိ"ဟုသာ ရှိရမည်။] တဿဝိ- ဆင်းရဲငြိုငြင် အသက်ရှင်ဘွယ် ထိုရောဂါငယ်၏လည်း၊ အဘာဝံ—ကို၊ ပုစ္ဆ—လော၊ ဣတိ—ဤသို့၊ ဝဒတိ—၏။

ဂိလာနဿဝ — မကျန်းမာသူ၏ပင်လျှင်၊ ဥဋ္ဌာနံနာမ - အိပ်ရာ ထိုင်ရာမှ ထခြင်းမည်သည်၊ ဂရုကံစ- လေးလံသည်လည်း၊ ဟောတိ၊ ကာယေစ-၌လည်း၊ ဗလံ-ခွန်အားသည်၊ န ဟောတိ၊ တဿ-ကြောင့်၊ နိဂ္ဂလဉ္စာဝဉ္စ-(ဂိလာန၏ဖြစ်ကြောင်းဖြစ်ရာ) ရောဂါမရှိသူ၏အဖြစ်ကိုဂျင်း၊ ဗလံစ-ကိုယ်အားကိုဂျင်း၊ ပုစ္ဆ—လော၊ ဣတိ—သို့၊ ဝဒတိ—၏။

× × × × × × × ×

ကေဒေသေ ဥပပ္ဇိတ္တာ။ ။အနာဟူသော ထိုဒုက္ခဝေဒနာသည် ခန္ဓာကိုယ်ဝယ် တနေရာ၌ဖြစ်လျှင် လွယ်ကူစွာ မလှည့်ပတ်နိုင် မသွားမလာနိုင်သောကြောင့် "ဣရိယာပုထ် ၄ ပါးကို သံပြားဖြင့် ရစ်ပတ်ဖွဲတုပ်ထားသကဲ့သို့ ဖြစ်၏၊ "ဣရိယာပုထ် ၄ ပါး၌ ခဲလေးတွဲ့တွဲ့ဖြစ်သည်"ဟူလို၊ ဤမျှလောက်ကြီးသော အနာကိုသာ"အာဗာဓ"ဟု ခေါ်ရသည်၊ [တနေ့ ဗလဝရောဂါ အာဗာဓဲတိ ဒဿတိ၊ အာ(ဘုသံ) — ပြင်းစွာ+ ဗာဓတိတိ— နှိပ်စက်တတ်သည်၏အဖြစ်ကြောင့်၊ အာဗာဓေါ၊ တဿာ အာဘာဝံဖြင့် အပ္ပါဗာဓံ၌ အပ္ပ၏ အဘာဝအနက်ကိုပြု၏၊"အာဗာဓဿ+အဘာဝေါ အပ္ပါဗာဓံ"။]

ကိစ္ဆဇီဝိတကရော။ ။ "အသုခဇီဝိတာဝဟော—မချမ်းသာသော အသက်ရှင်ရခြင်းကို ဆောင်သော"ဟုဖွင့်၏၊ တနေ့ ဒုဗ္ဗလော အပ္ပမတ္တကော ရောဂါ အာတင်္ကော တိ ဒဿေတိ၊—ဋီကာ၊ [အာတင်္က၏ ဝစနတ္ထကို ဧဝံ မေ သုတံ အဖွင့်၌ ပြခဲ့ပြီ။]

ဥဋ္ဌာနံ။ ။သယနနိသဇ္ဇာဒိတော ဥဋ္ဌာနံ၊ တန(ထိုလဟုဋ္ဌာနံပါဠိဖြင့်) ယထာတထာ အပရာပရံ သရီရဿ ပရိဝတ္တနံ ဝဒတိ— သင့်တော်သလို အခြင်းအရာအားဖြင့် ခန္ဓာကိုယ်၏ အဆင့်ဆင့် ဣရိယာပုထ်ကို ပြောင်းလွှဲနိုင်ခြင်းကို ဆိုသည်။

ဂရုကံ ။ ။ ဘာရိယံ၊ ကိစ္ဆသိဒ္ဓိကံ - ထက္ကြသော အခါ ပေါ့ပေါ့ပါးပါး မရှိဘဲ လေးလံ၏၊ (လက်ထောက်၍ ထရခြင်း , ကျွတ်ကျွတ်ဟု ဆို၍ ခဲယဉ်းစွာ ထမှုစသည်ကို ပြီးစေရခြင်းကို"ဂရုက"ဟုဆိုသည်၊) မကျန်းမမာလျှင် အထိုင်အထစသည်၌လေးရုံသာ မက ကိုယ်၌ အားလည်း မရှိတော့၊ ထို့ကြောင့်"လဟုဋ္ဌာနံ ဗလံ"ပါဌ်ဖြင့် အာဗာဓ, အာတင်္က ဟု နာမည်မတပ်လောက်သော မကျန်းမာမှု၏ မရှိခြင်းကို ပြသည်။

ဖာသုဝိဟာဝရန္တိ-ကား၊ ဂမန၊ပေါသယနေသု–သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဟူကုန်သော၊ စတူသု– န်သော၊ ဣရိယာပထေသု – တို့၌၊ သုခ ဝိဟာရံ- ချမ်းသာစွာ နေရခြင်းကို၊ ပုစ္ဆ- မေးလေလော၊ ဣတိ – သို့၊ ဝဒတိ– ပြော၏၊ အထ – ထိုမှနောက်၌၊ အဿ – ထို လူလင်အား၊ ပုစ္ဆိတဗ္ဗာကာရံ– မေးထိုက်သော အခြင်းအရာကို၊ ဒဿေန္တော – ပြလိုသည်၏ အဖြစ်ကြောင့်၊ သုဘောတိ အာဒိ-ကို၊ အာဟ-ပြောပြီ။ [ပါဠိတော်၌ အပ္ပါဗာဓံစသော ပုဒ်တို့သည် ၂ ထပ်ပါ၏၊ ထိုတွင် ရှေအပ္ပါဗာဓံ စသည်သည် အာဏာပန (စေခိုင်းကြောင်း) စကားတည်း၊ သုဘောစသည်မှ နောက်၌ အပ္ပါဗာဓံ စသည်ကား မေးလျှောက်ပုံ အခြင်းအရာကိုပြသော စကားတည်း–ဟု ခွဲပါ။]

ကာလဉ္ဆ သမယဉ္ဆ ဥပါဒါယာတိ-ကား၊ ကာလဉ္ဆ - ချဉ်းကပ်သင့်ရာ အချိန်အခါကိုဂုဏ်း၊ သမယဉ္ဆ-အကြောင်း၏ညီညွတ်ခြင်းကိုဂုဏ်း၊ ပညာယ-ပညာဖြင့်၊ ဂဟေတွာ - ယူ၍၊ ဥပဓာရေတွာ - ဉာဏ်စမ်းနိုင်းချိန်၍၊ ဣတိ အတ္ထော – နက်၊ အမှာကံ-ငါတို့၏၊ ဝါ-ငါတို့မှာ၊ သွေ-နက်ဖန်၌၊ ဂမနကာလော- သွားဘို့ရန် အချိန်သည်၊ သစေ ဘဝိဿတိ-အကယ်၍ဖြစ်အံ့၊ ကာယေ-ကိုယ်၌၊ ဗလမတ္ထာ စေဝ-အနည်းငယ်သော အားသည်လည်း၊ သစေ ဖရိဿတိ- အကယ်၍ ပြန့်နှံ့အံ့၊ ဂမနပစ္စယာ– သွားခြင်းဟူသော အကြောင်းကြောင့်၊ အညော – အခြားသော၊ အဖါသုဝိဟာရော စ-ချမ်းသာစွာ မနေရခြင်းသည်၊ သစေ နဘဝိဿတိ- အကယ်၍ မဖြစ်အံ့၊ အထ– ထိုသို့အကြောင်းညီညွတ်လသော်၊ တေံကာလဉ္ဆ-

× × × × × × ×

ဖါသု ဝိဟာရံ ။ ။ အာဗာဓစသော ၄ မျိုး မရှိလျှင် ဖါသုဝိဟာရဖြစ်ပြီ မဟုတ်ပါလော၊ အဘယ့်ကြောင့် ဖါသုဝိဟာရကို ထပ်၍ ပြရသနည်း - ဟု မေးဘွယ်ရှိ၏၊ ဤဖါသုဝိဟာရဖြင့် အာဗာဓံ စသည်တို့၏ ရှိရုံမျှမဖြစ်သော ဖါသုဝိဟာရကို ဆိုလိုသည် မဟုတ်, ထူးထူးခြားခြား ဖြစ်သော (ကျန်းမာရုံ မက , ချမ်းသာစွာနေရသော) ဖါသုဝိဟာရကို ပြလိုသောကြောင့် ထပ်၍ ဆိုရပါသည်။

ဋီကာ။ ။ဟေဋ္ဌာ စတူတိ ပဒေဟိ (အပ္ပါဗာဓံ စသော ၄ ပုဒ်တို့ဖြင့်) အဖါသုဝိဟာရာဘာဝံ ပုစ္ဆိတွာ ဇာဒါနိ ဖါသုဝိဟာရသဘာဝံ (ချမ်းသာစွာ နေရခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကို) ပုစ္ဆတိ၊ တေန ဝိသေသော ဖါသုဝိဟာရော ပုစ္ဆိတောတိ ဒဋ္ဌဗ္ဗော၊ အသတိ ဟိ အတိသယတ္ထဇောတနေ သဒ္ဒေ (ဖါသုဝိဟာရောဟု သာမည်သဒ္ဒါ ဖြစ်၍ အလွန် အနက်ကို ထွန်းပြသောသဒ္ဒါ မပါသော်လည်း) အတိသယတ္ထသ လဘနတော၊ ယထာ အဘိရူပါယ ဒေယျံ ဒါတဗ္ဗံတိ–အလွန်အဆင်းလှသော မိန်းမအား ပေးစရာကို ပေးပါလောဟူရာ၌ ဒေယျံဝယ် အတိသဒ္ဒါမပါသော်လည်း အဘိရူပမိန်းမနှင့် ထိုက်တန်သော အလွန်ကောင်းသော ပေးဘွယ်ကို ယူရသကဲ့သို့တည်း။ [ဋီကာသစ်၌ “ အဘိရူပသ ကညာ ဒါတဗ္ဗာ”ဟု ပုံစံပြု၏၊ ထို၌လည်း ကညာ အရ အဘိရူပ သတ္တိသားနှင့် ထိုက်တန်အောင် အလွန်လှသော သတ္တိသမီးကို ယူရသည်ဟု မှတ်ပါ။] ကြွင်းသော အဓိပ္ပါယ်များကို ဧဝံ မေ သုတံ အဖွင့်၌ ယူပါ။

ထို ချဉ်းကပ်သင့်ရာ အချိန်အခါကိုဂုဏ်း၊ ဂမနကာရဏ သမဝါယသခ်ါတံ – သွားဘို့ရန်အကြောင်း၏ စုပေါင်းညီညွတ်ခြင်းဟု ဆိုအပ်သော၊ တေံ သမယဉ္စ-ဤအကြောင်း ညီညွတ်ခြင်းကိုဂုဏ်း၊ ဥပဓာရေတွာ – စူးစမ်း နှိုင်းချိန်၍၊ သွေ-နက်ဖန်၌၊ အပိ ဝေနာမ အာဂစ္ဆေယျာမ – လာနိုင်ကုန်တန်ရာ၏၊ ဣတိ - ဤအနက်သည်၊ ဝါ-ဂ္ဂို၊ ဝုတ္တံ-ဆိုအပ်သည်၊ ဝါ-ဆိုလိုသည်၊ ဟောတိ၊ [ဤစကား ကို အတုလိုက်၍ ယခုအခါ တစုံတယောက်က ဖိတ်ခေါ်ရာဝယ် "အကြောင်း ညီညွတ်လျှင် လာခဲ့ပါ၊မည်"ဟု ပြောကြသည်။]

စေတကေန ဘိက္ခုနာတိ – ကား၊ စေတိရဋ္ဌေ– စေတိတိုင်း၌၊ ဇာတတ္တာ– ဖြစ်သည်၏အဖြစ်ကြောင့်၊ စေတကောတိ--စေတကဟူ၍၊ ဒေံ- သို့၊ လဒ္ဓနာမေန-ရအပ်သောအမည်ရှိသော၊ (ဘိက္ခုနာ ၌စပ်၊) သမ္မောဒနိယံကထံ သာရဏီယံတိ - ကား၊ ဘော အာနန္ဒ– အရှင်ဘုရား အာနန္ဒာ၊ ဒဿဇလဿ– မြတ်စွာဘုရား၏၊ ကောနာမ – အဘယ်မည်သော၊ အာဇာဓော – အနာရောဂါသည်၊ အဟောသိ–ဖြစ်ပါသနည်း၊ ဘဂဝါ- သည်၊ ကိ – အဘယ်ကို၊ ပရိဘုဉ္ဇိ–ဘုဉ်းပေးတော်မူပါသနည်း၊ အပိစ– သည်သာမကသေး၊ သတ္ထု- မြတ်စွာဘုရား၏၊ ပရိနိဗ္ဗာနေ–ပရိနိဗ္ဗာန်စံတော်မူခြင်းကြောင့်၊ တုမှာကံ-အရှင်ဘုရားတို့၏၊ ဝါ-တို့မှာ၊ သောကော– သောကသည်၊ နဉ္ဒပါဒိ- ထင်ရှားမဖြစ်ဘဲ ရှိပါ၏လော၊ [စိတ္တာသန္တာပ ပုစ္ဆာဟု ဋီကာတို့ဖွင့်သောကြောင့် "ပရိနိဗ္ဗာနေ- ကြောင့်၊ နဉ္ဒ ပါဒိ-လော" ဟု ပေးရသည်။] သတ္ထာနာမ – မည်သည်၊ ကေဝလံ – အများ မဖက် သက်သက်၊ တုမှာကံယေဝ – အရှင်ဘုရားတို့ အတွက်သာ၊ နပရိနိဗ္ဗုတော– ပရိနိဗ္ဗာန်စံတော်မူသည် မဟုတ်ပါ၊ သဒေဝကဿ- နတ်နှင့်တကွဖြစ်သော၊ လောကဿ – တလောကလုံး၏၊ မဟာဇာနိ- ကြီးစွာသော ဆုံးရှုံးခြင်းသည်၊ (ဟောတိ-ဖြစ်ပါ၏၊) ယတြ– အကြင် အကြောင်းကြောင့်၊ သဒေဝကဿ - သော၊ လောကဿ - ၏၊ သော အဂ္ဂပုဂ္ဂလော – ထို အမြတ်ဆုံးဖြစ်သော ပုဂ္ဂိုလ်သော်မှလည်း၊ ပရိနိဗ္ဗုတော-ပရိနိဗ္ဗာန် စံတော်မူရသေး၏၊ (တတြ-ထို အကြောင်းဒကြောင့်၊) ဒါနိ-ယခုအခါ၌၊ အညော-မြတ်စွာဘုရားမှ တပါးသော၊ ကော-အဘယ်ပုဂ္ဂိုလ်သည်၊ မရဏာ-သေရခြင်းမှ၊ မုစ္စိဿတိ– လွတ်ပါတော့

× × × × × × ×

စေတကော ။ ။စေတိရဋ္ဌေ ဇာတတ္တာဖြင့် "စေတိယံ+ဇာတော စေတကော" ဟူသော ဝစနတ္ထက်ပြု၏၊ စေတိနောင် ဇာတအနက်၌ ဇယပစ္စည်း သက်၍ စေတိယဟု ဖြစ်ပြီးနောက်, ဇကို အ, ယကို ကပြု၊ စေတိယရဋ္ဌေဟု ရှိရာ၌ ယ ကား အပိထည့်အပ်သောအက္ခရာတည်း၊ "စေတိတိုင်းမှတပါး အခြားသော တိုင်းတမျိုးလည်းရှိသေး၏"ဟု ဆိုကြသေး၏၊ ထို အခြားတိုင်းတမျိုးကား စေတိယတိုင်း (သို့မဟုတ် "စေတ"တိုင်း) ဖြစ်ဟန်တူသည်။

လတ္ံနည်း၊ ဣဒါနိ- ၌၊ အညံ – မြတ်စွာဘုရားမှ တပါးသော၊ ကံ – အဘယ် ပုဂ္ဂိုလ်ကို၊ ဒိသွာ-ကြည့်၍၊ မစ္ဆုရာဇာ- သေမင်းသည်၊ လဇ္ဇိသတိ– ရှက်တော့ လတ္ံနည်း၊ ဣတိဧဝ မာဒိနာ-၌သို့ အစရှိသော၊ နယေန-နည်းဖြင့်၊ မရဏာ ပဋိသံယုတ္တံ-သေခြင်းနှင့်စပ်ယှဉ်သော၊ သမ္မောဒနီယံ-ဝမ်းမြောက်သင့် ဝမ်းမြေ့ထိုက်သော၊ သာရဏီယံ–တသက်မပြတ် အမှတ်ရထိုက်သော၊ ကထံ–ကို၊ ဝိတိသာရေတွာ– ပြီးဆုံးစေပြီး၍၊ ထေရဿ- ထေရ်အား၊ ဟိယျော– ယမန်နေ့က၊ ဝိတဘောသဇ္ဇာနရူပံ-သောက်အပ်သောဆေးအား လျော်သော၊ အာဟာရံ-ကို၊ ဒတ္ဝာ– ပေးလှူပြီး၍၊ ဘတ္တကိစ္စာဝသာနေ – ဆွမ်းကိစ္စ၏အဆုံး၌၊ ကေမန္တိ – သင့်တင့်လျောက်ပတ် တခုသောအရပ်အဘို့၌၊ နိသိဒိ–ထိုင်ပြီ။ [သောက်အပ်ပြီးသောဆေးနှင့် သင့်တော်အောင် အာဟာရကိုကျွေးခြင်း (ကပ်လှူခြင်း)သည် ရှေးထုံးစံဖြစ်၏၊– ဋီကာသစ်။]

ဥပဋ္ဌာကော သန္တိကာဝစရောတိ - ကား၊ ဥပဋ္ဌာကော – အလုပ်အကျွေးသည်၊ ဟုတ္ဝာ - ၍၊ သန္တိကာဝစရော - အနီး၌ လှည့်လည်နေသူပါတည်း၊ ဧဝံသီ–အပေါက်အကြားကို ရှာမှီးသူသည်၊ (ဟုတ္ဝာ)၊ နံ သန္တိကာဝစရော-

× × × × × × ×

ဣဒါနိ ကံ အညံ၊ပေ၊လဇ္ဇိသတိ။ ။ဤကား ထုတ်ဖော်၍ မေးမြန်းပြောဆိုအပ်သော စကားမဟုတ်၊ သူ၏ နှလုံးသွင်းကို အကြောင်းပြု၍ လောကပြောရိုးအတိုင်း ပြောဆိုအပ်သော စကားတည်း။ [ဣဒါနိုတိစ အတ္တနော မနသိကာရံ ပတိ ဝေါဟာရမတ္တေန ဝုတ္တံ၊ လဇ္ဇိသတီတိ လဇ္ဇာဝိယ ဘဝိသတိ၊ ဝဇ္ဇိသတိ – ရှောင်လိမ့်လတ္ံနည်း၊ ဣတိ အတ္ထော၊– ဋီကာသစ်။]

မရဏ ပဋိသံယုတ္တံ။ ။တစုံတယောက် ကွယ်လွန်ရာ၌ (၁) ရောဂါကိုမေးခြင်း, (၂) ရောဂါဖြစ်ခြင်း၏အကြောင်းကို မေးခြင်း, (၃) ထိုသူ၏ ကွယ်လွန်ခြင်းကြောင့် ကျန်ရစ်သူတို့၏ စိတ်ပူဆွေးမှုကို မေးခြင်း , (၄) မိမိနှင့်တကွ အများပင် ပူဆွေးရပုံကို ပြောပြခြင်း, (၅) သေခြင်းတရားကို အတုန့်ပြန်၍ မတွန်းလှန်နိုင်ပုံကို ပြောပြခြင်း, စသည်တို့သည် လောက၌ ပြောလေ့ရှိသော သမ္မောဒနီယ သာရဏီယကထာပင် ဖြစ်၏။ [၅ နံပါတ်ပုံစံကို လိုက်၍ ယခုခေတ်၌လည်း ထင်ရှားသောပုဂ္ဂိုလ်တယောံ ဆုံးသော အခါ " ကျွန်ုပ်တို့ အားလုံးအတွက် (တနယ်လုံး , သို့မဟုတ် တနိုင်ငံလုံး , သို့မဟုတ် အာရှတိုက်တတိုက်လုံး) ဆုံးရှုံးခြင်းပါဘဲ" စသည်ဖြင့် ပြောလေ့ရှိကြသည်။]

သမ္မောဒနီယံ။ ။ထို့ကြောင့် သုဘလုလင်သည် "ကောနာမ အာဗာဓော" ဖြင့် ရောဂါကိုလည်း, "ကိံ ဘဂဝါ ပရိဘုဉ္ဇီ" ဖြင့် ရောဂါဖြစ်ရခြင်း၏အကြောင်းကိုလည်း, "အဝိ စ၊ပေ၊ဥဒပါဒိ" ဖြင့် စိတ္တသန္တာပ (စိတ်ပူဆွေးခြင်း) ကိုလည်း မေးပြီးလျှင် "သတ္ထာနာမ၊ပေ၊မဟာဇာနိ" ဖြင့် ထိုစိတ္တသန္တာပ၏ အများနှင့်ဆက်ဆံကြောင်း (တလောကလုံးပင် ပူပန်ရကြောင်း) ကိုလည်း, " ကော ဒါနိ၊ပေ၊ပရိနိဗ္ဗုတော " ဖြင့် သေမင်းကို မည်သူမျှ မခုခံနိုင်ကြောင်းကိုလည်း လျှောက်သည်။ [ယတြိဟိ ယေန ကာရဏေန ပရိနိဗ္ဗုတော၊ တေန ကော ဒါနိ အညော မရဏာ မုစ္စိဿတီတိ အာဒိနာ ယောဇေတဗ္ဗံ။]

အနိုးဥ် လှည့်လည်နေသူမဟုတ်ပါ၊ ဝိမံသနာဓိပ္ပါယော–စုံစမ်းခြင်းဥဖြစ်သော အလိုရှိသည်၊ (ဟုတ္တာ) နှ သန္တိကာဝစရော- ပါ၊ သဒိပစာရီတိ ဣဒံ-ဟူသော ဤပုဒ်သည်၊ ပုရိမ ပဒဿေဝ – ရှေ့ဥဖြစ်သော သန္တိကာဝစရော ပုဒ်၏သာ၊ ဝေဝစနံ–ဝေဝုစ်ပရိယာယ်, စကားလှယ်တည်း၊ ယေသံ၊ပေ၊ဝေါတမောတိ– ဟူသော ပုစ္ဆာကို၊ ကတ္တာ - ကြောင့်၊ ပုစ္ဆတိ- မေးသနည်း၊ တဿ – ထို သုဘလုလင်၏၊ ဧဝံ - ဤအကြံသည်၊ အဟောသိ ကိရ - ဖြစ်သတတ်၊ (ကိံ - နည်း၊) ယေသု ဓမ္မေသု - တို့၌၊ (အကြင် ဝိမောက္ခ၏အကြောင်းဖြစ်သော နိယျာနိကတရားတို့၌)၊ ဘဝံ ဂေါတမော- သည်၊ ဣမံ လောကံ - ဤသတ္တဝါအပေါင်းကို၊ ပတိဋ္ဌာပေသိ-တည်စေတော်မူပြီ၊ တေ(ဓမ္မာ)-တို့သည်၊ တဿ-ထို ရှင်ဂေါတမ၏၊ အစ္စယေန– ကွယ်လွန်တော်မူခြင်းကြောင့်၊ နဋ္ဌာနုဒါ - ပျောက်ပျက်ကုန်လေပြီလော၊ ဓရန္တိနုဒါ – ထင်ရှား ရှိကုန်လေသေးသလော၊ သစေ ဓရန္တိ – အကယ်၍ ထင်ရှားရှိကုန်သေးအံ့၊ (ဧဝံသတိ - နှ်လသော်၊) အာနန္ဒေါ - အရှင်အာနန္ဒာသည်၊ ဇာနိဿတိ- သိလတံ့၊ ဟန္ဒ·· ယခု၊ နံ – ထို အရှင်အာနန္ဒာကို၊ ပုစ္ဆာမိ- မေးအံ့၊ ဣတိဧဝံ - ဤအကြံသည်၊ (အဟောသိ ကိရ)၊ တဿ – ထို သို့အကြံဖြစ်ခြင်းကြောင့်၊ ပုစ္ဆိ။

အထ-မေးလျှောက်ရာ ထိုအခါ၌၊ အာယသ- ထို သုဘလုလင်အား၊ ဧထရော- အရှင်အာနန္ဒာထေရ်သည်၊ တီဏိ- နှ်သော၊ ဝိဋ္ဌကာနိ- တို့ကို၊ တီဟိ- နှ်သော၊ ခန္ဓေဟိ - ခန္ဓာတို့ဖြင့်၊ (ဂဏ်တို့ဖြင့်)၊ သင်္ဂဟတ္တာ - သိမ်းယူ၍၊ ဒဿေန္တော–

× × × × × × ×

ဥပဋ္ဌာကော ၊ပေ၊ ဓိပ္ပါယော ။ ။ “ဥပဋ္ဌာကောသည် သန္တိကာဝစရော၏ ဝိသေသနတည်း”ဟု သိစေလို၍ “ဥပဋ္ဌာကော ဟုတ္တာ” ဟု ဟုတ္တာထည့်၍ ဖွင့်သည်၊ ထို ဥပဋ္ဌာကောဟူသော ဝိသေသနဖြင့် တားမြစ်အပ်သောအနက်ကို ပြလို၍ “နရန္တဂဝေသီ, နဝိမံသနာဓိပ္ပါယော” ဟု မိန့်သည်၊ အပေါက်အကြား(အပြစ်)ကို ရှာလို၍ အနိုးဥ် လှည့်လည်သူမဟုတ်, စုံစမ်းလို၍လည်း အနိုးဥ် လှည့်လည်သူ မဟုတ်, ပြုစုလုပ်ကျွေးသူအဖြစ်ဖြင့် အနိုးဥ် လှည့်လည်သူဖြစ်သည်–ဟူလို။

မုတ်ချက်။ ။မာရ်နတ်သည် ဘုရားရှင်၏အပြစ်ကို ရှာလိုသောကြောင့် အလောင်းတော် ဘဝမှစ၍ ဘုရားဖြစ်ပြီးနောက် တနှစ်ကြာအောင် ၇ နှစ်လုံးလုံး နေဝံကလိုက်ကာ သန္တိကာဝစရလုပ်ဘူး၏၊ ဥတ္တရမည်သော လူငယ်လည်း ဘုရားရှင်ကို စုံစမ်းလို၍ ၇ လခန့်မျှ ဘုရားအနိုးဥ် လှည့်လည်ကာ သန္တိကာဝစရလုပ်ဘူးသည်။

တီဏိ ဝိဋ္ဌကာနိ၊ပေ၊သင်္ဂဟေတ္တာ။ ။ ဝိဋ္ဌကဟူသည် သဒ္ဒါအစဉ်တည်း၊ သိလကွန်စသော ၃ ပါးကား ထိုသဒ္ဒါ၏ဟောနက်တည်း၊ သဒ္ဒါပြယုဂ် ပါဠိဟူသမျှကို အနက်နှင့်စပ်၍သာ သုံးစွဲအပ်၏၊ အနက်မရှိလျှင် သဒ္ဒါမရှိနိုင်၊ ဤနည်းအားဖြင့် သိလကွန်စသော ဟောနက် ၃ ပါးသည် ဝိဋ္ဌကသုံးပုံ အလုံးစုံသောသဒ္ဒါကို သိမ်းယူနိုင်၏၊ ထို့ကြောင့် “တီဏိ၊ပေ၊သင်္ဂဟေတ္တာ”ဟု ဆိုသည်။

ပြတော်မူလိုသည်၏အဖြစ်ကြောင့်၊ တိဏ္ဍံ ခေါတိ အာဒိ-ကို၊ အာဟ-မိန့်တော်မူပြီ၊ မာဏဝေါ-သည်၊ သံဒိဋ္ဌေန-အကျင့်းချုပ်အားဖြင့်၊ ကထိတံ-ဟောအပ်သော တရား၊ တော်ကို၊ အသလ္လက္ခေန္တော–မမှတ်သားနိုင်သည်၏အဖြစ်ကြောင့်၊ ဝိတ္ထာရတော- အကျယ်အားဖြင့်၊ ပုစ္ဆိဿာမိ-ဉုးအံ့၊ ဣတိ- သို့၊ စိန္တေတွာ-၍၊ ကတမေသံ တိဏ္ဍန်-ဟူ၍၊ အာဟ- လျှောက်ပြီ။

တတော - ထိုသို့ လျှောက်ခြင်းကြောင့်၊ ထေရေန- သည်၊ အရိယဿ သီလက္ခန္ဓဿတိ-ဿ ဟူ၍၊ တေသု– ထိုတရား၌ကို၊ ဒဿိတေသု- ပြအပ်ပြီးကုန်လသော်၊ ပုန-ဖန်၊ ကတမော၊ပေ၊သီလက္ခန္ဓောတိ- ဟူ၍၊ ကေကံ- တပါးတပါးကို၊ ပုစ္ဆိ-မေးလျှောံပြီ၊ ထေရောပိ-သည်လည်း၊ အဿ- ထို သုဘလုလင်အား၊ ဗုဒ္ဓုပ္ပါဒံ-ဘုရားပွင့်တော်မူခြင်းကို၊ ဒဿေတွာ-ပြတော်မူ၍၊ တန္တိဓမ္မံ-ပါဠိတော်အစဉ်ဖြစ်သောတရားကို၊ ဒေသေန္တော-ဟောတော်မူလိုသည်၏အဖြစ်ကြောင့်၊ အနုက္ကမေန–အစဉ်အားဖြင့်၊ ဘဂဝတာ-သည်၊ ဝုတ္တနယေနေဝ- ဟောတော်မူအပ်သောနည်းဖြင့်သာ၊ သမ္မံ–အလုံးစုံကို၊ ဝိသဇ္ဇေသိ- ဖြေတော်မူပြီ။ [“ဘဂဝတာ ဝုတ္တနယေနေဝ ” ဟု ဆိုသဖြင့် ဤ သုဘသုတ်၏လည်း ဗုဒ္ဓဘာသိတဖြစ်ကြောင်းကို ပြသည်၊ ဝုတ္တနယဟူသည် သာမညဖလသုတ် စသည်၌ ဟောတော်မူအပ်ပြီးသော နည်းတည်း။]

× × × × × × ×

မာဏဝေါ၊ပေ၊အာဟ။ ။အခြား ပါဠိတော်များ၌ “ကတမေသံ တိဏ္ဏံ”ကဲ့သို့သော ပုစ္ဆာသည် ဤအရှင်အာနန္ဒာကဲ့သို့ တရားဟောသောပုဂ္ဂိုလ်၏ ကထေတုကမ္မတာပုစ္ဆာသာဖြစ်၏၊ ဤ၌ကား ထိုသို့မဟုတ်, တရားနာသောသုဘ၏ အဒ်ဌေဘောတနာပုစ္ဆာဖြစ်သည်၊ ဤသို့ အခြားနေရာနှင့် မတူသည့်အတွက် “မာဏဝေါ၊ပေ၊အာဟ”ဟု အနုသန္ဓေတက်၍ ပြရသည်၊ [ကတမေသံ တိဏ္ဏန်္ဓံ အယံ အဒ်ဌေဘောတနာ ပုစ္ဆာ၊–ဋီကာ။] ထိုသို့ အနုသန္ဓေတက်ရာ၌ “ကတမေသံ တိဏ္ဏန်္ဓံ အာဒိမာဟ ” ဟု ရှေးစာအုပ်တို့၌ ဧတ္တရဿေဝလည်း ပါဠိတော်၌ ကတမေသံ တိဏ္ဏံ၏နောက်ဝယ် သုဘ၏စကားအဆက်မရှိသောကြောင့်ဌင်း, နောက်နောက် အဖြေများအတွက် သီးခြားအမေးရှိသောကြောင့်ဌင်း, အာဒိသဒ္ဒါ မပါခြင်းသာ ဧကောင်းသည်။

သီလက္ခန္ဓဿာတိ။ ။ အရှင်အာနန္ဒာသည် “အရိယဿ သီလက္ခန္ဓဿ” ၌သာ မရှင်ဘဲ “အရိယဿ သမာဓိက္ခန္ဓဿ၊ပေ၊ပတိဋ္ဌာပေသိ”တိုင်အောင် ဟောတော်မူ၏၊ ထို့ကြောင့် သီလက္ခန္ဓဿာတိ၌ ဇာတိတလုံး အကြေကြိုက်၍ ကြေသော ဇာတိကို ပဒဋ္ဌာန ပြုလျှင်သနိုပါတ်, တိုက်ရိုက်ရှိသော ဇာတိကို အာဒျတ္ထ, သို့မဟုတ် အလားတူ အနက်ဟော ပကာရတ္ထဟု ကြံပြီးလျှင် ထိုဇာတိဖြင့် အရိယဿ သမာဓိက္ခန္ဓဿ စသောပုဒ်များကို ယူပါ။ [သီလက္ခန္ဓဿာတိ ထြေ ဇာတိသဒ္ဒါ အာဒိအတ္ထော၊ ပကာရတ္ထော၀ါ၊ တေန အရိယဿ သမာဓိက္ခန္ဓဿ၊ပေ၊ပတိဋ္ဌာပေသိတိ အယံ တ္ထြေကော ပါဋ္ဌော ဒဿိတောတိ ဒဋ္ဌဗ္ဗော၊—ဋီကာသစ်။]

တတ္ထ- ထိုသို့ ဖြေဆိုရာ၌၊ အတ္ထိ စေဝေတ္ထ ဥတ္တရိကရဏီယန္တိ - ယံဟူသော ပါဠိဖြင့်၊ ("ဒဿေသိ" ၌စပ်)၊ ဘဂဝတော-၏၊ တ္ထေသာသနေ–၌၊ သိလံ–သည်၊ သာရော၀ေ-အနှစ်သည်ပင်၊ နု-မဟုတ်သေး၊ ဟိ-မှန်၊ ကေ၀လံ-သမာဓိပညာ မဖက် သက်သက်၊ တေံ– ၌သီလသည်၊ ပတိဋ္ဌာမတ္တမေ၀–တည်ရာမျှသည်သာ၊ ဟောတိ - ၏၊ ဇ္ဈာတော - ၌သီလမှ၊ ဥတ္တရိပန – အထက်၌ကား၊ အညဒ္ဓိ-အခြားလည်းဖြစ်သော၊ ကတ္တဗ္ဗံ-ပြုထိုက်သော သမာဓိပညာကိစ္စသည်၊ အတ္ထိယေ၀-သည်သာ၊ ဇ္ဈာတိ- ၌အနက်အဓိပ္ပါယ်ကို၊ (အာယဿ္မာ အာနန္ဒော) ဒဿေသိ - ပြတော်မူပြီ၊ ဇ္ဈာတော ဗဟိဒ္ဓါတိ- ကား၊ ဗုဒ္ဓသာသနတော - ဘုရားရှင်၏သာသနာတော်မှ၊ ဗဟိဒ္ဓါ–၌၊("နု သမနုပဿာမိ"ဟု ပါဠိတော်၌စပ်။)

ကထဉ္စ မာဏ၀ ဘိက္ခု ဇ္ဈန်းယေသု ဂုတ္တဒ္ဒါရော ဟောတိတိ ဇုဒံ-၌စကား ကို၊(အာရဘိ–၌စပ်၊) အာယဿ္မာ အာနန္ဒော - သည်၊ ကတမော ပန သော ဘော အာနန္ဒ အရိယော သမာဓိက္ခန္ဓောတိ - ဟူ၍၊ ဧ၀ံ - ၌သို့၊ သမာဓိက္ခန္ဓံ– သမာဓိဂုဏ်ကို၊ ပုဋ္ဌော-မေးအပ်သည်၊ (သမာနောပိ - သော်လည်း၊) သီလ သမ္ပန္နော ဇ္ဈန်းယေသု၊ပေ၊ သန္တုဋ္ဌောတိ–ဟူ၍၊ ဧ၀ံ-သို့၊ သီလာနန္တရံ–သီလ၏ အခြားမဲ့၌၊ ဇ္ဈန်းယသံ၀ရာဒယော-ဇ္ဈန်းယသံ၀ရအစရှိကုန်သော၊ သီလသမာဓိ နံ-တို့၏၊ အန္တရေ- အကြား၌၊ ဥဘိန္နံပိ - ၂ ပါးကုန်သော သီလသမာဓိတို့အား လည်း၊ ယေ တေ ဥပကာရကဓမ္မာ – အကြင် လျော်သော ကျေးဇူးကို ပြုတတ်သော တရားတို့ကိုဂုဏ်း၊ ဥဒ္ဒိဋ္ဌာ- အကျဉ်းပြအပ်ကုန်ပြီ၊ တေ - ထို တရားတို့ကို၊ နိဒ္ဒိသိတ္ထာ–အကျယ်ပြ၍၊ သမာဓိက္ခန္ဓံ - သမာဓိဂုဏ်ကို၊ ဒဿေတုကာမော– ပြခြင်းငှါ အလိုရှိသည်၊ (ဟုတ္ထာ)၊ အာရဘိ - အားထုတ်တော်မူပြီ၊ စ–ဆက်၊ တ္ထေ-၌ သမာဓိက္ခန္ဓကို ပြရာ၌၊ ရူပဇ္ဈာနာနေ၀ - ရူပစျာန်တို့သည်သာ၊ အာဂတာနိ– ထိုက်ရိုက်လာကုန်ပြီ၊ အရူပဇ္ဈာနာနိ– အရူပစျာန်တို့သည်၊ နု အာ

× × × × × × ×

အတ္ထိ စေဝေတ္ထ။ ။"အယံ ခေါ မာဏ၀ အရိယော သီလက္ခန္ဓော၊ပေ၊ပတိဋ္ဌာပေသိ"ဟု သီလကို့ခန္ဓအတွက် နိဂုံးချုပ်ပြီးသော အခါ"အတ္ထိ စေဝေတ္ထ ဥတ္တရိကရဏီယံ" ဟု စကားအပိုပါသေး၏၊ ထိုစကားဖြင့် " သီလသည် သာသနာတော်၌ အနှစ်သာရ မဟုတ်သေးကြောင်း, အထက်၌ ပြုဘွယ်ကိစ္စတွေ ရှိသေးကြောင်း"ကို ပြသည်။

နု သီလမေ၀ သာရော။ ။၀ေသည် အဋ္ဌာနပယုတ္တ (တည်ရာ မဟုတ်သောဌာန၌ သုံးစွဲအပ်သော) သဒ္ဒါတည်း၊ အနက်ပေးသောအခါ "သာရော၀ေ"ဟု တည်သင့်ရာ ဌာန၌ ရွေ့၍တည်စေရသည်၊ [အရိယမဂ္ဂသာရေ (အရိယာမဂ်ဟူသော အနှစ်ရှိသော) ဘ၀ဝတ္ထော သာသနေ ယထာဒဿိတံ သိလံ (ပါဠိတော်၌ ပြအပ်ပြီးသော အပြားရှိသောသီလသည်) သာရော ဧ၀ နဟောတိ၊ သာရ၀တ္ထော မဟာရုက္ခဿ ပပဋိကဉ္စာနိ ကတ္တာ (သီလက အနှစ်ရှိသောသစ်ပင်ကြီး၏အပွေးအရာ၌တည်သောကြောင့်တည်း)၊ အဋ္ဌာနပယုတ္တော ဟိ ဧ၀သဒ္ဒေါ ယထာဌာနေ ဌယာဧဇတ္ထော။–ဋီကာသစ်။]

ဂတာနိ - တိုက်ရိုက်မလာကုန်၊ ပန – ထိုသို့ပင် တိုက်ရိုက်မလာပါကုန်သော်လည်း၊ အာနေတ္ထာ– ဆောင်၍၊ ဒီပေတဗ္ဗာနိ – ပြထိုက်ကုန်၏၊ ဟိ- မှန်၏၊ စတုတ္ထဇ္ဈာနေန– ဖြင့်၊ အသင်္ကိတာ – မသိမ်းယူအပ်သော၊ အရူပသမာပတ္တိ နာမ–အရူပသမာပတ် မည်သည်၊ နတ္ထိယေဝ-မရှိသည်သာတည်း။

အတ္ထိ စေဝေတ္ထ ဥတ္တရိ ကရဏီယံတိ-ဟူသောပါဠိဖြင့်၊ (ဒဿသိ-၌စပါ၊) ဘဂဝတော - မြတ်စွာဘုရား၏၊ တ္ထေသာသနေ- ၌ သာသနာတော်၌၊ စိတ္တေကဂ္ဂတာမတ္တကေနေဝ- စိတ်၏ တည်ကြည်ခြင်းမျှဖြင့်သာ၊ ပရိယောသာနပ္ပတ္တိ နာမ-အဆုံးသို့ ရောက်ခြင်းမည်သည်၊ န အတ္ထိ-မရှိ၊ ဧတောပိ–၌သမာဓိကွန်မှလည်း၊ ဥတ္တရိ - အထက်၌၊ အညံ – သမာဓိကွန်မှ တပါးသော၊ ကတ္တဗ္ဗံ– ပြုထိုက်သော ကိစ္စသည်၊ အတ္ထိယေဝ - ရှိသေးသည်သာ၊ ဣတိ – ၌ အနက် အဓိပ္ပါယ်ကို၊ ဒဿသိ-ပြပြီ၊(တနည်း, ဒဿတိ- ပြ၏၊) နတ္ထိ စေဝေတ္ထ ဥတ္တရိ ကရဏီယံတိ- ဟူသောပါဠိဖြင့်၊ (ဒဿသိ- ၌စပ်၊) ဘဂဝတော - ၏၊ တ္ထေသာသနေ–၌၊ ဣတော– ၌ အရတ္တာဖိုလ်ထက်၊ ဥတ္တရိ- အလွန်၊ ကာတဗ္ဗံနာမ-ပြုထိုက်သောကိစ္စ မည်သည်၊ နတ္ထိယေဝ – မရှိတော့သည်သာ၊ ဟိ – မှန်၏၊ ဘဂဝတော- ၏၊ သာသနံ–သာသနာတော်သည်၊ အရဟတ္တပရိယောသာနံ- အရဟတ္တဖိုလ်ဟူသောအဆုံးရှိ၏၊ ဣတိ- ၌အနက်အဓိပ္ပါယ်ကို၊ ဒဿသိ-ပြီ၊ သဗ္ဗတ္ထ – အလုံးစုံသော ဝါရတို့၌၊ သေသံ – ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနတ္ထမေဝ-သာ၊ ဣတိ–အပြီးတည်း။....ဣတိ- ၌ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့်၊ သုမင်္ဂလဝိလာသိနီယာ- သော၊ ဒီဃနိကာယဋ္ဌကထာယံ- ၌၊ သုဘသုတ္တဝဏ္ဏနာ-သည်၊ နိဋ္ဌိတာ-ပြီးပြီ။

× × × × × × ×

အာနေတ္ထာ ဒီပေတဗ္ဗာနိ။ ။ပါဠိတော်ဝယ် ရူပဈာန်ကိုသာ ပြု၍ အရူပဈာန်ကို မပြသော်လည်း အဘိညာဉ်တက်ရာ၌ အရူပဈာန် မရလျှင် မဖြစ်နိုင်သောကြောင့် အရူပဈာန်တို့ကိုလည်း ဆောင်၍ ပြထိုက်ကုန်သည်-ဟူလို။

ဆက်ဥုးဒ္ဒံ၊– ရူပဈာန်ကို ဟောပြီးသောအခါ အဘိညာဉ်ကိုဟောတို့ရန် အလျှော်ရောဲလာ၏၊ "အယံပိ ကာယော ရူပီ" စသည်ဖြင့် ဝိပဿနာရူသောအခါ ရူပကာယကို မူတည်ရ၏၊ မနောမယ ဣဒ္ဓိဝိဓစသော အဘိညာဉ်များ၌လည်း ရုပ်တရား ပါရှိရ၏၊ ထို့ကြောင့် ရုပ်မရှိသော အရူပဈာန်ကို မဟောဘဲ ရူပဈာန်၏ အခြားမဲ့၌ အဘိညာဉ်ကို ဟောမှ ရှေးနောက် လိုက်လျောရကား ရူပဈာန်၏အခြားမဲ့၌ အဘိညာဉ်ကို ဟောတို့ရန် အလျှော်ရောက်လာသောကြောင့် အရူပဈာန်တို့ကို တိုက်ရိုက်မဟောတော့ပါ၊ သို့သော် အရူပဈာန် မပါလျှင် အဘိညာဉ်သို့ မတက်နိုင်သောကြောင့် အဘိညာဉ်ကို ဟောလျှင်ပင် နာနန္တရိကနည်းအားဖြင့် အရူပဈာန်ကိုလည်း ဟောပြီးဖြစ်သည် ဟု မှတ်ပါ။

သုဘသုတ် အဋ္ဌကထာ၏ အဖွင့် ပြီး၏။

ကေဝဋ္ဋသုတ် ဘာသာဋီကာ

ကေဝဋ္ဋဂဟပတိပုတ္တ၀တ္ထု၊

ဧဝံ၊ပေ၊နာဥန္ဒာယန္တိ-ဟူသော ဤသုတ်သည်၊ ကေဝဋ္ဋသုတ္တံ-တည်း၊ တတြ-ထိ ကေဝဋ္ဋသုတ်၌၊ အယံ-ကား၊ အပုဗ္ဗပဒ၀ဏ္ဏနာ-တည်း၊ ပါ၀ရိကမ္ဗ၀နေတိ-ကား၊ ပါ၀ါရိကဿ-ပါ၀ါရိက သဒ္ဒေး၏၊ (အ၀တ်ကုန်သည် သဒ္ဒေး၏၊) အမ္ဗ၀နေ-သရက်ဥယျာဉ်၌၊ ("၀ိဟရတိ"၌စပ်၊) ကေ၀ဋ္ဋောတိ ဣဒံ-ဟူသော ဤအမည်သည်၊ တဿ ဂဟပတိပုတ္တဿ - ထို သူကြွယ်သား၏၊ နာမံ-တည်း၊ ကိရ-ဆို၊ သော-ထိုကေ၀ဋ္ဋသည်၊ စတ္တာလိသကောဋိဓနော-ကုဋ္ဌေလေးဆယ်ဥစ္စာရှိသော၊ ဂဟပတိမဟာသာလော - မျိုးဿော ဥစ္စာနှစ်ရှိသော အိမ်ရှင်သူကြွယ်သည်၊(ဟုတ္တာ)၊ အတိ၀ိယ-အလွန်အကဲသာလျင်၊ သဒ္ဓါ- သဒ္ဓါရှိသည်၊ ပသန္နော-ရတနာသုံးပါး၌ ကြည်ညိုသည်၊ အဟောသိ-ဖြစ်ပြီ။

သော-ထိုကေ၀ဋ္ဋသည်၊ သဒ္ဓါဓိကတ္တာယေ၀ - လွန်ကဲသော သဒ္ဓါရှိသူ၏ အဖြစ်ကြောင့်ပင်၊("၀ေမာဟ"၌စပ်)၊ ကော-တပါးသော၊ ဘိက္ခု - သည်၊ အမုမာသန္တိရေန၀ါ - အကြား၌ တလထက်၀က် ရှိသောအားဖြင့်သော်ငင်း၊ (တလထက်၀က် ခြားသောအားဖြင့်သော်ငင်း)၊ မာသန္တိရေန၀ါ- အကြား၌ တလရှိသောအားဖြင့်သော်ငင်း၊ (တလခြားသောအားဖြင့်သော်ငင်း၊) သံ၀စ္ဆရေန၀ါ-နှစ်အားဖြင့်သော်ငင်း၊(တနှစ်တခါသော်ငင်း၊)အာကာသေ-၌၊ ဥပ္ပဲတွာ-ပျံတက်၍၊ ၀ိ၀ိဓာနိ-အထူးထူးသော အပြားရှိကုန်သော၊ ပါဋိဟာရိယာနိ-တန်ခိုးပြာဋိဟာတို့ကို၊ သစေ ဒဿေယျ-အကယ်၍ပြအံ့၊(ဧ၀ံ သတိ)၊ သဗ္ဗော-သော၊ ဇနော-လူအပေါင်းသည်၊ အတိ၀ိယ-သာလျင်၊ ပသီဒေယျ-ကြည်ညိုရာ၏၊ အဟံ-သည်၊ ဘဂ၀န္တံ - ကို၊ ယာစိတွာ-တောင်းပန်၍၊ ပါဋိဟာရိယကရဏတ္ထာယ-တန်ခိုးပြာဋိဟာကို ပြုခြင်းအကျိုးငှါ၊ ကံ-သော၊ ဘိက္ခုံ - ကို၊ ယန္နူန အနုဇာနာပေယျံ-အကယ်၍ ခွင့်ပြုတော်မူစေရုပါမူကား ကောင်းလေ

× × × × × × ×

ကေ၀ဋ္ဋောတိ ၊ပေ၊ ပုတ္တဿ နာမံ ။ ။ တံငါသည်တို့ စောင့်ရှောက်အပ်သောကြောင့်"ကေ၀ဋ္ဋ"ဟု အမည်ရ၏၊ တနည်း- တံငါသည်တို့၏ အထံ၌ ကြီးပွားရသောကြောင့် ကေ၀ဋ္ဋ အမည် ရသည်ဟုလည်း ကေစိတို့က ဆိုကြ၏၊ ထို ကေ၀ဋ္ဋသည် သူ့ကိုယ်တိုင်ပင် " ဂဟပတိ " ဖြစ်နေသော်လည်း သူ၏ အဖ ဂဟပတိမှာ မကြာမီကကွယ်လွန်သောကြောင့်"ဂဟပတိပုတ္တ"ဟု ဆိုသည်။

သဒ္ဓါ, ပသန္နော။ ။ပုထုဇဉ်တို့ သန္တာန်မှာ ဖြစ်သော ပေါထုဇ္ဇနိကသဒ္ဓါနှင့် ပြည့်စုံသောကြောင့် "သဒ္ဓါ"ဟု ၎င်း, ရတနာ ၃ ပါး၌ အထူးကြည်ညိုသောကြောင့် "ပသန္နော"ဟု ၎င်း ဆိုသည်။

စွ၊ ဣတိ-သို့၊ စိန္တေတွာ-ပြီး၍၊ ဘဂဝန္တံ-ကို၊ ဝါ-သို့၊ ဥပသင်္ကမိတွာ-ချဉ်းကပ်ပြီး၍၊ ဧဝံ-သို့၊ အာဟ-လျှောက်ပြီ။[“အယံ ဘန္တေ နာဠန္ဒာ ဣဒ္ဓါစေဝ ဖီတာစ” စသော စကားကို လျှောက်ပြီ။]

တတ္ထ–ထို အယံ ဘန္တေ နာဠန္ဒာ အစရှိသော စကားရပ်၌၊ ဣဒ္ဓါတိ–ကား၊ သမိဒ္ဓါ–ပြည့်စုံပါ၏၊ ဖီတာတိ–ကား။ နာနာဘဏ္ဍ ဉဿန္နတာယ - ပေါများသော အထူးထူးသော ဘဏ္ဍာဂရှိ ယည်၏ အဖြစ်ကြောင့်၊ ဝုဋ္ဌိပ္ပတ္တာ–ကြွယ်ပွား ခြင်းသို့ ရောက်ပါ၏၊ အာကိဏ္ဏမနုဿာတိ - ကား၊ အံသကူဋေန–ပခုံးစွန်းတခု ဖြင့်၊ အံသကူဋံ-ကို၊ ပဟရိတွာဝိယ- ထိခတ်သကဲ့သို့၊ ဝိစရန္တေဟိ–လှည့်လည် ကုန်သော၊ မနုဿေဟိ–တို့ဖြင့်၊ အာကိဏ္ဏာ-ရှေးပြိမ်းပါ၏။[“အာကိဏ္ဏာ+မနုဿာ ဣတ္ထာတိ အာကိဏ္ဏမနုဿာ” ဟု ဗဟုဗ္ဗီဟိကို ပြလို၍ “မနုဿေဟိ အာကိဏ္ဏာ”ဟု အဓိပ္ပါယတ္ထဖွင့်သည်။] သမာဒိသတ္တတိ-ကား၊ အာဏာပေတု–စေခိုင်းတော်မူပါ၊ ဌာနန္တရေ-ရာထူး၌၊ ထပေတု-ထားတော်မူပါ။[တန်ခိုးပြသော ပုဂ္ဂိုလ်အဖြစ်ဖြင့် ညွှန်ပြတော်မူပါ, ရာထူး၌ ထားတော်မူပါ-ဟူလို။] ဥတ္တရိမနုဿဓမ္မာတိ–ကား၊ ဥတ္တရိမနုဿာနံ–မြတ်ကုန်သော စျာယီ အရိယာလူတို့၏၊ ဓမ္မတော- ရအပ်သော တရားတွင်၊ (“ပါဋိဟာရိယံ”ဟု ပါဠိတော်၌စပ်)၊ ဝါ-နည်း၊ ဒဿကုသလသမ်ဓါတတော-ဆယ်ပါးသော ကုသိုလ်ဟု ဆိုအပ်သော၊ မနုဿဓမ္မတော–လူတို့၏ တရားထက်၊ ဥတ္တရိ-လွန်မြတ်သော၊ (“ပါဋိဟာရိယံ”၌စပ်)။

× × × × × × ×

ဣဒ္ဓါ။ ။ဣဒ္ဓါ၌ သံဉပသာရထည့်၍ “သမိဒ္ဓါ-ပြည့်စုံ၏, ကုံလုံကြွယ်ဝ၏” ဟု ဖွင့်သည်၊ ဣဓဓံဝတ်သည် ဘူဝါဒိ ဖြစ်မူ“သိဒ္ဓိ=ပြီးစီးခြင်း”အနက်ကို ဟော၏၊ ဒိဝါဒိ ဖြစ်မူ ဝုဒ္ဓိအနက်ကို ဟော၏၊“ဣဒ္ဓိတို့ သမိဒ္ဓါတိတိ ဣဒ္ဓါ”ဟု ပြုပါ၊[“သမိဒ္ဓါတိ သမ္မဒေဝ ဣဒ္ဓါ၊ ဣဒ္ဓိယာ ဝိဘဝသမ္ပတ္တိယာ (စည်းစိမ်၏ပြည့်စုံခြင်းအားဖြင့်) ဝေပုလ္လပ္ပတ္တာ” ဟု ဋီကာဖွင့်၏၊ ဣဓဓာတ်၏ ဝုဒ္ဓိအနက်ကိုယူ၍ တနည်းဖွင့်ခြင်းတည်း။]

ဥတ္တရိမနုဿဓမ္မာ။ ။အင်္ဂကထာ၌“ဥတ္တရိမနုဿာနံ+ဓမ္မတော”ဟု တွေ့ရ၏၊ ဋီကာ၌“ဥတ္တရိ မနုဿဓမ္မတောတိ” ဟု သမာသ်တွေ့ရ၏၊ “ဥတ္တရိမနုဿာနံ ဗုဒ္ဓါဒိနံ အဓိဂမဓမ္မတော” ဟု ဖွင့်သောကြောင့် ထို ပါဌ် ၂ မျိုးလုံးပင် ထိုအနက်ကို ဟောနိုင်ရကား အသင့်ဟုချည်း မှတ်ပါ၊ ဓမ္မာကို “ဓမ္မတော”ဟု ဖွင့်၏၊ ထို သဲ့ဝိဘတ်နှင့် တောပစ္စည်းကို“နိဒ္ဓါရဏေ စေတံ နိသက္ကဝစနံ”ဟု ဖွင့်သောကြောင့် နိဒ္ဓါရဏအနက် ပေး၍ ပါဋိတော်လာ “ဣဒ္ဓိပါဋိဟာရိယံ”၌ စပ်ပါ။

ဒဿကုသလသမ်ဓါတတော ဝါ။ ။ဤနည်း၌ကား မနုဿာနံ+ဓမ္မာ– ကုသိုလ်ကမ္မပထတရား ဆယ်ပါးတည်း၊ မနုဿဓမ္မော၊ ဤသို့ပြု၍ ဓမ္မာ၌ သဲ့ဝိဘတ်ကို ဝိဘတ္တိအပါဒါန်အနက်၌ သက်စေ၍ ဥတ္တရိ၌ စပ်ပါ၊ ဥတ္တရိနိပါတ်ပုဒ်ကို“ဣဒ္ဓိပါဋိဟာရိယံ”၌ ဝိသေသန စပ်ပါ။

ဘိယျောသော မတ္တာယာတိ-ကား၊ ပကတိယာဝိ-ပင်ကိုယ်အားဖြင့်လည်း၊ ပဇ္ဇလိတပဒီပေါ-တောံပသောဆိမီးသည်၊ တေလဿဟံ- ဆိ တည်းဟူသော အစေးကို သွန်လောင်းမှုကို၊ လဘိတ္ထာ-၍၊ (ပဇ္ဇလတိဝိယ-လွန်စွာ တောက်ပသကဲ့သို့၊ ဧဝံ-တူ၊) အတိရေကပ္ပမာဏော-လွန်ကဲသော အတိုင်းအရှည်အား ဖြင့်၊ အဘိပ္ပသိဒ္ဓိဿတိ-လွန်စွာ ကြည်ညိုပါလိမ့်မည်။ [ဘိယျောသော မတ္တာယ၌ ဘိဃျောသောကို "အတိရေက" မတ္တာယကို "ပမာဏော" ဟု ဖွင့်သည်။] နခေါ အဟန္တိ - ကား၊ ဘဂဝါ – သည်၊ ရာဇဂဟသေဋ္ဌိဝတ္ထုသ္မိံ – ရာဇဂြိုဟ်သေဌေးဝတ္ထု၌၊ သိက္ခာပဒံ-ကို၊ ပညပေသိ– ပညတ်တော်မူပြီ၊ တသ္မာ, နခေါ အဟန္တိ အာဒိံ - ကို၊ အာဟ - ပြီ။ [ရာဇဂြိုဟ်သဌေး၏ စန္ဒကူးသပိတ် လှူခြင်းဟူသောဝတ္ထု၌ "နဘိက္ခဝေ ဂိဟိနံ ၊ပေ၊ ဣဒ္ဓိပါဋိဟာရိယံ ဒဿေတဗ္ဗံ" ဟု ဝိကုဗ္ဗနိဒ္ဓိတန်ခိုး မပြဘို့ ပညတ်တော်မူခဲ့ပြီ၊–စူဠဝဂ္ဂပါဠိ ခုဒ္ဒကဝတ္ထုကွန်က။]

နံ ဓံသေမီတိ-ကား၊ ဂုဏဝိနာသနေန–သီလဂုဏ်ကို ဖျက်ဆီးခြင်းအားဖြင့်၊ နံ ဓံသေမိ - ဖျက်ဆီးသည်မဟုတ်ပါ၊ သီလဘေဒံ - သီလ ပျက်စီးခြင်းသို့၊ ပါပေတ္ထာ-ရောက်စေ၍၊ အနုပုဗ္ဗေန-အစဉ်အားဖြင့်၊ ဥစ္စင္ဒာနဒတာ-မြင့်သောအရာမှ၊ ဩတာရေန္တော- ဆွဲချလျက်၊ နိစ္စဒ္ဒာနေ – နိမ့်သောအရာ၌၊ နံ ထပေမိ- မထားလိုပါ၊ အထခေါ - စင်စစ်ကား၊ အဟံ - တပည့်တော်သည်၊ ဗုဒ္ဓသာသနဿ– မြတ်စွာဘုရား သာသနာတော်၏၊ ဝုဋ္ဌိံ – ကြီးပွားခြင်းကို၊ ပစ္စာသီသန္တော – တောင့်တလျက်၊ ကထေမိ - လျှောက်ပါ၏၊ ဣတိ - ၌ အနက်အဓိပ္ပါယ်ကို၊ ဒဿေသိ- ပြပြီ။ ["ကေဝန္တော" ဟု ကတ္တားထည့်။] တတိယံပိ ခေါတိ - ကား၊ ယာဝ တတိယံ – ၃ ကြိမ်တိုင်အောင်၊ ဗုဒ္ဓါနံ– ဘုရားရှင်တို့၏၊ ကထံ- စကားတော်ကို၊ ပဋိဗာဟိတ္ထာ-တားမြစ်၍၊ ကထေတုံ-လျှောက်ထားခြင်းငှါ၊ ဝိသဟန္တော နာမ-ရဲဝံ့သူမည်သည်၊ နတ္ထိ-မရှိ၊ ပန-ထိုသို့ပင် မရှိပါသော်လည်း၊ အယံ–၌ ဥပါသကာသည်၊ ဘဂဝတာ, သဒ္ဓိံ-ကွ၊ (ယသ္မာ- ကြောင့်၊) ဝိဿာသိကော-အကျွမ်းဝင်ခြင်းရှိ၏၊ (တသ္မာ) ဝိဿာသံ - အကျွမ်းဝင်ခြင်းကို၊ ဝမေတ္ထာ-

× × × × × × ×

နံ ဓံသေမိ။ ။ဝိကုဗ္ဗနိဒ္ဓိ ဟု ခေါ်ဝေါ်အပ်သော တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း၍ ပြလျှင် လူတို့ကို အထင်ကြီးအောင် ပြုလုပ်ရာရောက်၏၊ ထိုသို့ ပြုလုပ်လျှင် ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်အရ သီလပျက်စရာရှိ၏၊ ထို့ကြောင့် သီလဂုဏ်ကို ဖျက်သောအားဖြင့် ဖျက်ဆီးလိုစိတ်မရှိပါ ဟု လျှောက်သည်။ [ပါဠိတော်၌ "ဘဂဝန်" ဟု "နံ ဓံသေမိ"၏ ကံရှိသော်လည်း "သီလဘေဒံ ပါပေတ္ထာ" ဟု ဆိုသောကြောင့် ဘုရားရှင်၏ သာဝကတို့ အတွက် ရည်ရွယ်ဟန်တူသည်။]

ဝိဿာသံ ဝမေတ္ထာ။ ။နဂိုရှိက ဘုရားရှင်နှင့် အကျွမ်းဝင်သောကြောင့် ထို အကျွမ်းဝင်မှုကို ထင်ရှားအောင် ပြုသောအားဖြင့် ၃ ကြိမ်တိုင်အောင် တောင်းပန်မှုကို ပြုသည်၊ ဝမေတ္ထာကို ကထေသိန္ဒ စပ်ပါ။ [ဝိဿာသံ ဝမေတ္ထာ ဘဂဝတိ အတ္တာနော

တိုးပွားစေ၍၊ ဝါ-ထင်ရှားပြ၍၊ (ဝလ္လဘော - အကျွမ်းဝင်သည်၊ ဟုတ္တာ-၍၊)
"အဟံ-ငါသည်၊ အတ္ထကာမော – စီးပွားကိုလိုလားသည်၊ အသ္မိ - ဖြစ်၏၊"
ဣတိ-ဤသို့ နှလုံးသွင်း၍၊ တိက္ခတ္တုံ၊-၃ ကြိမ်၊ ကထေသိ-လျှောက်ပြီ။

× × × × × × ×

ဝိဿဇ္ဇဘာဝံ မြွေဟေတ္တာ (တိုးပွားစေ၍) ဝိဘူတံ ပါကဋံ ကတ္တာ၊– ဦးကာ၊ ၃ ကြိမ်တိုင်အောင် တောင်းပန်ခြင်းသည် မိမိ၏ ဘုရားအပေါ်၌ အကျွမ်းဝင်ကြောင်းကို ထင်ရှားပြခြင်းပင်တည်း၊ ဝမ္မေတ္တာ၏နောက်၌ "ဝလ္လဘော ဟုတ္တာ" ဟု တွေ့ရ၏၊ ဦးကာတို့ မဖွင့်သောကြောင့်၎င်း, ဝိဿာသံ ဝမ္မေတ္တာလောက်လည်း အဓိပ္ပါယ် မလွှဲနက်သောကြောင့်၎င်း နောက်မှ ထည့်ပါ၌ဟု ထင်သည်။]

ဣဒ္ဓိပါဋိဟာရိယာဒိ အဖွင့်

အထ – လျှောက်ထားရာ ထိုအခါ၌၊ ဘဂဝါ- သည်၊ အယံ ဥပါသကော-ဤ ဥပါသကာသည်၊ မယိ - ငါဘုရားသည်၊ ပဋိဗာဟန္တေဝိ - တားမြစ်ပါသော်လည်း၊ ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်၊ ယာစတိယေဝ-တောင်းပန်သည်သာ၊ ဟန္ဒ-ယခု၊ အဿ-ထိုဥပါသကာအား၊ ပါဋိဟာရိယကရဏော-တန်ခိုးပြာဋိဟာကို ပြုခြင်း၌၊ အာဒိနဝံ-အပြစ်ကို၊ ဒဿေမိ–ပြတော်မူအံ့၊ ဣတိ-သို့၊ စိန္တေတ္တာ-ကြံတော်မူ၍၊ တီဏိ ခေါတိ အာဒိံ – အစရှိသောစကားကို၊ အာဟ- မိန့်တော်မူပြီ၊ တတ္ထ-ထို တီဏိ ခေါ အစရှိသောစကားရပ်၌၊ အမာဟံ ဘိက္ခဝေါ- ကား၊ အဟံ-အကျွန်ုပ်သည်၊ အမုံဘိက္ခဝေ- ထိုရဟန်းကို၊ (အဒ္ဒသံ ၌စပ်၊) ဂန္ဓာရိတိ-ကား၊ ဂန္ဓာရေနနာမ- ဂန္ဓာရမည်သော၊ ဇာသိနာ-ရသေ့သည်၊ ကတာ–ပြုအပ်သောအတတ်သည်၊ ("အတ္ထိ-ရှိ၏" ၌စပ်၊)ဝါ-တနည်း၊ ဂန္ဓာရရဋ္ဌေ–ဂန္ဓာရတိုင်း၌၊ ဥပ္ပန္နော - ဖြစ်သော၊ ဝိဇ္ဇာ - အတတ်သည်၊ (အတ္ထိ)၊ တတ္ထ - ထို ဂန္ဓာရတိုင်း၌၊ ဗဟူ-နှံသော၊ ဇာသယော-တို့သည်၊ ဝသိံသု ကိရ- နေကြကုန်သတတ်၊ တေသု - ထို ရသေ့တို့တွင်၊ ဧကေန – တယောက်သည်၊ ကတာ - ပြုအပ်သော၊ ဝိဇ္ဇာ– အတတ်တည်း၊ ဇာတိ – ဤသည်ကား၊ အဓိပ္ပါယော – သဒ္ဒါမရှိသော ယောဇကျား၏ အလိုတည်း။

× × × × × × ×

ဂန္ဓာရိ။ ။ "စူဠဂန္ဓာရိ, မဟာဂန္ဓာရိ" ဟု ၂ မျိုးရှိ၏၊ ၃ နှစ်အတွင်းက သေခဲ့သော သတ္ဌာတို့၏ ဖြစ်ရာဌာနကို သိသောအတတ်သည် စူဠဂန္ဓာရိ မည်၏၊ ထိုကဲ့သို့ သိသည့်အပြင် မန္တန်ကိုစပ်၍ ဇာဒိဝိဓအာဘိညာဉ်၏ ဆိုင်ရာတန်ခိုးကို မျက်လှည့်ပြသကဲ့သို့ ပြုနိုင်သောအတတ်သည် မဟာဂန္ဓာရိ မည်၏။ [တဿာ ကိရ ဝိဇ္ဇာယ သာဓကော တာဒိသေ ဒေသကာလေ မန္တံ ပရိဇပိတွာ ဗဟုဓာပိ အတ္တာနံ ဒဿေတိ၊ပေ၊အဂ္ဂိဇ္ဇမ္ပိ ဝိ (ဓိးတိုင်ကိုလည်း) ကရောတိ, ဇလဇ္ဇမ္ပိ ဝိ ကရောတိ၊–စသည်၊–ဦးကာ။]

အန္ဒိယာမိတိ – ကား၊ အန္ဒော ပိဋိတောဝိယ – နှိပ်စက်အပ်သူကဲ့သို့၊ (အနှိပ်စက် ခံရသူကဲ့သို့)၊ ဟောမိ-ဖြစ်တော်မူ၏၊ ဟရာယာမိတိ-ကား၊ လဇ္ဇာမိ-ရှက်တော်မူ၏၊ ဇိဂုစ္ဆာမိတိ- ကား၊ ဂူထံ - မစင်ကို၊ ဒိသွာ- ၍၊ (ဇိဂုစ္ဆတိ) ဝိယ-စက်ဆုပ်သကဲ့သို့၊ ဇိဂုစ္ဆံ- စက်ဆုပ်ခြင်းကို၊ ဥပဂါဒေမိ- ဖြစ်စေတော်မူ၏၊ ပရသတ္တာနန္တိ-ကား၊ အညေသံ-မိမိမှ တပါးကုန်သော၊ သတ္တာနံ-တို့၏၊ ("စိတ္တံ ဝိ" စသည်၌ စပ်)၊ ဒုတိယံ– ၂ ခုမြောက် ပရပုဂ္ဂလာနံပုဒ်သည်၊ တဿဝ-ထို ပရသတ္တာနံပုဒ်၏ပင်၊ ဝေဝစနံ – တည်း၊ အာဒိသတီတိ - ကား၊ ကထေတိ– ပြော၏၊ စေတသိကန္တိ (ဇ္ဈေ)- ဟူသော ဤပါဠိ၌၊ သောမနဿံ - သောမနဿ ဒေါမနဿဝေဒနာကို၊ အဓိပ္ပေတံ- အပ်၏။

ဝေဒိ တေ မနောတိ - ကား၊ ဝေံ - ဤသို့သော အပြားအားဖြင့်၊ တဝ - ၏၊ မနော-သည်၊ (ပဝတ္တော-ဖြစ်ပြီး) သောမနဿိတော- ဖြစ်သောသောမနဿ ရှိသည်၊ (ဟုတ္ဝာ - ၍၊ ပဝတ္တော - ပြီး) ဣတိဝါ – ဤသို့သော်ဂုဏ်း၊ ဒေါမနဿိတော သည်၊ (ဟုတ္ဝာ ပဝတ္တော) ဣတိဝါ - သော်ဂုဏ်း၊ ကာမ ဝိတက္ကာဒိ သမ္ပ

× × × × × × ×

အန္ဒိယာမိ။ ။ အန္ဒပုဒ်၏ပြီးပုံကို ပါရာဇိကဏ် ဘာသာဋီကာ သိက္ခာချဏ်း၌ ရှုပါ၊ ထို့နောက် အန္ဒဟူသော ကတ္တုပမာန နာမ်ပုဒ်နောင် ဟူဓိဝတ်၏ အနက်၏ ဤယ ပစ္စည်းသက်၍ "အန္ဒိယာမိ" ဟု ဖြစ်၏၊ ထို့ကြောင့် "အန္ဒော ပိဋိတော ဝိယ ဟောမိ" ဟု ဖွင့်သည်။

မှတ်ချက်။ ။ထို သိက္ခာချဏ်း၌ "ဘိက္ခုဘာဝံ" ဟူသော ကံပုဒ်ကို "အန္ဒိယမာနော ဟရာယမာနော"၌ စပ်ခိုက် တတိယာဝိဘတ်၏ ကတ္တားအနက် , ကရိဏ်းအနက်ပေး၍ "ဇိဂုစ္ဆမာနော"၌ စပ်ခိုက် ကံအနက် ပေးရသကဲ့သို့ ဤ၌ ပါဠိတော်လာ ဣဋ္ဌပါဠိဟာရိယေနပုဒ်ကို ဇိဂုစ္ဆာမိ၌ စပ်ခိုက် ကံအနက်ပေးပါ။

စေတသိကံ။ ။ "စေတသိ – ၌ + နိယုတ္တံ" ဟူသော ဝစနတ္ထအတိုင်း ဆိုလျှင် စေတသိက်အားလုံးကို ရနိုင်၏၊ သို့သော် "သာမညဇောတနာ – သာမညအနက်ကို ထွန်းပြသောသဒ္ဒါသည်၊ ဝိသေသေ – ဝဒန္တုပုဂ္ဂိုလ် ဆိုလိုအပ်သော ဝိသေသအနက်၌၊ အဝတိဋ္ဌတိ" ဟု ပရိဘာသာရှိသောကြောင့် ဤနေရာ၌ သောမနဿ ဒေါမနဿကို အလိုရှိအပ်ရကား "သောမနဿ၊ပေ၊အဓိပ္ပေတံ" ဟု ဖွင့်သည်။ [ဥပေက္ခာကို တိုက်ရိုက် မပြသောကြောင့် သန္တသဘောရှိခြင်း တူသော သောမနဿ၌ သွင်းယူပါ။]

ဋီကာ။ ။သောမနဿဋ္ဌာနေ စတ္တာ တဒေကဋ္ဌာ (ထို သောမနဿနှင့် တခု တည်းသောစိတ်၌ တည်ကုန်သော) ရာဂါဒယော (ကာမဝိတက်ကို ရည်ရွယ်သည်၊ အာဒိဖြင့် ယှဉ်ဘက်စိတ် စေတသိက်တို့ကို ယူပါ၊) သဒ္ဓါဒယောစ (နေက္ခမ္မဝိတက် စသည်ကို ရည်ရွယ်သည်၊) ဒဿိတာ ဟောန္တိ၊ ဒေါမနဿဋ္ဌာနေ ဒေါသာဒယော (ဒဿိတာ)၊ ဝိတက္ကဝိစာရာ ပန သဗ္ဗပေနေဝ ("ဝိတက္ကိတမ္မိ ဝိစာရိတမ္မိ" ဟု သရုပ်သကောင် ဖေါ်လျက်ပင်) ဒဿိတာ၊ (ထို့ကြောင့် သောမနဿ ဒေါမနဿသဒ္ဒါဖြင့် ဝိတက် ဝိစာရကို ယူဘွယ်မလို–ဟူလို။)

ယုတ္တော - ကာမဝိတက် အစရှိသည်နှင့်ယှဉ်သည်၊ (ဟုတ္တာ ပဝတ္တော)၊ ကွတိ ဝါ-သော်ဂုင်း၊ ("အာဒိသတိ – ညွှန်ပြ၏" ဟု ပါဠိတော်၌စပ်) ၊ ဒုတိယံ- ၂ ခု မြောက်ဖြစ်သော ကွတ္ထမို့ တေ မနောဝါကျသည်၊ တသေဝ – ထို ဝေမို့ တေ မနောဝါကျ၏ပင်၊ ဝေဝစနံ - တည်း၊ ကွတိဝိ တေ စိတ္တန္တိ - ကား၊ ဇုတိ- ဤသို့ သော အပြားအားဖြင့်၊ တဝ- ၏၊ စိတ္တံ - သည်၊ (ပဝတ္တံ)၊ ကွမဉ္ဆ ကွမဉ္ဆအတ္ထံ– ဤမည် ဤမည်သော အကြောင်းအရာကိုလည်း၊ စိန္တယမာနံ - ကြံစည်လျက်၊ ပဝတ္တတိ - ၏၊ ကွတိအတ္ထော။ [ရှေးစာအုပ်တို့၌ "ကွဒဉ္ဆ ကွဒဉ္ဆ" ဟုလည်း ရှိ၏၊ သက္ကတ၌ ကွဒံ ပုဒ်ရင်းဖြစ်သောကြောင့် သင့်သည်သာ။] မဏိကာနာမ ဝိဇ္ဇာတိ = ကား၊ စိန္တ်ာမဏိတိ - ကိဟူ၍၊ (သူတပါး၏စိတ်ကို သိကြောင်းအတတ်ဟူ၍)၊ ဧဝံ- သို့၊ လဒ္ဓနာမော – ရအပ်သောအမည် ရှိသော၊ ကော-တမျိုးသော၊ ဝိဇ္ဇာ-အတတ်သည်၊ လောကေ- ၌၊ အတ္ထိ၊ တာယ- ထိုအတတ်ဖြင့်၊ ပရေသံ– သူတပါးတို့၏၊ စိတ္တံ-ကို၊ ဇာနာတိ – သိနိုင်၏၊ ကွတိ - ဤ အနက်အဓိပ္ပါယ်ကို၊ ဒီပေတိ- ပြ၏။

× × × × × × ×

ကာမ၊ပေ၊သမ္ပယုတ္တော။ ။ကာမဝိတက်ကြောဒိဉ် အာဒိဖြင့် ဗျာပါဒဝိတက် ဝိဟိ ံသာ ဝိတက်ဟူသော အကုသိလဝိတက်တို့ကိုဂုင်း , နေက္ခမ္မဝိတက်စသော ကုသိလဝိတက်တို့ကိုဂုင်း ပြသည်၊ ထိုဝိတက်တို့၏ သောမနဿ ဒေါမနဿစေတသိက်၌ ပါဝင်ပုံကိုလည်း စေတသိက် အယ့ဉ် ကြည့်၍ သိပါ။

ဧဝံ တဝ မနော။ ။ပါဠိတော်၌ "ဧဝံ ဝိ" ဟု ရှိပါလျက် ထိုဝိ (အဝိ) ကို မဖွင့်ခြင်းမှာ ထို ဝိသဒ္ဒါက ဝတ္တာဇ္ဇသမို့လွန်း (ဆိုထိုက်သမျှအပြားကို ပေါင်းသော သမို့လွန်းအနက်၏) ထင်ရှားသောကြောင့်တည်း၊ ဧဝံကို "ဇုမိနာ ပကာရေန (ဤ သောမနဿ ဒေါမနဿစသော အပြားအားဖြင့်)"ဟု ဋီကာတို့ဖွင့်၏၊ "တဝ မနော ပဝတ္တော"ဟု ပါဠိတော်၌ ပဝတ္တောထည့်၍ အနက်ပေးပါ။

မဏိကာနာမ။ ။ပရသ္သ စိန္တံ မနတိ ဝိဇာနာတိ တောယာတိ မဏိကာ၊ "စိန္တာ မနိကာ" ဟု ဆိုလိုလျက် စိန္တာကိုချ၍ နကိုလည်း ဏ ပြုထား၍ သည်၊ မနဓာတ် + ဏ္ဍု ပစ္စည်း။ [ဤ၌ပါသော ဝိဇ္ဇာ ၂ မျိုးနှင့်တကွ ဆက္ကနိပါတ် , သူစိဝဂ်, ဝိဇ္ဇာဓရဇာတ်ကိုဂုင်း နဝနိပါတ်-သမုဂ္ဂဇာတ်ကိုဂုင်း ဆက်၍ကြည့်ပါ။ [

ဇာနာတိ။ ။ထိုမန္တန်ကိုတတ်သော ပုဂ္ဂိုလ်သည် သင့်လျော်သော အရပ်ဒေသ အချိန်ကာလ၌ မိမိသိလိုသော စိတ်၏တည်ရာ ပုဂ္ဂိုလ်ကို " ဘာများ အထူးမြင်ခဲ့သလဲ ကြားခဲ့သလဲ နမ်းခဲ့ရ စားခဲ့ရ တွေ့ခဲ့ရသလဲ " ဟု မေး၍ ထိုသူသိအပ် မြင်အပ်သော အကြောင်းထူးကို အမှတ်ပြုကာ ယခုအချိန်မှာ သူသည် မည်သည့်စိတ် ဖြစ်စရာရှိ၏ ဟု မှန်းဆ၍ "မည်သည့်စိတ်ဖြစ်နေသည်"ဟု ဖြေဆိုနိုင်သည်၊ ဤသို့ ဧကေဆရာတို့ဆိုကြ၏၊ အပရေဆရာတို့ကား "ထိုသူ့ကို စကားအပြောခိုင်းပြီးလျှင် သူပြောအပ်သောစကား၏ အက္ခရာကို မှတ်သား၍ သူ့အကြံကို ဖြေဆိုနိုင်၏"ဟု ပြောကြသည်။

ဧဝံ ဝိတက္ကေထာတိ- ကား၊ နေက္ခမ္မဝိတက္ကာဒယော- နေက္ခမ္မဝိတက် အစရှိ ကုန်သော၊ ဧဝံ-ဤသို့ အပြားရှိသောအကြံတို့ကို၊ ပဝတ္တေန္တာ-ဖြစ်စေကြကုန် သည်၊ (ဟုတ္တာ) ဝိတက္ကေထ-ကြံစည်ကြကုန်လော၊ မာ ဧဝံ ဝိတက္ကယိတ္ထာတိ- ကား၊ ကာမဝိတက္ကာဒယော-ကာမဝိတက်အစရှိကုန်သော၊ ဧဝံ-ဤသို့ အပြား ရှိသော အကြံတို့ကို၊ ပဝတ္တေန္တာ (ဟုတ္တာ)၊ မာ ဝိတက္ကယိတ္ထ-မကြံစည်ကြ ကုန်လင့်၊ ဧဝံ မနသိကရောထာတိ- ကား၊ ဧဝံ-သို့၊ အနိစ္စသညမေဝ- အနိစ္စ သညာကိုသာ၊ ဝါ-နည်း၊ ဒုက္ခသညာဒီသု - ဒုက္ခသညာ အစရှိသည်တို့တွင်၊ အညတရံ(ဧဝ)-တပါးပါးသော သညာကိုသာ၊ မနသိ - စိတ်၌၊ ကရောထ- ပြုကြကုန်လော၊(တနည်း)၊ မနသိကရောထ - နှလုံးသွင်းကြကုန်လော၊ မာ ဧဝန္တိ- ကား၊ နိစ္စန္တိအာဒိနာ- နိစ္စံအစရှိသော၊ နယေန-ဖြင့်၊ မနသိ- ၌၊ မာ ကရိတ္ထ- နှလင့်၊ ဣဒန္တိ-ကား၊ ဣမံ ပဉ္စကာမဂုဏိကရာဂံ-ဤ ကာမဂုဏ်ငါးပါး၌ ဖြစ်သောရာဂကို၊ ပဇဟထ-ပယ်စွန့်ကြကုန်လော၊ ဣဒံ ဥပသမ္မဒ္ဓာတိ-ကား၊ စတုမဂ္ဂဖလပ္ပဘေဒံ - ၄ ပါးသော မဂ်ဖိုလ် အပြားရှိသော၊ ဣမံ လောကုတ္တရ ဓမ္မမေဝ-သို့သာ၊ ဝါ-ကိုသာ၊ ဥပသမ္ပဒ္ဓ-ရောက်၍၊ ဝါ-ပြီးစေ၍၊ ပါပုဏိတ္ထာ- ရောက်၍၊ နိပ္ပါဒေတ္ထာ-ပြီးစေ၍၊ ဝိဟရထ - နေကြကုန်လော။ [ဥပသမ္ပဒ္ဓကို "ပါပုဏိတ္ထာ နိပ္ပါဒေတ္ထာ"ဟု ၂ နက် ဖွင့်သည်။]

× × × × × × ×

ဧဝံ ဝိတက္ကေထ ။ ။ ဧဝံတိ ဟိ ယထာနုသိဋ္ဌာယ အနုသာသနိယာ (အကြင် အကြင် သွန်သင်အပ်သော အနုသာသနီ၏) ဝိဓိဝစနေန (ကောင်းရာ၌ " ဧဝံ ဝိတက္ကေထ" ဟု စီမံ တိုက်တွန်းခြင်း၏အစွမ်းဖြင့်ဂုဏ်း) ပဋိသေဓဝစနေနစ (မကောင်းရာ၌ "ဧဝံ မာ ဝိတက္ကေထ" ဟု တားမြစ်ခြင်း၏အစွမ်းဖြင့်ဂုဏ်း) ပဝတ္တိတာကာရ ပရာမသနံ (ဖြစ်ပုံ အခြင်းအရာကို သုံးသပ်ကြောင်းသဒ္ဒါ ဖြစ်သည်) ၊—ဋီကာသစ်။ [ဧဝံ မနသိကရောထ စသည်၌လည်း ဤနည်းကို မှီးပါ။]

ပဉ္စကာမဂုဏိကရာဂံ ။ ။ နိဒဿနနည်းအားဖြင့် ပဉ္စကာမဂုဏိကရာဂကိုသာ ပြထားသည်၊ အခြားသော ရာဂနှင့် ဒေါသစသည်တို့ကို ပယ်ဘို့ရန်လည်း တိုက်တွန်း သည်သာ၊ ထို့ပြင် - ကာမဂုဏိကရာဂကိုပယ်ခြင်းသည် အခြားရာဂဒေါသ စသည်ကို ပယ်ခြင်း၏ အကြောင်းလည်း ဖြစ်၏၊ ထို့ကြောင့် အကြောင်းရင်းဖြစ်သော ကာမဂုဏိက ရာဂကိုသာ ပြထားသည်။

လောကုတ္တရဓမ္မမေဝ။ ။"ဣဒံ ဥပသမ္ပဒ္ဓ"၌"လောကုတ္တရဓမ္မမေဝ"ဟု ဧဝဖြင့် ပြသောကြောင့် အခြားသော အနဝဇ္ဇတရားများကိုကန့်သည်ဟု ထင်စရာရှိ၏၊ သို့သော် ထို ဧဝဖြင့် သာဝဇ္ဇ (အကုသိုလ်) တရားတို့ကို တားမြစ်ခြင်းသာ လိုရင်းပဓာနဖြစ်၏ ဟု မှတ်ပါ၊ ဘာ့ကြောင့်နည်း - " လောကုတ္တရာမဂ်ဖိုလ်ကို ပြီးစေရမည်" ဟု ဆိုလျှင် ထို မဂ်ဖိုလ်ရခြင်း၏အကြောင်းဖြစ်သော ဝိပဿနာနှင့်တကွ ဝိဝဋ္ဋနိဿိတကာမာဝစရ ကုသိုလ်ဟူသမျှကိုဂုဏ်း, မဂ်ဖိုလ်၏ အာနိသင်ဖြစ်သော အဂ္ဂိုးဟူသမျှကိုဂုဏ်း နာနန္တရိက နည်းအားဖြင့် ယူနိုင်သောကြောင့်တည်း။

ဣတိ–ဤသို့လျှင်၊ ဘဂဝါ–သည်၊ ဣန္ဒိဝိဓံ – ဣန္ဒိဝိဓအာဘိညာဉ်ကို၊ ဣန္ဒိပါဠိဟာရိယန္တိ–ဟူ၍၊ ဒဿေတိ-ပြတော်မူ၏၊ ပရဿ – သူတပါး၏၊ စိတ္တံ–စိတ်ကို၊ ဥတ္တာ-သိ၍၊ကထနံ-ပြောဆိုခြင်းကို၊(ဝါ-ဩန်ပြုခြင်းကို၊)အာဒေသနာပါဠိဟာရိယန္တိ–ဟူ၍၊(ဒဿေတိ)၊ သာဝကာနဉ္စ-သာဝကတို့၏၎င်း၊ ပုဒ္ဓါနဉ္စ-ဘုရားရှင်တို့၏၎င်း၊ သတတံ - အမြဲမပြတ်၊ ဓမ္မဒေသနံ – တရားဟောခြင်းကို၊ အနုသာသနိပါဋိဟာရိယန္တိ-ဟူ၍၊(ဒဿေတိ၊)[ဒဿေတိ၌ စပ်ရမည်ဖြစ်သောကြောင့် "ဓမ္မဒေသနံ"ဟု ရှိမှ သင့်မည်။]

တတ္ထ–ထို ၃ မျိုးသော ပါဋိဟာရိယတို့တွင်၊ ဣန္ဒိပါဋိဟာရိယေန-ဣန္ဒိပါဋိဟာရိုယနှင့်တကွ၊ အနုသာသနိပါဋိဟာရိယံ- သည်၊ မဟာမောဂ္ဂလ္လာနဿ–မဟာမောဂ္ဂလ္လာန် ထေရ်၏၊ အာစိဏ္ဏံ – လေ့ကျက်အပ်သော အကျင့်တည်း၊ အာဒေသနာပါဋိဟာရိယေန-နှင့်တကွ၊ အနုသာသနိပါဋိဟာရိယံ-သည်၊ ဓမ္မသေနာပတိဿ–တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၏၊(အာစိဏ္ဏံ-တည်း၊)၊ ဟိ-ခဲ့၍၊ ဒေဝဒတ္တော-ဒေဝဒတ်သည်၊ သံဃံ-သံဃာကို၊ ဘိန္ဒိတ္ဝာ-ခွဲ၍၊ ပဉ္စဘိက္ခုသတာနိ-ငါးရာသော ရဟန်းတို့ကို၊ ဂယာဟေတွာ–ခေါ်၍၊ ဂယာသီသေ– ဂယာသီသ ကျောက်ဖျာ၌၊ ဗုဒ္ဓလီလာယ–ဘုရားရှင်၏ စမ္ပယ်တော်မူခြင်းဖြင့်၊ တေသံ-ထို ငါးရာသောရဟန်းတို့အား၊ ဓမ္မံ-ကို၊ ဒေသေန္တော- ဟောလေသော်၊ ဘဂဝတာ-သည်၊ ပေသိတေသု-စေလွှတ်အပ်ကုန်သော၊ ဒွီသု-နှစ်သော၊ အဂ္ဂသာဝကေသု–တို့တွင်၊ ဓမ္မသေနာပတိ - သည်၊ တေသံ– ထို ငါးရာသော ရဟန်းတို့အား၊ ဝါ– တို့၏၊ စိတ္တစာရံ- စိတ်၏ ဖြစ်ပုံကို၊ ဥတ္တာ– သိ၍၊ ဓမ္မံ-ကို၊ ဒေသေသိ–ဟောပြီ၊ [စိတ္တစာရကို သိခြင်းသည် အာဒေသနာပါဋိဟာရိယ, တရားဟောခြင်းကား အနုသာသနီ ပါဋိဟာရိယတည်း။] ထေရဿ – အရှင် သာရိပုတ္တရာထေရ်၏၊ ဓမ္မဒေသနံ-ကို၊ သုတ္ဝာ - နာရ၍၊ ပဉ္စသတာ – ငါးရာအတိုင်းအရှည် ရှိကုန်သော၊ ဘိက္ခူ-တို့သည်၊ သောတာပတ္တိဖလေ-သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိံသု - တည်ကြကုန်ပြီ၊ အထ–သောတာပန် တည်ရာ ထို အခါ၌၊ နေသံ–ထိုငါးရာသော ရဟန်းတို့အား၊ မဟာမောဂ္ဂလ္လာနော-သည်၊ ဝိကုဗ္ဗနံ– အထူးထူး အပြားပြား ပြုအပ်သော တန်ခိုးပြာဋိဟာကို၊ ဒဿေတွာ ဒဿေတွာ–ပြ၍ ပြ၍၊ ဓမ္မံ–ကို၊ ဒေသေသိ-ပြီ၊ တံ-ထို တရားတော်ကို၊ သုတ္ဝာ-၍၊ သမ္ပေ-အလုံးစုံသော ရဟန်းတို့သည်၊ အရဟတ္တဖလေ - အရဟတ္တဖိုလ်၌၊

× × × × × × ×

အရဟတ္တဖလေ။ ။ဤ၌"အရဟတ္တဖိုလ်တည်ကြသည်"ဟု ဆိုသော်လည်း ဝိနည်းစူဠဝဂ်, သံဃဘေဒကက္ခန္ဓကဉ်ကား အဂ္ဂသာဝက ၂ ပါးလုံး၏ ပါဋိဟာရိယ ၂ မျိုးနှင့်တကွ အနုသာသနီ ပါဋိဟာရိယကြောင့် "ဓမ္မစက္ခု (သောတာပတ္တိမဂ်ဉာဏ်) ကိုရကြ၏" ဟု ဆိုသည်၊ ထို၌ ခန္ဓကဘာဏကက အလိုအားဖြင့် ဆို၍, ဤ၌ ဒီဃနိကာယဘာဏက အလိုအားဖြင့် အင်္ဂကထာ၌ ဆိုရသည်ဟု မှတ်ပါ။

ပတိဋ္ဌဟိ သု - ကုန်ပြီ၊ အထ– ရဟန္တာဖြစ်ရာ ထိုအခါ၌၊ ဒွေဝိ– ၂ ပါးလည်း ဖြစ်ကုန်သော၊ မဟာနာဂါ–ရဟန္တာကြီးတို့သည်၊ ပဗ္ဗတိကဋ္ဌသတာနိ– တို့ကို၊ ဂဟေတ္ဝာ- ခေါ်ယူ၍၊ ဝေဟာသံ – ကောင်းကင်သို့၊ အဗ္ဘုဂ္ဂန္တွာ– ပုံတက်၍၊ ဝေဠဝနမေဝ- ဝေဠုဝန်ကျောင်းတိုက်သို့သာ၊ အာဂမံသု-ပြန်လာကြကုန်ပြီ။

ပန–ကား၊ အနုသာသနီ ပါဋိဟာရိယံ–သည်၊ ဗုဒ္ဓါနံ–တို့၏၊ သတတံ– အမြဲမပြတ်၊ ဓမ္မဒေသနာ– တရားဒေသနာတော်တည်း၊ [ထိုအနုသာသနီ ပါဋိဟာရိယက ဘုရားရှင်တို့၌ သာ၍များသောကြောင့် အတိသယ နည်းအားဖြင့် ဆိုသည်။]တေသု-ထိုဒု မျိုးသော ပါဋိဟာရိယတို့တွင်၊ ဣဒ္ဓိပါဋိဟာရိယ အာဒေသနာပဋိဟာရိယာနိ – တို့သည်၊ သဉ္ဉပါရုမ္ဘာနိ – ကပ်၍ နှိပ်စက်ကြောင်း အပြစ်နှင့် တကွဖြစ်ကုန်သည်၊ သဒေါသာနိ – အပြစ်နှင့် တကွဖြစ်ကုန်သည်၊ (ဟုတ္ဝာ)အဒ္ဓါနံ-အဝွန့်ပတ်လုံး၊ ဝါ-ရှည်စွာသော ကာလပတ်လုံး၊ နတိဋ္ဌန္တိ-မတည်နိုင်ကုန်၊ အဒ္ဓါနံ–အဝွန့်ပတ်လုံး၊ ဝါ-ပတ်လုံး၊ အတိဋ္ဌနတော-မတည်နိုင်ခြင်းကြောင့်၊ နနိယျန္တိ – ဝဋ်ဆင်းရဲမှ မထွက်မြောက်ကုန်၊ အနုသာသနီ ပါဋိဟာရိယံ–သည်၊ အနုပါရမ္ဘံ – ကပ်၍ နှိပ်စက်ကြောင်း အပြစ်မရှိသည်၊

× × × × × × ×

သဉ္ဉပါရုမ္ဘာ။ ။[ဥပ- ကပ်၍ + အာရမ္ဘ - ချုတ်ချယ် စေ့ကားကြောင်းအပြစ်။] “ဂန္ဓာရီ အတတ် မဏိကာမန္တန်ဖြင့် တန်ခိုးပြတာပါ ” ဟု သူတပါးတို့က မိမိဝါဒကို ဖျက်၍ အပြစ်တင်နိုင်ခြင်းနှင့်တကွ ဖြစ်သည်ကို “သဉ္ဉပါရုမ္ဘာ”ဟု ဆိုသည်။

အဒ္ဓါနံ နတိဋ္ဌန္တိ။ ။ သူတပါးတို့က အပြစ်တင်အပ်သောအခါ ပြန်၍မချေပနိုင်သောကြောင့် ထို ၂ မျိုးသည် ကြာရှည်မတည်နိုင်။ [သဒေါသာနိ ပရာရောပိတဒေါသမုစ္ဆိန္နနသာ အနုပါယဘာဝတော၊ သဒေါသတ္တာ ဧဝ အဒ္ဓါနံ နတိဋ္ဌန္တိ။]

နနိယျန္တိ။ ။အဝွန့်ရှည်စွာ မတည်နိုင်သောကြောင့် ဝဋ်မှ မထွက်မြောက်နိုင်ကုန်၊ [နိယျာနိက မဖြစ်ခြင်းသည် အကျိုး၊ ထိုအကျိုးကိုထောံ၍ ကြာရှည်စွာ မတည်နိုင်ခြင်းဟူသော အကြောင်းကို ယခုနယ်က မှန်းဆနိုင်သောကြောင့် “ အဒ္ဓါန မတိဋ္ဌနတော” ဟူသောစကားကို “ဖလာနုမာန–အကျိုးဖြင့် အကြောင်းကို မှန်းဆကြောင်း”နည်းဟု မှတ်ပါ၊ ကြာရှည်စွာတည်–မတည်ကို ဘုရားလက်ထက်တော်ဝယ် သာသနာတည်ခါစဖြစ်၍ မဆုံးဖြတ်နိုင်သော်လည်း ဖလာနုမာနနည်းအားဖြင့် မှန်းဆနိုင်သည်-ဟူလို။]

အနုပါရမ္ဘာ။ ။အနုသာသနီ ပါဋိဟာရိယသည် သူတပါးတို့ တင်နိုင်သောအပြစ်မရှိ၊ ဘာ့ကြောင့်နည်း.... ဝိသုဒ္ဓပဘဝ – စင်ကြယ်သော ဘုရားရှင်မှစ၍ ဖြစ်လာသောကြောင့်၎င်း, ဝိသုဒ္ဓနိဿယ – မကောင်းတာကို မကြိုက်နှစ် စသည်ဖြင့် စင်ကြယ်သောဓိရာ အနက်ရှိသောကြောင့် ၎င်းတည်း၊ အပြစ် မရှိသောကြောင့် ဆန့်ကျင်ဘက်ဝါဒလေမှန်တိုင်းသည်၎င်း, ကိလေသာလေတို့သည်၎င်း မတိုက်ဖျက်နိုင်ရကား ကြာရှည်စွာတည်နိုင်သည်၊– ဟူလို။.... [ပါဋိဟာရိယပုဒ်၏ ဝစနတ္ထကို အဋ္ဌသာလိနီ ဂန္ဓာရမ္ဘ မူလဋီကာ၌ တိုက်ရိုက်ပါရှိ၏၊ အဓိပ္ပါယ်ကို ထိုနိဿယဋ္ဌ ပြထား၏။]

နိဒ္ဒေါသံ-အပြစ်မရှိသည်၊(ဟုတွာ)အဒ္ဓါနံ-လုံး၊ တိဋ္ဌတိ - တည်နိုင်၏၊ အဒ္ဓါနံ၊ တိဋ္ဌနတော- တည်နိုင်ခြင်းကြောင့်၊ နိယျာတိ—ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်၏၊ တသ္မာ-ထို့ကြောင့်၊ (ထိုသို့ ဇာဒ္ဓိပါဋိဟာရိယ အာဒေသနာပါဋိဟာရိယတို့၏ သဉ်ပါရမ္ဘ ဖြစ်ကြသည့်အတွက် ကြာရှည်စွာ မတည်နိုင်ခြင်း ဝဋ်မှ မထွက်နိုင်ခြင်း, အနုသာသနီပါဋိဟာရိယ၏ အနုပါရမ္ဘဖြစ်သည့်အတွက် တာရှည်စွာ တည်နိုင်ခြင်း, ဝဋ်မှ ထွက်မြောက်နိုင်ခြင်းကြောင့်၊) ဘဂဝါ-သည်၊ ဣဒ္ဓိ ပါဋိဟာရိယဉ္စ-ကိုလည်း၊ အာဒေသနာပါဋိဟာရိယဉ္စ-ကိုလည်း၊ ဂရဟတိ-ကဲ့ရဲ့တော်မူ၏၊ အနုသာသနီပါဋိဟာရိယံ ယေဝ-ကိုသာ၊ ပသံသတိ-ချီးမွမ်းတော်မူ၏။

ဘူတနိရောဓေသကဘိက္ခုဝတ္ထု

ဘူတပုဗ္ဗန္တိ ဣဒံ-ဟူသော ဤစကားကို၊ ကဿပ-ကြောင့်၊ ဘဂဝတာ-သည်၊ အာရဒ္ဓံ-အားထုတ်တော်မူအပ်သနည်း၊ ဣဒ္ဓိပါဋိဟာရိယ အာဒေသနာ ပါဋိဟာရိယာနံ-တို့၏၊ အနိယျာနိက ဘာဝ ဒဿနတ္ထံ-ဝဋ်မှ မထွက်မြောက်တတ်ကုန်သည်၏အဖြစ်ကို ပြတော်မူခြင်းအကျိုးငှါငင်း၊ [အနိယျာနိကဘာဝ ဒဿနတ္ထံ-ဝဋ်မှ မထွက်မြောက်တတ်ကုန်သည်၏ အဖြစ်ကို ပြတော်မူလိုခြင်းဟူသော အကြောင်းကြောင့်ဂင်း၊ ဤသို့လည်း ပေးနိုင်၏။] အနုသာသနီ ပါဋိဟာရိယ ဿဝ-ယ၏သာ၊ နိယျာနိက ဘာဝဒဿနတ္ထံ-ဝဋ်မှ ထွက်မြောက်တတ်သည်၏ အဖြစ်ကို ပြတော်မူခြင်းအကျိုးငှါငင်း၊(အာရဒ္ဓံ—အပ်ပြီ။)

[ပြအပ်ပြီးသော အနိယျာနိကဘာဝဒဿနတ္ထစသော အကျိုး ၂ ပါးသည် ထိုဝတ္ထုကို မိန့်တော်မူခြင်းကြောင့် ရအပ်သော မုချအကျိုးတည်း၊ ယခုအခါ ဆက်သွယ်၍ရသော အနုသင်္ဂိကအကျိုးကိုပြတော်မူလိုသောကြောင့် "အပိစ" စသည်ကိုမိန့်သည်။] အပိစ-သည်သာ မကသေး၊ ယော(ဘိက္ခု)-သည်၊ မဟာ

× × × × × × × ×

အနိယျာနိက ဘာဝဒဿနတ္ထံ။ ။မဟာဘူတပရိယေသက ရဟန်းသည် ဇာဒ္ဓိဝိဓ အဘိညာဉ် ဟူသော ဇာဒ္ဓိပါဋိဟာရိယ၌ငင်း, ပရစိတ္တ ဝိဇာနန အဘိညာဉ် ဟူသော အာဒေသနာ ပါဋိဟာရိယ၌ငင်း ဝသီဘော်ရောက်လောက်အောင် ကျွမ်းကျင်ပြီးဖြစ်၏၊ သို့ပါလျက် မဟာဘုတ်တို့၏ ချုပ်ကြောင်း နိဗ္ဗာန်ကိုမသိနိုင်၊ ထို့ကြောင့် ထိုပါဋိဟာရိယ ၂ မျိုးလုံးပင် ဝဋ်မှ ထွက်မြောက်အောင် မစွမ်းဆောင်နိုင်၊ ဤသို့ မစွမ်းဆောင်နိုင်သည်၏ အဖြစ်ကို ထင်ရှားပြခြင်းငှါ ဘူတပုဗ္ဗံ စသည်ဖြင့် မဟာဘူတ ပရိယေသက ရဟန်း၏ ဝတ္ထုကို မိန့်တော်မူသည်။

နိယျာနိက ဘာဝဒဿနတ္ထံ။ ။အနုသာသနီ ပါဋိဟာရိယသည်ကား သွန်သင်ဆုံးမအပ်သည့်အတိုင်း လိုက်နာ၍ ပြုကျင့်သောပုဂ္ဂိုလ်အတွက် ဧကန်မုချ ဝဋ်မှထွက်မြောက်ခြင်းကို ဆောင်နိုင်၏၊ ထိုသို့ ဆောင်နိုင်သည်၏ အဖြစ်ကို ထင်ရှားပြခြင်းငှါလည်း ထိုဝတ္ထုကို မိန့်တော်မူသည်။

ဘုတေ– မဟာဘုတ်တို့ကို၊ (ဓာတ်ကြီး ၄ ပါး၏ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကို၊) ပရိယေသန္တော - ရှာလျက်၊ ယာ၀ ဗြဟ္မလောကာ – ဗြဟ္မာ့ပြည်တိုင်အောင်၊ ၀ိစရိတ္ဝာ-လှည့်လည်၍၊ ၀ိသဇ္ဇောကာသံ–ဖြေဆိုခြင်း၏ တည်ရာကို၊(တနည်း) ၀ိသဇ္ဇကရံ–ဖြေဆိုခြင်းကို ပြုတတ်သော ပုဂ္ဂိုလ်ကို၊ (တနည်း) ၀ိသဇ္ဇေတာရံ–ဖြေဆိုနိုင်သောပုဂ္ဂိုလ်ကို၊ အလဘိတ္ဝာ-မရမူ၍၊(မရခြင်းကြောင့်၊) အာဂမ္မ–ပြန်လာ၍၊ ဗုဒ္ဓမေ၀- ဘုရားရှင်ကိုသာ၊ ပုစ္ဆိတ္ဝာ - မေးလျှောက်၍၊ နိက္ကင်္ခ၀ါ-ယုံမှားခြင်းမရှိသည်၊ ဟောတိ၊ သဗ္ဗဗုဒ္ဓါနံ - အလုံးစုံသောဘုရားရှင်တို့၏၊ မဟာဘူတပရိယေသကောနာမ – မဟာဘူတပရိယေသက မည်သော (မဟာဘုတ်တို့၏ချုပ်ငြိမ်းကြောင်းကို ရှာသူမည်သော)၊ ကော-တပါးသော၊(သော)ဘိက္ခု-ထိုရဟန်းသည်၊ ဟောတိယေ၀- ရှိမြဲသာတည်း၊ တဿ- ထို့ကြောင့်၊ (ဘုရားရှင်တိုင်းမှာပင် မဟာဘူတပရိယေသကရဟန်းတပါး၏ ရှိမြဲ၏အဖြစ်ကြောင့်)၊ ဗုဒ္ဓါနံ-တို့၏၊ မဟန္တဘာ၀ ပကာသနတ္ထံ–ကြီးကျယ်မြင့်မြတ်တော်မူကုန်သည်၏ အဖြစ်ကို ထင်ရှားပြတော်မူခြင်းအကျိုးငှါ၊ အာရဒ္ဓံ- ပြီ၊ စ - ဆက်၊ ဣဒံ ကာရ

× × × × × × ×

ပရိယေသန္တော။ ။မဟာဘူတေ ပရိယေသန္တောဉ္စ် "မဟာဘုတ်ကို ရှာလျက်" ဟု အနက်မမှတ်ရ, "မဟာဘုတ်တို့၏ အကြွင်းမဲ့ချုပ်ငြိမ်းကြောင်းကို ရှာလျက်" ဟု အနက်မှတ်ပါ၊ "တေသံ အနု၀သေသ နိရောဓံ ၀ိမုံသန္တောတိ ဝုတ္တံ ဟောတိ"၊–ဋီကာ။

၀ိစရိတ္ဝာ ။ ။နောက်၌ " ဓမ္မတာယ စောဒိတော " ဟု အင်္ဂကထာပြလတ္တံ့၊ ထို့ကြောင့် "၀ိစရိတ္ဝာ" အရ "ဓမ္မတာ ထုံးစံသည် နှီးဆော်အပ်သည်ဖြစ်၍ လှည့်လည်ခြင်း" ဟု မှတ်ပါ၊ မှန်၏ – ဘုရားအလောင်းတော်၏ ဖွားမြင်သောအခါ မြေကြီးတုန်လှုပ်ရခြင်းသည် ဓမ္မတာသိဒ္ဓဖြစ်သကဲ့သို့ ဘုရား တဆူတဆူ၌ ရဟန်း တပါးတပါး၏ ထိုသို့ လှည့်လည်ရခြင်းကိစ္စသည်လည်း ဓမ္မတာသိဒ္ဓပင်တည်း။

၀ိသဇ္ဇောကာသံ။ ။"၀ိသဇ္ဇဒ္ဓါနံ (၀ိသဇ္ဇောကာသံ၏ အဖွင့်၊) ၀ိသဇ္ဇကရန္တိ၀ိပါဒ္ဒေါ" ဟု ဋီကာသစ်ဖွင့်၏၊ သို့သော် "၀ိသဇ္ဇ- ဖြေဆိုခြင်း" ဟု ပါဠိအသုံး မတွေ့ရ၊ ထို့ကြောင့် "၀ိသဇ္ဇေတာရံ-ဖြေဆိုနိုင်သူကို" ဟု ရှိသောပါဌသာကောင်းမည်ထင်သည်။

မဟန္တဘာ၀ ပကာသနတ္ထံ။ ။[အနုသဒ္ဓိက (အကျိုးဆက်ကို) ဒဿနတ္ထ–၀ိဘာ၀နတ္ထဟု မသုံးဘဲ " ပကာသနတ္ထ " ဟု သုံးစွဲပုံကို သတိပြုခဲ့ပါ။] "မဟန္တာနံ–ကြီးကျယ်ကုန်သော ဘုရားရှင်တို့၏+ဘာ၀ေါ-ဖြစ်ကြောင်းဖြစ်ရာ" ဟူသည် တလောကလုံး၀ယ် မည်သူနှင့်မျှမဆက်ဆံအောင် ထူးခြားသော မည်သူမျှမဖြေနိုင်သောပြဿနာကို ဖြေနိုင်တော်မူသော သဗ္ဗညုတဉာဏ်စွမ်းတည်း၊ ထိုဉာဏ်တော်၏ အာနုဘော် အစွမ်းသတ္တိကို ပြခြင်းအကျိုးငှါ – ဟူလို။

ဣဒ္ဓ ကာရဏံ။ ။သဗ္ဗေသမ္ပိ ဗုဒ္ဓါနံ သာသနေ ဧဒိသော ဧကော ဘိက္ခု တဒါနုဘာ၀ပ္ပကာသကော ဟောတိ– (ထို သဗ္ဗညုတဉာဏ်တော်၏ အာနုဘော်အစွမ်းကိုပြရာရောက်သော ရဟန်းတပါးသည် ဘုရားရှင်တို့၏ သာသနာတိုင်းမှာ ရှိမြဲဖြစ်၏) ဟူသော

ကံ–ဤအကြောင်းကို၊ (မဟန္တဘာဝကို ထင်ရှားပြနိုင်သော ဤမဟာဘုတပရိယေသကရဟန်း၏အကြောင်းကို)၊ ပဋိစ္စန်ဒ–ဖုံးကွယ်အပ်ပြီ၊ (ဖုံးကွယ်တိမ်မြုပ်နေပြီ)၊ အထ- ထိုသို့ ဖုံးကွယ်အပ်သည်၏အဖြစ်ကြောင့်၊ နံ–ထိုအကြောင်းကို၊ ဝိဝဋံ – ဖွင့်ဖေါ်အပ်သည်ကို၊ ကတွာ–၍၊ ဒေသေန္တောဝိ – ဟောတော်မူလိုသည်၏အဖြစ်ကြောင့်လည်း၊ ဘဂဝါ-သည်၊ ဘုတပုဗ္ဗန္တိအာဒိ-ကို၊ အာဟ-ပြီ။

တတ္ထ– ထို ဘုတပုဗ္ဗံ အစရှိသောစကားရပ်၌၊ ကတ္ထနုခေါတိ- ကား၊ ကိသ္မိံ ဌာနေ– အဘယ်အကြောင်းကြောင့်၊ ကိံ - အဘယ်အာရုံသို့၊ အာဂမ္မ-ရောက်ခြင်းကြောင့်၊ ကိံ - အဘယ်အာရုံသို့၊ ပတ္တာသ- ရောက်သော၊ (ပုဂ္ဂလသ- ၏၊) တေ - ထို မဟာဘုတ်တို့သည်၊ အနဝသေသာ - အကြွင်းအကျန် မရှိကုန်သည်၊ (ဟုတ္တာ) အပ္ပဝတ္တိဝသေန – နောက်ထပ်မဖြစ်ခြင်း၏ အစွမ်းဖြင့်၊ နိရုဇ္ဈန္တိ - ချုပ်ကြပါကုန်လိမ့်မည်နည်း၊ ပန – အမှာစကားချပ် ညွှန်လိုက်ဥုံးအံ့၊ သော မဟာဘုတကထာ - ၌ မဟာဘုတကထာကို၊ သဇ္ဈာကာရေန – အလုံးစုံသော အခြင်းအရာအားဖြင့်၊ (ဝစနတ္ထ, လက္ခဏ, ရသ, ပစ္စုပဋ္ဌာနစသောအခြင်းအရာအားဖြင့်)၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ ဝုတ္တာ-ဆိုအပ်ပြီ၊ တသ္မာ-ကြောင့်၊ သာ(မဟာဘုတကထာ) - ကို၊ တတောဝ– ထိုဝိသုဒ္ဓိမဂ်မှသာ၊ ဂဟေတဗ္ဗာ-ယူထိုက်၏။

ဒေဝယာနိယောမဂ္ဂါတိ-ကား၊ ပါဠိယေကြော-အသီးအခြား တ:မျိုးသော၊ ဒေဝလောကဂမနမဂ္ဂါနာမ-နတ်ပြည်သို့သွားကြောင်းလမ်းမည်သည်၊ နတ္ထိ-မရှိ၊ ပန- စင်စစ်ကား၊ တံ- ဤ ဒေဝယာနိယော မဂ္ဂါဟ္မသောအမည်သည်၊

× × × × × × ×

